
www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com


ဗိုလ်ချုပ်အောင်ဆန်း
နှစ်တစ်ရာပြည့်
အထိမ်းအမှတ်
စီစဉ်ထုတ်ထားပြီး
မှာယူသူများအား
အထူးနှုန်းဖြင့်
ရောင်းချပေးပါမည်

ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်း





ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
တန်ဖိုး – ၅၀၀၀ ကျပ်




မြန်မာပြည်သူ့အချစ်တော်
ဗိုလ်ချုပ်ဦးအောင်ဆ
တန်ဖိုး – ၂၀၀၀ ကျပ်




ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
တန်ဖိုး – ၅၀၀၀ ကျပ်



ဝံသာနုကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၈၀၀၀ ကျပ်




ဗိုလ်တေဇ ဘဝကမ္ဘာ
Quality စာတည်း
တန်ဖိုး – ၆၀၀၀ ကျ








အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှု
စီရင်ချက် အနှံ့ကျ

အောင်ဆန်း၏ အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းရာပြည့်

Quality Publishing House
ဆုပြည့်စုံထွန်းစာပေ
qualityph@gmail


www.burmeseclassic.com

www.burmeseclassic.com

Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# သရဲကျော့


့သဘာဝ
မြှောင်းမြ မောင်ကို ၆


တ်သွားသည့်ငါး
မောင်သိက္ခာ ၃၅

ကြီးမားဆုံးအန္တရာယ်
ိုးသစ် ၄၉

မှန်တစ်ယူသန် ဖောက်ပြန်သူ၏ စိတ်ရိုင်း
မောင်လေးအောင် (သန်လျင်) ၅၉

သေနတ်နဲ့ ဆုတ်ရခြင်း
လာသား ၇၁

အောက်လိုက်ဂူမှလိပ်မိကျောင်းနှင့်
ထာသားကောင်မုဆိုး
ချောင် ၈၆

www.burmeseclassic.com

www.burmeseclassic.com



No.149, June, 2017

အသေဖြောင့်သူ
ရဲမြတ်တင်

ချက်ကောင်း
ကျော်စိုးဗိုလ်

သံယောဇဉ်ကြိုးလေးတစ်မျှင်
ထောင်မှူးမမ

ခ ... ခါ ... ခါး
ဂါဦးနွှန်းကို

လက်အိတ်တစ်ဖက်အတွက်
သိဏ်းသန်းအောင် (မြင်းခြံ)

နန္ဒင်းနံ့တစ္ဆေလား
ဟိမဝန္တာ

မဆိုးမာန ခဝါချပေးသူနှင့် နှစ်ချို့မြွေဗွေးကြီး

www.burmeseclassic.com

www.burmeseclassic.com



ီးတာချုပ်
ည္ရွန်း (Quality)

န်ခဲအယ်ဒီတာ
ျမ္ဒြိဳမောင် (၀၃ ၃၁၁၁၆၉၉၉)

ငချုပ်အယ်ဒီတာ
ပဲမာမှု

ယ်ဒီတာအဖွဲ့
ကိုလင်းထက်

အဖွဲ့
ျမိုးညီနိုး၊ ထွန်းထွန်းလွင်၊ နေ့စင်လတ်၊ ဝေလင်း၊ ကောင်းကောင်း–၁၊ ကောင်းကောင်း–၂၊ ထက်လင်း၊
ောင်ခင်းပို၊ ညီနွယ်၊ မြမြသင်း၊ မြတ်နှင်းနွယ်၊ ကြည်စင်သန့်၊ အေးမိုငြိမ်း၊ နှင်းနှင်း၊ အိမြူ။

ပုံနှိပ်သူ
ဒြွသာလွန်ညွှန်ပြိတိုက် ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

စာအုပ်ချုပ်
ဘင်မျှ

အုပ်ရေ–၂၀၀
တန်ဖိုး–၂၀၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ်–၅၀၈/၅၁၂ (၂၁)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၉၊ ၃၈၆၈၃၃။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ–၀၀၅၆၂) Quality Publishing House
အမှတ်–၅၀၈/၅၁၂ (၂၁)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
(သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်

အတွင်းသရုပ်ဖော်
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
ဂုဏ်ကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊ ဂုဏ်ကောင်း၊ ဝင်းသိန်း၊ ...
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမှန်လင်း၊ ပေါ်ကာ၊ ဝိုင်းမော်။

www.burmeseclassic.com

www.burmeseclassic.com

NEXT



ဒဂုန်ရွှေမျှား

**အမွေပြတ်**

MONTH




ဇော်မြင့်သိန်း

**ကျေးရူးမသိ ကျေးရူးစွပ်၏**

ညိုရောင်

**အသေခံ ပဋ္ဌမံတပ်သားနှင့်**
**သေမင်းခံတွင်းဝတိုက်ပွဲ**



www.burmeseclassic.com

PREVIEW

www.burmeseclassic.com



# [illegible]
# လူ့သဘာဝ

နောက်ကြောင်းကို ပြန်တွေးမိသော ဦးရွှေမောင် အရှုံးသည် အတော်ရယ်ချင်လေသည်။ လူဆိုသည်မှာ မိမိလုပ်သည့်ကိစ္စမှန်သည်၊ ဟုတ်သည်ဟုပင်ထင်လေ့ ရှိကြလေသည်။ ဟုတ် မဟုတ်ကိုမူ အများကသာ ဆုံးဖြတ်နိုင်ကြသည်၊ သို့ရာတွင် အများက ဘာပြောပြော မိမိလုပ်ခဲ့ခြင်းကိုမှန်သည်ဟု ထင်မြဲထင်လျက်ရှိကြ သည်မှာ လူတို့၏သဘာဝပင် ဖြစ်ကြကုန်၏။

ထောင်ပိုင်ကြီးနှစ်ဦးနှင့်ပတ်သက်၍ ဦးရွှေမောင် ထောင်မှူးကြီး ထင်မြင်ယူဆချက်မှာ မှန်ချင် မှန်မည်၊ မှားသော် မှားမည်၊ မည်သို့ပင်ဖြစ်စေ ဦးရွှေမောင်မှာ သူတို့လူကြီးနှစ်ဦးအပေါ်တွင်လုပ်ပြီးခဲ့ပြီဖြစ်၍ယခုတိုင် သူ၏လုပ်ဆောင်ချက်ပြုမူချက်များမှာမှန်သည်ဟုသာ ထင်မှတ်မြဲ ထင်မှတ်လျက် ရှိနေ၏။ သူလည်း လူဖြစ်၍ လူဆန်ဆန် ပြုလုပ်ခဲ့သည်ဟု ပြောရပေလိမ့်မည်၊

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းဘဝ အထက်ကို မျက်နှာလုပ်တတ်သလို
အောက်လူကို ဖိနှိပ်တတ်သည့် သဘာဝ၊ မိမိသည်
အရာရှိအကြီးအကဲ မိမိလုပ်ချင်ရာလုပ်မည်ဟူသော
အမြင်ကျဉ်းမြောင်းသည့် ထောင်ပိုင်ဆိုး၏
စိတ်နေစိတ်ထားများကို ဖတ်ရှုရပါမည်

www.burmeseclassic.com

www.burmeseclassic.com

ဦးရွှေမောင် ခေါင်းဆောင်သော ထောင်အဖွဲ့တစ်ဖွဲ့သည် နှစ်ကြိမ်တိုင် တိုင်ထောင်ပိုင်နှစ်ဦး ပြောင်းရွှေ့လာ သည်ကို စောင့်ကြိုခဲ့ကြလေသည်။ ဦးရွှေမောင်မှာ ထောင်ပိုင်ကြီးအောက် ရာထူးအကြီးဆုံး ထောင်မှူးကြီးဖြစ်သည်။ သို့နှင့် အသစ်ရောက်လာမည့် ထောင်ပိုင်ကြီးကို ကြိုဆိုရန်မှာ သူ၏ တာဝန်ကြီးတစ်ခု ဖြစ်သည်။

ထောင်ဥပဒေက ထောင်မှူးကြီး တစ်ဦးသည် ထောင်ပိုင်ကြီးတစ်ဦး ပြောင်းလာလျှင် ကြိုဆိုရမည်၊ ထမင်းကျွေးရမည်၊ အစစ လိုလေသေးမရှိအောင် စီမံထားရမည်ဟူ၍ကား ဆိုမထားပေ။ သို့ရာတွင် လူမှုရေးရာအရ အစိုးရဌာနတိုင်းတွင် လုပ်ကြရသည်သာ ဖြစ်သည်။ ဤသို့လုပ်ကြရာ၌ စေတနာရော ဝေဒနာပါ ပါရှိမြဲဖြစ်၏။

စေတနာရှိ၍ လုပ်သည်ဖြစ်စေ၊ နောင်လာမည့်ဝေဒနာကိုမခံစားရအောင်ဖြစ်စေ ဦးရွှေမောင်သည် အထက်လူပြောင်းလာ၍ ကြိုဆိုခဲ့ရသောအကြိမ် ပေါင်းကား ရေတွက်၍ရမည်မထင်။

အထူးသဖြင့် ဤဆရာနှစ်ဦး ပြောင်းရွှေ့လာခဲ့စဉ် ဝတ္တရားအရကြိုဆိုခဲ့သည်ကို မေ့မရအောင် ရှိနေလေသည်။

ယခုဖော်ပြပါဆရာကြီးနှစ်ဦးကိုကြိုဆိုခဲ့သည့်အနက် တစ်ဦးသော ဆရာသမားကို ကြိုဆိုခဲ့စဉ်က အကြောင်းကို စပြောရပေမည်။

သဘော်တလည်း ကြာလိုက်သည် ဖြစ်ခြင်း။ ရောက်မည့်အချိန်ကို ကျော်လွန်သွားသည်မှာ တစ်နာရီမက ရှိခဲ့ချေပြီ။ ဦးရွှေမောင်ခေါင်းဆောင်သည့် ထောင်အဖွဲ့သည် သဘော်ဆိပ်တွင် တငွငွနှင့် စောင့်နေကြရလေသည်။ ဦးရွှေမောင်၏အဖွဲ့တွင် သူ့အောက် ထောင်မှူးတစ်ယောက် ထောင်ကြပ်ချုပ် တစ်ယောက်၊ ထောင်ကြပ်အုပ်တစ်ယောက်နှင့် ထောင်ကြပ်ခေါ် ထောင်ဝါဒါ လေးဦး ပါလေသည်။

သဘော်စောင့်ရင်းနှင့် လက်ဖက်ရည်သောက်ကာ စကားတပြောပြောနှင့်အချိန်ကို ဖြုန်းကြရလေသည်။

သဘော်က တော်တော်နှင့် ပေါ်မလာ၊ မည်မျှစောင့်ရမည်ကို မသိကြ။ သို့နှင့် ရောက်တတ်ရာရာ စကားပြော နေကြတော့သည်။

ထောင်မှူးလုပ်သူက အရင်စကား စလေသည်။

"ဆရာ - ဒီအခုပြောင်းလာမယ့် ထောင်ပိုင်နဲ့ အလုပ်လုပ်ဖူးသလား"



www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးက ဦးရွှေမောင်ကို လှမ်း မေးနေ၏။

"ဟင့်အင်း - မလုပ်ဖူးပါဘူး"

"ဟာ - ဆရာ - ဒီလိုဆို - ဆရာ ခေတ်မမီသေးပါဘူး"

"ဟေ - ဘာဖြစ်လို့တုံးဗျ"

"တွေ့ပါလိမ့်မယ် ဆရာ။ ဘယ်သူ ဘာလုပ်တာကိုမှ ကောင်းတယ်မထင်ဘူး"

"ပြောစမ်းပါဦး"

"ဟာ - ဆရာ - ကျွန်တော့်ကိုတော့ ကောင်းကောင်းဆော်ထည့်ဖူးတယ်"

"ခင်ဗျားကိုဆော်ထည့်ဖူးတာနဲ့မကောင်းဘူးလား။ ကျွန်တော်တောင် ခင်ဗျားကို ဆော်ထည့်ရဦးမယ်"

ထောင်မှူးသည် ခွက်ထိုးခွက်လန် ရယ်လေသည်။

"ဆရာ ဆော်ချင်ဆော်၊ အမှန်တော့ ကျွန်တော်တို့ပေါ့တာ ရှိပါတယ်။ ဒါပေမဲ့ ဟိုလူနဲ့ ကျွန်တော် လုပ်ခဲ့တုန်းက သူ့အကြောင်းကို သိတာနဲ့ တစ်ချက်မှ အလစ်မပေးခဲ့ဘူး။ ဒါတောင် ဆော်ဖြစ်အောင် ဆော်တာပဲ"

"အေးလေ - တစ်ဦးကိုတစ်ဦး ဆော်ချင်ပါတယ်ဆိုတိုင်းမလွယ်ပါဘူး။ ခြင်းထဲက ကြက်မှမဟုတ်ဘဲ၊ လွတ်နေတဲ့ကြက်တစ်ကောင်ကို ဖမ်းကြည့်ပါလား၊ လွယ်လွယ်နဲ့ ရမတဲ့လား"

"မဟုတ်ဘူး - ဆရာ။ အထက်လူနဲ့ အောက်လူပဲ။ ရေက အပေါ်က စီးတယ်လေ ဆရာ"

"ဟုတ်ပါတယ်။ ညစ်ရင်တော့ ခံကြရမှာပေါ့လေ။ ဒါပေမဲ့ - ခင်ဗျားတစ်ခုတော့ မှတ်ထား။ အစိုးရအလုပ်မယ် အစိုးရပစ္စည်း၊ အစိုးရငွေကို ခိုးမစားလေနဲ့၊ ဒါတွေနဲ့ ပတ်သက်ရင် ကိုယ့်အဖေက မင်းကြီးဖြစ်တောင် မလွတ်ဘူး။ သာမန် ကိစ္စကတော့ ရှင်းခွင့် ရှိတယ်၊ သက်သာခွင့်ရှိတယ်။ နောက်တစ်ခုတော့ ရှိတယ်ပေါ့လေ။ အခု ပြောင်းလာ မယ့်ဆရာဟာ ကျွန်တော့်စိတ်ထင် သူ ဒီနေရာ နောက်ဆုံးပဲ။ ဒီတော့ အသက်လည်း ကြီးပြီ။ ဟိုတုန်းက ဆိုးတယ်ထားဦး၊ အခု စိတ်တစ်မျိုးပြောင်းချင် ပြောင်းသွားမယ်။ ဒါမှမဟုတ် သေခါနီးမိုက်နေရင်လည်း မြန်မြန်သွေးတိုးရောဂါနဲ့ ပါသွားအောင် ပိုင်း လုပ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ထောင်ပိုင်ကြီးက အကျဉ်းသားကို တိုက်စိတ်မှုနှင့် ထောင်မှူးကြီးအား ထုချေလွှာတောင်းသည်မှာ အရှက်ခွဲခြင်း၊ ပနောင့်နှင့် ပေါက်ခြင်းပင်ဖြစ်သည်။ ထောင်တစ်ထောင်တွင် ထောင်မှူးကြီးသည် များစွာအရေးပါလှသည်။ စစ်တစ်တွင် "အချုပ်တင့်" ခေါ် တပ်ရေးဗိုလ်ကြီးနေရာနှင့် တူပေသည်။ ထောင်မှူးကြီး ကောင်းလျှင် ထောင်ပိုင်များ အိပ်စားနေနိုင်ကြသည်



"ဟဲ - ဟဲ - ဆရာ့ကိုပဲ အားထားရမှာပါပဲ ဆရာ"

"အင်း - သိပ်လည်းအထင်မကြီးနဲ့လေ၊ တောင်ဖေ့းလဲတော့ ဖိုးသူတော် ထောင်နိုင်သေး၊ ဖိုးသူတော်လဲမှ တောင်ဖေး ဘာမှတတ်နိုင်တာမဟုတ်ဘူးနော်၊ သူများအားကိုးနဲ့ ကိုယ်ကိုယ်တိုင်အသုံး မကျရင် ဘာမှမတတ်နိုင်ဘူးဗျ"

ထောင်မှူးသည် ရယ်နေလေသည်၊ ဤထောင်မှူးသည် ဤထောင်သို့ ရောက်သည်မှာ မကြာသေး၊ ဥပမိရုပ်ရော အပြောအဆိုပါ မဆိုးပေ၊ သို့ရာတွင် သူ့တွင် ချို့ယွင်းချက် အများကြီးရှိသူဖြစ်သည်၊ သူသည် ထောင်မှူးကျောင်းဆင်း မဟုတ်၊ ပြည်တော်သာ ပျာတော်သီ ထောင်မှူးတစ်ဦး ဖြစ်သည်၊ လူကြီး နိုင်းလိုက်လျှင် ပျာလောင် ပျာလောင်နှင့် သွားတော့သည်၊ ပြန်မလာတော့၊ ဘာမှ ဟန်မကျ၊ ထိုမျှမတာသေး၊ ရုံးအလုပ်ကိုလည်း ဘာမှနားမလည်၊ နားမလည်လျှင် ကြိုးစားပါလား၊ အောက်ကျခံပြီး သင်ပါလား၊ သူ စိတ်မကူး၊



www.burmeseclassic.com

www.burmeseclassic.com

သူလိုပင် ထောင်ဝါဒါမှ တက်လာသော ထောင်မှူးများစွာ ရှိကြသည်။ ဒီလိုပင် တစ်စတစ်စနှင့် သင်ယူသောအခါ အပုတ်ကြီး မဟုတ်တောင် အဆိုးကြီး မဟုတ်ကြ တော့ပေ။ လုံးဝသင်မရသူတော့ ရှိသည်။ ဤလိုလူစားထဲတွင် ရွှေမောင်၏ တပည့် ကျော် ဤထောင်မှူးတစ်ဦးလည်း အပါအဝင်ဖြစ်လေသည်။

သူသည် ဤထောင်ကိုရောက်ပြီး မကြာမီ အလုပ်မတတ်သည့်အထဲ ထောင်မှူး သုံးဦးခန့်နှင့် ရန်ဖြစ်ခဲ့ပေပြီ။ ထိုထောင်မှူးများက ဦးရွှေမောင် ပြောထား၍ငြိမ်နေကြ ရာသည်။ သူပင် ယခု ပြောင်းရွှေ့လာမည့် ထောင်ပိုင်အကြောင်းကို ပြောနေမြန် သည်။

ထောင်မှူးများသည် ပြောင်းရွှေ့လာမည့် ထောင်ပိုင်အကြောင်းကို စုံစမ်းတတ် ကြသည်။ အတူမလုပ်ဘူး။ ဤကဲ့သို့ မေးစမ်းလေ့ရှိထားကြသည်။ ထောင်မှူးများပင် ဤမျှမနေနိုင် မထိုင်နိုင် ဖြစ်နေကြလျှင် အထက်လူ အောက်လူ၊ လက်တစ်လုံးကွာ လင်မယားကဲ့သို့ လုပ်ကြရမည့် ထောင်မှူးကြီးလုပ်သူက မစုံစမ်းဘဲ နေကြပါမည် လား။

ထောင်မှူးကြီး ဦးရွှေမောင်သည် ရောက်လာမည့် ထောင်ပိုင်နှင့် မည်သည့် ထောင်တွင်းမှ မကြုံခဲ့ဘူးပေ။ ရောက်လာ မည့်သူလည်း အင်္ဂလိပ်လုပ် ထောင်မှူး ဦးရွှေမောင်လည်း အင်္ဂလိပ်လုပ် ရေမရော ထောင်မှူးဖြစ်သည်။ ဟိုက အသက်ကြီး သည်။ လုပ်သက်ကြီးသည်။ တစ်ဦးကိုတစ်ဦး မတွေ့ဘူးသည့်တိုင် ပန်းသတင်းလေ ညင်းဆောင် ကြားဖူးကြသည်သာ ဖြစ်သည်။

အင်္ဂလိပ်ခေတ်က ထောင်မှူး များများစားစား ရှိသည်မဟုတ်။ အမြဲတမ်းထောင် မှူး (၁၅၄)ဦးသာ ရှိသည်။ သို့ရာတွင် ဦးရွှေမောင်တို့ အမြဲတမ်းမရသေးမီ ဖြစ်ပွားတော တိုင်းပြည်ပျက်ခဲ့၏။ မည်သို့ပင်ဖြစ်စေ၊ တစ်ဦးနှင့်တစ်ဦး ထောင်မှူးလုပ်ဖက်ဟု ပြော ရပေမည်။ ထောင်မှူးကြီးများအနက် အင်္ဂလိပ်ခေတ်ကို မမြင်ဘူးလိုက်သော ထောင် မှူးကြီးပေါင်းများစွာ ရှိကြသည်။ ထောင်ပိုင်ကြီးများ မည်မျှဆိုးဆိုး တစ်ကြောင်း မထောက် တစ်ကြောင်းထောက်လိမ့်မည်ဟု ဦးရွှေမောင်က ထင်ထားသူဖြစ်သည်။

ပြောင်းလာမည့် ထောင်ပိုင်ကြီးအကြောင်းကို သိရသမျှ အဆိုးလည်း ပါ၏ အကောင်းလည်း ပါလေသည်။ မည်သူကား အကောင်းချည်း ရှိပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

ဦးရွှေမောင်တို့ ဆက်လက်စောင့်ကြပြန်သည်။ သဘော်ကို လမ်းတွင် မြွေကိုက်သလားမသိ။ ဒီနေ့မှ ထူးခြားစွာ နောက်ကျနေ၏။

ထောင်နှင့် သဘော်ဆိပ်သည် များစွာမဝေးပေ၊ သဘော်အချိန်မှန် ရောက်လာလိမ့်မည်ဟုထင်ပြီး ဦးရွှေမောင် သည် ထမင်းပင်မစားဘဲ သဘော်ရောက်ချိန်တန်၍ ရုံးခန်းမှ ထွက်လိုက်လာခဲ့လေသည်။ အရေးထဲ တစ်နာရီနှင့် မရောက်၊ နှစ်နာရီနှင့် မရောက်သောအခါ ဗိုက်ထဲ မှ တကျုတ်ကျုတ် ဖြစ်လာလေရာ သူသည် ထောင်မှူးအား ပြောထားခဲ့ပြီး ထမင်းစားရန် စက်ဘီးနှင့် အိမ်သို့ လစ်လာခဲ့လေသည်။

ဦးရွှေမောင် ထမင်းစားခါစ ရှိသေးသည်။ သဘော်က ဥသြပေး ဝင်လာလေရာ မထူးပါဘူးဟုဆိုကာ ဝအောင်ပင်စားလိုက်တော့သည်။ ဦးရွှေမောင်ထမင်းစားစဉ်ပင် ထောင်ပိုင်ကြီး အိမ်သားများ ကားတစ်စီးနှင့် ရောက်သံကိုကြားရ၏။ ပစ္စည်းများကိုမူ ထောင်မှူးနှင့် ကျန်ရစ်သူများ တာဝန်ယူထားကြမည်မှာ မေးစရာ မလိုပါပေ။

ဦးရွှေမောင် ထမင်းဟင်းစားပြီး ထောင်ပိုင်ထံသို့ တန်းသွားလေသည်။ ဦးရွှေမောင်ဇာ သဘော်နောက်ကျပုံ၊ မည်မျှစောင့်ရပုံကို ပြောပြသည်။ ထောင်ပိုင်ကြီးမှူ ဟက်ဟက်ပက်ပက် မရှိ။ ဟက်ဟက်ပက်ပက် မရှိဆိုရာ၌ နဂိုက နှုတ်နည်းသူများမှာ အေးစက်စက်ရှိတတ်ကြသည်။ ဦးရွှေမောင်က ကိုယ့်လူ တေမိနဲ့ ဆွေမျိုးကိုးဟု ထင်ပြီးပြန်ခဲ့သည်။

တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြလျှင် လောကဝတ်အရ ကျွေးရန်မွေးရန်တာဝန်က ရှိကြသည်။ မရောက်မီလာလျှင်လာချင်း စားရအောင်ဟုပြင်ဆင်ထားကြသည်လည်း ရှိသည်၊ အေးအေးဆေးဆေး တစ်နပ်တော့ ကျကျနန ကျွေးကြသည်လည်း ရှိသည်။

ဤထောင်ပိုင်နှင့်ပတ်သက်၍ အထက်ပါနှစ်မျိုးအနက် မည်သည်က ကောင်းပါမည်နည်းဟု ရွှေမောင် စဉ်းစားခဲ့သည်။ လာလျှင်လာချင်း ကျွေးရအောင် လူဘယ်နယောက် ပါလာသလဲ၊ ဘာဘာသာကို ကိုးကွယ်သလဲ၊ ဘာဟင်းစားသလဲ သိရန်မှာ သိဖူးကြုံဖူးသူ မဟုတ်၍ မသိပေ။ တချို့ကိုကြုံဖူးခဲ့သည်၊ ချက်ပြုတ်ထားပြီးမှ ဘာသာမတူ၍ မစားသူ၊ ဟန်ကြီးပန်ကြီးနှင့် သူများအိမ်မှ ချက်သည်ကို မစားဘူးဟု မင်းတရားစိတ်လား၊ ခွေးစိတ်လား ရှိသူများကို တွေ့ဖူးရာ ဒေါသပင်ဖြစ်ခဲ့ဖူးရသည်။

www.burmeseclassic.com

သို့နှင့် ဤဆရာအတွက် ဦးရွှေမောင် ဆုံးဖြတ်လိုက်သည်မှာ ရောက်ပြီး အေးအေး ဆေးဆေးမှ ကျွေးမည်ဟူ၏။

မည်သည့်အိမ်ထောင်ပြောင်း ခရီးသွားလူသိုက်မဆို အစားအသောက်ကိုစီစဉ်ပြီး ပြောင်းရွှေ့လာတတ်ကြပေသည်။ အလွန်ရင်းနှီးသူ ခရီးထောက်သူများတို့သာ ရင်းနှီးသူကို အပူကပ်ပြီး စားသောက်ကြလေသည်။

ထောင်ပိုင်ကြီးရောက်၍ နောက်တစ်နေ့ ထောင်သို့ တောက်လျှောက်ဝင်တော့သည်။ ဤထောင်တွင် ထောင်ပိုင် ရရှိခဲ့သည်မှာ ရက်ပေါင်းအတော် ကြာခဲ့ပေပြီ။ ထောင်ဥပဒေအရ ထောင်ပိုင်ကြီးတစ်ဦးမရှိစဉ် ထောင်ကို ထောင်မှူးကြီးက တာဝန်ခံရသည်မဟုတ်၊ ထောင်မှူးမှာ သာ၍ဝေးသေး၏။ ဥပဒေအရ မြို့ပေါ်မှ အကြီးဆုံး တရားသူကြီးတစ်ဦးကို ထောင်တာဝန်ယူရန် ခရိုင်ဝန်က လွှတ်ပေးရ၏။ တရားသူကြီး တစ်ဦး လာတော့လာပါသည်။ သို့ရာတွင် သူ့အလုပ်မဟုတ်၍ စိတ်မဝင်စား၊ ထောင်အလုပ်ကို သိလည်းမသိ၊ တချို့များ သူ့ထောင်ချထားသော အကျဉ်းသားနှင့်မတွေ့လိုဆိုကာ ထောင်ထဲသို့ ဝင်ပင်မဝင်ကြ၊ ဝင်လျှင်လည်း အကျဉ်းသားများက ထောင်ပိုင် အစစ်မဟုတ်၍ ထောင်မှူးကြီးကိုသာ ကြောက်ပြီး သူ့ကို မသိလိုက် မသိဘာသာနေကြ၏။

တိုတိုပြောရလျှင် တရားသူကြီးသည် ထောင်ကို လက်ခံပါသည်ဟု စတိမျှသာ လက်မှတ်ထိုးပြီး ထောင်သို့ လာပင်မလာကြပေ။ အလွန် အရေးကြီးက အကြောင်းကြားပါရန်ဟု ထောင်မှူးကြီးလုပ်သူနှင့် နားလည်မှု ယူထားသည်က များလေ၏။ ယင်းသို့ လျှင် ဦးရွှေမောင်သည် ထောင်ပိုင်မရောက်မီ တစ်ဦးတည်း စခန်းသွားနေခဲ့သည်ကို အထူးမေးနေစရာ မလိုပေ။

ထောင်ပိုင်ကြီး ဝင်လာသည်နှင့် တစ်ပြိုင်နက် မုဆိုးနောက် ခွေးလိုက်ရသလို ဦးရွှေမောင်က လမ်းပြလိုက်ရလေတော့သည်။

ထောင်ပိုင်ကြီးသည် ကြီးစွာသော ဣန္ဒြေသမ္ပတ္တိနှင့် ရှေ့က လျှောက်သွားနေ၍ လူကြီးက အမေးမရှိ၍ သူကလည်း နောက်မှ ကုတ်ကုတ်လေး လိုက်နေရလေ၏။

တစ်နေရာအရောက်တွင် ထောင်ပိုင်ကြီးသည် ထောင်ကြပ်တစ်ဦးအား မေးမြန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင့်လုပ်သက် ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော် ငါးနှစ်ရှိပြီ ဆရာ"

"ဘာကွ - မင်းတို့က ထောင်မှူးကြီးကိုလဲ - ဆရာ၊ ငါ့ကိုလည်း ဆရာလားကွ"

ထောင်ကြပ်ကလေးသည် မျက်နှာညှိုးသွားလေသည်။

ထောင်ပိုင်ကြီးက နောက်ထပ် ဘာမျှမမေးဘဲ ရှေ့သို့ ဆက်လက်ချီတက်တော်မူလေသည်။ ဦးရွှေမောင်က နောက်ကလိုက်ရပြန်၏။

ထောင်တစ်ထောင်လုံးကို လှည့်ပတ်ကြည့်လေသည်။ ဘာတစ်ခွန်းမှ အမေးအစမ်းမရှိ၊ အင်း - ဆရာခေါ်တာတောင် မကြိုက်သေးတဲ့လူ နက်ဖြန် ထမင်းကျွေးမှာ၊ ခဏထားလိုက်ဦးမှထင်ပါရဲ့၊ ဦးရွှေမောင်က စဉ်းစားရင်း စေတနာတွေ ပိုလာခဲ့လေသည်။

တစ်နေ့အတွက် တောင်လုပ် မြောက်လုပ်နှင့် အချိန်ကုန်သွားလေ သည်၊ လုပ်စရာရှိသည်ကို စာရေးကြီး နှင့် စခန်းသွားနေသည်ကို မြင်ရသည်။ အခေါ်တော့မရှိ၊ ဦးရွှေမောင်ကလည်း ဖျူဖျူဖွာဖွာ လုပ်တတ်သူမဟုတ်၍ ခိုင်းသည့်အလုပ်ကိုလုပ်ရန် စောင့်နေခဲ့သည်၊ ထောင်တစ်ပတ်ကြီးငါးဧကခန့်အတူလျှောက်သွားသွားခဲ့သည်ပင် ဘာစကားမျှ မပြောသူကို ရွှေမောင်က သူ စကားပြောရန် လည်ပင်းကို ညှစ်နိုင်ပါ သလား။

နောက်တစ်နေ့ ဦးရွှေမောင်သည် ထောင်တွင်းသို့ စောစောစီးစီး ဝင်သွားလေ သည်၊ ဝင်သည်နှင့်တစ်ပြိုင်နက် ဈေးဦးပေါက် အတိုင်အတောနှင့် တွေ့ရတော့ သည်။

"ဆရာ - ဒီလူ ကျွန်တော့်ကို ခံရိုက် မလို့လုပ်ပါတယ်"

ဦးရွှေမောင် စစ်ဆေးရတော့သည်၊ တိုင်သူမှာ ထောင်ကြပ်အုပ်ဖြစ်သည်၊ ထောင်ကြပ်အုပ်မှာရဲဘက်မှစာသင်အဆင့်ဖြစ်သည်၊ သေချာစွာစစ်ဆေးရာထောင်ကြပ်အုပ်တိုင်ကြားသူသည် ထမင်းဖိုတွင် တာဝန်ကျသူဖြစ်သည်၊ ထောင်ဖြန် ထရိုက်တာက ဟင်းသီးဟင်းရွက်လာသွင်းရာ ဖိုခေါင်းခေါ် ဖိုသူကြီးနှင့် ချိန်တွယ်ပြီး ယူထားလိုက်သည်၊ ထောင်ကြပ်အုပ်ဖိုကိုပတ်နေစဉ် ယခုအတိုင်ခံရသော အကျဉ်းသားက ဟင်းရွက်ကိုနှိုက်ယူ၏၊ ဖိုခေါင်းနှင့်ဤအကျဉ်းသားစကားများကြလေသည်။

www.burmeseclassic.com

အမှန်မှာ သူနှင့် ဘာဆိုင်သည်မဟုတ်၊ သို့ရာတွင် သူသည် နိုင်ငံရေးသမားအဖြစ် ထောင်တွင်း၌ နာမည်ကြီး ရေပေါ်ဆီ ခေတ်စားနေသူဖြစ်သည်၊ တာဝန်ရှိသော ထောင်ကြပ်အုပ်က အကျဉ်းသားအား ယူမသွားရန်ပြောသည်၊ ထိုအခါ သူက ရိုက်မောင်းပုတ် မောင်း သွားကိုဖြဲပြတော့သည်၊ သွားကိုဖြဲပြသော ထိုအကျဉ်းသားအား ထောင်ကြပ်အုပ်သည် ထောင်မှူးကြီး ရွှေမောင်ထံခေါ်လာခဲ့ခြင်းဖြစ်သည်၊

ဦးရွှေမောင်သည် သူတို့ အရှုပ် အရှင်းကို စစ်ရ၏၊ စစ်နေစဉ်ပင်လျှင် အမောင် အကျဉ်းသားက ဦးရွှေမောင်ကို မထီလေးစားလုပ်လေရာ စိတ်မြန်လှသော ထောင်မှူးကြီးသည် အကျဉ်းသားအား တိုက်ပိတ်ရန် အမိန့်တော်မြတ် ချမှတ်လိုက်လေသည်၊ ဦးရွှေမောင်က "ခေါ်သွား၊ တိုက်ပိတ်ထားလိုက်" ဟုအော်လိုက်စဉ် ထောင်ပိုင်ကြီးသည်တံခါးမှဝင်လာလေတော့သည်၊ ထောင်ပိုင်ကြီးကဦးရွှေမောင်အားခဏမျှ စိုက်ကြည့်ပြီး သူ့ရုံးခန်းသို့ ဝင်သွားသည်ကို မြင်ရ၏၊

ကိစ္စတစ်ခုအေးသွားပြီးနောက် တစ်နေ့မှ ဤအမှုကိုထောင်ပိုင်ထံအမှုတင်မည်ဟု ဦးရွှေမောင်က ဆုံးဖြတ်ပြီး လုပ်စရာရှိသည်ကို လုပ်မည်ဟု အပြင်စာရေးလေး တစ်ဦးက ထောင်ပိုင်ကြီးထံမှ ပို့လိုက်သော စာရွက်တစ်ရွက်ကို လာ ပေးလေတော့သည်၊

ဘာပါလိမ့်ဟု ဦးရွှေမောင်က အရေးတကြီး ဖတ်လိုက်ရာ အောက်ပါအတိုင်း တွေ့ရတော့သည်၊

"အကျဉ်းသားတစ်ဦးကို ကျုပ် အမိန့်မရှိဘဲ မည်သည့်အတွက် တိုက်ပိတ်ထားသည်ကို အမြန်ထုချေပါ" ဟူ၏၊

ရွှေမောင်၏ မျက်လုံးသည် ကလယ် ကလယ်ဖြစ်သွားလေသည်၊

ထောင်မှူးကြီးတစ်ဦး တိုက်ပိတ်ပြီး အမှုကို ဆက်လက်အရေးယူနေသည့် ကိစ္စနှင့်ပတ်သက်၍ ထောင်ပိုင်က ထုချေလွှာတောင်းသည်မှာ ဗမာပြည်တွင် ဤအကြိမ်သည် ပထမဆုံးအကြိမ်ဟု ဦးရွှေမောင်က ယူဆမိသည်၊

အကျဉ်းသားတစ်ဦးကို အမှုနှင့်ပတ်သက်၍ တိုက်ပိတ်ထားခဲ့ခြင်းမှာ ပုလိပ်များက တရားခံကို ရုံးမတင်မီ ချုပ် ထားခြင်းသဘောနှင့် တူလေသည်၊ ပုလိပ်များသည် တိုင်ချက်ရက အမှုဖွင့် သည်၊ စစ်ဆေးသူအရာရှိက စစ်ဆေး၍ သက်သေခိုင်လုံလျှင် တရားခံကို ဖမ်းတော့သည်၊ မည်သူ့ကိုမှ အမိန့်တောင်း ခံစရာမလိုပေ၊

www.burmeseclassic.com

သို့ရာတွင် ထောင်ဥပဒေကား ထိုသို့မဟုတ်။ တိုက်ပိတ်နိုင်သောအမိန့်မှာ ထောင်ပိုင်နှင့် ထောင်တာဝန်ခံအရာရှိတို့တွင်သာ ရှိကြလေသည်။ ထောင်မှူးကြီးတွင် မရှိ၊ ထောင်မှူးတွင် သာ၍မရှိ။

သို့သော်အမှုနှင့်ပတ်သက်၍ထောင်မှူးနှင့်ထောင်မှူးကြီးတို့သည်အကျဉ်းသားတိုတိုက်ပိတ်ကြသည်မှာထောင်တည်စကပင်ဖြစ်သည်။ ပိတ်ပြီးလျှင်ပြီးချင်းထောင်ပိုင်ကို၎င်းအမှုနှင့်ပတ်သက်၍တိုက်ပိတ်ထားပါသည်ဟု အစီရင်ခံလိုက်လျှင် ပြီးလေသည်။ အမှုကို ထောင်ပိုင်ရုံးသို့ တင်သောအခါ ထောင်ပိုင်သဘော လွှတ်ချင်လွှတ်၊ ပိတ်ချင် ပိတ်။

ထောင်ပိုင် ထောင်တာဝန်ခံတို့နှင့်ပတ်သက်၍ အများသိစေရန် ဖော်ပြလိုသော အချက် ရှိနေ၏။

ယခင် အင်္ဂလိပ်ခေတ်တွင် ထောင် မှူးကြီး ထောင်ပိုင်ကလေးနှင့် ထောင်ပိုင် ဟု ရှိခဲ့လေသည်။ ထောင်ပိုင်ကြီးနှင့် ထောင်ပိုင်ကလေးများမှာ ဂေဇက်ဝင် အရာရှိများ ဖြစ်ကြသည်။ အထူးသဖြင့် ထောင်ပိုင်ကြီးမှာ ခရိုင်ဆရာဝန်ကြီးများဖြစ်၍ ထောင်ပိုင်ကလေးမှာ ထောင်မှူး ကြီးမှ တက်ဖြစ်သောသူဖြစ်သည်။

သို့ရာတွင်ယခုခေတ်တွင်ထောင်တာဝန်ခံအရာရှိဟုပေါ်ပေါက်လာခဲ့ပြန်သည်။ ထောင်တာဝန်ခံနှင့်ထောင်ပိုင်မှာ မတူကြသော်လည်းတာဝန်မှာ အတူတူပင် ဖြစ်ကြသည်။ နှစ်ဦးစလုံး ငွေရေး ကြေးရေးတွင် တာဝန်ရှိ တာဝန်ခံကြရသော အရာရှိများ ဖြစ်ကြသည်။ ထောင်အုပ်ချုပ်ရေးတွင်လည်းအာဏာအပ်နှင်းခြင်းခံရသည်မှာ အတူတူပင်ဖြစ်သည်။ ကွဲပြားသည်မှာ ထောင်ပိုင်ဝန်က ဗဟိုထောင်ကြီးနှင့် ခရိုင်ထောင်ကြီးများကိုအုပ်ချုပ်၍ထောင်တာဝန်ခံအရာရှိက ခရိုင်ထောင်ကလေးများကိုအုပ်ချုပ်ကြရသည်။ အစစတာဝန်ထမ်းဆောင်ရခြင်း၊ တာဝန်ခံကြရခြင်းအတူတူတွင် ထောင်ပိုင်က သာနေသောအချက်ပင် ရှိနေသည်။ သာသည်မှာ သူ့အောက်တွင် ထောင်မှူးကြီးမရသဲ ထောင်မှူးတစ်ဦး၊ နှစ်ဦးနှင့် ကုန်းနေအောင် လုပ်ကြရလေသည်။ ၎င်းမျှ တာဝန်ကြီးစွာ လုပ်ရပါလျက် ထောင်ပိုင်ကို လစာရင်း (၃၅၀) ဝန်ထောက်တန်း ဂေဇက်ဝင်လုပ်ပြီး ထောင်တာဝန်ခံမှာ လစာ (၃၃၀)နှင့် အထက်တန်းအရာရှိလည်း မမည်၊ အောက်တန်း မြို့ပိုင်တန်းထက်လည်း မကသော အထက်မကျ အောက်မကျ အလုံးကြီးဆို့နေသော အရာရှိများအဖြစ် ထားသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

သို့ဖြစ်ရာ ထောင်ပိုင်ဝန်ဆိုသူ ကြီးကြီးမာစတာနှင့် အထက်မကျအောက်မကျ အလုံးကြီးဆို့နေသော အတန်းရှိထောင်တာဝန်ခံ အရာရှိတို့မှာ နီးတစ်ခြမ်းကွာ ဘဝ ရောက်အောင် ဖန်တီးထားကြသည်မှာ ဘာအဓိပ္ပာယ်မှမရှိသဖြင့် ပြုပြင်ရန် အချိန်သို့ ရောက်နေပြီဟု ယူဆရပေသည်။

ထိုမှတစ်ဖန် ထောင်ပိုင်ဝန်များအနက် အရွေးချယ်ခံတန်း အကြီးကြီး မာစတာ လေးဦးရှိပြန်သည်။ သူတို့ လစာရင်းမှာ (၈၀၀)ကျပ်ဖြစ်သည်။ သို့ ရာတွင် (၃၅၀) ကျပ် စားနှင့် နာမည်ချင်း တူနေကြပြန်သည်။ တစ်ဦးကလည်း ထောင်ပိုင်ဝန်ပင် ဖြစ် သည်၊ ခွဲခြားမှုမရှိပေ။ ဖြစ်သင့်သည်မှာ (၃၅၀)ကျပ်စား ထောင်ပိုင်မှာ ဝန်ထောက် တန်းသာဖြစ်၍ အတိကျခေါ်သင့်သည်မှာ ထောင်ပိုင်ဝန်ထောက်ဟု လွှဲပြောင်းခေါ်ကြ ရန် သင့်လေသည်။

ထိုနည်းတူစွာ ထောင်တာဝန်ခံအရာရှိမှာ ဘာလိုလိုညာလိုလိုဖြစ်နေပြန်သည်။ အမည်မှာလည်း အဆင်မပြေပေ။ ထောင်ပိုင်လို ထောင်ကို တာဝန်ခံရသည်သာ ဖြစ် သည်။ ရုံးဝန်ထောက်ဟုခေါ်သော စာရေးအကြီးဆုံးအစားတစ်စားသည် ရုံးကြီးများ တွင် ရှိကြလေသည်။ သူတို့လည်း ထောင်တာဝန်ခံကဲ့သို့ လစာရင်း (၃၃၀)ကျပ်ပင် ဖြစ်သည်။ သို့ရာတွင် ဝန်ထောက်ဟု လူအခေါ်ကောင်းကြလေသည်။ ရုံးဝန်ထောက် အလုပ်မှာ ထောင်တာဝန်ခံနှင့် တာဝန်ချင်းတူကြ သည်မဟုတ်။ ထောင်တာဝန်ခံက အကျဉ်းသားလခစား အမှုထမ်းများနှင့် အထူးသဖြင့် ဂေဇက်ဝင် အရာရှိနှင့်အတူ ငွေကြေးထိန်းသိမ်းရသူ ဖြစ်၏။ ရုံးဝန်ထောက်မှာ စက္ကူပေါ်မှ အလုပ်မျှသာ ရှိသည်။ ထောင်တာဝန်ခံအလုပ်နှင့် နှိုင်းယှဉ်၍မဖြစ်။ သို့သည်ပင် ထောင်တာဝန်ခံမှာ ဝန် ထောက်ဟူသော အမည်နာမ မစားရသည့် ပညတ်ကလေးတစ်ခုကိုပင် မရရှာ၍ အပြင်လူများက ရှုပ်ထွေးလှသော ထောင်တာဝန်ခံအမည်ကို မခေါ်တတ်သဖြင့် ထောင်မှူးကြီးဟူ၍လည်းကောင်း၊ ထောင်ပိုင်ကြီးဟူ၍လည်းကောင်း ခေါ်နေကြ သည်မှာ ငါးမည်ရပြည်ရွှေဘိုဘဝသို့ လုလုကြီး ရောက်နေကြလေသတည်း။

⍟

www.burmeseclassic.com

www.burmeseclassic.com

ထောင်ပိုင်ကြီးက အကျဉ်းသားကို တိုက်ပိတ်မှုနှင့် ထောင်မှူးကြီးအား ထုချေလွှာ တောင်းသည်မှာ အရှက်ခွဲခြင်း၊ ဖနောင့်နှင့် ပေါက်ခြင်းပင်ဖြစ်သည်။ ထောင်တစ်ထောင်တွင် ထောင်မှူးကြီးသည် များစွာအရေးပါလှသည်။ စစ်တပ် တွင် "အဂျူတင့်" ခေါ်တပ်ရေးဗိုလ်ကြီးနေရာနှင့် တူပေသည်။ ထောင်မှူးကြီး ကောင်းလျှင် ထောင်ပိုင်များ ပေါ့ပါးစွာ အိပ်စားနေနိုင်ကြသည်။ ယခု သူ့ကို လုပ်ကျွေး မည့်ထောင်မှူးကြီးကို အကြောင်းမဲ့ဖနောင့်နှင့် ပေါက်ပေပြီ။ ရွှေမောင်သည် ကြောက်ပါပြီခင်ဗျား၊ နောင်ကို မလုပ်တော့ပါဘူးဟုထုချေလွှာပေးလိုက်ပြီးကျွေးရန်စီစဉ်ထားသည့်ထမင်းကိုလည်း ပိုက်ဆံ အကုန်ခံ၍ မလုပ်တော့၊ ကျွေးနေလျှင် အားရှိပြီး အများကို နှိပ်စက်မည့်သူ ဖြစ်လိမ့်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထိုနေ့မှစ၍ ဦးရွှေမောင်သည် ငွေကိုင်သည့်စာရင်းကိုလည်း အပ်လိုက်သည်။ ရုံးအလုပ်စက္ကူပေါ်မှလာသည့် ထောင်မှူးများအလုပ်ကိုလည်း စစ်ဆေးခြင်းမပြုတော့၊ ဤအလုပ်များမှာ သူ့ဟာနှင့်သူ တာဝန်ရှိကြသည်သာ ဖြစ်သည်၊ ရှေးက အလုပ်မတတ်သော ထောင်မှူး၊ ထောင်ပိုင် အအော်အငေါက်ခံရသော ထောင်မှူးများကို သနား၍ ကိုယ်တိုင်လုပ်ပေးခဲ့သည်၊ ထိုအခါ ဘာသံမှမကြားရ၊ အချိန်တန်က အလုပ်ပြီးသည်၊ ဆူခြင်း၊ ပူခြင်းမရှိ၊ လူကြီးနားအေးသည်။ ယခု ထောင်မှူးကြီးက ငွေစာရင်းကို မကိုင်သောအခါ ထောင်ပိုင်ကိုယ်တိုင် ကိုင်ရပေသည်။

ဦးရွှေမောင်သည် အလွန်အလုပ် သက်သာသွားလေသည်။ ဟိုယခင်က လချုပ်မသွားသေးဘူးလား၊ ငွေစာရင်း မပြီးသေးဘူးလားနှင့် ပူပန်ခဲ့ရသည်၊ ယခု ဘာမှ ပူစရာမလို၊ ကိုယ့်ဆရာ အရောက်ပင် နောက်ကျသည်ဟု ဦးရွှေမောင်က ထင်လေသည်၊ အကျဉ်းသားကို တိုက်ပိတ်သည်မှာ ထောင်မှူးကြီးတိုင်း၊ ထောင်မှူးတိုင်းကို ထောင်ပိုင်က အခွင့်အရေး ပေးထားလေ့ရှိကြသည်။ ထောင်ပိုင်သည် ထောင်တွင်း တွင် အမြဲရှိနေသူမဟုတ်၊ ရှိသူမှာ ထောင်မှူးကြီး နှင့် ထောင်မှူးများသာ ဖြစ်သည်၊ အရေးကျ၍တိုက်ပိတ်ရန် ထောင်ပိုင်လာသည်အထိ စောင့်ရမည်ဆိုလျှင် ထောင်ကြီးကို မီးလောင်သည်အထိ စောင့်ရမည်ဆိုလျှင် ထောင်ကြီးကို မီးလောင်သည်အထိ ဖြစ်သွားနိုင်သည်၊ အမှုဖြစ်ပြီး ချက်ချင်း အကျဉ်းသားကို တိုက်ပိတ်သည်မှာ လုံခြုံမှု စည်းကမ်းသေဝပ်မှုအတွက်သာ ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်က ထောင်ကြီးတစ်ထောင်တွင် ထောင်မှူးများကို ထောင်ပိုင်က တိုက်ပိတ်ခွင့်မပေးဘဲ ထားဖူး၏။ တစ်နေ့တွင် အကျဉ်းသားများ အုပ်လိုက်ချရိုက်ကြရာ တိုက်ပိတ်ခွင့်မရှိသော ထောင်မှူးများသည် ထိုင်ကြည့်နေကြလေသည်။ နောင်အခါ ထောင်ပိုင်က ကြည့်လုပ်ကြပါဦးကွယ်ရို့ဟု ငိုချင်းရှည်ကို ရွတ်ဆိုရရှာလေသည်။

ထောင်ပိုင်ကြီးသည် တစ်ထောင်လုံးတွင် တာဝန်အရှိဆုံးလူ မှန်ပါသည်။ သို့ရာတွင် လက်အောက်လူအရာရှိများကို ထိုက်တန်သောအခွင့်အာဏာကို မပေးလျှင် သူသည် သူမှသာ သူလုပ်သည်နှင့် တူလေတော့သည်။

အကျဉ်းသား ရန်ဖြစ် "ဟော့ - ထောင်ပိုင်ကြီးဆီ ခေါ်သွား" အမှုထမ်း လခစား ကိစ္စပေါ်" ဟော့ထောင်ပိုင်ကြီးဆီ ခေါ်သွား" ဦးရွှေမောင်၏ အလုပ်သည် လက်ညှိုးထိုး ရုံနှင့် ပြီးလေသည်။

အဲ - မကြာပါပေ။ ထောင်ပိုင်ကြီး ဝလချီးလည်လာတော့သည်။ သာ၍ခက်သည်မှာ ယခင်က ထောင်ပိုင်ကြီးနှင့် မတည့်ပါဘူးဟုဆိုသော ထောင်မှူးသည် ယခု ထောင်ပိုင်ကြီးနှင့် အလွန်လေပေးဖြောင့်ကာ မှန်ပါတွေ ဘာတွေနှင့် ပြောဟောမှုကြောင့် ထောင်ပိုင်ကြီး၏ နားတွင် အတော်ကြီး ဆိမ့်နေသလား မသိ။ ထွက်စေ၊ ဝင်စေ၊ စေ တစ်လုံးရပြီး အလွန်းသင့်နေကြသည်ကို တွေ့ရလေသည်။

ထောင်မှူးများမှာ ကိုယ့်သားမယားနှင့်ကိုယ် အလုပ်ပြီးက အေးအေးနေကြသည်။ အလွန်ခင်ကြမှ တစ်ခါတစ်ရံ ထောင်ပိုင် ထောင်မှူးကြီးအိမ် လာလည်ကြသည်။ သို့ရာတွင် မှန်ပါဟုပြောသော ထောင်မှူးမှာ နေ့စဉ် သားမယားနှင့် စားလေသောအခါ တခြားထောင်မှူးများ ငြိုဟ်ဝင်လေတော့သည်။

ရုံးအလုပ် လုပ်သည့် စာရေးကြီးသည် ခွင့်ယူပြေးလေသည်။ ထောင်မှူးများ ရန်ဖြစ်ကြလေသည်။ အကျဉ်းသားများ သပိတ်မှောက်ကြလေသည်။ ထောင်ကြပ်များ စာထုပ်ကိုယ်စီနှင့် မင်းကြီးရုံးကို ပိုက်ဆံ (၁၅) ပြား အကုန်ခံ၍ ပစ်ကြလေသည်။ ဦးရွှေမောင်က လည်း တစ်မှောင့်။ လာသမျှ ဖျန်ဖြေခြင်းမရှိ။ တွေ့သမျှဖမ်း။ အားလုံးရုံးတင်၊ တစ်နေ့တစ်နေ့ကို အကျဉ်းသားရော၊ ဝါဒါထောင်မှူး သုံးဆယ်ခန့်ကို ထောင်ပိုင်ကြီး ရှေ့သို့ ခပ်တည်တည် ခေါ်လာခဲ့သည်။ ယခင်က သုံးနှစ်ပေါင်း အပြစ်ဒဏ်စာရင်းမှာ

www.burmeseclassic.com

ရွှေမောင် အလုပ်ပြမှုနှင့် သုံးလအတွင်း သုံးနှစ်ပေါင်းစာရင်းကို ကျော်လွန်သွားလေသည်။

ထောင်ပိုင်ကြီး၏ မျက်လုံးသည် တစ်နေ့ထက် တစ်နေ့ လည်၍လည်၍ လာသည်။ အသားအရေတို့သည် ဖြူဖပ်ဖြူရော်ဖြစ်လာသည်။ စိတ်တိုလာသည်။ ရှုံးချင်ချင်ဖြစ်လာသည်။

မင်းကြီးရုံးက အလုပ်နှင့်ပတ်သက်၍ ဆော်ထည့်သည့်စာ ရောက်လာသည်။ အလုပ်တစ်ခု တစ်ခါနှင့် မပြီး၊ နှစ်ခါနှင့်လည်း မပြီး၊ ငယ်သံပါအောင် အော်ဟစ်သံကြားရသည်။

တခြားအရေးထက် အကျဉ်းသားအရေးက စိတ်မအေးစရာ ကြုံလာသည်။ ထောင်တွင် ထောင်မှူးကြီး ပါဝါမရှိမှန်းသိသောအခါ ထောင်မှူးကို အကျဉ်း သားက မျှောက်ဟုသာ ထင်သည်။ ဦးရွှေမောင်က အကျဉ်းသား ထောင်ဖောက်မပြေးရန်သာ ဝရုစိုက်တော့ သည်။

မင်းသမီး မေမေဝင်း၏ (၁၂)လ ရာသီ သီချင်းကဲ့သို့ တန်ဆောင်မုန်း မောင်ဖုန်းမလာလို့ တပို့တွဲ မောင်နှင့် လွဲဆိုသလို တစ်လတွင် တစ်ခုမဖြစ်၊ တစ်ခုဖြစ်ဖြစ်နေရာနောင်တော့ ဆရာကြီး လဲလေတော့သတည်း။

ဆရာကြီးအသေကို ရွှေမောင် အမှန်စောင့်ခဲ့ပါသည်။ သူသည် ဖုတ်လှိုက် ဖုတ်လှိုက်နှင့် အတော်အသက်ပြင်းသူဖြစ်သည်။ သေခါနီးကျမှ ရွှေမောင်ကို ခေါ်သည်။ ခွင့်သွားရမှာ စိုး သည်ထင်၏။ ပင်စင်လည်း နီးပြီမဟုတ်ပါလား။

ထောင်ကြီးကို ဦးရွှေမောင်အား အပ်လေသည်။ ကြည့်ပါဦး၊ ခင်ဗျားကို ယုံပါတယ်။ ပစ်မထားပါနှင့်ဟု ဆိုလေသည်။ ရွှေမောင်ကလည်း အလွန်မျက်ရည်မလွယ်သောသူဖြစ်နေရာ တံတွေးတွေ ဘာတွေဆွတ်၍ စိတ်ချပါဟု ပြောရသည်။ ထောင်ပိုင်ကတော်ကြီးကလည်း သနားစရာဖြစ်လာသည်။ "ကိုရွှေမောင်ရယ် - ကြည့်လုပ်ပါဦး" ဟု မပြော စဖူး ပြောလေသည်။ ရွှေမောင်က ကြည့် ၍ "ဟုတ်ကဲ့ - ဟုတ်ကဲ့" ဟု ဆိုသည်။ ဤဆရာမကြီးလည်း ခေသူမဟုတ်၊ ထောင်ပိုင်ကြီးထက် လက်စွမ်းသာသူဖြစ်သည်။ ထောင်ပိုင်ကြီးက နံနက်ခင်းက ဝါဒါတစ်ဦးကို ထုတ်ပစ်သည်။ ညနေတွင်



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ပြုတ်သော ကိုလူချောသည် အလုပ်ဆင်းလာလေသည်၊ ထောင်ပိုင်ကြီးပင် အံ့သြယူရလေသည်။

"ဟာကောင် - မင်းကို ငါ မနက်က အလုပ်က ထုတ်ပစ်လိုက်ပြီလေ၊ ဘာလုပ် အလုပ်ကို လာသလဲ" ဟု ထောင်ပိုင်ကြီးက ဆိုသည်။

"ဟုတ်ကဲ့ - ဆရာကြီး ထုတ်ပစ်ပေမယ့် ဆရာမကြီးက ပြန်ခန့်တာ၊ ဆရာကြီး မသိဘူးထင်တယ် - ဟဲဟဲ"

လထမွှတ်ကို မွှတ်ကရော ဟု ထောင်မှူးတစ်ဦးဆိုသံကို နားပင်းနေသော ဝါဒါ တစ်ဦးပင်ကြား၍ နားပင်းထိမ်းထင်းနှင့် တအားရယ်လေရာ အတော်ပွဲကျသွားလေ သည်။

သို့ကလိုပျော်စရာကောင်းချိန်တွင်ထောင်ပိုင်ကြီးသေနာပေါ်နေသည်ကတစ်ဖုံ နာနေသည်ဟု ပြောရမလို ဖြစ်နေ၏။

နောင်တော့ ရွှေတိဂုံဘုရားတွင် သွားပြီး ဆုတောင်းပွဲမကျင်းပဘဲ အာဏာပြန် ရသွားသော ရွှေမောင်နဲ့ သားသည် လူမစွမ်းနတ်မအဖြစ် ထောင်တွင် ချယ်လှယ်ခွင့် ရသွားပြန်လေသတည်း။

"အဲ - ကျုပ် ခင်ဗျားကို သိပ်ကျေးဇူးတင်တယ်ဗျ၊ ရောက်စတုန်းကဆို မာလက သွားပြီတောင် အောက်မေ့တာ လား၊ အေးပေါ့လေ - လူဆိုတာ တစ်နေ့ သေတောင် သေကြရတာပဲ၊ ခင်ဗျားလည်း ဒေါသကြီးတယ်၊ ဒေါသကို ချုပ်ဗျ၊ ကျုပ်တို့ကတော့ ပင်စင်သွားပြီ" ဟု ထောင်ပိုင်ကြီးသည် စေတနာနှင့် ရွှေမောင်အား ဆုံးမစကား ပြောလေရာ ရွှေမောင်က အဘိုးကြီးမသွားမီ အကောင်းဆုံး ထမင်းတစ်ရက် ညမနက် ကျွေးမည် ဟု ဆုံးဖြတ်လိုက်လေသတည်း။

⍟

ထောင်ပိုင်ကြီးတစ်ယောက်ရောက်တော့မည်ဆို၍ရွှေမောင်ခေါင်းဆောင်သော ထောင်အဖွဲ့က သဘော်ဆိပ်တွင် တဂုဂုနှင့် စောင့်ကြရပြန်သည်။

ယခုပြောင်းလာမည့် ထောင်ပိုင်သည် ရွှေမောင်နှင့် လုပ်ကိုင်ဖူးသောသူ ဖြစ်၍ ဘာမှဝေဖန်စရာမလို၊ အလွန်ခင်ကြ၏၊ ချစ်ကြ၏၊ ရွှေမောင် ဝမ်းသာသကဲ့သို့ ကိုယ့် ဆရာလည်း ဝမ်းသာအားရဖြစ်နေသည်ကို စာပင်ရထားသည်မဟုတ်ပါလား။

www.burmeseclassic.com

"ကိုယ့်ဆရာ ရောက်မယ်။ ထမင်း ကောင်းကောင်းချက်စမ်း" ရွှေမောင်က သူ့မယား မိကြည်ကို အမိန့်တော်မြွက်ချလိုက်လေသည်။

နှစ်ပေါင်းများစွာ ကွဲနေသူများ ယခုမှ တွေ့ကြရပေမည်။ ရှေ့ဖြစ်နောက်ဟောင်း ပြောကြဦးမည်။ ငယ်ငယ်က ပွေခဲ့ကြပုံ၊ ရှုးခဲ့ကြပုံကို စမြုံ့ပြန်ကြရဦးမည်။

သဘော်ရောက်သည်နှင့် တစ်ပြိုင်နက် ရွှေမောင်က ကိုယ့်ဆရာစုံတွဲကို မိမိအိမ်သို့ ခေါ်ချလာခဲ့သည်။ ထမင်းစားရင်း ပြောလိုက်ကြသည့်စကား မဆုံးတမ်းပေတကား။

ဆရာတပည့်လည်းဟူ မိတ်ဟောင်းဆွေဟောင်းလည်းမည်သော ရွှေမောင်နှင့် ထောင်ပိုင်ကြီးတို့ လေပန်းနေသည် ကို ကြည့်နေကြသူများမှာ ရွှေမောင်၏ မိန်းမ မိကြည်နှင့် ထောင်ပိုင်ကတော်တို့ပင် ဖြစ်သည်။ ရွှေမောင်သည် ကိုယ့်ဆရာ၏ဖနီးကို မမြင်ဘူး၊ ရွှေမောင်နှင့် ကွဲပြီးမှ အိမ်ထောင်ကျခဲ့ကြသူများ ဖြစ်ကြသည်။

ရွှေမောင်သည် ကိုယ့်ဆရာ၏တိုးတက်မှု၊ ဆုတ်ယုတ်မှုကို အကဲခတ်လေသည်။ ယခင်က အချိုးမျိုးပင်ဟု ယူဆရ သည်။ စီးပွားရေး တိုးတက်မှု လုံးဝမရှိ၊ ထောင်ပိုင်ကတော်ကြီးခများ ငါတုံးလုံးဆိုသလို ရွှေငွေမမြင်၊ ကိုယ့်ဆရာက အမြဲသောက်သည်၊ မြင်းလည်းလောင်းသည်၊ ပျော်ပျော်နေ သေခဲဆိုသော စကားပုံကို လက်ကိုင်ထားသူဖြစ်သည်၊ သဘောကောင်းသည်မှာ ပြောစရာမလို၊ လုပ်ရှိကိုင်ရှိ အလွန်ကောင်းလေသည်။

တစ်နေ့သောနေ့တွင် ဝါဒါတစ်ဦးက ရွှေမောင်အား လာပြောသံ ကြားရ၏။

"ဆရာ - ဆရာ့ကို ထောင်ပိုင်ကတော်က ပြောတယ်၊ ဦးရွှေမောင် သိပ်မာနကြီးတာပဲတဲ့၊ ထောင်ပိုင်ကိုတောင် ဆရာလို့ မခေါ်ဘူးလို့ ပြောနေတယ်"

ဦးရွှေမောင်သည် ငေးသွားလေ သည်။


ဦးရွှေမောင်မှာ ထောင်ပိုင်ကြီးအား ယခင်စိတ် ယခင်နလုံး ဒီကိုယ်ခန္ဓာက ဘယ်ကို သွားမလဲဟု ထင်ခဲ့သည်။ သို့နှင့် ယခင်လိုပင် ခင်မင်နှင့် ဘွင်းဘွင်းပင် ဆက်ဆံခဲ့သည်၊ သို့ရာတွင် နှစ်ဦးချင်းကျလျှင်သာ နေခဲ့ ပြောခဲ့ပါသည်၊ လူငယ်များရှေ့တွင် ထောင်ပိုင်ကြီးအား အကြီးအကျယ် ဂါရဝပြုထားသည်။ မိမိအဖေ၊ မိမိအမေ၊ မိမိဆရာ သမားကို မိမိတို့က မရိုသေလျှင် မည်သူက ရိုသေပါမည် နည်းဟု ဦးရွှေမောင်က



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်-သိပ္ပံ ခင်ဗျ။ မနေ့က ဒီအကြောင်းကို ကျွန်တော်က ဒေါ်တာတိတ်တဲ့ဘဲ ရောင်းပစ်ပါလားကွာလို့ ပြောလိုက်တယ်။ ကျွန်တော့်အိမ်မယ် တလေး မမာဘူး။ ဒါနဲ့ ပြောလိုက်တယ်။ နေပါဦး ခင်ဗျ။ အဲဒီကိစ္စ ကျွန်တော့်ကို ဘာလုပ်မေးသလဲ။ ဘယ်သူက လာပြောသလဲ



သဘောထားသည်။ အလုပ်သဘောနှင့်ပြင်ပရေးရာကိုဦးရွှေမောင်ကမရောယှက်ရန် အမြဲသတိထားခဲ့သည်။

တစ်နေ့တွင် ထမင်းစားပါတီတစ်ခု မှ မင်းပေါင်းစုံ ဖိတ်လေသည်။ မိကြည်တကလေးများသူဖြစ်သည်။ လင်စုံမယားဖက်ကြွကြွရန်ဖိတ်ထားရာမိကြည်မလိုက်တ လူသစ်ဖြစ်သော ထောင်ပိုင်ကတော် ကြောင်နေမည်စိုး၍ ရွှေမောင်က ထောင်ပိုင်ကတော်လိုက်ရင် မင်း လိုက်မှဖြစ်မယ်။ တိုးတိုးပြောဖော်မရှိဘူးဟု ပြောလေရာ မိကြည်က ထောင်ပိုင်ကတော်ကို လိုက်မလိုက် သွားမေးရတော့သည်။ ထောင်ပိုင်ကြီး၏မော်ကတင်းက မိကြည် မဖြစ်ဖြစ်အောင် လိုက် ခဲ့စမ်းပါဟု ဆိုလေရာ ထမီကာကိုသားက ငိုသောမိကြည်မှာ သနပ်ခါးနှင့် ကျောက်ပျဉ်နှင့် လုပ်ရပြန်လေသည်။

ဤလို မင်းပွဲသဘင်မျိုးတွင် ဘာမှမရှိသော မင်းကတော်များတို့သည် ငှားရမ်းဝတ်ဆင်ပြီးပင် လာတတ်ကြသည်ကို လူတိုင်းအသိ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မိကြည် အကျည်းတန်မသည် သူ့ကိုယ်သူ အလှဆုံး ဆင်ယင်လေသည်။ လှလောက်ပြီဟု စိတ်ချရသောအခါ ရွှေမောင်နှင့် ထောင်ပိုင်အိမ်သို့ သွားကြတော့သည်။

ထောင်ပိုင်ကတော်ကြီးက မိကြည်ဝင်အလာတွင် ငေးကြည့်နေ၏။

"တဲ - အစ်မကြီး လုပ်လေ။ ကျွန်မတော့ အလှဆုံး ဆင်လာတာပဲ - ဟဲ - ဟဲ" မိကြည်က အရွှန်းကလေးနှင့် ပြောလေသည်။

"တဲ - ဒါပဲလေ - သွားပေါ့"

ထောင်ပိုင်ကတော်ကြီးက များစွာမျက်နှာမကောင်း။

မင်းပွဲသဘင်သို့ ရောက်သွားကြသည်။ မိကြည်က - "လာ - အစ်မကြီး၊ ဒီထိုင်ရအောင်" ဟုပြောလေသည်။ သို့ရာတွင် နေပါစေဆိုကာ သူ့ယောကျ်ားနှင့်အတူထိုင်နေတော့သည်။

မင်းကတော်ဆိုပြီး ပဝါတစ်ထည် ခြုံမလာနိုင်။ အိမ်တွင်နေသည်လည်း ဒါမျိုးဝတ်၊ ပွဲထွက်သည်လည်း ဒါပဲမြင်ရသည်။ ဘာပြောပြော စိတ်မကောင်း ဖြစ်ရသည်။ မိကြည်က "ဒီလိုမရှိမှန်းသိရင် အတူတူလာတာ၊ ကိုယ်ကလည်းဝတ်မလာပါဘူး" ဟု အိမ်ရောက်မှပြောလေသည်။ မိကြည်စိတ်မကောင်းအဖြစ်ဆုံးမှာ ထောင်ပိုင်ကတော်ပြောသောစကားတစ်ခုဖြစ်သည်ဟု ဆိုသည်။ ထိုစကားမှာ "ထောင်မှူးကြီးကတော်က အတော်ရွှေမက်တာပဲနော်" ဟု ပြောသည်ဟု ဆိုလေသည်။

အမှန်အားဖြင့် ရွှေမောင်တို့ မိကြည်တို့မှာ သားသမီး တစ်ကျိပ်ခန့်နှင့် လူစဉ်မီသောသူများမဟုတ်ပေ။ လျှမ်းလျှမ်းတောက်စိန်နှင့် ရွှေနှင့်ရှိသူများမဟုတ်ကြပေ။ သားသမီးများလွန်း၍ အလျင်မီအောင် မဝရစမန်းစားနေကြသော အိမ်ထောင်ကြီးသမားများဖြစ်ကြလေသည်။ ကလေးများတစ်နှစ်တစ်ယောက် မွေးသူများဖြစ်ကြရာ ဘယ်ကလေးမှ အကူအညီရမည်ထား၍ လူလိုပြော၍ နားမလည်သူက ဒါဇင်ဝက်တော့် ရှိနေ၏။ တစ်ခုတော့ ရှိသည်။ ရွှေမောင်သည် အရက်မသောက်၊ ဖဲကိုလည်း ဘာအပွင့်မှ နားလည်သူမဟုတ်၊ မြင်းပွဲကိုမြင်ဖူးတယ်ရှိအောင် ရန်ကုန်ရောက်တုန်းက ငွေနှစ်ကျပ်ပေးပြီး တစ်ကြိမ် ဝင်ကြည့်ခဲ့ဖူးသူ ဖြစ်သည်။

www.burmeseclassic.com

သားသမီးများက ဟိုဟာဝယ်ပေး၊ ဒီကစားစရာ လိုချင်သည်ပြော၍ ငိုမကလို့ ဘာပဲဖြစ်ဖြစ် မပေးဘူး။ ငိုလို့သေသော ကလေးမရှိ၊ တစ်ယောက်အရေး မဟုတ်၊ တစ်ပြုံကြီးအရေး ...။

မိကြည်ကလည်း ဈေးတစ်ခါသွားမည့်အရေး ညဦးပိုင်းက စီမံကိန်းဆွဲကာ မြန်မြန်သွားမြန်မြန်လာကလေးများအကျီမှအစ စက်စုတ်တစ်လုံးနှင့်တကုတ်ကုတ်ချုပ်၊ ဤကဲ့သို့ပင်ပန်းကြီးစွာ အိမ်ထောင်မှုကိုထိန်းသိမ်းနေကြသည်။ ရုံပွဲမရောက်၊ ရုပ်ရှင်မှ တစ်လတစ်ကြိမ် လူစေ့တက်စေ့ မသွားနိုင်။

ရွှေမောင်သည် အရက်ကိုလည်း သောက်ချင်သူဖြစ်သည်။ ပွဲဆိုလျှင်လည်း ဗေထိးဗေထိးဆို သွားချင်လှသည်။ လူပျိုတုန်းက ကိုယ့်ဆရာ ထောင်ပိုင်နှင့် ထောင်မှူးဘဝ အတူတူနေခဲ့စဉ်က သူများရေ့နေခဲ့သူဖြစ်သည်။ ယခု အရက်သောက်လိုလျှင် သားသမီးမျက်နှာကိုကြည့်ရသည်။ အရက်တစ်ခါသောက်ငွေငါးကျပ် အောက်ထစ်ကုန်မည်၊ ငွေငါးကျပ်သည် ကလေးနှစ်ဦးအတွက် ဖိနပ်ကလေး နှစ်ရံရမည်၊ အကျီလေးနှစ်ထည်ရမည်ဟုတွက်လေသည်။ သို့နှင့်မသောက်ဖြစ်ပေ။ မည်သူသည် ရွှေမောင်အား နေ့စဉ်အလကားခေါ်တိုက်ပါမည်နည်း။ သို့အတွက် သူသည် အရက်မသောက်ဟု ဆိုခြင်းဖြစ်သည်၊ သူသည် ဝိပဿနာကမ္မဋ္ဌာန်းလိုက်ပြီး ကလေးတပြွတ်ပြွတ်မွေးနေသော သူတော်ကောင်းမဟုတ်။ အရက်သောက်ချင်လျက်နှင့် မသောက်ရသော လူမိုက်တစ်ဦးသာ အမှန်ဖြစ်၏။

မိကြည်နှင့် ရွှေမောင်တို့ သားသမီး ဒုက္ခကိုစံရင်း နှစ်ပြားတစ်ပဲကို စုကြသည်၊ စု၍ စိန်မဟုတ်တောင် ဥဿဖယားလောက်တော့ မိကြည်ကဝတ်ပြီး ဂိုက်နှင့် ဆိုက်နှင့် သားသမီး တစ်ပြုံကြီးနှင့် ထမိမနိုင် ပဝါမနိုင် ပြုံးတစ်လှည့် ငိုတစ်လှည့် နေရသူဖြစ်သည်။ ဤမပြောစလောက်ကလေးပင် ထောင်ပိုင်ကတော် ဖွတ်ကြောပြာစုနှင့်တွေ့တော့ အနုထဲတွင် သူ အလှဆုံးဆိုသလို ဖြစ်သွားလေသလားမသိ၊ ထောင်ပိုင်ကတော်က အတော်ရွှေမက်တာပဲနော်ဟု ရိုးကျူးသံကို မကြားစဘူး ကြားရလေသည်။

✪

www.burmeseclassic.com

"ဟာ - ဦးရွှေမောင်ကို ရိုးကျိုးသဖျို့ သားသမီးတစ်ပြုံကြီးနဲ့ ဘယ်လိုစား၊ ဘယ်လိုစုသလဲ၊ ကျုပ်တော့ မြင်တဲ့အတိုင်းပဲ"

ထောင်ပိုင်ကြီးက ယောက်ျားသဘောဖြင့် ဆိုသည်။

"ဟုတ်ကဲ့ - ခင်ဗျာ၊ ပစ္စည်းဥစ္စာဆိုတာ တဖြည်းဖြည်း စုရတာပါပဲ၊ အထူးသဖြင့် ကျွန်တော်တို့လခစားများဟာ ကုန်သည်လိုမဟုတ်ပါဘူး၊ နစ်ပြားတစ်ပဲက စုရတယ်၊ ဥပမာ - အထည်ကြီး ပစ္စည်းတစ်ခုကို ကျွန်တော် လိုချင်တယ် ဆိုပါတော့ နစ်ထောင်မျိုး သုံးထောင်မျိုး ကို ဘယ်လာ ဘတ်ခနဲ ပေးနိုင်ပါ့မလဲ၊ ဒီတော့ ဒီလိုလုပ်ရတယ်၊ မိတ်ဆွေ ကောင်းကောင်းကို ရှာပြီးတော့ ကျွန်တော့်ကို ကူစမ်းဗျာ၊ ဒီပစ္စည်းကို ကျွန်တော် လိုချင်တယ်၊ ကျွန်တော့်မှာ အခုဒါပဲရှိတယ်၊ တစ်လကို ကျွန်တော် ဘယ်မျှပေးမယ်၊ မပျက်ကွက်ရပါဘူး၊ ခင်ဗျား အာမခံပေးစမ်းပါလို့ပြောရင် ခံပေးကြတာပါပဲ၊ ကတိတည်ဖို့သာ လိုတယ်၊ မှန်မှန်ဆပ်၊ နောက်တော့ ပစ္စည်းရှင်ကုန်သည်က ဒီလို အပေးမှန်တဲ့လူကို ယုံပြီး တစ်သောင်းတိုး၊ အကြွေးယူဗျာ၊ ရပါတယ်"

ရွှေမောင်က တတ်သမျှ မှတ်သမျှ ရွတ်လေတော့သည်။

"ကဲ - ဒီလိုဆို ကျုပ်ကိုလဲ ယူပေး စမ်းပါ"

"ရပါတယ်၊ ကျွန်တော်မိကြည်ကိုအစ်မကြီးနဲ့ လွှတ်လိုက်မယ်၊ လိုချင်တာယူပါ၊ အဲ - မှန်မှန်သာပေး ခင်ဗျ၊ ကျွန်တော့်မှာ လျော့စရာတော့ မရှိဘူး - ဟဲဟဲ"

ထောင်ပိုင်ကတော်ကြီးသည် မှောင်ကုတ်သောမျက်နှာနှင့် ရွှေဆိုင်ကို ရောက်သွားလေသည်၊ မိကြည်က အာမခံထားခဲ့သည်၊ နောက်တော့ ထောင်ပိုင်ကတော်သည် မိကြည်၊ ရွှေမောင်အိမ်သို့ လုံးဝမလာတော့၊ ဘာဖြစ်သွားမှန်းမသိပေ။

မိကြည်နှင့် ရွှေဆိုင်ကုန်သည်တို့ တစ်ခါဈေးတွင် တွေ့ကြသည်ဟု ဆိုသည်၊ ကုန်သည်က "ခက်တာပဲဗျ၊ ခင်ဗျား အာမခံပေးတဲ့ ဆရာမကြီး သူ့ဟာသူတောင် ကြွေးမကျေနိုင်သေးဘူး၊ သူများတွေကို ခေါ်လာပြီး ကြွေးယူသွားတာ ကျွန်တော်တို့မှာ ခက်နေပြီ၊ ပြောရမှာလည်းအားနာ၊ သူ တစ်ဆင့်အာမခံပေးတဲ့ မိန်းမတွေ တစ်ထောင်ဖိုး လာယူသွားတယ်၊ သွင်းငွေက ငါးဆယ်၊ တစ်လကို သုံးဆယ်သာ လာပေးနေတော့ ကျွန်တော်တို့ ဘာလုပ်ရမလဲဟင်၊ ဒီအထဲ ဒီလတော့ မပေးနိုင်သေးလို့



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာက ပါလိုက်သေးတယ်”ဟု ချူသံပါအောင် ညည်းသံကို ကြားရသောအခါ ရွှေမောင်တို့မှာ ကုန်သည်မျက်နှာကိုပင် မကြည့်ရဲတော့ပေတကား။

ဤလောကတွင် လူမှုရေးရာကို နားလည်ရန် အလွန်ခက်လေသည်။ လူမှုရေးရာကို အထက်တန်းကျပါသည်ဆိုသော လူ့အသိုက်အဝန်းကပင် မသိနားမလည်ကြသည်ကို ကြိမ်ဖန်များစွာ ကြုံတွေ့ရပါလိမ့်မည်။ တချို့ကို ဥပမာပြရလျှင် ချေးထားသောပိုက်ဆံကိုကတိအတိုင်းအချိန်မှန်ပြန်မပေးခြင်း၊ ငှားယူသွားသောသူ့ပစ္စည်းကို အပျက်ကြီး လာပေးခြင်း အစရှိသောကိစ္စများမှာ အသေးအနုပ်ကိစ္စဟု ထင်ဖွယ်ရှိသော်လည်း တစ်ဖက်သား၏အထင်အမြင်သေးခြင်း၊ ငြူစူခြင်းကို ခံရခြင်းများဖြစ်တတ်ပေသည်။

တချို့တလေ မင်းကတော်ကြီးများဟုအခေါ်ခံနေကြသူများကိုတွေ့ဖူးလေသည်။ သူတို့တွင် သားသမီးကမရှိ။ ရှိသည့်တိုင် သူတို့တွင် အိမ်စေများနှင့် ဖြစ်ရာ အလွန်လွတ်လပ်စွာ နေနိုင်ကြ၏။ ထိုမင်းကတော်ကြီးသည် လက်အောက်အရာရှိဇနီးများလက်တို့ခေါ်၍ ဟိုဟိုသည်သည် လမ်းသလားနေကြသည်။ သွားတိုင်းလက်အောက်အရာရှိဇနီးကိုခေါ်တတ်သည်။ လက်အောက်အရာရှိဇနီးတွင်သားသမီးတစ်ပြုံကြီးနှင့်အိမ်တွင် ကလေး ဘာဖြစ်နေသည်ကိုမသိ။ ဆယ်ကြိမ်သွားခဲ့ပြီးနောက် တစ်ကြိမ်မလိုက်နိုင်သောအခါ အလိုလိုရန်ငြိုးဖွဲ့လေတော့သည်။ လောကတွင် ဤကဲ့သို့မသိဆိုးဝါးနိုင်လှသော လူမှုရေးရာကိုမသိသောသူများ များစွာပင် ရှိနေကြ၏။ လူမှုရေးရာကိစ္စ သိကြသောသူများမှာ ပညာတတ်အခေါ် ခံတိုင်းလည်းမဟုတ်၊ ပညာတတ်ပြီး လူမှုရေးရာမတတ်သူများရှိကြ၏။ ထိုမှ တစ်ဖန် ငါလူကြီး၊ ငါလုပ်ချင်သလို လုပ်မယ်။ ငါ့ကိုကြောက်ရမယ်ဟူသော လူမှုရေးရာမသိသောကိစ္စမှာ အဆိုးဆုံးဟု ခေါ်ရမည်ဖြစ်လေသည်။

တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံကြရာ၌ ယောကျ်ားကောင်း၍ မိန်းမမကောင်းသူ၊ မိန်းမက ရည်မွန်၍ယောကျ်ားက ဘုကျကျခွစာ၊ ဘယ်လိုလုပ်၍မှ ပေါင်းသင်းဆက်ဆံ၍မရသော အိမ်ထောင်စုများ ရှိတတ်ကြပြန်သည်။ အဆိုးဆုံးမှာ မိန်းမလုပ်သူက ဘာမသိ၊ ညာမသိ ယောကျ်ားအလုပ်တွင် ဝင်၍ဩဇာအာဏာပေးခြင်းမှာ အတော်ကြီးကို ဆိုးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးရွှေမောင်နှင့်ထောင်ပိုင်ကြီးတို့၏ခင်မင်မှုကြားတွင်ပျက်စီးစေမည့်အကြောင်းက အလိုလိုနေရင်းဖြစ်လာပြန်သည်။

ထောင်ဆိုသည်မှာ မိတစ်ရာသားနှင့် အလုပ်လုပ်ရလေရာ အထူးသဖြင့် အရာထမ်း အမှုထမ်းများကို တိုက်ရိုက်အုပ်ချုပ်ရေးနှင့် ပြောရဆိုရသူမှာ ထောင်မှူးကြီးဦးရွှေမောင်ပင်ဖြစ်သည်။ အလုပ်မကောင်းသူကို ခပ်မာမာပြောရသည်။ မမှတ်သေးလင် စာရွက်ပေရွက်နှင့် အရေးယူရသည်။ တစ်နေ့တွင် ထောင်ကြပ်လူလည်တစ်ဦးကို ဦးရွှေမောင် မတတ်နိုင်တော့၍ စပ်စပ်ကလေး လုပ်လိုက်သည်။ ထိုဝါဒါသည် ထောင်ပိုင်ကြီး ကတော်ထံ ချဉ်းကပ်လေသည်။

သူတို့ ဘာပြောကြမှန်းမသိ။ အဖြေကား တစ်နေ့တွင် ထောင်ပိုင်သည် အကျဉ်းသားလူလည်များကို တိုးတိုးခေါ်မေးသည်ဟု ကြားရသည်။ မေးသည့်အကြောင်းမှာ အထူးမဟုတ်၊ ဤထောင်တွင် တစ်ထောင်လုံးကို ဦးရွှေမောင်အုပ် စားနေသည်ဟု အယူရှိပြီး သတင်းယူသည်ဟု သိရလေသည်။

ထိုမှုမက ထောင်ကြပ်လူလည်၏ အစီရင်ခံချက်အရ မည်သူသည် ထောင်မှူးကြီးအချစ်တော်ဟု ပြောထားပြန်ရာ ထိုသူများကို ထောင်ပိုင်ကြီးက မထိတထိနှင့် "မင်း လားကွ၊ ထောင်မှူးကြီး တပည့်"ဟု အရည်မရ၊ အဖတ်မရ မေးလာပြန်လေသည်။

ဦးရွှေမောင်နှင့် ထောင်ပိုင်ကြီးတို့ အတော်ပျော်ရွှင်စွာ လပေါင်းအတော်ကြာလုပ်လာခဲ့ပြီးမှ ဦးရွှေမောင် အုတ်ရိုးကို ဖွဲရောင်းနေသလား၊ ပါတီထောင်နေသလား ဆိုသည်ကိုမသိသည်ကပင် ကိုယ့်ဆရာညံ့လှပေသည်ဟု ပြောရန်မှအပ ဘာမှမဖြင်ပေ။ တကယ်ဆိုလျှင် ပွင့်ပွင့်လင်းလင်းနှင့် လုပ်သင့်ပေသည်။

ထောင်တစ်ထောင်တွင် ထောင်မှူးကြီးသည် အမုန်းအခံရဆုံးသော ပုဂ္ဂိုလ်ဖြစ်လေသည်။ သူ့ကို ထောင်ပိုင်ကြီးများက အလိမ္မာနှင့် နိုင်းစားနိုင်သည်။ ဤအကြောင်းကို သိပါလျက် ချစ်လျှင် အကျိုး၊ မုန်းလျှင် အပြစ်လုပ်လာသည်မှာ အံ့ဖွယ်ပင်ဖြစ်သည်။

တစ်စတစ်စနှင့် ဦးရွှေမောင်က အလုပ်နှင့်ပတ်သက်၍ အကျဉ်းသားတစ်ဦး လစ်စားတစ်ဦးကို ဤနေရာတွင် ချထားလျှင် ထောင်ပိုင်က ချက်ချင်းပြောင်းဟု လုပ်ပစ်

www.burmeseclassic.com

www.burmeseclassic.com

လေသည်၊ သို့နှင့် ဦးရွှေမောင်မှာ အလုပ်ဟူသမျှကို အသေးအမွှားကအစ သူ့ဆီသာ ထိုးပေးလိုက်သည်၊ ဘာကြောင့် ဤသို့ အဆင်မပြေဖြစ်လာသည်ကို ရွှေမောင် ဘတော့ မသိ၊ သို့ရာတွင် သူတို့အကြောင်းနှင့် သူတို့ ရှိပေလိမ့်မည်။ ခင်မင်သော သူအချင်းချင်း ဖာတ်ကွဲခြင်းမှာ ဖဆပလ ကွဲသည်ထက် ဆိုးတတ်၍ ရွှေမောင် ဘာမှ မပြောတော့ပေ။

မပြောလွန်းမက မပြောဘဲ နေပြန်လျှင်လည်း လူတို့၏သဘောသည် ခက်လှပေသည်၊ ငါ့ကို သူ ကြောက်တာပဲ၊ လုပ်ရင် ငါ ဆော်ထည့်လိုက်လို့ ခွေးပြေး ဝက်ပြေး ပြေးရလိမ့်မယ်ဟုထင်ကာ ဖုတ်လေသည့်ငါးပိ ရှိမှန်းမသိ လုပ်ကြပြန်လေသည်။

"ထောင်ပိုင်နှင့် ထောင်မှူးကြီး အရင်လိုမဟုတ်ဘူးဟော့" ဟု လူငယ်များ အကဲခတ်မိသောအခါ ယခင်က ချစ်ပါသည်၊ ခင်ပါသည်ဆိုသော သူတို့သည် ရွှေမောင်ထံမှ ဖယ်ခွာကြလေသည်။ ဖယ်ခွာရုံက ကိစ္စမရှိ၊ ကိစ္စရှိသည်မှာ ထောင်ပိုင်နှင့် သူ့ဂုဏ်တော်အားရဝမ်းသာဖြစ်အောင် ရွှေမောင်၏အကြောင်း၊ ရွှေမောင်၏ မိန်းမအကြောင်း၊ တစ်နေ့တစ်မျိုး သွားပြောနေသည်ဟု သိရလေရာ ဦးရွှေမောင်မှာ ခင်မင်သော သူတစ်ဦးနှင့်မှ ကွဲအောင်လုပ်ကြသည်ကို အထူးစိတ်မကောင်းဖြစ်ရ၏။

ခက်သည်မှာ ဖြေရှင်းရအောင်ကလည်း ဘာကနေနေ ဖြေရှင်းရမှန်းမသိသည်က ခက်လှပေသည်။

တစ်နေ့တွင် ဦးရွှေမောင်၏ရုံးအလုပ်နှင့် နိုင်းနေသော ဝါဒါတစ်ဦး ခွင့်ယူသွား၏၊ ထိုသူ ပြန်ရန်နီးသောအခါ ဦးရွှေမောင်က ခွင့်ရက်တိုနှင့် တစ်နေရာသို့ ထွက်သွားလေသည်။ မသွားမီ သက်ဆိုင်သော လက်အောက်အရာရှိတစ်ဦးအား ဒီဝါဒါပြန်လာလျှင် ယခင် သူ့နေရာတွင် ချထားလိုက်ပါဟု မှာသွား၏။

ဦးရွှေမောင် ပြန်ပြီးအလုပ်ဝင်သောအခါ လူသစ်တစ်ဦးကို တွေ့ရလေသည်။ သို့ရာတွင် ဦးရွှေမောင် ဘာမျှမပြောပေ၊ တဖြည်းဖြည်းမှ မှာခဲ့သူအား မေးကြည့်မိသည်၊

"ဟာ – ဆရာ – ဆရာမှာခဲ့တာ ဟုတ်တယ်၊ ဒါပေမဲ့ – ထောင်ပိုင်က ဒီလူကို ဦးရွှေမောင်နှင့် မထားနဲ့၊ ပြောင်းပစ်လို့ပြောတယ် ဆရာ၊ သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ" ဟု ပြောသံကြားရလေရာ ရွှေမောင် ဘာပြောစရာရှိပါသနည်း။

⍟



www.burmeseclassic.com

www.burmeseclassic.com

ထောင်ဥပဒေအရကြက်၊ဘဲ၊နွားမွေးမြူလိုလျှင်လက်အောက်အရာရှိများသည် ထောင်ပိုင် ထောင်တာဝန်ခံများထံ ခွင့်တောင်းရလေသည်။ ကလေး သားသမီးများ သူကို သင့်လျော်သလို ခွင့်ပြု၏။ သို့ရာတွင် ထောင်ဥယျာဉ်ကို မဖျက်ရ၊ အချင်းချင်း ဤကိစ္စနှင့် ရန်မဖြစ်ရဟု ချွင်းချက်ဖြင့် ခွင့်ပြုလေ့ရှိသည်။

ဦးရွှေမောင် ဤထောင်ရောက်စက ကြက်ဘဲကိစ္စနှင့်ပတ်သက်၍ အချင်းချင်း မိန်းမများ သတ်ကြ၊ ယောကျ်ားချင်း သတ်ကြနှင့် ကြုံလေ၍ အားလုံးကို ဘာမှမမွေးရ ဟု ယခင်ထောင်ပိုင်က အမိန့်ထုတ်လိုက်မှ အေးသွားလေသည်။

သို့ရာတွင် ဤထောင်ပိုင်ရောက်ပြီး ဦးရွှေမောင်တစ်မျိုး ဖြစ်နေကြသည်ဟု ထင်နေကြသောအချိန်တွင် ကြက်ဘဲ မွေးကြလေတော့သည်။ ထောင်ပိုင်မပြောနှင့် ဦးရွှေမောင်ကလည်း ဘာမှမပြောပေ။ မွေးသောသူများမှာ အခြေအနေအရ ထောင်ပိုင်၏လူများ ဖြစ်ကြသည်။ ရွှေမောင်က ကြောက်ပြီး မပြောသည်တော့ မဟုတ်။ ရန်မဖြစ်ကြသေး၍ ကြည့်နေခြင်းသာဖြစ်သည်။ ပြောလျှင်လည်း သာ၍ အထင်လွဲမည် မဟုတ်ပါလား။

တစ်နေ့တွင် နံနက်စောစောစီးစီး ဘဲအကောင် နှစ်ဆယ်ခန့်သည် ဦးရွှေမောင်၏ အိမ်အောက် ဝင်အော်လေ၍ ကလေးနေမကောင်းသဖြင့် တစ်ညလုံး မအိပ်ရသော ရွှေမောင်သည် မေးမည်ကြံခါရှိသေး၊ ဘဲအော်၍ မအိပ်ရတော့ပေ။

ဘဲရှင်ကို အနီးအနား ထမေးရလေတော့သည်။ ဘဲရှင်မှာ ဦးရွှေမောင်ရုံးစခန်းမှ ထောင်ပိုင်ပြောင်းဝင်သည့် ထောင်ဝါဒါဖြစ်သည်။ သို့နှင့် ဦးရွှေမောင်သည် ထိုသူအား ခေါ်ပြောရတော့သည်။

“မင်းဘဲကွာ - ငါ့ခြံထဲက သစ်ပင်တွေလည်း ကုန်ပြီ။ အော်တာကလည်း နေ့ အော်၊ ညအော်နဲ့ အတော်ခက်နေပြီကွ။ ငါ့မယ် - ကလေးနှစ်ယောက်တောင် ဆရာဝန် ခေါ်ထားရတာ မင်းသိသားပဲ။ ကလေး မအိပ်ရ၊ လူကြီး မအိပ်ရ၊ ကိုယ့် ပစ္စည်းကိုယ် ထိန်းဦးမှပေါ့”

ထောင်ဝါဒါသည် ဘာမှမပြောဘဲ ထွက်သွားလေသည်။ ဘဲမှာ ထိန်းသိမ်းခြင်း မရှိ၊ ရွှေမောင်တို့ခြံထဲ ရောက်မြဲအော်မြဲပင်ဖြစ်သည်။ သို့နှင့် ထိုသူအား ခေါ်ပြောရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟေး - သိပ်အော်တဲ့ဘဲကို ရောင်းပစ်လိုက်ပါလားကွ"

ထိုဝါဒါသည် ဘာမှမပြောဘဲ ထွက် သွားပြန်သည်။

ဤဝါဒါသည်ယခင်ကရွှေမောင်ထံလုပ်နေ၍ရွှေမောင်၏လူဟုခေါ်ကြ၏။ ဦးရွှေမောင်ကလည်းသဘောတူပါသည်။ သို့ရာတွင်သူများထက်ထူးပြီးဘာအခွင့်အရေးမှ မပေးခဲ့ပေ။ ဦးရွှေမောင် ပေးသော အခွင့်အရေးတော့ ရှိသည်။ ထိုအခွင့်အရေးမှာ ဦးရွှေမောင်သည် တိတ်တိတ်ကလေး အင်္ကျီ၊ လုံချည်၊ ဖိနပ်၊ ကလေးအနီးကစ၍ အတတ်နိုင်ဆုံး ပေးခဲ့သည်။ နေ့တိုင်း ဟင်းတစ်ခွက် ခေါ်ပေးသည်။ ဦးရွှေမောင် ကလည်း ခိုင်းစရာရှိ အချိန်မရွေး ခေါ်ခိုင်း၏။ ရုပ်ရှင်သွားလျှင်လည်း ခေါ်သွားလေ သည်။

အိမ်သားတစ်ဦးပမာ သူသည် ကလေးများကိုလည်း ခင်မင်နေ၏။ ဤကဲ့သို့ ကြာမြင့်စွာခင်မင်ကြသူနှစ်ဦးက ဘာဖြစ်လာမှန်းမသိ၊ ထောင်ပိုင်က ခွဲထုတ်လိုက်၏။ ထောင်ပိုင်ကတော်ထံ သူတို့လင်မယား ညစဉ်သွား၍ စားကြရသည်ကို မျက်စိနှင့် မြင်နေရလေသည်။

တစ်နေ့တွင်ထောင်ပိုင်ကြီးသည်ဒေါ်ဖောင်းကာမမျှော်လင့်ဘဲဦးရွှေမောင်အား ခေါ်မေးတော့သည်။

"ခင်ဗျားက ဟိုအကောင်ကို အတင်း ဘဲရောင်းခိုင်းတယ်ဆို"

"ခင်ဗျား - ဘယ်အကောင်လဲ"

"ခင်ဗျားအိမ်နားက အကောင်"

ထောင်ပိုင်က ထန်ထန်ကလေး ပြောလေသည်။

"အော် - သိပြီ ခင်ဗျ။ မနေ့က ဒီအကောင်ကို ကျွန်တော်က အော်တတ်တဲ့ဘဲ ရောင်းပစ်ပါလားကွာလို့ ပြောလိုက်တယ်။ ကျွန်တော့်အိမ်မယ် ကလေးမမာဘူး။ ဒါ ပြောလိုက်တယ်။ နေပါဦး ခင်ဗျ၊ အဲဒီကိစ္စ ကျွန်တော့်ကို ဘာလုပ်မေးသလဲ။ ဘယ် က လာပြောသလဲ"

"လက်အောက်ငယ်သားတွေကို အတင်းမလုပ်ပါနဲ့ဗျ"

ရွှေမောင်သည် ထုံးစံအတိုင်း ထောင်းခနဲ ဒေါသပွချေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်က လူငယ်တွေကို အခမ္ပလုပ်တာ ထားပါဦး၊ ထောင်ပိုင်ကြီး အိမ်က ချေးကာ၊ သေးကာ၊ အတိုင်အတောတွေ လက်မခံစမ်းပါနဲ့၊ ဆန်စဉ်ရာ ကျည် ပွေ့လိုက် လုပ်နေရင် တစ်နေ့ ဒုက္ခတွေ့ပါလိမ့်မယ်"

"ကျုပ်ကို ခင်ဗျားက ဒီလောက်တောင် အထင်သေးသလား"

"နို့ - ဒီအကောင်ကို ကျွန်တော်က အော်တဲ့ဘဲကို ရောင်းလိုက်ပါလားလို့ ပြောမိ တာနဲ့ ကျွန်တော်က ရာဇဝတ်မှု သင့်ရောလား၊ ဒီမယ် - ကျွန်တော် ပြောမယ်၊ ပြော လက်စတော့ မထူးဘူးဗျာ၊ နောက်တော့ ခင်ဗျား လုပ်ချင်တာလုပ်၊ ဒီအကောင်ကို ကျွန်တော့်ရုံးက တစ်နေရာကို ချထားလိုက်တာက ဘာကိစ္စ၊ ကျွန်တော် ထောင်မှူး ကြီးပါ၊ ဒီအကောင် ကျွန်တော့်ဆီလုပ်ရတာ မလုပ်ချင်ပါဘူးလို့ တစ်ခါမှမပြောဘူး၊ တကယ်လို့ ကျွန်တော့်ဆီမှာ မလုပ်ချင်တယ်ထား၊ ထောင်ပိုင်ကြီးက လူကြီးပဲ၊ ကျွန် တော့်ကို ခေါ်မေးရမယ်၊ သူ့အပေါ်ကျွန်တော် ဘာမတရားလုပ်ဖူးသလဲ ခေါ်စစ်ရမယ်၊ ကျွန်တော် ခွင့်မသွားခင် သူနဲ့ တွေ့ပြီးသား၊ ဘာမှမပြောဘူး၊ တကယ်ဆိုသူဟာ ကျွန် တော့်ကို မလုပ်ချင်ပါဘူးရယ်လို့ပြောရင် ကျွန်တော် ဒီထောင်ကိုလာတာ သူ့ကို အားကိုးလို့လာတာမှမဟုတ်ပဲ၊ ထောင်ပိုင်ကြီး ခေါ်မေးပါဦး၊ ကျွန်တော်ဟာ ခင်ဗျား မိန်းမ ရွှေကြိုးဆွဲရအောင် လုပ်ပေးတဲ့လူပါ၊ ဘာလဲ - ကျွန်တော့်မှာ ရှိတဲ့ဉစ္စာအားလုံး ခိုးထားတဲ့ပစ္စည်းလို့ထင်သလား၊ ကျွန်တော်က ဘွင်းဘွင်းပဲ၊ မှားရင် ခြေထောက်ကိုင် ရှိခိုးမယ်ဗျာ၊ မမှားရင် ကျွန်တော်က ဒီလိုပဲပြောမှာပဲ"

ထောင်ပိုင်ကြီးသည် အထူးဒေါ်ပွသွားလေသည်၊ သူသည် ချက်ချင်း သူ့လူ လုပ် အားသော ရွှေမောင်၏ တပည့်ပေါင်းကို ခေါ်နိုင်းပြီး မေးလေရာ ဟိုအကောင် ဘာမှ မပြောတော့ပေ၊

သူ့လူမပြောသကဲ့သို့ သူလည်း ရွှေမောင်အား မပြောတော့၊ ပြောသူမှာ ရွှေမောင် သာ ဖြစ်လေသည်၊

"ကဲ - ဟိုတုန်းကတော့ ဘဲရောင်းဖို့ မပြောခဲ့ပါဘူး၊ အခုမှပဲ ပြောရတော့မယ်၊ ဒီဘဲကို ထောင်ပိုင်ကြီးပဲ ရောင်းနိုင်းပါ၊ ဒါ ထောင်ဥပဒေအရ ပြောတာပဲ၊ မရောင်းနိုင်း ရင် ကျွန်တော် ဆိုင်ရာကို သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကွဲရန် အချိန်ယူနေခဲ့သော ဗုံးကြီးသည် ယနေ့မှ ပေါက်ကွဲလေတော့သည်။ ဒေါ်သဗုံးအိုးသည် လူတိုင်းတွင် ရှိကြသည်။ ပေါက်ကွဲရန် စနက်တံကိုတပ်ပေးသူရှိက ပေါက်ကွဲစမြဲပင် ဖြစ်သည်။

မိန်းမဖြစ်သူ၏ မနာလိုဝန်တိုမှုက စပြီး သူ၏ အကျိုးကို လိုလားသူ ခင်မင်သူတစ်ဦးအပေါ် တစ်စတစ်စ စိတ်ပြောင်းပြီး ရန်သူလို လုပ်လာသောသူကို ရွှေမောင်က မားမားကြီး ရပ်ခံလေသောအခါ ဘာမှမပြောတော့ပေ။

"ခင်ဗျား ရှင်းလိုက်တာ ကောင်းပါတယ်။ ကျုပ်က ခင်ဗျားကို ရန်ရှာနေတာ မဟုတ်ပါဘူး"

"ဟုတ်ကဲ့ - ထားပါလေ။ ကျွန်တော်လည်း လူကောင်းမဟုတ်ပါဘူးလို့ ပြောပြီးသားပဲ။ သူများမဟုတ်တာလုပ်ရင် ကျွန်တော် ငုံ့ခံနေမယ့်အစားထဲက မဟုတ်ပါဘူး"

ခင်မင်သူအချင်းချင်း စိတ်ဝမ်းကွဲရပေပြီ။ လူဟူသမျှသည် ကိုယ့်မိန်းမကို ချစ်ကြသည်။ မိန်းမပြောသမျှ လင်များက ယုံကြည်ကြသည်သာဖြစ်သည်။ ပြောဖန်များ မိန်းမစကားအောင်သည်ဟု ဆိုရိုးရှိကြသည်။ အထူးသဖြင့် မိန်းမအချင်းချင်း စီးပွားပြိုင် ဂုဏ်ပြိုင်ကြသောအခါ ခင်မင်သောယောကျ်ားများ အချင်းချင်း အထင်လွဲမှုဖြစ်ပေါ်တတ်လေသည်။

နောက်နေ့ နောက်နေ့များတွင် နှစ်ဦးစလုံး စကားတော့ ပြောကြသည်။ ဟတ်ဟတ်ပက်ပက် မရှိကြတော့ချေ။

သို့ရာတွင် ကုသိုလ်ကံ ကောင်းကြပေသည်။ ထောင်ပိုင်ကြီး မကြာမီ ပြောင်းရွှေ့သွားရလေသည်။

ထောင်ပိုင်ကြီး ပြောင်းအသွားတွင် ရွှေမောင်က ရောက်တုန်းကလို ထမင်းကျွေးရန် စိတ်မကူး။ အမှန်မှာ လူအလိမ္မာ အမျက်အပြင်မထွက်ဆိုသောသဘောကို ရွှေမောင် လူမိုက် သဘောမပိုက်တတ်ပေ။ ရွှေမောင်က သဘောပိုက်သည်မှာ ဤလုသည် ယခင်က လူကောင်း၊ ယခု သူ့တွင် ယခင်ကစိတ် မရှိတော့၊ နောင်တွင်လည်း ဤသဘော ရှိကောင်းရှိပေမည်။ ရွှေမောင်က ဤသို့ စိတ်ကူးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ငယ်စဉ်က စတုတ္ထတန်း မြန်မာ ဖတ်စာတွင် ဖတ်ဖူးခဲ့သည်။ ဘုန်းတော်ကြီး တစ်ပါးသည် သားရေကုန်သည်နှင့် စပါးကုန်သည်တို့အား စပါးဝယ်အသွားတွင် စပါးကုန်သည်ကို နေရာကောင်းပေးပြီး အပြန်တွင် သားရေကုန်သည်ကို နေရာကောင်း ပေးပြန်သည်။ ဘုန်းကြီး၏စိတ်တွင် ကုန်ဝယ်သွားစဉ်က စပါးကုန်သည်က ထိုအရပ်တွင် စပါးပေါပါစေဟု ဆုတောင်းမည်၊ သားရေကုန်သည်က ကျွဲနွားများများသေမှ ဈေးပေါ ပေါရမည်ဟု စိတ်ကူးမည်၊ အပြန်တွင် စပါးကုန်သည်က ရောင်းမည့်အရပ် စပါး ရှားပါစေဟု ဆုတောင်းမည်၊ သားရေကုန်သည်က ကျွဲနွား မသေပါစေနဲ့၊ ဒါမှ ဈေးကောင်းနှင့် သူဝယ်လာသည့် သားရေရောင်းရမည်ဟူ၍ စိတ်ကူးကြလိမ့်မည်ဟု ဘုန်းကြီးက ယူဆသည်ဆို၏။

ထို့အတူ ပထမထောင်ပိုင်အား လူဆိုးထင်ပြီး ရွှေမောင်က ထမင်းမကျွေးဘဲ သူ စိတ်ကောင်းဝင်ပြီး ပင်စင်သွားမှ ကျကျနန ထမင်းကျွေးခဲ့လေသည်။

နောက်ထောင်ပိုင်ကို ယခင် ခင်မင်မှုနှင့် ရောက်လျှင်ရောက်ချင်း ထမင်းကျကျ နန ကျွေးခဲ့သည်။ သွားခါနီးတွင် ကျွေးရန် စိတ်မကူးတော့ပေ။ သူသည် ဟိုရောက် လျှင်လည်း ဒီလိုပင် ရှိလေမည်ဟု စိတ်ကူးလိုက်လေသည်။

ရွှေမောင်သည် လူ့သဘာဝ၊ ဟိုလူမကောင်း၊ ဒီလူမကောင်းနှင့် ကောင်းကောင်း ကြီး ပြောတတ်သူဖြစ်သည်။ သို့ရာတွင် သူကိုယ်တိုင် ကောင်းသလား၊ ဆိုးသလား ဆိုသည်ကို သူမပြောတတ်သည်မှာ လူ့သဘာဝပေတကား။

⇒ မြောင်းမြမောင်ကို

**ဖောဖောယာင်ပျောက်ဆေးနည်း**

- ဥသျှစ်ရွက် သတ္တုရည်ကို သောက်၍ လူးလည်း လူးပေးပါ။
- ခရာရွက်နုနုကလေးများကို ရေနွေးဖျော၍ သုပ်စားပါ။
- ကြောင်ပန်းရွက်သတ္တုရည်နှင့် သက်ရင်းကြီးမြစ်ကို သွေးသောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ရေလုပ်သားဖြစ်ပြီး ရေသတ္တဝါငါးကို ဖောဖောသီသီမစားရရှာလေသည့် ရေလုပ်သားတို့ဘဝကို ရင်နင့်စွာ ဖတ်ရှုရမည်

ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်ကတည်းက အဘဉာဏ် အိပ်ရာမှ နိုးနေသည်။ အသက်ကြီးလာတော့ အအိပ်အနေ နည်းလာ၏။ ရေနွေးအိုးတစ်လုံး ထ၍တည်ပြီး တစ်ကျိုက်ချင်း သောက်ကာ အရက်ဦးကိုကြိုနေသည်၊ မြေးကလေးများဖြစ်သော "ကြွက်နီ" နှင့် "ပုတူးမ" တို့မှာမူ ငယ်ရွယ်သူများမို့ အိပ်ကောင်းတုန်း။

သကြြန်နီးပြီမို့ အလှူအတန်းများက ပေါလှ၏။ ထုံးဘိုရွာဘက်ဆီက အသံချဲ့စက်မှ သီချင်းသံကို အတိုင်းသားကြားရသည်၊ စောစောစီးစီး ထဖွင့်သော အသံချဲ့စက်ဆရာ၏ဝီရိယကို အဘဉာဏ်က ချီးကျူးမိ၏။

အော် - အလှူအတန်းရှိတော့ ဖွင့်ရပေမပေါ့။ ဒါမှ အလှူ့ဒကာ စေတနာတွေ ဖြိုးဖြိုးဝေမည်ကိုး။ အဘဉာဏ်တို့လည်း ယခုတစ်လော ဝီရိယပိုရသည်၊ အလှူအတန်းရှိတော့ သားငါးဈေးကောင်းသည်။ အထူးသဖြင့် ငါးကြင်း၊ ငါးသိုင်း။ ယခုလည်း ငါးကြင်းမျှားရန် "တိုင်ထောင်" သို့ စောစောသွားရမည်။ "တိုင်ထောင်" ဆိုသည်မှာ ငါးကြင်းမျှားသော ကိရိယာဖြစ်သည်။

အိမ်နောက်ဖေး ဆေးရိုးပင်ကလေးဆီမှ သပိတ်လွယ်ငှက်ကလေး တစ်ကောင် ဆွဲဆွဲငင်ငင် တေးဆိုသံကို ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com

အိပ်တန်းမှဆင်းလာကြသောကြက်များ၏တွန်သံ၊ အော်မြည်သံများ၊ ထို့နောက် အဘညက်သည် မြေးမကလေး ပူတူးမကို လှမ်းခေါ်လိုက်ပြန်၏။

"ပူတူးမ - ထမင်းတစ်လုံးပဲ ချက်ထားနှင့်၊ နေ့ခင်းမှကြွက်နီ ဟင်းစားယူလာလိမ့်မယ်"

"ချက်ပြီး ကျွန်မ ထမင်းလာပို့ရမလား - အဘ"

ပူတူးမက သူ့အဘအား ပြန်မေးလိုက်၏။

"အေး - နင်လာပို့ရင်ကြွက်နီကိုအိမ်စောင့်ထားခဲ့ပေါ့။ လာ - ကြွက်နီ - နေတောင် အတော်ကလေး မြင့်လာပြီ"

အဘညက်တို့ဇလွန်ဘက်တန်းရွာသည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ဆတကာကြီးနှင့်အဖျောက်အကြားတွင်ရှိ၏။ ဇလွန်ဘက်တန်းရွာ၏အရှေ့ဘက်မျက်စိတစ်ဆုံး လယ်ကွင်းပြင်ကြီးအလယ်တွင် လယ်ပေါ်ကျောင်း သို့မဟုတ် မိတ္ထီလာကျောင်းဟု နစ်မည်ရ၊ ကျောင်းကြီး၏ အမိုးချွန်းချွန်းသည် တောအုပ်ညို့စိမ်းစိမ်းအလယ်မှ မိုးသို့ ထိုးထွက်နေသည်။

ပြာသောကောင်းကင်တွင် နေလုံးနီနီက တောအုပ်အထက်သို့ တစ်ဝက် တစ်ပျက် စွန်းထွက်နေ၏။

အဘညက်၏လက်တစ်ဖက်တွင် လှော်တက်တစ်ချောင်း၊ အခြားတစ်ဖက်တွင် မြေလက်ဖက်ရည်ကရားတစ်လုံးနှင့် ပန်းကန်လုံးတို့ကို ဆွဲကိုင်ပြီး ရှေ့မှ ငိုက်စိုက် ငိုက်စိုက်ဖြင့် ကမ်းပါးသို့ တရွေ့ရွေ့ ဆင်းနေသည်။ အဘညက်၏ ခေါင်းပေါ်တွင် ညစ်နွမ်းနေပြီဖြစ်သော မွေးပွဝန်းမော်တဘက်တစ်ထည်ကို ပေါင်းထား၏။

အဘညက်၏နောက်မှ ကြွက်နီက ဖွဲနများနှင့် ငါးကြင်းမျှားရမည့် စာများ၊ ကြိုးများ ထည့်ထားသောတောင်းကိုထမ်းပြီး လက်တစ်ဖက်တွင် ငါးမျှားတံတစ်ချောင်းတို ကိုင်ပြီးလိုက်လာ၏။

လှေပေါ်သို့ ရောက်လျှင်ပင် အဘညက်ကို မြေးအဖိုးနစ်ယောက် "တိုင်ထောင်"ရှိရာ ဆတကာကြီးသချိုင်းကုန်းအနီးမှ အဘညက် တိုင်ထောင်လျှင် ခိုနားရန် ဆောက်ထားသော ယာယီတဲဆီသို့ ဧရာဝတီမြစ်ရိုးအတိုင်း စုန်၍ သော့သော့ကလေး လှေကို လှော်ခတ်သွားကြသည်။

☆

www.burmeseclassic.com

www.burmeseclassic.com

ငါးများမှာ အများအားဖြင့် အကြေးခွံမရှိသော ငါးများက အစာကို ဟပ်ရှာစားလေ့ ရှိသည်။ ဥပမာ ငါးမြွေရင်း၊ ငါးထွေ၊ ငါးတန်၊ ငါးဘတ် စသော အကြေးခွံမရှိသည့်ငါးများသည် အစာကို အသင်းမရ ဟပ်ရှာစားလေ့ရှိသည်။ ထို့ကြောင့် ၎င်းငါးများကို များလျှင် ငါးများချိတ်တွင် အစာတပ်ရှ များကြသည်



"တိုင်ထောင်" ဆိုသည်မှာ ရေအနက်တစ်ဆယ့်ငါးတောင်မှ အတောင်သုံးဆယ် ခထိနက်သော ကမ်းပါးစောက်စောက်တွင် ဝါးတိုင်ဖြင့် ထောင်ဖမ်းရသော ငါးကြင်း မ်းကိရိယာ ဖြစ်၏။

ကိရိယာဆို၍လည်း ထူးထူးထွေထွေ မပါ။

ဤမျှသော ရေအနက်ကို မှီသည့် ဝါးယားအမျိုးအစား ဝါးရှည်ရှည်တစ်လုံး ပိုသည်၊ ရေအလွန်နက်ပါက ဝါးယားတစ်လုံးသာမက နှစ်လုံးဆက်ရ၏။ ထိုတိုင်ကို ရအောက်မြေတွင် နက်နက်စိုက်ထားပြီး ရေပေါ်၌ ပိုသော ဝါးတိုင်ကလေးက ထောင် တ်လျှက်ရှိ၏။ ထို့ကြောင့် "တိုင်ထောင်" ဟု တံငါများက ခေါ်ဝေါ်ဟန်ရှိသည်ထင်သည်။

ငါးဖမ်း "ဇော့" အဖြစ် ကသစ်သား၊ သို့မဟုတ် လက်ပံမြစ်ကဲ့သို့ အသားပွပွကို သုံး၏။ ထန်းသီးသာသာခန့်အလုံးရှိ အလယ်သိမ်(ကြိုးပတ်ရန်) ဇော့လုံးလုံးကြီး တစ်ခုပြုလုပ်ပြီး ၎င်းသစ်သားလုံးကို အိုးမည်းဖြင့် နက်နေအောင် သုတ်လိမ်းသည်။ ထိုမှသာ ငါးမိ၍ "ဇော့" က ရေပေါ်တွင် မျောနေလျှင် လှိုင်းလုံးအကြားတွင် ထင်းခနဲ မြင်ရမည် မဟုတ်ပါလော။

ထိုနောက် ဝါးခြမ်းကြားသေးသေးတစ်ခု ရက်ရ၏။ ထိုခြမ်း၏ တစ်ဖက်တစ်ချက် တွင်ထိပ်၌ ဓားဖြင့်အနည်းငယ်ခွဲထားသော ဝါးတံကလေးနှစ်ခုက ထိုးထွက်နေသည်။ ထိုဓားခွဲရာအတွင်းသို့ ကြိုးတပ်ထားသော ငါးမျှားချိတ်ကို မိရုံကလေးမျှ ညှပ်ထား သည်။



www.burmeseclassic.com

www.burmeseclassic.com

ငါးကြင်းဖမ်းရာတွင် မကြီးမသေး နံပါတ်(၄) သို့မဟုတ် နံပါတ်(၅)အရွယ်အစား ငါးမျှားချိတ်မျိုးကို သုံးသည်။ ခြင်းတစ်ခုတွင် အများအားဖြင့် ငါးမျှားချိတ်လေးခု ထားလေ့ရှိသည်။

တစ်ခုထူးဆန်းသည်က အခြားငါးများ မျှားသလို ငါးမျှားချိတ်တွင် အစာတပ်မထားပါ။

ဝါးခြင်းအတွင်းမှာတော့ အစာထားရသည်။ အစာက အခြားမဟုတ်၊ ရွှံ့စေးစေးကို ဖွဲနုနှင့် သမနေအောင် လုံး၍ထားသော ရွှံ့စေးလုံးကြီးမျှသာ။

ရေထဲတွင် ဖွဲနုနှင့် ရွှံ့စေးရောထား သော အစာခြင်း၏ ဘေးတစ်ပိုက်၌ ကြိုးတန်းလန်းနှင့် ငါးမျှားချိတ်ကလေးများက ညင်သာသော ရေစီးအရှိန်ဖြင့် တဝေ့ဝေ့ တယမ်းယမ်း ရှိနေသည်။

ငါးမျှားချိတ်များနှင့် တွဲ၍တပ်ဆင်ထားသော တံငါအခေါ် "အစီကြိုး" သည် တစ်ဆယ့်သုံးလ သို့မဟုတ် အတောင်ငါးဆယ်ကျော် ရှည်သည်။ ပိုသောကြိုးများကို တာသစ်သား သို့မဟုတ် လက်ပံမြစ်ဖော့တွင် ရစ်ပတ်ထား၏။

ထိုဖော့ကို ရေပေါ်တွင် ထိုးထွက်နေသော ဝါးတိုင်၌ "ဒယ်ပုတ်ရွက်" ခေါ် အရွက်ရှည်လျားလျားနှင့် တွဲချည်ထားသည်။

"ဒယ်ပုတ်ရွက်" သည် ကိုင်းရွက်ကဲ့သို့ ရှည်လျားလျား၊ သို့သော် ပျော့ပျောင်းသည်။ ချည်နှောင်၍ ကျိုးခြင်းပြတ်ခြင်းမရှိ၊ ကောင်းကောင်းတော့ မခိုင်၊ သို့မှသာ ငါးမိပါက ငါး၏ ရုန်းကန်မှုကြောင့် အလွယ်တကူ ပြတ်သွားပြီး ဖော့သည် ဝါးတိုင်မှ သီးခြားဖြစ်သွားကာ ရေထဲသို့ကျသွားမည့် ငါးကူးရာနောက်သို့ ဖော့လုံးက မျောပါလိုက်ရမည်။ ရစ်ပတ်ထားသော ကြိုးများကလည်း အလိုအလျောက် အရှည်ရှိသမျှ ပြေကျသွားပေလိမ့်မည်။

ဒီဖော့ကို ဆယ်ယူပြီး ငါးကြင်းကို ဖမ်းရ၏။

အစာခြင်းကိုတော့ သီးခြားကြိုးဖြင့်တွဲ၍ တိုင်တွင် ချည်ထားသည်။ အစာခြင်းကို ရေအောက်မြေကြီးမှ လက်လေးသစ်ခန့် ခွာ၍ထားရသည်။

ငါးကြင်းဆိုသော ငါးမျိုးမှာ ရေနက် နက် အောက်တွင် ကျက်စားသော အမျိုးဖြစ်၏။ အားသန်လှသော ငါးမျိုးလည်း ဖြစ်သည်။

ငါးများမှာ အများအားဖြင့် အကြေးခွံမရှိသောငါးများက အစာကိုဟပ်၍စားလေ့ရှိသည်။ ဥပမာ ငါးမြင်းရင်း၊ ငါးထွေ၊ ငါးတန်၊ ငါးဘတ် စသော အကြေးခွံ မရှိသည့်

www.burmeseclassic.com

ငါးများသည် အစာကို အငမ်းမရ ဟပ်၍စားလေ့ရှိသည်။ ထို့ကြောင့် ၎င်းငါးများကို မျှားလျှင် ငါးမျှားချိတ်တွင် အစာတပ်၍ မျှားကြသည်။

အကြေးခွံရှိသော ငါးများကား အစာကိုဟပ်၍ အငမ်းမရ စားလေ့မရှိ၊ အစာတွေ့လျှင် စုပ်၍ယူပြီးစားသည်။ တွေ့သမျှကို လည်း မစား၊ တဖြည်းဖြည်း သတိထားလေ့လာပြီးမှ စားတတ်ကြသည်။ ဥပမာ ငါးကြင်း၊ ငါးသိုင်း၊ ငါးမြစ် ချင်း၊ ငါးသလောက် စသော အကြေးခွံရှိသည့်ငါးများ။ ထို့ကြောင့် ၎င်းငါးများကို မျှား၍ ရခဲလှသည်။ ပိုက်အမျိုးမျိုးဖြင့်သာ ဖမ်းလေ့ရှိကြ သည်။

ထို့ကြောင့် ယခုလို ငါးကြင်းမျှားသောအခါ ငါးမျှားချိတ်တွင် အစာတပ်မထား။

ခြင်းကြားအတွင်းရှိ ရွှံ့လုံးမှ ဖွဲနုများသည် မြစ်ရေကြောင့် ရွှံ့မှာ တဖြည်းဖြည်း အရည်ပျော်ကာ ခြင်းအပြင်သို့ ဖွဲနုများ ထွက်နေသည်။ ထိုဖွဲနုကလေးများကို ငါးကြင်းက ဇော့ဝိုက်၍ စုပ်ယူစားသည်။ ဖွဲနုကို ခြင်းဘေးမှာ ဇော့ဝိုက်ကူးခတ်စားရင်း သူတို့၏ နှာခေါင်း၊ မျက်လုံး၊ ပါးစပ်၊ အောက်မေးတို့ကို ဘေးတစ်ဝိုက်တွင် ဝေ့ယမ်းနေသော ငါးမျှားချိတ်ကလေး များနှင့် သွားရောက်ချိတ်မိတော့၏။

တစ်ခါတစ်ရံ ငါးကြင်း၏ အကြေးခွံကလေးမျှနှင့်သာလျှင်လည်း ငါးမျှားချိတ်တွင် ချိတ်မိတတ်သေးသည်။ ယင်းသို့ မိလျှင် စိတ်မချ၊ ဆွဲတင်စဉ် လွတ်သွားတတ်သည်။

ငါးကြင်းများကို ရေဝတီမြစ်ရိုးတွင် "တိုင်ထောင်" မျှားလေ့ရှိသည်မှာ နတ်တော်လမှ စ၍ ကဆုန်လကုန်အထိ မျှားလေ့ရှိကြ၏။ ရေကြည်လျှင် ပို၍မိသည်။ မိုးတွင်းအခါ မျှား၍မကောင်း။ ရေကြည်မှ ငါးပိုမိသည်။

"တိုင်ထောင်" နှင့် ငါးကြင်းဖမ်းရာတွင် တစ်ခါတစ်ရံ ငါးကြင်းသာမက ငါးလေးထောင့်၊ ငါးနက်ပြာ စသော ငါးမျိုးကိုလည်း မိတတ်ကြသေးသည်။

⊛

အသာညက်တွင် "တိုင်ထောင်" ဆယ်တိုင်၊ ဤမြစ်ကွေ့၌ ပြုလုပ်၍ ထောင်ထားသည်။ တိုင်ထောင်က အကုန်အကျစရိတ် သိပ်မများ။

ဝါးယားတစ်လုံးကို ငါးကျပ်ခန့် ပေးရသည်။ ငါးမျှားတစ်ချောင်း နစ်ကျပ်ထက်မပို။ ကြိုးနှင့် ဝါးခြင်းကလေး ပါစုစုပေါင်းမှ ငွေနစ်ဆယ် မပြည့်တပြည့်သာ အရင်းစိုက်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com

အဲ - တစ်ခုတော့ရှိသည်။ ဖွဲနုအတွက် နေ့စဉ်ကုန်နေရသည်။ တိုင်ထောင်တစ်ခုတွင် တစ်နေ့လုံး ငါးမမိသော်လည်း တစ်နေ့ အနည်းဆုံး သုံးခါလောက်တော့ ဖွဲနုရွှံ့လုံးကို ခြင်းထဲသို့ ထည့်၍ ထည့်၍ ပေးရ၏။

ငါးမမိသေးဘဲ ဖွဲနုတွေ ဘယ်ရောက်ကုန်ပါလိမ့်။

ထိုဖွဲနုများကို ငါးကြင်းများသာမက ငါးသေးငါးမွှား၊ ငါးအရောင်သမား ကလေးများက လာရောက်၍ ဝိုင်းဝန်းစားသောက်ကြလေ့ရှိသည်။ သေးငယ်သော ငါးကလေးများကို ငါးမျှားချိတ်က မချိတ်နိုင်၊ အစာများသာ တရွေ့ရွေ့ကုန်သွားသည်။

သို့သော် ဖွဲနုက ဈေးမကြီးလှ။ တစ်တင်းကို လေးကျပ်လောက်ပေးလျှင် ရ၏။ "တိုင်ထောင်" ဆယ်လုံးကို တစ်နေ့လုံး မျှားလို့ ဖွဲနုတစ်ခွဲ မကုန်ပါ။

ငါးကြင်းတစ်ကောင်မိလျှင် ဖွဲနုငါးတင်းလောက်တော့ ကောင်းကောင်းဝယ်နိုင်သည်။ ယခုလို သကြံန်ကျခါနီး တပေါင်း၊ တန်ခူးတွင် ရောဝတီမြစ်ရေသည် ကြည်စိမ်းလျက်ရှိ၏။

လှိုင်းလေလည်း မထန်၊ မြစ်ပြင်တစ်ခုလုံး မြသင်ဖြူးကြီး ခင်းထားသကဲ့သို့ ရှိသည်၊ ငါးဖမ်းလို့ ကောင်းလှသော ရာသီ၊ ငါးဈေးကောင်းကောင်းရသော ရာသီ။

အဘညာဏ်သည် တိုင်ထောင်ထားသောနေရာ ကမ်းပါးစောင်းတွင် ယာယီတစ်ဖက်ရပ် တဲကလေးတစ်တဲ ထိုးထား၏။

အမိုးက ကိုင်းပင်ခြောက်များ၊ အခင်းက ကောက်ရိုး။

တဲပေါ်သို့ရောက်လျှင် အဘညာဏ်က ပါလာသော ရွှံ့စေးနှင့် ဖွဲနုများကို သမအောင် နယ်ပြီး အနေတော် အတောင့်လုံးကြီးဆယ်လုံးကို လုံးလိုက်သည်။

ရေနွေးကျိုရန် ပါလာသော မြေလက်ဖက်ရည်ကရားနှင့် ပန်းကန်လုံးတို့ကို တဲထောင့်တစ်နေရာတွင် ကြွက်နီက ထားလိုက်သည်။ သူ့တွင် ပါလာသော ငါးမျှားတံတို့တော့ လှေပေါ်မှာပင် ထားခဲ့သည်။

ရွှံ့လုံးများကိုကိုင်၍ လှေပေါ်သို့ မြေးအဘိုးနှစ်ယောက် ဆင်းလာကြ၏။ ရေပေါ်တွင် ထိုးထွက်နေသည့် ဝါးတိုင်ကလေးများမှာ ရေစီးအရှိန်ကြောင့် တလှုပ်လှုပ်နှင့် နုတ်ပုံးနေကြသည်။

ကြွက်နီက ဝါးတိုင်များအကြားသို့ လှေကိုလှော်ဝင်လိုက်၏။ အဘညာဏ်က လှေနုတ်ခမ်းပေါ် ခြေတင်၍ ခြေမဖြင့် ဝါးတိုင်ကို ညှပ်ထားလိုက်သည်။ ကြွက်နီက လှေကို ဒုံ့ထိန်းပေးထားသည်။ သို့မှသာ လှေက မရွေ့လျား။

www.burmeseclassic.com

www.burmeseclassic.com

ငါးများကြိုးနှင့် အစာထည့်ထားသော ခြင်းကြိုးကို ရေထဲသို့ ချလိုက်၏။

နှစ်လံ - သုံးလံ - လေးလံ။

ဝါးခြင်းသည် မြေအောက်သို့ ဒုတ် ဒုတ်ထိ ရောက်သွား၏။

အဘဉာဏ်က အောက်သို့ ချနေသောကြိုးကို ရပ်လိုက်၏။ ထို့နောက် ခြင်းကြိုးကို ဝါးတိုင်တွင် လက်တစ်ဝါးခန့် တိုင်းလိုက်ပြီး ကြိုးကို တစ်ဖန် မြှင့်တင်လိုက်ကာ ထိုကြိုးဖြင့်ပင် ဝါးတိုင်တွင် ခေါက်တုပ်မြဲမြဲ ချည်လိုက်၏။

သို့မှသာ အစာထည့်ထားသော ဝါးခြင်းကလေးသည် ရေနက်အောက်ဆုံးလွှာ မြေအထက် လက်လေးသစ်ခန့်အကွာတွင် တည်ရှိနေပေလိမ့်မည်။

ငါးများရှိတ် တပ်ထားသော အစီကြိုးဖြင့် တွဲနေသည့် ဖော့ကိုမူ ဝါးခြင်းကြိုးအထက်တွင် ဝါးတိုင်နှင့်ကပ်၍ သီးခြားဒယ်ပုတ်ရွက်နှင့် ချည်လိုက်သည်။

ထို့နောက် အခြားတိုင်သို့ လှော်ခတ်သွားကြသည်။

တစ်တိုင်ပြီးတစ်တိုင်၊ တစ်တိုင်ပြီး တစ်တိုင်။

တိုင်ထောင် ဆယ်ခုစလုံး အစာများ တပ်ဆင်ပြီးလျှင် ကြွက်နီက ကမ်းဘေးသို့ လှေကို လှော်ခတ်ကာ ကပ်ပေးလိုက် သည်။

အဘဉာဏ်သာ ကမ်းပေါ်သို့ဆင်း ကာ ယာယီတဲဆီသို့ သွားသည်။

ကြွက်နီကတော့ လှေပေါ်မှမဆင်း။

ကြွက်နီ အလုပ်ရှိသေးသည်။ ပါလာသောငါးများတွင် ငါးစာတပ်၍ တိုင်ထောင် တစ်ခုတွင် လှေဦးကြိုးဖြင့် ချည်ပြီး ငါးကလေးများကို မျှားနေသည်။

သူ၏ ငါးမျှားသုတ်တံမှာ သေးသွယ်၍ ရှည်လျားသော ဝါးကိုင်းဖျားတစ်ခုကို သီးသန့်ရွေးချယ်ကာ အသုံးပြုသည်။

မကြာလှ၊ ဖော့ကလေးမှာ ငါးဟပ်၍ တလှုပ်လှုပ်နေရာမှ ငြိမ့်ခနဲ အမြုပ်တွင် ကြွက်နီက တစ်ချက်တည်း သုတ်တင်လိုက်၏။

နေရောင်တွင် "ငါးလေးထောင့်" ငါးကလေးတစ်ကောင် တလက်လက် တောက်ပ၍ တဖျတ်ဖျတ်လူးကာ ပါလာသည်။

ကြွက်နီသည် ငါးများရှိတ်တွင် အစာသစ်တပ်၍ ရေထဲသို့ ချလိုက်ပြန်သည်။

မကြာလှ။

နောက်တစ်ခါ ငါးတန်ပေါက် ကလေးတစ်ကောင် တလူးလူး တလွန့်လွန့်နှင့် ပါလာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့လုပ်ငန်းက မဆိုးလှ။

ငါးကြင်းတိုင်ထောင်များကို ကြည့်ရင်း အပျင်းလည်း ပြေသည်။ ဟင်းစား ငါးကလေးများလည်း ရသည်။

နေလည်း အတော်မြင့်လေပြီ။ အုန်းပင်အဖျားသို့ ရောက်နေပြီ။ သံဃာတော်များပင် ဆွမ်းခံမှ ပြန်ကြပြီ။

ပုတူးမ မျှော်လှရော့မည်။

ယနေ့အတွက် တစ်ဟင်းစားတော့ ငါးကလေးမျိုးစုံ ရပါ၏။

ငါးကြင်းတော့ တစ်ကောင်မျှ မရသေး။

တစ်ခါတစ်ရံ သုံးလေးရက်ကြာသည့်တိုင် ငါးကြင်းတစ်ကောင်မျှ မရတတ်။ စိတ်တော့ ရှည်ရသည်။

ကြွက်နီသည် လှေကို ကမ်းသို့ ကပ်လိုက်၏။

"အဘ - ကျွန်တော် ပြန်မယ်။ ဟင်းချက်ပြီးမှ အဘဖို့ ပုတူးမကို ထမင်းပို့ခိုင်းလိုက်မယ်"

များ၍ရသော ငါးကလေးများကို ကြွက်နီသည် ကမ်းဘေးမှ အလေ့ကျ ပေါက်နေသော ကိုင်းရွက်ရှည်ရှည်တစ်ရွက်နှင့် တစ်ကောင်ပြီးတစ်ကောင် ပါးဟပ်မှ ပါးစပ်သို့ ထိုးဖောက်သီရင်း အဘဉာဏ်အား ပြောလိုက်သည်။

"အေး - အေး - ပုတူးမလာရင် လက်ဖက်ခြောက်ကလေးလည်း နည်းနည်းယူခဲ့ပါလို့ ပြောလိုက်ကွာ"

"အဘ - ကျွန်တော် ညနေတစ် ခေါက် ပြန်လာခဲ့ရဦးမလား"

"ကိစ္စမရှိပါဘူးကွာ။ ငါတစ်ယောက်ထဲပဲ ဖော့သိမ်းပြီး လှေလှော်ခဲ့ပါ့မယ်။ လှေဦးကိုတော့ ကုန်းပေါ် ဆွဲတင်ထား ဟေ့"

အဘဉာဏ်သည် စောစောကမှ ကျိုထားသော လက်ဖက်ရည်ကြမ်းပူပူကို သောက်ရင်း တိုင်ထောင်များဆီသို့ ဝေသီသောမျက်လုံးအစုံဖြင့် ကြည့်နေသည်။

နေအပူရှိန်သည် တဖြည်းဖြည်း ပူလာသည်နှင့်အမျှ ခပ်လှမ်းလှမ်းမှ သောင်ပြင်ဖွေးဖွေးတွင် တံလျှပ်များမှာ တဖျတ်ဖျတ်နှင့် ဖြစ်နေသည်။

သောင်စပ်ပေါ်တွင် ဟသ်ာပေါက် တစ်အုပ်မှာ တည်တည်ငြိမ်ငြိမ်နှင့် အုပ်လိုက်ကြီးနားသူနေကြသည်။ ငှက်ကြီးဒုံးစပ်တစ်ကောင်သာလျှင် ဟသ်ာငှက်အုပ်နှင့်ခပ်လှမ်းလှမ်းတွင် သူ၏ရှည်လျားလှသော ခြေနှစ်ချောင်းကိုရေစပ်တွင် ခြေလှမ်းကျဲကြီးဖြင့် တစ်လှမ်းချင်း လှမ်းပြီးငါးပေါက်ကလေးများကို ရှာနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟိုအဝေး - အနောက်ဘက်ကမ်းကျုံရှရှာဆီမှ ငါးသလောက်ပိုက် လှေကလေးများမှာ ဟိုမှသည်မှ ရွေ့လျားနေကြ၏။

အဘညက်၏မျက်လုံးများက သိပ်မကောင်းတော့၊ မြို့ကြီးသားပညာတတ်များကဲ့သို့ စာပေကျမ်းဂန်များကို လေ့လာဖတ်ရှု၍ မှုန်သီသွားခြင်းတော့ မဟုတ်။

တံငါသက်တမ်းတစ်လျှောက်လုံး နေပူပူမှာ အရောင်တလက်လက် တောက်နေသော ရေပြင်ရှိငါးကြင်းဖော့များ၊ ငါးသလောက်ဖော့များ၊ ငါးမြင်းရင်းဖော့များ စသည့် ဖော့အမျိုးမျိုးကို စူးစိုက်ကြည့်ခဲ့ရ၏။

အသက်အရွယ် ကြီးလာခဲ့သည် နှင့်အမျှ အသက်ထက်ဆုံး တောက်ပသော နေရောင်၊ ရေရောင်ကို ကြည့်ခဲ့ရသော မျက်လုံးများမှာ ကြာကြာမခံနိုင်တော့၊ မှုန်သီရီဝေသွားသည်မှာ မဆန်းပါချေ။

အဘညက် ရှေ့ဆက်၍ ဘယ်လောက်များ ဒီမျက်လုံးကို အသုံးချရမည်မသိ။

⍟

နေမွန်းပင် တည့်ချေပြီ၊ ငါးကြင်းတစ်ကောင်မျှ မရသေး၊ ဒုတိယအကြိမ် အစာလည်း လဲပြီးပြီ။

စောစောက ပူတူးမ လာပို့သော ထမင်းနှင့် ငါးလေး ရေချိုချက်၊ ဘူးသီးပြုတ် အတို့နှင့်ကလည်း မြိန်လှ၏။

ခါးကြားတွင် ပါလာသော ဆေးတံကိုထုတ်ပြီး ဆေးတစ်ဆုံလည်း ရှူပြီးပြီ။

ငါးမမိတော့ ပျင်းစရာကောင်းလှ၏။

တိုင်ထောင်များကို ကြည့်ရင်း ဘယ်အချိန်က မှေးငိုက်သွားသည် မသိ၊ တစ်မှေးကလေး အိပ်ပျော်သွားသည်၊ ကြာတော့ ကြာလှသည်မဟုတ်၊ ရုတ်တရက် လန့်အနိုးရှေ့တည့်တည့်မှ တိုင်ထောင်တွင် ဖော့မရှိတော့၊

အလို ...။

အဘညက်သည် ထိတ်ခနဲဖြစ်ကာ လက်လှော်လှေပေါ်သို့ အပြေးဆင်းပြီး လှေလှော်၍ မြစ်အပြင်သို့ ထွက်ခဲ့၏။

ထိုသို့ကြည့်သည်၊ သည်သို့ကြည့်သည်၊ ဖော့ကို လိုက်ရှာသည်။

ဘယ်မှာမှ ရှာမတွေ့။

သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

သည်မျှ မြစ်ကြောင်းတွင် ဥဒဟိုသွားနေသောလှေ၊ မော်တော်တို့အကြား တစ်ယောက်ယောက်က ငါးကြင်းကြီးကို ရသွားသည်မှာ သေချာသည်။

ငါးကြင်းတစ်ကောင်လုံး ဆုံးရှုံးသည်သာမက ငါးမျှားချိတ်ကြိုးနှင့် ဖော့ပါ အဘဘုဂျာ်ဆုံးရပါပြီ။

သူ၏ အိပ်ငိုက်သွားသောမျက်လုံး ကို အပြစ်တင်မဆုံး။

ဒီတစ်ခါ မအိပ်တော့။ ဆုံးသွားတော့လည်း ဘာများ တတ်နိုင်ပါမည်နည်း။

အဘဘုဂျာ်သည်လေးတွဲ့စွာယနေ့အဖို့တတိယအကြိမ်နှင့်နောက်ဆုံးအကြိမ်၊ ခွဲနှံ့လုံးအစာများကို တစ်တိုင်ပြီးတစ်တိုင် လိုက်လံထည့်နေသည်။

ယခုဖွဲနှကိုးလုံးသာ ထည့်ရတော့သည်။ ငါးများမရှိတော့သော တိုင်ထောင် တွင် အစာထည့်ရန် မလိုတော့ပါ။

ယနေ့အဖို့ ဖွတ်မရ ဓားမ ဆုံးရသော အဖြစ်။

ဒီတစ်ခါ ငါးမိရင်တော့ မလွှတ်စေ ရ။

ဟော ...။

ပြောရင်းဆိုရင်း အနောက်ဘက်ယွန်းယွန်းက တိုင်ထောင် ဖော့တစ်လုံး ပြုတ်ကျသွားသည်။

ဒီတစ်ချီတော့ အလွတ်မခံနိုင်။

အဘဘုဂျာ်သည် လက်လှော်လှေကို အမြန်လှော်သွားသည်။ လှေဝမ်းထဲတွင် ငါးအကောင်ကြီးလျှင် ဖမ်းဆီးရန် "ဒိုင်းဝန်" တစ်လက်လည်း အဆင်သင့်။

အဘဘုဂျာ်တို့ငယ်ငယ်ကတော့ "ဒိုင်းဝန်" ကို မသုံး။

"ငါးရိုက်တုတ်" ကိုသာ သုံးသည်။

"ငါးရိုက်တုတ်" ဆိုသည်မှာလည်း အဆန်းမဟုတ်။ အဆစ်ပိတ် တစ်ထောင့်ထွာခန့်ရှိ ဝါးတုတ်တစ်ချောင်းမျှသာ ဖြစ်သည်။

ကြိုးဖြင့် ငါးကို တဖြည်းဖြည်း ဆွဲအတင်၊ ငါးကြင်းခေါင်း ရေပေါ်သို့ အရောက်၊ ငါးကြင်းအကောင်ကြီးပါက လွတ်မသွားစေရန် ခေါင်းကို အမြန်ဆုံး ထိုငါးရိုက်တုတ်နှင့် ရိုက်သည်။ ငါးမေ့မြောပြီး ရေပေါ်တွင် ပက်လက်ဖြစ်ကာ ပေါ်လာသည့်အခိုက် အရမှ ဆယ်တင် လိုက်ရခြင်းဖြစ်သည်။

ယင်းသို့ "ငါးရိုက်တုတ်" ဖြင့် ဖမ်း ဆီးခြင်းတွင် ချွတ်ယွင်းချက်ရှိတော့ ရှိ၏။

www.burmeseclassic.com

အရိုက်မတော်က ငါးကလည်း အကြေးခွံမျိုးလိုနေရာတွင် ငါးများချိတ်မိပြီး ထိချက်မနာလျှင် လွတ်သွားတတ်၏။ ပြီးတော့ ဒဏ်ရာပြင်းပါက ခေါင်းကြေပြီး ငါး အကောင်မလှတော့၊ ဈေးတင်လျှင် ရောင်းကွက်မလှ။

ယခု "ဒိုင်းဝန်း" ကတော့ ဒီလိုချွတ်ယွင်းချက်မျိုး မရှိ။ "ဒိုင်းဝန်း" ဆိုသည်မှာ လက် တစ်ဝိုက်ခန့်ရှိ ဝါးခွေတစ်လျှောက်တွင် ပိုက်ခြင်းပျော့သဖွယ် ပိုက်ကျဲကျဲကို တပ်ချုပ် ထားသည်၊ ဝါးခွေတွင် လက်ကိုင်ရှိသည်။

မြို့များတွင် အသုံးပြုသည့် ကြေးနန်းကြိုးလက်ကိုင်နှင့် အဝိုင်းတွင် ပိတ်ဖြူတပ် ထားသော "သောက်ရေစစ်" နှင့် ဆင်ဆင်တူ၏။

"သောက်ရေစစ်" နှင့် "ဒိုင်းဝန်း" မှာ ကြေးနန်းခွေအစား ဝါးခွေ၊ ပိတ်ဖြူအစား ပိုက် ကျဲကျဲ၊ အရွယ်အစားမှာမူ သောက်ရေစစ်ထက် များစွာကြီးမားခြင်းသာ ကွာခြား သည်။

သဘောကတော့ အတူတူ။

ဒိုင်းဝန်းနှင့် ငါးကို ဖမ်းလျှင် ခေါင်းဘက်မှ ထိုးဆယ်လိုက်က မလွတ်နိုင်။ ငါးကြင်း မှာလည်း ဒဏ်ရာမရှိ၊ အကောင်းပကတိ။

အဘညဏ်သည် ရေစုန်ကို အပြေးမျောနေသော ဖောင်ကို လိုက်လံဆယ်ယူပြီး ဖြည်းဖြည်းချင်း ကြိုးကို ဆွဲတင်သည်၊ ဆွဲရသည်မှာ လေးလေးပင်ပင်တော့ ရှိ၏၊ ငါးကြင်းအရွယ်မှာ သိပ်သေးမည်တော့ မထင်။

ငါးကြင်း အရုန်းတွင် ကြိုးကို ကမန်းကတန်း လျှော့ပေးသည်၊ မတော်တဆ အကြေးခွံသာ မိနေပြီး လွတ်သွားပါက မခက်ပါလော။

နေလည်းဝင်တော့မည်၊ ငါးကြင်းတစ်ကောင် ဈေးဦးပေါက်၍ တော်သေးသည်၊ တစ်ခါတစ်ရံတွင် နှစ်ရက် သုံးရက်အတွင်း အခန့်မသင့်က တစ်ကောင်မျှ မမိ။ ဒီငါး ကြင်းတော့ ဘယ်နည်းနှင့်မျှ မလွတ်မခံနိုင်၊ ဒီငါးမှ မမိလျှင် ဒီနေ့ အရှုံးပင် ပေါ်တော့ မည်၊ နောက်ထပ်ငါးလည်း ရစရာမမြင်၊ အချိန်မရှိတော့။

အဘညဏ်သည် တဖြည်းဖြည်း ကြိုးကို ဆွဲတင်လိုက်ရာ ငါးကြင်းခေါင်းက ရေပေါ်သို့ ပေါ်လာ၏။

ပေါ်လာလျှင် ပေါ်လာချင်း "ဒိုင်းဝန်း" ကို အရန်သင့်ကိုင်ကာ ငါးကြင်း၏ ခေါင်း ဘက်မှ ရေထဲသို့ တိုး၍မြုပ်ကာ ဖမ်းတင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ငါးကြင်းသည် ဒိုင်းဝန်းအတွင်း၌ တဖျတ်ဖျတ် လူးနေသည်။ ခဲသားရောင်တွင် အနီရင့်ရင့်ကလေးမသိမသာ အနားကွပ်ထားသော အကြေးခွံများဖြင့် တစ်ကိုယ်လုံး ဖုံးလွှမ်းထားသည့် ငါးကြင်းကား ကြည့်ကောင်းလှပါ၏။

နှစ်ပိဿာစန့်တော့ ရှိမည်။

ငါးကြင်း၏အောက်မေးနှင့် နာခေါင်းတွင် ငါးမျှားချိတ်နှစ်ခုက ငြိတွယ်နေသည်။ ကျန်ငါးမျှားချိတ်နှစ်ခု ကတော့ အလွတ်။

နေလည်း ဝင်တော့မည်။ စောစောက သောင်ပြင်တွင် တွေ့ရသော ဟင်္သာငှက်များနှင့် ငှက်ကြီးဒုံးစပ်ပင်အိပ်တန်းသို့ ပြန်ကြချေပြီ။

အဘညက်လည်း အိပ်တန်းသို့ ပြန်ရမည်။

ယနေ့အဖို့ နက်ဖြန် နံနက်ဈေးတွင် ဈေးကောင်းမိလျှင် ငွေသုံးဆယ်လောက်တော့ ရနိုင်မည်။ အဘညက်စောစောက ထင်သလောက် မိသော ငါးကြင်းက မကြီး။

စောစောက မမြင်လိုက်၊ မတွေ့လိုက်ရဘဲ လွတ်သွားသော ငါးကြင်းက သူ့ထက်ကြီးကောင်း ကြီးလိမ့်မည် ထင်ပါရဲ့။

လွတ်သည့်ငါးသည် ကြီးတတ်စမြဲ။

ဇော့ကြိုးများ ဖြုတ်ရမည်။ နက်ဖြန် ဈေးတွင် ငါးများအသစ် ကြိုးအသစ်များ ဝယ်ပြီး ဆုံးရှုံးသွားသော "တိုင်ထောင်" တစ်ခုနေရာတွင် အစားထိုးရဦးရမည်။

အိမ်အပြန် အဘညက်လှေသာ လှော်နေရသော်လည်း စိတ်က ပြန့်ချင်ရာ ပြန့်လွင့်နေသည်။

⍟

ထမင်းက ဝစိန်ဆန်၊ ဟင်းက ငါးကလေးမျိုးစုံ ရေကြိုချက် ကျဲတောက်တောက်။ အဘညက် မနက်စာ စားတုန်းကလို မမြိန်လှ။

လွတ်သွားသော ငါးကြင်းကြီးကြီးကိုသာ တမြည့်မြည့်သတိရနေ၏။ နက်ဖြန် အလှူဒကာတစ်ယောက်ယောက်က သူ့ငါးကြီးကို ဝယ်သွားတော့မည်။

ငါးကြင်းသားဆီပြန်ကို နံနံပင်အုပ်၍ ချက်ကောင်းချက်မည်။ ကြက်သွန်ဥဖြူ အတွင်းလိုက်လှီးပြီး ပဲငံပြာရည်လောင်းကာ တရုတ်ချက်လည်း ချက်ကောင်း ချက်မည်။ သို့မဟုတ် ကြော်နှပ်ကလေးလည်းဖြစ်ကောင်းဖြစ်နိုင်သည်။ ငါးကြင်းခေါင်းကို အရိုးနူးအောင်ပြုတ်၍ အရည်သောက်ဟင်းချိုဆိုလျှင်ထမင်းမြိန်လိမ့်မည့်ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ထိုငါးကြင်းသားဟင်းကို နောင်သံသရာအကျိုးငှာ သံဃာတော်များအား ဆွမ်းခဲဖွယ်အဖြစ် လှူဒါန်းဆက်ကပ်ကောင်း ဆက်ကပ်ပေလိမ့်မည်။

သူတို့မှာတော့ ငွေကြေးမနေ ပြည့်စုံသူများဖြစ်သမို့ တမလွန်အတွက် မျှော်ကိုးကာ ယခုကတည်းက ဒါနအရင်းအနှီးကို စုဆောင်းနိုင်ကြပါသည်။

အဘညာဏ်တို့လို ဆင်းရဲသည့် တံငါသည်များအဖို့တော့ ဝါတွင်းတစ်ရိုန်လုံးမှ အနိုင်နိုင် အားခဲပြီး သီတင်းသီလ ဆောက်တည်ရန် ဥပုသ် တစ်ခါနှစ်ခါရအောင် မနည်းကြိုးစားပြီး စောင့်ထိန်းရသည်။

သူ ဖမ်းဆီးခဲ့သောငါးဟင်းကို တစ်တို့တစ်ဖဲ့မျှ မြည်းစမ်းနိုင်ခွင့် စားနိုင်ခွင့် မရှိခဲ့ပါ။ ငွေကြေးချို့တဲ့သူမို့ ငါးကြင်းသားကို မလှူနိုင်၊ ငါးကြင်းနှင့် ငွေကြေး လဲလှယ်ရမည်မဟုတ်ပါလား။

ဒီငွေနှင့် နံနက်က ဆုံးရှုံးသွားသော ငါးများရိုတ်နှင့် ကြိုးများဝယ်ရမည်၊ ငါးစာအဖြစ် ဖွဲနုဝယ်ရမည်၊ ပြီးတော့ မြေအဖိုးသုံးယောက်စားဖို့ ဆန်ဝယ်ရမည်။

အကယ်၍သာ ...။

ဟို–လွတ်သွားသောငါးကြီးပါ နှစ်ကောင်ရပါလျှင် အကြီးတစ်ကောင်ကို ရောင်းပြီး အသေးကောင်ကို ဟင်းတော့ ချက်မစားချင်။

ငါးကြင်းသားကလေး ခပ်ထားသောငံပြာရည်ကောင်းကောင်းနှင့် မုန့်ဟင်းရည်တစ်အိုးတည်မည်၊ မုန့်ဟင်းခါးဆွမ်းကို ဘုန်းတော်ကြီးကျောင်းသို့ ပို့မည်။

ကျန်ငါးကြင်းသားနိုင်နိုင်နှင့် မုန့်ဟင်းရည်ကို မုန့်ဖတ်တွင်ဆမ်းပြီး ငရုတ်သီးစပ်စပ်နှင့် မုန့်ဟင်းခါးများ မြေအဘိုးသုံးယောက်သားတစ်ဝတစ်ပြဲ စားလိုက်ရလျှင် ဘယ်လောက်များ ကောင်းလိုက်ပါမည်နည်း။

သို့သော် ...

အဘညာဏ် စိတ်ကူးရင်းဖွန်းဖြင့် ခပ်လိုက်သောဟင်းကတော့ ငါးကြင်းသားနိုင်နိုင်နှင့် မုန့်ဟင်းရည်မဟုတ်ပါ။

မနက်ကကြွက်နီမျှား၍ ပွတူးမချက်ထားသော ဆီမပါသဖြင့် အရည်ကျဲတောက်တောက်နှင့် ငါးတန်ပေါက်စ အမြီးပိုင်းကလေးတစ်ခုမျှသာ။

⟹ ဓောင်သိကျော

www.burmeseclassic.com

www.burmeseclassic.com

## အကြီးမားဆုံးအန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com

မူးယစ်ဆေးဝါးသည် လူမျိုးတစ်မျိုးလုံးအတွက်
လူညွန့်တုံးစေခဲ့သည့် အန္တရာယ်ဖြစ်သည့်အလျောက်
မည်မျှပင်သွေးသားတော်စပ်စေကာမူ

လတစ်ခြမ်းပဲ့လေး၏အလင်းရောင်က မြေပြင်ပေါ်သို့ ရှည့်နဲ့စွာကျရောက်နေသည်။ သစ်ပင်အုပ်စုများအောက်တွင် ကိုင်းကြိုကိုင်းကြားမှ တိုးဝှေ့ဖြတ်ဆင်းလာသောအလင်းမှာ ကွက်တိကွက်ကျား။ အချိန်က သန်းခေါင်ချဉ်းပေပြီ။ လောကဓာတ်တစ်ခုလုံးမှာ နေ့ပိုင်း၏ပင်ပန်းနွမ်းနယ်မှုများကြောင့် တုံးတင်သရောအိပ်မောကျနေပေရော့မည်။

သို့နယ် ညဉ့်နက်သန်းခေါင်က ဆိတ်ငြိမ်နေလင့်ကစား မှောင်ရိပ်ခိုပြီး လှုပ်ရှားနေသူတစ်သိုက်က ကတ္တရာလမ်းကွေ့ဆီသို့ တမျှော်မျှော် တကြည့်ကြည့်။ တစ်စုံတစ်ရာကို မျှော်လင့်နေသည်မှာ အထင်အရှား။ သူတို့လက်ထဲတွင် လက်နက်ကိုယ်စီ ကိုင်ထားကြသည်။

ထိုအခိုက်ဆိုင်ကယ်သံများကြားလိုက်ရပြီးဆိုင်ကယ်မီးရောင်များ ဖြာဝေလျက် အော်ဟစ်ဆူညံသံတို့ နှင့်အတူ ဆိုင်ကယ်သုံးစီးက အပြင်းမောင်းလာသည်။ စောင့်လင့်နေသည့် အန္တရာယ်ကို သူတို့တွေးမိမည်ပင် မထင်။ စောင့်နေသူသုံးဦးက လမ်းမပေါ်သို့ စွတ်စွတ်ရွတ်ရွတ် တက်လာခြင်းကို မီးအလင်းအရ မြင်သာသဖြင့် စက်သံများ သိသိသာသာ အရှိန်လျော့လိုက်၏။ မှောင်ရိပ်တွင်းမှ နောက်ထပ်ထွက်လာ သူက နှစ်ယောက်။ တမင်သက်သက် သူတို့အပြန်ကိုစောင့်နေကြောင်း ဆိုင်ကယ်သမားများ သိသွားကြပေပြီ။ သူတို့ဘက်တွင်လည်း လူအင်အားက ငါးယောက်။ အင်အားချင်းမျှနေသည်မို့ ထိမထင်စိတ်ဓာတ်အရ မော်တော်ဆိုင်ကယ်များကို



www.burmeseclassic.com

www.burmeseclassic.com

စက်သတ်ကာ လမ်းဒေါးမှာ ရပ်ထောင်လိုက်ပြီးနောက် အနားကပ်လာရင်း အတူပါလာသည့် လက်နက်များ အသင့်ပြင်ခဲ့ခြင်းပါ။

"ဘာလဲ - မင်းတို့က တို့နဲ့ ဖယားရှင်းချင်တာလား။ ဘာဖြစ်ချင်လဲပြော"

"ဖြစ်ချင်တာကတော့ ဒါပါပဲကွာ"

စောင့်နေသူများက ဖြုန်းစားဖြင်းစားလက်ဦးမှု အရယူကာ စတင်ရန် ပြုလိုက်သည်။ ဥပဒေစည်းကမ်းများနှင့် ဒိုင်မပါသောတိုက်ပွဲတစ်ပွဲတွင် အလစ်အငိုက်မို့ ဆိုင်ကယ်သမားများထဲမှ ကြောင်တက်တက်တစ်ယောက်ကို ဆိုင်ကယ်ချိန်းကြိုးသမားတစ်ဦးက လှဲ သိပ်နိုင်ခဲ့၏။ ရန်ပွဲကြီးတစ်ပွဲက ပြင်းထန်စွာ စတင်လိုက်ခြင်းပင်။ "အား - အု" ဟူသော အားမာန်သွင်းသံ၊ "ယား ..." ဆို သောတိုက်ခိုက်သံများက စီစီညံလျက်၊ ဝန်းကျင်တစ်ခုလုံးမှာ ကြောက်ခမန်းလိလိ။ ပွဲအတွေ့အကြုံနှင့် ဇရှိသူများတို့အစိမ်းသက်သက် မိုက်သွေးကြွသူများ မယှဉ်သာ။ တိုက်ပွဲကားအချိန်တိုအတွင်း အဆုံးသတ်သွားခဲ့သည်။ မြေပြင်ထက် မားမားမတ်မတ် ရပ်နိုင်သူများမှာ ဆိုင်ကယ်သမားလေးဦးတည်းပါ။ ကျန်သူများက အတုံးအရုံး၊ အလဲလဲအပြိုပြို။ မြေပြင်တစ်ဝိုက်သွေးစက်သွေးကွက်များ ကြဲဖြန့်လိုက်သည့်နှယ်။ မြို့စွန် ကေတီဗွီ ဆိုင်များ၊ အရက်ဆိုင်များဝန်းကျင်တွင် ထိုသို့သောပွဲမျိုး မကြာခဏဖြစ် မြဲ။ တိုင်သူတောသူ၊ ဒဏ်ရာအနာတရ ဆေးရုံတက်ရသူ မရှိသဖြင့် အုပ်အုပ်ဆိုင်းဆိုင်း လုပ်သွားသောကြောင့် လူသိနည်းခဲ့၏။ အထက်တန်းလွှာများအတွင်း ပြဿနာများမှာ ဖုံးဖုံးဖိဖိနှင့် ပြီးသွားလေ့ခမ္မတာ။ ညစ္စသည်ပို၍ပို၍ နက်သထက်နက်၊ မှောင်သထက်မှောင်၊ မိုက်သထက်မိုက်ခဲ့ပြီကော။

"ဘယ်လို - ဒေါ်လေး (မောင်ဇော်) ရန်ဖြစ်လာတယ် - ဟုတ်လား"

"အေး - ဟုတ်တယ် သားရေ။ အင်မတန် အေးဆေးတဲ့ကလေးက ရန်ပွဲ အကြီးအကျယ်ဖြစ်ရသတဲ့၊ ကြားရတာမယုံစရာ။ အပြီးသတ်တော့အပေါင်းအသင်းမကောင်းတာပဲပေါ့။ အပေါင်းကြောင့် ဂုဏ်တက်၊ အပေါင်းကြောင့် ဂုဏ်ပျက်ဆိုတာလိုကြာရင် အကျွရောက်မှာ သေချာတယ်၊ မင်းညီနဲ့ တွေ့ပြီး ဆုံးမပါဦးကွယ်။ မင်းရဲ့ဦးလေးဒေါ်သ ဘုမာရ သိသွားရင် မိုးမီးလောင်မှာကွဲ့"

"ဦးလေးက သူတို့ဌာနက လွှတ်တဲ့ သင်တန်းတက်နေရတယ်နော်"

"သင်တန်းက တစ်လခွဲလောက်ကြီး တက်ရမှာဆိုတော့ တော်သေးတယ်၊ ဒီလိုဖြစ်နေရင် ရှေ့ခက်မယ်"

"သူ့ကို ကျွန်တော် မေးစမ်းကြည့်ပါ့မယ်၊ သိပ်လည်း မပူပါနဲ့"

www.burmeseclassic.com

"အေးကွယ် - သူတို့ဘက်က တအားခြေလွန်လက်လွန်တွေလုပ်ခဲ့လို့ တစ်ဖက်က လူတွေလည်း အထိနာတာမို့ သူက ဆေးရုံမတက်ဘဲ ဆေးခန်းက ဆရာကို အိမ်ခေါ်ပြီး ကုသခဲ့ရတယ်။ သူတို့ကို ပြဿနာမလုပ်သလို သူတို့ကြောင့်လည်း ပြဿနာမဖြစ်စေချင်ဘူးဆိုပဲ။ ဘာတွေနားလည်ရမလဲမသိဘူးကွယ်"

"မစိုးရိမ်ပါနဲ့ ဒေါ်လေးရယ်။ ကျွန် တော် အဖြေရှာမှာပါ"

မောင်ဇော်ကို ခုတင်ထက်တွင် ပတ်တီးအဖွေးသားနှင့် တွေ့လိုက်ရသည်။

"ညီဇော် - ဘယ်နယ့်နေသေးလဲ။ သက်သာရဲ့လား"

လှမ်းကြည့်ပြီး သူက ပြုံးလိုက်သော်လည်း အပြုံးက မပီပြင်။ ကွဲသွားသည့် နှုတ်ခမ်းကို နှစ်ချက်ချုပ်ထားကာ ဆေးထည့်ပလာစတာ ကပ်ထားရသဖြင့် ခိုးလိုးခုလု။

"ဒေါ်လေးက ခေါ်လို့ ဆိုင်ကိုတောင် မရောက်သေးဘူး။ ဆိုပါဦး - ဇာတ်လမ်းက ဘယ်လိုစတာလဲ။ မောင်ဇော် မလိမ် တတ်တာ အစ်ကို သိတယ်နော်"

မောင်ဇော်က သူ့အနားလာထိုင်ရန် လက်ယပ်ခေါ်နေသောကြောင့်ကိုအေးဆွေ ခုတင်စောင်းမှာဝင်ထိုင် လိုက်သည်။ ဒဏ်ရာများအရ မောင်ဇော် စကားကျယ်လောင်စွာ မပြောနိုင်သေးပါ။

"အစ်ကို့ကို ပြောပြချင်လို့ မေမေ့ အခေါ်ခိုင်းရတာပါ။ ကျွန်တော်က တစ်ခါမိုက်မိတာနဲ့ မှတ်သားလောက်သွားပြီ။ မူးယစ်ဆေးဝါးဟာ လူတစ်ယောက်ကိုမကောင်းကျိုးပေးတာမျိုးလို့နားလည်ထားပေမယ့် သူငယ်ချင်းတွေကအတင်းတိုက်တော့သောက်မိသွားတယ်။ အဲဒီတစ်ခါကလည်းတစ်ခါဆိုသလောက်ခံလိုက်ရတာလေ။ မနေ့ညနေက သူငယ် ချင်းတစ်ယောက် (မွေးနေ့) စားသောက်ဆိုင်မှာ ကျင်းပတာက စရမှာပါ။ စားကြသောက်ကြပြီး ကာရာအိုကေတွေ ဆိုကြ၊ ပျော်ကြ ပါးကြနဲ့။ တစ်ယောက်က ထုတ်ပေးတဲ့ ဆေးပြားတွေ သောက်ကြပြန်တယ်။ ကျွန်တော်က ခပ်အင်အင်မို့ အတင်းတိုက်တာနဲ့ တစ်ပြားသောက်မိ တာပါ။ ဆေးကိုအရင်က မြင်ခဲ့ဖူးတာ (WYနဲ့ ရာမ)ဆေးပြားတွေ။ ခုဟာက (ICE-ရေခဲ)လို့ခေါ်တဲ့ စိတ်ကြွရူးသွပ်ဆေးပြား (မအိပ်ဆေးလို့ ပြောရမယ်) ဒီဆေးပြားတွေဟာ လူငယ်ထုအတွင်း ပျံ့နှံ့နေလို့ အစ်ကိုတို့ သတင်းထောက်တွေ သိသင့်တယ်ထင်ပြီး ပြောချင်နေတာ"

"သိပ်သိသင့်တာပေါ့ငါ့ညီရယ်။ မင်းကမစွဲသေးလို့တော်တယ်။ မူးယစ်ဆေးဝါးဟာ တို့လိုပြည်သူတွေ အသိတရားနဲ့ ဝိုင်းဝန်းပြီးအမြစ်ပြတ်ချေမှုန်းနိုင်မှ၊ နို့မို့မလွယ်ဘူး"

မောင်ဇော် ဖွင့်ဟပြောပြချက်အရ ဖြန့်ဖြူးနေသည်က (ရွှေစိုး မြန်မာ့မြေ နိုင်ငံခြားအရက်အရောင်းဆိုင်ကြီး)

⍟



www.burmeseclassic.com

www.burmeseclassic.com

ကိုအေးဆွေ ဆိုင်ရောက်ချိန်မှာ ကိုးနာရီကျော် ဆယ်နာရီထိုးလုပေပြီ။ သတင်းထောက်၊ စာပေသမားကိုအေးဆွေက စာအုပ်ဆိုင်ကြီးတစ်ဆိုင်ဖွင့်ထားသည်။ လစဉ်ထုတ်မဂ္ဂဇင်း၊ ဝတ္ထုများအပြင် ဘာသာရေးစာပေများ၊ နိုင်ငံရေး၊ သုတ၊ ရသစာပေ မျိုးစုံသာမက ဂျာနယ်စုံ၊ နေ့စဉ်ထုတ်သတင်းစာများလည်း ပို့ပေးနေသဖြင့် ဆိုင်ကြီးဟုဆိုရမည်။ အလှအသီးသီးမှ အသိအကျွမ်း ခင်မင်သူပေါ်များခြင်းက သူ၏သတင်းထောက်လုပ်ငန်းကို အကျိုးပြုသည်။ အကူအညီ တောင်းလာသူက အဖေ့ညီမငယ် (ဒေါ်လေး)၊ မွေးထားသူနှစ်ယောက်အနက် ပညာတော်သော အကြီး ယောက်ျား လေးက ဆေးတက္ကသိုလ် ဒုတိယနှစ်တက်နေချိန်၊ အငယ်ယောက်ျားလေးက ဆယ် တန်း။ သူလည်းအစ်ကိုနည်းတူပညာချွန်သူလေးပါ။ နှစ်စဉ်ပထမ၊ ဒုတိယအဆင့်များ က အောင်ခဲ့သူလေးမို့ အိမ်က အရိပ်တကြည့်ကြည့်။ သူ့ကိုလည်းအမှတ်ကောင်းနှင့် လိုင်းကောင်းရစေချင်သည်။ စိတ်တိုဒေါသကြီးတတ်သော ဖခင်မရှိခိုက်၊ ပြဿနာနှင့် ကြုံလာခြင်းကြောင့် မိခင်ဖြစ်သူမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ ကြောင်တိကြောင် တောင် ဖြစ်နေရှာ၏။ သား ဖြစ်သူ မတော်တဆ ဆိုးမိုက်သွားလျှင် အခက်။ ဖခင်သိ လျှင် လုံးဝမလွယ်။

ကာယကံရှင် မောင်ဖော်၏ပြောသွားပုံအရ သူက မူးယစ်ဆေးဝါးစွဲလမ်းငြိတွယ် နေသူတစ်ဦးမဟုတ်၊ သို့သော် ဇာတိမြို့တွင် ယခင်က ဘိန်းကို အနည်းအကျဉ်းနှင့် ဆေးခြောက်အရက်လောက်သာရှိသည့်အနေအထားက တစ်ဆင့်တက်ပြောင်းလဲ ကာ စိတ်ကြွရူးသွပ်ဆေးပြားများ (ယခင်က WY ဆေးပြားသတင်း သန့်သန့်ရခဲ့ရာမှ) ယခု ICE ဆေးပြားများကိုဖောဖောသီသီဝယ်ရနေကြောင်းသိခဲ့ရ၏။ ပြည်သူနယ်ပယ် (အထူးသဖြင့် လူငယ်လူရွယ်ကျောင်းသားများအတွင်း) စိမ့်ဝင်ပျံ့နှံ့နေခြင်းမှာ နိုင်ငံအတွက် အကြီးအကျယ် အန္တရာယ်တစ်ရပ် မဟုတ် ပါလား။ မူးယစ်ဆေးဝါးသည် ဆိုးကျိုး များကိုသာ အပြည့်အဝ သယ်ဆောင် လာပေမည်။ ကျောင်းသားလူငယ်ထု အတွင်း စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများအန္တရာယ်နှင့် နောက်ဆက်တွဲ ရောဂါတို့၏ ဆိုးကျိုးများကို သိရှိရှောင်ကြဉ်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကွင်းဆက်စစ်ဆေးခြင်း၊ မိဘဆရာအသင်းနှင့်ပြည်သူများ လက်တွဲ ဆောင်ရွက်လျက်ရှိသည့်သတင်းများ သတင်းစာတွင် ဖတ်ခဲ့ရသည်။ ထို့အပြင် ဘိန်း စိုက်ပျိုးမှုကို ကန့်သတ်ဟန့်တားလိုက်ခြင်းကြောင့် ဘိန်းဖြူသုံးစွဲမှုနှုန်းကို လျှော့ချ ပေးနိုင်ခဲ့သော်လည်း ဆေးပြားထုတ်စက်တစ်ခုတည်းကပင် သိန်းနှင့်ချီသည့် ဆေး ပြားများ ထုတ်လုပ်နိုင်သော ဓာတုဗေဒဆေးရည်သုံး စိတ်ကြွရူးသွပ်ဆေးပြားများ

www.burmeseclassic.com

www.burmeseclassic.com

ခင်က နိုင်ငံပြင်ပမှ ဝင်ရောက်လာခဲ့သည်။ ယခုအခါ ဆေးပြားသန်းနှင့်ချီကာ ပြည်တွင်း၌ ဖမ်းဆီးရမိသည့် သာဓကများအရ ပြည်တွင်းမှာပင် အလွယ်တကူ ထုတ်လုပ်နိုင်ရှိနေသည်ဟု ဆောင်းပါးရှင်တစ်ဦးက ထင်မြင်သုံးသပ်ပြခဲ့၏။ မူးယစ်ဆေးဝါး င့်ပတ်သက်၍ လက်လွတ်စပယ် မလုပ်သင့်သည်ကို ကိုအေးဆွေ့အသိ၊ ကြားဖူး းဝလည်းရှိသည်၊ အတ္တလောဘသမားတို့က အလဟဿ အဆုံးအရှုံးမခံ၊ အဟန့် တားမျိုးစုံ လုပ်ထားလေ့ရှိ၏။ ရဲမှူးကြီးတစ်ဦးက ပြောခဲ့ဖူးသည်၊

(မူးယစ်ဆေးဝါးသတင်းရရင် စောင့်ကြည့်ရတယ်။ သေချာရင် ပတ်ဝန်းကျင်နဲ့ တင်းပေးသူတွေကတစ်ဆင့် စုစည်းပြီး ခိုင်မာအောင် တည်ဆောက်ရမယ်၊ နဲ့တော့ ကျူးလွန်သူကို မလွတ်အောင် ဖမ်းဆီးရပါတယ်။ ပေါ့ပေါ့ဆဆ လုပ်လို့မရ ဘူး။)ဟူ၏။

⍟

"ဘယ်လိုလဲ - သတင်းထောက်ကြီး၊ ဘာသတင်းအနံ့ရလို့ ရောက်လာတာ ဲ"

"မဟုတ်ပါဘူးဗျာ၊ ကိစ္စလေးရှိတာ သွားစုံစမ်းရင်း မရောက်တာကြာလို့ လှည့်ဝင် ာတာပါ"

"ဟုတ်ပါတယ်၊ လူတိုင်းကိုယ်စီ အလုပ်များနေတာပါ၊ အလုပ်အကိုင်ရော တောင်းရဲ့လား"

"အသင့်အတင့်ပါပဲ၊ စာဖတ်သူတွေနည်းသွားလို့ မဂ္ဂဇင်းတချို့ရပ်သွားပြီ၊ တချို့ တ်လှုပ်လှုပ်ပဲ၊ နာမည်ကြီးတွေလောက် ကျန်တော့တယ်၊ ဂျာနယ်နဲ့ သတင်းစာက ထိန်းလို့ပေါ့"

"အေးဗျာ - အင်တာနက်တို့၊ အီးလိုက်ဘရီတို့၊ ဖေ့ဘုတ်တို့ရှိပေမယ့် စာအုပ် လောက် အားမရတာ အမှန်ပါ"

"အလီမှာ စာမှာရှိလို့ ဆိုထားတာပဲ၊ စာမဖတ်ရင် တစ်ခေတ်နောက်ကျမယ်၊ တားမစပ် မူးယစ်ဆေးဝါးတွေ နေ့စဉ် ဖမ်းဆီးနေတဲ့သတင်း၊ သတင်းစာမှာ မပြတ် တ်နေရတယ်၊ နိုင်ငံတော်က ပြတ်ပြတ်သားသား ကာကွယ်တားဆီးတိုက်ဖျက်နေ ာ အားရစရာ"

"လုပ်ရမယ်လေ၊ ကြောက်စရာ သိပ်ကောင်းတဲ့ မူးယစ်ဆေးဝါးဟာ လူတစ် ယောက်ဘဝ ပြုန်းတီးစေတယ်၊ လူ့အရင်းအမြစ်တွေကို ထိခိုက်နစ်နာစေတာဟာ


www.burmeseclassic.com

www.burmeseclassic.com

တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးစေတာပဲပေါ့။ ဒါကြောင့် နိုင်ငံအများစုက ဆန့်ကျင်ခဲ့ကြတယ်။ မြန်မာနိုင်ငံမှာလည်း စီမံကိန်းတွေ၊ စစ်ဆင်ရေးတွေနဲ့ နည်းစုံလမ်းစုံ ဆန့်ကျင်ခဲ့ပြီးပါပြီ။ လုံးဝကင်းစင်တာတော့ မဟုတ်သေးဘူး။ (ဘယ်သူသေသေ ငတေမာရင်ပြီး ရော) သမားတွေ ရှိနေသမျှကာလပတ်လုံး မျက်စိဖွင့်နားစွင့်ထား ရမယ်လေ။ ကျွန်တော်တို့လို ဖွံ့ဖြိုးတိုးတက်စ နိုင်ငံတွေအတွက် ပိုပြီးအရေးကြီးတာ ပေါ့"

"အုပ်ချုပ်ရေးမှူးကြီးပြောတာ တကယ့်အမှန်တွေပါပဲ။ (တိုင်းပြည်တိုးတက်သာ ယာဖို့ မူးယစ်ဆေးဝါးကို ရှောင်ရှားစို့) ဆိုတဲ့ အသိတရားနဲ့ ရှောင်ကြဉ်ကြဖို့လိုသလို မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးတွေရဲ့အန္တရာယ် တားဆီးကာကွယ် ဖို့ကလည်း အရေးကြီးတယ်မဟုတ်လား။ ပြည်သူတွေကလည်း ဝိုင်းဝန်းကြရမယ်"

အုပ်ချုပ်ရေးမှူး ကိုဝင်းကြည်က ပြုံးလိုက်သည်။

"ဖေကန္တ - သတင်းထောက်ကြီး မူးယစ်ဆေးဝါးကိစ္စ စုံစမ်းနေတာများ လား"

"ခင်ဗျားပြောတာ မှန်သင့် သလောက်တော့ မှန်တယ်။ ဒါပေမဲ့ - ဟုတ်၊ မဟုတ် (CONFIRM) လုပ်ကြည့်ပြီး ဆက်တင်မယ်လေ။ ရှောင်းနေတယ်ဆိုတာ သတင်း အရ သိပြီးသား"

ထို့နောက် ညီဝမ်းကွဲ မောင်ဇော်တို့ ဇာတ်လမ်းကို အကုန်အစင် ပြောပြလိုက် သည်။

"တော်တော်ဆိုးပါလားဗျာ။ ဒါဆိုရင် မြို့အတွက် စိုးရိမ်ရတယ်နော်။ ခင်ဗျားတ သိသမျှ ပြောပေမယ့် ကျွန်တော်တို့က ကိုယ့်အပိုင်နဲ့ကိုယ် လုပ်နေရတာဆိုတော့ အခက်သား"

ကိုအေးဆွေက ဟက်ခနဲ ရယ်လိုက် သည်။

"မစိုးရိမ်ပါနဲ့ - ခင်ဗျားအပိုင်ထဲမှာ ပါဗျာ"

သို့ဖြင့် ကိုအေးဆွေက နားနားကပ် တီးတိုးပြောလိုက်စဉ် (ဗျာ) ဆိုသော အာမေ ဋိတ်သံနှင့်အတူ ကိုဝင်းကြည်မှာ ပါးစပ်အဟောင်းသား။

☆

ကိုဝင်းကြည် မျက်နှာမကောင်းပါ။ သိသိသာသာ မျက်နှာပျက်သွားရှာ၏။

မြို့၏ရပ်ကွက်ကြီးနှစ်ဆယ်ကျော်တွင် လူဦးရေထူထပ်ပြီး စက်မှုလုပ်ငန်းများနှ စည်ကားသိုက်မြိုက်နေသော သူ့ရပ်ကွက်အတွင်းတွင် မူးယစ်ဆေးဝါးရောင်းဝယ်နေ

www.burmeseclassic.com

www.burmeseclassic.com

သည့်သတင်းကြောင့် သူ့စိတ်မကောင်းနေခြင်းဖြစ်ကောင်းဖြစ်ပေမည်။ သူ့ကို အားပေးရပါသည်။

"ရောင်းတဲ့သူက ရောင်းပေမယ့်မိအောင်ဖော်ထုတ်ဖမ်းဆီးဖို့လိုမယ်။ ဖော်ထုတ်နိုင်ရင် ကျွန်တော်တို့လုပ်ငန်း အောင်မြင်တာပဲပေါ့၊ မဟုတ်ဘူးလား"

ကိုဝင်းကြည်စကားမပြောဘဲငိုင်တွေနေစဉ်ဖုန်းဝင်လာသည်။ တစ်ဖက်က ဖုန်းကိုဟုတ်ကဲ့-ဟုတ်ကဲ့နှင့်ပြောနေရာက (သတင်းထောက်မိတ်ဆွေ တစ်ဦးနဲ့ အခုပဲလာခဲ့ပါ့မယ်)ဟု ပြောရင်းဖုန်းပိတ်လိုက်၏။ ကိုဝင်းကြည်က ကိစ္စတစ်ခုကို ပြောပြခဲ့သည်။

"တဲ-သတင်းထောက်ကြီး-ခင်ဗျားသိချင်တဲ့ကိစ္စနဲ့ဆက်နွယ်သူတစ်ယောက်ဟာ မနေ့က ကျွန်တော့်အပိုင် ဘုရားဝန်းထဲ ဓာတ်ဆီရှု၊ ကော်ရှုတဲ့ကလေးတွေ ဖမ်းတုန်းကပါလာတယ်။ တခြားကလေးတွေပညာပေးပြီးမိဘအပ်ပြန်လွှတ်ပေမယ့် သူက အသက်နှစ်ဆယ်ကျော်တဲ့အပြင် သူဟာ ကော်ရှုသမားမဟုတ်ဘူး။ အရက်နဲ့ ဆေးခြောက်တွဲသုံးတဲ့ (နှစ်ပင်လိမ်)သမား၊ သူ့ဆီက ဓားမြှောင်တစ်ချောင်းနဲ့ ကော်ဘူးထဲထည့်ထားတဲ့ ဆေးပြားလေးတွေ တွေ့လို့ မသင်္ကာတာနဲ့ စခန်းပို့ထားတာပါ။ အခု စခန်းမှူးက ခေါ်နေပြီ။ အကြောင်းထူးလိမ့်မယ်၊ လိုက်ခဲ့ဗျာ"

နှစ်ယောက်သား ဆိုင်ကယ်ကိုယ်စီဖြင့် စခန်းရောက်သွားသည်။

"ကိုဝင်းကြည် အပ်ပေးတဲ့လူက နှစ်ပင်လိမ်ဆိုတော့ စိတ်က မူမမှန်ပေမဲ့ သူ့ရဲ့ ထွက်ဆိုချက်တွေ မှန်မယ်ဆိုရင် ကြောက်စရာကိစ္စကြီးတစ်ခု ဖော်ထုတ်ပြီး ဖြစ်မယ်"

"စခန်းမှူးကြီး မျှော်လင့်သလို ဖြစ်ဖို့ များပါတယ်။ စောစောကပဲ သတင်းအရ သတင်းထောက်ကြီး အဲဒီမိသားစုကို လာစုံစမ်းတာနဲ့လည်း တိုက်တိုက်ဆိုင်ဆိုင်ပါဲ"

ကိုဝင်းကြည်က ကိုအေးဆွေပြောခဲ့ သမျှကို မချွင်းမချန် ပြောပြလိုက်သည်။

"အဲဒါဆိုရင်တော့ ဟုတ်ဖို့များတယ်။ သတင်းပေးတစ်ယောက်ပေးတဲ့ သတင်းက မရေရာလို့ စုံစမ်းနေဆဲမှာ ခုလိုကြုံရတာပါ။ ကော်ရှုတဲ့အဖွဲ့ဖမ်းတုန်းက တောက်ထွန်းကို ခင်ဗျား လာအပ်တယ်။ သူ့မှာ ပါလာတာက (ICE) စိတ်ကြွရူးသွပ်ဆေးပြားတွေပါ။ သူ့အပြောက သူ့အဖေဘူးထဲက နှိုက်လာတာတဲ့။ သူ့အဖေတို့ အဲဒီလို ဆေးပြားမျိုးတွေ ယူဖို့သွားပြီး ဒီညပြန်လာမှာဆိုပဲ။ ဒါဆို-အထက်ကိုတင်ပြပြီး ဒီညစောင့်ဖမ်းရမယ်။ ညတွင်းချင်း စစ်ပြီးနောက်နေ့ (ပင်မ)ကို ချိုင်နိုင်ပြီပဲ"

www.burmeseclassic.com

"ကောင်းပါတယ်၊ ဒါပေမဲ့ - ပြန်မယ့်ရက်မပြန်ရင် သူ့လူတွေ အထာပေါက်ပြီး ခြေစလက်စ ဖျောက်သွားမှာ စိုးရိမ်မိတယ် - စခန်းမှူးကြီး"

ကိုအေးဆွေက စိုးရိမ်စိတ်ဖြင့် ဝင်ပြောမိသည်။

"ကြိုမြင်ပါတယ်၊ သတင်းထောက်ကြီးရယ်၊ ကားက ထွေနေလို့ညအိပ်ရတယ် ပြောရုံပဲပေါ့၊ ဖမ်းမိရင် သူတို့အထဲ ကတစ်ယောက်ကို ပြောခိုင်းမယ်လေ"

ဒုစရိုက်သမားများနှင့်အပြိုင်မို့ ဥပဒေဘက်တော်သားများ အကွက်စေ့ရပေသည်။

"ကဲ - ခင်ဗျားတို့နှစ်ယောက်လည်း ဒီည လိုက်ခဲ့စေချင်တယ်"

⍟

(ဦးရွှေစိုးနဲ့ တွေ့ချင်လို့ပါ) ဆိုကတည်းက လူကြီးတစ်ယောက် ထွက်လာသည်။

"ကျွန်တော် ကိုရွှေစိုးပါ၊ ဘာကိစ္စများ ရှိလို့လဲဗျာ"

သူက ဣန္ဒြေတစ်ချက်ကလေးမှ မပျက်၊ အမူအရာက အေးအေးဆေးဆေး၊ အိမ်သားများကမူ ယူနီဖောင်းဝတ်ရဲများ၊ အသွင်ယူရဲများကြောင့် အနည်းငယ် ရှုတ်ချတ် သဲသဲ။

"ဦးရွှေစိုး အိမ်ကို သတင်းအရ ရှာချင်ပါတယ်၊ ဆိုင်နဲ့ ခင်ဗျားဇနီးရဲ့တူ ကိုထွန်းကျော်အိမ်လည်း တစ်ပြိုင်တည်းရှာနေပါတယ်၊ ကိုထွန်းကျော်နဲ့အဖွဲ့ကိုလည်းညတ ခင်းလိုက်ပါပြီ၊ သိုဝှက်ထားတဲ့ပစ္စည်းတွေကိုအသာတကြည်ထုတ်ပေးပါလို့မေတ္တာ ရပ်ခံပါတယ်"

မြန်းစားကြီးကြားလိုက်ရသည့်သတင်းစကားကြောင့် သူ့ရှည်မှန်းချက်များ မြေ သို့တိုင် ပျက်စီးပြိုလဲသွားခဲ့ပြီဟု သဘောပေါက်လိုက်၏။ သူ့အတွက် လောဘအတွက် (ရလုပ်ငန်းဝါသနာပါသူ၊ လှုချင်တန်းချင်စိတ်ရှိသူ၊ လူမှုရေးကောင်းသူ၊ ရပ်ကျိုး ရွာကျိုးဆောင်ရွက်သူ) မျက်နှာဖုံးစွပ်ထားလင့်ကစား လောကသားများအပေါ် အနှောင့်အယှက်အကြီးမားဆုံးလူတစ်ယောက်အဖြစ် ဘွားခနဲ ပေါ်လာသောအခါ ဥပဒေ၏ အဆုံးအမ ခံယူရမည်ထက် အခြားဘာများရှိနိုင်ဦးမည်နည်း။

သို့ဖြင့် ဦးရွှေစိုး၏စိတ်ကြွရှုသွပ်ဆေးပြားများအားလုံး ဖော်ထုတ်ဖမ်းဆီးလိုက် နိုင်သည်၊ လက်နစ်ဖက်ကိုပူး၍ လက်ထိတ်ခတ်ခံထားရသူ ဦးရွှေစိုးက ကိုဝင်းကြည် ထံ မျက်သဖြင့် လှမ်းခေါ်လိုက်၏၊ ကိုဝင်းကြည်က လှမ်းလျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"သားကိုဝင်း – ဒီကိစ္စ မင်း စိတ်ထဲ မထားနဲ့၊ ငါက အပြစ်လုပ်သူဆိုတော့ အပြစ်အတွက် ပေးဆပ်ရမှာ၊ မင်းကို တစ်ခုပဲ မှာခဲ့ချင်တယ်၊ မင်းညီမနှစ် ယောက်နဲ့ မင်းဒေါ်လေးကို စောင့်ရှောက်လိုက်ပါကွာ၊ စိတ်ချမယ်နော်"

ပြည်သူ့ရဲ များ ခေါ်ဆောင်ရာသို့ ဦးရွှေစိုး လိုက်ပါသွားခဲ့သည်၊ ကိုဝင်းကြည်မှာ ခေါင်းငိုက်စိုက်၊ ပြီးတော့ မျက်ရည်စများ ရစ်ဝဲလျက် ...

"ဦးရွှေစိုးက ကိုဝင်းကြည်နဲ့ ဘာတော်လဲဟင်"

"ကျွန်တော့်အဖေ အရင်းပါ"

"ဘာ – ဘယ်လိုဗျ၊ အံ့သြစရာပါ လားဗျာ"

"ဟုတ်ပါတယ်၊ ကျွန်တော် ငါးနှစ်သားမှာ အမေဆုံးတော့ နောက်တစ်နှစ်ကျော်ကျော်အဖေက နောက်အိမ်ထောင်ပြုတဲ့အခါ အိမ်ခွဲသွားခဲ့တယ်၊ ကျွန်တော့်ကို အမေ့ညီမက ကျွေးမွေးပြုစုစောင့်ရှောက်တယ်ဆိုပေမဲ့ အဖေက ပေးနေတာပါ၊ ဘွဲ့ရအိမ်ထောင်ကျတဲ့အထိ အဖေ့အထောက်အပံ့မလွတ်ပါဘူး၊ အဖေဟာ သာမန်ရောင်းဝယ်တဲ့အပြင် တခြားဘာလုပ်တယ်ဆိုတာ သိခွင့်မပေးသလို သိလည်း မသိရဘူး၊ ခုတော့"

ကိုဝင်းကြည်က စကားမဆုံး တတ်၊

"စိတ်မကောင်းစရာပါလားဗျာ၊ ခင်ဗျား မသိစေချင်တာကလည်း မပတ်သက်စေလိုတဲ့သဘောဖြစ်မယ်"

"ဟုတ်မှာပါ၊ အဖေဟာ ဘာပဲလုပ်လုပ် အသိပေးဖို့ ဝန်လေးတယ်၊ မဟုတ်တာဆို ပိုဆိုးမှာပေါ့"

"မိဘအတော်များများ ထားတတ်တဲ့စိတ်လို့ ဆိုရမှာပဲ"

"တကယ်တော့ အဖေလုပ်တဲ့ကိစ္စ ကြီးဟာ အများအတွက် အန္တရာယ်မို့ ကျွန်တော်သိရင်လည်း မနေပါဘူး၊ ဖော်ထုတ်မိမှာ အမှန်ပါ"


သူ့စကားကို အကြွင်းမဲ့ယုံကြည်သဖြင့် ခေါင်းတဆတ်ဆတ် ညိတ်မိသည်၊

စင်စစ် ကိုဝင်းကြည် သူလုပ်ရမည့် အလုပ်ကို ဖြောင့်တန်းစွာ လုပ်သွားခဲ့ခြင်းပါ၊ (ဦးရွှေစိုး)ဟူသော သူ့ဖခင် နာမည် စတင်ကြားခဲ့စဉ်က ခေတ္တငိုင် တွေသွားခဲ့ခြင်းကို အမှတ်ရမိသည်၊ မည်သို့ပင်ဆိုစေ (မူးယစ်ဆေးဝါး)အမျိုးမျိုးကိုပြည်သူတစ်ရပ်လုံး၏ အကြီးမားဆုံးအန္တရာယ် (ရန်စွယ်)အဖြစ် တားဆီးကာကွယ် တိုက်ဖျက်ချေမှုန်းရမည် ဖြစ်ရာ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများသာမက ပြည်သူများကလည်း ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်ပေးရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရှိနေခဲ့သည်မဟုတ်ပါလား၊

⟹ မျိုးသစ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကျေးရူးရှင် ဆရာသမားအပေါ်
## စော်ကားမိသူ၏ ဇာတ်သိမ်းမလှပုံ ...

"သိုင်းစွမ်းရည်ပြပွဲနှင့် သိုင်း အလှပြပွဲကြီး" ၏ ဆိုင်းဘုတ်ကြီးသည် ခန့်ခန့်ညားညား ရှိလှသည်။ ထည်ထည်ဝါဝါ ရှိနေ၏။ ဤပြပွဲကြီးကို ပြသမည့်နေရာ၊ ကြီးကျယ်သောခန်းမကြီးသည်လည်း ထည်ထည်ဝါဝါ ရှိလှသည်။ ခန့်ခန့်ညားညား ရှိနေသည်။

လာရောက်ကြည့်ရှုကြမည့် သူများသည် တိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြု ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသဆိုင်ရာ လူကြီးမင်းများ၊ အရာရှိ၊ အရာခံများ၊ စစ်ဘက်ဆိုင်ရာ၊ ရဲဘက် ဆိုင်ရာ၊ အကြီးအကဲများ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ စုံစုံညီညီ ရှိနေ၏။

ပြသမည့်သူများသည် ဆရာကြီး "ဦးထိပ်ခေါင်" နှင့် သူ၏အဖွဲ့၊ လက်ရွေးစင်တပည့်များ ဖြစ်ကြသည်။ ဆရာကြီးဟုဆိုသော်လည်း အသက်သည် သိပ်မကြီးသေး။ အလွန်ဆုံးရှိမှ (၃၇-၃၈) (၄၀) ဝန်းကျင်ပေါ့။ ပညာဂုဏ်၊ အရှိန်အဝါကြောင့် ဆရာကြီးဟု ခေါ်နေခြင်းဖြစ်သည်။

www.burmeseclassic.com

ဆရာကြီး ဦးထိပ်ခေါင်သည် ပင်လယ်ကမ်းခြေအနီး မထင်ရှား သော တောရွာလေးတစ်ရွာတွင် သိုင်းပညာကို သင်ကြားပြီး ကျွမ်းကျင်စွာ တစ်ဖက်ကမ်းခတ် တတ်မြောက်လာခဲ့ရာမှ သူ သင်ကြားပေးခဲ့သော တပည့်များ များစွာပေါ်ထွန်းခဲ့သည်။

ဦးထိပ်ခေါင်သည် တပည့်များနှင့် အတူ အမြို့မြို့ အနယ်နယ်၊ အရပ်ရပ်သို့ လှည့်လည်၍ သိုင်းစွမ်းရည်နှင့် သိုင်းအလှပြပွဲကြီးကို ပြသခဲ့ကြသည်။ နာမည်သည် ကြီးသည်ထက် ပို၍ပို၍ ကြီးလာသည်။ နာမည်ကြီး ဆရာအဖြစ် ဟိုးလေးတကျော် ဖြစ်လာခဲ့သည်။

ယခုပြပွဲတွင် တပည့်များမှ အကောင်းဆုံး၊ အတော်ဆုံး၊ တပည့် (၂၅) ယောက်ကို လက်ရွေးစင် ရွေးထုတ်ပြီး ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ နွှဲခဲ့သည့်ပွဲတိုင်း ပွဲတိုင်းတွင် လူပေါင်း (ပရိသတ်) ထောင်ကျော်၊ သောင်းကျော်အထိ အားပေးခဲ့ကြသည်။

သည်ပွဲသည် ယခင်ပွဲတွေလောက် လူမရှိ။

မများသော်လည်း သည်ပွဲကို ဆရာကြီး ဦးထိပ်ခေါင်သည် အားထား၏။ သဘောကျ၏။ အားရကျေနပ်မှုရှိ၏။ အကြောင်းမှာ ဤပွဲသည် အထက် လူကြီးမင်းများ၊ အရာရှိကြီးများ၊ အထူးဧည့်သည်များ တက်ရောက်အားပေး ချီးမြှောက်ကြသောပွဲကြီးဖြစ်ခြင်းကြောင့် ဖြစ်သည်။ လူကြီးမင်းများ သဘောကျလျှင် ဆုလာဘ်များကို ထိုက်ထိုက်တန်တန် ရရှိနိုင်သည် မဟုတ်ပါလော။

သက်ဆိုင်ရာမြို့နယ်၊ အုပ်ချုပ်ရေး မှူးနှင့်အဖွဲ့ လူကြီးမင်းများသည် နာမည်ကြီးနေသော သိုင်းဆရာကြီး ဦးထိပ်ခေါင် ၏ "သိုင်းအလှပြကွက်နှင့် သိုင်းစွမ်းရည်" များကို ကြည့်ရှုချင်၍ ဆင့်ခေါ်လိုက်ခြင်းကြောင့် ဦးထိပ်ခေါင် လာရောက်ပြသရခြင်း ဖြစ်သည်။

ပထမအစီအစဉ်အဖြစ် "သိုင်းစွမ်း ရည်ပြပွဲ" ကို စတင်ပြသပေးသည်။ ဆရာကြီး ဦးထိပ်ခေါင်သည် တစ်ယောက်တည်း တစ်ဖက်မှ နှစ်ယောက်၊ ပြီးတော့ သုံးယောက်၊ နောက်တော့ လေးယောက်၊ ငါးယောက်၊ ခြောက်ယောက်၊ ခုနစ်ယောက်အထိ။

တုတ်၊ တုတ်ချင်းစွမ်းရည်။ ဓား၊ ဓားချင်းစွမ်းရည်။ လှံ၊ လှံချင်းစွမ်းရည်တို့ကို အချက်ကျကျ ပြသသွားသည်။

တစ်ဖက်က တစ်ယောက်တည်း။ အများနှင့် တိုက်ရသော ကိုက်ကွက်သည် အကြောက်ခမန်းလိလိဖြစ်သည်။ ကြည့်၍ အလွန်ကောင်း၏။

www.burmeseclassic.com

လှုပေါင်း (၂၅)ယောက် ဝိုင်းရံထားသည့်ကြားမှ တစ်ယောက်တည်း ဖောက်ထွက်ရသည့်ပြကွက်၊ တိုက်ကွက်သည် ပို၍ပင် ကြည့်ကောင်းပါဘိတော့။

ကြိုးတုပ်ထားရာမှ တုပ်ထားသော ကြိုးကိုဖြေပြီး ဝိုင်းထားသော လှုသုံးယောက်ကို ခုခံပြီး ထွက်သွားသည်။ ပြခန်းပြကွက်သည် တစ်မျိုးတစ်ဘာသာကြည့်၍ကောင်းလိုက်ပါဘိ။

သိုင်းအကွက်ပေါင်းများစွာ အချက်ပေါင်းများစွာဖြင့် တုတ်သံ၊ ဓားသံ၊ လှံသံတို့ဖြင့် ကြီးမားကျယ်ဝန်းသော ခန်းမတစ်ခုလုံးတွင် ဆူညံနေပြီး ကြည့်ရှုကြသူ လူကြီးမင်းများအတွက် သည်းထိတ်ရင်ဖိုရှိလှပါဘိတော့။

အချိန်သည် တစ်နာရီနီးပါးမျှ ကြာသွားသည်။ ဆယ့်ငါးမိနစ်မျှ အနားယူပြီး ဒုတိယအစီအစဉ်ကို ဆက်လက်ပြသသွားပါသည်။

သေးသွယ်ပြီး လက်ညှိုးလောက်ရှိသည့် တုတ်၊ တစ်လံသာသာရှိသော တုတ်၊ ထို-တုတ်ရှည်ကို အပေါ်သို့ မြှောက်တင်ပြီး ကိုယ်ကို တစ်ပတ်လှည့်၍ ဖမ်းပြခြင်း၊ နောက်ပြန်ဖမ်းပြခြင်း၊ ခါးကိုကုန်း၊ မျက်နှာကို အောက်ငုံ့ပြီး ဖမ်းပြခြင်း။ ထိုင်ပြီး ညာခြေ တစ်ဖက်တည်းနှင့် ခြေမနှင့် ခြေညှိုးညှပ်၍ ဖမ်းပြခြင်း။ ခြေနှစ်ဖက်ဖြင့် ခြေဖဝါးနှစ်ခုညှပ်၍ဖမ်းပြခြင်း။ ပက်လက်လှန်ပြီး ခြေနှစ်ဖက်ဖြင့် ဖမ်းပြခြင်း။ စသည် စသည် ပြကွက်များကို မနားတမ်း ပြသ သွားခဲ့သည်။

ထို့နည်းတူစွာ လှံကို သည်းထိတ်၊ ရင်ဖိုဖွယ်ရာဖြစ်အောင် ကြည့်ရှုကြသူများ အံ့မခန်းဖြစ်လောက်အောင် ပြသသွားနိုင်ခဲ့သည်။

လူကြီးမင်းများ၏ လက်ခုပ်ဩဘာပေးသံများသည် ခန်းမကြီးတစ်ခုလုံး ဆူညံသွားပါတော့သည်။

နောက်ဆုံးပြကွက်သည် ပထမ ပြသသွားသည့် ပြခန်းပြကွက်များထက် အဆများစွာ အံ့ဩစရာကောင်း၏။ သည်းထိတ်ရင်ဖိုဖွယ်ရာလည်းဖြစ်၏။ လွန်စွာမှလည်း ဆန်းကြယ်လွန်းသည်။

၎င်းပြခန်းပြကွက်သည်ကား ...

လှံကိုအပေါ်သို့ပစ်တင်ပြီး ပါးစပ်ဖြင့်ဖမ်း၍၊ သွားဖြင့်ကိုက်၍ဖမ်းပြသော ပြကွက် ဆန်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တအံ့တသြဖြင့်ကြည့်ရှုအားပေးနေကြသောလူကြီးမင်းများသည်ရင်သပ်ရှုမော သည်းထိတ်ရင်ဖိုစွာဖြင့် အံ့မခန်းလီလီဖြစ်သော ပြကွင်းပြကွက်ကို ကြည့်နေကြသည်မှာ မျက်တောင်ခတ်ချိန် မရနိုင်လောက်အောင်ပင် ဖြစ်တော့သည်။

ဤသို့ သည်းထိတ်ရင်ဖိုဖွယ်ရာဖြစ်သော ပြကွက်ဆန်းကို သုံးကြိမ်သုံးခါတိုင်တိုင် ပြသသွားခဲ့ပါသည်။ ပြကွက်များ ပြီးဆုံးပြီဖြစ်၍ ပြပွဲအခမ်းအနားကို ရုတ်သိမ်းလိုက်ပါတော့သည်။

လူကြီးမင်းများမှ ဦးထိပ်ခေါင်အဖွဲ့ပြသသွားခဲ့သော ပြခန်းပြကွက်အားလုံးကို သဘောကျ နှစ်သက်သည်။ ပို၍ ကြိုက်သော အနှစ်သက်ဆုံးသော ပြကွက်သည် နောက်ဆုံးပြသသွားသည့် လုံကို အပေါ်သို့ပစ်တင်ပြီး ပါးစပ်ဟ၍ သွားဖြင့် မိမိရရ ကိုက်၍ဖမ်းပြသော ပြကွက်ဆန်းပင် ဖြစ်တော့သည်။

သည့်ကြောင့် လူကြီးမင်းများမှ ဆရာကြီး ဦးထိပ်ခေါင်အဖွဲ့ကို အသီးသီး ဆုငွေများနှင့် ထိုက်ထိုက်တန်တန် ဆုချလိုက်ပါသည်။ ဦးထိပ်ခေါင်တို့အဖွဲ့ ဆုငွေအဖြစ် ငွေ(၂၅) ရရှိသွားပါသည်။

ခည့်ခံကျွေးမွေးရေးအဖွဲ့မှ လူကြီးမင်းများနှင့် ဦးထိပ်ခေါင်တို့ သိုင်းအဖွဲ့အား ထမင်းဖြင့် ဧည့်ခံကျွေး မွေးရန် ပြင်ဆင်၍နေကြလေပြီ။

သည်အချိန်တွင် ...။

"ဦးထိပ်ခေါင် - ကျွန်တော်တို့မြို့နယ်က လူကြီးတွေအားလုံး စီစဉ်ထားကြပြီးပြီ။ ... ကိုလည်း တင်ပြထားပြီးပါပြီ။ အဲဒါ ဘာလဲဆိုတော့ ကျွန်တော်တို့မြို့မှာ သိုင်းသင်တန်းကျောင်းကြီး ဖွင့်တော့မယ်။ အဲဒီသိုင်းသင်တန်းကျောင်းကြီးမှာ ဦးထိပ်ခေါင်ကို အခုလို တတ်ကျွမ်းအောင် သင်ကြားပြသပေးတဲ့ဆရာကို ခေါ်ချင်တယ်။ ကျောင်းအုပ်ကြီးခန့်ဖို့ပေါ့ဗျာ။ ဦးထိပ်ခေါင်ကတော့ လက်ထောက်နည်းပြဆရာပေါ့။ အဲဒီတော့ ဦးထိပ်ခေါင်ရဲ့ဆရာကို ခေါ်ပေးပါ။ လူကြီးတွေက တွေ့ချင်တယ်။ နာမည်ကတော့ ဘယ်လိုခေါ်လဲ။ ဘယ်မှာနေလဲ။ ကဲပါလေ ...။

ထမင်းသောက်ရင်းစဉ်းစားပေါ့။ ပြီးမှအဖြေပေးပါ။ ကျွန်တော်တို့က ထိုက်ထိုက်တန်တန်ကို လစာပေးမှာပါဟု မြို့နယ်အုပ်ချုပ်ရေးမှူးမှ သိုင်းဆရာကြီး ဦးထိပ်ခေါင်ကို ရှည်ရှည်ဝေးဝေး ပြောပြနေခြင်းဖြစ်သည်။

✪



www.burmeseclassic.com

www.burmeseclassic.com

ဂျိုက်တဲ့သို့ ချွန်ထက်နေသော
လုံအများ၊ လုံသွားသည် အပေါ်သို့
တက်သွားပြီး အောက်သို့ပြန်ကျလာရာ
ပါးစပ်တ၍ သွားဖြင့်အမိအရကိုက်ပြီး
ဖမ်းသော်လည်း သွားဖြင့် မကိုက်မိ၊
မဖမ်းမိတော့ဘဲ အာခေါင်တွင်း
တည့်တည့်မတ်မတ်ကြီး ဝင်သွားကာ
လုံအများသည် လည်တိုင်၊ လည်မျိုထဲ
စိုက်ဝင်သွားပြီး ငုတ်တုတ်၊
ဖင်ထိုင်ကျသွားလေတော့၏



လွန်စွာမှ ဝေးလံသော ပင်လယ်ကမ်းခြေအနီးရှိ မထင်မရှားရှိနေသော ရွာလေး တစ်ရွာတွင် သိုင်းဆရာကြီး အကျော်အမော်တစ်ဦး ရှိသည်။ ထိုဆရာကြီး၏အမည် သည် ဦးမင်းနောင် ဖြစ်သည်။ အသက်သည် ငါးဆယ်ဝန်းကျင်မျှသာ ရှိဦးမည်။

သဘောမနောကောင်းသည်။ အိမ်ထောင်မရှိ၊ တစ်ဦးတည်း တဲတစ်လုံးဖြင့် နေထိုင်သည်။ ဦးမင်းနောင် နေထိုင်သော တဲသည် ရွာထဲ၌ မဟုတ်။ ရွာပြင်ရှိ လယ် ကွင်းစပ်တွင် ဖြစ်သည်။

ဦးမင်းနောင်သည် ဆံဖျားမှသည် ခြေဖျားထိ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေ သော ခရုသင်းများ စွဲကပ်နေသောရောဂါသည်ကြီးဖြစ်သည်။ ကြည့်ရ အလွန်ရ သည်။

ထို – ဆရာကြီး ဦးမင်းနောင်သည် လူငယ်အတော်များများကို သိုင်းပညာ သင် ကြားပေးရာ ထူးထူးချွန်ချွန် တတ်မြောက်ကုန်ကြသည်။ အနီးအနားရှိ ရွာများမှ

www.burmeseclassic.com

လူငယ်များ ပညာကုန်တတ်မြောက်ကုန်ကြသည်။ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားသိပေါ်မှ လူငယ်များသည် ဆရာကြီး ဦးမင်းနောင်ဆီ လာရောက်ပညာသင်ကြ၏။ တပည့်ပေါင်း တစ်ထောင်ကျော်ကျော် ရှိလိမ့်မည်ထင်၏။

ထိုတပည့်များသည် ဆရာကြီးမှ စေတနာမေတ္တာဖြင့် အခကြေးငွေမယူဘဲ သင်ကြားပေးထားခြင်းဖြစ်သည်။

တပည့်များကလည်း တော်ရှာပါသည်။ ဆရာကြီး အဆင်သင့် စားသောက်နိုင်ရန်အတွက် ဆန်အိတ်ကိုဝယ်ပြီးတဲအရောက်ပို့ပေးထား၏။ ဆီဆိုလျှင် ပုံးနှင့်၊ အဆင်သင့်၊ မပုပ်မသိုးနိုင်သော ဟင်းချက်စရာများ အစုံအလင်၊ လက်ဖက်ရည်၊ လက်ဖက်ခြောက် အပြည့်အစုံ ဝယ်ခြမ်းပေးထားကြလေ၏။

ဆရာကြီးအတွက် အမှန်လိုအပ်နေသော ဆေးဝါးအစုံနှင့် မုန့်များ၊ အအေးဘူးများ စုံစုံလင်လင်ရှိနေပါသောကြောင့် ဆရာကြီးအတွက် ပူပင်စရာမလိုအောင်ပြည့်စုံနေပေသည်။

နောက်မှ ပညာသင်ကြားရန် ရောက်လာသော တပည့်သည် ဦးထိပ်ခေါင်ဖြစ်၏။ အမှန်ဆိုရသော် ဦးထိပ်ခေါင်၏ နာမည်ရင်းသည် ဦးလှဝင်းဖြစ်သည်။ ဦးလှဝင်းသည် အခြားအခြားသောတပည့်များထက် ဆရာကြီးအပေါ်၌ အလိုက်သိ၏။ လိမ္မာပါးနပ်၏။ ထို့ကြောင့် ဆရာကြီးမှ ဦးလှဝင်းကို ချစ်သည်။ အလိုက်သိသော တပည့်အလိမ္မာမို့ပို၍ချစ်သည်။ တစ်စမကျန် ပညာကုန်သင်ပေးသည်။

"တဲ - ငါ့တပည့် - မင်းက တပည့်တွေထဲမှာ အတော်ဆုံး။ ဒါ့ကြောင့် - ငါ ပညာကုန်သင်ပေးထားပြီးပြီ။ မင်းလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေပြီပဲ။ သိုင်းလောကဝင်တဲ့နေ့ကစပြီး ငါက ဦးမင်းနောင်ဆိုတော့ ငါ့တပည့်က ခေါင်က အမြဲတမ်းနေရမယ်။ ထိပ်ဆုံးက နေရာယူရအောင် "ထိပ်ခေါင်" လို့ ဆရာ နာမည်ပေးလိုက်မယ်။ ဒီနေ့ကစပြီး ထိပ်ခေါင်နာမည်နဲ့ သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ ထင်ရှားကျော်ကြားတဲ့သူဖြစ်ပါစေ - ဗျား"

သည်ကစ၍ ဆရာကြီး ဦးမင်းနောင်၏ ကျေးဇူးကြောင့် ဆရာကြီးဆုပေးခဲ့သည့်အတိုင်း နာမည်တစ်လုံးနှင့် သိုင်းလောကတွင် ထင်ရှားကျော်ကြား၍နေသူသည် ဦးလှဝင်းတစ်ဖြစ်လဲ ဦးထိပ်ခေါင်ပင် ဖြစ်ပါတော့သည်။

✪



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး ဦးထိပ်ခေါင်သည် ဒံပေါက်ထမင်းကို မြိန်ရေရှက်ရေ စားသော
နေရင်းမှ သူ့ကိုပညာကုန် သင်ပေးခဲ့သော ဆရာရင်းဦးမင်းနောင်နှင့် သူ၏ဖြစ်စဉ်
အတွေးဝင်နေမိခြင်းဖြစ်သည်။

"အင်း – ငါ အမှန်အတိုင်း ပြောလို့ မဖြစ်ဘူး။ ငါ့ဆရာက လူရာမဝင်၊ လူ
မတိုးနိုင်တဲ့ ခရုသင်းစွဲနေတဲ့ ရောဂါသည်ကြီး။ ဒီရောဂါက အနူဆယ်ပါး၊ တစ်ပါးအ
အဝင်ဖြစ်တဲ့ရောဂါ၊ အကြည့်ရဆိုးပါဘိ။ ဒီလောက်အကြည့်ရဆိုးတဲ့ရောဂါသ
ကြီးကို ငါ့ဆရာပါလို့ ပြောလိုက်ရင် ငါ့အတွက် ရှက်စရာကောင်းတယ်။ သိက္ခာ
အများကြီး ကျသွားနိုင်တယ်။ ငါ့ရဲ့ဂုဏ်သိက္ခာတောင် ပျက်ဦးမယ်။

ပြီးတော့ ဆရာကြီးကို ခေါ်လိုက်ရင် သူက ကျောင်းအုပ်ဖြစ်ပြီး ကျောင်းအ
လစာရမှာ။ ငါက လက်ထောက်နည်းပြဆရာဆိုတော့ နည်းပြဆရာလစာပဲ ရ
ဒီတော့ ...

တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ဆိုသလိုငါက သိုင်းသင်တန်းကျောင်းအုပ် လုပ်
တာ။ ဒါမှ ကျောင်းအုပ်လစာရမှာ။ ဆရာကို မရှိတော့ဘူး။ သေပြီလို့ ပြောလိုက်မ
အဲဒီ့အစီအစဉ် ကောင်းတယ်၊ ကောင်းတယ်။ ငါလည်း သိက္ခာမကျတော့ဘူး"

ဟု စဉ်းစားခန်း ဝင်နေမိပါတော့သည်။ အားလုံးစားသောက်ပြီးသွားပြီဖြ
မြို့နယ်အုပ်ချုပ်ရေးမှူးမှ စကားစလာ၏။

"ဘယ့်နယ်လဲ – ဦးထိပ်ခေါင်၊ စဉ်းစားပြီးပြီလား။ ခင်ဗျား ဆရာနာမည် ဘယ
လဲ၊ ဘယ်မှာနေလဲ၊ ခေါ်ခဲ့မယ် မဟုတ်လား"

ဟု မေးခွန်းထုတ်လိုက်ပါသည်။

"အုပ်ချုပ်ရေးမှူးကြီး ခင်ဗျာ၊ ကျွန်တော့်ဆရာ နာမည်က ဦးဝဲကျော်ပါ၊ နေ
ကတော့ အလွန်ဝေးလံတဲ့ ပင်လယ်ကမ်းခြေအနီးက ရွာလေးတစ်ရွာမှာပါ။ အခု –
မရှိတော့ပါဘူး"

"ဗျာ – သူ မရှိတော့ဘူး၊ ခင်ဗျား ဆရာမရှိတော့ဘူး ဟုတ်လား"

မြို့နယ်အုပ်ချုပ်ရေးမှူးကြီးမှ တအံ့ တသြ မေးလိုက်ပါသည်။

"ဟုတ် – ဟုတ်ပါတယ်၊ ဆရာမရှိတော့ပါဘူး၊ လွန်ခဲ့တဲ့ခြောက်လလောက်က
တပဲ ရောဂါနဲ့ ဆုံးသွားရှာပါပြီဗျာ"

www.burmeseclassic.com

www.burmeseclassic.com

ဦးထိပ်ခေါင်သည် ပညာကုန် သင်ကြားပေးသော သက်ရှိထင်ရှားရှိနေသည့် ဆရာရင်းကို နာမည်လိမ်ပြီး သေစာရင်းသွင်းကာ ပြောလိုက်ပါတော့သည်။

"အေးပေါ့ဗျာ - သေသွားပြီဆိုတော့လည်း ဘာတတ်နိုင်တော့မှာလဲ။ ဦးထိပ်ခေါင်လည်း အကျော်အမော်ဆရာကြီးတစ်ယောက်ပဲ။ ခင်ဗျားပဲ သိုင်းသင်တန်းကျောင်းမှာ ကျောင်းအုပ်ကြီးအဖြစ်နဲ့ တာဝန်ယူပေးပါ။ လစာကောင်း ကောင်းပေးမှာပါ။

နောက်ပြီး ဦးထိပ်ခေါင်တပည့်တွေထဲက အကောင်းဆုံး အတော်ဆုံးလူကို ရှာပေးပါ။ လက်ထောက်သင်တန်းနည်းပြဆရာခန့်မယ်။ ကဲ - ဖြစ်တယ်မဟုတ်လား"

ဆရာကြီး ဦးထိပ်ခေါင်သည် မြို့နယ်အုပ်ချုပ်ရေးမှူး၏စကားကို ကြားရလေသောအခါ ငါ့အတွေး မှန်သွားပြီ၊ ငါ့စိတ်ကူးမှန်သွားပြီ။ ငါ့တွက်ကိန်း ရာနှုန်းပြည့်ဝင်သွားပြီဟု တွေးမိပြီး ဝမ်းသာသွားမိသည်။

"ဖြစ်ပါတယ်။ အုပ်ချုပ်ရေးမှူးကြီး ခင်ဗျာ။ ကျွန်တော် စိတ်ကြိုက် တပည့်တစ်ယောက်ကိုလည်း ခေါ်ပေးပါ့မယ် ခင်ဗျာ"

ဟု အားရဝမ်းသာ ပြောလိုက်ပါတော့သည်။

"ကဲ - ဒီလိုဆိုရင် အလုပ်ကိစ္စအတွက် လုပ်ရိုးလုပ်စဉ်အတိုင်း စာချုပ် ချုပ်ကြတာပေါ့။ အဲ - မချုပ်ခင်လေးမှာ ဦးထိပ်ခေါင် နောက်ဆုံးပြသွားတဲ့ ပြကွက်ကို လူကြီးတွေအားလုံးက ကြည့် ချင်နေကြတယ်၊ မျှော်လင့်နေကြတယ်၊ အဲဒီပြကွက်ကို နောက်ဆုံးနှုတ်ဆက်တဲ့ အနေနဲ့ ထပ်ပြီးပြပေးပါဦးဗျာ။ ပြီးမှပဲ စာချုပ် ချုပ်ကြတာပေါ့"

လူကြီးမင်းများ၏ တောင်းဆိုချက်အရ နောက်ဆုံးနှုတ်ဆက်သည့်အနေဖြင့် ဦးထိပ်ခေါင်သည် နောက်ဆုံးပြကွက်ဖြစ်သော လှံကို အပေါ်သို့ မြှောက်တင်ပြီး ပါးစပ်ဟကာ သွားဖြင့် မိမိရရကိုက်ပြီး ဖမ်းပြနိုင်သည့်ပြကွက်သည် မလွယ်ရေးချ မလွယ်။ အသက်အန္တရာယ်ရှိ၏။ သည်သို့မလွယ်ကူသော အသက်အန္တရာယ်ရှိသော ဆန်းကြယ်လွန်းလှသည့် အံ့မခန်းပြကွက်ဆန်းကို နှစ်ကြိမ်တိုင်တိုင် ပြသသွားခဲ့သည်။

လူကြီးမင်းများသည် သဘောကျ၊ နှစ်မြို့က်လွန်းသောကြောင့် လက်ခုပ်ဩဘာပေးကြကုန်၏။ နောက်ဆုံး သုံးကြိမ်၊ သုံးခါမြောက်၊ ထပ်၍ပြသလေသည်။ လှံ၏


www.burmeseclassic.com

www.burmeseclassic.com

အဖျား၊ လုံသွားသည် သန်လျက်သဖွယ်ရှိ၏။ သုံးမြှောင့် သဏ္ဍာန်ဖြစ်၏။ ချွန်သည်၊ ထက်သည်၊ ဤကဲ့သို့ ချွန်ထက်နေသော လုံအဖျား လုံသွားသည် အပေါ်သို့ တက်သွားပြီး အောက်သို့ ပြန်ကျလာရာ ပါးစပ်ဟ၍ သွားဖြင့် အမိအရကိုက်ပြီးဖမ်းသော်လည်း သွားဖြင့် မကိုက်မိ၊ မဖမ်းမိတော့ဘဲ အာခေါင်တွင်း တည့်တည့်မတ်မတ်ကြီး ဝင်သွားကာ လုံအဖျားသည် လည်တိုင်၊ လည်မျိုထိ စိုက်ဝင်သွားပြီး ငုတ်တုတ်၊ ဖင်ထိုင်ကျသွားလေတော့၏။

ခန္ဓာကိုယ်ကြမ်းပြင်အရောက် အသက်ပါပျောက်သွားလေတော့သည်။ ဦးထိပ်ခေါင် ပြကွက်ဆန်းပြရင်း သေရှာပြီ။

"ဟာ"၊ "ဟင်"၊ "အို" ဟူသော အံ့သြသောအသံများသည် တစ်ခဏချင်း ပေါ်ပေါက်လာကာ ခန်းမကြီးတစ်ခုလုံး အုန်းအုန်းကျွက်ကျွက်၊ ဆူဆူညံညံ ဖြစ်သွားပါတော့သည်။

⍟

ငါးလေးကို အပေါ်သို့ မြှောက်ကာ မြှောက်ကာဖြင့် အောက်ကိုလာသောငါးကို ပါးစပ်ဖြင့်ဖမ်း၊ ဖမ်းပြီးစားနေသော ဖျိုင်းလေးကိုကြည့်ကာ သဘောကျသောကြောင့် တုတ်ဖြင့် လေ့ကျင့်ယူသည်။ တတ်မြောက်လာသောအခါ လူငယ်သည် ဘုရင် ရှေ့တော်မှောက် ရောက်လာပြီး အစားဝင်၍ ပြကွက်ဆန်းကို ပြသသည့်အခါ ဘုရင်မှ သဘောကျနှစ်သက်တော်မူ၍ ဆုတော်လာဘ်တော်များ ပေးသနားခဲ့လေ၏။

"သင့်ဆရာ မည်သူနည်း" ဟု မေးမြန်းသောအခါတွင် ဆရာဖြစ်သူသည် တိရစ္ဆာန်၊ ဖျိုင်းဟု ပြောရမည်ကို ရှက်သောကြောင့် "ဆရာမရှိပါ၊ အလိုလို တတ်မြောက်လာခြင်းသာ ဖြစ်ပါတယ် မင်းကြီး" ဟု လိမ်ညာပြောဆိုပြီး ဆရာကို ပြစ်မှားမိလေသောကြောင့်၊

ဆရာ ကာပြန်၊ အာခေါင်လုံတုတ်စူးရသည့်အဖြစ်ကို ဦးထိပ်ခေါင် သိမှ သိပါလေစ၊

အခုတော့ဖြင့် ...။

မချွင်းမချန်၊ တစ်စမကျန်၊ ပညာ ကုန်သင်ပေး၊ နည်းပေး၊ လမ်းပြ၊ ဆိုဆုံးမသည့် အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင် ဆရာသခင် ခင်ပွန်းကြီးဆယ်ပါးတွင်လည်း တစ်ပါး ပါဝင်နေသော မြတ်သောဆရာ၊



www.burmeseclassic.com

www.burmeseclassic.com

သည်ဆရာသမားကိုမှမူမမှန်၊ တစ်ယူသန်ဖောက်ပြန်၍အကြံပက်စက်ယုတ်မာ ချက်ကမ်းကုန်စွာဖြင့် (မနော) "စိတ်ရိုင်း"ဖြင့် ကြံစည်၍ စော်ကားမိခြင်းကတစ်မျိုး၊

"စိတ်"မှကြံစည်သည့်အတိုင်းနှုတ်(ဝစီ)မှပြောထွက်ဝံ့သည့်မုသား၊ တမာထက် ခင် ခါး၏၊

ဆရာကြီးဦးထိပ်ခေါင်သည် ဝစီကံ၊ နှုတ်ဖြင့်လည်းကောင်း၊ မနောကံ "စိတ်၊ စိတ် ရိုင်း"ဖြင့်လည်းကောင်း ကံနှစ်ပါးဖြင့်ပင် ကံကြီးထိုက်သွားပြီဖြစ်၏၊ ထိုမကောင်းမှု အကုသိုလ်ကံ၏ မိဋ္ဌဓမ္မ အကုသိုလ်အကျိုးပေးခြင်းကို ခံလိုက်ရတော့သည်၊

သည် အကုသိုလ်ကံသည် ကံကြီးထိုက်သူအပေါ်တွင် "စီမံ" လိုက်သည်မှာ "သေဒဏ်"ဖြစ်၏၊ ဦးထိပ်ခေါင်ပြသသောပြကွက်ဆန်းသည် လွန်စွာမှလှပပါသည်၊ ညည်သို့ပင် လှပနေပါသော်လည်းပြသသူ၏ "စိတ်ရိုင်း" မလှပ၊ အကျည်းတန်၊ အရုပ် ဆိုးလွန်းပါသောကြောင့်၊

ဦးထိပ်ခေါင်သည်လည်း ဇာတ်သိမ်းမလှဘဲ သေပွဲဝင်ရှာပါတော့သည်တကား၊

"သုခီ အတ္တာနံ ပရိဟရန္တု"

⇒ **မောင်လေးအောင် (သန်လျင်)**

**မင်းတုန်းမင်းသုံးဆိုသည့်အားဆေး**


- ပရန္နဝါးပါးပါးလွှာ၊ သကာပျားနှင့်ဖက်၊ ဒန့်သလွန်ပွင့်၊ အုန်းဆံရင့် ချိန်သင့်ညီမျှစွာ စွက်၍သုံးဆောင်ပါ၊

**မျက်စွာတွန့်အရေးအကြောင်းပျောက်နည်း**

- လက်ဖနောင့်နှစ်ဖက်ကို မေးစေ့တွင် ယှဉ်ထားပြီး နား သယ်မွေးထိ ရောက်အောင် ဆွဲတင်ပေးပါ၊
- လက်ဖနောင့်နှင့်မျက်လုံးအောက်ဘက်ကိုဖိ၍နားသယ် ဆီသို့ ဆွဲတင်ပေးပါ၊


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လေသေနတ်ဖြင့် အမဲလိုက်သည်ဆိုသည့်အတိုင်း လေသေနတ်ဆိုသည်မှာ မည်သည့်သေနတ်ဖြစ်ကြောင်း သိရှိလိုပါက ဖတ်ရှုရန်

တစ်ရက် ကျွန်တော့်အိမ် "ကျော်မိုး"ရောက်နေစဉ်ရန်ကုန်မှ မှဆိုးစာရေးဆရာ "ကျော်စိုးဗိုလ်"၏ဖုန်းဝင်လာသည်။

"ဟဲလို - ဦးဘမင်းလား။ ကျွန်တော် ကျော်စိုးဗိုလ်ပါ"

ဘမင်း ။ "ဟုတ်ပါတယ်။ ကျွန်တော် ဦးဘမင်းပါ - ပြော။ ဘာကိစ္စများ အရေးကြီးတာရှိလို့လဲ - ကိုကျော်စိုးရ"

ကျော်စိုးဗိုလ် ။ "အင်း - ကိစ္စကတော့၊ ဦးဘမင်းရဲ့စာမူကိစ္စကလေး အတွက်ပါ"

"ဟုတ်လား - ဆိုပါဦး။ ကျွန်တော့်ရဲ့ဘယ်စာမူကိစ္စများလဲ။ ကျွန်တော်တို့ စုပေါင်းထုတ်မယ်ဆိုတဲ့ စာမူကိစ္စလား"

"မဟုတ်သေးဘူး။ အခုဟာက ဦးဘမင်း "သည်းထိတ်ရင်ဖို" တိုက်ကို ပို့ထားတဲ့စာမူကိစ္စပါ"

"ဟုတ်လား - ဘာပြုလို့တဲ့တုံး။ ကျွန်တော် ပို့ထားတဲ့စာမူတွေက လေးငါးဆယ်စုလောက် ရှိတယ်။ ဘယ်ခေါင်းစဉ်နဲ့ စာမူတဲ့လဲ"

"ခေါင်းစီးနာမည်အတိအကျတော့မမှတ်မိလိုက်ဘူး။ ဒါပေမဲ့ - တာဝန်ခံ အယ်ဒီတာပြောသွားတာ။ ကျွန်တော် မှတ်မိလိုက်တာကတော့ လေသေနတ်နဲ့အမဲကြီး၊ စိုင်၊ ပြောင်၊ ဆင်၊ ကျားတွေပစ်သည့် စာမူလို့ ပြောသွားတာပဲ။ ဦးဘမင်း ဘာတွေ ကလောင်စွဲနဲ့ပြီး မဟုတ်မဟတ် လုပ်ဇာတ်တွေ ထွင်ရေးလိုက်တာတုံး"



www.burmeseclassic.com

www.burmeseclassic.com

"ကြံကြီးစည်ရာ – ကိုကျော်စိုးရာ၊ ခင်ဗျားတို့၊ ကျွန်တော်တို့လို တကယ်လက်တွေ့လုပ်နေတဲ့လူတွေအဖို့ အမှန်အကန်အကြောင်း ရေးစရာတွေ အများကြီးပါဗျာ၊ သူများအထင်သေးစရာ၊ ဝေဖန်စရာဖြစ်အောင် မဟုတ်မဟတ် လုပ်ဇာတ်တွေ ကြံဖန်ရေးပုံ့မလား၊ ကိုကျော်စိုးကရော ကျွန်တော် အဲဒီလို သူများဝေဖန်၊ ကဲ့ရဲ့အထင်သေးစရာကိစ္စ တွေ ရေးမယ်ထင်လို့လား"

"ထင်လို့ရယ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ – တာဝန်ခံအယ်ဒီတာကိုယ်တိုင်က လက်ဖက်ရည်ဆိုင် (လေအန်ကုန်း)မှာတွေ့လို့ အသေအချာပြောသွားလို့ပါ"

"ကဲ – ဆိုပါဦး – အယ်ဒီတာက ဘာတွေ ဘယ်လိုပြောသွားတယ်ဆိုတာလေး၊ ဒါမှ – ကျွန်တော် စဉ်းစားလို့ရမှာ"

"သူပြောသွားတာကတော့ "ဆရာစိုး၊ မိတ်ဆွေ၊ ဘော်ဒါကြီး၊ ဆရာမန္တလာသားကို ပြောပေးစမ်းပါဦး၊ ခါတိုင်းရေး နေကျအတိုင်း ရေးရိုးရေးစဉ်ပဲ ရေးပေးပါလို့၊ တလောင်တွန့်ပြီး မဟုတ်မဟတ် လုပ်ဇာတ် လေသေနတ်နဲ့ စိုင်၊ ပြောင်၊ ဆင်၊ ကျား တွေ ပစ်တာမျိုး မရေးသင့်ဘူးလို့၊ အတော်ကြာ စာဖတ်သူပရိသတ်က ဝေဖန်စရာ၊ ကဲ့ရဲ့စရာတွေဖြစ်ကုန်ပြီး သိက္ခာကျမှာစိုးလို့ပါတဲ့၊ နောက်ပြီး ထည့်ပေတဲ့ ကျွန်တော်တို့ အယ်ဒီတာတွေလည်း အပြစ်တင်၊ အထင်သေးစရာတွေ ဖြစ်သွားမှာစိုးလို့ပါ" လို့ ဆိုတယ်"

"အေးဗျာ – သူပြောသလို မဟုတ်မဟတ်လုပ်ဇာတ်၊ လေသေနတ်နဲ့ ဆင်တွေ၊ ကျားတွေ၊ စိုင်တွေ၊ ပြောင်တွေပစ်တဲ့အကြောင်းလည်း ကျွန်တော် မရေးမိပါလားဗျာ၊ အယ်ဒီတာ တစ်ခုခုတော့ လွဲနေပြီထင်တယ်၊ အဲ – တစ်ခုတော့ တွေးမိပြီ၊ ကျွန်တော် ပို့ထားတဲ့စာမူတွေထဲမှာ လေသေနတ်ပါတာဆိုလို့ "လေသေနတ်သမားနဲ့ အမဲကြီးများ" ဆိုတဲ့ စာမူတော့ပါတယ်၊ အဲဒါများ ညွှန်းပြောတာလားတဲ့"

"အဲ – ဟုတ်မယ်ထင်တယ်၊ အဲဒီစာမူထဲမှာ ဦးဘမင်း ဘာတွေရေးလိုက်လဲ၊ သူပြောသလို လေသေနတ်နဲ့ ဆင်၊ ကျား၊ စိုင်၊ ပြောင်အမည်းကြီးတွေပစ်တာ ရေးထားမိသေးလား"

"ဟာ – ဘယ်ကလာ ရေးရမှာလဲဗျာ၊ ကျွန်တော်ရေးထားတာက လေသေနတ်လောက် ပစ်ဖူးတဲ့ မုဆိုးဝါသနာ အိုးလေးတွေက ကျွန်တော့်ကို အမဲကြီးပစ်လိုက်ချင်တယ်ဖြစ်မလားလို့မေးတာကို၊ ကျွန်တော်က တကယ့်အဖြစ်အပျက်ကလေးတွေကို အတိုးအကား ဥပမာ၊ ဥပမေယျနဲ့ သိလွယ်မြင်လွယ်၊ သဘောပေါက်လွယ်အောင်

www.burmeseclassic.com

ပြောဆိုတင်ပြထားတဲ့ ပညာပေးသဘောမျိုး ရေးထားတာပါဗျာ။ မဟုတ်မဟတ် လုပ်ဇာတ်၊ မတော်တရော် တစ်ခုမှမပါပါဘူး။ ကိုကျော်စိုး သွားဖတ်ကြည့်လိုက်ပါဦး"

"အေးဗျာ - ဒါဖြင့် ဘာလို့များ အယ်ဒီတာက ဒီစကားပြောသွားတာပါလိမ့်"

"ဟုတ်တယ် - ကျွန်တော်လည်း အဲဒါပဲ သိချင်နေတယ်။ တစ်ခုစဉ်းစားမိတာတော့ ရှိတယ်။ အယ်ဒီတာဆရာက ကျွန်တော့်စာမူကို အသေချာ လုံးစေ့ပတ်စေ့ မဖတ်ရသေးဘဲ ခေါင်းစဉ် "လေသေနတ်သမားနဲ့ အမဲကြီးများ" ဆိုတဲ့ စာသားမြင်ပြီး လေသေနတ်နဲ့ အမဲကြီး စိုင်၊ ပြောင်၊ ဆင်၊ ကျားတွေကို ပစ်တာ ရေးထားတာနေမှာပဲလို့အထင်နဲ့ စိတ်စောပြီး ပြောလိုက်တာများလားပဲ"

"အား - ဖြစ်နိုင်တယ် - ဦးဘမင်းရေ။ အယ်ဒီတာပြောတဲ့စကားထဲမှာ သူ့လက်ဖက်ရည်ဆိုင် မလာခင်လေးတင်၊ ခင်ဗျားစာမူ ထုတ်ဖတ်ခဲ့တယ်ဆိုတော့ အကြောင်းအရာ စာသားအကုန် မဖတ်ရသေးဘဲ ခေါင်းစဉ်လောက် ဖတ်ခဲ့ရသေးတာနေမှာ။ ဒါကြောင့်လည်း ခင်ဗျားပြောသလိုအထင်နဲ့ စိတ်ပူပင်ပြီး ပြောတာနေမှာပါ"

"အေးပေါ့ဗျာ - သူကတော့ စိတ်ပူပင်ပြီး စေတနာထားလို့ ပြောလိုက်တာပဲ။ ဒါပေမဲ့ - ကာယကံရှင် ကျွန်တော်ကတော့ လောလောဆယ် ကိုယ်မလုပ်တဲ့ ကိစ္စ ဘယ်သူတွေများ အပုပ်ချလိုက်တာလဲလို့ နိုးလို့ခုလု ဖြစ်သွားတာပေါ့"

"အစကတော့ ကြားကြားချင်း ကျွန်တော်လည်း ဦးဘမင်း ဘာလို့များ ဒီလိုလုပ်ချလိုက်ပါလိမ့်ဆိုပြီး စိတ်ထဲဇဝေဇဝါဖြစ်သွားသေးတယ်။ ဒါပေမဲ့ - အခုတော့ ရှင်းသွားပါပြီ။ လာပြောတဲ့ အယ်ဒီတာကိုလည်း စိတ်ထဲမှာ ဘယ်လိုမှ မမြင်ပါနဲ့ဗျာ၊ သူက ကျွန်တော်တို့ ခင်ဗျားတို့ကို လေးစားခင်မင်အထင်ကြီးပြီး သားမို့ ကောင်းစေချင်လို့၊ သူများပြောစရာ၊ ဝေဖန်စရာဖြစ်မှာစိုးလို့ အပူအပင်ပိုပြီး ဝီရိယလွန်ကဲပြောမိတာနေမှာပါ"

"ဟုတ်ပါပြီဗျာ - ကိုယ့်အပေါ် စေတနာနဲ့ ဝီရိယလွန်ကဲပြောသွားတာဆိုတော့ စိတ်ထဲမှာ ဘယ်လိုမှမခံစားပါ ဘူး။ ကျွန်တော်ကိုယ်၌ကလည်း တစ်ဖက်သားရဲ့ စေတနာကို တန်ဖိုးထားတတ်တဲ့သူဆိုတာ ကိုကျော်စိုး သိပါတယ်။ ကိုင်း - ကိုင်း - ဒါပဲနော် - ဖုန်းချလိုက်တော့မယ်။"

"အိုကေ - ဦးဘမင်းရေ - အိုကေ"

✪



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို - စာရေးဆရာ ကျော်စိုးဗိုလ်ဆီကလား။ ဘာတွေပြဿနာတက်၊ လုပ်ရှုပ်နေကြတာလဲ"

ကျော်မိုးက ကျွန်တော် ဖုန်းပြောနေတာကို နားထောင်ပြီး မေးလိုက်ခြင်း ဖြစ်သည်။

"ဟုတ်တယ် - ကျော်စိုးဗိုလ်ဆီက ဖုန်းပါ။ အထူးအထွေ ပြဿနာမဟုတ်ပါဘူး ကွာ။ အစ်ကို့စာမူတစ်ခုအတွက်ပါ"

"ဘာလဲ - နှစ်ယောက်ပေါင်း စာအုပ်ထုတ်မလို့လား"

"မဟုတ်ပါဘူးကွာ။ အစ်ကိုရေးလိုက်တဲ့ "လေသေနတ်သမားနဲ့ အမဲကြီးများ" ဆိုတဲ့စာမူကလေး ကိစ္စပါ"

"အဲဒီစာမူထဲမှာ အစ်ကိုက ဘာတွေရေးလိုက်လို့လဲ။ မတော်တရော်တွေ လန်ကြုတ်လုပ် ရေးလိုက်လို့လား"

"လာပြန်ပြီတစ်ယောက် - ငါရေးတဲ့ဝတ္ထုတွေမှာ ဇာတ်ကောင်အဖြစ် မင်းအများဆုံး ပါနေတာပဲ။ ငါ ဘယ်တုံးက မဟုတ်တာ လန်ကြုတ်လုပ်ရေးဖူးလို့လဲ။ တကယ့်ဖြစ်ရပ်မှန်တွေအခြေခံရေးတာပဲမို့လား။ အခုလည်းငါရေးထားတာက တကယ့်အဖြစ် ဟာသရေးထားတာကို ဆရာအယ်ဒီတာက စာသားမဖတ်ရသေးဘဲ ခေါင်းစဉ်ဖတ်ပြီး အတွေးအထင်နဲ့ စိတ်ပူပင်ပြီး ယုတ္တိယုတ္တာမရှိတဲ့ လေသေနတ်နဲ့ အမဲကြီး စိုင်၊ ပြောင်၊ ဆင်၊ ကျားတွေပစ်တာ ရေးရပ့ါမလားဆိုပြီး ကျော်စိုးဗိုလ်ကတစ်ဆင့် ပြောခိုင်းလို့ပါကွာ"

"အစ်ကို့စာမူထဲမှာရော တကယ်လေသေနတ်နဲ့ စိုင်၊ ပြောင်၊ ဆင်၊ ကျားတွေ ပစ်တာရော ပါလို့လား"

"မပါပါဘူး - ကျော်မိုးရာ။ ခေါင်းစဉ်ကြည့်ပြီး အထင်နဲ့ အပူအပင်ပိုပြီး ပြောတာပေါ့"

"အင်း - လေသေနတ်နဲ့ စိုင်၊ ပြောင်၊ ဆင်၊ ကျားပစ်တာ၊ ရတာတော့ မပြောတတ် လေသေနတ်နဲ့ ဆတ်ဖားချိုကားကြီးရတာတော့ ကျွန်တော့်မျက်မြင် ကိုယ်တွေ့မို့ အစ်ကို ရေးချင်ရေးပါလား"

"လုပ်ပြန်ပြီ။ မင်းက ငါ့ကို အဝေဖန်ခံရအောင်၊ သိက္ခာကျအောင် လုပ်နေပြန်ပြီ။ လေသေနတ်နဲ့ ယုန်၊ ကြောင်၊ ချေလောက်ရတယ်ဆိုတာ လက်ခံနိုင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ဆတ်ဖားကြီး လေသေနတ်နဲ့ ရတယ်ဆိုတာကတော့ နည်းနည်းလွန်လွန်းမနေဘူးလား။ ဆတ်ပေါက်စလေးဆိုရင်တော့ ထားပါတော့"

"အော် - အစ်ကိုက ကျွန်တော် နောက်နေတယ်ထင်လို့လား၊ ဆတ်မှ (၆) စထောင်ချိုကား ဆတ်ဖားကြီးဗျ၊ လက်တွေ့ပစ်ရခဲ့တဲ့လူတွေ မသေကြသေးပါဘူး ရှိပါသေးတယ်၊ သက်သေပြနိုင်ပါသေးတယ်"

"ဘယ်က ဘယ်သူတွေလဲ၊ ပြော စမ်းပါဦး - သိရအောင်"

"တခြားလူတွေမဟုတ်ပါဘူး၊ တကောင်း၊ ကျောက်အိုက်ရွာက အစ်ကိုရဲ့နောက်လိုက်တွေဖြစ်တဲ့ မောင်ပေ၊ မောင်ရွှေ၊ မောင်ငွေတို့ မှဆိုးညီအစ်ကိုတွေပဲလေ"

"ဟော့ - ဟုတ်ရဲ့လား - ကျော်မိုးရာ၊ ဘယ်တုံးကလဲ၊ ငါတောင် မသိလိုက် မကြားလိုက်ပါလား"

"ကျွန်တော် သစ်သွားလုပ်တုန်းကလေ၊ အစ်ကိုက နောက်ပိုင်း သေနတ်တွေမရှိတော့တဲ့နောက်ပိုင်း တကောင်းတောမှ မရောက်တော့တဲ့ဥစ္စာ၊ ဘယ်သိတော့မှာလဲ၊ ကျွန်တော်ကလည်းစကားမစပ်မိတော့မပြောဖြစ်ဘူး၊ အခုတော့လေသေနတ်နဲ့ အမဲကြီးပစ်တဲ့အကြောင်းစကားစပ်မိလို့ ပြောပြရမှာ၊ တစ်ခုတော့ရှိတယ်နော်၊ ကျွန်တော်ပြောပြတဲ့ တကယ့်ဇာတ်လမ်း အစ်ကိုရေးလို့ စာမူခရရင်တော့ ပြောပြခ၊ ကုန်ကြမ်းပေးခ ဘီယာအဝတိုက်ရမှာနော်"

"အောင်မာ - အောင်မာ - သူ့ဇာတ်လမ်းကဖြင့် ရေးမရေးရသေးဘူး၊ အဖိုးအခ ဘီယာအဝတိုက်ရမှာတဲ့၊ အေး - မင်းဒီလောက် ဘီယာသောက်ချင်နေမှတော့ အခု တိုက်လိုက်ပါ့မယ်ကွာ၊ ခဏနေဦး - နောက်ဖေးသွားပြီး နို့ဆီခွက်နဲ့ အပြည့်ထည့်ခဲ့မယ် - ဟဲ - ဟဲ - ဟဲ"

"ထွီ - ဖွီ - ခကောင်းလိုက်တဲ့စေတနာဗျား"

⍟

တကောင်းတော "မပေါ်ရာ" စခန်းတွင်ကား -

"မီးခိုးက တလူလူ၊ လူသူတွေက စည်စည်ကား၊ ကျွဲနွား၊ ခလောက်၊ ဒုဒင်သံနဲ့ ရှီးရှဲသံ ညံ့မစဲတယ်၊ ကျော်မိုးရဲ့သစ်စက်တဲ"

မှန်ပါသည်၊ မန္တလေးမှ ကိုကျော်မိုးတစ်ယောက် တစ်ချိန်က သူ့ဖူးလုပ်၊ တော လည်ခဲ့သော တကောင်း၊ ကျောက်အိုက်တော၊ မပေါ်ရာစခန်း၌ သစ်လုပ်ငန်းလုပ်



www.burmeseclassic.com

www.burmeseclassic.com

လျှက်ရှိရာ သူ၏သစ်စက် တဲစခန်းတွင် မိတ်ဆွေအပေါင်းအသင်းများ၊ အလုပ်သမားများ၊ ချက်လိုက်ပြုတ်လိုက်၊ စားလိုက်သောက်လိုက်နဲ့ စည်စည်ကားကားရှိသလောက် သူတို့ရဲ့သစ်ဆွဲ၊ သစ်တိုက်လုပ်ငန်းများအတွက် ကျွဲနွားများမှာလည်း ခလောက်သံ၊ ခွံအင် သံ စီစီညံနေတော့သည်။ ဒီအထဲ သစ်စက်၊ သစ်ခွဲသံကလည်း တရှီးရှီး၊ တရှဲရှဲ နားကွဲလုမတတ်၊ မရပ်မနား ကြားနေရပြန်သည်။

ဘာပဲပြောပြော၊ ကျော်မိုးတစ်ယောက် ကြီးပွားရာ ကြီးပွားကြောင်း အခွင့် ကောင်းသိသူ၊ လာဘ်မြင်သူဟု ပြောရပေမည်။ တစ်ချိန်တစ်ခါက သူ မုဆိုးလုပ်၊ တော လည်ခဲ့သော ဒီတောတွင် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ ယင်းမာ၊ တမလန်း အစရှိသော သစ်မာသစ်ကောင်းများ ပေါ များသလို အင်၊ ကညင်၊ တမာ၊ သမနေ၊ လက်ပံ၊ ဒီးဒူး၊ ဂုတ်ဟဲ အစရှိသည့် သစ်ကြီး၊ ဝါးကြီးများလည်း လက်ညှိုးထိုး မလွဲအောင် ပေါများလှပေရာ သူ့လုပ်ငန်းအတွက် ပီတိဆိုက်နေတော့သည်။

တကောင်း၊ ကျောက်အိုက်ရွာများတွင် နေထိုင်၊ တောလည်၊ မုဆိုးလုပ်ခဲ့သဖြင့် လည်း အသိအကျွမ်းမိတ်ဆွေတွေက ပေါမှပေါ။ ဒါကြောင့် အလုပ်သမားများအတွက် လည်း ပူစရာမလို။ သူလိုသည်ဆိုက အချိန်မရွေး လိုတာထက်တောင် ပိုနေသေး သည်။ အရင်တစ်ချိန်က ကြိမ်ခုတ်၊ ဝါးခုတ်၊ သနပ်ခါးခွဲလုပ်နေကြသော ရွာသူရွာသား များမှာလည်း ကျော်မိုးသစ်စက်လည်မှ သစ်ရာ၊ သစ်ခုတ်၊ သစ်ထုတ်၊ သစ်တိုက် လုပ်ငန်းများရကာ ဝမ်းခါးလှလှ၊ ဝတ်ကြ၊ စားရသဖြင့် ကျော်မိုးမှာ ကယ်တင်ရှင်၊ ကျေးဇူးရှင်ကြီး ဖြစ်နေတော့သည်။

အထူးသဖြင့် သူနဲ့ ဒိုးတူပေါင်ဖက် မုဆိုးလုပ်၊ တောလည်ခဲ့ကြသော အပေါင်း အသင်းများက သူလိုသမျှ အခက်အခဲမှန်သမျှ ပံ့ပိုးကူညီ၊ ဖြေရှင်းပေးခဲ့ကြသည်။

အခုလည်း သူအလိုရှိသော ပိတောက်ပွေး၊ ပိတောက်စကွဲယားများ ရရှိရန် အတွက် တောကျွမ်းလှသော သူ့မုဆိုး၊ ညီအစ်ကိုများဖြစ်ကြသည့် မောင်ပေ၊ မောင် ချွေ၊ မောင်ငွေတို့ကို လူကြုံမှာ၍ အမြန်လာရန် စကားပါးလိုက်ခြင်းဖြစ် သည်။

သူ့ရည်ရွယ်ချက်မှာ မုဆိုးညီအစ်ကို များ ရောက်လာလျှင် လိုအပ်သည့် ခွဲသား ကျွန်း၊ ပိတောက်၊ တမလန်း မှန်း ထားသည်ထက် ရအောင် တောနင်းရှာဖွေခိုင်းခုတ် ခိုင်းပြီး အားလပ်ချိန်များတွင် သူတို့ဝါသနာပါသော တောလိုက်တောလည် မုဆိုးလုပ်၊ အမဲသားငါး ရှာကြရန် ဖြစ်သည်။ အဲဒီလိုရှာနိုင်ရန်အတွက်လည်း စပါယ်ရှယ် တူမီး

www.burmeseclassic.com

ကောင်းကောင်း နစ်လက်နှင့်ခဲယမ်း လိုလေသေးမရှိအောင် ဝယ်ထားပေးလိုက်သည်။

တကယ်လည်း သူ မျှော်မှန်းထားသလို မောင်ပေ၊ မောင်ရွှေ၊ မောင်ငွေတို့က လိုအပ်သော သစ်ဝါးများကို ရှာနိုင်ဖွေနိုင်သူများဖြစ်သည့်အပြင် သားငါးရှာ တောလည်ရာတွင်လည်း "ဇ"ရှိပြီးသူများ ဖြစ်ကြသည်။

အစတုန်းကတော့ မန္တလေးမုဆိုးများ ဖြစ်ကြသော မသုံးလုံး ဦးစိန်ဝင်း၊ ပြတိုက်မှူး ဦးဝင်းမောင်၊ ကျောင်းဆရာ ဦးတင်မောင်ညွန့်၊ ကုန်သွယ်ရေး ဦးဘမင်းနှင့် ဓာတ်သတ္တုရှာဖွေရေးအရာရှိဦးမောင်မောင်မြင့် အစရှိတဲ့ မြို့မုဆိုးများ၏ နောက်လိုက် ကျွဲကျောင်း၊ နွားကျောင်း၊ အမဲဖျက်၊ ဟင်းကိုင်၊ နောက်လမ်းပြ၊ နောက် တောလည်မုဆိုး အဆင့်ဆင့် တိုးခဲ့ကြသော အတွေ့အကြုံရှိပြီးသူများပင်။

မုဆိုးအတွေ့အကြုံ ဝါအတော်ရင့်လာသောအခါ သူတို့ကိုယ်တိုင် တူမီးများဝယ်ကိုင်လျက် တောထွက်ကြရာ ဆတ်၊ ဝက်၊ စိုင်၊ ပြောင်သာမက ဝံ၊ ကျားများပင် ပစ်ခတ်ရရှိပြီး လှုနိုင်၊ တန်းနိုင်ကြသည်။ မုဆိုးရင့်မကြီးများဘဝ ရောက်ခဲ့ကြသူများပင်တည်း။

☆

မုဆိုးညီနောင်(၃)ဦး၊ "ကျောက် အိုက်"ရွာမှ ထွက်လာတော့ အရှေ့က ရောင်နီပျို့ခါစ ရှိသေးသည်။ ဆရာသမားကိုကျော်မိုးဆီမှ အမှာစကားကြောင့် တလေးတစား ဝီရိယထားပြီး စောစောထွက်ခဲ့ကြခြင်းပင်။ တစ်ချိန်ကလို သူတို့သဘော၊ သူတို့ဆန္ဒနှင့် တောလည်တာဆိုရင်တော့ တူမီးသေနတ် ကိုယ်စီနှင့်ဖြစ်မည်။ အခုတော့ တူမီးသေနတ်ကလည်း လက်ဝယ်မရှိ၊ ဆရာသမားက လုပ်ငန်းအတွက် အဓိကထား ခေါ်သည်ဆိုတော့ အလုပ်နှင့်ပတ်သက်သော လှံ၊ ဓားမနှင့် ခွန် (တူးရွင်းစောက်လိုအသွားနှင့် ပေါက်ဆိန်ရဲတင်းလို လွှဲခုတ်ရသောပစ္စည်း)ကိုသာ အသီးသီး ယူဆောင်လာခဲ့ကြသည်။ မောင်ပေ၏ လက်ထဲတွင် ငါးမန်းလှံ၊ မောင်ရွှေ၏ လက်ထဲတွင် သစ်ခုတ်ဓားမနှင့် မောင်ငွေ၏ လက်ထဲတွင်တော့ ကြိမ်ရိုးတပ်ခွန်တစ်လက်သာ ပြစ်သည်။

ရာသီမှာ တစ်ဆောင်းသွေ၊ တစ်နွေကူးသည့် လတန်ခူးမို့ အကျရွက်ချက်နာ တွင် မှုန်မှုန်မှိုင်းမှိုင်းမြူတွေက ဆိုင်းနေသည်။ နံနက်ခင်းဖြစ်သည့်ဘဲလျောက် လေနအေး

www.burmeseclassic.com



ဆတ်ဖားချိုကားကြီးမှာ လန့်ဖျပ်ပြီး
လှုသံနှင့်ဝေးရာ ဦးတည်ကာ အသားကုန်
ခုန်ပျက်ပြေးထွက်လိုက်ပါတော့သည်။
အုံ့ဩစရာ အဖြစ်အပျက်က တအံ့အတွင်း
ဖြစ်ပျက်သွားသည်မှာ မြန်ဆန်လွန်းလှသည်။
မဆိုးညီနောင် (၃)ဦးမှာလည်း
မယုံနိုင်စရာမြင်ကွင်းကြောင့်
အံ့အားသင့် ကြက်သေ သေသွားမိကြသည်

ာ တစ်ချက်တစ်ချက် ဆော်သွေးတိုက်ခတ်လိုက်တိုင်း ရွှေဝါရောင်ပန်း
ာတ်ရနံ့ကလေးက သင်း ပျံ့ကြိုင်လှိုင်လှသည်။

ခပ်ဝေးဝေး၊ ပင်ယံထက်ဖျားဆီက ဥဩငှက်ငယ်တစ်ကောင်၏ ဖော်မဲ့သော
"ဥဩ" ဟူသော လွမ်းမောဖွယ် တေးသံသာက အလွမ်းဓာတ်ခံရှိသူများကို
စေအောင် ဖန်တီးနေသည့်နှယ်ပင်။

"သိန်းတလေးကွင်း" တောစပ် ရောက်ခဲ့ကြသောအခါ ရှေ့ဆုံးမှ သွားနေသော
ရွှေက ရပ်လိုက်ပြီး သူ့အစ်ကိုနှင့် ညီဖြစ်ကြသော မောင်ပေ၊ မောင်ငွေတို့အား
နေရာသို့ လက်ညှိုးထိုးပြနေသည်။ သူ လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်သော
သမ်းဘေးကိုက်(၃၀) လောက်အကွာရှိ သစ်ချိုပင်အောက်တွင် သစ်ချိုသီး
တ်စားနေကြသော ချေ(ဂျီ)ဖို၊ ချေမနှစ်ကောင်ကို တွေ့ကြရသည်။

"အင်း - တူမီးသေနတ်ပါလို့ကတော့ ဟင်းစားအတွက်ကတော့ အသေချာ

"

မောင်ပေက အသံထွက်၍ ရှမ္ဘက်ဖောနှင့် ပြောလိုက်သည်။

"ဘတ်ပဲ့ - အစ်ကိုကြီးပေရာ၊ သေနတ်မပါတာ နာတာပဲ - နော်"

www.burmeseclassic.com

သူတို့ပြောသံတွေကိုကြားသွားသောရှေ့နစ်ကောင်မှာကြောက်အားလန့်
နင့် ပြေးရင်းလွှားရင်း တဝေါင်းဝေါင်း ဟောက်သွားကြသည်။

"ဒီရာသီ ရှေ့သွားက ခါးပါတယ်ကွာ၊ မစားချင်ပါနဲ့ – ဟဲ – ဟဲ"

"စပျစ်သီးချဉ်နေပြန်ပါပြီ – မောင်ရွှေရာ"

ညီအစ်ကိုတစ်တွေ ပြောရင်းဆိုရင်း ခရီးဆက်ခဲ့ကြပြန်သည်။

"ဖြန်း – ဖြန်း – ဖြန်း – အောက် – အီး – အီး – အွတ်"

"သွေးကျောက်ဆုံ"စခန်းအဝင်ဝ ဝါးတောဆီက အိပ်တန်းဆင်း ကြက်ဖ
ကောင်၏ အတောင်ပံခတ်သံ၊ တွန်ကျူးသံက မိုးသောက်ယံကို ကြိုဆိုနှုတ်ဆ
လိုက်သည်။

"အောက် – အီး – အီး – အွတ်"

"ကျေးအိုင်နစ်လုံးတွဲ" ရေအိုင်အစပ်ဆီမှလည်းမိုးသောက်ယံကြိုဆိုနှုတ်ဆ
ခြင်းကို ထောက်ခံအားပေးသော တောကြက်ဖတစ်ကောင်၏အသံ သာသာယာ
က ပေါ်ထွက်လာပြန်သည်။

မောင်ငွေက သူ့လွယ်အိတ်ထောင်ထဲမှ ဘတ်ခွ(ကြက်ပေါင်ခွ)နှင့် လောက်
လုံးကို ထုတ်ယူလိုက်ပြီး –

"ကိုကျော်မိုးအတွက် အမြည်းပါသွားအောင် သွားချောင်းလိုက်ဦးမယ်၊ ခ
စောင့်ကြဦး – နော်"

"ဟ – လုပ်မနေနဲ့ကွ၊ ခရီးဖင့်ပါတယ်၊ စခန်းစောစောရောက်အောင် လာ
မှာထားတာ၊ ဘာမဟုတ်တဲ့ ကြက်လောက်နဲ့တော့ ခရီးကြံ့ကြာခံမနေနဲ့"

"ဟုတ်တယ် – ဖါ့ညီရ၊ ကိုကျော်မိုး က စခန်းစောစောရောက်အောင် လာ
အသေချာ မှာလိုက်တာကွ၊ လာပါ – သွားကြရအောင်"

မောင်ရွှေကလည်းမောင်ဖေ့စကားကိုထောက်ခံပြီးညီဖြစ်သူအားကျိုးကြော
ပြောလိုက်ရသည်။

မောင်ငွေမှာတော့ဝါသနာကြောင့်ဆန္ဒရှိသော်လည်းနောင်တော်များက ခွင့်
သဖြင့် နောက်က ငြိမ်လိုက်ခဲ့ရတော့သည်။

ရှေ့ဆုံးမှသွားနေသော မောင်ရွှေက ခရီးတွင်စေရန် ခပ်သွက်သွက် လှမ်း
သည်။ လမ်းဘေးဝဲ၊ ယာ၊ မြက်တော၊ ကိုင်းတော၊ ချုံတောများက အားမီးလောင်ထား

www.burmeseclassic.com

www.burmeseclassic.com

သဖြင့် မြင်ကွင်းရှုကွင်းများက ရှင်းလင်းနေပြီး သားကောင်ခြေရာများက မီး ာင်ပြာအတွင်း အကွင်းအကွင်းနှင့် ထင်းနေသည်။

"ဒီနေရာတစ်ဝိုက်မှာ ဆတ်တော်တော်ပေါသေးတာပဲ"

လမ်းပေါ်တွင် လျှောက်သွားထားသော ဆတ်ခြေရာ၊ ဝက်ခြေရာအသစ် ဟောင်းများကိုကြည့်ရင်း မောင်ရွှေက မှတ်ချက်ချလိုက်သည်။

"ပေါမှာပေါ့ကွ။ ဒီနေရာက ရေသောက်ဖို့ "ထိန်ကန်" ကလည်းရှိ၊ သီးစားဆီးဖြူ ခါး၊ ကင်ပွန်း၊ ချဉ်ဖြစ်၊ ဖင်ပြွန်းအစရှိတဲ့ သီးစားပင်တွေကလည်းပေါတော့ ဒီတော ာတာပေါ့"

မောင်ပေက တောအခြေအနေကို ရှင်းပြလိုက်သည်။

"ကိုကျော်မိုးဆီ ရောက်ပြီးမှ တစ်ညလောက် တူမီးသေနတ်နဲ့ လာလည်ကြ အောင်။ ဟင်းစားကတော့ အသေချာမလွတ်တန်းပဲ - အစ်ကိုကြီးရ"

မုဆိုးဝါသနာကြီးလှသော မောင်ငွေက သူ့ဆန္ဒကို ထုတ်ပြလိုက်သည်။

"အေးပါ - နေ့ပိုင်းသစ်ရှာ၊ သစ်ခုတ်ပြီး ညပိုင်းတောလည်ဖို့ ကိုကျော်မိုးကလည်း ပြီးသားပဲလေကွာ"

စကားတပြောပြောနှင့် လာလိုက်ကြရာ "တိုက်ပိုင်" စခန်းကိုကျော်ပြီး "ကျောက် ာင်" စခန်းအစသို့ပင် ရောက်ခဲ့ကြသည်။ ကျောက်ပုံတောင် စခန်းတွင်လည်း သားကောင်ပေါ်သည့်လက္ခဏာ၊ ခြေရာအတွေ့များသည်။ အတွေ့များရသည့် ကြောင်းကလည်း ရှိသည်။ တယ်ပင်၊ သစ်ဆိမ့်ပင်၊ ယမနေပင်၊ သစ်ချိုပင်တို့က များလှပြီး သောက်ရေအတွက်လည်း "ကျောက်တန်းချောင်း"ကြီးနှင့် နီးသော ကြောင့် ဖြစ်သည်။

ကျောက်ပုံတောင်ဝါးတောကိုဖြတ်၍ အင်တိုင်းတောလမ်းအကွေ့လေးက ကွေ့လိုက် ရှေ့ဆုံးမှ သွားနေသော မောင်ရွှေက ရုတ်တရက် ထိုင်ချလိုက် သည်။ ာက်မှပါလာသော မောင်ပေနှင့် မောင်ငွေတို့ကလည်း ရှေ့လူထိုင်သဖြင့် ချော ာင်ထိုင်လိုက်ကြပြီး မောင်ရွှေ မျက်နှာမူရာသို့ကြည့်လိုက်ကြသည်။

မြင်ရသည်က ချိုကားကား ဆတ်ဖားကြီးတစ်ကောင် သူတို့နှင့် ကိုက်(၅၀) ာက်အကွာ လမ်းဘေးတောစပ်၊ တယ်ပင်အောက်၊ တယ်သီးမှည့် ကောက်စား ခြင်းပင်။ အနေအထားမှာ သူတို့နှင့် မျက်နှာချင်းဆိုင်၊ ခါးလွယ်ဘေး ခပ်စောင်း ာင်းရှိနေရာ မုဆိုးများအတွက် ပစ်ကွင်းကောင်းဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မုဆိုး "ဇ" ရှိသူများဖြစ်သည့်အားလျော်စွာ သေနတ်မပာတ်သော်လည်း လက်ထဲ ရှိကြသော ဓားမ၊ လှံ၊ ခွန်များနှင့် ထိုးချိန်လိုက်၊ ပါးစပ်မှ သေနတ်ပစ်သံအတိုင်း "ဒိုင်း ဒိုင်း - ဒိုင်း" ခနဲ တစ်ပြိုင်တည်းလိုလို အော်လိုက်၊ ပစ်လိုက်မိကြသည်။

မမျှော်လင့်ဘဲ အနီးကပ်ကြားလိုက်ရသော လူသံများကြောင့် အစာတည် သီး စိတ်ချလက်ချ မက်မက်စက်စက် ကောက်စားနေသော ဆတ်ဖားရိုကားကြီးမှာ လ ဗျပ်ပြီး လူသံနှင့်ဝေးရာ ဦးတည်ကာ အသားကုန် စုန်လျက်ပြေးထွက်လိုက်ပါတော့ သည်။ အံ့ဩစရာ အဖြစ်အပျက်က တဒင်္ဂအတွင်း ဖြစ်ပျက်သွားသည်မှာ မြန်ဆ လွန်းလှသည်။ မုဆိုးညီနောင် (၃) ဦးမှာလည်း မယုံနိုင်စရာမြင်ကွင်းကြောင့် အံ့အား သင့် ကြက်သေ သေသွားမိကြသည်။

ဖြစ်ပျက်ပုံမှာ မုဆိုးညီနောင်များရဲ့အနီးကပ် ပါးစပ်လေသေနတ်ပစ်ချက်ကြော ဆတ်ဖားကြီးမှာ ကြောက်အားလန့်အားနှင့် လွှားခနဲ အသားကုန် စုန်ပြေးလိုက်ရ ကံဆိုးစွာ သစ်ပင်ခွကြားသို့ လည်ပင်းကျသွားခြင်းဖြစ်သည်။ သစ်ပင်ခွကြားမှာ ဆ တစ်ရပ်ထက် မြင့်နေသဖြင့် ရှေ့ခြေထောက်နှစ်ချောင်း မြေနှင့်လွတ်ပြီး ယက်က ယက်ကန်နှင့် ရုန်းကန်နေပါတော့သည်။ သို့သော်ငြား သစ်ပင်ခွကြားနှင့် ချိုက ဘားက ချိတ်၍ ကလန့်နေသဖြင့် မည်သို့မှ မတတ်နိုင်ရှာ၊ အော်ရုံသာ အော်နေ ရှာတော့သည်။

ဒီမြင်ကွင်းကိုမြင်၍ အံ့အားသင့်နေသော မုဆိုးညီအစ်ကို (၃) ယောက်ထဲ ချက်ချင်းသတိဝင်လာသူက မောင်ရွှေ သတိဝင်လာသည်နှင့် နေရာမှ အမြန်ထ လျက် ဆတ်ဖားကြီး၏ နောက်ခြေထောက်၊ ဒူးခေါက်ကြောတွေကို ဓားမနှင့် အာ သမျှ ခုတ်ဖြတ်ချလိုက်တော့သည်။

မောင်ရွှေ ပြေးခုတ်တာမြင်မှ မောင်ပေနှင့် မောင်ငွေတို့လည်း ဆတ်ရှိရာ ပြေ လျက် မောင်ငွေက သူ့လက်ထဲရှိသော ခွန်နှင့်ဦးခေါင်းကို ခုတ်ခွသတ်ဖြတ်လိုက်တော သည်။ ဆတ်သေသွားသည်နှင့် မောင်ပေက သူ့လက်ထဲမှ ငါးမန်းလှံနှင့် ပင်စ အရင်းက ဖြတ်ချလိုက်ရာ ဆတ်ရော၊ သစ်ပင်ပါ ဖုန်းဖုန်းလဲကျသွားတော့သည်။

ညီအစ်ကို (၃) ယောက် ချက်ချင်းစကားမပြောနိုင်ကြသေး။ ဝမ်းသာဝမ်း မောနေကြခြင်းဖြစ်သည်။ ခဏနေမှ မောင်ရွှေက "ငါနဲ့ညီလေးတို့ကံကောင်းမိုး စ

www.burmeseclassic.com

www.burmeseclassic.com

အမြန်ရောက်အောင်သွားပြီး ဆတ်တင်ဖို့ လှည်းနွားဖန်ခဲ့မယ်၊ အစ်ကိုကဒီမှာ ဆတ်သေ စောင့်နေခဲ့ပေတော့"

⍟

"ကိုကျော်မိုး - အားတဲ့လှည်းနွား ခဏပေးလိုက်ဦး"

မောင်ရွှေက ရောက်မဆိုက် အလောသုံးဆယ် ကျော်မိုးဆီ လှည်းနွားတောင်းလိုက်သည်။

"လှည်းနွား ဘာလုပ်ဖို့လဲဟ၊ နင်တို့ မိန်းမတွေ၊ သားသမီးတွေပါ အိမ်ထောင်စုပြောင်းလာကြလို့လား၊ ဒီမှာ သစ်တိုက်သစ်ဆွဲရဦးမှာ"

"ဘယ်က အိမ်ထောင်စုပြောင်းလာရမှာလဲ၊ ဆတ်သယ်ရအောင်လို့ပါဗျ"

"ဘာ - ဆတ်သယ်ရအောင် - ဟုတ်လား၊ ဒါမျိုးတွေ ရှိုးနေပါပြီ - မောင်ရွှေရာ၊ ငါ့အသားဝတ်မှုန်းသိလို့ မက်လုံးပေးပြီး လှည်းရအောင် လုပ်နေတာမို့လား"

"မဟုတ်ပါဘူး - တကယ်ဆတ်တိုက်ရအောင် ပြောတာပါ - ကိုကျော်မိုးရ"

"ဆတ်ရ ရအောင် မင်းတို့ ဘာသေနတ်ပါလို့လဲဟ၊ သဘာဝကျအောင်လည်း လိမ်ပါကွာ"

"မလိမ်ပါဘူး - ဆရာသမားရာ၊ တကယ်ဆတ်ရလို့ပါ"

မောင်ငွေက မောင်ရွှေအစား စကားဝင်ပြောလိုက်သည်။

"သေနတ်သံမကြားဘဲ ဆတ်ရတယ်ဆိုတာ ယုံရမှာလားကွာ"

"အော် - ကိုကျော်မိုးကလည်း - ဆတ်က - လေသေနတ်နဲ့ ပစ်လို့ရတာ ဆိုတော့ သေနတ်သံ ဘယ်ကြားရမှာလဲ"

"လေ - သေနတ်နဲ့ - ဟုတ်လား၊ ဟား - ဟား - ဟား - မင်းတို့ဖြီးတာ ပိုတောင်ဆိုးကုန်ပြီ၊ လေသေနတ်နဲ့ ဆတ်ပစ်လို့ရတယ် ဖြီးရအောင်က ငါက မုဆိုးမလုပ်ဘူးတာ၊ သေနတ်အကြောင်း "န" ကန်းတစ်လုံး မသိတာကျနေတာပဲကွာ"

"ကိုင်းပါ - ကိုကျော်မိုးရာ၊ လေသေနတ်နဲ့ ပစ်လို့ဆတ်ရတာ မယုံရင် ဟုတ်မဟုတ်သိရအောင် ခင်ဗျားပါ လိုက်ခဲ့ပါ"

"သြော် - လှည်းနွားတင်မကဘူး၊ ငါ့ပါ ဒုက္ခပေးချင်တယ်ပေါ့ - ဟုတ်လား"

"တကယ်ပြောတာပါ ဆရာသမားရာ၊ မလိမ်ပါဘူး၊ ကဲဗျာ - ကျုပ်လိမ်တာ ဆိုရင် ခင်ဗျား အခုရတ်နိုင်းမယ့် သစ်တွေအတွက် ပိုက်ဆံတစ်ပြားမှ မယူဘူးနဲ့၊ ဘယ့်နှယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"တကယ်လား"

"နစ်ကယ်ပေါ့"

"ဒီလောက်အာမခံရဲနေမှတော့ ဆတ်ရတယ်ဆိုတာတော့ ယုံလိုက်ပါပြီကွာ၊ ဒါပေမဲ့ - လေသေနတ်နဲ့မဟုတ်၊ တောခွေးချလို့ ရကြတာနေမှာပါ"

"ထွီ - ကျုပ်တို့ခွေးဖြစ်အောင် ပြောနေပြန်ပါပြီ၊ ကဲပါ - ခင်ဗျားကိုယ်တိုင် လိုက်ခဲ့ပြီး လေ့လာကြည့်ပေါ့၊ တောခွေးချတာလား၊ လေသေနတ်နဲ့ ပစ်ရတာလားဆိုတာ တောခွေးချတာဆိုရင် ခွေးကိုက်ရာတွေ တွေ့မှာပဲ"

"ကဲ - ကဲ - ဟုတ်၊ မဟုတ် ငါကိုယ်တိုင် လိုက်ကြည့်မယ်၊ မဟုတ်လို့ကတော့ တွေ့ကြပြီပေါ့ကွာ - မောင်ရွှေရာ"

"ဟုတ်ရင်တော့ ဒီည ဆတ်ဝမ်းတွင်းသားအမြည်းနဲ့ အရက်အဝတိုက်ရမှာနော်၊ ဟုတ်လား - ကိုကျော်မိုး"

"ဟုတ်လို့ကတော့ - ရပါစေ့မယ် - မောင်ရာ"

"ကိုင်း - ကိုကျော်မိုး - ခင်ဗျားပြောသလို တောခွေးချတာလား၊ ကျုပ်တို့ ပြောသလို လေသေနတ်နဲ့ ပစ်ရတာလားဆိုတာ အကောင်မဖျက်ခင် ဒဏ်ရာတွေကို အသေအချာ အရင်လေ့လာလိုက်ဦး"

မောင်ရွှေက ဆတ်သေရှိရာ လှည်း ရောက်ရောက်ချင်း ပြောလိုက်ခြင်းပင်၊

ကျော်မိုးက လှည်းပေါ်မှဆင်းလျက် မောင်ပေ့အနားက ဆတ်သေကိုအသေ ချာကြည့်ရှုလေ့လာနေသည်၊ ဒူးခေါက်ကွေးတွင် မားရာမှတစ်ပါး အခြားမရှိ၊ တင်ပါး၊ လည်တိုင်၊ မျက်လုံးများတွင်လည်း လုံးဝခွေးကိုက်ဒဏ်ရာမတွေ့၊ ဦးခေါင်းတွင်သာ ခုတ်ခွဲထားသောဒဏ်ရာ တွေ့ရသည်၊

"တဲ - ဘယ့်နှယ်လဲ - ခွေးကိုက်တာ မဟုတ်၊ လေသေနတ်နဲ့ပစ်လို့ရတာဆိုတာ ယုံပြီလား"

"ခွေးကိုက်တာမဟုတ်သလို၊ လေသေနတ်နဲ့ပစ်တာလည်း မဖြစ်နိုင်ပါဘူး မောင်ရွှေရာ၊ ဘယ်မလဲ - နင့်လေသေနတ်က"

မောင်ရွှေက သူ့ပါးစပ် လက်ညှိုး ထိုးပြလိုက်သည်၊

"ဘာလဲ - မောင်ရွှေရ၊ နင့်ပါးစပ် လက်ညှိုးထိုးပြရတာ၊ မင်း ခွေးလိုသွားနဲ့ ကိုက်တာလို့ ဆိုချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com

"အ.ပွဲ - အာစရိယ၊ ဘယ်ကလာ ခွေးလိုသွားနဲ့ ကိုက်ရမှာလဲ၊ ပါးစပ်သေနတ်လေနဲ့ "ဒိုင်း" ခနဲ ပစ်လိုက်လို့ လန့်ပြီး သစ်ပင်ခွကြားညှပ်ရတဲ့အကောင်ဆိုတော့ လေသေနတ်နဲ့ ပစ်လို့ရတဲ့ အကောင်ပဲလေ - ဟုတ်ဘူးလား"

တည့်တည့်ပြောမှ ကျော်မိုးက ရိပ်မိသွားပြီး သဘောကျစွာ တဟားဟား ရယ်လျက် "လေသေနတ်နဲ့ပစ်လို့ ဆတ်ရတာ၊ ဟုတ်ပါ့ကွာ"၊ သွေးထွက်အောင်ကို မှန်တာပဲ၊ ဒီတစ်ချီတော့ ကျော်မိုးတို့ ခံရပြီပေါ့ - ခံရပြီ၊ အေး - ငါ့ကတိအတိုင်း ဒီညနေ အရက်အဝတိုက်ရတော့မှာပ၊ သောက်ဖို့သာ ပြင်ထားကြပေတော့ - ငါ့လူတို့"

(တကယ့်အဖြစ်မှန်၊ လူမှန်၊ ကျော်မိုး ပြန်လှန်ပြောပြချက်ကို အရင်းအတိုင်း ကောက်သည်ချလိုက်ခြင်းဖြစ်သည်။)

⇒ မန္တလာသား

## ဖနောင့်ရိုးအတက်ထွက်လျှင်

- ညမအိပ်ခင် ရေချိုးခန်း သမံတလင်းပေါ်တွင် ဆားပုံပြီး နာသည့်ဖနောင့်ကို နင်းပေး ပွတ်ပေးပါ။ ဆယ်မိနစ်ခန့် နင်းပြီးလျှင် ဒူးခေါင်းအပေါ်မှ ရေလေးငါးဆယ်ခွက် လောင်းပေးပါ။ ပြီးလျှင် ခြေထောက်ကို အဝတ်နှင့် စင်ကြယ်စွာသုတ်၍ နာသည့်နေရာတွင် ကွမ်းရွက်ကို ရေဆေး၍ ကပ်ထားပါ။ အိပ်ပျော်သည့်အခါ ကွမ်းရွက်ကျကွာနိုင်သဖြင့် ပတ်တီးစည်းထားပါ။
- မနက်အိပ်ရာမှနိုးလျှင် ဦးစွာဒူးခေါင်းပေါ်မှ ရေလေးငါးဆယ်ခွက် လောင်းချပါ။
- (တစ်နည်း) သံပြားကို မီးပူအောင်ဖုတ်ပါ၊ ဆားပုံပါ၊ ထို့နောက် သံပြားပူ ဆားပုံပေါ်သို့ဖနောင့်ကိုခပ်သာသာ နင်းပါ၊ အပူရှိန် ရှိနေသော ဆားပုံပေါ်သို့ အတက်ထွက်နေသည့် ဖနောင့်တင်၍ဖိနင်းလိုက်၊ ခွာလိုက် နံနက်ည တစ်နေ့ နှစ်ကြိမ်၊ ၁၅ မိနစ်ခန့် ပြုလုပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**တံငါသည်တိုင်းရင်းသားကလေး၏ရိုးသားကြိုးစားမှု၊ သတ္တိဗျတ္တိများကြောင့်ရင်နှင့်ဖွယ်ဖြစ်ရပ်ကို ဖတ်ရှုရပါမည်**

လေဒဂါက်မိုးဒဂါက်၊ မိုးသက်မုန်တိုင်းဒဂါက်ကြောင့်ချောင်းနံဘေးရှိသစ်ပင်ကြီးငယ်တို့ကျိုးကျေကြေကုန်၏။ မုန်တိုင်းနှင့်အတူလျှင်တစ်ခုကကမ္ဘာဦးစကာပင်ဖွဲ့တည်ထားသောကျောက်ချပ်လွှာအရစ်အထပ်ဖြင့် မည်းမှောင် ပိတ်ဆီးနေသည့် လိုဏ်ဂူကြီးအား အဆီးအတားမရှိ ပွင့်ထွက်သွားစေတော့သည်။ ကျောက်ချပ်၊ ကျောက်လွှာအချင်းချင်း ပွတ်တိုက်ရှန်းကြွမှုကြောင့် ကျောက်စ ကျောက်နံတို့မှာ လေထုထဲသို့ ပလူပျံသလို ပျံတက်ပြီးလျှင် ထိုမှတစ်ဖန်ရေအောက်ကျောက်သားပြင်ပေါ်သို့ ပလုံစီကာ ကျလာချေတော့သည်။



ဦရောင်

www.burmeseclassic.com

www.burmeseclassic.com

ဒိုင်းခနဲ၊ ဒိန်းခနဲ ပစ်လွှတ်လိုက်သည့် မိုးကြိုးမုန်တိုင်း၏ အရှိန်ကြောင့် လျှပ်စီးတို့မှာ "လင်းခနဲ၊ လက်ခနဲ" ချောင်းရေပြင်တစ်လျှောက် ရှပ်တိုက် ပြေးနေချေ၏။

ထိုစဉ်လောက်စာလုံးနီးနီး ဆီးဖြူသီးတမျှကြီးမားသည့် မိုးသီးများနှင့် ပြင်းထန်သည့် မိုးစက်ပေါက်တို့သည်လည်း အငြိုးကြီးဘိလေသည့်အလား ချောင်းရေပြင်အပေါ်ထပ်လောင်း၍ နှိပ်စက်ကလူပြုလိုက်ပြန်သည်။

နှစ်ကာလ မည်ရွေ့မည်မျှဟု ခန့်မှန်း၍မရနိုင်လောက်အောင် အမှောင်ကမ္ဘာထဲတွင် သဘာဝတရား၏ပိတ်ဆို့ခံထားရသည့် မြေအောက်ကျောက်ရေကန်တွင်းမှ ရေတို့သည် ငလျင်၏ ကူညီဖေးမမှုကြောင့်ပင်၊ ရေစီးကြောင်းတစ်ခုအသွင် မြေအောက်ချောင်းရေထဲသို့ အဆီးအတားမဲ့ စီးဆင်းလာကြတော့သည်။

မိုးသီးမိုးပေါက်များကိုလည်းကောင်း၊ လျှပ်ပန်းလျှပ်နွယ်များကိုလည်းကောင်း၊ ရေပြင်ကျယ်ကြီးကိုလည်းကောင်း မမြင်ဖူး မတွေ့ဖူးသည့် ကြောက်မက်ဖွယ် သတ္တဝါဆန်းတစ်ခုသည် ငလျင်ဒဏ်၏ ဖေးကူမှုဖြင့် ပြင်ပအလင်းကမ္ဘာသို့ ရေစီးကြောင်းနှင့်အတူ မြူးထူးစွာ မျောလွင့်လာကြတော့၏။

ထိုအချိုးအမည်တပ်မရသည့် ကြောက်ခမန်းလိလိ အသွင်သဏ္ဌာန်နှင့် သတ္တဝါဆန်းတစ်ခုတို့သည် အမှောင်ကမ္ဘာအတွင်း နှစ်ပေါင်းများစွာ ကျင့်သားရသည့် မျက်စိအစုံ ရှိနေလင့်ကစား ယခုလို အလင်းကမ္ဘာသို့ မမျှော်လင့်ဘဲ ရောက်ရှိလာရခြင်းအတွက် ယင်းတို့၏ မျက်လုံးများအား ကျင့်သားမရရှာသေး။ သို့ကြောင့်ပင် ဘုရားသခင်က ကြောက်လန့်စဖွယ်၊ အရုပ်ဆိုး အကျည်းတန်စွာ ဖန်ဆင်းပေးလာသည့် ယင်းတို့၏ ရုပ်ခန္ဓာ အတ္တဘောကြီးကို ရေစီးကြောင်းနှင့်အတူ အလိုက်သင့် မျောလွင့်လိုက်လာကြသော်လည်း ပြူးကျယ်သည့်မျက်လုံးများမှာ သူတို့အတွက် လုံးဝအသုံးချ၍ မရနိုင်သေးချေ။ လိပ်၏ ဦးခေါင်းနှယ် ဆိုရမည်ဖြစ်သော်လည်း အဖျားရှူးပြီး ကြက်တူရွေးနှုတ်သီးကဲ့သို့ ခပ်ကောက်ကောက် ငိုက်ဆင်းနေသည့် နှုတ်သီး တစ်ခု၊

သင်းခွေချပ်အကြေးခွံနှယ်၊ သို့တည်းမဟုတ်၊ ရှေးရောမတို့၏ ချပ်ဝတ်တန်ဆာ သံချပ်ကာဝတ်ရုံပမာ မာမာထန်ထန် ကာရံထားသည့် အကြေးခွံတို့သည် ခြေလက်လေးချောင်းအား ခံတပ်ကြီးတစ်ခုနှယ် ကြံ့ကြံ့ခံထားချေသေး၊ ခြေလက်အစုံတို့မှ ခွဲဖြာထွက်လာသည့် လက်ချောင်း၊ ခြေချောင်းထိပ်တွင်လည်း ကြောက်မက်ဖွယ်ရာ ဝက်ဝံနှင့် မိချောင်းတို့၏ လက်ချောင်းလက်သည်းများအလား ချွန်မြကောက်ရိုတ်

www.burmeseclassic.com

www.burmeseclassic.com

သည့် ခြေသည်းလက်သည်းအစုံတို့ဖြင့် အတိပြီးချေ၏။ ပြန့်ကားမို့မောက်ပြီး မော ကြောတချစ်လျစ်သည့် ကျောကုန်းတစ်ခုသည် အနီသင္တာဝါကြီးအပေါ်သို့ သံခမောက် တစ်ခုသဖွယ် အကွက်အရစ်များထကာ ဖြန့်မိုးထားပြန်သည်။

လိပ်တစ်ပိုင်း၊ မိချောင်းတစ်ပိုင်းဟုပင် ဆိုရမည်လားမသိ၊ ဘယ့်နယ် ...။ သည် သတ္တဝါဆန်းကြီးမှာ လိပ်ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားပါသော်လည်း ပီဘိ - ရေဘုရင် မိချောင်းကြီးနယ်၊ အမြီးရှည်၊ တိုးလိုးတန်းလန်းနှင့် အံ့မခန်းဖွယ် တန်ဆာဆင်ထား ပါတလား။

ဤသတ္တဝါဆန်းကြီးအား အကြင်သူသည် ကြက်တူရွေးဦးခေါင်းနှင့် သဏ္ဌာန် တူချေ၍ကြက်တူရွေးလိပ်ဟူ၍လည်းကောင်း မိချောင်းအမြီး အငှားတပ်ထားသည့် အမား "အမြီးရှည်ပေါက်နေမှတော့ လိပ်မိချောင်းပေါ့" ဟူ၍ အနှုတ္တသညာ အမည် ပေးမည်ဆိုက ပေးလောက်ပါပေသည်။

ဘယ်သူဘယ်ဝါ၊ ဘယ်လိုပေးချင်သည့်နာမည်ပေးပေး ဘယ်အကြောင်းတရား ကြောင့်မှ အမှုမထားရှာသည့် ထိုသတ္တဝါဆိုးတို့သည် မမြင်စမ်းဖြင့် နမ့်တိန်းချောင်းတွင် တစ်ခုသောမုန်တိုင်းလေနှင့်ငလျင်ညဥ့်တစ်ညဥ့်တွင် အကြောင်းသုံးပါးတိုက်ဆိုင်စွာ ချောပါကျက်စားချေတော့၏။

⍟

"ရေမှုဆိုးလေး၏ ကျောက်ငါးကြင်း ရှာပုံတော်"

အိုက်ကျောက်သည် ကျိုးတိုးကျဲတဲ ဝါးထရံပေါက်မှ မဝံ့မရဲ ဖောက်ဝင်လာသည့် နေခြည်နုလေးက သူ့မျက်နှာပေါ် ထိုးကျလာသောကြောင့် အိပ်ရာမှ နိုးထလာတော့ ၏။

ပြတင်းပေါက် ဖောက်ရိုးထုံးစံမရှိ သည့် "ယင်း" အိမ် (ယင်းလူမျိုးတို့၏အိမ်) ထဲ သို့မနက်ခင်းရောက်တိုင်းပြူတစ်တစ် ဝင်လာသည့်မဆိုစလောက် နေရောင်ကလေး သည်ပင် အိုက်ကျောက်အတွက် ကျင့်သားတစ်ခုလို နိုးထခြင်းကို ပြုစေတော့၏။ သူ သည် အိပ်ချင်မူးတူးဖြင့် မျက်စိနှစ်ပေါက်ကို မဖွင့်ချင် ဖွင့်ချင် အားယူဖွင့်ရင်း မျက်ခွံနီး အစုံတွင် ကပ်ပေနေသည့် မျက်ဝတ်များကို လက်ညှိုးနှစ်ဖက်ဖြင့် သုတ်သင်ဖယ်ရှား လိုက်သည်။ ကွမ်းစားထား၍ မည်းညစ်ညစ်၊ နီကျင်ကျင် ဖြစ်နေရှာသည့် သုံးဆယ့် နှစ်ချောင်းသော သွားအစုံတို့အား ညာလက်ညှိုးဖြင့် ကရော်ကမည် ဖြတ်တိုက်ပြီး

www.burmeseclassic.com

ဝလုတ်ကျင်းလိုက်သည်။ တစ်ဆက်တည်းမှာပင် အုန်းမှုတ်ခွက်ထဲမှ လက်ကျန်ရေဖြင့် ဖြစ်သလို မျက်နှာသစ်လိုက်လေသည်။ ထုံးစံအတိုင်း သူ့အဖို့ မျက်နှာသုတ်ပဝါမလို။ သူ့မိခင် "ယင်းမကြီး" ဆင်ပေးထားသည်။ ဂါဝန်လိုလို ယင်းဘောင်းဘီအနက် ခွကျယ်ကျယ်၊ ခွကျကျ အနားစကို ပင့်တင်ပြီး မျက်နှာသုတ်လိုက်သည်။ (အောက်အနား ခွကျကျ ကျယ်ကျယ်လွှင့်လွှင့်နှင့်မို့ တချို့က ခွကျလိုက်တာ၊ "ယင်းဘောင်းဘီ" ကျနေတာပဲဟု တင်စားပြောဆိုကြသည်။ ဝှင်းယင်းနက်၊ ယင်းကြားလူမျိုးတို့မှာ ရှမ်းပြည်တောင်ပိုင်း၊ နမ့်စန်တစ်မြို့ထဲမှာသာရှိကြောင်း၊ စာဖတ်သူတို့ ဗဟုသုတရစေရန် တင်ပြထားပါသည်။ ဤကား စကားချပ်)

ဤသည်ကား သူ့အတွက် နိစ္စဓူဝ ပြုမူမျက်နှာသစ် အခမ်းအနားပါတည်း။

အိုက်ကျောက်သည် ဝါးထရံဆွေး တွင်ဖြစ်သလို ထိုးထားသည့် ကြေးမုံပြင် တစ်ခြမ်းပဲ့အား ထရံမှ ဆွဲဖြုတ်ပြီး ယူကြည့်လိုက်သည်။ မှန်ရှေ့တွင် အရိပ်ထင်လာသည်။ နေလောင်ရေနွှး သူ့ရုပ်ဝါအား ရှုထောင့်အမျိုးမျိုးမှ ကြည့်လိုက်မိသည်။ သူသည်

လိပ်မိချောင်းအား
အနီးကပ်မြင်ရပုံ





www.burmeseclassic.com

www.burmeseclassic.com

အားမရနိုင်သေးပဲ ထော်လန်နေသည့် အထက်နှုတ်ခမ်းသားကို လက်ညှိုးနှင့် ဖင့် တင်ကာ ပေါ်လာသည့် သုံးဆယ့်နှစ်ကောဋ္ဌာသသောသွားများကို အစစ်ဆေး ခံကြည့်လိုက်ချေ၏။

"အားပါးပါး – ခုမှပဲ ငါ့သွားတွေဟာ နက်မှောင်နေတော့ ခွေးသွားနဲ့ မတူတော့ ဘူးပေါ့။ တို့"ယင်းလူမျိုး"တွေဟာကွမ်းမစားရင်တို့သွားတွေဟာခွေးသွားနဲ့တူတယ် တဲ့လား။ ဒီတော့ – ငါလူပျိုဖြစ်ပြီ၊ ခွေးသွားနဲ့ မတူတော့ဘူးပေါ့ – ဟား – ဟား"

မှန်ထဲမှ ရောင်ပြန်ဟပ်သည့် သူ့သွားများကို ကြည့်ပြီး အိုက်ကျောက်တစ် ယောက် သဘောအကျကြီး ကျနေတော့ သည်။ ဟုတ်ပါ့။ ယင်းလူမျိုး (ယင်းနက်၊ ယင်းကြား)တို့အဖို့ဖွေးဖွေးဖြူသည့်သွားများကိုပိုင်ဆိုင်ထားသူသည်ခွေးသွားအငှား တပ်သူအဖြစ် သမုတ်ခံရသည် မဟုတ်လော။

သို့ကြောင့်ပင်၊ "ယင်း"မှန်လျှင်နက်မှောင်သည့်"သွား"ရှိရပါမည်။ ပုလဲနက်လို တင်စားထိုက်သည့်သွားများရဖို့ ဆိုလျှင် ကွမ်းစားတတ်ရမည်၊ သည်တော့ သွားမည် မည်းရအောင် ကွမ်းရာထဲ ရှားစေးများများ ထည့်စားရတော့သည်၊

ယနေ့တော့ – "ငါ လူပျိုဖြစ်ပြီ၊ ကြီးကောင်ဝင်ပြီပေါ့"ဟု အိုက်ကျောက် ဥဒါန် ကျူးရင့်လိုက်သည်၊ ကြီးကောင်ဝင်သည်နှင့်အမျှ "ယင်းတို့၏ သူရဲကောင်း"ဖြစ်ဖို့ အဘယ်မည်သော ကြွန်အင်လက္ခဏာများ လိုပါမည်နည်း။ အိုက်ကျောက်အဖို့ ရှည် ရှည်ဝေးဝေး တွေးနေစရာမလို။ ရှေးကမြင်နေရသည့် အိုက်သောင်၊ အိုက်စော၊ အိုက် ခမ်းတို့လို ရေမှုဆိုး (ရေတံငါ) လုပ်ပြီး ယင်းမလေး တွေရဲ့အလယ်မှာ ဝင့်ကြွားပြလိုက် ရုံပေါ့။ ယင်းချောင်း (နမ့်တိမ်း) ချောင်းတစ်လျှောက် သူရဲကောင်းလုပ်ပြစရ အကောင်ပလောင်တွေကို ပေါပါဘိသနဲ့၊ ဖျံသို တစ်ကောင်ကောင်ကို ဖမ်းခဲ့ရမလား လူတစ်ရပ်နီးနီးရှိတဲ့ ကျောက်ငါးကြင်းကြီးကိုပဲ ထမ်းပြန်လာရမှာလား။ ချောင်းစပ်မှ ရေသောက်ဆင်းလာတတ်တဲ့ စပါးကြီးမြွေတစ်ကောင်လောက် ဦးခေါင်းဆုပ်ညှစ် ကိုယ်ကိုပတ်ပြီး အပျိုမတွေ လန့်ဖျပ်အောင် လုပ်ပြရဦးမလား။ ရတယ်၊ ကျုပ်လူ ပေါက်ဖြစ်လို့ကြီးကောင်ဝင်ပြီ၊ သည်နေ့ပဲ ရွာအရှေ့ဘက်တောက ရေတံခွန်တောင် သွားမယ်။ ရရာအကောင်တစ်ကောင်ကို ကုပ်ဆွဲခေါ်ခဲ့မယ်"

ကြီးကောင်ဝင်စမို့ယင်းနက်ကလေးအိုက်ကျောက်သည်စိတ်အားထက်သန်စွ တွေးမိသည်။ သို့အတွေး နှင့်အတူ ပျိုလွင်သော အိုက်ကျောက်၏ မြေလှမ်းများသည ရင့်ရော်သောအဆင်းရှိသည့် မိခင်အိုယင်းမကြီးရှိရာသို့ ထွက်ခွာခဲ့တော့၏။ သ

www.burmeseclassic.com

www.burmeseclassic.com

ကြားအို၊ မုဆိုးမယင်းမကြီးသည် လက်ဖြစ်ရက်ကန်းစင်ရှေ့တွင် ချည်ထွေးများဖြင့် အလုပ်ရှုပ်မ ပေသည်။

"ယင်း"တို့သည် ကိုယ်ပိုင်လက်ဖြစ် ယက်ထည်တို့ဖြင့်သာ မိမိတို့ အရှက်ကို လုံအောင်ဖုံးကြရချေ၏။ ချည်မျှင်အတွက် ဝါဂွမ်းစိုက်ကာ ဝါဂွမ်းချည်တို့အား ရယ်ကြငင်ကြ၏။

လွန်းရှယ်၊ ဗိုင်းငင်၊ ယက္ကန်းယက်ပြီးသည်နှင့် အနက်ရောင်ဆိုးဆေးဖြင့် ယက်ထားသမျှအထည်အားကိုယ်တိုင်ပင်ဆေးဆိုးလိုက်ကြ၏။ ဆေးဆိုးပုံမှာ "ယွန့်ဟွန့်" ဟုခေါ်သောမန်ကျည်းရွက်ကဲ့သို့အရွယ်ရှိသည်။ ဆိုးဆေးရွက်ဖြင့် ယက်ထားသည့် အထည်စအားထိုဆိုးဆေးရွက်အရည်ထဲသို့နှစ်စိမ်လိုက်ရ၏။ သည်သို့ဆေးစိမ်ရုံနှင့် မပြီးသေး။ ဆေးစွဲစေရန် ဆေးစိမ်ထားသည့်အထည်များအားရောင်းစပ်ရှိဗွက်ပုပ်၊ နွံအိုင် (ညွန်အိုင်)ထဲသို့ တစ်ပတ်ခန့် စိမ်ပြီးနှပ်ထားလိုက်ရသည်။ လိုအပ်သည့်အချိန် အတိုင်းအတာ ရောက်လေလျှင် ဗွက်အိုင်နွံအိုင်ထဲမှ အထည်များကို နှိုက်ယူပြီး ချောင်းရေတွင် ပြောင်စင်အောင် ဆေးကြပေတော့သည်။

ဆေးနက်လည်းစွဲပြီ။ ဝတ်ဆင်ရန်အတွက် လိုသလိုဖြတ်ညှပ်ပြီး အကျီ၊ ဘောင်းဘီ၊ ဂါဝန်များကို လက်ချုပ်အပ်ဖြင့် ချုပ်လေတော့၏။

ခုဆိုလျှင်အိုက်ကျောက်သည်အမေချုပ်ပေးသည့်ကြီးကောင်ဝင်အကျီဘောင်းဘီတို့အား ဝတ်ဆင်ခွင့် ရလေပြီတည်း။

"စတူးနဲ့-စွန်း-ကိုင်း-မယ့်"

(အမေ-ထမင်းစားဖို့ လာပြီနော်)

အိုက်ကျောက်သည်မိခင်ဖြစ်သူ"အီနွံ"ထံသို့လျှောက်လာရင်း"ယင်း"လိုပြောလိုက်သည်။ ("စွန်းကိုင်း"ဆိုသည်မှာထမင်းစားသည်ဟူ၍လည်းကောင်း၊ "စတူးနဲ့" မှာ "လာပြီ"ဟုလည်းကောင်းအဓိပ္ပာယ်ရပါသည်။ ဇာတ်ဝင်ခန်းများတွင် "ယင်း"လို ပြောကြသော်လည်းစာဖတ်သူများနားလည်စေရန်မြန်မာစကားအသုံးအနှုန်းဖြင့်သာ ရေးဖွဲ့တင်ပြသွားပါမည်။ စာရေးသူ)

ယင်းမကြီး အီနွံသည် မြေလှိုဂျင်း ထဲမှ တူးထားသည့် "အီကုပ်" (ဖိုးလမင်းကောင်)နှင့် ဆူးပုပ်ရွက်တို့ ရောချက်ထားသည့် ဟင်းတစ်ခွက်နှင့် ထမင်းတစ် ဇလုံအား သားဖြစ်သူထံ ယူလာခဲ့လေသည်။ အိုက်ကျောက်သည် ရေမှဆီးပုပ်ရန် စိတ်စောနေသည်နှင့် မိခင်ပေးသည့် ထမင်းဟင်းများကို ဇလုံထဲ ကျားဟားပုံ ပုံပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com

ကသုတ်ကရက်ပလုတ်ပလောင်းလွေးလိုက်လေ၏။ သူသည်စားပြီးသည်နှင့်ထမ လုံးပင် မစီအားတော့ပဲ ဖခင်လက်ထက်ကတည်းက သုံးလာခဲ့သည့် ခက်ရင်း သဏ္ဌာန်လေးချိုးချောင်း ထိုးမှိန်းနှင့် ပလိုင်းကို ကြပ်ခိုးစင်ပေါ်မှ ဆွဲယူလိုက်သည် အတက်၊ အဆင်းလှေကားများကတော့ ရှမ်း၊ ယင်းတို့၏ ထုံးစံအတိုင်း ဝါးလှေကာ များပင် ဖြစ်ပေသည်။ အိုက်ကျောက်သည် ဝါးလှေကားပေါ်မှ အတက်အဆင်းမြှ မိခင် ယင်းမကြီးအား နှုတ်ဆက်ကာ ရွာအနောက်ဘက် တောစပ်နံဘေးရှိ နမ့်တိန် ချောင်းသို့ ရှေ့ရှုလာခဲ့သည်။

"ပွဲမဝင်ခင်၊ အပြင်က ကျင်းပ" ဆိုသည့်စကားအတိုင်းပင် အိုက်ကျောက်သည် ရေတံခွန်နှင့် မနီးမဝေးရှိ ချောင်းရေထဲသို့ ခြေချလိုက်သည်။ ကျောက်ကြို ကျောင် ကြားမှ ရစ်ခွေစီးဆင်းလာသည့် နမ့်တိန်းချောင်းရေမှာ – ဗိဘိမှန်သားပြင်တမျှကြည် လင်ပြာလဲ့နေပေသည်။ ရေပြင်ပြာ၏ အောက်ခြေလွှာမှာတော့ ရွှေဝါငါးကြင်းနှင့် ကျောက်ငါးကြင်းတို့မှာ ခေါင်းတလှုပ်လှုပ် အမြီးတယမ်းယမ်းနှင့် အပူအပင်ကင်းစွာ ကူးခတ်နေကြသည်။

အိုက်ကျောက်သည် ဖွဲဆော်ဦးအတွေ့အကြုံသစ်အားပိုင်ဆိုင်လိုစိတ်ဖြင့် ရေ ပေါ်ရှပ်ပြေးနေသည့်ကျောက်ငါးကြင်းတစ်ကောင်အားလက်ထဲဆုပ်ကိုင်ထားသည့် လေးချောင်းမှိန်းဖြင့် ထိုးချလိုက်သည်။ ချွန်မြသည့် မှိန်းသွားအား ရေထဲမှ ဆွဲနုတ် လိုက်ချိန်မှာတော့ တဆတ်ဆတ် တုန်နေသည့် ကျောက်ငါးကြင်းတစ်ကောင်မှာ အလိုက်သင့် ပါလာချေတော့သည်။

ကနဦးမှာ ရလိုက်သည့် အောင်ပွဲဖြစ်ချေ၍ သူသည် ကြည်နူးနှစ်မြို့က်စွာ ကျောက်ငါးကြင်းအား မှိန်းတံမှ ဆွဲဖြုတ်လိုက်သည်။ ယင်းကျောက်ငါးကြင်းမှာ တစ် ပိဿာခန့် အလေးချိန်စီးမည်ဟုတော့ အိုက်ကျောက် ခန့်မှန်းမိလိုက်၏။ သူသည် ဦးစွာရလိုက်သည့် ကျောက်ငါးကြင်းအား ပလိုင်းထဲသို့ ပစ်ထည့်ပြီး ခရီးဆက်နှင လိုက်သည်။

"အင်း – သည်တစ်ခါတော့ လူပြော သူပြောများတဲ့ ကြိုးတံတားအောက်က ကျောက်ကလိုဏ်မှာနေတဲ့ နှစ်ချို့ကျောက်ငါးကြင်းကြီးကို အရယူဦးမှသည်လို အံ့မခန်းကြီးတဲ့ငါးကိုထမ်းပြန်လာနိုင်မှငါ့ကိုသူရဲကောင်းလို့အသိအမှတ်ပြုကြမယ်။ အာပဲဖြစ်ဖြစ်လေ – စွန့်စားပြီး ရေနက်ထဲ ဆင်းရှာဦးမှ"

www.burmeseclassic.com

www.burmeseclassic.com

သည်သို့သောအတွေးဖြင့် အိုက်ကျောက်၏ခြေလှမ်းတို့မှာ သွက်သထက်သွက်လာ၏။ သူသည် ပေါင်လယ်လောက်သာ နက်သည့် ရေတံခွန်ပေါ်ရှိ ကျောက်တုံးများပေါ်မှ ဖြတ်လျှောက်ကာ တစ်ဖက်ချောင်းရိုးအတိုင်း တစ်ဖက်ချောင်းရိုးအတိုင်း ကြိုးတံတားရှိရာဘက်သို့ ကူးလာခဲ့သည်။ နာရီဝက်သာသာခန့် ဖြတ်လျှောက်လာပြီး နောက်ကြိုးတံတားအောက်ခြေရှိ ကျောက်ဆောင်ပေါ်သို့ရောက်ရှိလေတော့၏။ အနီကြိုးတံတားများ ဂျပန်အပြေးအင်္ဂလိပ်အဝင် အင်္ဂလိပ်ခေတ်ကာလတွင် တည်ဆောက်ထားချေ၍ သံမဏိကြိုးလုံးကြီးမှာ တံတားအောက်ဘက်တွင် နိုင်မာစွာ နောင်ထုံးလျက်ရှိနေပေသည်။ တံတားအောက်ဘက်သို့ငုံ့ကြည့်လျှင် ချောင်းရေပြင်သည် မည်းမှောင်စိမ်းညို့လျက် အောက်ခြေမြေသားပြင်ကိုပင် မမြင်နိုင်အောင် ရှိရကား အိုက်ကျောက်သည် ပထမတော့ ရေအောက်သို့ ငုံ့ဆင်းရမှာကို မဝံ့မရဲစိတ်ဖြင့် ချီတုံချတုံ ဖြစ်နေပေသေးသည်။

"တယ် – ကြောက်ရင် လာဘ်လွဲ၊ ရဲမှ မင်းဖြစ်တဲ့ကွ။ ရေအောက်နက်နက် ငုံ့နိုင်မှ ငါလိုချင်တဲ့ ကျောက်ငါးကြင်းကြီး ကိုရမှာပေါ့။ အားတင်းလိုက်စမ်း – ငအိုက်ကျောက်ရေ"

သူသည် မိမိကိုယ်ကို ရဲဆေးတင်လိုက်ပြီး အဝတ်အစားတို့ကို ချောင်းကမ်းပါးရှိ ကျောက်ဆောင်တစ်ဆောင်ပေါ်သို့ လွှားခနဲ ပစ်တင်လိုက်သည်။ ယခုအခါမှာတော့ သူ့တွင် အဝတ်ဆို၍ လုံးဝမရှိတော့ပဲ ကိုယ်လုံးတီး (ကိုယ်တုံးလုံး)ဖြင့် သာ ရေထဲ ငုံ့ဆင်းဖို့ အရှိန်ယူလိုက်တော့သည်။ အိုက်ကျောက်သည် သူ ချွတ်ပုံထားသည့် ကျောက်ဆောင်ပေါ်သို့တက်ပြီးသကာလ ဝါးထိုးမှိန်းကို ဆုပ်ကိုင်ကာ ချောင်းရေထဲသို့ တစ်မဟုတ်ချင်း ဒိုက်ထိုးချလိုက်လေသည်။

(ယင်း၊ ရှမ်း (တောနေ) အမျိုးသားတို့သည် ချောင်းထဲ ရေချိုး၊ ရေဆင်းကူးသည့်အခါ "ကိုယ်တုံးလုံး" ရေကူးတတ်ကြ၍ ရေပေါ်သို့ပြန်တက်လာသည့်အခါ "ဖွားဖက်တော်" အားလက်ပါးဖြင့် အုပ်ပြီးတက်သည့် ဓလေ့မှာ ယခုထက်တိုင် ရှိနေပေသေး၏။ စာရေးသူ)

နက်ရှိုင်းမည်းမှောင်သည့် ရေအောက်သို့ ရောက်သည်နှင့် အိုက်ကျောက်သည် မှိန်းကို မြဲမြံစွာ ဆုပ်ကိုင်ပြီး ကျင့်သားမရသေးသည့် မျက်လုံးဖြင့် ရေအောက်လိုက်ဂူအား ပြူးပြဲရှာလိုက်သည်။

www.burmeseclassic.com

ရေအောက်ဝယ် မေ့ပြီး အသက် မရှူမိစေရန် အသက်အောင့်ထားပြီးမှ ဂူပေါက်ဆီ ခန့်မှန်းမိသည့်နေရာသို့ မှိန်းတံနှင့်ထောက်ရင်း ကူးခတ်လိုက်သည်။ ဖွားဖက်တော် တန်းလန်းနှင့် ပိုးလောက်လန်းတစ်ကောင်ပမာ ကူးကာယက်ကာ ရွေ့လျားနေသည့် အိုက်ကျောက်အား ငါးမြွေတိုးနှင့် ငါးရှဉ့်တို့က အစာအမှတ်ဖြင့် ဟပ်၍ဟပ်ကာ သွတ်ကြလေကုန်၏။

နေခြည်ဖြာနုထွေးထွေးက ရေအောက်ကမ္ဘာအတွင်းသို့ မဆိုစလောက် အလင်းတန်းဖြင့် ဖြန့်ကျက်ပေးနေသည်မို့ အိုက်ကျောက်သည် ရေကမ္ဘာမှာ လူးလာကူးခတ်နေသည်။ ငါးရောင်စုံတို့အား အတိုင်းသား မြင်နေရသည်။ သူသည် အရောင်အသွေးအမျိုး၊ အမယ်စုံလှသည့်ငါးများကို ကြည့်ငေးရင်း ရေအောက်ကမ္ဘာ၏ သာယာမှုနောက်သို့ ခဏငယ်မျှ မိန်းမောလိုက်ပါသွားမိသည်။

ထိုစဉ် ကျောက်ချပ်လွှာနှစ်ခုကြားမှ ပြူတစ်ပြူတစ် မဝံ့မရဲကြည့်နေသည်။ မျက်ဆောက်နီ ကျောက်ငါးကြင်းကြီးတစ်ကောင်အား ဘွားခနဲ မြင်လိုက်ရတော့သည်။

တဒင်္ဂ စိတ်စေတသိက်၏ စေ့ဆော် ချက်နှင့်အတူ လက်ချောင်းများ၏ ဟန်ချက်ညီညီ ပစ်လွှတ်လိုက်ခြင်း၊ လေ၏ လျင်မြန်ခြင်းတို့ကြောင့် အိုက်ကျောက်၏ မှိန်းသွားသည် တို့တောင်းလှသည့် အချိန်အတွင်း ကျောက်ငါးကြင်းကြီး၏ ဟထားသည့် ပါးစပ်ပေါက်တွင်းသို့ အသားကျစိုက်ဝင်သွားတော့သည်။ တံကျင်လျှို၊ တံစို့ထိုးခံထားရသည့်နှယ်၊ ရုန်းမထွက်နိုင်ရှာသည့် အနီကျောက် ငါးကြင်းကြီးသည် တဆတ်ဆတ်တုန်လျက် ရေမှုဆိုး၏ လက်တွင်းသို့ "ရော့၊ အင့်" ဆိုရမလို ဝကွက်ကာ အသက်ပေးလိုက်ရပြီကော။

လျှပ်တစ်ပြက်အတွင်း မထင်မှတ်ပဲ ရရှိလိုက်သည့် အောင်ပွဲအတွက် အိုက်ကျောက်သည် ပါးစပ်ပေါင်းလောင်းဖြင့် အံ့ပင် အံ့သြလိုက်ရချေသေး။

"အလို - တယ်ဟုတ်တဲ့ ငါပါလား" ပေါ့။

အသက်အောင့်ထားရသည်မှာ ကြာပြီဖြစ်၍ အိုက်ကျောက်သည် အထူးအထွေ အာရုံမပြန့်ချေတော့ပဲ မှိန်းတံတွင် အလိုက်သင့် သီပြီးဖြစ်သည့် ကျောက်ငါးကြင်းကြီးအား ရှိရှိသမျှအားအင်တို့ကို ဖျစ်ညှစ်စုစည်းကာ ရေပေါ်သို့ ကူးခတ်ယူဆောင်လိုက်သည်။ တမ်းစပ်သို့ရောက်သည်နှင့် ကနဦးစတွင် တဖျတ် ဖျတ် လူးနေသေးသည်။ ကျောက်ငါးကြင်းကြီးသည် "ပါးဟက်" တစ်စုံကို ဟစိ၊ ဟစိလုပ်ရင်း တစ်စစဖြင့် ငြိမ်သက်ခြင်းသို့ ရောက်လေတော့၏။ သည်အခါ မှပင် ငါးကြင်းကြီးနှင့်အပြိုင် ပေါဟဲ



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်နေသည့် အိုက်ကျောက်သည် အသက်ကို အားပါးတရ တစ်ဝကြီး ရှူလိုက်သည်၊ သက်ပြင်းမောကြီးကိုလည်း ချလိုက်နိုင်တော့၏။ သူသည် သူ့နံဘေးတွင် တံကျင်လျှိုခံထားရသည့် ကျောက်ငါးကြင်းကြီးအား နှမှပင် သေချာကြည့်လိုက်မိသည်။

"အလိုလေးလေး၊ နည်းတဲ့ငါးကြီး မဟုတ်ဘူး။ ငါ့တစ်သက်မှာ ဒီလောက်ကြီးတဲ့ ငါး မမြင်ဖူးသေးဘူး။ မဆိုစကောင်း ငါ့ရင်စို့လောက် ရှိရောပေါ့။ အင်း - ရွာကိုသာ ဒီငါးကြီးထမ်းပြန်လာတာ၊ ငါချစ်တဲ့ "အီမီး" လေးသာမြင်ရင်ငါ့အပေါ်ဘယ့်ကလောက် တောင်အထင်ကြီးသွားမလဲမသိဘူး။ အီမီးလေးနဲ့သာ ပေါင်းရမယ်ဆိုရင် ဒီလိုငါးကြီး တွေ အများကြီး၊ အများကြီး ငါ ရှာရစမ်းပစေ၊ ရှာလိုက်စမ်းချင်ရဲ့ကွာ"

အိုက်ကျောက်သည် အသက် ဝိညာဉ်ကင်းမဲ့နေသည့် ငါးကြီးအပေါ် ခွ ထိုင်ရင်း ဝမ်းသာပီတိစိတ်အလျဉ်တို့အား ဟန့်တားခြင်းငှာ မစွမ်းသာပဲ တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

အချိန်နာရီ ဆယ်နှစ်မောင်းကြာအောင် စိတ်ကူးဖဲရိုက်နေမိသည်မသိ၊ ဒေါင်း ဇန်ဝါနေမင်းကြီးက တာဆိုင်းရွာ အနောက်ဘက်တောင်စွယ်ပေါ်အဖျားခတ်မေးတင် နေတော့မှ အိုက်ကျောက်သည် အဆိုပါကျောက်ငါးကြင်းကြီးအား မနိုင်ရင်ကန် ထမ်း ပြန်လာခဲ့တော့၏။

ရွာအဝင်လမ်းတစ်လျှောက်မှာတော့ တောသွားတောလာ ယင်းအဘိုး၊ အဘွား တလေးများနှင့် ယင်းပျိုမလေးများက အိုက်ကျောက်နှင့် ကြက်ကန်း ဆန်အိုးတိုးသလို ရလိုက်သည့် ထို - ထို ကျောက်ငါးကြင်းကြီးကို တစ်လှည့်စီကြည့်ကာ အံ့ချီးဘနန်း ဖြစ်ကြရှာသည်။

"အွီး (အပါးပါး) အိုက်ကျောက်သူရဲကောင်းကြီး - ငါးကြီးကြီး ထမ်းပြန်လာတယ် ဟေ့၊ ထွက်ကြည့်ကြစမ်းပါဦးဟဲ့"

တစ်ယောက်တစ်ပေါက် ပါးစပ်ပေါက်များစွာကြောင့် ယင်းနက်ရွာရှိ ဣတ္ထိယ ပုရိသအပေါင်းတို့သည် မောင်းကြောနင်းခတ်လိုက်သည့်နယ်၊ အိုက်ကျောက်၏ ကျောက်ငါးကြင်းကြီးအား သူ့ထက်ငါ အလုအယက် တိုးဝှေ့ကြည့်ကြကုန်၏။

သည်နေ့၊ သည်ချိန်၊ သည်အခါသမ မှစ၍ ရေမှုဆိုးလက်သစ် အိုက်ကျောက်သည် "ယင်းနက်" တို့၏အလယ်တွင် "မရှယ်ပဲ စော်ကဲမင်းဖြစ်" ရခဲ့တော့သည်။

⍟



www.burmeseclassic.com

www.burmeseclassic.com

အိုက်ကျောက်၊ငါးကြင်းထမ်းပြန်လာသည့်ညက "အီမီး" သည်ယင်းလူ့အုပ်ကြီးနောက်မှ မယောင်မလည်ဖြင့် အိုက်ကျောက်အား တိတ်တိတ်ကလေး ခိုးကြည့်မိသည်။ အီမီးအဖို့ ယခုနှစ်မှာမှ ကြီးကောင်ဝင်ပြီး ယောက်ျားပီပီ ထွားကြိုင်းပေသည်။ အိုက်ကျောက်အပေါ်မိန်းမသားပီပီ တိတ်တခိုးချစ်ဖြင့် ရင်ခုန်တတ်လာသည်။ အိုက်ကျောက်သည်လည်း ယင်းပျိုမလေးများအလယ် ပေါ်ပေါ်ထင်ထင် တင်းရင်းဖွံ့ထွားကာ အလှ သွေးဆူကြွ၊ ရှန်းထလာသည့် အီမီးအပေါ် သတိပြုမိ၊ စိတ်ဝင်စားမိသည်နှင့်အမျှ ချစ်ဖောဟုန်တိုး ရှန်းကြွခဲ့ရသည်။

ထိုညကအိုက်ကျောက်သည်မလှုံ့တလှုံ့အိမ်ခေါင်မိုးကြားမှယိုဖိတ်ကျလာသည့်လရောင်အား မှေးအိပ်နေရာမှ မော့ကြည့်ရင်း အီမီးနှင့် ဆုံခဲ့ရပုံကို ပြန်တွေးနေမိသည်။

ဪ – သိပ်တောင်မကြာသေးသည့် ယင်းရှင်လောင်းပွဲညတစ်ညတွင်ဖြစ်ချေသည်။

"ဖိန် – ဖိတ် ဖိတ် ဖေ – နှောင်နှောင်"

ဗုံသံနှင့် ကြေးမောင်းသံကို နာခံရင်း ယင်းရှင်လောင်းထိန်းတို့သည် ရှင်လောင်းများကို ရှင်ပြုတဲငယ်လေး များထဲမှ အသီးသီး ခေါ်ထုတ်ပြီးလျှင် အလယ်ဗဟိုတဲရှေ့တွင် စုရုံးလိုက်ကြသည်။ ရှင်လောင်းတစ်ပါးလျှင် ရှင်လောင်းထိန်းတစ်ဦးကျ အသီးသီးအသကအသက၊ ပခုံးပေါ်ထမ်းရွက်ကြပြီးစည်းချက်ညီညီခြေထောက်ကိုဆောင့်ကာ ဆောင့်ကာ ကကြရချေ၏။

ပခုံးထက်က ရှင်လောင်းများမှာတော့ မောင်းတီးသည့် စည်းချက်သံစဉ်အတိုင်း အတ်တိုင်ပဝါ ဇွေယမ်းကာ တမျော့်တပါး က,ရင်းလိုက်ပါလာသည်။

သည်လိုနှင့်ပင် မောင်းသံအချ တစ်ခါကဖြင့် ရှင်လောင်းငယ်တို့မှာ သန်းခေါင်ယံအချိန်မတိုင်မီ ရှင်လောင်း အလဲအလှယ်ပြုရင်း ရိုးရာမပျက် ကနေလိုက်ကြသည်။

"လထွက်ကလေး မြင်းပေါ်တင်၊ မောင်ရှင် ပြန်အိပ်ချိန်" အပြီးမှာတော့ ရှင်လောင်းထိန်း၊ ရှင်လောင်းအလှဆင်၊ ယင်းကာလသားနှင့် ကာလသမီးတို့ညရေးရေး ချစ်ရေးမြူးဆို အကဲပိုမည့်အလှည့်သို့ ကျလာပြန်တော့သည်။ ယင်းအပျိုလူပျိုတို့သည် ရှင်လောင်းပွဲ ရှိမှပင်၊ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ မြင်တွေ့ခွင့်ရလေ့သည်။ နေ့တိုင်းဆိုလျှင် သူတို့သည် နေထွက်မှ နေဝင် အလုပ်ခွင် ဝင်နေကြရ၍ ဆုံတွေ့ဖြစ်ဖို့ မလွယ်။ ယခုလို ရှင်လောင်းပွဲညရောက်မှပင် မျက်နှာ မြင်ခွင့်ရချေတော့၏။ ယင်းတဲ

www.burmeseclassic.com

ရှေ့ခပ် လှမ်းလှမ်းမှ ကွင်းပြင်ကြီးထဲမှာတော့ မီးထွန်းမထားဘဲ အမှောင်ချထားပါ
သည်။ သို့မှသာ ယင်းအပျိုလူပျိုများ ကရင်း၊ ခုန်ရင်း သမီးရည်းစားစကားကို လွတ်
လွတ်လပ်လပ် ပြောဆိုနိုင်ကြပေသည်။

အိုက်ကျောက်နှင့် သူငယ်ချင်းဖြစ်သူ အိုက်ထွမ်းတို့သည် လက်နှိပ်ဓာတ်မီးတစ်
လက်စီကိုင်ကာ စည်းချက်ညီညီ ကနေရင်းမှ အပျိုမအုပ်ရှိရာသို့ ဓာတ်မီးနှင့် ထိုးကြည့်
ကြသည်။

ကနေရင်းမှာပင် ယင်းပျိုမလေးတို့ထံ တရွေ့ရွေ့တိုးလျှောက်ပြီး တစ်ဦးချင်းစီ၏
မျက်နှာကို စိတ်ကြိုက်ထိုးကြည့်လိုက်ကြ၏။ ယင်းထုံးစံအရ ကိုလူပျိုသည် အပျိုမိန်း
ကလေး၏မျက်နှာအား ဓာတ်မီးဖြင့် စိတ်ကြိုက်ထိုးကြည့်နိုင်သည်။ မိမိအကြိုက်တွေ့
သည့်အပျိုမအား ဦးစွာ ချစ်ကြောင်းကြိုက်ကြောင်း ပြောနိုင်သည်။ ယင်းအပျိုကာလ
သမီးက ကာလသား ကိုလူပျိုကို သဘောကျနှစ်မြို့က်ပါက ပြုံးပြပြီး အပြန်အလှန်
လက်ခံစကားပြောလေသည်။

အလိုမတူ၊ မကြည်ဖြူပါက တစ်ဖက်သို့ မျက်နှာလှည့်၊ ကျောခိုင်းပြီး အလိုမတူ
သလို မျက်နှာကို စူပုပ်ပုပ်လုပ်နေတော့၏။ ဤသို့ဆိုလျှင် လူပျိုလှည့်သူ ကာလသား
သည် သဘောပေါက်ချေပြီ။ အလိုမတူ မကြည်ဖြူသည့် သူမမျက်နှာကို ဓာတ်မီးနှင့်
ဆက်မထိုးလေနှင့်တော့။ မိမိအပေါ် သဘောကျ လက်ခံနိုင်မည့် ယင်းမလေးတစ်
ယောက် ယောက်ဆီသို့သာ ဓာတ်မီးထိုးပြီး စည်းရုံးပေတော့။ ဤကား ယင်းအပျို
လူပျိုတို့၏ ထူးခြားသည့် လူပျိုလှည့်နည်းတစ်ရပ်ပါပေ။

သည်လိုနှင့်ပင် အိုက်ကျောက်သည် ကွင်းပြင်ထဲမှ ကပွဲတွင် ယင်းပျိုမလေးများ
ကို "ဓာတ်မီးထိုး လူပျိုစကား" ပြောရင်း အိုက်ကျော်၏ နှလုံးသားတစ်နေရာသို့ "အ
မျက်နှာပပဝင်း၊ လမင်းထက်နှစ်လေးသာ" ဆိုရလောက်အောင်ရွှန်းလဲ့သည့်မျက်နှာ
ပိုင်ရှင်လေးမှာ ဓာတ်မီးရောင်အောက်တွင် ထင်းထင်းကြီး ဝင်ရောက်လာတော့
သည်။

နာမည်မေးကြည့်တော့ "အီမီး" တဲ့။ နဖူးပြင်ရှေ့မှာ တိတိရိရိညီစွာညှိထားသည့်
ယင်းဆံတောက်ပိုင်ရှင်မလေး။ အနက်ရောင်လက်စကအင်္ကျီပေါ်၊ ငွေကြယ်
များ ပြိုးပြိုးပြက်ပြက် သီယှက်ထားသည်ကပင် မှိန်ပျပျ၊ မလင်းတလင်း လရောင်
အောက်ဝယ် တလက်လက်ဖြင့် ပန်ရပေစွ။



www.burmeseclassic.com

www.burmeseclassic.com

ကားကားစွင့်စွင့်၊ နှစ်လွှာထပ်ဂါဝန် နက်အောက်မှ ကစ်ကစ်ကလေး လှစ်ပြနေသည့်သလုံးသားနနက ကလိုက်တိုင်း အိုက်ကျောက်၏အသည်းစိုင်အားရင်ဖိုလှိုက်ခုစေတော့သည်။

ဝင်းမွတ်ဖောင်းအိသည့် ပါးစုံနှစ်ဖက်အပေါ် မှုန့်နံ့သာမခြယ်သပေပဲ သဘာဝအတိုင်း နုညက်သည့်မျက်နှာပိုင်ရှင်၊ သောက်ရှူးကြယ်ညီနောင်သဖွယ် ရွှန်းသည့်မျက်နက်ဝန်းနှစ်စုံက ကြိုးကောင်ဝင် လူပျိုဖြစ်ခါစ အိုက်ကျောက်အား ညှို့ယူဖမ်းစားထားတော့သည်။ အိုက်ကျောက်သည် အီမိုးနှင့် နီးသထက်နီးအောင် ပူးပူးကပ်ကပ်ထိုင်နေရာယူပြီး ရှိတ်တိတ်တိတ် သွယ်ဝိုက်သော ရည်းစားစကားကိုဆိုရင်း၊ စကားဝှက်ပြောင်း တန်မပျက် ကနေလိုက်သည်။ လရိပ်က မှေးသထက် မှေးလာသလို ညချမ်းလေလည်း အေးသထက် အေးလာချေပြီ။ သည်သို့ဖြင့်အိုက်ကျောက်နှင့်အီမိုးတို့သည် ဖြူစင်လင်းသည့်ချစ်ခြင်းဖြင့် နှစ်ဦးစလုံး၏ရင်တွင်းတစ်နေရာတွင် မရေမရာ အစပျိုးခဲ့ကြတော့၏။ ယင်းကာလသားများကတော့ ရိုးရာ ပလွေဝါးဖြင့် လုပ်ထားသည့် ဝါးပလွေကိုမှုတ်ရင်း ဘူးခါးသီးဖြင့် ဖန်တီးထားသည့် ဘူးသီးပလွေကို ကျူးရင့်ရင်း ....။

"ဆိုလိုတေး - ဆေးလေးတို့ ဂူး"

သည်သီချင်းဖြင့် ခြေကြွ ကိုယ်ယိမ်းကနေသည့် ယင်းအပျို လူပျိုတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မိုးစင်စင်လင်းမှာကိုပင် စိုးထိတ်နေကြသည့်နှယ်။

☆

ဆိုညက "အီမိုး" နှင့် ဆုံခဲ့၊ ချစ်ခွန်း ချွေခဲ့ရသည့် ရင်လောင်းပွဲမှ အတွေး အလွမ်းတွေပေါ် မည်မျှစိတ်ကူးယဉ်၊ ဇာတ်လမ်းဆင်နေမိသည်မသိ။ နေဖင်ထိုးတော့မှ ချစ်အိပ်မက်မှ လန့်နိုးကာ ကပျာကရာ လူးလဲထလိုက်သည်။ နိုးလုနီးခင်မှာပင် အီမိုးအကြောင်း အပြေးအလွှား နိုးတစ်ဝက် အိပ်မက် မက်လိုက်သေး။

အိပ်မက်ထဲတွင် "အီမိုး" နှင့် လူကြီး စုံရာရှေ့မှာ လက်ထပ်ပြီး ရွာလူကြီး၏ဩဝါဒ နှစ်ဦးအတူ နာယူခဲ့ရသေးသည်။

ထိုစဉ် "ယင်း" လူကြီးများရှေ့မှ မပြောမဆိုနှင့် ရုက်စိတ်မွှန်မွှန်ဖြင့် ပြေးထွက်သွားသည့်ချစ်သူ၏လက်ကို ဖမ်း အဆွဲ၊ ခလုတ်တိုက်လဲတော့မှ အိပ်မက်နိုင်ငံမှ လန့်နိုးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အိပ်နိုးအထမှာ အိပ်မက်ထဲမှ မိမိတို့ အဖြစ်ကိုတွေးပြီး အိုက်ကျောက်သ
ရှက်ပြုံးကလေးကို ပြုံးလိုက်မိသည်။

"ပြေးလေဦး–အီမီးရာ၊ နေနှင့်ဦးတော့။ တို့အတူတူ မင်္ဂလာဆောင်တော့မ
လူကြီးတွေရှေ့မှာ မလွတ်တမ်း ဖက်ထားပြလိုက်မှာဗျ"

ကိုယ့်အတွေးနှင့်ကိုယ် "ဟုတ်မေ့"ဖြစ်နေသည့်အိုက်ကျောက်သည်စိတ်န
ကြည်မွေ့လှစွာ ရေမုဆိုးလုပ်ငန်း စဉ်အတွက် ပြင်ဆင်လိုက်သည်။ သူ နိုးထလာ
မှာတော့သူ့မိခင်"အီနွဲ့"အားမတွေ့ရတော့ချေ။အီနွဲ့သည်ယင်းကြီးတစ်ယောက်အ
အဖော်အဖြစ် ထမ်း ကူစေကာ နမ့်စန်ဈေးသို့ ကျောက်ငါးကြင်း အရောင်းထွက်သ
လေပြီ။

မနေ့ကလိုပင် အိုက်ကျောက်သည် လက်နက်တန်ဆာပလာတို့ကို ယူပြီးလ
မနက်စာထမင်းကြမ်းပင် မစားတော့ချေပဲ ဆန္ဒစောပြီး ထွက်လာခဲ့လေသည်။

သည်နေ့မှ ရှေးက လမ်းပြခဲ့ဖူးသူ၊ နှောင်တော့်နှောင်တော်ရေမုဆိုးတို့၏လမ်း
အတိုင်း ရေတံခွန်အောက် ကျက်စားတတ်ချေသည်။ ဖျံများကို မှိန်းထိုးဖမ်းဆီး
စိတ်သန်နေမိသည်။

အိုက်ကျောက်သည် ရေတံခွန် အောက်ဘက်ရှိ ကျောက်ဆောင်တစ်ခုအ
အတွယ်အတာယူရင်း ဖျံအုပ်တစ်အုပ်အားစိတ်ရှည်လက်ရှည်စောင့်ကြည့်နေလို
သည်။

ထိုဖျံအုပ်များကြားမှာတော့ ဖျံထီး (ဖျံသို)တစ်ကောင် ပါမည်ဆိုတာ အို
ကျောက်သည်ကြားဖူးနားဝစကားများအဖြစ် သိထားနှင့်ပေသည်။

ဖျံအုပ်သည် ရေတံခွန်အောက်ဘက်မှ တစ်ကောင်နှင့်တစ်ကောင် ရေပန်း
မှားများဖြင့် မှုတ်ကစားအပြီး အမောဖြေရန်အလို့ငှာ အိုက်ကျောက်ပုန်းခိုနေသ
ကျောက်ဆောင်အနီး ရေစပ်သို့ ဖရောက်လာကြသည်။ သဘာဝက ပေးသည့် လ
ဆောင်တစ်ခုပမာ မှတ်ပိုက်ရင်း လက်ဆကောင်းလှသည့် အိုက်ကျောက်သ
မျက်စိတစ်မှိတ်အတွင်းမှာပင် ဖျံအုပ်ထဲမှ အကြီးဆုံးဖျံတစ်ကောင်အား လေ၏လ
မြန်ခြင်းကို အန်တုပြီးသကာလ မှိန်းတံအား ပစ်လွှတ်လိုက်၏။ ဖျံမတို့အပေါ် ရေ
ရေပန်းများဖြင့် တရှူးရှူးမှုတ်ကာ ကလူနေ၊ မြူနေသည့် ဖျံသိုကြီးသည် မထင်မှတ်
လတ်တလော ကျရောက်လာသည့် အန္တရာယ်အပေါ် ဘယ်လိုမှ မတုံ့ပြန်နိုင်ရ



www.burmeseclassic.com

www.burmeseclassic.com

ချည်းပင် ပြင်းစွာသောဝေဒနာတစ်ရပ်ကြောင့် ရေလွှာပေါ် လှည့်ပတ်ဝေ့လည် သွေးရှူးသွေးတန်း ဖြစ်နေရှာတော့သည်။

အိုက်ကျောက်သည် အတွေ့အကြုံအရ အချိန်ဆွဲမနေချေပဲ ချောင်းရေထဲသွေး လူးလူးဖြင့် ဆန့်ငင်ဆန့်ငင် တုန် ယင်နေသည့် ဖျံသိုအား မိုန်းနှင့်အတူ ဆယ်ယူ က်သည်။

နေ့ဆက်ဆိုသလို "အိုက်ကျောက်" တစ်ယောက် ဖျံသိုတစ်ကောင် ရပြန်ပြီဟော့" သည့်သတင်းသည် "ယင်း" နက်တစ်ရွာလုံးသို့တောမီးပမာ "ဟုန်း" ခနဲ ပျံ့နှံ့ပြန့်ချေ

တောမီးလောင်တော့ တောကြောင်က လက်ခမောင်းခတ်ချင်ချင်၊ "မီးလောင် လေပင့်" လိုက်သည့် "ချစ်ဦးသူ သူရဲကောင်း" ၏သတင်းသည် အီမီးအတွက် "ရင် ပျိုးပီတိ" တို့ဖြင့် တိုးညင်းစွာ တိတ်တခိုးလက်ခုပ်သြဘာ ပေးမိနေခဲ့ပြီ။

မနက်ဖြန်ဆိုသည့်နောက်တစ်နေ့။

အိုက်ကျောက်သည် သူငယ်ချင်း အိုက်ထွမ်းနှင့်အတူ မြို့သို့တက်ကာ ဖျံသို ရောင်းထွက်ကြသည်။

ထိုစဉ်ခါက ဖျံသိုတစ်ကောင်ရဖို့အတွက်ဆိုလျှင် ပြဟ္မာပြည်မှ အပ်တစ်စင်းနှင့် ရပ်ဌာနေမှ အပ်တစ်စင်းတို့ အဖျားချင်း ခတ်ထိဖို့ မလွယ်သလို "ဟိုက် - ရှားပါး" ည်းအဖြစ် စံထားလောက်ပေ၍ ကာမအားဆေးဖော်၊ တရုတ်ပေါက်ဖော်တို့သည် ဆက်ငါအလုအယက်ဆွဲကာ ဈေးပြိုင်ပေးဝယ်ကြတော့၏။ အရင်တွေ့သည့်ဗမာ တလည်း တရုတ်တို့ထံ တစ်ဆင့်သွင်းပြီး အမြတ်ကလေး မြိုးမြိုးမြက်မြက် ရလို ဖြင့် ခွေးသေကောင်ပုပ်အား လင်းတအုပ်တို့စက်ကျသလို အလျှိုလျှိုဝိုင်းအုံလာ ကြချေ၏။


မယောင်မလည် မြို့တက်လာသည့် ယင်းတောသားလေးနှစ်ဦးထံမှ မတန်မဆ နှိမ်ပြီးရိပ်လိုက်၊ ကြိတ်လိုက် မဟုတ်ဆိုသော လောဘစိတ်ဖြင့် မြူဆွယ်ကာ တောင်း ကြ၊ "အလံရှူး" လုပ်ကြ၏။ "ကဲ - ယင်းကလေးရေ၊ ဒီက ဖျံသိုကို ငါ "ငါးထောင်" မယ်၊ ရောင်းမယ် မဟုတ်လား။ ဟိုကောင်က "သုံးထောင်" ပဲ ပေးမယ်ဟ့်၊ တော့ ဈေးနှိမ်လွန်းတယ်ကွာ"။ ငါက ငါးထောင်၊ ငါးထောင်"

ဗမာတစ်ဦးက လက်ငါးချောင်း ထောင်ပြပြီး အလံရှူးလုပ်လိုက်သည်။ ဘေးရှိ ဘက်သို့လည်း မျက်စိတစ်ဖက် မှိတ်ပြလိုက်ချေသေး။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က လိပ်ခွံကိုခွာ၊ လိပ်သားများကို တုံးတစ်ပြီး
ဒယ်အိုးထဲထည့်ပြီးသည်နှင့် အိုက်ကျောက်ဆည် အိုးဖွီးအား
လိပ်သားကို ချက်စေသည်။ အိုးဖွီးသည် ဘုမသိ၊ ဘမသိ လိပ်သားများ
ခုတ်ပိုင်းထားသည့် ဒယ်အိုးအား မီးဖိုပေါ်တင်ပြီးသည်နှင့်
မကြာမီအချိန်အတွင်း လိပ်သားအတုံးအတစ်တို့သည်
ထခုန်လှုပ်ရှားကာ ကုန်းရုန်းကြွလာကြတော့၏



"ဘာ-ငါးထောင်-ဟား-ဟား-ရီ(ရယ်)ရသကွယ်-အိုက်ဖရန် (ဗမာကော
ရေ့-ဖရောင်း-ဖရောင်း"

ဗမာနစ်ဦးသည် ဖွဲမလျှော့ချေပဲ ဆတ်ဖားတစ်ကောင်အား အမဲဖျက်သည့်ထေ
ခွေးများပမာ ယင်းနစ်ဦးနောက်သို့ တကောက်ကောက်လိုက်နေကြသေး၏၊ အို
ကျောက်သည် ရေးနှိမ်လွန်းသည့် ဗမာများထံမှ မနည်းရုန်းထွက်ပြီး အိုက်ထွမ်းလ
ကို ဆွဲကိုင်လျက် တဗျစ်တောက်တောက် ဒေါ်မောတကြီးနှင့် တစ်လမ်းလုံးမြည်တွ
တောက်တီးလာလိုက်သည်။

"အလကားရှိုးပဲ၊ ဖရန်ကလဲ့(ဗမာတွေ)၊ ဒို့(တို့)က ကရန်စစ် (ကျန့်စစ်သာ
မျိုးရိုးကွ၊ ဒင်း(သင်း)တို့က တို့ကို လူမဟုတ်တဲ့အတိုင်း အထင်သေးလွန်းတ
ကွာ၊ ဒင်းတို့ကို မရောင်းဘူး၊ တရုတ်အရက်ဖို သွားရောင်းမယ်ကွာ"

"အဲဒါဆို-ငါ့အသိ တရုတ်ကြီး "ကျင်ဟုတ်"ရဲ့အရက်ဖိုသွားသွင်းကြတာပေါ့

www.burmeseclassic.com

အိုက်ထွမ်းလမ်းစဖော်ပေးသည်နှင့်သူငယ်ချင်းနှစ်ယောက်တို့သည်တရုတ်ကြီး၏ရှမ်းတရုတ်အရက်ဖိုသို့ဖျံသိုကြီးအားတစ်လှည့်စီလက်လွှဲယူရင်းဘယ်ညာနင်းကာဆောင့်ကြွားကြွားဖြင့်ချီတက်ပါတော့၏။ ဖျံသိုကိုမဆိုထားနှင့်ယုန်သားကိုပင်မမြင်ဘူးသည့်မြို့ပေါ်နေကလေးအချို့တို့သည်ယင်းဘောင်းဘီဖားလျားလျားနှင့်ဆောင့်ကြွားကြွားလျှောက်လာနေသည့်ယင်းနှစ်ဦးနောက်သို့ဖနောင့်သံစူးလိုက်ကြည့်ကြကုန်၏။

သည်သို့ဖြင့် မြေကြောရှည်အကျဉ်းချုပ်ရသော်...

ယင်းနှစ်ဦးတို့သည် ရှမ်းတရုတ် အရက်ဖိုပိုင်ရှင်၊ ကျင်ဟုတ်ထံသို့ ဆိုင်းမဆင့်ဘုံမဆင့်၊ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိကြလေကုန်၏။

“အို–အလို၊ မိုးနတ်မင်းကြီးက အချိန်မီလေးမစလိုက်ပြန်ပြီထင်ပါရဲ့ “ဝ”တော့ အားအများကြီးရှိဦးမှာ၊ ဒီမှာ ယီး(ယင်း)ကလေးတွေ၊ ဒီငတိ (ဖျံသို)ကို ဘယ်မှာမှသွားမရောင်းနဲ့တော့၊ ငါးသောင်းပေးမယ်၊ ငါးသောင်းနော်၊ “ဝ” ပေးတာ နည်းတယ်ထင်နဲ့၊ ဘယ် သူမှ “ဝ” လောက် မတတ်နိုင်ဘူးနော့”

ပြောပြောဆိုဆို တရုတ်ကြီးသည် အိုက်ကျောက်လက်မှ ဖျံသိုအား ဆတ်ခနဲဆွဲယူပြီးလျှင် အရက်ဖိုထဲသို့ ပိုင်စိုးပိုင်နင်း ဝင်သွားလေတော့၏။

သူပြန်ထွက်လာတော့ သူ့လက်ထဲမှာပါလာသည်က ထောင်တန်အထပ်လိုက် ငွေထုပ်ကြီးတစ်ထုပ်ရယ်လေ။

“ဝ”ပေးတယ်နော်၊ ဒီဖျံသိုရလိုက်တာ “ဝ” တအားသဘောကျတယ်၊ “ဝ”နော်၊ ငါးယောက်မြောက် မိန်းမငယ်ငယ်လေး ယူထားတာ၊ ဘာကြောသေးလို့လဲ၊ ဒီငနဲရဲ့ “သို” က အခြောက်လုပ်ပြီး အရက်ထဲစိမ်၊ ဖိမ်နဲ့ပိန်နဲ့ သောက်ကြည့်၊ အားပါးပါး–ယောကျ်ားအားရှိမှရှိ၊ အပုံအလက်နဲ့ ယင်းကလေးတို့ရေ မှတ်ထားကြ၊ ဒီအကောင်ဖျံသိုက ဘာမှတ်လို့လဲ၊ မိန်းမချစ်ဆေးကွ–ဟား–ဟား၊ နောက် ရလည်းယူခဲ့ဦး၊ ဒီထက် တိုးပေးဦးမှာ”

“တရုတ်ကြီး ကျင်ဟုတ်”သည် တရုတ်သံဝဲဝဲဖြင့် ဗမာစကားကို မပီကလာ ပီကလာ ကြိုးစားပြောကာ လွန်စွာ သဘောမနောခွေ့နေချေတော့၏။

“ဖျံသိုတစ်ခု အရင်းမြို့”ကာ မတန်တဆ ဈေးရလိုက်သည့် အိုက်ကျောက်တို့နှစ်ဦးသားမှာ ရင်ခေါင်းထဲ ဘုရားပွဲ လှည့်သည့်ပမာ အပျော်လွန်ပြီး တရုတ်ကြီး၏

www.burmeseclassic.com

ရေစီးကမ်းပြို တိုက်လိုက်သည့် ရှမ်းတရုတ်မီးတောက်အရက်များကို လူမှန်းမသိအောင် "နွားငတ်ရေကျ" သောက်လိုက်ကြသည်။

မှောင်စလည်း ပျိုးပြီ။ ယင်းနက်နှစ် ဦးသည် တစ်ဦးပခုံး တစ်ဦးဖက်ကာ သိုင်းကွက်နင်းရင်း မလင်းတစ်လှည့်၊ လင်းတစ်လှည့် လရောင်အောက်မှာပင် လမ်းမမြင်ကမ်းမမြင် မှန်းဆပြီး ရွာသို့ပြန်လာကြတော့၏။

⍟

ပညောင်ရွက်ခြောက်၊ ညောင်ဗောဓိရွက်ရော်နှင့် ညောင်မှတ်ဆိတ်ပင်တို့မှ ရွက်အိုရင့်ညောင်းတို့သည် နွားတင်းကုတ်သာသာ ပြတင်းမရှိရှာသည့် အိုက်ကျောက်၏ ခနော်ခနဲ့ တဲကုပ်လေး ပေါ်သို့ နွေသရုပ်ကို လှုပ်ခါပြသည့်နှယ်။ အဝေးတစ်နေရာစီမှ လွင့်ဝဲကာ တဖုတ်ဖုတ်နှင့် ကြွေဆင်းကြချေပြီ။ ညော် - ရော်ရွက်ဝါ သီကာရီနှင့်အတူ နွေကြိုညသြ ငှက်တွေကလည်း အမေပျောက် လွမ်းတေးကို သီကြွေးကြပြန်ပြီ။

တစ်နှစ်ပင် ပြောင်းရှာပေါ့။ သည်တစ်နွေ ရှင်လောင်းပွဲအစမှာ ချစ်ရသူ "အိမ်မီး" လေးနှင့် နှစ်ကိုယ်တူ ပေါင်းဖက်ဖို့ ရက်မဝေးတော့ပါကလား။

အိုက်ကျောက်သည် "ယင်းမောင်သံတခူး၊ ယင်းပလွေတညံညံနှင့်ညလုံးပေါက်ကဲခဲ့ရသည့် ယင်းရှင်လောင်းပွဲအား ပြေးမြင်ရင်း ယခုပင် ဆင်နွှဲရသည့် နှယ်။ ထကြွမြူးထူးစိတ်တို့ ဖြစ်နေမိသည်။ အိုက်ကျောက်၏ ဝါးကျည်တောက်စဘူးထဲမှာတော့ "အိမ်မီး" ကို တောင်းရမ်းဖိုးငွေ အတော်အသင့် စုဆောင်းမိပြီ။ သည်ရှင်လောင်းပွဲအမီ ပွဲခင်းထဲ ပေါ်ပေါ်ထင်ထင် လက်တွဲကာ လျှောက်လည်ဖို့ ဆက်ကြိုးစားရဦးမှာပ။

"အင်း - တရုတ်ကြီးကလည်း ဖျံသို ရရင်ပို့ပါဦးတဲ့၊ အကြောကို ရှည်တဲ့အကောင်"

"အဲ - ဖျံသိုတစ်ကောင်ရဖို့ဆိုတာ လွယ်တယ်မှတ်လို့၊ ဟိုဗမာတွေဖွင့်ဖွင့်နေတဲ့ ခရေဒီယိုသီချင်းထဲကလို "ကြဲသေးသမျှဆောင်ကြည့်ရှာ၊ ကံပေးမှငါးတစ်ကောင်မိမှာ" ဆိုသလိုတယ်မလွယ်တဲ့ကိစ္စပဲ။ ဖျံများဘာထင်နေလဲမသိဘူး။ ပါးလုပ်လွှန်းလို့ကမ္ဘာမှာတောင် ဒီကောင်တစ်ကောင်ပဲ "ဖျံ" လို့နာမည်ရထားတယ် မဟုတ်လား"

အဲလေ - ဒီဖျံကို ခဏဘေးဖယ်ထားဦး။ ဖလာဖလာဆယ်ဆယ် တန်ဖိုးကြီးမှာထားတဲ့ "အဆိပ်ကောင်" တွေကို ရှာဖမ်းဦးမှ။ အိုက်ကျောက်သည် ဖျံသိုအရောင်းအဝယ်ဖြစ်သည့်နေ့က တရုတ်ကြီးပြောသည့် နောက်ဆက်တွဲစကားများကို ပြန်



www.burmeseclassic.com

www.burmeseclassic.com

တွေးရင်း "စိတ်စားမြှုံ့"ပြန်နေလိုက်သည်။ "ဒီမှာယင်းကလေး၊ ဖျံသို ရလည်းရ မရလည်း ကိစ(ကိစ္စ)မရှိဘူး။ "ဝ"နော်၊ အရက်ပြင်းပြင်းချက်တယ်၊ ကင်းမြီးကောက်နဲ့ ဗင့်ကူနက်နော်။ အားကြီးအဆိပ်ပြင်းတယ်။ မြွေဟောက်၊ ငန်းစောင်း၊ ငန်းဝါ၊ လင်းဝါ လင်းစပ်တွေနော်၊ ရသလောက် ဖမ်းခဲ့။ "ဝ"နော်၊ ပိုက်ဆံ ကောင်းကောင်းပေးမယ်။ အဲဒီအကောင်ပလောင်တွေကို အရက်ချက်မယ့် ဆန် စေ့တွေနဲ့အပုပ်အသိုးခံပြီး "ဝ" အရက်ချက်တယ်။ "ဝ"အရက်ကိုအရက်သမားတွေလေချဉ်တက်သံနဲ့ပြောကြတယ်။ "အားကြီးကောင်း–ဘဲရီးဂွတ်" ဆိုပဲ။ ဩော် – အင်း – မေ့နေလို့ ရာဘာဖိနပ်စုတ်တွေ လည်းရသလောက် ကောက်ခဲ့၊ မုန့်ဖိုး ထပ်ပေးမယ်"

"ဘာလုပ်ဖို့လဲ"

"ဟဲ – ဟဲ – ဒီကောင်တွေ ဖိနပ်တွေ ကိုအရက်ဒီဂရီတက်သထက်တက်အောင် ဆည့်ရတယ်ကွ"

အိုက်ကျောက်သည် တရုတ်ကြီး တည်ခင်းသည့် ရှမ်းတရုတ်မီးဖြတ် (မီးတောက်)အရက်ကို သောက်ပြီးမှ ပြောလာသည့် တရုတ်ကြီးစကားကြောင့် "အလို လေး–ဗုဒ္ဓ ကယ်ပါ"ဟု ဘုရားတရင်း ခုမှပင် ပြင်းရှရှ ကွဲအက်အက်နှင့် လောင်မီး ဗျာသလို ပူထူလာသည့် သူ့လည်တိုင်ရင်းအား တုန်လှုပ်ချောက်ချားစွာ စမ်းကြည့် လိုက်မိသည်။ ဒါကြောင့်များလား။ သူငယ်ချင်းနှစ်ယောက် တရုတ်မီးတောက်အရက် ကိုသောက်အပြီး ခွကျသည့် ယင်းဘောင်းဘီတစ်ဖက်စကို ဒူးအထက် လိပ်တင်ရင်း မဟားတရား သိုင်းကွက်နင်းခဲ့ပုံကို ပြေးမြင်မိတော့သည်။

"တရုတ်ကြီးက ဈေးကောင်းကောင်းပေးမယ်"တဲ့။ သို့နှင့် နောက်နေ့များတွင် ဘက်ကြွသည့် အတွေးကိုယ်စီဖြင့် သူငယ်ချင်းနှစ်ယောက်တို့သည် အဆိပ်ကောင် (ဗင့်ကူနက်၊ တောပင့်ကူ နှင့် မြွေမျိုးစုံ) အရှာထွက်ဖြစ်ကြသည်။ မြွေပွေးမှာ ရှမ်းပြည် ဘက် ဤတောဤတောင်တွင်မရှိ။ (အိုက်ကျောက်တို့လို ယင်း၊ ရှမ်း၊ ပအိုဝ်များအဖို့ ကြားပင် မကြားဘူးပါချေ။)

လင်းမြွေသည်လည်း အဆိပ်မရှိ၍ မြွေဟောက်နှင့် စပ်သည့် လင်းစပ်၊ လင်းဝါ တောကြီးမြွေဟောက်၊ ငန်းစောင်း၊ ငန်းတော်ကျား၊ ငန်းဝါတို့ကို ချောင်းစပ်နှင့် တော မြိုင်ခြေတစ် လျှောက် ဒူးလေးကိုယ်စီ၊ ဓားကိုယ်စီ မြွေဖမ်းသည့် ခွဒေါက်အသုံးပြု၍ မုဆိုး စိုင်သင် ရှာဖမ်းကြသည်။ "နမ့်ဟူး ရေတံခွန်အောက်မှာ တော်တော်ကြီးတဲ့ ငန်းဝါ ကြီးတစ်ကောင် ရေသောက်ဆင်းရင်း ငါးလာလာဖမ်းစားတတ်တယ်။ အကောင်က



www.burmeseclassic.com

www.burmeseclassic.com

ကြီးလွန်းတော့ ဘယ်သူမှ အရဲမကိုးဝံ့ကြဘူး” ယင်းပေါ့ထောက် (အဖိုး) “အိုက်လုံး” တစ်ချိန်က ပြောဖူးသည့် “မုဆိုးပုံပြင်”ထဲမှ စကားတစ်ခွန်းကို အိုက်ကျောက်သည် ပြန်လည် အမှတ်ရလိုက်သည်။ သို့နှင့် အဆိပ်ရှိ အကောင်ပလောင်များအား နိစ္စဓူဝ ရှာဖွေဖမ်းဆီးနေသည့် အိုက်ကျောက်သည် ငန်းဝါအပေါ် အာရုံရောက်သွားတော့သည်။ သည်သို့သောအကြောင်းတစ်စုံတစ်ရာအား ကြောင်းကျိုးဆက်စပ် ပြောဆိုပြီးသည့်တစ်နေ့တွင် သူငယ်ချင်းဖြစ်သူအား အဖော်ညှိလိုက်လေ၏။

“အိုက်ထွမ်းရေ၊ တို့မှာ တစ်နေ့လာလည်းပင့်ကူဖမ်းလိုက်၊ ကင်းမြီးကောက် ထိုးလိုက်နဲ့ တစ်နေ့ တစ်နေ့ အချိန်တွေသာ လင့်တယ်၊ ဘယ်လောက်မှ အလုပ်မဖြစ်ဘူး။ ပင့်ကူနက်ဆိုရင် မစားလောက် မရောင်းလောက်နဲ့၊ တို့ မီးဖုတ်စားပစ် တာနဲ့ ဘာမှ အဖတ်မတင်ဘူးမဟုတ်လား။ ဒီတော့ – နက်ဖြန်ခါ နမ့်ဟူး ရေတံခွန်ဘက် ထွက်ပြီး ငန်းဝါသွားဖမ်းရအောင်နော်”

လတ်ရှိ ယင်းသူရဲကောင်းဘွဲ့ထူးခံ အိုက်ကျောက်ပြောစကားဆိုလျှင် ခေါင်းခါငြင်းပယ်ရိုးထုံးစံ မရှိသည့် အိုက်ထွမ်းသည် သူငယ်ချင်းစကားအပေါ် အတည်ပြုသဘောတူလိုက်သည်။

“ပွဲမဝင်ခင်ပြင်က ကျင်းပ” ဆိုသည့် စကားနှင့်အညီ အိုက်ကျောက်၊ အိုက်ထွမ်းတို့သည် “ငန်းဝါစစ်ဆင်ရေး” မစခင် ယုန်လိုက်ခြင်း၊ ဖြူကောင်ထိုးခြင်း၊ သင်းခွေချပ်ရှာခြင်း စသည့် အမဲကောင်ငယ်လိုက်သည့် မုဆိုးအလုပ်ဖြင့် “မုဆိုးလက်သင်” အဖြစ်ဖြင့် တောတစားထွက်ဖြစ်လိုက်ကြသေး၏။ ယင်းလူမျိုးတို့မှာ ဘယ်ရှေးဘဝက ဆုတောင်းတောင်းခဲ့သည်မသိ။ သားရှာငါးရှာ၊ တောမုဆိုး၊ ရေမုဆိုးအလုပ်နှင့်တော့ တံစပ်လှချေ၏။

ထို့ထက်ပို၍ဆိုရလျှင် အိုက်ကျောက်က သည်မှာဘက်တွင် အခြားသူများထက် ပို၍အကျိုးပေးတတ်ချေ၏။ “အိုက်ကျောက်ဖျား၊ တောကစား မထွက်လိုက်လေနှင့်၊ အနည်းဆုံးတော့ ယုတ်စွအဆုံး အိမ်အပြန် ယုန်တစ်ကောင်ဖြစ်ဖြစ်၊ ခြေထောက်တွဲလွဲ ဆွဲပြန်လာရသည်ချည်း၊ ထို့ပြင် ယင်းတို့သည် အစားပက်စက်သည်ဟု ဆိုရမည်လားမသိနိုင်၊

သစ်ပင်ထက်မှ သစ်ယားရွက်များတွင် အုံခဲကာ အသိုက်ဖွဲ့နေတတ်သည့် ခူးသားများကိုတောင် အလွတ်မပေး၊ ဟင်းစားစာရင်းထဲ ထည့်ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com

တောလည်းမထွက်ဖြစ်သည့် နေ့ရက်များတွင် သူငယ်ချင်းနှစ်ယောက်မှာ ရေ မုဆိုး(ဝါ)တံငါအလုပ်ကို တစ်ပြန်တစ်လီ လုပ်ကြပြန်သည်။ တာဆိုင်ရွာတောင်ဘက် နမ့်ဟူးလေ့ဆိပ်နှင့် နမ့်ထိန်းချောင်းရှိ ရေနေသတ္တဝါ၊ ဖျံ၊ လိပ် နှင့် ကျောက်ငါးကြင်း ငါးဖိန့်၊ ဖရုံမြွေ စသည့် ရေသတ္တဝါတို့မှာ အိုက်ကျောက် နှင့် အိုက်ထွမ်းတို့နှစ်ဦး ရေထဲမဆင်းမိစေနှင့်။ ထိုနှစ်ဦး "ရေထဲ ခြေချပြီဟေ့" ဆိုသည်နှင့် ကျောက်ကြို ကျောက်ကြားသို့အလျှိုလျှို၊ အသီးသီးအသကမျက်စိ သူငယ်နားသူငယ်ဖြင့်ပုန်းလျှိုး ပျောက်ကွယ်ကြတော့၏။ အဲ - ပုန်းခိုရှိန် မရရှာ သည့် "ကံဆိုးသူမောင်ရှင်" ဘွဲ့ထူးခံ သတ္တဝါတစ်ခုတို့မှာ ယမမင်း၏ လက်ပါးစေ၊ ထိုနှစ်ဦး၏ လုံချက်၊ ဓားချက်၊ မိုန်းချက် အောက်မှာ အသက်ပျောက်လေရော့။ "ဟယ် - တတ်နိုင်ပေဘူး။ သတ္တဝါဆိုတာ လူ့ချွတ်မှ လွတ်တာကလား" ပေါ့။

ဖျံတို့သည်ရေကူး၊ ရေငုပ်ရာမှာ ဘုရင်တစ်ဆူဖြစ်ချေ၍ တစ်ခါတလေ ကာမမှိုင်း မိပြီး ဖုတ်တုတ်မေ့ရှိန်မှလွဲ၍ ရဖို့ရာမလွယ်။ အစဉ်သဖြင့် လိပ်တို့သည် နေးကွေးလွန်း လှရကား အိုက်ကျောက်တို့၏ ပလိုင်းထဲသို့ အခစားဝင်လိုက်ရချေသည်။ တစ်ခါက အိုက်ကျောက်သည် ဥကျင်းတက်သည့် လိပ်မတစ်ကောင်ရပြီး ညီမဖြစ်သူ "အီဖွီး" အား ချက်ပြုတ်စေသည့် ညကအဖြစ်ကို တွေးပြီး ပြုံးမိသေးသည်။

ထိုစဉ်က လိပ်ခွံကိုခွာ၊ လိပ်သားများကို တုံးတစ်ပြီး ဒယ်အိုးထဲထည့်ပြီးသည်နှင့် အိုက်ကျောက်သည် အီဖွီးအားလိပ်သားကိုချက်စေသည်။ အီဖွီးသည် ဘုမသိ၊ ဘမသိ လိပ်သားများ စုတ်ပိုင်းထားသည့် ဒယ်အိုးအား မီးဖိုပေါ်တင်ပြီးသည်နှင့် မကြာမီ အချိန်အတွင်း လိပ်သားအတုံးအတစ်တို့သည် ထခုန်လုမတတ် ကုန်းရုန်းကြွထလာ ကြတော့၏။

"အမလေးတော့ - လိပ်သားတွေဖုတ်ဝင်ပြီး ထခုန်လာကြပြီ။ လုပ်ပါဦး - အားဝ် ရေ"

အီဖွီးသည် အစ်ကိုဖြစ်သူထံ ကြောက်လန့်တကြီး အမောတကော ပြောဆိုရင်း ပြေးဖက်လေတော့၏။

"အား - ဟား - ဟား - လိပ်တွေ ဖုတ်ဝင်လာပြီတဲ့လား။ လိပ်သားကို ညီမ မစား ခင် ဖုတ်ဝင်လိပ်တွေက ညီမ ရဲ့ကုပ်သွေးကို စုပ်ထုတ်တော့မယ်။ အချိန်ရှိတုန်း ပြေး ပေတော့ - ဟား - ဟား - ဟား"

www.burmeseclassic.com

www.burmeseclassic.com

အိုက်ကျောက်သည် သည့်နယ် အသက်ပြင်းသည့်လိပ်သားအား အတွေ့အကြုံမရှိပါပဲလျက် ချက်ဖို့စီစဉ်နေသည့် ညီမငယ်အား ဤနယ် ကျိစယ်ခဲ့သည်။

ဟုတ်ပါသည်။ လိပ်တို့သည် အမှန်ပင် အသက်ပြင်းချေ၏။ မီးဖိုပေါ်မီးပြင်းတိုက်သည့်တိုင် တော်တန်ရုံနှင့် အသက်မကုန်နိုင်။ တဆတ်ဆတ်ပင် တုန်နေချေသေး။

နမ့်ဟူးသဲသောင်ပြင်တစ်လျှောက် အိုက်ကျောက်တို့ သူငယ်ချင်းနှစ်ယောက်သည် အခါအားလျော်စွာ လိပ်ဥလည်းအရှာထွက်တတ်ကြသည်။ ကြက်ဥ၊ ဘဲဥတို့လို မဟုတ်ချေပဲ အခွံပျော့ဖြင့် ဖုံးအုပ်ထားသည့် လိပ်ဥသားမှာ နူးညံ့၍ အရသာရှိလှပေသည်။

တစ်နေ့တွင် ဖြစ်သည်။ အိုက်ကျောက်နှင့် အိုက်ထွမ်းတို့သည် မှဆိုးရည်၊ တံငါရည် ဝလာပြီဖြစ်၍ "ငန်းဝါ" လိုက်ရန် နမ့်တိမ်းရေတံခွန်ဘက်သို့ နှစ်ယောက်သား ထွက်လာကြသည်။

အရှေ့ကျွန်းမှ နေဝန်းနီ ထွက်ပြူစပြုကတည်းက ဖွဲနပဲကြီးစွာ စောင့်နေကြပါသော်လည်း သကောင့်သားငန်းဝါက ပေါ်မလာ။ မှောင်စလည်းပျိုးတော့မည်။ ရိုးတိုးရိပ်တိပ် မဆိုစလောက် နေပြောက်က သစ်ပင်အုပ်အုပ်ကြားမှ နမြောတွန့်သည့် အလင်းတန်းခြင်းအားအင်ချိနဲ့စွာ ဖြန့်၍တော့ပေးနေပေသေးသည်။ နှစ်ယောက်သားမှာ စောင့်စားရမှာကို စိတ်မရှည်နိုင်တော့။ သို့နှင့် ယူဆောင်လာသည့် တန်ဆာပလာများကို တောက်သိမ်းပြီး ပြန်ဖို့အလုပ် "ဗွမ်းခနဲ" ချောင်းရေပြင်ထက်မှ အသံတစ်သံအား အလန့်တကြားကြားလိုက်ရတော့သည်။

"အလို - မြတ်စွာဘုရား၊ ငန်းဝါကြီးပါ လား။ ဟာ - ရေထဲကနေ တို့ဘက်ကို ကူးလာပြီ။ ကြည့်စမ်း - နည်းတဲ့ကောင်ကြီးမဟုတ်ဘူး။ သတိထား - အိုက်ထွမ်းရေ။ မင်းဘက် ပိုနီးလာပြီ - ဟာ"

အိုက်ကျောက်သည် သူငယ်ချင်းဖြစ်သူအား သတိပေးစကားပင် ဆုံးအောင်မပြောလိုက်ရ။ ငန်းဝါကြီးသည် ကြီးစွာသောပါးပျဉ်းကို ထောင်လျက် ပါးစပ်အပေါင်းသားဖြင့် ကြောင်ပြီး ကြည့်နေရှာသည့် "အိုက်ထွမ်း" အား လျှပ်တစ်ပြက်အတွင်း ပေါက်ချလိုက်တော့သည်။ ဖြစ်ရပ်မှာ မြန်ဆန်လွန်းပေစွ။ မထင်မှတ်ပဲ ဖြစ်လိုက်သည့်အဖြစ်အပျက်က အတွေ့အကြုံမရှိရှာသည့် အိုက်ထွမ်းအတွက် သေကွက်သေကွင်းသို့ ပို့ပေးလိုက်ချေပြီ။ အိုက်ထွမ်း၏ ဦးခေါင်းအား အားအင်ရှိသမျှ ပေါက်ချလိုက်သည့် ငန်းဝါကြီးသည် အစွယ်ကျိုးချေ၍ အစိုက်အတန့်မျှသာ အားအင်ဆုတ်ယုတ်

www.burmeseclassic.com

ကာ ငိုင်တွေသွားသည်။ ထိုအခွင့်အရေးအပေါ်တဒင်္ဂအတွင်း အရယူလိုက်နိုင်သည့် အိုက်ကျောက်သည် အသင့်ပါလာသည့်ဓားရှည်ဖြင့် မာန်စွယ်ကျိုး ငန်းဝါကြီး၏ခေါင်းပိုင်းရှိ ပါးပျဉ်းကြီးအား ခုတ်ပိုင်း၊ ဖြတ်ချလိုက်တော့သည်။ ဦးခေါင်းပင် မရှိသော်ငြားငုံးတိကြီးဖြစ်နေသည့် အနီငန်းဝါကြီးသည် လည်တိုင်ရင်းမှ သွေးစိမ်းရှင်ရှင်ပန်းထွက်ကာ ရေပြင်ပေါ် သေငယ်ဖောဖြင့် လူးလွန့်ရင်း ဦးတည်ရာမရှိ ကူးခတ်နေပေသေးသည်။

"ငါ့သူငယ်ချင်းအသက်ကို နုတ်လိုက်တဲ့ကောင်၊ မင်းကို လက်စားချေပြီးပြီ၊ ဒီလောက်နဲ့ အားမရသေးဘူး၊ ရေထဲက မင်းကို အရဆယ်ယူမယ်ကွ"

သူငယ်ချင်းဖော မှန်နေသည့် အိုက်ကျောက်သည် သွေးရူးသွေးတန်းဖြင့် အသက်ငင်နေသည့် ငန်းဝါကြီးအား သွေးပင်လယ်တမျှ ရဲပတောင်းခတ်နေသည့် ရေပြင်ကျယ်သို့ ဒိုက်ထိုးဆင်းကာ ဆယ်ယူလိုက်သည်။ ပြီးလျှင် လူးလွန့်လှုပ်ရှားနေသေးသည့် ခေါင်းပြတ်ငန်းဝါကြီးအား ကိုယ်ပေါ်သို့ပတ်စေပြီး ရွာသို့ပြန်လာခဲ့ရာ မိုးစုန်းစုန်းချုပ်မှ ရွာသို့ ရောက်ရှိတော့၏။

သူကြီးနှင့် ရွာရှိကာလသားတို့အားဖြစ်ကြောင်းကုန်စင်ကို အစီရင်ခံအပြီး အိုက်ကျောက်ဦးဆောင်လျက် သူငယ်ချင်းဖြစ်သူ "အိုက်ထွမ်း သေဆုံးရာ ရေတံခွန်ချောင်းစပ်သို့ တစ်ခေါက်၊ အလောင်းသယ်ရန် မီးတုတ်များထွန်းကာ သွားရောက်ကြပြန်သည်။

"အိုက်ကျောက်တစ်ယောက်၊ ဆယ့်ခြောက်ပေနီးနီး ငန်းဝါကြီးကို သတ်လိုက်ပြန်ပြီဟေ့"

အိုက်ကျောက်၊ ငန်းဝါအား သတ်ပြီးထမ်းပြန်လာသည့်ညက တာဆိုင်းတစ်ရွာလုံးယင်းသူ့ရဲကောင်းလေးနှင့် အိုက်ထွမ်း၏ ကြေကွဲဖတ်လမ်းသည် အံ့ဩတုန်လှုပ်ဝမ်းမြောက်ကြေကွဲ စသည့် ဝိရောဓိတို့ဖြင့် မွှန်းထုံလျက် အဆုံးတိုင် ပျံ့လွင့်လာရပြန်ချေသည်။

"လ" နှင့် "နေ" အကူးအရှက်ဦး၏ ရောင်နီအသမ်းကိုပင် မစောင့်စားတော့ချေပဲ အိုက်ကျောက်သည် "ခေါင်းပြတ် ငန်းဝါ" အတ္တဘောကြီးကိုထမ်းကာ မြို့လမ်းဘက် လျှောက် ထွက်လာပေသည်။ အိုက်ကျောက်အဖို့ သူငယ်ချင်းအတွက် လက်စားပြန်လိုက်ရပြီမို့ ငန်းဝါကြီး၏ နောက်ဆုံးသွားရာလမ်းသည် တရုတ်ကြီးအရက်ဖိုထဲက "တဇော်စိမ်ရေအိုး" သို့ပင် မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com

"ဒီအကောင်ကြီးရောင်းရငွေနဲ့ သူငယ်ချင်းကို တန်ပြန်ဆွမ်းသွပ် (ဆွမ်းပြင်) ပေးရမယ်လေ"

ထိုစဉ် နမ့်စန်မြို့ပေါ်ရှိ လူအပေါင်းတို့သည် အိုက်ကျောက်နှင့် ငန်းဝါကြီးအား အထူးအဆန်း ဝိုင်းအုံကြည့်ကာ အံ့သြဘနန်းဖြစ်လိုက်ကြသည်။

လူထူးလူဆန်း ယင်းနက်ကလေး အိုက်ကျောက်၏ စွန့်စားခန်းပုံပြင်များကို လည်း ယနေ့ထက်တိုင် အကြောင်းတိုက် ဆိုင်တိုင်း ပြောစမှတ် ပြုနေရစ်ကြ၏။

⍟

အိုက်ကျောက်သည် ရာသီအလီလီ ရွှေ့သည့်တိုင် သူငယ်ချင်းဖြစ်သူ "အိုက်ထွမ်း" အား မေ့မရနိုင်ခဲ့။

တစ်ကိုယ်တော် အမဲလိုက်တိုင်း၊ ရေမှုဆိုးလုပ်တိုင်း၊ မိမိအဆွယ်ကောင်း၍ ကံဆိုးသွားရှာသည်။ သွားလေသူ အိုက်ထွမ်းအကြောင်းတွေးပြီး မျက်ရည် လည် ခဲ့ရ၏။

"လွှမ်းစရာရှိလာရင် နာစရာနှင့်ဖြေ" ဆိုသည့်အတိုင်း လွှမ်းတသသဖြစ်ရတိုင်း နာကြည်းစရာမရှိသမို့ ရယ်စရာ အဖြစ်ကလေးတစ်ခုနှင့်သာ ဖြေသိမ့်နေရပေ သည်။

"အင်း - ရယ်စရာတစ်ခုဆိုလို့ ပြောရဦးမယ်။ တို့နှစ်ယောက် ယင်းမလေးတွေ ကိုယ်လုံးတီး(ဝတ်လစ်စားလစ်) ရေချိုးနေကြတုန်း လိုက်ချောင်းကြပုံကို သိပ်သတိ ရတယ်ကွာ"

ပြန်တွေးကြည့်တော့ ရေးရေးလေး မြင်လာသည်။ နမ့်ဟူးရေတံခွန်အောက် ဘက် တစ်နေရာမှာ "ဒွေးမယ်နှော်" ညီအစ်မစုနစ်ဖော်လို ယင်းမအပျိုကလေးတွေ ရေချိုးဆင်းကြတာကို သူငယ်ချင်းနှစ်ယောက် တွေ့တွေ့ဆိုင်ဆိုင် မြင်လိုက်ရသည် လေ။ သည်စဉ်က သူငယ်ချင်းနှစ်ယောက်တို့သည် ငါးအရှာထွက်ရင်း နမ့်ဟူး ရေတံခွန်ဘက် ရောက်ဖြစ်ကြသည်။

ဖြစ်ချင်တော့ ယင်းနက်မလေးတို့မှာ ရိုးရာဓလေ့အတိုင်း လူခြေတိတ်ပြီ အဝတ် နှင့်ချောင်းရေထဲ ဆင်းလိုက်ကြသည်။ ရေပေါင်လယ်လောက်ရောက်လျှင် ဝတ်ထား သည့်စကတ်နက်အား ဦးစွာချွတ်ပြီး ခေါင်းပေါ်သို့တင်လိုက်ကြ၏။ နောက်တစ်ဆင့် ခါးလယ်သို့ ရောက်သည့်အခါ အပေါ်ဝတ်အင်္ကျီအား ချွတ်လိုက်ကြကာ စကတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

အတူခေါင်းပေါ်စုတင်ပြီးမှ အားရပါးရကူးကြတော့၏။ တစ်ဦးနှင့်တစ်ဦးလည်း ဆော်ခစ် ရယ်ရင်း ရေပက်ကစားကြလေ၏။

ထိုယင်းပျိုမတို့သည် အတန်ကြာ ရေပက်တမ်းကစားရင်း အားရတော့မှ ရေထဲမှာပင် အင်္ကျီစကတ်တို့ကိုဝတ်ကာ ဟန်မပျက် ကမ်းဘက်သို့ တက်လာတတ်စမြဲ။

ထိုနေ့က ကျောက်ဆောင်အထက် မျက်ကွယ်နေရာတွင် မျက်စိအရသာခံ ချောင်းကြည့်နေကြစဉ် အခြေမခိုင်သည့်ကျောက်တုံးတစ်တုံးအား သတိလက်လွတ် နင်းမိလိုက်ကြသည်။

"အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်" ဆိုသည့်နှယ်။ သူငယ်ချင်းနှစ်ဦးတို့သည် ကျောက်ဆောင်မှ ပဲ့ထွက်လာသည့် ကျောက်တုံးနှင့်အတူ ရေထဲသို့ "ဗွမ်းခနဲ" ကျသွားလေတော့သည်။

ချောင်းရေထဲ စိမ်ပြေနပြေရေဆော့နေကြသည့်ယင်းမလေးတို့သည် ရေထဲသို့ ခေါင်းစိုက်ကာ ကိုးရိုးကားရား ခွေးကျကျသည့် အိုက်ကျောက်တို့နှစ်ဦးသားကို မြင်သည်နှင့် အခြေအနေမှန်ကိုရိပ်မိလိုက်ကြကာ "အိုး-အမေ့" ဟုအလန့်တကြားအော်လိုက်ကြသည်။

တစ်ဆက်တည်းမှာပင် စကတ်နှင့် အင်္ကျီတို့ကို ကမန်းကတန်းဝတ်ပြီးလျှင် ရှက်ရှက်ဖြင့် လမ်းပေါ် တက်ပြေးကြလေ၏။ အိုက်ကျောက်တို့ နှစ်ဦးသားမှာလည်း ခိုးထုပ်ခိုးထည်ဖြင့် မိသူများပမာ ရှက်ရယ် ရယ်ရင်း ရေကူးရင်း ကျန်ရစ်ခဲ့ကြလေသည်။ ထိုနေ့က အိုက်ကျောက်သည် သူချစ်သည့် "အီမီး" ပါမလာသည် ကပင် ခပ်ကောင်းကောင်းဟု စိတ်ကူးမိ ကာ နှစ်ဦးသား ငါးမရပဲ ရေချိုးပြန်ခဲ့ရသည့်အဖြစ်ကိုပြန်တွေးရင်း သူငယ်ချင်းဖြစ်သူအား တမ်းတနေမိတော့သည်။

✪

ခရစ်သက္ကရာဇ် (၂၀၀၀) ပြည့်၊ နှစ်ဦးသို့ရောက်ခါစတစ်နေ့တွင် ရစ်တာစကေး "၆" နီးပါးအဆင့်ရှိမြေငလျင်တစ်ခုသည် နမ့်စန်မြို့နှင့်အနီးပတ်ဝန်းကျင်သို့လှုပ်ခတ် သွားချေ၏။

ကျောက်ချပ်၊ ကျောက်သားပြင်တို့၏ ရိုက်ခတ်စစ်ဆင်မှုကြောင့် ကျောက်လွှာ တို့သည် ရွေ့လျားကာ ပြတ်ရွေ့များအဖြစ် ကွဲအက်ကြကုန်၏။ နှစ်ပရိစ္ဆေ့များစွာ ပိတ်ဆို့နေပေသည်။ ချောင်းအောက်ခြေရှိ မြေအောက်ဂူတစ်ခုသည် ငလျင်အက် ကြောင့် ပွင့်ထွက်သွားလေတော့သည်။

www.burmeseclassic.com

ရှေးယခင်က အထီးတည်း မင်းမူနေသည့်ဂူကြီးသည် ထိုရောအခါတွင် ချောင်းရေပြင်နှင့် တစ်သားတည်း ဖြစ် သွားရတော့သည်။ အရင်ကဆိုလျှင် လိုဏ်ဂူထဲတွင်သာ ရေကန်ငယ်တစ်ခုပမာ ဖြစ်တည်နေသည့်အတွက် ထူးဆန်းကြောက်မက်ဖွယ်၊ တွင်းအောင်းသတ္တဝါတစ်စုသည် သီးခြားကမ္ဘာငယ်မှာ ကျက်စားကြရချေ၏။ ခုနေအခါမှာတော့ထိုတွင်းအောင်းသတ္တဝါတစ်စုသည် "ဝါးလုံးခေါင်းထဲလသာ" သည့်အဖြစ်မှ ကွင်းလုံးကျွတ် လွတ်မြောက်ခဲ့ချေပြီ။

အဆမတန် ကျယ်ပြောသည့် ရေပြင်လွှာကြီးသည်သာ ထိုသတ္တဝါဆန်းတို့အတွက် အပြောကျယ်သည့် နိဗ္ဗာန်ဘုံတစ်ခုပမာ ဖြစ်လာပါတော့သည်။

အိုက်ကျောက်သည် သူငယ်ချင်းကို လွမ်းတိုင်း စိတ်၏ ဖြေရာအဖြစ် တံတားအောက်ခြေရှိအသုတရာ နက်စောက်သည့်ရေအောက်ကမ္ဘာသို့ဆင်းကာ ကျောက်ငါးကြင်း အရှာထွက်နေတတ်သည်။

လျှင်လှုပ်ပြီးစနေ့ တစ်နေ့။

အိုက်ကျောက်သည်ကြိုးတံတားအောက်သို့ရေဆင်းငုပ်ရင်းမြင်နေကျမဟုတ်သည့်မြင်ကွင်းတစ်ခုအား ဆန်းကြယ်စွာ မြင်လိုက်ရသည်။

"အလို" ခါတိုင်း ဒီလောက်ကြီးတဲ့ လိုဏ်ဂူကြီးကို ငါ မမြင်မိခဲ့ပါလား" အင်း။ လျှင်လှုပ်ပြီးမှ ပေါ်လာတဲ့ လိုဏ်ဂူပဲ ဖြစ်ရမယ်။ ဟာ - ဟိုရှေ့မှာ လိပ်လိုလို၊ အမြီးတန်းလန်းနဲ့ သတ္တဝါဆန်းတွေပါလား။ အင်းလေ - ဌါ့မှာ လိပ်ဖမ်းဖို့ပိုက်ကွန်မှ ပါမလာတာပဲ။ နောက်နေ့မှ ပိုက်ကွန်ပါ ယူပြီးလာဖမ်းရဦးမယ်။

တစ်ကိုယ်တည်းစိတ်ထဲမှာတွေးလိုက်မိ၏။ နောက်နေ့တွင်အိုက်ကျောက်သည် ကျောက်လိုဏ်ဂူကြီးရှိရာ ကြိုးတံတားအောက်ဘက်သို့ ကျောက်ဆောင်များမှတစ်ဆင့် ရေငုပ် ဆင်းလိုက်သည်။ သားစားသတ္တဝါလိပ် မိချောင်းတို့ ကျက်စားနေကြ၍ ထင့်၊ ကျောက်ငါးကြင်း၊ ရွှေဝါငါးကြင်း၊ ငါးကြင်းဖြူနှင့် ငါးဖိန်း စသည့်ငါးတို့မှာ နွေလာနင်းပျောက်သလို ကြက်ပျောက် ငှက်ပျောက် ပျောက်နေကြချေ၏။ အိုက်ကျောက်သည် ရေအောက်ရှိ ရေမှော်ဒိုက်သရောများကို ဖယ်ရှားကူးယက်ပြီး မိချောင်းကြီးနှင့် လိပ်ခေါင်းသဏ္ဍာန် လိပ်မိချောင်းတို့အား ရေအောက်တွင် ကျင့်သားရသည့်မျက်လုံးအစုံဖြင့် ဖားကူးကူးရင်း ပြူးပြဲရာကြည့်လိုက်သည်၊ ကံအားလျော်စွာ ကျောက်လွှာပပ်ကြားအက်ကြားတွင် မျက်စိသူငယ်နှင့် ပုန်းအောင်းနေသည့် ကျောက်ငါးကြင်း



www.burmeseclassic.com

www.burmeseclassic.com

တောင်အား မျက်စိရှင်လှသည့် လိပ်မိချောင်းကြီးသည် ဆတ်ခနဲ ကိုက်ဆွဲစား လိုက်သည်။

အစာနောက်သို့သာ အငမ်းမရ လိုက်နေသည့် လိပ်မိချောင်းကြီးသည် လျှပ်စစ်ပြက်အတွင်း ပစ်လွှတ်လိုက်သည့် အိုက်ကျောက်၏ ကွန်ချက်တွင်းသို့ ရုန်းမရသော သက်ဆင်းမိချေတော့သည်။

ကြီးမားခန့်ထည်သည့်လိပ်၏ဦးခေါင်း၊ လိပ်၏ခန္ဓာနှင့် မိချောင်း၏သန်မာသည့် အမြီးတို့ဖြင့် အတိပြီးသည် ထို သတ္တဝါကြီးသည် အိုက်ကျောက်၏ ပိုက်ကွန်အတွင်း ၌ အမြီးတဖျပ်ဖျပ်ရိုက်ကာ ရှိသမျှအားအင်ကို ဖျစ်ညှစ်ရင်း ရုန်းရင်းဆန်ခတ် ရှိနေပေသည်။ ထို့ပြင် ကြီးမားသည့်ပါးစပ်ဖြင့်လည်း ပိုက်ကွန်အား အသားကုန် ကိုက်ဖြတ်သည်။ ရုန်းလေပတ်လေမို့ နောက်ဆုံးတွင် ခြေကုန်လက်ပမ်းကျကာ ထိုသတ္တဝါကြီးသည် အိုက်ကျောက်ဆွဲယူရာနောက်သို့ မျက်တောင်မခတ်သည့် မျက်စိအပြူးသားဖြင့် အထွေးလိုက် ပါလာရလေတော့၏။

လိပ်မိချောင်း၏ ရုန်းကန်အားကြောင့် အိုက်ကျောက်အဖို့ရာလည်း မသက်သာပါ။ လိပ်မိချောင်းနှင့်အပြိုင် ရှိသမျှအားအင်တို့ကို စုစည်းပြီးလျှင် ကမ်းစပ်ပေါ်သို့ တင်ခင်ကာ ဆွဲတင်လိုက်ရတော့သည်။

ပိုက်ကွန်အတွင်း ဒွေးရောယှက် တင်၊ မာန်ဝင်နေသည့် အနီလိပ်မိချောင်းကြီးသည် ကြီးမားကျယ်ပြန့်သည့် ပါးစပ်ကြီးကိုဟရင်း အိုက်ကျောက်အား ခွေးတစ်ကောင်အလား ခုန်၍များပင် ဟပ်လိုက်ချေသေး။ မတတ်သာသည့်အဆုံး အိုက်ကျောက်သည် လိပ်မိချောင်း၏ လည်တိုင်အား လေးချောင်းထိုး မှိန်းခွဖြင့် ထိုးစိုက်ကာ ပိုက်ကွန်တန်းလန်းဖြင့် တန်းပြန်လာရပေတော့သည်။

ယင်းရွာတွင် မဆိုထားနှင့်ဦး၊ ဗမာ တံငါများပင် မကြုံစဖူး၊ မမြင်ဖူးသည့် ထိုလိပ်မိချောင်းကြီးအား အထူးအဆန်းတစ်ခုသဖွယ် ရွာနီးချုပ်စပ် ယင်းရွာများဖြစ်သည့် "ဘန်းပုတ်" ကုန်းလမ်းရွာမှ ယင်းအပေါင်းတို့ ဦးစွာလာရောက်ကြည့်ရှုကြကုန်၏။ ထူးခြားဆန်းကြယ်သည့် သတင်းသည် အပျံ့နှံ့လွယ်ရကား ဗမာရွာများဖြစ်သည့် မော်ခေါက်ဆင့်၊ ခဲလုံး၊ အရှေ့ဝမ်ပုံရွာဘက်မှ ရွာသားများကလည်း ပွဲတော်တစ်ခုသဖွယ် အလုအယက် တိုးဝှေ့ကြည့်ကြလေ၏။

"ဒီလို ကြက်တူရွေးခေါင်းနဲ့တူတဲ့ လိပ်မိချောင်း ရဲ့အကြေးခွံက လိပ်အသုံးဝင်သလား။ ရေးတံငါသည်တွေတော့ ဒီလိပ်လိုအလားသဏ္ဌာန်တူတဲ့ မိချောင်းမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com

လိပ်မျိုးကို ရဖူးတယ်လို့တော့ ကြားဖူးနားဝရှိတယ်။ သူ့အကြေးခွံကိုဖောက်
ကလေးသူငယ်တွေရဲ့လည်ပင်းမှာ ဆွဲပေးထားရင် သူငယ်နာစင်တယ်။ မကော
ဆိုးရွားတွေလည်း မကပ်နိုင်ဘူးတဲ့။ ပြီးတော့ - သူ့အကြေးခွံကို သွေး ပြီးတိုက်
အတွင်းတက်၊ အပြင်တက် အားလုံးပျောက်တယ်"။ ရှေ့မီနောက်မီ ဗမာအဘိုး
ဆေးဆရာတစ်ဦးက လိပ်မိချောင်းကြီးအားကြည့်ပြီး မှတ်ချက်ပေးတော့သည
သို့ဖြင့် အိုက်ကျော်၏ လိပ်မိချောင်းကြီးသည် ဗမာသမားအို၏ အညွှန်းကောင
ကြောင့် အကြေးခွံဗလာဖြင့် သေပွဲဝင်ရလေတော့၏။ ထိုအချိန်မှစ၍ ယင်းရွာ
"သူငယ်"တို့၏လည်ပင်းတွင် လိပ်အကြေးခွံကိုယ်စီနှင့် ဖြစ်နေကြတော့သည်။

ငလျင်လှုပ်ပြီးစ ကာလမကြာမီ။

ကျိုင်းတုံဘက်မှ သံချောင်းအပြည့်တင်ဆောင်လာသည့်ကုန်ကားတစ်စီးသ
ကုန်အပြည့်နှင့် ကြိုးတံတားပေါ် အဖြတ်တွင် တံတားကျိုးကျကာ ချောင်းရေထဲ
ထိုးဆင်းလေတော့၏။ (၁၀)ဘီးကား၏ အလေးချိန်၊ သံချောင်းတို့၏ အလေး
တို့ကြောင့် ဝန်နှင့်အား မမျှရှာသည့်တံတားကြီးမှာ ခါးလယ်ပြတ်၊ ထက်ပိုင်းကျိုး
၏။ နက်ရှိုင်းသည့်ရေထုဖိအားကြောင့် ကားတံခါးမှာ ဖွင့်မရသည့်အတွက် ကားခေါ
အတွင်း ပိတ်မိနေသည့် ဒရိုင်ဘာနှင့် အုံနာမိသားစုတို့မှာ အရှင်လတ်လတ် ပိ
နှောင်ခံရသည့်နှယ် ရေမွန်း၍ သေကြရသည်။

သတင်းကြားကြားချင် လာရောက်ကြည့်ကြသည့်ပရိသတ်မှာ ကမ်းလုံးညွတ်
များပြားချေတော့သည်။ အရေးပေါ် ကယ်ဆယ်ရေးအတွက် တာဝန်ရှိသူတို့သ
ကျွမ်းကျင်သည့်ရေငုပ်သမားများကို အားချင်းရှာရ၊ ငှားရတော့၏။ နောက်ကားတွ
လိုက်ပါလာသည့် ဆွေမျိုးများ၏ ပြောပြချက်အရ သေဆုံးသူတို့တွင် ငွေအမြော
အမြားနှင့် စိန်ရွှေ ရတနာထုပ်များ ပါလာကြောင်း သိလိုက်ရသည်။ ဦးစွာ သေဆ
သူတို့အလောင်းများကို ရေငုပ်ကျွမ်းကျင်သူများက အပူတပြင်းငုပ်ကာ ဆယ်
လိုက်ကြသည်။ သည်တွင် ရေအောက်ရှိ ရွှေငွေကျောက်သံပတ္တမြားစသည့် ရတန
ထုပ်တို့ကို အချိန်ယူ ရှာဖွေငုပ်ပေးနိုင်မည့်သူတစ်ဦးအား အရေးပေါ် လိုအပ်လ
တော့သည်။

သို့ဖြင့် ရေအောက်တွင် ငါးတစ်ကောင်နှယ် အချိန်အကြာကြီး အသက်အော
ငုပ်နိုင်သူ ယင်းသူ့ရဲကောင်းလေး "အိုက်ကျော်"၏အခန်းကဏ္ဍသည် ဆိုက်ရော
လာချေတော့၏။

www.burmeseclassic.com

"တာဆိုင်း ယင်းရွာမှာ ဆလုံတွေလို ရေအကြာကြီး ငုပ်နိုင်တဲ့ အိုက်ကျောက်ဆိုသူတစ် ယောက်တော့ ရှိတယ်။ သူ့ကို တန်ရာတန်ကြေးပေးပြီး ငုပ်ခိုင်းရင် ရတန်ကောင်းရဲ့"

အများဆုံးဖြတ်ချက်ဖြင့် အိုက်ကျောက်သည် မလွှဲမရှောင်သာပဲ ရေငုပ်သမားလုပ်ဖြစ်သွားလေသည်။ ရေမှာ တံတားအောက်ဘက်တွင် လွန်စွာနက်ရကား အိုက်ကျောက်သည် အသက်ဝဝရှူပြီးလျှင် ရေအောက်သို့ ငုပ်ဆင်းလေတော့၏။ သူသည် ဦးစွာ လက်ဆွဲအိတ်တစ်အိတ်အား ရေအောက်သဲပြင်ပေါ် တွေ့သည်နှင့် ဆွဲယူလာပြီး လှေပေါ်ရှိ လူတစ်စုထံသို့ လက်ဆင့်ကမ်းလိုက်သည်။ လှေပေါ်လိုက်ပါလာသည့် တာဝန်ရှိသူများက အိုက်ကျောက်ကမ်းပေးသည့်အိတ်အား ဖစ်ဖွင့်ပြီး ကြည့်လိုက်သည်။ ငွေထုပ်ဖြစ်နေ၍ အိုက်ကျောက်အား ခေါင်းညိတ်ပြပြီးလျှင် နောက်တစ်ကြိမ် ဆက်ငုပ်ဖို့ အချက်ပြလိုက်သည်။ အိုက်ကျောက်သည် လှေနံကိုကိုင်ကာ ခဏမျှ အမောဖြေပြီးလျှင် ရေအောက်သို့ နောက်တစ်ကြိမ် ငုံ့ဆင်းလိုက်ပြန်သည်။

အလွန်တရာ နက်ရှိုင်းလှသည့် ရေပြင်လွှာသည် အောက်သို့ရောက်လေ၊ မည်းမှောင်လေရကား မဆိုစလောက် အလင်းရောင်အောက်တွင် အိုက်ကျောက်သည် စမ်းတဝါးဝါးဖြင့် ရတနာထုပ်အား နေရာအနှံ့ ရှာဖွေနေတော့၏။ အိုက်ကျောက်အဖို့ ကုန်းပေါ်တွင် နာရီဝက်ဆိုသောအချိန်အတိုင်းအတာမှာ စာမဖွဲ့လောက်သော်လည်း ရေထဲက ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်မျှသောအချိန်မှာ တစ်ကမ္ဘာမက ကြာညောင်းလှသည် မဟုတ်ပါလား။

သူသည် ရတနာထုပ်အား ရလိုဇောဖြင့် စက္ကန့်၊ မိနစ်များကိုပင် အမှုမထားနိုင်ပဲ တစ်နေရာပြီးတစ်နေရာ ပုစွန်မျက်လုံးပမာ ပြူးပြဲပြီး ရှာနေမိသည်။

ရေထု၏ ဖိနှိပ်မှုကြောင့် သူ့နှားထင် နားရင်းများအူပြီး တစစ်စစ် ကိုက်ခဲလာသည်။ ထိုစဉ် ကျောက်ကြိုကျောက်ကြား တွင် ညပ်နေသည့် အထုပ်တစ်ထုပ်အား တွေ့၍ ဝမ်းသာအားရ ဆွဲထုတ်လိုက်သည်။ "ရေအဆုံး ကုန်းတစ်ဝက်" ဆိုပေမယ့် သက်ဆိုင်သူများက အကယ်၍ တွေ့ခဲ့သော် သုံးပုံတစ်ပုံ ပေးမည်ဆိုသော ကတိစကားကိုကြားယောင်သည်နှင့် အိုက်ကျောက်သည် ရတနာထုပ်ဟု ထင်ရလောက်သည့်အထုပ်အား ရေအောက်မှာပင် ဖြေကြည့်လိုက်သည်။

ဝင်းလက်တောက်ပနေသည့် စိန်ရွှေ ပတ္တမြားတို့သည် အိုက်ကျောက် မျက်စိရှေ့မှာပင် တပ်မက်ချင်စဖွယ် ညို့ယူဖမ်းစားနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အိုက်ကျောက်အတွက် အချိန်များစွာ မကျန်တော့။ ယုတ်စွအဆုံး၊ စက္ကန့်ပိုင်းမျှ နောက်ကျခဲ့သော် အသက်ရှူလည်းရပ်၊ နှလုံးသွေးလည်း ရပ်ချေတော့မည်။

ရေထု၏ ဖိနှိပ်ဖျစ်ညှစ်ထားမှုကြောင့် အိုက်ကျောက်၏ နားနစ်ဖက်နှင့် မျက်စိအစုံတို့မှ သွေးစိမ်းရှင်ရှင်တို့ ယိုစီးကျကုန်၏။

ထိုစဉ် မျှော်လင့်မထားသောအဖြစ် အပျက်တစ်ခုသည် မျက်စိတစ်မှိတ် အတွင်း ဖြစ်သွားချေတော့၏။ သူ့နောက်သို့ လိပ်မိကျောင်းတစ်ကောင် ရောက်လာသည်ကို သတိမပြုမိလိုက်။ ရတနာဇောကြောင့် ရေအောက်တွင် အချိန်မရွေး ကျရောက်နိုင်သည့် အန္တရာယ်အပေါ် သတိမမူမိချေသည့် အိုက်ကျောက်သည် အမြီးကြီးလှသည့် သတ္တဝါဆိုးလိပ်မိချောင်း၏ လက်ချက်ဖြင့် ခန္ဓာကိုယ်အနှံ့ အသားစတို့မှာ ကိုက်ဖဲ့စားသောက်ခြင်း ခံရလေတော့သည်။ အိုက်ကျောက်သည် နောက်ဆုံးထွက်သက် အဖြစ် ရှိသမျှအားအင်ကို ဖျစ်ညှစ်အသုံးချပြီးလျှင် ရေပေါ်သို့တစ်ဟုန်ထိုးတက်လိုက်သည်။

နှိုင်းဆပြ၍ မရစကောင်းသော ဝေဒနာတစ်ရပ်နှင့်အတူ အိုက်ကျောက်သည် ချစ်ရသူ "အီမီး" အား မျက်စိထဲ ပြေးမြင်လိုက်သည်။

"အီမီးရေ - သည်တစ်ခေါက် ရတနာထုပ် ငုပ်လို့ရတာနဲ့ ရေငုပ်စနဲ့ မင်းလေးကို လာတောင်းတော့မယ် နော်"

အိုက်ကျောက်သည် ရေထဲသို့ မဆင်းမီ "အီမီး" အား မှာတမ်းချွေခဲ့ပုံကို ဝေဒနာများကြားမှ ပြန်လည်အမှတ်ရရင်း အသက်ဝိညာဉ်ကင်းစွာဖြင့် ရေပေါ်သို့ ပေါလောပေါ်လာချေတော့သည်။

သူ့လက်ထဲမှာတော့ ရတနာထုပ်အား မလွှတ်တမ်း ဆုပ်ကိုင်ထားလျက်။ သူ့နှလုံးသားကတော့ ဟင်းလင်းပြင်ပမာ။

ဩော် - ရတနာထုပ်အား ဆုပ်ပင်ဆုပ်ကိုင်ထားရလင့်ကစား အိုက်ကျောက်ခမျာ ပိုင်ဆိုင်ခွင့်ကလေးတောင် ရမသွားရှာတော့တကား။

⇒ ညှိုးရာင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဖခင်တစ်ယောက်အပေါ် စေတနာ မေတ္တာနှင့်
အသေဖြောင့်ရန် ကြံစည်ခဲ့သည့်
သားကောင်းတစ်ယောက်၏အကြောင်း

"ကိုတင်ပိုင် - ကိုတင်ပိုင် - ခဏနေဦး - ခဏနေဦး"

စက်လှေပေါ်သို့တင်ပိုင်က ခြေတစ်ဖက်တင်ပြီးနေပြီ၊ အထက်ပါအတိုင်းလှမ်းအော်လိုက်သံကြောင့်ခြေကိုပြန်ရုပ်ပြီးနောက်လှည့်ကြည့်လိုက်သည်၊ ထိုအခါ သူ့ထံသို့ ဦးတည်ပြီး ပြေးလာနေသော သူ့မိန်းမ မတင်မြကို တွေ့လိုက်ရသည်၊ သည်မိန်းမပုံစံက ပျာယီးပျာယာနိုင်လှသည်၊ တစ်ခုခုတော့ ထူးနေပြီဟု ထိတ်ခနဲ ဖြစ်သွားမိသည်၊

ထင်သည့်အတိုင်းပင် -

"ကိုတင်ပိုင် - ရှင့်အဖေ - ရှင့်အဖေ လေဖြတ်လို့တဲ့၊ ဆေးရုံတင်ထားရတယ် တဲ့"

"ဟင် ..."

အနီးရောက်ရောက်ချင်း ဗလုံးဗထွေး ပြောလာသော မိန်းမ လုပ်သူ၏စကားက တင်ပိုင့်ရင်အစုံကို ရုတ်ခြည်းပြောင်းဆန်သွားစေသည်၊ လူကိုပါ ပျာယာခတ်သွားစေသည်၊

"ဖိုးကိုရေ - ငါ မလိုက်တော့ဘူးဟေ့၊ ငါ့စပါးအိတ်တွေကို ဟိုရောက်ရင် မင်းပဲ အလုပ်သမားငှားပြီး ဆက်လုပ်ပေးလိုက်စမ်းပါ"

"ကောင်းပြီ - ကောင်းပြီ၊ စိတ်ချ - စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com

စက်လှေသမားကပြန်အော်ပြီးစက်ကိုနှိုးသည်။ ကမ်းမှ ခွာ၍လည်းမောင်းထွက်သွားသည်။ လင်မယားနှစ်ယောက် ကမ်းခြေမှ ခပ်သုတ်သုတ်လျှောက်လာခဲ့ကြသည်။ တာပေါင်ပေါ်ရောက်သော်-

"ကဲ - ရှင် ဆေးရုံပဲ မြန်မြန်သွားတော့။ ကျွန်မ အိမ်ပြန်မယ်။ ဟိုမှာ ကလေးကို အနောင်းလက်ထဲ အပ်ထားခဲ့ရတာ"

"အေး ..."

လင်မယားနှစ်ယောက် လမ်းခွဲလိုက်ကြသည်။

☆

"အဖေက ဘယ်လိုဖြစ်ရတာလဲ - အမေ"

"ဘယ်လိုဖြစ်ရမလဲ၊ ငါ့စကားနားမထောင်လို့ဖြစ်ရတာပေါ့။ ဒေါသမထွက်ပါနဲ့၊ စိတ်ကို ထိန်းပါလို့ ငါ အတန်တန်ပြောတာ၊ နားမှ မထောင်ပဲ။ နေ့ခင်းက ဟိုသေခြင်းဆိုးအိမ်ကို သူသွားမယ်လို့ ပြောတယ်။ သွားရင် ဒီလိုဖြစ်တော့မယ် ဆိုတာသိလို့ မသွားနဲ့၊ တော့်အစားကျုပ်ပဲသွားမယ်လို့ငါကပြောတယ်။ အဲဒါတားလို့မရဘူး။ ပြန်လာတော့ ထင်တဲ့အတိုင်း ဖြစ်လာတယ်။ တရှူးရှူး တရှဲရှဲနဲ့ ဒေါသတွေ တအားထွက်လာတယ်။ မျက်နှာကြီးလည်း နီရဲလို့၊ အိမ်ရောက်ပြီးတော့လည်း သူမှာ အဲဒီအကြောင်းကိုပဲ ဆက်ပြီးကြိမ်းနေ၊ မောင်းနေတယ်။ အဲဒီနောက် တစ်နာရီလောက် ကြာတယ်ဆိုရင်ပဲ ဖြုန်းဆို ထိုင်နေရာကနေ ထိုးလဲသွားပြီး ဆန့်ငင်ဆန့်ငင်နဲ့ ဖြစ်သွားတော့တာပဲ"

တင်ပိုင် သက်ပြင်းချသည်။ မိခင်ဖြစ်သူက ဖြစ်စဉ်ကို ရှင်းပြပြီးနောက် မျက်နှာသစ်ဝိုက်ကို တဘက်ဖြင့် ပွတ်သုတ်နေသည်။ ပြီးလျှင် သူတို့သားအမိ အပါအဝင် ရောက်ရှိနေသည့် ဆွေမျိုးသားချင်းတစ်စုလုံးက စိုးရိမ်စိတ်နှင့်အတူ အရေးပေါ်ခန်းဆီသို့ မျှော်ကြည့်နေမိကြသည်။ လူနာကို ဆရာဝန်၊ ဆရာမများက ကြပ်မတ်ကုသနေကြဆဲ ဖြစ်သည်။ လောလောဆယ် အရေးပေါ် ခန်းကို တံခါးပိတ်ထားသည်။

www.burmeseclassic.com

အဖေ ပြန်နေကောင်းပါစေ၊ ကံလည်း ကောင်းပါစေဟု စိတ်ထဲက ကြိတ် ဆုတောင်းနေမိသည်။ သူက မြစ်အောက်ပိုင်းရှိ ဆန်စက်သို့ စပါးကြိတ်ရန် စက် နှင့် လိုက်သွားတော့မလို့၊ မိတင်မြ အမီလိုက်လာနိုင်လို့သာ တော်တော့သည် နို့မဟုတ်ပါက သူကလည်း ခရီးလွန်နေမည်၊ ထိုသို့ ခရီးလွန်နေချိန်တွင်မှ အ ကလည်း တစ်ခုခုဖြစ်သွားမည်ဆိုလျှင် ...။

သူပင့်သက်ရှိုက်လိုက်မိပြန်သည်။ တကယ်တော့ သူ့အဖေ့ကိုအလွန်ချစ်သည် ချစ်ရအောင်လည်း တစ်ဦးတည်းသော သားဖြစ်သည့် သူ့အပေါ်အဖေက တစ်သ လုံးအချစ်ပို၊ အလိုလိုက်ခဲ့သည်ပဲကိုး။

ခုတော့ အဖေ ဘာကြောင့် ခုလိုဖြစ် ရသည်ကို သူ အားလုံးသိလိုက်ပြီ။ န ကတည်းက အဖေ့တွင် သွေးတိုးရှိသည်။ နှလုံးသွေးကြောရောဂါလည်းရှိသည်။ ဆ ဝန်က ဆေးမှန်မှန်သောက်ဖို့၊ အစားအသောက် ဆင်ခြင်ဖို့၊ လေ့ကျင့်ခန်းလုပ် ဒေါသမထွက်ဖို့အဖေ့ကိုမှာကြားထားသည်။ ဒါကို အဖေက နည်းနည်းပေါ့ချင်သည် ဆရာဝန့်စကားကို လိုက်နာသည့်အခါ လိုက်နာပြီး မေ့မေ့လျော့လျော့နေသည့်အ နေသည်။ သို့မို့ကြောင့်လည်း အဖေ့ရောဂါက မကြာမကြာ ထထဖောက်လေ့ရှိသည် လွန်ခဲ့သည့်နှစ်လလောက်က လေဖြတ်ချင်သလိုလို အဖေ တစ်ခါဖြစ်ဖူးပြီးပြီ။ ဆ ဝန်ထံ အမြန်ပြေးလိုက်နိုင်သဖြင့် အန္တရာယ်ကြီးနှင့် ကပ်လွဲခဲ့ရသည်။ ခုတစ်ခါတော အဖေ ရှောင်နိုင်စွမ်းမရှိတော့ပြီ။ တည့်တည့်ကြီးကို အန္တရာယ်နှင့် ဝင်တိုးခဲ့ရပြီ။

သည်နေရာတွင် အမိတရားခံ၏ မျက်နှာကို သူ ပြေးမြင်မိသည်။ တရားခံက ချစ်ခိုင်ပဲ။ ချစ်ခိုင်ကြောင့် အဖေသည် လိုဖြစ်ရတာ။ ချစ်ခိုင်ကို အဖေ မကျေမချမ်း ဖြစ် နေသည်မှာ ကြာပြီ။ အဖေနှင့် ချစ်ခိုင်ကြားမှာ ကြီးမားသည့် ရာဇဝင်အကြောင်း ရှိသည်။ ဖြစ်စဉ်ကို အစကနေပြန်ထုတ်ပြရမည်ဆိုပါက လွန်ခဲ့သည့် (၆) နှစ်လောက် ကတည်းကအဖေ့ဆီမှာ ချစ်ခိုင်အကြွေးတွေရှိသည်။ အဖေ့ဆီက စယူသည့်ငွေက သိန်း(၅၀)တိတိဖြစ်သည်။ အတိုးနှင့်ဆိုပါက ယခုဆိုလျှင်မည်မျှလောက်များပြား မည်ကို ခန့်မှန်းကြည့်နိုင်သည်။

ထိုငွေများကိုယနေ့အထိ ချစ်ခိုင်က တစ်ပြားမျှပြန်လည်ပေးဆပ်ခြင်းမရှိ။ အမှန် တကယ်လည်း ချစ်ခိုင်၌ မည်သို့မျှ ပြန်ဆပ်နိုင်စွမ်းမရှိ၊ ချစ်ခိုင်၌ တစ်ချိန်တုန်းက

www.burmeseclassic.com

www.burmeseclassic.com

လူလူသူသူ နေခဲ့သူမှန်သော်ငြား နောက်ပိုင်း၌ တစ်လျှောက်လုံးလိုလို ကံမွဲနေခဲ့သည်။ ဆက်တိုက်လိုလို ဆုံးရှုံးမှုတွေနှင့် ရင်ဆိုင်နေရသည်။ ကံမရှိတော့ ဉာဏ်ရှိတိုင်းမွဲ ဆိုသကဲ့သို့ သူမှာ လှုပ်လေ မြုပ်လေဖြစ်နေရသည်။ အဖေက ဒါတွေသိသည်။ ချစ်နိုင်ဖြစ်အင်ကို နားလည်သည်။ သို့မို့ကြောင့်လည်း အဆင်ပြေမည့်အချိန် ကြွေးပြန်ဆပ်ပါမည့်အကြောင်း တစ်ခါတစ်ရံ သတိပေးတာကလွဲပြီး ချစ်နိုင်ကို အပူမတိုက်။ ခဏခဏ ကြွေးသွားတောင်းနေတာမျိုး အဖေ မလုပ်။

သို့ကြားပြီးခဲ့သည့်လကတော့ ချစ်နိုင်နှင့်ပတ်သက်ပြီး အဖေ ဆူဆူပူပူ၊ လှုပ်လှုပ်ရှားရှားဖြစ်ဖို့ ကြုံလာသည်။ ချစ်နိုင်တို့ သားချင်းတစ်တွေ အမွေခွဲကြ ပြီး ချစ်နိုင်က ဝေစုအတော်ရလိုက်သည် ဟု သတင်းကြားသည်။ သတင်းရရချင်း ချစ်နိုင်ဆီ အဖေသွားသည်။ သွားပြီး ကြွေးကို လှည့်ဆပ်ပါ့မည့်အကြောင်း ပြောသည်။ ချစ်နိုင်က ဆက်ဆက် လာဆပ်ပါမည့်အကြောင်း လောလောဆယ် လက်ထဲ ငွေမရောက်သေးပါကြောင်း ပြန်ပြောသည်။ အဖေက ကျေနပ်ပြီး ပြန်လာခဲ့သည်။

အဖေ ချစ်နိုင်ကိုစောင့်သည်။ တစ်ရက်ပြီးတစ်ရက်၊ တစ်ပတ်ပြီးတစ်ပတ်။ အဖေကသာ မျှော်ရသည်။ ချစ်နိုင်က ပေါ်မလာ။ ပေါ်မလာသည့်အပြင် အဖေ့ကို ယမ်းပုံမီးကျဖြစ်သွားစေသည့် သတင်းက အရပ်ထဲမှာ ပေါ်လာသည်။ ချစ်နိုင် ဆယ်ဘီးကားတစ်စီး ဝယ်လိုက်သည့်သတင်းဖြစ်သည်။

အဖေ - အဲသည်မှာတင် သွေးတက်သွားသည်။ တရှူးရှူး၊ တရှဲရှဲနှင့် ဖြစ်သွားသည်။ "ငါ့အကြွေးတော့ ပြန်မဆပ်ဘူး။ ကားတော့ ဝယ်တယ်" ဆိုသည့်စကားကို အမေ့ရှေ့မှာလည်း ပြောသည်။ တင်ပိုင့်အိမ်မှာလည်း လာပြောသည်။ ပြောလည်းပြောစရာပင်။ သည်လုပ်ရပ်က အဖေ့အတွက် တကယ့်ကိုမထွေးနိုင်၊ မမြိုနိုင် ဖြစ်စရာကြီးကိုး။ ဘာပဲဖြစ်ဖြစ် အဖေဖြစ်နေပုံကိုကြည့်ပြီး အမေရော၊ တင်ပိုင်ပါ စိုးရိမ်စိတ်ဝင်လာသည်။ အရှုံးပေါ်ထပ်ပြီး အနုတ်လက္ခဏာဆင့် လာမှာကို မြင်ယောင်လာသည်။ အဖေ့ကိုတတ်နိုင်သလောက် ဖျောင်းဖျကြသည်။ ချစ်နိုင်နေသည့်ရွာသို့ အဖေက သွားမည်တကဲကဲ လုပ်နေသည်။ အမေက တားသည်။ ချစ်နိုင်ကိုသွား ခဲ့ရင်း အဖေတစ်ခုခုဖြစ်သွားနိုင်တာကို အမေ တွက်ဆမိသည်။ သို့ကြောင့် တားမြစ်ခြင်းဖြစ်သည်။ အဖေက တားလို့မရ။ ကိုယ်တိုင်ထသွားသည်။ ဟိုရောက်တော့ ချစ်နိုင်နှင့်

www.burmeseclassic.com

ရန်တွေ ဖြစ်ရသည်။ ရန်ဖြစ်ပြီး အိမ်ပြန်လာသည်။ အိမ်ရောက်တော့ ချစ်နိုင် ကူလီကူမာ လုပ်လိုက်ပုံ၊ လီဆယ်ပြီး ပြောလိုက်ပုံတွေကို ဒေါသတကြီးနှင့် အမေ့ကို ပြန်ပြောသည်။ ထိုသို့ ဒေါသတွေပွားပြီး မဆုံးတန်း၊ မတုံးတန်းပြောနေရင်း၊ ပြောနေရင်း တနေ ...။

ခုတော့ အမေစိုးရိမ်သည့်အတိုင်း တကယ်ကို ဖြစ်သွားခဲ့ပြီ။ ပြောရလျှင် အဲဒါထက်ပိုပြီး အရေးကြီးသည့်ကိစ္စတစ်ခုက ရှိသေးသည်။ တခြားမဟုတ်၊ ခုနေများ အဖေမပြောကောင်း၊ ပြောကောင်း သေဆုံးသွားခဲ့ပါက ဘဝကူးကောင်းလိမ့်မည်ဟု သူမထင်။ ကောင်းရာသုဂတိရောက်မည့်ကိန်း လုံးလုံးမမြင်မိ။ ဘာကြောင့်ဆို အဖေက ချစ်နိုင်နှင့် ချစ်နိုင်ဆီက အကြွေးတွေကို စိတ်စွဲနေသည်။ အသည်းအသန်ကို စွဲလမ်းနေသည်။ ဤဥပါဒါန်တွေကပင် အဖေ့ကို မသင့်ရာဘဝသို့ ဆွဲချသွားကြမှာ သေချာသည်။ ဤအတိုင်းဖြစ်ကို ဖြစ်သွားလိမ့်မည်။

ဒါတွေ တွေးမိတော့ တင်ပိုင် အဖေ့အတွက် ပို၍ပူပန်ရသည်။ ပို၍သောက ရောက်ရသည်။

⍟

"စိတ်ကို ထိန်းမှပေါ့ အဖေရာ။ စိတ်ကို အလိုလိုက်ရင် ကိုယ်ပဲ ဒုက္ခရောက်မှာ။ အခု သူ့ဆီ အကြွေးသွားတောင်းတော့ သူ့အကြွေး မရခဲ့တဲ့အပြင် ကိုယ်ပါ ဆေးရုံတက်လိုက်ရတယ်။ တစ်ခုကနေ နှစ်ခုပိုရှုံးသွားတာပဲအဖတ်တင်တယ်။ ကဲကောင်းလို့ပါလား အဖေရာ။ ဆရာဝန်ကြီးနဲ့အဖွဲ့က အချိန်မီ ကုသပေးလိုက် နိုင်လို့ပါလား။ နို့မဟုတ်ရင် အဖေ ဘယ်လွယ်မလဲ"

တင်ပိုင်က ဖခင်ဖြစ်သူဦးလှဘန်း၏ခြေသလုံး၊ ပေါင်လုံးတွေကိုနှိပ်နယ်ပေးရင်း တတွတ်တွတ်ပြောနေသည်။ မိခင် ဒေါ်လှအေးက ဦးလှဘန်း၏ ကျောပြင်နှင့် လက်မောင်းတွေကို ဆေးလိမ်းပေးလျက်ရှိသည်။

"ဒါနဲ့ ဝမ်းသာစရာစကား အဖေ့ကို ပြောပြရဦးမယ်"

တင်ပိုင့်စကားကြောင့် ဦးလှဘန်း မျက်လုံးပွင့်လာသည်။ စကားတော့ မဆိုပေ။ လတ်တလော သူ့သတိကြီးကြီး ထားနေသည်။ ကြောက်မက်ဖွယ် အန္တရာယ်စက်



www.burmeseclassic.com

www.burmeseclassic.com

မင်းအသေမျက်နှာကိုလည်း စေ့စေ့ကြည့်ပြီး ငါက ပြောလိုက်မယ်။ ဒီမှာဦးလှဘန်း၊ ခင်ဗျားအကြွေးကို ကျုပ်က တစ်ပြားတောင် မဆပ်ရသေးဘူး။ ခင်ဗျားသားက ခင်ဗျားကို ညာပြောထားတာ။ ကျုပ် ခင်ဗျားတုပ်ပေါ်မှာ ခွစီးထားတုန်းပဲ ရှိသေးတယ်။ အဲဒါ မြဲမြဲမှတ်ထားဆိုပြီး အကြောင်းစုံ ပြောပြလိုက်မယ်။ ဘယ့်နှယ်လဲ–ဟေ့ကောင်



တွင်းကြီးမှ ကံသီ၍ လွတ်မြောက်လာခဲ့ပြီးနောက် ဆရာဝန်ကြီးများ မှာကြားလိုက်သည့်အတိုင်း သူ့ကိုယ်သူ စိတ်ရောကိုယ်ပါ စောင့်ရှောက်နေမိသည်။ စိတ်လှုပ်ရှားတာမျိုး၊ ဒေါသထွက်တာမျိုး လုံးဝမပြုလုပ်ရဲပေ။

တင်ပိုင့်အသံက ဆက်ပေါ်လာ သည်။

"ကျွန်တော် ကိုချစ်ခိုင်နဲ့ တွေ့ခဲ့တယ် အဖေ။ သူက ပြောတယ်။ မင်းအဖေ ဒီလိုဖြစ်တယ်ကြားရတော့စိတ်မကောင်းပါဘူးတဲ့။ မင်းအဖေကစိတ်တအားမြန်တာပဲတဲ့။ မင်းအဖေ အကြွေးတွေကို ငါကလည်း ဆပ်ဖြစ် အောင် ဆပ်မှာပါတဲ့၊ ဆပ်ချင်လို့လည်းအရင်ဆုံးကားဝယ်ပြီးအလုပ်လုပ်ဖို့ကြံစည်တာပါတဲ့။ အလွန်ဆုံးနောက်နှစ်လောက်မှာ ပြန်ဆပ်နိုင်အောင် သူ ကြံရွယ်ထားတာပါတဲ့။ ဒါပေမဲ့ – ခုတော့ သူ့အစီအစဉ် ပြောင်းလိုက်ပါပြီတဲ့၊ မင်းအဖေ အကြွေးတွေကို နောက်(၁၅)ရက်အတွင်း ငါလာဆပ်မယ်တဲ့၊ ကိုချစ်ခိုင်က ကျွန်တော့်ကို အဲသလိုပြောလိုက်တယ် အဖေ"

www.burmeseclassic.com

စိတ်ချမ်းသာစရာစကားကြောင့် ဦးလှဘန်း မျက်လုံးများက တဖျပ်ဖျပ်တောက်လာသည်။ တင်ပိုင်က ဆက်ပြောသည်။

"တစ်ခုတော့ သူက ပြောတယ် အဖေ၊ မင်းအဖေကို မင်းပဲ တောင်းပန်ပေးပါကွာတဲ့၊ ငါယူထားတဲ့ အကြွေး သိန်း(၅၀)ကို အရင်းအတိုင်း ပြန်ဆပ်ပါ့မယ်တဲ့၊ အတိုးကိုတော့ ကျေးဇူးပြုပြီး လျော့ပေးပါတဲ့၊ အဲဒါတစ်ခုကိုတော့ သူ တောင်းပန်လိုပါတယ်တဲ့၊ အဲသလိုပြောတယ် အဖေ၊ ကျွန်တော်လည်း ကျွန်တော့်အဖေကို ပြန်ပြောကြည့်ပါ့မယ်၊ ခင်ဗျားပြောတဲ့အတိုင်း ဖြစ်နိုင်ချေရှိပါတယ်လို့ ပြန်ပြောထားခဲ့တယ်၊ သူ ဒီလိုပြောဖော်ရတာပဲ တော်လှပြီ၊ ကိုယ့်ပိုက်ဆံကိုယ် ပြန်ရတာပဲ တော်လှပြီ၊ ဟုတ်တယ်မို့လား အဖေ၊ သူ့ဆန္ဒကို အဖေ လက်ခံတယ်မဟုတ်လား"

ဦးလှဘန်းက ခပ်မြန်မြန် ခေါင်းညိတ်ပြသည်၊ မျက်နှာကလည်း ပြုံးလာသည်၊ သူ စကားမပြောနိုင်၍မဟုတ်၊ ပြောနိုင်သည်၊ သို့သော် စကားလုံးတွေက လုံးဝါးဝါးဖြစ်နေသေးသည်၊ ခြေလက်တို့ကပါ လှုပ်ရှားသွားလာနိုင်သည် မှန်သော်ငြား ပုံမှန်အတိုင်း ပြန်မဖြစ်သေး၊ လေးလံနေသေးသည်၊ တုံ့ဆိုင်းနေသေးသည်၊ မည်သို့ဆိုစေ၊ ပျောက်သွားသည့် ထီလက်မှတ် ပြန်ရှာတွေ့လိုက်သလိုမျိုး သူ ခံစားလိုက်ရသည်၊ အတိုးမရချင်နေ၊ ကိုယ့်ငွေမဆုံးရင် တော်ပြီ၊ အရင်းအတိုင်း ပြန်ရရင် တော်ပြီဟူ၍ သဘောပိုက်လိုက်ခြင်းဖြစ်သည်၊

⍟

နောက် (၁၅)ရက်ခန့် ကြာသော် -

"အဖေ - ကျွန်တော် ကိုချစ်ခိုင်နဲ့ တွေ့ခဲ့ပြီ"

"အေး - ဘယ်လိုလဲ၊ ဒီကောင် ကတိတည်ရဲ့လား၊ ငွေပြန်ဆပ်လိုက်ရဲ့လား"

"ဆပ်တယ် အဖေ၊ ဆပ်တယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ဒါပေမဲ့ - ကျွန်တော် အဖေ့ကို (၅)သိန်းပဲ ပြန်ပေးနိုင်မယ်၊ သူပြန်ဆပ်တဲ့ သိန်း(၅၀)ထဲက ငွေ(၄၅)သိန်းကို ကျွန်တော် ခဏလှည့်သုံးထားလိုက်တယ် အဖေ"

"ဟေ - မင်းက ဘာတွေသုံးလိုက် သလဲ၊ ဒီပိုက်ဆံတွေကို"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် အောက်ပိုင်းက ကိုမြင့်လွင်နဲ့ နှစ်ယောက်ပေါင်းပြီး ကြံကြိတ်စက်အစ်လုံး ဝယ်လိုက်တယ်၊ လာမယ့်ကြံရာသီရောက်ရင် ကြံချက်ဖိုထောင်ပြီး စပ်တူလုပ်ကြမလို့၊ ကြံသကာတွေ ဈေးကောင်းနေတယ် အဖေ"

"ဒီလိုလား၊ အေးပါ - အလုပ်လုပ်မယ်ဆိုရင် အဖေက ဘာမှမပြောလိုပါဘူး၊ သုံးပါ၊ သုံးပါ"

"ဒါပဲနော် အဖေ၊ ကျွန်တော်က ဒီငွေကို တော်တော်နဲ့တော့ ပြန်ဆပ်နိုင်ဦးမှာ မဟုတ်ဘူး၊ ကျွန်တော်လည်း အခြေတည်မိအောင် ကြိုးစားရဦးမှာလေ"

"ဒါများကွာ၊ ပြောနေစရာ လိုသေးလား၊ သားအဖချင်းတွေပဲ၊ ငါ့ငွေဟာ မင်းငွေပဲပေါ့ကွ၊ ဘာပဲပြောပြော၊ ငါပျော်လိုက်တာကွာ၊ အဲဒီအကောင်နဲ့ ခုလိုပြတ်သွားတာဟာ ငါ့အတွက်တော့ အကုသိုလ်ထုပ်ကြီး ပြုတ်ကျသွားတာပဲ၊ ဒီငွေတွေသာ သူ့ဆီက ပြန်မရရင် ငါ အသေဖြောင့်မယ်တောင်မထင်ဘူး၊ ခုတော့ - အေးသွားပြီ၊ ငြိမ်းသွားပြီ၊ ရှင်းသွားပြီ"

တင်ပိုင်က ဖခင်ကိုကြည့်ပြီး ပျော်ရွှင်နေသည်၊

⍟

နောက်(၆)လခန့်အကြာတွင် -

"တင်ပိုင်ရေ - ဟေ့ တင်ပိုင်"

"ဗျို့ - ဘယ်သူလဲ၊ ကျုပ် ရှိပါတယ်"

ခြံပေါက်ဝမှ လှမ်းခေါ်သံကြောင့် တင်ပိုင်က ပြန်ထူးလိုက်သည်၊ လူကိုယ်တိုင်ပါ အိမ်ပေါက်ဝမှ ထွက်ကြည့်လိုက်သည်၊ ထိုအခါ ကြံစည်းရိုးဘေးမှာ ရပ်နေသည့် ချစ်ခိုင်ကို လှမ်းမြင်လိုက်ရသည်၊ တင်ပိုင်ကို မြင်လိုက်သည်နှင့် ချစ်ခိုင်က ပြုံးလိုက်သော်လည်း တင်ပိုင်ကမူ ချစ်ခိုင် မျက်နှာကို မြင်မြင်ချင်း တစ်ချက် မှဲ့ခနဲ ဖြစ်သွားသည်၊

"ဪညီ - ဒီခဏလာပါဦးကွ၊ ကိစ္စလေး ရှိလို့ပါ"

"ဟုတ်ကဲ့ - ဟုတ်ကဲ့ - လာပြီ"

www.burmeseclassic.com

www.burmeseclassic.com

တင်ပိုင်က ဆင်းလာသည်။ အနီးရောက်သော် ချစ်ခိုင်က တင်ပိုင့်ပခုံးကို လှမ်းဖက်ပြီး ခပ်လှမ်းလှမ်းရှိ စိန်ပန်းပင် အောက်သို့ တင်ပိုင့်ကို ဆွဲခေါ်သွားသည်။ နှစ်ယောက်သား မျက်နှာချင်းဆိုင် ရပ်မိကြသည်နှင့် -

"ဝါ့ညီ - ဝါ့ကို တစ်ခုလောက် ကူညီစမ်းပါဦးကွာ"

"ဘာများလဲဗျ။ ဘာကိစ္စလဲ"

"တခြားမဟုတ်ဘူး။ မင်း ဝါ့ကို ငွေသုံးသိန်းလောက် ခဏလှည့်ပေးစမ်း ပါ"

"ဗျာ ..."

"ဟုတ်တယ်။ ငါ တော်တော်အခက်ကြုံနေလို့ပါ။ ငါ ကားပြန်ရောင်းလိုက်ရတာ မင်းလည်း ကြားမှာပေါ့။ အလုပ်က ဘာလုပ်လုပ် အဆင်ကိုမပြေဘူးကွာ"

အဆင်ပြေပါ့မလား၊ ခင်ဗျားလို သစ္စာမရှိ၊ ကတိမတည်တဲ့လူစားမျိုး ဘယ်တော့မှ မကြီးပွားဘူးဟု တင်ပိုင် စိတ်ထဲက ရေရွတ်သည်။ ထို့နောက် ခပ်တည်တည်ပင် ချစ်ခိုင်ကို ပြန်ပြောလိုက်သည်။

"ကျွန်တော်လည်း အိမ်မှာ ငွေပိုငွေလျှံရယ်လို့ ရှိမှမရှိတာ၊ ကျွန်တော် အားနာပါတယ် ကိုချစ်ခိုင်ရာ"

"လုပ်ပါကွ၊ ဒီတစ်ခါတော့ ကူညီပါဦး၊ ဖြစ်အောင်လုပ်ပေးစမ်းပါ"

"တကယ်ပြောတာပါ၊ ကျွန်တော်လည်း ရှန်းနေကန်နေရတဲ့သူပဲ၊ ခင်ဗျားကို ဘယ်လိုမှ လှည့်ပေးနိုင်စွမ်းမရှိဘူး"

"ဒီလိုလား တင်ပိုင်"

ချစ်ခိုင်မျက်နှာက တင်းခနဲ ဖြစ်သွားသည်။ သို့သော် ချက်ချင်းပင် မျက်နှာကို ပြန်ပြင်သည်၊ ရိသဲ့သဲ့၊ ရယ်ကျဲကျဲ မျက်နှာမျိုးဖြင့် တင်ပိုင့်ပခုံးကိုလည်း တစ်ချက် လှမ်းပုတ်လိုက်သည်။

"စိတ်ချပါ တင်ပိုင်ရာ၊ ဟိုကိစ္စ မင်း အဖေမသိအောင် ငါ နေပေးပါ့မယ်ကွ၊ ဟဲ - ဟဲ - ဟဲ"

ချစ်ခိုင်စကားကို တင်ပိုင် နားလည်သည်။ ထူထူပူပူ ဖြစ်သွားမိသည်။ သည်လူ ယုတ်မာပြီဟုလည်း စိတ်ထဲက ထောင်းခနဲ ဖြစ်သွားမိသည်၊ သို့သော် အူက အချိန်မီ သတိဝင်လာပြီး စိတ်ကို ချုပ်တီးလိုက်သည်။ ချစ်ခိုင်က နိုင်ကွက် ရထားပြီကိုး။ ဒါကို

www.burmeseclassic.com

www.burmeseclassic.com

အသုံးချပြီး တကယ်ယုတ်မာလိုက်ပါက မိမိစီစဉ်ထားသမျှ အားလုံးပျက်စီးသွားပြီး ဒုက္ခတွေ တစ်သီကြီး ဝင်လာနိုင်သည်၊ သို့ကြောင့် မိမိဘက်က စိတ်မလျှော့ရ ခြင်း၊

"ကဲဗျာ - ဒါဖြင့်လည်း ယူသွား၊ ဒါပေမဲ့ - ဒီငွေကိုတော့ မကြာခင် ခင်ဗျား ဆက် ဆက်ပြန်ဆပ်မှဖြစ်မယ်၊ ဒီငွေကို ကျွန်တော်က နွားဗိုက်တစ်ကောင်ဝယ်ဖို့ ချန်ထား တာ"

"စိတ်ချစမ်း တင်ပိုင်၊ ဘာမှမပူနဲ့၊ အလွန်ဆုံး တစ်လ၊ နှစ်လပဲ၊ မင်းငွေကို ငါ သေချာပြန်ဆပ်မယ်"

သည်လိုနှင့်ပင် သေတ္တာထဲက ငွေ (၃) သိန်းထုတ်ပြီး ချစ်နိုင်လက်ထဲ ထည့်ပေး လိုက်ရသည်၊ ချစ်နိုင်က ကျေနပ်ပြီး ပြန်သွားသည်၊ တင်ပိုင်က ချစ်နိုင် ကျောပြင်ကို မှန်းတီးစွာကြည့်ရင်း ကျန်နေခဲ့သည်၊ သည်ငွေက သူ မြိုးမြိုးမြဲမြဲစုဆောင်းထားသည့် ငွေဖြစ်သည်၊ ပြီးခဲ့သည့်နွေက သူ့နိုင်းနွားကြီးတစ်ကောင် ဆီးချုပ်ဝမ်းချုပ်ဖြစ်ပြီး သေ သွားသည်၊ ထို့ကြောင့် နိုင်းနွားတစ်ကောင် ပြန်ဝယ်ရမည်၊ မကြာမီ မိုးကျပြီး ထွန်ရ သက်ရ မည့်အချိန်က ရောက်လာတော့မည်၊ ခုလို ချစ်နိုင်ကို ငွေပေးလိုက်ရသည့် အကြောင်း မိတင်မြကိုပင် ဘယ်လိုရှင်းပြရမှန်းမသိ၊ သူ တွေးနေရင်းမှပင် ချစ်နိုင်ကို ဗိုချ စိတ်နာလာမိသည်၊ တော်တော်လုပ်ရက်တဲ့ လူ၊ တော်တော်ယုတ်ပတ်တဲ့လူဟု လည်း စိတ်ထဲက ကျိန်ဆဲလိုက်မိသည်၊

ချစ်နိုင်၌ နိုင်ကွက်ရှိသည်၊ အဲဒါက သည်လို၊ ဖခင်ဖြစ်သူက လေဖြတ်ပြီးနောက် ပြန်သက်သာလာကာ ဆေးရုံမှ ပြန်ဆင်းလာသည့်အချိန်၊ ထိုအချိန်တွင် တင်ပိုင်က တစ်ကိုယ်တည်း တွေးတော နေမိသည်၊ အဖေက သက်တော့ သက်သာလာပြီ၊ ဒါပေမဲ့ - ခုလိုအဖြစ်မျိုးထပ်မဖြစ်တော့ဘူးလို့မပြောနိုင်၊ ချစ်နိုင်ဆီက အကြွေးတွေကို မျှော်ကိုးနေသေး သမျှ ကာလပတ်လုံး အဖေ့အတွက် ဘယ်လိုမှ စိတ်မချနိုင်သေး၊ ချစ်နိုင်က တည်ကြည်သည့်လူစားမျိုး မဟုတ်၊ အဖေ မျှော်လင့်သလို ချစ်နိုင်ဆီက အကြွေးတွေပြန်ရဖို့ကတော့ လုံးလုံးလမ်းမမြင်၊ သည်အခါ အဖေနှင့် ချစ်နိုင်တစ်တွေ့ တွေ့မှာ ပြန်ငြိကြဦးမည်၊ ငြိလျှင် အဖေပဲ နစ်နာမည်၊ အဖေပဲ ရောဂါထ ဖောက်ပြီး ဘေးရောက်မည်၊ နောက်တစ်ခါဆိုလျှင် ခုလိုပြန်ပြီး သက်သာချင်မှ သက်သာလာ



www.burmeseclassic.com

www.burmeseclassic.com

နိုင်တော့မည်။ ပိုဆိုးသွားနိုင်သည့်နောက်တစ်ကြောင်းက သည်အကြွေးကိစ္စ မပြီးပြတ်သေးသရွေ့အဖေ အသေဖြောင့်နိုင်။ သေခါနီးအထိ သည်အကြွေးတွေကိုသာ စွဲလမ်းသွားနိုင်သည်။ သည်အခါ အဖေ အယူမှားပြီး အပါယ်ကျမည်။ မသင့်သော ဘုံဌာနတွေကို လွင့်ပါးရောက်ရှိသွားမည်။ ဘယ်ဘက်ကတွေးတွေး အဖေ့အတွက် တစ်ချက်ကလေးမှ သူ အေးကွက်မမြင်။

နောက်ဆုံး ချစ်သောအဖေ့အတွက် အကြံတစ်ခု ရသွားသည်။ အဖေ ဘေးကင်းရန်ကင်းနှင့် စိတ်ချမ်းသာစေရေးအတွက် နည်းလမ်းတစ်ခု သူ ရသွားသည်။ လက်တွေ့အရလည်း ထိုနည်းလမ်းအတိုင်း သူ အကောင်အထည်ဖော်လိုက်မိသည်။

တစ်နေ့၊ ချစ်ခိုင်နှင့် သူ သွားတွေ့ပြီး ယခုလိုပင် အလေးအနက် ဆွေးနွေးဖြစ်သည်။

"တိုင်း - ကိုချစ်ခိုင် - အဖေ့သတင်းကတော့ ခင်ဗျားကြားတဲ့အတိုင်းပဲ။ သူ့ကောင်းလို့ အခြေအနေဆိုးမသွားတာ။ ဒီတော့ဗျာ - ကျွန်တော့်အဖေအတွက် ကျွန်တော်က ဒီလိုစီစဉ်ချင်တယ်။ သူကလည်း ခင်ဗျားဆီက အကြွေးတွေ ပြန်မရချင်း စိတ်မအေးနိုင်ဘူး။ ခင်ဗျားကလည်း ခင်ဗျား အခြေအနေအရ တော်တော်နဲ့ ပြန်မဆပ်နိုင်ဘူး။ ဒီတော့ ဒီလိုလုပ်မယ်ဗျာ၊ ခင်ဗျား အဖေ့ဆီက ယူထားတဲ့ငွေတွေ ကျွန်တော့်ကိုပြန်ပေးပြီးပြီဆိုတဲ့သဘောမျိုး လုပ်ရအောင်။ ခင်ဗျားဆီက ငွေတွေပြန်ရခဲ့ပြီဆိုတဲ့အကြောင်း ကျွန်တော်က အဖေ့ကို ပြန်ပြောလိုက်မယ်။ အဖေ ကျေနပ်သွားအောင် ကျန်တဲ့အပိုင်း ကျွန်တော် ဆက်ရှင်းမယ်။ အရေးကြီးတာက ဒီသတင်း လုံးဝမပေါက်ကြားဖို့ လိုတယ်။ ကျွန်တော့်ဘာသာ ပရိယာယ်ဆင်ထားတဲ့ ဒီအတောအတွင်းမှာ ခင်ဗျားလည်း ကြိုးစားပြီးတော့ အကြွေးတွေ ပြန်ဆပ်ပေးပေါ့။ ကျွန်တော့်ဆန္ဒကို ခင်ဗျား သဘောပေါက်တယ်မဟုတ်လား"

ချစ်ခိုင်က စူးစိုက်ပြီး နားထောင်နေသည်။ တင်ပိုင့်စကားဆုံးသော် သူ့မျက်နှာကြီးက ဝင်းဝင်းကြီး ဖြစ်သွားသည်။ အချိုပေါ် သကာလောင်းလိုက်သလို ဖြစ်သွားသည်။ တင်ပိုင့်ကို သည်းလှိုက်အူလှိုက်ပင် တုံ့ပြန်သည်။

"ကောင်းတာပေါ့ တင်ပိုင်ရာ။ သိပ်ကောင်းတာပေါ့။ မင်းဆန္ဒအတိုင်း ဖြစ်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားကတိတော့ တည်ရမယ်နော်၊ ဒီကိစ္စ အဖေ ဘယ်လိုမှမသိဖို့ရယ်၊ အကြွေးတွေကို တတ်နိုင်သလောက် ကျွန်တော့်ဆီ ပြန်ဆပ်ဖို့ရယ်ပေါ့"

"စိတ်ချ - တင်ပိုင်၊ ငါ ကတိတည်တယ်"

အဲသလို ကတိထားသွားတဲ့လူ၊ ခုတော့ ကတိမတည်ရုံတောင် မကတော့ဘူး၊ အတတ်မာဖို့တောင် ကြံလာပြီ၊ အဖေ့အကြွေးတွေ လာဆပ်ဖို့ ဝေးသေး၊ တင်ပိုင့်ဆီ အထောင် ထပ်ပြီး ငွေလာချေးနေသေးသည်၊ ပြီးတော့ ဆက်ဆံလာပုံကလည်း အဆက်စီးပုံစံမျိုးနှင့်ဖြစ်သည်၊ တစ်နည်းအားဖြင့် တင်ပိုင့်ဆီက ငွေလာညှစ်သည့် ပုံမျိုးဖြစ်သည်၊ တင်ပိုင်က သူ့ကို ငွေချေးရမည်၊ မချေးပါက လျှို့ဝှက်ချက်ကို အဖေ သိအောင် ဖော်ထုတ်လိုက်သည်၊ ထိုလျှို့ဝှက်ချက်ကို သာ အဖေ သိသွားပါက နှလုံးချင်းသွေးတက်သွားလိမ့်မည်၊ ဒေါသတွေ ဝင်လာလိမ့်မည်၊ ပြီး - သည်လိုလူညွှန့် ကို ဆင်ရပါ့မလားဆို ပြီး တင်ပိုင့်ကိုပါ စိတ်ဆိုးသွားနိုင်သည်၊ နောက်ဆက်တွဲ အဖြစ် အဖေ ရောဂါဖောက်မည်၊ ဒုက္ခရောက်မည်၊ သည်အခါ အဖေ့ကို ချစ်လွန်းလို့ ကိုယ်ဆင်လိုက်ကာမှ အခြေအနေက ပိုဆိုးသွားမည်၊ ပေါ့စေလိုလို့ ကြောင် ထိုး ဆေးကြောင့်လေး ဆိုသလိုဖြစ်သွားမည်၊

ချစ်နိုင်လိုလူစားနှင့် စာရင်းပြတ်သွားသည့်အတွက် အဖေကတော့ စိတ်တွေ သလို့၊ သည်လိုမဖြစ်ဖြစ်အောင် ကြံဖန်ပြီး ကုလားဖန်ထိုးခဲ့သည့် မိမိမှာသာ အိမ်လည်ကြီးဖြစ်နေရပြီ၊ ချစ်နိုင်ဆီက သိန်း(၅၀)ပြန်ရပြီး လေဟာန်၊ ထိုငွေ (၄၅)သိန်းကိုမိမိ သုံးစွဲထားလေဟာန် လုပ်ဇာတ်ဆင်ထားခဲ့သည်၊ ထိုလုပ်ဇာတ် ရှိစေဖို့ မိမိ အိတ်ထဲက ငွေ(၅)သိန်း စိုက်၍ပင် အဖေ့ကို နှစ်သိမ့်လိုက်ရသေး ချော့မော့လိုက်ရသေးသည်၊ လတ်တလော စီးပွားရေးက သိပ်အဆင်မပြေ အကျဘက်ကို ရောက်ပြီးရင်း ရောက်နေသည်၊ ပြောရလျှင် သူ့သာမက ဖခင် ဦးလှဘန်းပါ ခပ်ယိုင်ယိုင်ဖြစ်နေသည်မှာ ကြာပြီ၊ သည်လိုအခြေအနေမျိုးမှာ နှစ်ယောက်စလုံးအပေါ် ချစ်နိုင် အညွှန့်ရှူးသွားပုံက တွေးလေ တွေးလေ စရာကောင်းလေ ဆိုသလို ဖြစ်နေသည်၊ ဆိုခဲ့သည့်အတိုင်း မိမိ ဦးထိပ်ထား အဖေ့အတွက် ဦးစားပေးပြီး ထည့်တွက်နေရသောကြောင့်သာ မိမိစိတ်ကို ပြီးရင်း လျှော့နေရခြင်းဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com

ထင်ထားသည့်အတိုင်း မောင်မင်းကြီးသားက ပေါ်လာတော်မမူ၊ ကြွေးယူထ
သည့်နေ့ကစပြီး မျက်နှာကို တစ်ခါမျှ မမြင်ရတော့၊ သို့နှင့် ကိုယ်ကပင် သွားတော
ရတော့သည်၊ မတောင်းလို့လည်း မဖြစ်၊ ငွေက လိုနေပြီ၊

"ကိုချစ်ခိုင် - ကျွန်တော့်ပိုက်ဆံ ပြန်လှည့်ပေးဦးလေဗျာ"

"ငါ အဆင်မပြေလို့ပါ၊ အဲဒါကြောင့် မလာတာပါ"

"ခင်ဗျားကလည်း ဘယ်တော့မှ အဆင်ပြေတယ်မရှိဘူး၊ ကျွန်တော်က အထ
တွေ ဘာတွေယူပြီး ချေးလိုက်တာလည်း မဟုတ်ဘဲနဲ့"

"အေးပါ၊ အဲဒါ ငါသိပါတယ်၊ အခြေအနေက ဘယ်လိုမှ မလှည့်သာလို့ပါ"

"နှစ်လလောက်ပဲကြာမယ်လို့ ခင်ဗျားပြောသွားတယ်၊ အခု နှစ်လ ကျော်သွား
ခင်ဗျားက တစ်ဖက်သားကို နည်းနည်းပါးပါးတော့ ကိုယ်ချင်းစာပြီး လေးစားဦးမှ
ဗျာ၊ အခု ကျွန်တော်က နွားဝယ်ချင်ပြီ၊ ငွေလိုနေပြီ၊ အဲဒါ ဘယ်လိုလုပ်မလဲ၊ ခင်ဗ
တော်တော်တတ်နိုင်တဲ့လူဗျာ၊ ဒါတော့ ကျွန်တော် လုံးဝမကျေနပ်ဘူး"

"ငါ မင်းကို စကားကုန်ပြောပြီးပြီ တင်ပိုင်၊ မင်းပိုက်ဆံကို ငါ မဆပ်နိုင်သေးဘူ
မင်းမကျေနပ်ရင် ကြိုက်သလိုလုပ်"

"ခင်ဗျားက ဒီလိုကြေးလား"

"အေး - ဟုတ်တယ်၊ မင်းတိုင်ချင်ရာ တိုင်နိုင်တယ်"

"တိုင်ရင် ခင်ဗျားက ဘာသက်သေ အထောက်အထားမှ မရှိဘူးဆိုပြီး ငြင်းမ
ပေါ့လေ"

"မငြင်းဘူး၊ စိတ်ချ၊ မင်း အဲသလိုသာ တိုင်ခဲ့ရင် မင်းအကြွေးကိုမရှိ ရှိတာရော
ပြီး ငါ ပြန်ဆပ်မယ်၊ ဒါပေမဲ့ - မင်းကလည်း ငါ့ကို တန်ရာတန်ကြေး ပြန်ပေးရပြီး
မှတ်"

"ဘာတန်ရာတန်ကြေးလဲဗျ"

"မင်းအဖေနဲ့သွားပြီး မျက်နှာချင်းဆိုင်လိုက်မယ်၊ မင်းအဖေမျက်နှာကိုလ
စေ့စေ့ကြည့်ပြီး ငါက ပြောလိုက်မယ်၊ ဒီမှာဦးလှဘန်း၊ ခင်ဗျားအကြွေးကို ကျွ
တစ်ပြားတောင်မဆပ်ရသေးဘူး၊ ခင်ဗျားသားက ခင်ဗျားကိုညာပြောသွားတာ၊ ကျ
ခင်ဗျားကုပ်ပေါ်မှာ ခွစီးထားတုန်းပဲ ရှိသေးတယ်၊ အဲဒါ မြဲမြဲမှတ်ထားဆိုပြီး အကြေ
စုံ ပြောပြလိုက်မယ်၊ ဘယ့်နှယ်လဲ - ဟေ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com

တင်ပိုင် ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားသည်။ လူတစ်ကိုယ်လုံးလည်း တရှိန်းရှိန်း ထဖိန်းဖိန်း ဖြစ်လာသည်။ အသားတွေ တဆတ်ဆတ် တုန်လာသည်။ သို့သော် ထိုအချိန်မှာပင် တစ်စုံတစ်ယောက်သောသူ၏ မျက်နှာက သူ့ဖရှေ့တည့်တည့်မှာ ဘွားခနဲ ပေါ်ထွက်လာ သည်။ အဲဒါက အဖေ - ချစ်သောအဖေ။

ချစ်နိုင်၏တိုက်ကွက်ကို အမိခံလိုက်ရပြီးနောက် ထုံးစံအတိုင်း တင်ပိုင် တစ်ယောက် လူလည်း ပျော့၊ လေသံလည်း ပျော့သွားရပြန်ချေပြီ။

"ခင်ဗျား ဒါတော့ မလုပ်နဲ့ဗျာ - ကိုချစ်နိုင်။ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်အဖေကို ချမ်းသာပေးပါ။ ကဲပါလေ - ခင်ဗျား အဆင်မပြေသေးဘူးဆိုရင်လည်း ကျွန်တော် ဒီပြင့်နေရာကပဲ မရရအောင် ငွေရှာပြီး နွားဝယ်ရတော့မှာပေါ့။ ခင်ဗျား ပြေလည်မှပဲ ပြန်ဆပ်ပါ၊ ဟုတ်ပြီလား"

နောက်ဆုံးတော့ ကိုယ်ကတောင် ပြန်တောင်းပန်လိုက်ရသေးသည်။ သူကပဲ မြို့ရှင်ဖြစ်နေသလိုလို ပုံစံမျိုးဖြင့် ချစ်နိုင်က ခါးကြီးထောက်ပြီး မာန်တင်းနေလိုက်သေးသည်။

တင်ပိုင်၊ ချစ်နိုင်ရှေ့က ပြန်လှည့်ထွက်လာခဲ့သည်။ အပြန်လမ်းတွင် သူ ကိုယ့်ဘာကြမ္မာအတွက် ကြေကွဲသလိုပင် ဖြစ်နေမိသည်။ မျက်ရည်ပါ ဝဲချင်ချင် ဖြစ်လာသည်။ ပြီးတော့ သူ တက်ခေါက်မိသည်။ အံကြိတ်မိသည်။ ပြင်းပြသော စိတ်ဆန္ဒနှင့် အတူ ရင့်ရင့်သီးသီးလည်း ကျိန်ဆဲလိုက်မိသည်။

"တောက် - ဒီလောက်လူမဆန်တဲ့လူ၊ ဒီလောက်ရက်စက်ယုတ်မာတဲ့သူကို သတ်မယ့်သူကလည်း ပေါ်ပဲမပေါ်နိုင်ဘူး။ သူများကို မရှုမလှဖြစ်အောင် နင်းချေရက်တဲ့လူ၊ ကိုယ်တိုင် မရှုမလှပြန်ခံရပါစေ"

⍟

အံ့ဩစရာပင်။ လောကဦ ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် ဆုတောင်းပြည့်ဖို့ဆိုသည်မှာ အဟုတ်မလွယ်ပါ။ သို့ပြား တင်ပိုင်တစ်ယောက်ကတော့ [illegible] ဗင် ဆုတောင်းပြည့်သွားခဲ့သည်။

အချိန်အားဖြင့် နောက်(၆)လလောက်ပင် မကြာလိုက်ပေ။ ချစ်နိုင်တစ် ယောက် သူတို့ရွာနှင့် အနောက်ဘက်ရွာအကြား ဆက်သွယ်ထားသော ကားလမ်းပေါ်တွင်

www.burmeseclassic.com

တစ်စုံတစ်ယောက်၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။ ချစ်ခိုင် သေရပုံက တင်ပိုင် ဆုတောင်းခဲ့သလိုပင် တကယ့်မရှုမလှပုံစံမျိုးကြီး ဖြစ်သည်။ ချစ်ခိုင့်ခန္ဓာကိုယ်တစ်ခုလုံး*သောင်းကြေမွဒဏ်ရာတွေ၊ ထိုးသွင်းဒဏ်ရာတွေနှင့်* ဗရပွဖြစ်နေသည်။ သတ်သူက အငြိုးကြီးစွာ သတ်သွားကြောင်း ပေါ်လွင်နေသည်။

ဤလူသတ်မှုအတွက် နီးစပ်ရာကျေးရွာများအတွင်း၌ ထိတ်လန့်ချောက်ချားခြင်း ဖြစ်မိကြရသည်မှာ မှန်သော်လည်း အများအားဖြင့်တော့ အံ့ဩခြင်းမရှိကြပေ။ ကျေးရွာများအတွင်း ချစ်ခိုင်နှင့်ပတ်သက်၍ နီးနှောပြောဆိုနေကြပုံက ဤချစ်ခိုင်သည် စည်းဖောက်နေသည်မှာ ကြာလှပြီဖြစ်ကြောင်း၊ ချစ်ခိုင်၌လူ့ဝတ္တရားနားမလည်ခြင်း၊ ကိုယ်ချင်းစာစိတ် ကင်းမဲ့ခြင်းအပြင် စာရိတ္တကပါ ကောင်းမွန်ခြင်းမရှိကြောင်း၊ ယခု အသေဆိုးနှင့် သေရခြင်းမှာ မကျူးလွန်သင့်သော ကာမေသုမိစ္ဆာစာရကံကို လိုက်စားခဲ့မိ၍ဖြစ်ကြောင်း၊ ယခင်က စီးပွားရေး၊ ကြီးပွားရေးနှင့်ပတ်သက်ပြီး အများတကာ အပေါ်လုပေါ်လုဇော်အလွန်လုပ်ခဲ့သော်ငြားလည်း အသက်သေရသည်အထိ ဘေးတွေ့ခဲ့ကြောင်း၊ ယခုမှုကြီးမားသောပြစ်မှုအတွက် တန်ရာတန်ကြေးအဖြစ် အသက်ကိုပါ ပေးလိုက်ရခြင်းဖြစ်ကြောင်း၊ မကောင်းတာလုပ်သူအတွက် မကောင်းတာ ဖြစ်ခြင်းမှာ အံ့ဩစရာမရှိကြောင်း စသည်ဖြင့် ဝေဖန်ပြောဆိုနေကြသည်။

တင်ပိုင်က ဆက်လက်စုံစမ်းသိရှိ ရသည်မှာ “ရွှေက” ရွာမှ မခင်ကြိုင် အမည်ရှိ အမျိုးသမီးကို ချစ်ခိုင်က သွားပြီးကြာခိုသည်ဟု ဆိုသည်။ မခင်ကြိုင် ယောကျ်ားက ဖိုးသောင်ဖြစ်သည်။ တစ်ဖန် ဖိုးသောင်ကိုယ်တိုင် ဓားပြမှုဖြင့် ဝရမ်းပြေးနေရသူ ဖြစ်သည်။ ဖိုးသောင်က ဝရမ်းပြေးအဖြစ်နှင့်ပင် သူ့အိမ်ကို ခိုးကြောင်ခိုးဝှက် ဝင်လိုက်ထွက်လိုက် လုပ်နေသူဖြစ်သည်။ သို့ကြောင့် မိမိ မယားအား အချောင်ဝင်၍ ကြာခိုနေသူ ချစ်ခိုင်ကိုဖိုးသောင်ကပင် အပြန်လမ်းမှ အသင့်စောင့်ကြိုကာ သတ်ဖြတ်လိုက်ခြင်းဖြစ်သည်။ စသဖြင့် အများသတင်းအရ တင်ပိုင် သိရှိခဲ့ရသည်။

ချစ်ခိုင် သေရခြင်းအတွက် တင်ပိုင် ဝမ်းမသာပါ။ ထို့အတူ စိတ်မကောင်းခြင်းလည်း မဖြစ်မိပေ။ သို့သော် သူ့မျက်စိထဲတွင် မီးတောက်မီးပုံကြီးတစ်ခု အရှိန်နမျှ မကျန်ရအောင် ချုပ်ငြိမ်းသွားပုံကိုတော့ အတိအကျ မြင်လိုက်ရသလို ရှိသည်။

⊛



www.burmeseclassic.com

www.burmeseclassic.com

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို ချစ်ခိုင် သေပြီး သုံးလမျှအကြာတွင် ဦးလှဘန်း ဆုံးသည်။ အဖေ ဆုံးပါးသွားခြင်းအတွက် တင်ပိုင် ကြေကွဲမိရသည်မှာ မှန်သော်လည်း ဦးလှဘန်း၏ ဘဝ နိဂုံးချုပ်ပုံ အရုပ်မဆိုးလှခြင်းအတွက်မူ တင်ပိုင်က ကျေနပ်သည်။ နလုံးသွေးကြောပိတ်ပြီး ဦးလှဘန်း ရုတ်တရက် သေဆုံးသွားခြင်းဖြစ်သည်။ ဝေဒနာကို ကြာရှည်ကြာမြှောစွာ ခံစားနေရခြင်းမရှိဘဲ တစ်ခဏအတွင်း အသက်ကုန်သွားခြင်းဖြစ်သည်။

မြို့ရှင်မြို့စားနှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ဘဝဇာတ်သိမ်းသွားပုံကို တင်ပိုင် အံ့အားသင့်ရသည်။ ဘာပဲပြောပြော သူ့စိတ်ထဲမှာ ရှင်းသွားသည်။ အေးသွားသည်။ သူတို့နှစ်ယောက်စလုံး လောကထဲက ပျောက်ကွယ်သွားခြင်းနှင့်အတူ သူတို့နှစ်ယောက်ကြားက အရှုပ်ထုပ်ကြီးသည်လည်း တစ်ခါတည်း လက်စသိမ်းသွားပြီဟု ခံယူလိုက်သည်။ အကြွေးကိစ္စကို တင်ပိုင် တစ်ခါတည်း မေ့ပစ်လိုက်သည်။

သူ ပို၍ကျေနပ်ရသည်က အဖေ့အတွက် လုပ်သင့်လုပ်ထိုက်သော အလုပ်ကို သူလုပ်ပေးနိုင်ခဲ့သည်။ တစ်နည်းတစ်ဖုံအားဖြင့် အဖေ စိတ်ချမ်းသာအောင် သူ ဖန်တီးပေးနိုင်ခဲ့သည်။ ချစ်ခိုင်နှင့်ပတ်သက်ပြီးဇာတ်လမ်းပြတ်သွားရခြင်း၊ ကြွေးကိစ္စအတွက် အာမျှအမျှင် တန်းစရာမရှိတော့ဘဲ အဖေ ခေါင်းလည်း အေး၊ စိတ်လည်းအေး ဖြစ်သွားရခြင်း စသည်တို့ကပင် အဖေ့ဘဝနိဂုံးအတွက် အများကြီး ဖြောင့်ဖြူးသွားစေသည်၊ လှပသွားစေသည်ပင်။

⍟

အဖေ သေပြီးနောက် တစ်ကိုယ်တည်း ကျန်နေခဲ့သည့် အမေ့ကို မိမိတို့နှင့်အတူ နေစေရန် တင်ပိုင်က စီစဉ်သည်။ အစီအစဉ်အတိုင်းလည်း အမေ့ကို သူ့အိမ်သို့ ခေါ်သားလိုက်သည်။ ကျန်ခဲ့သည့်အိမ်ကို တန်ရာတန်ကြေးဖြင့် ရောင်းချမည်ဟု ကြေညာလိုက်သည်။ ရှိသမျှ အိမ်တွင်းပစ္စည်းတွေကိုလည်း တင်ပိုင်တို့လင်မယားက ရှင်းလင်းသိမ်းဆည်းကာ သူတို့အိမ်သို့ ပို့လိုက်သည်။

ဤမှာပင် တင်ပိုင် မျက်လုံးပြူးစရာနှင့် ကြုံရသည်။ ဘုရားကျောင်းစင်တင် စားပွဲအောက်က အံဆွဲထဲမှာ စာအိတ်တစ်အိတ်ကို တင်ပိုင် တွေ့ရသည်။ စာအိတ်မှာ ဆယ်

www.burmeseclassic.com

စောင်တွဲစာအုပ်ကြားထဲ ညှပ်ထည့်ထားခြင်းဖြစ်သည်။ စာအိတ်ကိုအပြင်က အသေအချာ ပိတ်ထားပြီး စာအိတ်ပေါ်တွင် "သားကြီး မောင်တင်ပိုင်သို့" ဟု ရှင်းလင်းစွာ ရေးသားထားသည်။ အဖေ မသေခင်ကတည်းက မိမိအတွက် တမင်ရည်ရွယ်ပြီး ရေးသားထားခဲ့မှန်း သိသာပေါ်လွင်လျက်ရှိသည်။ အဖေ ဘာတွေရေးခဲ့ပါလိမ့်၊ ဘာတွေမှာခဲ့ပါလိမ့်ဟု သိချင်စိတ်နှင့်အတူ တင်ပိုင် ရင်တွေ ခုန်လာသည်။

တုန်လှုပ်ခြင်းကြီးစွာ၊ စိတ်ဝင်စားခြင်းကြီးစွာဖြင့် စာအိတ်ကိုဖွင့်လိုက်ရာ ဖခင်၏ ရေးသားချက်များကို အောက်ပါအတိုင်း ဖတ်ရှုလိုက်ရတော့သည်။

**သို့/**

**ငါ့သား မောင်တင်ပိုင် ...**

အဖေ စာရေးခဲ့တယ်။ အဖေ့ အကြောင်းကိုအသိသင့်ဆုံးဟာ ငါ့သားပဲ။ ပြီးတော့ အဖေကိုယ်တိုင်ကလည်း ငါ့သားကို ဖွင့်မပြောဘဲ မနေနိုင်ဘူး။ ဖွင့်ပြောခဲ့မှကို စိတ်အေးနိုင်မယ်။ ဒါကြောင့် ငါ့သားအတွက် ဒီစာကို ရေးထားခဲ့တာ။

ငါ့သားအတွက် အံ့ဩစရာ အချက်နှစ်ချက် အဖေပြောပြမယ်။ ပထမတစ်ချက်က ချစ်ခိုင်နဲ့ပတ်သက်လို့ အဖေ စိတ်အေးသွားပြီ၊ နောက်ကြောင်း ရှင်းသွားပြီဆိုပြီး ငါ့သားထင်ခဲ့တယ်မဟုတ်လား။ အဲဒါလုံးဝမဟုတ်ဘူး။ ချစ်ခိုင်ကိုအဖေမပြတ်ဘူးကွ။ ချစ်ခိုင်ဟာ အဖေ့ စိတ်ထဲ၊ အဖေ့အသည်းထဲမှာ ရှိမြဲရှိနေခဲ့တယ်။ မင်း အံ့ဩသွားပြီ မဟုတ်လား။

အဲဒါ ဘာကြောင့်ဖြစ်ရသလဲ။ ချစ်ခိုင် ဆိုတဲ့ကောင်ကို အဖေ မယုံကြည်လို့ပဲ။ ပြီးတော့ ငါ့သားရဲ့လုပ်ဆောင်ချက်တွေကိုလည်း အဖေ သက်ာမကင်းဖြစ်မိလို့ပဲ။ ကြံကြီးစည်ရာကွာ။ ချစ်ခိုင်လို ကောင်ကပဲ ငွေသိန်း(၅၀)ကို တစ်ရှိတည်း ပြန်ဆပ်သွားတယ်လို့။ ငါ လုံးဝမယုံနိုင်ဘူး။

ဒါနဲ့ အဖေ ကြိတ်ပြီးစုံစမ်းခဲ့တယ်။ ကြိတ်ပြီးလေ့လာခဲ့တယ်။ ဒါကြောင့်လည်း အဖြစ်မှန်ကို သိခွင့်ရခဲ့တယ်။ သိပ်မခက်ပါဘူးကွာ။ အောက်ကိုင်းက မြင့်သွင်ကပဲ ဒီအကြောင်းတွေကို အကုန်လုံး ဖော်ပြောသွားတာ။ ပထမတော့ သူက ဘယ်နှယ်မေး မေးမပြောဘူး။ ငါမေးသမျှ မဟုတ်ပါဘူး၊ မဟုတ်ပါဘူးနဲ့ပဲ ငြင်းနေတယ်။ ငြင်းမှာပေါ့။ မင်းကလည်း သူ့ကို နှုတ်ပိတ်ထားမှာကိုး။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ - အဖေက မေးလွန်းမက မေးလာတော့ သူလည်း အဖြစ်မှန်ကို ဝန်ခံတော့တယ်။ ကြံချက်ဖို့ကို ငါ့သားနဲ့ စပ်တူထူထောင်ထားတယ်ဆိုတာ လုံးဝမဟုတ်ဘူးဆိုတဲ့အကြောင်း အပါအဝင် အလုံးစုံ သူဖွင့်ပြောတယ်။ ဒီမှာတင်ပဲ ငါ့သားရဲ့အဖေ့အပေါ်ထားတဲ့ စေတနာတွေကို အဖေအားလုံး သိရှိခဲ့ရသလို ချစ်နိုင်ရဲ့ကောက်ကျစ်ယုတ်မာပုံ တွေကိုလည်း အားလုံးသိခွင့်ရခဲ့တယ်။ ချစ်နိုင်ဟာ အဖေ့အပေါ် ယုတ်မာသလို ငါ့သားကိုပါ ငွေညှစ်ပြီး ရက်ရက်စက်စက် လုပ်ခဲ့သေးတာတွေအထိ အဖေပြည့်ပြည့်အစုံ သိလိုက်ရတယ်။ အဲဒီနောက် ဒီကိစ္စ ဘာမှမရှုပ်စေရပါဘူးလို့ မြင့်သွင်ကို ကတိပေးပြီး အဖေ အိမ်ပြန်လာခဲ့တယ်။

ဒီနောက်တော့ အဖေတစ်ကိုယ် တည်း ကြိတ်စဉ်းစားပြီး လုပ်သင့်လုပ်ထိုက်တာကိုလုပ်ဖို့လည်း တစ်ခါတည်း ဆုံးဖြတ်လိုက်တယ်။ ဒီနေရာမှာ ပိပိရိရိ သွေးအေးအေး သိုသိုသိပ်သိပ် လုပ်နိုင်ဖို့ကိုပါ အဖေက ကြိုတင်ပြီး အကွက်ချတယ်။

ချစ်နိုင်သေမယ့်နေ့က လမ်းဘေးစိန်နားပန်ရုံတွေကြားထဲမှာ ဓားရှည်တစ်လက်နဲ့အတူ အဖေပုန်းနေတယ်။ လမ်းပေါ်မှာ လူသွားလူလာကအစ ဘာမှမရှိဘဲ ရှင်းလင်းနေတယ်။ ချစ်နိုင်ရဲ့ အသွားအလာတွေကိုလည်း ဒီ့အရင်ကတည်းက အဖေ ကြိုပြီး လေ့လာထားပြီးပြီ။ ဒါနဲ့ နာရီဝက်လောက် စောင့်လိုက်ရတယ်ဆိုရင်ပဲ ချစ်နိုင်က သူ့ဆိုင်ကယ်နဲ့ ရှေ့က ဘက်ကနေပြန်လာတော့တယ်။ သူနီးလာတာနဲ့ အဖေလမ်းပေါ်သို့ ထွက်လိုက်တယ်။ သူ့ကိုတားလိုက်တယ်။ သူက ဆိုင်ကယ်ကို ရပ်တယ်။ ပြီးတော့ အဖေ့ကိုကြည့်ပြီး အံ့အားသင့်နေတယ်။ အဖေက အချိန်ဆွဲမနေတော့ဘူး။ လက်ကောက်ပစ်ပြီး ဖွက်ထားတဲ့ဓားရှည်နဲ့ သူ့ရင်ဝကို တစ်ချက်လှမ်းထိုးလိုက်တယ်။ ဒီကောင် ဆိုင်ကယ်နဲ့အတူ လဲကျသွားတယ်။ ဒီကောင် ဘာမှပြန်မပြောနိုင်ဘူး။ မျက်လုံးကြီးပြူးပြီး အဖေ့ကို မော့ကြည့်နေတယ်။ အဖေက ဟောဒါ ငါ့သားအတွက် တစ်ချက်၊ ဟောဒါ ငါ့အတွက် တစ်ချက်ဆိုပြီး ပါးစပ်ကလည်း ပြော၊ လက်ကလည်း တစ်ချက်ပြီးတစ်ချက်ဆိုသလို ဆက်ထိုးနေမိတယ်။ ကျေနပ်ပြီဆိုမှ အဖေလည်း ရပ်လိုက်တယ်။ ဒီကောင်လည်း သွေးအိုင်ထဲမှာ အကြောဆွဲရင်း ကျန်ခဲ့တယ်။ ဒီနောက် ဓားရှည်ကိုအနီးက ရေတွင်းတစ်ခုထဲ ပစ်ထည့်ထားခဲ့ပြီး အေးအေးဆေးဆေးပဲ အဖေ ပြန်လာခဲ့တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အေးအေးဆေးဆေးမှ တကယ့် အေးအေးဆေးဆေးပါကွ။ ကြိုတင်အစီအစဉ် ဆွဲထားတာဆိုတော့ ဒီကောင့်ကို သတ်ပြီးချိန် အဖေ ဘာမှမပျက်ဘူး။ စိတ်လည်း မချောက်ချားဘူး။ ဆန့်ကျင်ဘက်အနေနဲ့ အဖေ့အတွက်ရော၊ ငါ့သားအတွက်ပါ ဒီနည်းနဲ့ အကြွေးပြန်သိမ်းလိုက်နိုင်တာကို အဖေ ပျော်လိုက်တာကွာ။ ကျေနပ်လိုက် တာ။ ဒီအကြောင်း ပြန်ပြန်တွေးပြီး ပီတိဖြစ်လို့ကို မဆုံးဘူး။

ဖိုးသောင်အတွက်ကိုတော့ စိတ်မကောင်းပါဘူး။ ဒီကောင်က ကျော်ကြားမှု အတုအဝေးကို လွင့်သထက် လွင့်သွားရတော့တာပေါ့။ ဒါတော့ ငါလည်း မတတ်နိုင် ဘူးကွာ။ ငါ့သားကိုပဲ အဖေ မှာခဲ့ချင်တယ်။ အဖေမရှိတဲ့နောက် မင်းအမေကို ဂရုစိုက် ပါ။ အဖေ့ရောဂါက တစ်နေ့ရွှေ၊ တစ်နေ့ငွေဆိုတာကို အဖေလည်း သိတယ်။ ဒါပေမဲ့ ချစ်ခိုင်နဲ့ပတ်သက်လို့တော့ အဖေ့ကို ဘာမှမပူနဲ့ ငါ့သား။ ဒီကောင့်အတွက်နဲ့တော့ အဖေ ရောဂါဖောက်စရာမရှိသလို၊ အသေမဖြောင့်စရာလည်း ဘာမှမရှိဘူး။ ငါ့သား ရည်မှန်းတဲ့အတိုင်း ဒီကောင်နဲ့ပတ်သက်လို့ ဘာမှနောက်ဆံငင်စရာမရှိဘဲ အဖေ လုံးဝအသေဖြောင့်တယ်လို့သာ မှတ်လိုက်ပေတော့။ ငါ့သား အဲဒီအတိုင်းသာ မှတ် လိုက်ပေတော့။

မိဘကျေးဇူးကို အလေးထားတဲ့ငါ့သား

ကြီးပွားပါစေ

လှဘန်း

စာက ဆုံးသွားလေပြီ။ စာဆုံးသွားသော်လည်း တင်ပိုင်ကတော့ ရင်အခုန်မြန် နေဆဲ၊ ချောက်ချားနေမိဆဲဖြစ်သလို အသက်ရှူနှုန်းကပါ စည်းချက်မမှန်အောင်ဖြစ် နေရဆဲပင်။ ။

⇒ ရဲမြတ်တင်

www.burmeseclassic.com

www.burmeseclassic.com

# ချက်ကောင်း



သရုပ်ဖော်ပန်းချီ ဝေမှုန်လင်း၊

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးတစ်ယောက်၏ အသက်ကို ချွေနိုင်သည့်
အန္တရာယ်ကြီးသားကောင်နှင့် ရင်ဆိုင်တွေ့ကြသည့်
မုဆိုးတစ်ယောက်၏ ဖြတ်ထိုးဉာဏ် ကိုင်တွယ်သည့်
သေနတ်အမျိုးအစား

သေနတ်ဝါသနာရှင်၊ မုဆိုး ဝါသနာရှင်လူငယ်များက ကျွန်ုပ်ထံသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ FB မှလည်းကောင်း၊ စာဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း သူတို့သိချင်သည့်ကိစ္စ၊ မရှင်းလင်းသည့်ကိစ္စများကို မကြာခဏ မေးလာတတ်ကြပေသည်။ ထိုသို့မေးရာတွင် ပွိုင့်တူးတူးကဲ့သို့ သေနတ်ငယ်တလေးဖြင့် ဆတ်ကဲ့သို့ အချိန် ၆၀၊ ၇၀၊ ၈၀ ပိဿာ အသားထွက်ရှိသားကောင်များပစ်နိုင်၊ မပစ်နိုင် ပွိုင့်တူးတူးသရီး (.223) ရီမင်တန် ရိုင်ဖယ်ဖြင့် ပြောင်၊ စိုင်၊ တောဝက် စသည့် သားကောင်ကြီးများကို ပစ်နိုင်၊ မပစ်နိုင်၊ သားကောင်ကြီးများကို မည်သို့သော အမဲပစ်ရိုင်ဖယ်မျိုးဖြင့် ပစ်ရမည်ဆိုသည့် မေးခွန်းမျိုး မေးလာတတ်ကြရာ ကျွန်ုပ်က သိသမျှဖြေကြားပေးခဲ့ရပေသည်။ ထိုသို့ဖြေကြားရာတွင် ပြည့်စုံသည်ဟုတော့မဆိုနိုင်ပါ။ ကျွန်ုပ်မှာ ငယ်စဉ်ကပင် သေနတ်ဝါသနာ၊ အမဲပစ် ဝါသနာထုံခဲ့ရာ သေနတ်အကြောင်း၊ တောတိရစ္ဆာန်အကြောင်းကို လေ့လာမှတ်သားခဲ့သဖြင့် ကျွန်ုပ် သိသမျှကိုသာ ဖြေကြားနိုင်ပြီး ကျွန်ုပ် မသိသေးသည် များကို Internet မှလည်းကောင်း၊ စာအုပ်စာတမ်း၊ ဗီဒီယိုမှတ်တမ်း၊ ရုပ်ရှင်တို့မှလည်းကောင်းအလျဉ်းသင့်သလိုလေ့လာသင်ယူနေရဆဲပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ချဉ်းသင့်၍ ပြောလိုသည်မှာ တောပစ်၊ အမဲပစ်ဝါသနာပါသူဖြစ်ပါက GUN EDUCATION ကိုတော့ မဖြစ်မနေ လေ့လာထားသင့်ပါသည်။ သို့မှသာ မိမိကိုင် ဆောင်ပစ်ခတ်ရမည့် သေနတ်၏ အခြေခံသဘောတရားများကို သိထားကာ မည်သို့ သော သားကောင်ကို မည်သည့်နေရာပစ်ရမည်ကို ဆုံးဖြတ်နိုင်ပေမည်။

ယခုလက်ရှိ မြန်မာနိုင်ငံတွင် သေနတ်လိုင်စင်အသစ်ကို အခြေအနေအရ များထားပေးခြင်းမရှိသေးစေကာမူ "၁၉၇၇ – ခုနှစ်၊ လက်နက်ကိုင်ဆောင်ရေးမူသစ်" ဥပဒေမှာ ထိုစဉ်ကပြည်သူ့လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးခဲ့လေရာ ယခုအချိန် အထိ အတည်ဖြစ်ဆဲ ရှိနေပါသည်။ ထို့ကြောင့် တစ်ချိန်ချိန်တွင် ထိုဥပဒေနှင့်အညီ လက်နက်ကို လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့် ပြန်လည်ရရှိနိုင်ပေသည်။ ထိုအခါမျိုးတွင် အမဲပစ်၊ ငှက်ပစ်ဝါသနာပါသူများကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများကိုလိုက်နာကာ စည်းကမ်းတကျ ပစ်ခတ်ရပေမည်။ ဖွံ့ဖြိုးတိုးတက်နေ သောနိုင်ငံများတွင် အမဲနှင့်ငှက်ကိုမပစ်ရဟူသော တားမြစ်သည့်ဥပဒေမရှိပါ။ သတ် မှတ်ချက်နှင့်အညီ လက်နက်ကိုင်ဆောင်၍ သတ်မှတ်ထားသည့် ပစ်ခွင့်ရရာသီ (OPEN SEASON) တွင် ပစ်နိုင်ပါသည်။ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းသည့် ဥပဒေများကလည်း ထိုသို့ပစ်ခွင့်ရရာသီတွင်ပစ်နိုင်ရန်ပြဋ္ဌာန်းထားပါသည်။ တစ်ဖက် သတ် ပိတ်ပင်ထားခြင်းမျိုး မရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများကလည်း ဥပဒေဖြင့် ထိန်းသိမ်းခြင်းမျိုးမဟုတ်ပဲ GAME WARDEN အမဲစောင့်များ နယ် အလိုက် ခန့်အပ်တာဝန်ပေး၍ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်း၊ အရေးယူခြင်းတို့ ပြုလုပ်ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း ယခင်အင်္ဂလိပ်အစိုးရလက်ထက်မှ ပါလီ မန် ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ခေတ်အထိ အခြားဖွံ့ဖြိုးပြီး နိုင်ငံများကဲ့သို့ပင် ဆောင်ရွက်ခဲ့ကြသည်ကို စာတွေ့ကောလက်တွေ့ပါတွေ့ကြုံခဲ့ရပါသည်။ မြန်မာပြည် တွင်လည်းရှိပြီး ဥပဒေများကို အကောင်အထည်ဖော်၍ ဆောင်ရွက်မှသာ ကမ္ဘာနှင့် ရင်ပေါင်ထမ်းနိုင်ပေမည်။

မြန်မာနိုင်ငံတွင် အင်္ဂလိပ်ခေတ်မှ ၁၉၆၂ – ခုနှစ်၊ တော်လှန်ရေးကောင်စီတက် သည့်အချိန်အထိ တရားဝင် Import လုပ်၍ လိုင်စင်ဖြင့် ဖွင့်သည့် သေနတ်ဆိုင် (၄) ဆိုင် ရှိခဲ့ဖူးရာ၊



www.burmeseclassic.com

www.burmeseclassic.com

(၁) Role com.Ltd ရိုးကုမ္ပဏီ

ယခု မဟာဗန္ဓုလလမ်းနှင့် မဟာ ဗန္ဓုလပန်းခြံလမ်းထောင့်၊

(၂) Y.E MORDAN & BROS. Ltd ဝိုင်အီးမော်ဒန်

ယခု ပန်းဆိုးတန်းကျောက်တံတား စာတိုက်ရှေ့

(၃) BURMA ARMS com.Ltd ဘားမားအမ်းစ်

ယခု ပန်းဆိုးတန်း၊ ဟိန္ဒူဘုရား ကျောင်းရှေ့

(၄) KHIN com.Ltd ခင်ကုမ္ပဏီ

ယခု ဗိုလ်မြတ်ထွန်းလမ်းအလယ် ဘလောက်

တို့ဖြစ်ပြီး စာရေးသူငယ်စဉ်က ဖခင်ဖြစ်သူနှင့် ဘကြီးဖြစ်သူတို့နှင့် လာရောက်ဝယ်ယူရာတွင် အတူရောက်ရှိ တွေ့မြင်ခဲ့ဖူးပါသည်။

ထို့အပြင် "ဝီအောထွန်းရင်" ဆိုသူ ကလည်း သေနတ်ဝယ်လိုသူ၊ ဝယ်ခွင့် ရသူ (Purchase Permit)ကိုအင်္ဂလန် သို့မှာပေးသည်ကိုလည်း သိရှိခဲ့ရပါသည်။ ထိုအချိန်က ဝယ်ယူခွင့်ပါမစ်ကို D.C ခေါ် ခရိုင်ဝန်ကလည်းကောင်း၊ D.S.P ခေါ် ခရိုင်ရဲဝန်ကလည်းဆောင်းပေးခွင့်ရှိလေရာ ထိုသူတို့က မြို့နယ်လူကြီးလူကောင်းများ အမြတ်နှမ်းနှမ်းဆောင်သည့် စီးပွားရေးသမားများကို ထုတ်ပေးလေ့ပေးထ ရှိပါသည်။ ဤသို့ဖြင့် အဆင့်ဆင့် ကိုင်ဆောင်ခဲ့ကြရပြီး လိုင်စင်ရှိသူများအနေဖြင့် သတ်မှတ် သားကောင်များကို သတ်မှတ်အချိန်များတွင် ပစ်ခွင့်ရခဲ့ပေသည်။ ထိုသို့ပစ်ရာတွင် ၁၉၄၁-ခုနှစ်၊ လက်နက်ကိုင်ဆောင်ရေးနည်းဥပဒေကို လိုက်နာကြရ၏။ ဤသို့ဖြင့် ၁၉၇၇-ခုနှစ်၊ လက်နက်ကိုင်ဆောင်ရေးမူသစ်ဥပဒေ ထပ်မံထွက်ပေါ်လာပေရာ ထိုဥပဒေတွင် "လက်နက်လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့် ပြုထားသူတစ်ဦးအား နိုင်ငံတော်ကာကွယ်ရန်အတွက်လိုအပ်သည့်အချိန်တွင်ဆင့်ခေါ်သောအခါလက်နက်နှင့်အတူ အချိန်မရွေး ထမ်းဆောင်ရမည်" ဟူသောအချက်လည်းပါရှိလေ၏။ ထို့ကြောင့် လက်နက်ကိုင်ခွင့်ရသူသည် အခွင့်အရေးသာမက တာဝန်လည်းရှိကြောင်း သိနိုင်သဖြင့် ယနေ့အထိ ခေတ်မီလျက် ရှိနေပါသည်။

သေနတ်ကိုင်ဆောင်ခွင့်ရသူတစ်ဦးသည် မိမိကိုင်ဆောင်ရသောသေနတ်ကို နားလည်ကျွမ်းကျင်ရမည်။ ၎င်း၏ ပြင်းအားထိရောက်မှု၊ အကွာအဝေးမှန်းဆချက်



www.burmeseclassic.com

www.burmeseclassic.com

ဖစ်ခတ်ရမည့်ပစ်မှတ်တို့ကို သိရှိရန် လေ့လာထားဖို့ လိုအပ်လေရာ အရေးကြုံပါက ည်သည့်နေရာကိုရွေးချယ်ပစ်ခတ်ရမည်ဆိုသည့် Fatal ချက်ကောင်းသေကွင်းကို ရွေးချယ်နိုင်ပေသည်။ ထိုအချက်မှာ အမဲပစ်မုဆိုးအဖို့လည်း လွန်စွာအရေးကြီး၍ အကျဉ်းအကြပ်ထဲတွင် မိမိအသက်ကိုလည်း မိမိနှင့်အတူ ပါလာသူ၏ အသက်ကို ည်းကောင်း ကယ်တင်နိုင်ပေမည်။

ကျွန်ုပ်၏ အတွေ့အကြုံအရ ထိုသို့ ရွေးချယ်နိုင်မှုက ကျွန်ုပ်၏အသက်ကို မိမိ ကိုယ်တိုင် ကယ်တင်နိုင်မှုမျိုး ရှိခဲ့လေရာ ထိုအထဲမှ ဖြစ်ရပ်မှန်တစ်ခုကို တင်ပြလိုက် ပါသည်။

☆

ကျွန်ုပ်နှင့် တပည့်ဖြစ်သူ ဝင်းမြင့် လိုက်ပါလာသော ကယားပူး (KAYA POOL) ကယားပြည်နယ်ငြိမ်းချမ်းရေး အဖွဲ့မှ ထူထောင်ထားသော သစ်ထုတ် လုပ်ရေးအဖွဲ့၏ (၁၂)ဘီးကားကြီးက တောင်အထပ်ထပ်၊ မြောင်အသွယ်သွယ်၊ ချောင်းအဆင့်ဆင့်ကို ဖြတ်ကာ တောင်ဇာမဏီသစ်ထုတ်လမ်းအတိုင်း မောင်းလာခဲ့ရာ ကုလားစခန်း၊ ဘုံရှပ်တဲစခန်း၊ လျှော်ထုံးကြီး၊ ဆင်စွယ်၊ ထားဝယ်စခန်းများကိုကျော်လာသောအခါ နေ့လယ် (၁၂)နာရီခန့် ရှိခဲ့ပြီ။ နံနက်(၈)နာရီခန့်က ပျဉ်ပုံကြီး ဗိုလ်တဲ လေးဆိပ်သစ် စခန်းမှ ထွက်ခဲ့ခြင်းဖြစ်ပြီး (၄)နာရီကြာမျှပင် ကားပေါ်တွင် တလိမ့်လိမ့်ဖြင့် ခေါင်းခန်း တွင် လိုက်ပါခဲ့ရ၍ အတော်ပင် ညောင်းညာခဲ့လေပြီ။ ထို့ကြောင့် ခါးကို မတ်မတ်ပြင် ထိုင်ရင်း ကားကြီးဒရိုင်ဘာ ကိုအဲလ်ဘတ် (ကယားလူမျိုး)အား စကားစလိုက်ရ၏။

"ကိုအဲလ်ဘတ်ရေ - ဦးလုပဟန်သစ် စခန်းကို ရောက်ဖို့ နောက်ထပ်(၂)နာရီ လောက် မောင်းရဦးမယ်ထင်တယ် နော်"

ထိုအခါ သူက ကားမောင်းရင်းမှ -

"မောင်းရမယ် ဆရာ။ ကားက အတက်လမ်းလည်းဖြစ်၊ ဝိတ်ကလည်း မပါသော့ ကားက သိပ်ခုန်နေပြီ။ ထိန်း မောင်းရတယ်။ ခရီးမတွင်ဘူး"

"အင်း - တော်သေးတယ်။ ဆင်စွယ် စခန်းမှာ ထမင်းစားခဲ့လို့"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် - ဆရာ၊ နို့မို့ - ဆရာတို့ ဗိုက်ဆာနေမှာ၊ ဆရာက မနက်ဖြန်က တောလည်မှာမို့လား။ ဒီနေ့တော့ စခန်းရောက်ရင် အချိန်သိပ်ရမှာမဟုတ်ဘူး"

"အင်း - တင်လှကိုတော့ မနက်ဖြန် ချိန်းထားတာပဲ၊ သူက "သဲတော်"စခန်း မဟုတ်လား" (တင်လှမှာကျွန်ုပ်၏အမဲကြီးလမ်းပြဖြစ်ပြီး ကျွန်ုပ်စခန်းချမည့်နေရာ (၅)မိုင်ခန့်ဝေးရာစခန်းဖြစ်၏။

"ဟုတ်တယ် ဆရာ၊ သူတို့မိသားစု အဲဒီမှာ လက်ဖက်ရည်ဆိုင်လေးဖွင့်ပြီး သ ကားအတက်အဆင်းအတွက် ရောင်းနေတယ်"

"ဒါနဲ့ အဲလ်ဘတ်ရေ - သစ်ကားက တစ်နေ့ ဘယ်နစင်းလောက် သစ်နဲ့ဆင်း သလဲ"

"အခုလမှသစ်ကစထုတ်တာဆိုတော့တစ်ရက်မှ (၂)စင်းပဲဆင်းတယ်၊ ဘာဖြ လို့လဲ - ဆရာ၊ ဆရာအပြန်ကျရင် ဘာမှမပူနဲ့၊ ကျွန်တော်ဆင်းတဲ့အခေါက်နဲ့ ပြ လိုက်လေ ဆရာ"

"အင်း - အဲဒါကြောင့် မေးထားတာ၊ ကျွန်တော်က (၄၊ ၅)ရက်တော့ ကြာမယ် အကောင်ကြီးလိုက်မှာဆိုတော့"

"ကောင်းတယ်ဆရာ၊ ရောက်တုန်းအေးအေးဆေးဆေးပေါ့ဆရာ၊ သားကောင် ကြီးရမှ ကျွန်တော်တို့လည်း အသားကောင်းကောင်းစားရမှာလေ"

"နေဦး - လမ်းအားလုံးမပေါက်သေးတော့ ဒိဗ(ဘူဒိဗ)ကားကြီး ရှိသေးလား ဘယ်သူမောင်းသလဲ"

"အာ - ဆရာကလည်း ခါတိုင်းလိုပဲ ဦးသန်းမောင် (ကရင်)ဖထီးကြီးပဲပေ ဆရာ"

"အင်း - သူရှိတာကောင်းတယ်၊ သူကမျောက်သားကြိုက်တယ်၊ ကျွန်တော်လာ တိုင်း ပွိုင့်တူးတူးငှားပြီး သွားသွားပစ်တယ်၊ ဒါပေမဲ့ - ဒီတစ်ခါတော့ ပွိုင့်တူးတူး ယူ မလာခဲ့ဘူး။ အဘလည်းမပါ၊ ကျွန်တော်တို့ဆရာတပည့်နှစ်ယောက်တည်းမို့ .30-0 ရိုင်ဖယ်ပဲ ပါခဲ့တယ်"

ပြောရင်းမှ အကွက်(၄၅)ရှိရာ သစ်ကွက်လမ်းသို့ ချိုးဝင်ခဲ့ပြီးနောက် (၅)မိန ခန့်မောင်းပြီးသောအခါ ဦးလှဟန်၏တဲကြီးသို့ရောက်ရှိခဲ့လေ၏။ အချိန်မှာ နေ့လယ် (၂)နာရီ ထိုးလုပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

စခန်းရှေ့ကားရပ်၍ ကျွန်ုပ်နှင့် တပည့်ကားခေါင်းခန်းမှ ဆင်းလိုက်သောအခါ သစ်ကွက်ပိုင်ရှင် ဦးလှဟန်အား တဲပေါ်တွင် အဆင်သင့်တွေ့ရလေရာ သူကပင်စ၍ -

"ရှေ့နေကြီးတို့ ဆရာတပည့်ပါလား၊ ဒီတစ်နှစ် စောစောစီးစီး တောတက်လာတာကိုး" ဟု နှုတ်ဆက်လေရာ -

"ဟုတ်တယ် - ဦးလှဟန်၊ ဘုရားကြီး က ခင်ဗျားအိမ်ကို ဝင်ခဲ့သေးတယ်၊ ဒါကြောင့် ခင်ဗျားတောထဲရောက်နေပြီဆိုတာ သိရတယ်၊ အဆင်သင့်ပဲ၊ အဲလ်ဘတ်တားကလည်း တက်ခါနီးဆိုတော့ ကျွန်တော့်ကားကို ခင်ဗျားအိမ်မှာ ထားခဲ့ပြီး တစ်ခါတည်း လိုက်လာခဲ့တာ"

"ဟုတ်လား - အဆင်ပြေတာပေါ့ဗျာ၊ လာလာ - ရေနွေးသောက်ဦး" ဟု ဆိုကာ ခုတ်ဘူးချပေးပြီး သူ၏တပည့် တစ်ဦးအား ငါးခြောက်ဖုတ်ခိုင်းလေ၏၊ ကျွန်ုပ်တလည်း ဝင်းမြင့်အား ပါလာသည့်ရိက္ခာထဲမှ Lemon cream ဘီစကွတ်တစ်ထုပ်ဖောက်ခိုင်းကာ ထိုင်ရင်း စကားပြောရလေ၏၊

"ဒါထက် ဦးလှဟန်၊ သစ်ထုတ်လုပ် လမ်းတွေက စုံပြီလား"

"မစုံသေးဘူး ဆရာ၊ ကျွန်တော့် အကွက်ထဲကနေ အတွင်းလမ်း သဲတော်ဘက်ကို ဖောက်နေတယ်"

"ဖိုးသန်းမောင်ကြီးပဲလား"

"ဟုတ်တယ် ဆရာ၊ သူပဲ ကြော ဆက်လမ်းတွေသိတာ"

"ဒါဆိုရင် အဲဒီဘက်ကို ဒီညနေ လျှောက်ရရင် ကောင်းမလား၊ ချေကလေး ဘာလေးပစ်ရအောင်၊ ကျွန်တော်လည်း (၆)နာရီလောက် ကားစီးလာရတာ ညောင်းနေလို့၊ အညောင်းပြေပေါ့"

"နားပါဦး - ဆရာရယ်၊ ဒါပေမဲ့ - ဆရာအညောင်းပြေသွားချင်ရင်တော့ အဲဒီဘက်ကို မသွားနဲ့၊ စက်ကြီးသံက ဆူ တော့ သားကောင်ထွက်မှာမဟုတ်ဘူး၊ ဒီကနေ မြောက်ဘက် (၄)ဖာလုံလောက်သွားရင် အရှေ့ဘက်ကိုသွားတဲ့ ဒိုဖာလမ်းဟောင်းတွေ့လိမ့်မယ်၊ အဲ့ဒီဘက်ကို သွား၊ ဒါပေမဲ့ - ထားဝယ်ချောင်းအထိက (၇)မိုင်၊ (၈)မိုင်လောက်ဝေးတယ်၊ နေစောင်းရင် ဆရာပြန်လှည့်ခဲ့ပေါ့၊ ကျွန်တော် ညနေစာ စီစဉ်ထားလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ပြောင်ကြီးမှာ နာတို တစ်ချက်မှတ်လိုက်ပြီး ထိုချောက်ယယ်ကို
ခုန်တူးရန် အားယူလိုက်ချိန် ကျွန်ုပ်၏ နောက်ဆုံး
စတ္တုန့်ဆုံးဖြတ်ချက်က ဦး၍သွားခဲ့လေသည်



"ရပါတယ် – ဦးလှုဟန်၊ ကျွန်တော့် တပည့်လည်းပါတော့ ခင်ဗျားရဲ့အိုးသူကြီးနဲ့ တွဲနိုင်းထားခဲ့မယ်၊ သူ စီစဉ်ပါလိမ့်မယ်"

ဟု ပြောကာ ဝင်းမြင့်အား ကျွန်ုပ်၏ .30-06 ရိုင်ဖယ်နှင့် ယမ်းတောင့်အား အိတ်အတွင်းမှ ထုတ်ယူခဲ့ရန် ပြောရ၏။

သေနတ်ရောက်လာသောအခါ ဝင်းမြင့်က –

"ဦး – ယမ်းတောင့် ဘယ်လောက် ယူသွားမလဲ"

"(၄)တောင့်ပဲ ပေး"

"ဟာ – မနည်းဘူးလား"

"မနည်းပါဘူးကွာ၊ ငါက ဒီနားတင် သွားပြီး ညနေခင်းထွက်မည့် ချေကလေး လောက်ပစ်မှာ၊ အကောင်ကြီးလည်တာ မှမဟုတ်ပဲ၊ ပေးပေး – ငါ ယမ်းတောင့် ရွေး ယူမယ်" ဟုဆိုကာ ယမ်းတောင့်အိတ်အတွင်းမှ ၁၄၇ ဂရိမ်ကျည် (၄) တောင့်ကို ထုတ် ယူ၏။

www.burmeseclassic.com

www.burmeseclassic.com

.30-06 ကျည်မှာ ယမ်းဂရိမ်ကွာ ခြားမှုဖြင့် (၁၂)မျိုးခန့်အထိရှိပေရာ ကျွန်ုပ် ယူသော ၁၄၇ ဂရိမ်မှာ ဒုတိယ မြောက် အသေးဆုံးဖြစ်၏။ အကြီးဆုံးမှာ (၂၂၀) ဂရိမ် ရှိ၏။ ထိုအကြီးဆုံးနှင့် (၂၀၀) ဂရိမ်ကျည်တို့မှာ ပြောင်နှင့်စိုင် အတွက် ကောင်းလှပေ သည်။ ယခု ကျွန်ုပ်ကမူ ချေနှင့် ဆတ်ပစ်ရန်အတွက် လောက်သာကောင်းသော ၁၄၇ ဂရိမ်၊ (၄)တောင့်သာယူ၍ သေနတ်မဂ္ဂဇင်းထဲသို့ ထည့်လိုက်၏။ ထို့နောက် တော ဆောင်းဦးထုပ်ကိုဆောင်း၊ တောစီးဖိနပ်ကြိုးကိုတင်းကာ ထွက်မည်အပြု၊

"ဦး - ယမ်းတောင့် အပိုမယူတော့ ဘူးလား"

"မယူတော့ပါဘူးကွာ"

"ကျွန်တော် လိုက်ခဲ့မယ်လေ"

"မလိုက်ပါနဲ့ - ညနေစာအတွက်သာ စီစဉ်ထား။ ငါက ဟိုနားဒီနားတင်ပါ၊ ကိစ္စ မရှိပါဘူး"

တပည့်ဝင်းမြင့်က ကျွန်ုပ်တစ် ယောက်တည်းသွားမည်ကို စိုးရိမ်ဟန်ဖြင့် မေး သော်လည်း ကျွန်ုပ်က တစ်ယောက်တည်းသာ သွားမည်ပြောပြီး ထွက်ရန်ပြင်ရ၏။ ထိုအခါ ဦးလှတန်က -

"ဆရာစိုးက ဒီတောကို ကျွမ်းပါ တယ်ကွာ။ မင်းဆရာကို မစိုးရိမ်ပါနဲ့၊ သူလည်း အသေကြီးသွားမှာမဟုတ်ပါ ဘူး" ဟု နှစ်သိမ့်ထားလေ၏။

ထို့နောက် ကျွန်ုပ်က သေနတ်ကို လွယ်ကြိုးမှလွယ်ကာ ထွက်ခဲ့တော့၏။ အချိန်မှာ နေ့ (၂း၃၀) ခန့် ရှိပေပြီ။

⍟

ဦးလှဟန်၏စခန်းမှာ တောင်ကြား အတွင်းရှိပြီး ကျောက်တုံးကျောက်ခဲ ထူထပ် သော ချောင်းကလေးနံဘေးတွင်ဖြစ်ရာ သာယာလှပေသည်။ သူ၏တပည့် ဒွေးဦးမှာ ချက်ပြုတ်အတော်လုပ်သူဖြစ်ပြီး သပ်သပ်ရပ်ရပ် လုပ်တတ်၏။ မိုးတွင်းလည်း ခန်း ခြောက်လေရာ စခန်းအနီးတွင်ပဲ၊ ငရုတ်၊ ဘူး၊ ဖရုံပင်များ စိုက်ထားပြီး ကြက်နှင့် ဘဲကို လည်း အတော် အသင့်မွေးထား၏။ သစ်ထုတ်ချိန် ရိက္ခာ အထောက်အကူဖြစ်စေ၏။ တဲကို ဆောင် ရွက်ထားမှုက စခန်းကို သာယာစေလေသည်။ ထို့အပြင် သူက သတ္တိ

www.burmeseclassic.com

www.burmeseclassic.com

လည်း ခေသူမဟုတ်၊ ထားဝယ်ရောင်းဖျားတွင် ကျွန်ုပ်နှင့် တောပစ်လိုက်ဖူးလေရာ ဆင်အုပ်နှင်းတိုးဖူးပြီး မနည်းအသက်လု ရှောင်ပြေးခဲ့ရ၏။ ထိုသို့ပြေးရင်းမှ မိုးချုပ်စတွင်ကျွန်ုပ်တို့ (၂)ဦးစိုင်အုပ်ဖြင့် ထပ်မံတိုးလေရာ ပြေးရင်းလွှားရင်းမှ စိုင်ပေါက်တစ်ကောင် ကျွန်ုပ် ပစ်ခတ်ရရှိခဲ့ဖူး၏။ (ဤအကြောင်းဖြစ်ရပ်မှန်ကို သီးခြားတစ်ပုဒ် ရေးသားရန် ဆန္ဒရှိပါသည်၊)

ကျွန်ုပ်က ထွက်လာသောအခါဒီဇင်ဘာလ၏ညနေပိုင်းဖြစ်လေရာအတော်ပင်အေး၍လာခဲ့ပြီ၊ သို့သော် နံနက်ကပင်ဝတ်ထားသည့်တောလိုက်ဂျာကင်ကကောင်းစွာနွေးထွေးစေ၏၊ တောစိုး၊ တောထူ၊ တောင်ကြား၊ မြောင်ကြားမို့ဒိုဇာလမ်းပောင်းက အမြင်ရှုပ် လျက်ပင်ရှိ၏၊ (၁၅)မိနစ်ခန့် လျှောက်ခဲ့သောအခါ လမ်းပောင်းကို တွေ့ရပြီး အရှေ့ဘက်သို့ ဦးတည်သည်သာမက ကုန်းမြင့်များကို တက်ခဲ့ရ၏၊ ကုန်းမြင့်ထိပ်တွင် တောရစ်တစ်အုပ်ကို တွေ့ရလေရာ ခေါင်းဆောင်ရစ်ဖကြီးက ကျွန်ုပ်အားမြင်သဖြင့် အတောင်ဖြန့်ကာ တဒီးဒီးလုပ်ရင်း ထွက်ပြေးသဖြင့် ကျန်အမများမှ ထွက်ပြေးသည်ကိုကျွန်ုပ်ကကြည့်နေမိ၏၊ ရစ်များမှာ တောင်မြင့်ရာ၊ ဝါးတောများတွင်သာ တွေ့ရတတ်ပြီး လူအနီးအနားတွင် မတွေ့ရတတ်ပေ၊

တောင်ကြောနှစ်ကြောကို တက်ခဲ့ပြီး နောက်သက်ကယ်ကျင်းပြန့်ကလေးကို ဆင်းခဲ့သောအခါ လမ်းမှာအတော်ကလေးရှင်းနေသဖြင့် တစ်ဖက်တောင်ကြောကို လှမ်းမြင်ရ၏၊ သဲချောင်း ကလေးက ထိုတောင်ကြောအရင်းတွင် စီးဆင်းနေလေရာ ကျွန်ုပ်က ထိုသဲချောင်းကလေးတွင် မျက်နှာသစ်ဦးမည်ဟု စိတ်ကူးပေါ်လာသဖြင့် သဲချောင်းကလေးဆီ ဦးတည်လိုက်၏၊

ခြေလှမ်းတစ်လှမ်း နှစ်လှမ်းမျှ လှမ်းရရုံပင် ရှိသေးသည်၊

"ကွီ-ဝုန်းဝုန်း-အုန်း-ဖျောင်း"

အသံများ ထွက်ပေါ်လာလေရာ ကျွန်ုပ်က သေနတ်ကို လွယ်ကြိုးမှဖြုတ်၍ အသံလာရာဆီသို့ ထိုးချိန်လိုက်၏၊ ကျွန်ုပ် ချိန်လိုက်သည့် အသံလာရာဆိုသည်မှာ သဲချောင်းကလေး၏ အထက်တစ်ဖက်တောင်ကြောဆီသို့ဖြစ်လေရာ အသံအရှ... ကြည့်လိုက်သောအခါ ညနေရောင်သက်ဆင်းလာသော မျောက်... မျက်ကွင်း... အုပ်ဖြစ်နေပြီး ကွီးဟု ကျွန်ုပ်အား တွေ့၍ မျောက်ထီးခေါင်းက ... ချက်ပေးမှုကြော...

www.burmeseclassic.com

www.burmeseclassic.com

တ်အုပ်ကတောင်ကြောအပင်ကြီးများရှိရာသို့စုန်တက်ကာတစ်ကိုင်းမှတစ်ကိုင်း လွှားသွားကြခြင်းဖြစ်ပေသည်။

ကျွန်ုပ်က အဖြေမှန်ကိုသိသောအခါသေနတ်ကိုမောင်းလျှော့၍ပြန်လွယ်လိုက် ဤသေနတ်ဖြင့် မျောက်ပစ်၍မဖြစ်သကဲ့သို့ ကျွန်ုပ်ကိုယ်တိုင်ကလည်း မျောက် ပစ်ခဲ့သည်မှာ ကြာခဲ့ပါပြီ။ (မပစ်ခဲ့သည့်အကြောင်း ရင်းလည်း ရှိခဲ့ပေသကိုး)

တောကြီးအတွင်း ပေါက်ရောက်နေသော ယမနေ၊ မဒမ၊ ဘင်ဂ၊ သံသတ်၊ ကျွန်း၊ တိုးစသည့်အပင်ကြီးများ အုံ့ဆိုင်းနေရာ တောင်ကြောကြီးအတွင်း မှောင်မိုက် သဖြင့် အသံကြားပြီး မကြာမီမှာပင် မျောက်အုပ်မှာ မျောက်ကွယ်သွားကြပြီး တ်တောမှာ တစ်ဖန် တိတ်ဆိတ်သွားတော့၏။

တောတိတ်ဆိတ်နေလျှင် နားအာရုံကိုဂရုစိုက်ရသည့်အတွေ့အကြုံအရ ကျွန်ုပ် ခုံစိုက်ရင်း သေနတ်ကို လွယ်ကြိုးဖြင့် မလွယ်တော့ပဲ မောင်းထက်ဝက်ထိုးကာ ထက်မဖြင့် ထိန်းထားရင်း သေနတ်ကို ယာပခုံးတွင် အပြားလိုက် ပြောင်း၍ထမ်း ၏။

ဤလိုသားကောင်ကြီး ပေါင်းစုံရှိ သော ရိုးမကြီးပေါ်တွင် အန္တရာယ်ဆိုသည်က ခါ ချက်ချင်းရောက် လာနိုင်၏။ ထို့အပြင် တစ်ယောက်တည်း ထွက်ခဲ့မှုက တားနှင့်ဆိုလျှင် "သေလူ" ဟု ရှေးက မုဆိုးကြီးများပင် သတ်မှတ်ထားခဲ့လေရာ အနေဖြင့် သတိလက်လွတ်ဖြင့် နေ၍မရနိုင်ပါ။ ပဲခူးရိုးမအလယ် တောင်ဇာမဏိ ကြီးက အတွေ့အကြုံမရှိသူ အဖို့ ကျောချမ်းစရာပင် မဟုတ်ပါလား။

အချိန်ကိုသိရန် လက်ပတ်နာရီအား ကြည့်လိုက်သောအခါ ညနေ(၄) နာရီ (၅)မိနစ်ခန့်သာ လိုတော့သည်။

ကျွန်ုပ် ထွက်လာသည်က တစ်နာရီမျှပင် ရှိ၏။ တောကြီးအတွင်း မကြာမီ ပိုးမိုးလာနိုင်ပေပြီး ဆောင်းရာသီက ဖနဝင်စောလေရာ နောက် (၁)နာရီမျှ တောင်ရိပ် တောရိပ်ကြောင့် အမှောင်ဘက် လုမည်က စောန်ပေ၊ သို့သော် ချိန်မျိုးတွင် ချေလိုသတ္တဝါမျိုးက လမ်းပေါင်းနံဘေး ထိကရုန်းပင်ပေါ်များ စားတတ်လေရာ ဤတောင်ကြောပေါ်သို့ တက်၍ကြည့်ချင်စိတ်က ဖြစ်ပေါ် ထို့ကြောင့်ကျွန်ုပ်က သတိထားကာ တောင်ကြောကိုစ၍တက်ခဲ့လေပြီ။ (၁၀)

www.burmeseclassic.com

www.burmeseclassic.com

မိနစ်မျှတက်ပြီး၍ တောင်ကြောထိပ်ရောက်ရန် ကိုက်(၂၀)ခန့်သာ အလိုသို့ရော
လာသောအခါ ကျွန်ုပ်၏ ဝဲဘက် (မြောက်အရပ်)တွင် ကြသောင်းဝါးတောကြီ
ဟည်းထနေသဖြင့် ဝါးရွက်များကြောင့် ဝါးပင်အောက်ခြေများတွင် အလင်းရော
နည်းခဲ့လေပြီ။ ထိုစဉ်မှာပင် -

"ဖျောင်း"

ကျယ်လောင်လှသည့် ဝါးချိုးသံတစ်ခုက တောင်ကြောထိပ်၏ တစ်ဖက်ကျ
သွားမည့်လမ်းဟောင်းအထက်မှ စတင်ကြားလိုက်ရလေရာ ကျွန်ုပ်မှာ ချက်ချင်း
ထိုအသံကို ဝေခွဲရန် စဉ်းစားရပေပြီ။

⍟

"အဲဒီတော့ ဘာကောင်လို့ အန်ကယ် ထင်တာလဲဟင်"

ချာပုံသား ကိုအောင်ထက်က ကျွန်ုပ်အား မေးလာလေ၏။

တစ်ခုသော တနင်္ဂနွေနေ့တွင် ကိုအောင်ထက်မှာ ရန်ကုန်သို့ Hand Phon
ထပ်ဆက်သည့် ရှည်းလယ်ရန်လာရင်း မပြန်မီ ကျွန်ုပ်ထံသို့ ဝင်လာခြင်းဖြစ်ပြီး
ထံရှင်း ကျွန်ုပ်က ပြောပြနေခြင်းဖြစ်၏။ စကားစပ်ရာတွင် ကျွန်ုပ် ပစ်ခတ်ခဲ့ဖူး
သားကောင်များ၏ သေတွင်း Fatal ချက်ကောင်းကို ရွေးပစ်ရခြင်းအကြောင်းကို
ရာမှ ပြောပြမိခြင်းဖြစ်လေရာ၊

"အန်ကယ်က ဝါးချိုးသံကြားတော့ ဆင်နဲ့တိုးပြီထင်ခဲ့တာ"

"တကယ်တော့ ဆင် မဟုတ်ဘူး လား"

"ဆင် ဟုတ်တယ်လို့ အန်ကယ်ထင်တာကြောင့် ရှေ့ကို ဆက်မသွားဘဲ နော
ပြန်လှည့်ဖို့စိတ်ကူးခဲ့တယ်၊ ဆင်ဆိုရင်ပစ်ခွင့်မရှိတာကြောင့် ဘာပဲဖြစ်ဖြစ် နောက်
လှည့်ပြီး တိတ်တိတ်ကလေး ဆုတ်ရမှာကိုး"

"ဒီတော့ ပြန်ဆုတ်ခဲ့သလား အန်ကယ်၊ ကြောက်ကော မကြောက် ဘူးလား

"အန်ကယ်က ဝက်ဝံတို့၊ စိုင်တို့၊ ပြောင်တို့ကိုသာ ကြောက်ချင် ကြောက်မ
ဆင်ကိုတော့ လုံးဝမကြောက်ဘူး။ ဆင်ကို ဘယ်လိုရှောင်ရမယ်ဆိုတာ အန်က
သိတယ်၊ ဒါကြောင့် အန်ကယ်က လေဘယ်ကတိုက်နေသလဲ အရင် လေ့လာထ

www.burmeseclassic.com

ဘာမြောက်က တိုက်နေပြီး ဆင်က အရှေ့ဘက်၊ အန်ကယ်က အနောက်ဘက်က
ဘာ့ အန်ကယ်ရဲ့အနံ့ကို မရနိုင်ဘူး။ ပြီးတော့ ဆင်က အမြင်အာရုံမကောင်းဘူး။
ကြောင့် မကြောက်တာ"

"အန်ကယ်က ဒါဖြင့် ပြန်မလှည့်ဘူးပေါ့"

"ဟုတ်တယ် - ပြန်မလှည့်ဖြစ်ဘူး။ မလှည့်ဖြစ်တဲ့အကြောင်းက နောက်ထပ်
အသံတစ်သံကို ထပ်ကြားလိုက်ရလို့ပဲ"

"ဘာသံထပ်ကြားတာလဲ - အန်ကယ်"

⍟

"ဗုန်း - ရှီး"

ကျွန်ုပ်က ပြန်လှည့်မည်ဟု စိတ်ကူးခဲ့သော်လည်း ဆင်ကို မကြောက်သည့်စိတ်
ဘာကောင်လဲဆိုသည့်အဖြေကို သိချင်နေမိရာမှ ထိုအသံကို ထပ်မံကြားလိုက်
သောအခါ ကျွန်ုပ်၏စိတ်တွင် အဖြေပေါ်လာ၏။ ကျွန်ုပ် အသံကြားရသည့်အကောင်
ဆင်မဟုတ်တာ သေချာသွားပြီ၊ သို့ဆိုလျှင် ဘာကောင်လဲ၊ နာမှုတ်သည့်
ကောင်၊ မြောင်ကြီးတစ်ကောင်သာ ဖြစ်ရပေမည်၊

ကျွန်ုပ် ပထမကြားရသည့် "ဖြောင်း" ဆိုသည့်အသံမှာ ဆင်ဝါးချိုးသံ မဟုတ်၊
မြောင်က ဦးချိုဖြင့် ဝါးခြောက်ကို တိုက်၍ကျိုးသွားသံသာ ဖြစ်မည်။ ထို့နောက်မှ
မှုတ်သည့်အသံ ဒေါသထွက်နေသည့် မြောင်တစ်ကောင်၏ နာမှုတ်သံပင်ဖြစ်ရပေ
မည်။ ထို့ကြောင့် ကျွန်ုပ်က ပြန်မဆုတ်ဖြစ်၊

သို့သော် ကျွန်ုပ်သေနတ်အတွင်း ထည့်ထားသည့် .30-06 ကျည်က ၁၄၇ ဂရိမ်
ရှိသောကျည်သာ၊ ထိုကျည်က မြောင်လို အသားထွက်အချိန် (၃၀၀)မျှ ရှိနိုင်
သောအသားကောင်ကြီးကို လှဲမသိပ်နိုင်ပါ။

ယခုကြားရသည့်အသံမှာ တစ်ကောင်ထီးထီးနေတတ်သော မြောင်ထီးပိုးကြီး
တစ်ကောင်သာ ဖြစ်ရပေမည်ဟု ဆုံးဖြတ်မည်အပြုမှာပင် -

"ဖောင်း - ရှူးရှူး - ဝရော - ဝရော"



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် နာမှတ်သံနှင့်တောတိုးသံကို ထပ်မံကြားလိုက်ရပေရာ ထိုအသံ ကျွန်ုပ်မမြင်ရသည့် တောင်ထိပ်ဘက်မှ ကျွန်ုပ်သွားမည့် ဖုန်းဆိုးထနေသော ယောင်းသို့တောတိုးဆင်းလာသံ၊ ထို့ကြောင့် ကျွန်ုပ် ထင်မြင်ချက်သေချာသွားသ နှင့်တစ်ပြိုင်နက် သေနတ်ကိုပခုံးမှချရင်း မောင်းပြည့်တင်လိုက်ကာ အနီးတွင်ဖုန ရှာရ၏၊ မတော် ပြောင်က လမ်းဟောင်းကို ဆင်းလာပြီး ကျွန်ုပ်ဘက်သို့လာ မျက်နှာချင်းဆိုင် တိုးပေမည်ဆိုလျှင် ကျွန်ုပ်က အန္တရာယ်နှင့် လုံးဝရင်ဆိုင်ရပေ မည်၊

ထို့ကြောင့် ကျွန်ုပ်၏ လက်ျာဘက်တွင် တွေ့ရသော နှစ်ဟောင်းသစ်ထု ဆွေးမြည့်နေသော လူတစ်ဖက်သာသာ ခန့်ရှိ နှစ်တောင့်ထွာမျှ အမြင့်ရှိမည့် ငုတ်ဆွေးကြီးဆီသို့ ပြေးကပ်၍ မုဆိုးဒူးထောက်ထိုင်လိုက်ကာ သေနတ်ကိုပ ကျွန်းငုတ်ပေါ်တွင် တင်၍ထားလိုက်၏၊

ထိုသို့နေရာယူထားခြင်းမှာ သူ့အား ပစ်လို၍မဟုတ်၊ အရေးဆို အကာအကွ ရန်သာ ဖြစ်ပေသည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တွင် ပြောင်သေစေနိုင် ကျည်က ပေါ၊ ကျည်သေး (၄)တောင့်မှလွဲ၍ အပိုလည်းမပါ၊ ထို့ကြောင့် မပစ် သို့သော် မိမိကိုယ်ကို အန္တရာယ်မှ ကာကွယ်ရန်တော့ လိုအပ်လျှင် ပစ်ရပေမည်၊

ကျွန်ုပ်က နေရာယူပြီးချိန်မှာပင်၊

"ရော - ရော" ဆိုသည့်အသံ ထပ်မံကြားရပြီးနောက် -

"ဝလုပ်"

ဤအသံမှာ တောတိုးရာမှ လမ်းဟောင်းပေါ်သို့ အမြင့်မှ ခုန်ချလိုက်သံဟု သည်၊ ပြောင်ကိုတော့ မမြင်ရ၊ လမ်းဟောင်းမှာ ကျွန်ုပ်၏ အရှေ့ပေ (၂၀) လော အကွာတွင် တောင်စောင်းကို တံတောင်ဆစ်ချိုးကွေ့သွားသဖြင့် ပြောင်က တစ် လမ်းပေါ်သို့ ခုန်ချသံ သာ ကြားရခြင်းဖြစ်၏၊

ကျွန်ုပ်က ဒီပြောင် ငါ့ဘက် ဆင်းမလာပါစေနဲ့ဟုသာ ဆုတောင်းမိ၏၊ အက ကျွန်ုပ်ဘက် ဆင်းလာပါက မလွှဲမရှောင်သာ ပစ်ရတော့မည်၊ သို့သော် (၄)ချက် သည့်တိုင် ဤပြောင်က လဲရန်မသေချာ၊ အကယ်၍ပစ်ရမည် ဆိုငြားငြား တစ်ချက် တစ်ချက် ဒုတိယချက် မပစ်ဖြစ်မီ ကျွန်ုပ်အား ပြေးတိုက်ပေမည်၊ ထိုသို့တိုက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် အကာအကွယ်ယူထားသည့် ကျွန်းငုတ်ဆွေးကြီးမှာ ခံနိုင်မည်မဟုတ်။ ကျွန်းငုတ်နောက်တွင်ရှိသော ကျွန်ုပ်မှာလည်း ကျွန်းငုတ်နှင့်အတူ လွင့်စဉ်သွားမည့်အပြင် သက်ယာဘက်ရှိ ချောက်အတွင်းသို့ပါ ပြုတ်ကျသွားပေမည်။ ဤသည်မှာ ကျွန်ုပ်အတွက်အန္တရာယ်အရှိဆုံးအချိန် ဖြစ်လေသည်။ ပြောင်တစ်ကောင်မှာပေါင်(၂၀၀၀) နှင့် ဝိတ်ရှိလေရာ သူ့ပြေးတိုက်ပါက ကျွန်ုပ် စဉ်းစားသည်ထက်ပင် ဆိုးပေမည်။

ကျွန်ုပ် တွေးနေစဉ်မှာပင် -

"ဖောင်း - ရှီး - ရှီး"

ပြောင်၏နှာမှုတ်သံက ကျွန်ုပ်ဘက်သို့တန်းတန်းမတ်မတ် လာနေသံကြားရပေပြီ။ သို့သော် - အကောင်ကိုတော့ မမြင်ခဲ့ရနိုင်သေး။

(၄ - ၅)စက္ကန့်မျှအကြာတွင်မှာတော့ တံတောင်ဆစ်ကွေးလမ်းပေါ်မှ ပြောင်ကြီးတစ်ကောင်က ပေါ်ထွက်လာခဲ့ပေပြီ။

အရပ်(၆)ပေမျှရှိ၍ နက်မှောင်နေသည့်အရေပြား၊ ခြေ(၄)ဖက်ဒူးဆစ်အောက်တွင် ဝါညစ်ညစ်အရောင် ဦးချိုများနက်မှောင်၍ ဦးချိုရင်း ဝါကျင်ကျင်ဖြင့် တုံး၍နေပြီဖြစ်သော ဦးချိုများက လက်သီးဆုပ်ပမာ ဖြစ်နေသည့်အပြင် ဖွာ၍ပင်နေပေပြီ။ စူးရှသော မျက်လုံးက အရှေ့တူရှုသို့ကြည့်၍လျှောက်လာရာ ကျွန်ုပ်ရှိရာသို့ တူရှုလာနေပေပြီ။ ထိုအချိန်မှာ ကျွန်ုပ်အတွက် ဆုံးဖြတ်ရမည့်အချိန် နောက်ဆုံးစက္ကန့်သို့ ချဉ်းကပ်ခဲ့ပေပြီ။

ပြောင်ကြီးမှာ လမ်းအတိုင်း တံတောင်ဆစ်ကွေးမှ ပေါ်လာပြီး လာနေရာ သူနှင့် ကျွန်ုပ်မှာ (၁၅)ပေထက်ပင် ပို၍မဝေးတော့။ ထိုအချိန်တွင် ကျွန်ုပ်က သူ့အား တွေ့သကဲ့သို့ သူက ကျွန်ုပ်အား တွေ့သွားခဲ့လေရာ ကျွန်ုပ်နှင့် ကျွန်းငုတ်ကို ပြေးတိုက်ရန် မြင်လိုက်လေပြီ။

သို့သော် ကျွန်ုပ်၏ ရှေ့(၁၀)ပေခန့် အကွာတွင် မိုးတွင်းက တောင်ပေါ် ရေစီးချောင်းတစ်ခုက ရှိနေသည်။ ထိုရေစီးချောင်းမှာ ချောက်ငယ်တစ်ခုဖြစ်နေပြီး လက်တစ်ခန့်စာမျှ ကျယ်လေသည်။ ထိုချောက်က လမ်းဟောင်းကို ဖြတ်ထားသကဲ့သို့ ရှိ၏။

"ဖောင်း"



www.burmeseclassic.com

www.burmeseclassic.com

ပြောင်ကြီးမှာ နာကိုတစ်ချက်မှုတ် လိုက်ပြီး ထိုချောက်ငယ်ကို ခုန်ကူးရန် အားယူလိုက်ချိန် ကျွန်ုပ်၏ နောက်ဆုံး စက္ကန့်ဆုံးဖြတ်ချက်က ဦး၍ သွားခဲ့လေသည်။

"ဒိုင်း"

.30-06 ကျည်က အငြင်းအဆန်မရှိထွက်သွားခဲ့လေရာ ပြောင်ကြီးမှာ နောက်သို့ အနည်းငယ်တွန့်ကာ ယမ်းထွက်သွားပြီးနောက် နောက်သို့ ပြန်လှည့်၍ ပြေးသွားပြီးနောက် -

"ဗျော - ဘုန်း - ဇွပ်"

တံတောင်ဆစ်ကွေးက ကွယ်သွားကာ ထိုအသံများကို ကြားလိုက်ရပေတော့၏။

ကျွန်ုပ်မှာ ရှေ့မှ ချောက်ကလေးက ကယ်သည်ဟု ပြောရမည်ဖြစ်သကဲ့သို့ ကျွန်ုပ် ပစ်လိုက်သည့်ချက်ကောင်း ပစ်ချက်ကလည်း ကျွန်ုပ်ကို အန္တရာယ်မှ ကယ်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ် မည်သည့်နေရာသို့ ပစ်ခဲ့သည်ထင်ပါသနည်း။ ဖြေကြည့်ပါ။ ပြောင်တစ်ကောင်ကို အသေတလုပစ်ခတ်ရတော့မည်ဆိုလျှင် မည်သည့်နေရာကို ရှေ့တည့်တည့်မှ ပစ်မည်နည်း။ နိုင်ငံခြားဗွီဒီယို ရုပ်ရှင်များမှာကဲ့သို့ Broad side ကန့်လန့်အနေအထားမှ ပစ်မည်ဆိုပါက မပစ်မီ ပြောင်က မုဆိုးအသက်ကို ယူသွားပေမည်။

ကျွန်ုပ် ပစ်ခဲ့ရသည်မှာ ပြောင်ကြီး၏ ရှေ့တည့်တည့်မှဖြစ်လေရာ ပြောင်က ချောက်ကလေးကို ခုန်ကူးရန် အားအယူ တွင် ပြောင်၏ ရှေ့လက် (၂) ခုကြား ရင်ဘတ်နေရာမှ တံတောင်ခန့်အမြင့်ရာ သူ၏အသက်ကို ဖြတ်ချွေနိုင်မည့် နှလုံးသား၏နေရာကို မှန်း၍ပစ်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ပြောင်ကြီးမှာ နောက်သို့လန်သွားကာ ပြိုလဲသံကို ကြားလိုက်ရခြင်း ဖြစ်ပေသည်။

ကျွန်ုပ်က (၁၀) မိနစ်ခန့်ထိုင်ရင်း ကျည်တစ်တောင့် ထပ်ထိုးပြီးမှ လမ်းအတိုင်း မဟုတ်ပဲ တောတိုး၍ တောင်ထိပ်သို့ တက်ခဲ့၏။ ထို့နောက် ဝါးတောကိုဖြတ်ကာ တံတောင်ဆစ်ချိုးလမ်းကို မြင်ရနိုင်သော အပေါ်ဆီးမှ ကြည့်လိုက်ရာ ပြောင်ကြီးမှာ ဒိုဆာလမ်းဟောင်းပေါ်တွင် လက်ျာဘက်သို့ စောင်း၍လဲနေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က တောင်ကုန်းမှ ဖြည်းဖြည်းဆင်းကာ ပြောင်ကြီး၏ အမြီးဘက်မှ သေနတ်ကို အဆင်သင့်လုပ်ရင်း ချဉ်းကပ်ခဲ့၏။ ပြောင်ကြီးမှာ တုတ်တုတ်မျှ မလှုပ်သည့်အပြင် မျက်လုံးပွင့်၍အသက်ထွက်နေပေပြီ။ လဲသည့်အရှိန်ကြောင့် ယာဘက်ချိုမှာ မြေကြီးတွင် တစ်ထွာမျှလည်း စိုက်ဝင်လျက်ရှိတော့၏။


ပြောင်၏ရင်ဘတ်မှာတော့ သွေးများအိုင်ထွန်းလျက်၊ ကျွန်ုပ်က နာရီကိုကြည့်မိသောအခါ (၄း၁၅) နာရီသာ ရှိသေးသည်။ (၁၅)မိနစ်ခန့်အတွင်း ကျွန်ုပ်မှာ အန္တရာယ်နှင့်ရင်ဆိုင်ခဲ့ရသည် ဆိုပြားအံ့။ စာရှုသူတို့မည်သို့သုံးသပ်မည်နည်း။ ပြောင်ကိုမသေစေနိုင်သော (၁၄၇)ဂရိန်ကျည်သေးက ပြောင်ကိုတစ်ချက်တည်းဖြင့်သေစေခဲ့သည် ဆို လျှင်တော့ မည်သို့သုံးသပ်မည်နည်း။ ကျွန်ုပ်အဖို့မှာမူ ချက်ကောင်း သေကွင်း (Fatal) ကို ပစ်နိုင်ခဲ့၍သာ အန္တရာယ်မှ လွတ်မြောက်နိုင်ခဲ့သကဲ့သို့ တောသို့ ရောက်ရောက်ချင်းနေ့မှာပင် အလွယ်တကူ ပြောင်ကြီးတစ်ကောင်ကို ပစ်ခတ်ရရှိခဲ့မှုက ကျွန်ုပ်အဖို့ အန္တရာယ်လည်း ကြုံ၊ အလွယ်လည်း ပြောင်ကြီးတစ်ကောင် ရရှိခဲ့ခြင်း ဖြစ်ပါတော့သည်။

⇒ ကျော်စိုးမိုလ်

စာကြွင်း ။ ။ ထိုပြောင်ကြီးအား စခန်းသို့ သယ်ယူပြီး ဖျက်ခဲ့ရာ အသားချိန်ပိဿာ (၃၀၀)ကျော်မျှပင် ထွက်ပါသည်။ ကျွန်ုပ်၏ (၁၄၇)ဂရိမ်ယမ်းတောင့် ထိပ်ဖူးအလေးက မည်သည့်နေရာသို့ ထိခဲ့သည်ထင်ပါသနည်း။ ချက်ကောင်းဖြစ်သော ပြောင်ကြီး၏ နလုံးသား အလယ်တည့်တည့်ကို ဖောက်ထွင်းသွားခြင်း ဖြစ်ပါသည်။ ထိုပြောင်ကြီး၏ ဦးချိုများမှာ လက်သီးဆုပ်ကြီးကဲ့သို့ရှိလေရာ ကျွန်ုပ်၏တူ Peter က လိုချင်၍ တောင်းသည်ကိုပင် မပေးခဲ့ပါ။ သို့သော် ကျွန်ုပ်အားနိုင်သော၊ ကျွန်ုပ်အားအရသောလူကြီးတစ်ဦးက တောင်းသဖြင့် ပေးလိုက်ရပါသည်။ Peter ကိုတော့ မိုင်ချိုတစ်ချောင်းပေးကာ ကျေနပ်စေခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ဒုက္ခပင်လယ်ဝေနေရသည့် အမျိုးသမီးထောင်ကျများ၏ဘဝ သားသည့် မိခင်ထောင်ကျများ၏ အကျိုးရင်နှင့်ဖွယ်ဖတ်ရှုရမည့်

အမျိုးသမီးဆောင်ထဲကို အသစ်ဝင်လာသည့်အကျဉ်းသူတွေ သစ်တွေကို မှတ်ပုံတင်ဖို့ ပြင်ဆင်နေခဲ့တယ်။ အကျဉ်းကျသစ်ငါးဦးကို ထောင်မှူးမမထံ တင်ပြနိုင်ဖို့ 'ထောင်ပုံစံ(၂၁)လို့ခေါ်တဲ့ ထောင်ကျမှတ်ပုံတင်စာအုပ်မှာ မှတ်ပုံတင်နေတယ်။

"အမည်"


"မြသက်"

"အဘအမည်"

"ဦးတင်မြ"

"အမိအမည်"

"ဒေါ်ခင်သက်"



www.burmeseclassic.com

www.burmeseclassic.com

"ယောက်ျားအမည်"

"မရှိ"

"နေပါဦး၊ ယောက်ျားမရှိဘူးဆို၊ အပျိုလား"

"ဟင့်အင်း - တစ်ခုလပ်ပါ"

"ယောက်ျားနဲ့ ကွဲသွားလို့လား"

"မဟုတ်ဘူး - နောက်မယားငယ် ယူသွားတာ"

"ဟင် - ဘယ်လိုဖြစ်ကြတာလဲ"

"ကျွန်မထက်သာလို့ နောက်တစ် ယောက် ထပ်ယူတာပေါ့"

"ခက်ပါလားနော်၊ အသက်ကော"

"နှစ်ဆယ့်ကိုးနှစ်"

"ထောင် ဘယ်လောက်ကျလဲ"

"ခြောက်လ"

"ကိုယ်ဝန်ရှိလား"

"သိဘူးလေ"

"ဟဲ့ - တစ်ခုလပ်ဆို - လင်မရှိဘူး ဆို"

"ခုချိန်ထိတော့ မသိနိုင်ဘူး"

"ဒါဆို - ရှေ့ရည့်သည်(ဓမ္မတာ) ကော မှန်မှန်လာလား"

"အင်း - သူ မလာတာ နှစ်လလောက်ရှိပြီ"

"ကဲ - ဒါဆိုလဲ - ကိုယ်ဝန်မရှိလို့ပဲ မှတ်တမ်းတင်ထားမယ်"

"ဟုတ်ကဲ့ပါ - ဆရာမ"

ဤသို့ဖြင့် ကျွန်မလည်း အကျဉ်းသူငါးဦးစလုံးကို မှတ်ပုံတင်ခြင်းလုပ်ငန်းပြီး... သွားတယ်၊ အိပ်ဆောင်ထဲမှာ ဒီလိုပါပဲ၊ မှတ်ပုံတင်နေတုန်းတော့ ရာသီမှန်ပါတယ်... ဆိုပြီး စိတ်ချလက်ချ မှတ်တမ်းတင်ထားပြီးမှ ထောင်ထဲရောက်လို့ သုံးလေးလအ... မှာ ပြဿနာက ထဖြစ်တတ်တဲ့ဇာတ်လမ်းတွေက အများကြီးပဲ၊ သူတို့ဘာသ... လောကမှာ လွတ်လွတ်လပ်လပ် နေထိုင်စဉ်မှာ ဘာမှဖြစ်မလာဘဲ ထောင်ထဲလ... ရောက်လာရော သပွတ်အူလို ရှုပ်ထွေးတဲ့ပြဿနာတွေ ပေါ်လာရင် အုပ်ချုပ်ထဲ... တွေ ခေါင်းမီးတောက်ရော၊

www.burmeseclassic.com

ဘာဖြစ်လို့လဲဆိုတော့ မိန်းမတို့ ဘာသာဘာဝ လစဉ်ရာသီပန်း မှန်မှန်လာနေ
ပါလျက် အကြောင်းကြောင်းကြောင့် မလာတော့ဘူးဆိုလျှင် ကိုယ်ဝန်ရှိနေပြီလား
ဆိုသည့် ပြဿနာက အဖြေရှာရခက်ရော။ ထောင်ထဲ ဝင်လာနေတုန်း ကိုယ့်အခြေ
အနေကို ကိုယ်မဆန်းစစ်ပဲ ကျွန်မ အပျိုပါဆိုပြီး မှတ်ပုံတင်ဖွေါ်မှာ အတည်ပြုပြီးမှ
စ်လ လောက် ဆက်တိုက်မလာတော့ဘူးဆို မှ ဖုတ်ပူမီးတိုက် ဆရာမဆီကို ပြေး
ာသတင်းပို့ရော။

တဲ - ဒီတော့ - ထောင်ထဲက မိန်းမဆောင်မှာ ယင်ဖိုကောင် သန်းဖို့မလွယ်တဲ့
နေရာမှာ ဘယ်ယင်ကများ အလစ်တွယ်သွားပြီး ရေးဥသွားတယ် မသိလိုက်ရဘူး။
ဆောင်တာဝန်ကျအမျိုးသမီးတွေပဲအလစ်အငိုက်ခံလိုက်ရလို့လား၊ လူတွေအစီ
အရီ များပန်းခတ်မျှ သွားလာလှုပ်ရှားနေတဲ့ကြားထဲမှာ သော့တွေ အထပ်ထပ် ခတ်
ထားတဲ့ကြားမှာ ဘယ်ပုရိသယောကျ်ားတစ်ကောင်က အုတ်ရိုးကျော် ဝင်ကမြင်း
ကြာထသွားလားဆိုပြီး ယုန်ထင်ကြောင်ထင်ဖြစ်ကုန်ရော။

အဲ - ဖြစ်နိုင်ခြေရှိတာကတော့ မိန်းမဆောင်ထဲကို ဝင်စစ်ကြတဲ့ တာဝန်မှူး၊
ဝန်ကြပ်တွေထဲကလား။ ဒါဆိုထောင်မှူးအရာရှိတွေထဲကနေ့ရောညပါဝင်ထွက်
နေကြတော့ညတာဝန်ကျအမျိုးသမီးဝန်ထမ်းကိုလာဘ်ထိုးပြီး ပူးပေါင်းကြံစည်
သလားမှ မသိနိုင်တာ။

အဲဒီလိုယုန်ထင်ကြောင်ထင်ကိစ္စထဲမှာထောင်ပိုင်ကြီးတောင်မှအဆစ်ပါလိုက်
တယ်၊ သူကလည်းမသက်ာရင် နေ့ရောညပါတံခါးမရှိ၊ ဓားမရှိဝင်နိုင်ထွက်နိုင်
အာဏာအရှိဆုံးပုဂ္ဂိုလ်ကြီးပဲ။

ဒါကြောင့်လည်း ယောကျ်ားအရာရှိကြီးတွေ မိန်းမဆောင်ထဲကိုများ ကိစ္စရှိလို့
ပြီဆိုအလစ်မပေးရဲဘူး။ မနည်းမျက်လုံးဒေါက်ထောက်စောင့်ကြည့်နေရတာ
။ ကောင်မတွေဆိုတာကလည်းယောကျ်ားနံ့ကိုမရှူရတာ ကြာနေပြီဆိုတော့
ကြောင်းရှာပြီး အနားကို တိုးကပ်ချင်ကြတာများ ဖလန်း ဖလန်းကိုထလို့၊ ခပ်ငယ်
ထောင် မှူးပေါက်စတွေ မပြောနဲ့၊ အသက်ကြီးကြီး ထောင်ပိုင်ကြီးတွေတောင်
ာတ်မပေးဘူး။ ဖေကြီး၊ ဖေကြီးနဲ့ အတင်း ခေါင်းတိုးခွေ့ဝင်ချင်တဲ့ဟာမတွေ။

အသက်ကြီးကြီးထောင်ပိုင်ကြီးရယ်လို့များလျှော့မတွက်လိုက်ကြနဲ့။ အားလုံး
နေကျကြောင်ဖားတွေချည်းပဲ။ တစ်ခါတုန်းကထောင်ပိုင်တာ်းစီစစ်တဲ့နေ့မှာ

www.burmeseclassic.com

ဟိုတစ်–လုပ်ချလိုက်ပြန်ပြီ။
အပြင်မှာတုန်းက အလိုက်သိပြီး ထောင်ထဲရောက်မှ
အအိုပြစ်သွားရတယ်လို့ ဘယ်လိုဟာကြီးလဲ။
နင်တို့ မိန်းမထောင်ထဲကို တရားဝင် ဝင်ထွက်သွားလာနေတဲ့
ထောင်အရာရှိတွေကို နင်လည်း မြင်ဖူးမှာပေါ့။
ဘယ်သူနဲ့များ မလွတ်မကင်းဖြစ်ခဲ့လဲ။
ငါ့ကို မှန်မှန်ပြောစမ်း



အချင်းသူတွေထဲက ကောင်မတွေ မကြားတကြားနဲ့ တိုးတိုးတိတ်တိတ် ကြိတ်ပြောနေကြတာ ကြားလိုက်ရတယ်။

"အောင်မယ် – အောင်မယ် – ရုပ်ကြီးက – ရုပ်ကြီးက – စကျူတော့ မရတ်တတ်တဲ့ကြောင်လိုပဲ ရှုတည်တည်ကြီး နဲ့ ငါတို့အိမ်မှာတုန်းက နွားပြာကြီး အောက်သွားမရှိသလို တဖြဲဖြဲနဲ့ ဟင်း – မပြောလိုက်ချင်ဘူး"

အဲဒီလို အကြောင်းသိနေတဲ့ ပြည့်တန်ဆာအုပ်စုက ကောင်မတွေက ခပ်ကဲကဲတွေလေ။ သူတို့က ဖောက်သည်ကြီးကို ထောင်ထဲမှာ ပြန်တွေ့နေရတော့ အားကိုးရမလားဆိုပြီး မျက်နှာချိုသွေးချင်နေကြတာ။ ဟိုက သူမဟုတ်သလိုလိုနဲ့ မျက်နှာထားတင်းတင်းနေတော့ ခံရခက်နေမှာပေါ့။

ဒါကြောင့် ပြောတာပေါ့။ ခိုးစားလျှင် လူမိတာများတယ်၊ အိမ်က အသူကြီးသိမှာစိုးလို့ တပည့်တွေကောင်းမှု အကြောင်းပြုမိတဲ့လူကြီးတွေ လူမိမှ ကြောက်တော့ မျက်နှာမာမာထန်ထန်ထားပြီး ဟောက်ငမ်းဆူပူနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုအကြောင်းသိစာတ်သိဖြစ်နေတဲ့ ကျွန်မတို့ဝန်ထမ်းတွေက ကောင်မတွေ လူကြားထဲမှာ ဖော်ကောင်လုပ်မှာစိုးလို့ဟိုလူ့ပှာန့်ရ၊ ဒီလူ့ဖငါက်ရနဲ့ တုတ်တစ်ချောင်း ကိုင်ပြီး ဒီဆတ်စလူးထနေတဲ့ ကောင်မတွေကို ထိန်းရတာလဲ အမော၊

ဟုတ်တယ်လေ – သူတို့ခမျာများလည်း ယောကျ်ားနံ့ကို လနဲ့ရှိုပြီးတော့ မမြင်ရ မတွေ့ရ မရှုရှိုက်ကြရတော့ ကျားနံ့ရတာနဲ့ ခေါင်းတွေ အလျှိုလျှိုထပြပြီး ကျွန်မတ နင်းဆီပါမောင် လုပ်ချင်နေကြမှာပေါ့၊

ထောင်ထဲမှာဆိုတာ ယောကျ်ား၊ မိန်းမ သီးခြားစီ ခွဲထားပြီး ထောင်ကျနေခဲ့ကြ တာဆိုတော့ နှစ်ရှည်ထောင်ဒဏ် ကျခံလာရသူတွေမှာ ပိုဆိုးတယ်၊ ယောကျ်ားဆိုတာ ဒီလိုဟာလေး ပါတာကို ခေါ်တာလားလို့ မေးရမလိုဖြစ်နေပြီ၊

“ဒါကြောင့်လည်း ကျွန်မတို့ ဝန်ထမ်းတွေခမျာ တာဝန်ချိန်မှာ တာဝန်ကို ထမ်း ဆောင်နေရပေမယ့် ဂျူတီပြီးဆုံးလို့ ထောင်ထဲက ထွက်လာတာနဲ့ ဗိုသတ္တဝါအကျဉ်း သားတွေရဲ့ခေါ်တော တစ်ထောင်အားမျက်လုံးအကြည့်တွေကို ရှောင်ဖယ်ပြီး ရှက်ကို ရှက်ကန်းဖြစ်ပြီး ခြေလှမ်းမမှားအောင် သတိထားလျှောက်နေရတယ်၊

ခုတော့လည်း အမျိုးသမီးဆောင်ထဲက အကျဉ်းသူတစ်ဦး ထောင်ကျလာတာ နှစ်လပဲ ရှိသေးတယ်၊ အကျဉ်းသူ မြသက်တစ်ယောက် ဘယ်လိုအစားမှားလာခဲ့လဲ လည်း မသိပါဘူး၊ တမှိုင်မှိုင် တတွေတွေဖြစ်ပြီး ကိုယ်လက်မအီမသာ ဖြစ်နေတယ်လို့ သတင်းပို့လာနေတယ်၊ ကျွန်မလို အပျိုကြီးကတော့ ဒီကိစ္စ ပုံမှန် လာနေတော့ သူ့ခမျ ဘယ်လိုဖြစ်ပြီး လကျော်နေရတယ်ဆိုတာ ဝေခွဲမရနိုင်ပါဘူးရှင်၊

မိန်းမဆောင်ဆေးမှူး နော်မူဖောကိုယ်တိုင် အဖြေရှာမရနိုင်ဘဲ ဦးနှောက်ခြောက် လုလုဖြစ်နေတယ်၊ အကျဉ်းသူကို အကြောင်းစုံသိအောင် ချော့မော့ဖျောင်းဖျပြီး မေး ကြည့်မိတယ်၊

“ညည်း – ယောကျ်ားနဲ့ အတူမနေတာ – ဘယ်နလရှိပြီလဲ”

“နှစ်လ – သုံးလလောက် ရှိပါပြီ”

“လင်မယားဖြစ်ပြီး – ဘာဖြစ်လို့ အတူမနေကြတာလဲ”

“သူ့မယားငယ်ဆီ သွားနေတဲ့အခါ ကျွန်မဆီကို မလာဘူး”

“ညည်းယောကျ်ားကို ဖွင့်မမေးဘူးလား”

www.burmeseclassic.com

www.burmeseclassic.com

"မေးပါတယ်။ သူက ကျွန်မကို ငြီးငွေ့နေလို့ နောက်တစ်ယောက်ထားတာနေမှာပေါ့"

"ညည်းကလဲ – ကျေနပ်သဘော တူတာပဲလား"

"ဘယ်ကျေနပ်ပါ့မလဲ၊ ကျွန်မတို့ မိန်းမသားဆိုတာ မုန့်ကိုသာ ဝေစားလို့ ရမယ်၊ အချစ်ဆိုတာက ဝေစားလို့ မရနိုင်ဘူးလေ။ ဒါကြောင့်လည်း ဒီအမှုဖြစ်လာခဲ့တာပေါ့"

"ဟင် – ဘယ်လိုဖြစ်ခဲ့ကြတာလဲ၊ သေချာပြောပြစမ်းပါဦး"

"ဒီလို – ဆရာမရေ – ကျွန်မလည်း အစက မရိပ်မိ မသိရှိခဲ့ဘူး။ သူ့ကုမ္ပဏီက သူ့ကိုယ်ရေးမလေးဆိုတော့ အလုပ်တူ တူ လုပ်နေကြလို့ အတူသွား အတူလာတယ်ပဲ သိထားတာလေ။ တစ်နေ့တော့ ကုမ္ပဏီကို လမ်းကြုံဝင်မိတော့မှပဲ သင်းတို့ဇာတ်လမ်းအမှန်ကို ပက်ပင်းတိုးမိတော့ ဒေါသဖြစ်ဖြစ်နဲ့ စားပွဲပေါ်က မြင်းလုံးနဲ့ ကောက်နှက်လိုက်တာ ခေါင်းဟက်တက်ကွဲသွားရော"

"ဟုတ်လား – ဒီလိုရိုက်မှုနဲ့ ထောင်ကျလာတာပေါ့"

"ဟုတ်ပါတယ်"

အင်း – ဒီကိစ္စမျိုးဆိုတာကလည်း ခက်သားလား။ မိန်းမဆိုတာမျိုးက လစဉ်မမွေတာလာသည်၊ မလာသည်မှာ ပြဿနာဖြစ်ပါတယ်။ တချို့ကလည်း ထိမ်ချင်ထိမ်နေတတ်တာမျိုး၊ တချို့ကျ တော့လည်း လစဉ် ရှေ့ညည့်သည်က လာနေပါလျက် သေွးဖြူဆင်းတတ်တာမျိုးလည်း ရှိသေး။ သွေးကျော်တယ်ဆိုတာမျိုးပေါ့။

သို့သော်လည်း သူမ၏ ကိုယ်ဝန်ရှိနေခဲ့လျှင်လည်း နှစ်လခန့်လောက်ပဲ ရှိပေဦးမယ်။ သူမက ထောင်ခြောက်လထဲ ကျလာသူဆိုတော့ သူ့ကိုယ်ဝန်က မီးဖွားမည့် အချိန်လောက်မှာ ထောင်က လျှော့ရက်နှင့်ဆို လွတ်နေလောက်ပြီ။ ဒါကြောင့် ကျွန်မတို့မှာ အလုပ်ရှုပ်သွားတာပဲ အဖတ်တင်တယ်။

⍟

အဲဒီလို ထောင်ထဲမှာ ကိုယ်ဝန်ကိစ္စနှင့် ဖယားရှုပ်ခဲ့တဲ့ဇာတ်လမ်းလေးတစ်ပုဒ်ကြုံရတာကို ဖောက်သည်ချပြချင်သေးတယ်။ ဇာတ်လမ်းအစက ဒီလို –

"ကျွန်မ ရာသီမလာတာ နှစ်လရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com

"အမ် - ဘယ်လိုဖြစ်လို့လဲ"

ကြားလိုက်ရသည့်စကားကြောင့် ကျွန်မတစ်ကိုယ်လုံး တုန်လှုပ်ချောက်ချား သွားမိတယ်။ ဟုတ်တယ်လေ။ အေးအေးဆေးဆေး အိပ်ဆောင်ဘေးမှာ အနားယူနေရင်း ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ရေးသားသည့် "မိဘကျေးဇူး အကျေဆပ်နည်း" ဆိုသည့်မဂ္ဂဒါနစာအုပ်လေးကိုစိတ်ပါဝင်စားစွာဖတ်ရှုနေတုန်းမှာ ဖြစ်တယ်။

အဲဒီအချိန်မှာပဲအကျဉ်းသူတစ်ယောက်ကအနားကိုလာပြီးတော့သူမပြောသနာကို လာရောက်သတင်းပို့နေတယ်။ ကျွန်မ စာအုပ်ထဲက တရားအကြောင်းတွေကို ဖတ်ရှုရင်း ရုတ်တရက်ကြားလိုက်ရသည့်သတင်းကြောင့် ကျွန်မနားထဲမှာ ပြင်းထန်လွန်းတဲ့ဗုံးတစ်လုံး ထပေါက်ကွဲမှုဖြစ်ပွားသလိုတုန်လှုပ်ချောက်ချားသွားမိတာအမှန်ပါပဲရှင်။

"နေစမ်းပါဦး - ညည်းကို ထောင်ထဲဝင်လာတုန်းက ငါကိုယ်တိုင် ထောင်တျ မှတ်ပုံတင်စာအုပ်ပေါ်မှာ ညည်းက အပျိုစစ်စစ်ပါဆိုပြီးပြောလို့ မှတ်ပုံတင်ထားခဲ့တာလေ"

"ဟုတ်ပါတယ် - ဆရာမရယ်၊ ကျွန်မကလည်း တကယ်အပျိုမို့ မှန်မှန်ကန်ကန် ပြောခဲ့တာပါ။ ခုဟာက ကျွန်မပဲ ရက်မှတ်မှားနေသလားဆိုပြီး ဇဝေဇဝါ အူကြောင်ကြောင်ဖြစ်နေတာ၊ ခုတော့ ရွှေခည့်သည်က ပေါ်မလာ နှစ်လရှိနေပြီလေ"

"နင် အပြင်မှာ ယောကျ်ားရှိခဲ့တာလား"

"ဘယ်ကလာရှိရမှာလဲ - ဆရာမ ရယ်၊ ယင်ဖိုတောင် မသမ်းခံရပါဘူး"

"ဟဲ့ - နင်ကသာ ယင်ဖိုမသမ်းရသေးဘူး ပြောနေ၊ ခု ယင်ချေးတောင် ဥသွားပြီ"

"တကယ်ပါ - ဆရာမရယ်၊ ကျွန်မက အော်ရင်ဂျင်နယ် အပျိုစစ်စစ်ပါ၊ ကျွန်မ ဇူးလို့ရှုံစရာ ရည်းစားသနာတောင် မထားဖူးပါဘူး"

"ဒုက္ခပါပဲအေ - ညည်းဖာတ်လမ်းက ထောင်ထဲကို ရောက်လာပြီးမှ ရာသီမမှန်တော့ ကိုယ်ဝန်ရှိနေသလိုလိုပုံစံ ဖြစ်နေပြီဆိုတော့ တရားခံဘယ်သူလဲဟော့ ပြောဆိုပြီး စုံဖွဲ့အစစ်ဆေးခံရတော့မယ့်အခြေအနေ ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို ထောင်ထဲမှာလာပြီး ဒုက္ခပေါင်းစုံပေးတတ်တဲ့ဟာမတွေ၊ ကျွန်မမှာ မြွေပွေးရာကင်းမှောင့်ကြုံပဲကြုံတတ်ပလေ၊ ထောင်ထဲက မိန်းမဆောင်ထဲကိုရောက်နေပြီး ယောကျ်ားဆောင်တွေနဲ့လည်း သီးခြားစီခွဲခြားထားတာပါ၊ မိန်းမဆောင်ဝင်းကိုလည်း သော့အထပ်ထပ် ခတ်ထားခဲ့တာပါ၊ ဘယ်သကောင့်သားကများ ကျူးကျူးကျော်ကျော် ဝင်သွားလာတယ် မသိပါဘူး၊

ကျွန်မတို့ဝန်ထမ်းတွေဆိုတာကလည်း နေ့ဂျူတီ၊ ညဂျူတီနဲ့ အခါမလပ်အစောင့်တွေ စဉ်ဆက်မပြတ် စောင့်ကြပ်နေခဲ့ကြတာပါ၊ အုတ်ရိုးကိုများ ကျော်ဝင်လာပြီး နေ့ခင်းကြောင်တောင် ဝင်သုတ်သွားတာလား၊ မိန်းမဆောင်ထဲကိုများ ဘယ်ပုရိသယောကျ်ား သေနာကောင်က ခြေမြန်လက်မြန် ရှိသွားခဲ့တာလဲ၊

ဟင် - ဒါလည်း ဟုတ်သေးပါဘူး၊ မိန်းမဆောင်ထဲမှာ မိန်းမတွေချည်း စုဝေးထားတဲ့ နေရာမို့လား၊ ဒင်းလိုကောင်များ အုတ်ရိုးကျော်ဝင်လာမိလို့ကတော့ အထဲက ယောကျ်ားနံ့ဝေးနေတဲ့မိန်းမတွေ တစ်စစီ ဆွဲဖြဲပစ်လို့ အရိုးတခြား အသားတခြား ဖြစ်ကုန်ရောမယ်၊

ခုဟာက ဘယ်ယောကျ်ားမှ မိန်းမဆောင်ထဲကို ဝင်ခွင့်မှမရှိတာ၊ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းထိလို့ ဆိုရအောင်ကလည်း အကျဉ်းသားနဲ့ အကျဉ်းသူဆိုတာ သီးခြားစီ ခွဲခြားထားတာလေ၊ မိန်းမဆောင်ထဲကို ဝင်ချင်တိုင်း ဝင်လို့မှမရတာ၊

အင်း - ဒါဆို ဝင်ချင်တိုင်း ဝင်လို့ရနေတဲ့ အခွင့်အာဏာရှိနေသူ သင်းတို့များဖြစ်နေမလား၊ ဒင်းတို့တွေက ငါတို့ အိပ်ဆောင်ထဲကနေ သော့ဖွင့်ပေးမှ အထဲဝင်လာလို့ရတာမဟုတ်လား၊

ဒါပေမဲ့ - ညဂျူတီသမားနဲ့ပေါင်းပြီး ညရေးညတာ ကိစ္စရှိနေလို့ အိပ်ဆောင်ထဲ ဝင်ခွင့်ရနေတဲ့တာဝန်မှူး ထောင်မှူးတွေထဲကလား ဒင်းတို့ကလည်း မဖြစ်နိုင်သေးပါဘူး၊ မိန်းမဆောင်ထဲကို ယောကျ်ားလေးဆိုတစ်ယောက်မှ ဝင်ခွင့်မရှိဘူး၊ အနည်းဆုံး နှစ်ယောက်သုံးယောက်ပေါင်းပြီးဝင်မှ ဝင်ခွင့်ရတယ်လို့ ထောင်ဥပဒေမှာ အဲဒါ အလင်းပြဋ္ဌာန်းထားတာပဲ၊

ဒါဆို - ထောင်ပိုင်ကြီးများလား၊ သူက လာလျှင် ညဥ့်နက်မှချည်း လာလာနေကျဆိုတော့ လူခြေတိတ်ချိန်မှာ ညသမားနဲ့ပေါင်းပြီး ကြံစည်သွားတာများလား၊ ဟင် -

www.burmeseclassic.com

ဒါလည်း မဖြစ်နိုင်သေးပါဘူး၊ ထောင်ပိုင်ကြီး တော်တော်များများက ပုတီးသမား တရားသမားတွေများတော့ အာသဝေါကုန်ခန်းနေလောက်ပါပြီ၊ မဖြစ်နိုင်ပါဘူး။

ကဲ–ဝင်လို့ရတဲ့လူစာရင်းကို လက် ချိုးရေတွက်ကြည့်လိုက်တော့ တကယ်ဖြစ်နိုင်ချေရှိတာက ညဘက် တာဝန်ကျသော တာဝန်မှူးနဲ့ ညကင်းဝင်ဝင်စစ်နေတဲ့ ထောင်ပိုင်ကြီးပဲရှိတာ၊ ဒီတော့–တရားခံကို လက်သည်ပေါ်ဖို့ဆိုတာ ဘဲဥ အစရှာနေသလိုအဖြစ်မျိုး။

⍟

"နေစမ်းပါဦး–ညည်းပြောသလိုဆို အပျိုက ဘာဖြစ်လို့ ဗိုက်ကြီးနေတာလဲ"

"အဲ–အဲဒါက"

"ပြော်–စိတ်ရှုပ်နေရတဲ့အထဲ မြန်မြန်ပြောစမ်းပါအေ"

"ဒီ–ဒီလိုပါ–ဆရာမ–သူပဲ တရားခံ ဖြစ်မယ်ထင်တယ်"

"ဟဲ့–သောက်ပလုတ်တုတ်–သူဆိုတာ ဘယ်သူလဲ၊ ချိုင်းထောက်ကြီးနဲ့လားဆိုသလို ဖြစ်နေပြီ"

"တကယ်ပါ–သူနဲ့ ဆုံတွေ့ခိုက်မှာ အောင်မြင်သွားလို့နေမှာ"

"ဗုဒ္ဓေါ–လုပ်ချလိုက်ပြန်ပြီ၊ အဲဒီသူဆိုတာ ဘယ်သူလဲ၊ ထောင်မှူးတွေထဲကလား–ထောင်ပိုင်ကြီးများလား"

"မ–မဟုတ်ရပါဘူး–ဆရာမရယ်၊ အဲဒီတုန်းကလေ ညဘက်မှောင်မှောင်မည်းမည်းကြီးထဲမှာ ဖွတ်ဝင်လာသွားတဲ့ အဲဒီသေနာကောင်ပဲ ဖြစ်မယ်"

"အမလေးဟယ်–လူတစ်ယောက်လုံး မှောင်ထဲဝင်လာပြီးလုပ်နေတာ နင်က ငြိမ်ခံနေရလား၊ အော်ပါတော့လား"

"ဟင့်အင်း–အော်ချင်ပေမယ့် အော်ဖို့တောင် မလွယ်ဘူး"

"ကြည့်စမ်း–တော်တော်ဆွေမမျိုးမေ့ဖြစ်အောင် ကောင်းနေလို့လား"

"မဟုတ်ပါဘူး၊ သူက ကျွန်မပါးစပ်ကို လက်တစ်ဖက်နဲ့ အုပ်ပိတ်ထားပြီး အော်ရင်သတ်ပစ်မယ်ဆိုလို့ ကြောက်ကြောက်နဲ့ ငြိမ်ခံနေရတာပါ"

"ညည်းကလဲ ညည်းပဲ၊ ပါးစပ်မအားရင် ခြေထောက်ကနေ ကန်ကျောက်ရုန်းထားး"

www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း – ရှန်းချင်ပေမယ့် ရှန်းလို့မရအောင် သူ့ခန္ဓာကိုယ်ကြီးက ဖိကပ်ထား တာလေ"

"အိမ်မှာ ဘယ်သူမှ မရှိကြဘူးလား။ နင် တစ်ယောက်တည်းလား"

"မဟုတ်ပါဘူး – အမေတော့ရှိတယ်။ အမေက ဘုရားခန်းအိမ်ရှေ့မှာ၊ သပ်သပ် ခွဲအိပ်တယ်လေ၊ အခန်းထဲမှာ ကျွန်မတစ်ယောက်တည်းရယ်"

"ဒီကောင်က နင့်အိမ်အထာကို ကျွမ်းနေလို့ ငါးကြော်ဝင်နိုက်တဲ့ ကြောင်မိုက် လိုကောင်မျိုးပဲ"

"ဟုတ်တယ် – အဲဒီကောင်က အလစ်အငိုက်စောင့်ပြီး ဝင်နိုက်စားတုန်း ကျွန်မ တလည်း စိတ်အချဉ်ပေါက်ပေါက်နဲ့ ခေါင်းအုံးအောက်မှာ ဆောင်ထားတဲ့ ဓား ယူပြီး အောက်က ပင့်ထိုးပေးလိုက်တာ တစ်ချက်တည်းပဲ"

"ဩော် – ဒါကြောင့် လူသတ်မှုနဲ့ နင် ထောင်ငါးနှစ်ကျခဲ့တာကိုး"

"ဟုတ်ပါတယ်"

ဒီပြဿနာရဲ့အဖြေကို သေသေချာချာ ဆန်းစစ်ကြည့်မိတော့မှပဲ အဖြစ်မှန် တွင်းတွင်းတွက်တွက် ပေါ်လာတယ်။ တကယ်တော့ မိန်းမပျိုလေးတွေအတွက် ကိုယ့် အိမ်ကိုယ့်ခြံထဲရယ်ဆိုပြီး လုံလုံခြုံခြုံရှိမယ်လို့ မထင်လိုက်လေနဲ့။ ညအမှောင်ထု အကာအကွယ်ပြုပြီး ခုစရိုက်မှုကို ကျူးလွန်တတ်ကြသည့် မနုဿမှုဆိုးများက အခြေအနေနဲ့ အချိန်အခါကို စောင့်ကြည့်ပြီး မတရား အနိုင်ကျင့် စော်ကားသွား တာပဲ ဖြစ်ပါတယ်။

မိဘမောင်ဘွားမရှိသည့်အိမ်မှာဆို ပတ်ဝန်းကျင်ကလည်း ဝိုင်းဝန်းပြီး စော ရှောက်ကူညီပေးနိုင်ပါမှ တန်ကာကျမယ်။ သို့မဟုတ်ပါက အမှောင်လောကထဲ ကျင်လည်ကျက်စားတတ်ကြသော ကာမဘီလူးစာမိသွားမယ်။ တချို့လည်း မတ သာလို့ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကြိတ်မှိတ်ခံလိုက်ကြရသူများ ရှိသလို ခုလို အ ထဲက လွတ်မြောက်အောင် ရှန်းထွက်နိုင်သူများမှာလည်း ရာဇဝတ်မှုကို ကျူးလွ များအဖြစ် ထောင်နန်းစံကြရပြန်တယ်။

"နေစမ်းပါဦး – ငါမရှင်းလို့ မေးပါရစေဦး၊ သူက နင့်ကို စော်ကားနေတာ နင် ဓားနဲ့ ထိုးထည့်လိုက်လို့ သေသွားတယ်ဆို၊ ဘာဖြစ်လို့ ဖိုက်က ကြေသွားရတာလဲ"

"ဟင်း – ဟင်း – ဆရာမရယ် – သူ့ကိုစွ အောင်မြင်သွားလို့နေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"အလိုတော် – ကျားသားမိုးကြိုး – ဘယ့်နယ့် – သူက နင့်ကို စော်ကားနေတာ နင်က မသိဘူးလား။ ဘယ်အချိန် ကျမှ သိတာလဲ"

"ဟီး – ဟီး – အစကတော့ ကျွန်မလည်း အိပ်မက်လိုလို တကယ်လိုလို ဖဝေဖဝါ ဖြစ်နေပြီး ရင်ထဲမှာလည်း ဒိန်းတလိန်း နတ်ဝင်နေလားမှတ်တယ်။ ရင်တွေ ခုန်နေ တုန်း ပြြုန်းဆို အနာပေါ်တုတ်ကျမှ ဆတ်ဆတ်ထိမခံဘဲ ဖွတ်ရုန်းလိုက်လို့ လွတ်သွား တာ"

"အမလေး – အနာပေါ်တုတ်ကျမှသိတော့ ခုလိုဗိုက်ကြီးပြီပေါ့"

"ဟင့် – ဆရာမကလဲ – သူများက အစက သိမှမသိတာကို"

"ကဲ – ကဲ – ဒီကိစ္စကိုလူသိရှင်ကြား သိထားအောင် ထောင်ပိုင်ကြီးဆီကို သတင်း ပို့ထားမှဖြစ်မယ်။ လာ – ညည်းပါ လိုက်ခဲ့"

ကျွန်မလည်း နေရာတကာ စပ်စပ်စုစု လုပ်တတ်တဲ့ဝါသနာကြောင့်၊ ခုလည်း ကြည့်ပါလား၊ အကျဉ်းသူကို ယောကျ်ားတစ်ယောက်က အချိန်မတော် ညဘက်ကြီး အိမ်ပေါ်တက် မုဒိမ်းကျင့်သွားခဲ့တာကို စေ့စေ့ပေါက်ပေါက် လျှောက်မေးကြည့်မိ တော့မှ အကြောင်းစုံသိပြီး ကျောချမ်းမိတော့တယ်။ ကျွန်မ အကျဉ်းသူကို ခေါ်ပြီး ထောင်ပိုင်ကြီးရုံးခန်းထဲ ဝင်သတင်းပို့လိုက်စဉ်မှာပဲ –

"ဟဲ့ – ဗုဒ္ဓေါ – နင်တို့တွေ လုပ်လိုက်ရင် သောက်တစ်လွဲချည်းပဲ။ စောစောထဲက သေသေချာချာ မေးမြန်းထားပြီး မှတ်ပုံတင်ထားကြပါလား"

"ဟုတ်ပါတယ် – ဆရာကြီးရယ်။ ကျွန်မလည်း မှတ်ပုံတင်နေတဲ့အချိန်မှာ သူ့ကို ယောကျ်ားရှိလား၊ အိမ်ထောင်နဲ့လားမေးတော့ သူက အပျိုဆိုလို့ မှတ်တမ်းတင် ထား တာပေါ့"

"ဟဲ့ – နင် နားမလည်ဘူးလား။ အပျိုဆိုပေမယ့်လည်း ယောကျ်ားလေးနဲ့ ချိန်း တွေ့သွားရင် အအိုဖြစ်သွားကြတာ အများကြီး။ သမီးရည်းစားတွေ ချိန်းချိန်းတွေ့ပြီး ဘာလို့ ဘူးပေါ်သလို ပေါ်လာမှ ကျွန်မကို လက်ထပ်ယူပါဆိုပြီး အတိအလင်း ရောက်တော့ လစ်ပြေးတဲ့ကောင်တွေ အများကြီး"

ကျွန်မလည်း အပျိုကြီးပီပီ မနေတတ်၊ မထိုင်တတ် ဝင်စပ်စုမိတော့ လင်ယူ ကိစ္စတွေ ကြားပြီး နားရှက်လိုက်တာ မပြောပါနဲ့တော့ရှင်။ ကိုယ်က သွားစ ဒီပြဿနာကို ရေဆုံး မြေဆုံး လိုက်ဖြေရှင်းနေရပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com

ခုတော့ကျွန်မရဲ့သတင်းပို့သံအဆုံးမှာဘဲ ထောင်ပိုင်ကြီးမျာ ရုံးခန်းထဲ ထိုင်ပြီ
အေးအေးလူလူ ပုတီးစိပ်နေရာက ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး ငယ်ထိပ်
ပေါက်သလို ခံစားသွားရတော့တယ်။

⊛

ဟုတ်တော့လည်း ဟုတ်ပါတယ်။ ထောင်ထဲက အကျဉ်းသူတစ်ယောက် ဘယ
သူ့လက်ချက်မှန်းမသိ၊ ထောင်ထဲရောက်မှ ဗိုက်ကြီးနေတယ်ဆိုတော့လည်း ဟို
စွပ်စွဲရမလို၊ ဒီလူ့စွပ်စွဲရမလိုနဲ့ ယုန်ထင်ကြောင်ထင် ဖြစ်ကုန်ရော။

ထောင်ပိုင်ကြီးမျာလည်း ထောင်ထဲက အကျဉ်းသူတစ်ဦး လင်ကောင်မပေါ်
ကလေးမွေးတယ်ဆိုလျှင် ထိပ်ဆုံးက ကျွန်တော်ဖြစ်နေတယ်။ ဘယ်သူက ဝင်လ
တမြင်းသွားမှန်းမသိ မရှုနိုင်၊ မရှက်နိုင် ဗိုက်ထွက်လာမှ ခင်ဗျား ထောင်ပိုင်ကြီး လ
နေပြီး မသိရကောင်းလားဆိုပြီး အထက်က နက်တာခံရဦးမယ်။

တစ်ဖက်က ကြည့်ပြန်တော့လည်း အကျဉ်းသူမလေးမျာမှာလည်း ကိုယ်
လေ်ာလီအောက်ပြန်နေလို့ ဗိုက်ကြီးခဲ့တာမဟုတ်ဘဲ ကိုယ့်အိမ်ကိုယ့်ရာမှာ ကော
အောင်းမှုန်မှုန် ငိုင်အတောင်းတော့ကျိနေနေပါလျက် ဘုန်းကြီးအမှုက ရှာလာပ
တော့ အတတ်နိုင်မှာလဲလေ။

အတယ်တော့လည်း ထောင်ပိုင်ကြီးဆိုတာကလည်း ထောင်ထဲက အကျဉ်း
ကလေးတွေဆိုတာ ကိုယ့်အုပ်ချုပ်မှုအောက်မှာ သွန်သင်ဆုံးမပေးနေရတဲ့ သားသ
လေးတွေဆိုလည်း မမှားပါဘူး။ ခုတော့ အိမ်ရှေ့အိမ်နောက် မရျမ်းသာအဖြစ်မျိုး
ရင်ဆိုင်တိုးနေရပြီလေ။

"ဟဲ့ - ကလေးမ - နင်က အပျိုမဟုတ်ဘူးလား"

"ထောင်ထဲ မဝင်လာခင်တုန်းကတော့ အပျိုစစ်စစ်ပါပဲရှင်။ အဲ - ထောင်
ရောက်ပြီးမှ အပျိုမစစ်မှန်းသိတော့တယ်"

"ဟိုက် - လုပ်ချလိုက်ပြန်ပြီ၊ အပြင်မှာတုန်းက အပျိုစစ်ပြီး ထောင်ထဲရောက်
အအိုဖြစ်သွားရတယ်လို ဘယ်လိုဟာကြီးလဲ။ နင်တို့ မိန်းမထောင်ထဲကို ဟာရားဝ
ဝင်ထွက်သွားလာနေတဲ့ ထောင်အရာရှိတွေကို နင်လည်း မြင်ဖူးမှာပေါ့။ ဘယ်သ
နဲ့များ မလွတ်မကင်းဖြစ်ခဲ့လဲ။ ငါ့ကို မှန်မှန်ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း - အဝေးကြီးပါ - ထောင်ပိုင်ကြီးရယ်"

"ဟင် - သူတို့က အဝေးကြီးဆိုတော့ အနီးကလေးမှာ ရှိနေတဲ့ငါ့ကို ဆိုလိုတာလား"

"ဆရာကြီးနဲ့ လားလားမှ မဆိုင်ပါဘူးရှင်"

"သောက်ကျိုးနည်း - တော်သေးရဲ့ နဖူးက ချွေးစေးတွေတောင် ပြန်သွားတယ်၊ ကဲ - ငါမဟုတ်ဘူးဆို ဘယ်သူလဲ၊ ဒီလို လူမသိ သူမသိ ခိုးစားတဲ့ကောင်ကို မိလို့များတော့ တစ်ခါတည်း ရုံးတင် တရားစွဲပစ်လိုက်မယ်"

"သူတို့တွေလည်း မဟုတ်ရပါဘူး၊ သူတို့နဲ့လည်း မဆိုင်ပါဘူးရှင်"

"ဟဲ့ - နင်ကသာ မဆိုင်ဘူးဆိုပြီး ဘူးကွယ် ကွယ်မနေနဲ့၊ နင့်ဗိုက်ကြီး တစ်နေ့ အခြား စူထွက်လာမှ ဖုံးမနိုင်၊ ဖိမရဖြစ်ပြီး ကိုယ်ကျိုးနည်းတော့မယ်"

"မကြောက်ပါနဲ့ - ဆရာကြီးရယ်၊ ကျွန်မ တာဝန်ယူပါတယ်"

"အမလေးနော် - နင်ကသာ တာဝန်ယူနေ - ငါ့မှာတော့ သားသား ကြောက်ကြောက်ဖြစ်နေပြီ"

"မကြောက်ပါနဲ့ - ဆရာကြီး၊ ဒီကိစ္စက သူ့သဘောသူဆောင်ပြီး အောင်မြင်စွာ ပြီးဆုံးသွားတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါ"

ကျွန်မဖြင့် ထောင်ပိုင်ကြီးအဖြစ်သည်းနေတာကိုကြည့်ပြီးတော့ ရယ်ချင်လျက် ဘတ်ကျိဖြစ်သွားတယ်၊ ငါမှ အဖြစ်မှန်ကို ရှင်းမပြလျှင် ထောင်ပိုင်ကြီး ရေတိမ်တိမ်မှာ ခေါင်းပိုက်စိုက် ရေနစ်သေကိန်းမြင်တာနဲ့ အဖြစ်မှန်ကို အစအဆုံး ရှင်းပြလိုက်တော့ မှတဲ၊

"ဩော် - ဂလိုကိုး - ပြောပြောက စောရောပေါ့၊ အဲလေ - စောစောက ပြောရော ပေါ့၊ ငါ့မှာဖြင့် ကြားကြားချင်း ခြေဖျားလက်ဖျားတွေတောင်အေးပြီး ဖျားချင်သလိုလို တောင်ဖြစ်သွားတယ်၊ ကဲ - ငါ့ကိုလည်း သေသေချာချာ လိပ်ပတ်လည်အောင် ရှင်းပြ စမ်းပါဦး"

ကျွန်မလည်း ထောင်ပိုင်ကြီးကို မျက်နှာသေသေနှင့် ရှင်းပြနေသော အကျင့်သူ ၏ စကားများကိုကြားပြီး ထောင်ပိုင်ကြီးခမျာ ခြေမကိုင်မိ လက်မကိုင်မိ ဇွေဖွွေဆွေ ဖြစ်နေသည့် အမူအရာကိုကြည့်ပြီး အူတက်မတတ် ရယ်ချင်လွန်းနေတာကြောင့် အဖြစ်မှန်ကို အစအဆုံး ရှင်းပြပြောဆိုလိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com

"တောက် - တော်သေးတာပေါ့ကွာ။ ငါ့မှာတော့ ညဘက်ရောင်း (Round) လှည့်တုန်းများ အမှားမှားအယွင်းယွင်းဖြစ်ခဲ့လားလို့ လိပ်ပြာမလုံ ဖြစ်တယ်။ တော်ကြာ - ထောင်ထဲမှာ လင်ကောင်မပေါ်ဘဲ ကလေးမွေးပါတယ်ဆိုပြီး မီဒီယာကများ ဖွလိုက်လို့ကတော့ သေပြီဆရာပဲ"

သည်တော့မှပဲ ထောင်ပိုင်ကြီးတစ်ယောက် ပင့်သက်ခါခါချလို့ ရယ်နိုင် မောနိုင်သွားတယ်။ ဒါကြောင့် အကျဉ်းသူမလေး မီးဖွားမည့်ကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။

"ဆရာကြီး - တစ်ခုလောက် ခွင့်ပြုစေချင်တယ်"

"အို - ဘာမှမပူနဲ့ - သမီး။ ဘဘ - အားလုံးတာဝန်ယူမယ်။ အနီးကိစ္စ၊ နို့မှုန့်ကိစ္စ လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးမယ် - ကြားလား"

"ဒီလိုပါ - ထောင်ပိုင်ကြီးရယ် - သမီးရဲ့ဒီကိုယ်ဝန်ကို လမရင့်ခင်မှာ ဖျက်ချပစ်ချင်ပါတယ်"

"အမ် - ဘယ်လို - ဘယ်လို - ဖျက်ချပစ်ချင်တယ် - ဟုတ်လား"

"ဟုတ်ပါတယ် - ဆရာကြီး - ထောင်ထဲမှာ ထောင်ကျနေတုန်း လူမသိ သူမသိ ဖျက်ချချင်လို့ပါ"

"မိုက်လိုက်ပါဘိ - သမီးရယ်။ ဒီလို မလုပ်ကောင်းဘူးလေကွယ်။ ငရဲကြီးမှာပေါ့ကွယ်။ လူ့အသက်တစ်ချောင်းကို ကယ်သင့်ပါတယ်"

"ဆရာကြီး စဉ်းစားကြည့်ပါဦး။ ကျွန်မ ရည်းစားလည်း မဟုတ်ဘူး၊ ကျွန်မ ယောကျ်ားလည်း မဟုတ်ဘဲ သူများသေွးသားနဲ့ တည်ဆောက်ထားတဲ့ ဒီပိုက်ကြီးကို လွယ်ထားရမလား"

"သမီးရယ် - စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် လုပ်ပါကွယ်။ ကိုယ့်ရင်ထဲမှာ သတ္တဝါတစ်ခု ကံတစ်ခုရယ်လို့ သန္ဓေတည်နေတဲ့ အပြစ်မရှိရှာတဲ့ကလေးကို ရန်မမူချင်ပါနဲ့ - သမီးရယ်"

"ဆရာကြီး - စဉ်းစားကြည့်ပါဦး။ ဒီလင်ကောင်မပေါ်ဘဲ မွေးလာတဲ့ကလေးကို ကျွန်မက လက်ဆွဲပြန်သွားလျှင် အရပ်ထဲမှာ ဝိုင်းပြီးကဲ့ရဲ့ပြောဆိုခံ ရတော့မယ်။ ခုလို ထောင်ကျနေတုန်း အပြတ်ရှင်းပစ်လိုက်ရင် ကိစ္စပြတ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်တာ - မိသဲမာရယ်။ ဘယ့်နယ် - ကိုယ့်ရင်ထဲမှာ သန္ဓေတည်နေတဲ့သွေးသားကို ဘုရားပေးတဲ့ဆုလို့မှတ်ပြီး မွေးသင့်ပါတယ်ဟာယ်"

"ဆရာမက ဘာသိလို့လဲ။ ဒီလူ ယုတ်မာဝင်စော်ကားသွားခဲ့လို့ ကျွန်မမှာ အပျိုစစ်စစ်က အော်တိုအအိုဖြစ်သွားခဲ့ရပြီး ကျွန်မရဲ့ အပျိုစင်ဘဝကို ဖျက်ဆီးသွားတဲ့သင်းကြောင့် ကျွန်မ ခေါင်းမဖော်ဝံ့တော့ဘူး"

ကျွန်မကလည်းကြားကနေ စိတ်ပြေရာပြေကြောင်းဝင်ရောက်ပြောဆိုဖျောင်းဖျနေပေမယ့်လည်း အကျဉ်းသူ သဲမာကတော့ ဘူးဆို ဖရုံမသီးဘူးဆိုတဲ့ သံမဏိစိတ်ဓာတ်နဲ့ ခါးခါးသီးသီး ငြင်းဆန်နေတယ်။

"မဟုတ်တာဘဲ - သမီးရယ်။ ဖြစ်ပြီးတာတွေလည်းဖြစ်ပြီးသွားခဲ့ပြီ။ သမီးရင်မှာ ကွယ်နေတဲ့ သားသမီးသံယောဇဉ်ကြိုးလေးကို အလွယ်တကူ ဖြတ်တောက်မပစ်ချင်ပါနဲ့ကွယ်။ အတိတ်ကံမကောင်းခဲ့လို့ ဒီဘဝမှာ ခုလိုအဖြစ်ဆိုးမျိုးနဲ့ကြုံရတယ်လို့ ခုတ်ပြီး သမီးကို မိုးနတ်မင်းကြီးက ပေးတဲ့လက်ဆောင်လို့ မှတ်ယူပြီး စိတ်ကို ဖြေပါကွယ်"

ထောင်ပိုင်ကြီးက အေးအေးဆေးဆေး တရားချပြောဆိုနေသောစကားများကို ကြားတော့ အကျဉ်းသူ သဲမာတစ်ယောက် ခေါင်းငိုက်စိုက်ချပြီး ငြိမ်နေတယ်။ ဟုတ်တော့လည်း ဟုတ်သား။ ခု ဖြစ်သွားတဲ့ကိစ္စမှာ မိမိကလည်း ဆတ်ဆော့လို့ လော်မာသို့ဖြစ်သွားရတာမဟုတ်ဘဲ အကြောင်းအကျိုးတိုက်ဆိုင်ပြီး အထမြောက် အောင်မြင်သွားခဲ့တာကြောင့် ပြဿနာဖြစ်နေခဲ့တာ။

အမှန်တော့ - မိမိလက်ချက်နဲ့ပဲ ကာယကံရှင်လည်း သူမှိုက်ဇာတ် သူ သိမ်းသွားခဲ့ပြီ။ မိမိမှာသာ ဒီရာဇဝတ်မှုကျူးလွန်လိုက်မိလို့ထောင်ကျနေခဲ့ရပြီ။ ဒီကြားထဲ မမျှော်လင့်ဘဲ မိမိထံမှာ သားသမီးရတနာလေးက သန္ဓေတည်ပြီးတော့ မွေးဖွားသန့်စင်လာတော့မယ်။

မိမိကသာ သွေးပူနေတုန်း စိတ်လိုက်မာန်ပါဖြင့် သန္ဓေသားကို ဖျက်ပစ်ချင်ပေမယ့် မိမိဘဝကတော့ နဂိုအတိုင်း အပျိုပြန်ဖြစ်လာဦးမှာလား။

ဝေးပါသေးတယ်။ လူတကာ အလယ်မှာ တံတွေးခွက်ထဲ ပက်လက်မျောရမယ့် အခန်း ဆိုက်နေပြီ။ ဘာပဲဖြစ်ဖြစ် အပြစ်မဲ့ရှာသည့် မိမိရင်မှာ လွယ်ထားခဲ့ရတဲ့ သန္ဓေသားလေးဟာ မိမိဘဝအတွက် သံယောဇဉ်ကြိုးလေးတစ်မျှင်အဖြစ် ရင်ထဲမှာ ရစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com

နှောင်တွယ်လို့ နေခဲ့ပြီပဲလေ။ ဒီအချိန်မှာ ကျွန်မကလည်း အားလုံးအဆင်ပြေသွားအောင် ဝင်ပြောလိုက်တယ်။

"ကဲပါဟယ် – နင့်ဗိုက်ထဲက ကလေးလေးကို ကောင်းကောင်းမွန်မွန်နဲ့ မွေးဖွားပေးလိုက်ပါဟယ်။ တကယ်လို့ နင့်ထောင်က လွတ်သွားတဲ့အချိန်မှာ နင် ဆက်မမွေးချင်ရင် အဲဒီကလေးကို ငါ့ဆီ ပေးလိုက်ပါ။ ငါ့ဘဝမှာ အပျိုကြီး တစ်ကိုယ်တည်းအဖော်မဲ့နေတော့ ငါ့ဘဝအတွက် အဖော်မွန်လေးရသွားတာပေါ့၊ ဟုတ်ပြီလား။ နင် – ကလေးမွေးပြီးရင် ငါ့ကို အပိုင်ပေးရမယ်နော်"

"ကဲ – မြင်တယ်မဟုတ်လား – သမီးရယ်၊ ဘာမှသွေးသားမတော်စပ်တဲ့ သူစိမ်းတစ်ယောက်ကတောင် ကလေးအပေါ်မှာ သံယောဇဉ်ဖြစ်နေပြီ၊ သမီးလို ကာယကံရှင်တစ်ယောက်က ကိုယ့်ရင် သွေးလေးကိုများ အကြောင်းမဲ့ဖျက်ဆီးပစ်ချင်ရတာလဲ၊ သမီးဘဝအတွက် မမြင်ရသေးတဲ့ သံယောဇဉ်ကြိုးလေးတစ်မျှင်ကို ကရုဏာအကြွင်းနား မေတ္တာတွေ ဝေမျှမခံစားစေချင်ဘူးလား"

ဤတဲ့သို့ ထောင်ပိုင်ကြီး၏စကားကို ကြားလိုက်ရချိန်မှာတော့ အကျဉ်းသူချောသော ခေါင်းငိုက်စိုက်ကျသွားတယ်၊ သူမအဖို့ ဝေခွဲစဉ်းစားရခက်နေဟန်တူတယ်။ အတယ်တော့ – သူမရဲ့ဘဝထဲကိုမဖိတ်ခေါ်ပါဘဲနှင့်ဝင်ရောက်လာခဲ့သည့် ချစ်ကြည်ခြင်း ကိုယ်ဝန်လေးကို နွေးနွေးထွေးထွေး မေတ္တာဖြင့် လက်ခံကြိုဆိုသင့်တယ် မဟုတ်လား။

ခုတော့ – မိမိဘဝတစ်ခုလုံးကို တမင်တကာ ဖျက်ဆီးပစ်ပြီး အရောင်ဆိုးပေးသွားတဲ့ လူယုတ်မာတစ်ယောက်ကို နာကြည်းဒေါသဖြစ်နေခဲ့တာကြောင့် ကလေးကို စိတ်လိုက်မာန်ပါ ပြုလုပ်ပစ်ဖို့ ဆုံးဖြတ်ချက်ချမိတာကို နောင်တရနေမိသလို ဖြစ်ပေါ်ခံစားနေရရှာတယ်။

☆

ဘယ်လိုပဲဖြစ်ဖြစ် မိမိနှင့် ပဋ္ဌာန်းဆက်ရှိနေခဲ့လို့သာ ယခုလို မိုးနတ်မင်းကြီးက ဖန်ဆင်းပေးလိုက်တာများလားဆိုပြီး ဇဝေဇဝါအတွေးတွေ ဝင်လာနေမိတယ်၊ မိမိတုသိုလ်ကံတရား၏ ဆန်းကြယ်ပုံကိုလည်း မျက်စိထဲမှာ တရေးရေးမြင်ယောင်လာနေတယ်၊

www.burmeseclassic.com

ဒါကြောင့် အရှက်သည်းနေမိသည့် မိမိစိတ်ကို တည်ငြိမ်သွားအောင် ပြန်လည်ထိန်းချုပ်လိုက်ပြီး စိတ်ကို တုံးတုံးချလိုက်တယ်။ ဒီကလေးကို မိမိရင်မှာ လွယ်ထားခဲ့ရတော့ မဖြစ်ဖြစ်သည့်နည်းဖြင့် ကောင်းကောင်းမွန်မွန် မွေးဖွားပြီး ဖြစ်လာသမျှအကြောင်း အကောင်းချည်းပဲလို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

"မဟုတ်ပါဘူး – ဆရာကြီးရယ်။ ကျွန်မကို အပျိုတစ်ယောက်အဖြစ်နဲ့ ရွာကလူတွေအားလုံးက သိထားခဲ့ကြတာ။ ထောင်ကလည်း လွတ်သွားရော ကလေးလက်ဆွဲပြီးပြန်သွားတဲ့အခါ ရွာကလူတွေလင်ကောင်မပေါ်ဘဲကလေးမွေးလာတယ်ဆိုပြီး ကဲ့ရဲ့ရှုတ်ချကြမှာကို စိုးရိမ်လို့ပါရှင်။ လူပုံအလယ်မှာ မျက်နှာမပြရဲတဲ့ အဖြစ်ဆိုးနဲ့ ကြုံရမှာစိုးလို့၊ ဒီထောင်ထဲမှာ ထောင်ကျနေတုန်း ကလေးကို ဖျက်ချပစ်လိုက်ရင် ပြဿနာအားလုံး ပြီးပြတ်သွားမလားလို့ပါ"

အကျဉ်းသူမလေး၏ စိတ်ထဲမှာတော့ အမှန်နှင့်အမှားကို လွန်ဆွဲနေတာကြောင့် ဆက်ခွဲဆုံးဖြတ်မရနိုင်ပဲ ဖြစ်နေတယ်။ တစ်ဖက်ကလည်း အရှက်ကို ငဲ့ကွက်စဉ်းစားရလို၊ တစ်ဖက်ကလည်း ဘာအပြစ်မှ မရှိရှာသည့် သန္ဓေသားလေးကို သံယောဇဉ်ကြိုးလေးတစ်မျှင်က ရစ်ပတ်နှောင်တွယ်လာလို့ ဆုံးဖြတ်ရခက်နေခြင်း ဖြစ်ပါတယ်။

"စဉ်းစားပါဦး – သမီးရယ်။ စိတ်လိုက်မာန်ပါ အရမ်းမလုပ်လိုက်ပါနဲ့။ သမီး လက်ချက်နဲ့ပဲ သေတဲ့လူကလည်း သေသွားခဲ့ပြီလေ။ သူ ပြုကျင့်ခဲ့တဲ့ပဲ့တင်သံက သူ့ထံပြန်လာလို့ လောကကြီးထဲကနေ ကျောခိုင်းသွားရပြီ"

အဲဒီလိုပါပဲ၊ သိပ်ချစ်လှပါချည်ရဲ့ဆိုတဲ့ ချစ်သူရည်းစားတွေမှာလည်း တစ်ယောက်ယောက်က တစ်ချိန်ချိန်မှာ သစ္စာဖောက်ဖျက်သွားလို့ပဲဖြစ်ဖြစ် ဗိုက်တစ်လုံးနဲ့ ထားခဲ့ရင်တောင် လောကအလယ်မှာ သူတို့ကိုယ်ပွားလေးကို လွယ်ထားမိခဲ့ရင်လည်း ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းပြီး မွေးဖွားသွားကြတဲ့ သာဓကတွေ ရှိပါတယ်။

ဘာအပြစ်မှ မရှိရှာသည့် ရင်မှာလွယ်ထားခဲ့ရသော သန္ဓေသားလေးဟာလည်း ကြားက ဓားစာခံအဖြစ်နဲ့ မွေးဖွားသန့်စင်လာရတော့မှာပါကွယ်။

ထောင်ပိုင်ကြီးကတော့ မဖြစ်သင့်တာ မဖြစ်ရလေအောင် မနည်းကြိုးစားနားဝင်အောင် နားချပြောဆိုနေတယ်။ အကျဉ်းသူလေးကတော့ ထောင်ထဲက လွတ်သွားရင် ကလေးကို လက်ဆွဲပြန်ရမည့်အဖြစ်ကို မဝံ့မရဲ ဖြစ်နေဟန်တူပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ်ပေါ့ – သမီးအနေနဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာစိတ်ကိုမွေးပြီး ကလေးအပေါ်မှာ မွန်မြတ်တဲ့ သံယောဇဉ်စိတ်ဓာတ်လေးနဲ့ ကိုယ့်ရင်ထဲက ပေါက်ဖွားလာမယ့် ရင်သွေးငယ်လေးကို လောကအလယ်မှာ လူတစ်လုံး သူတစ် လုံးဖြစ်လာအောင် ပြုစုပျိုးထောင်ပေးပြီးတော့ အနာဂတ်ရဲ့ သားကောင်း သမီးကောင်းရတနာလေးအဖြစ် အောင်မြင်စွာ မွေးဖွားသန့်စင်ပေးသင့်ပါတယ်။ တကယ်တော့ – လူဆိုတာ ဝဋ်ကြွေးနဲ့ မကင်းကြသူတွေပါ။ ဝဋ်ကြွေးရှိလို့ ပေးဆပ်ရတယ်လို့ သဘောထားလိုက်ပါကွယ်"

ကျွန်မလည်း ထောင်ပိုင်ကြီးရဲ့ ဆိုဆုံးမစကားတွေကို ငြိမ်သက်စွာ နားထောင်နေရှာသည့် အကျဉ်းသူကို ဆုံးဖြတ်ချက် ပိုင်ပိုင်ချနိုင်စေဖို့ ဝင်ရောက်ဖျောင်းဖျ ပြောဆိုနေမိတယ်။

"ဟုတ်ပါတယ်ဟယ် – ငါတော် အပျိုကြီး တစ်ကိုယ်တည်းဘဝနဲ့ အထီးကျန်အဖော်မဲ့နေရတာ။ ဒီလိုဘဝရဲ့ သာယာရှိမြိန်မယ့် ဆည်းလည်းသံလေးတွေကို ကြားနေရရင် ဘယ်လောက်စိတ်ချမ်းသာဖို့ ကောင်းလိုက်မလဲ။ ဒီကလေးကို ငါ့ကိုသာ အပြီးအပိုင် မွေးစားဖို့ ပေးမယ်ဆိုရင် ငါက အမွေစား အမွေခံအဖြစ်နဲ့ မွေးပြီးတော့ ငါ့ဘဝရဲ့ အထီးကျန်နေတဲ့ ဘဝတွေ လုံးဝဆိတ်သုဉ်းသွားမယ်သိလား။ ငါ့ကို မွေးစားခွင့်ပေးနော်"

အဲဒီလို ကျွန်မရဲ့ အားတက်သရော ပြောနေသည့်စကားများကို ကြားလိုက်ရသည့်အခိုက်အတန့်မှာပဲ အကျဉ်းသူမလေးဟာ ချက်ချင်းဆိုသလို ပျာပျာသလဲ ဖြစ်ပေါ်ခံစားသွားရှာတယ်။

သူမ၏ ရင်ထဲမှာ တစ်ခါဖူးမျှ မပေါ်ပေါက်ခဲ့ဖူးသေးသော မွန်မြတ်သန့်စင်သည့် ရေကြည်တစ်ပေါက် စိမ့်စီးလာနေသလို နှလုံးသားထဲမှာလည်း တဖြည့်ဖြည့်ခံစားနေရသော အမုန်းတရားများက တဖြည်းဖြည်း ဖြေလျှော့လာနေတယ်။

တကယ်တော့ မိခင်တစ်ယောက်ရဲ့ ရင်ထဲမှာ ဖြစ်ပေါ်ခံစားလာခဲ့ရသော ကရုဏာ မေတ္တာစိတ်ဖြင့် အကြင်နာတွေ ယိုဖိတ်စီးဆင်းလာပြီး သွေးလည်ပတ်မှုနှုန်း မြန်လာကာ မေတ္တာမိုးများ စွေရွာလာပြီး ငါ့ရင်သွေးရတနာလေးပါလား ဆိုသည့် မှန်ကန်တဲ့အသိစိတ်ဓာတ် ဖြစ်ပေါ်ခံစားလာရသောကြောင့် –



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဆံပင်တွေကို ဆောင့်ဆွဲပြီး
ပါးကို ဖြန်းရိုက်တယ်။ ကျွန်မလည်း
အသားထိတော့ ဆတ်ဆတ်ခါပြီး
ဒေါသပေါက်ကွဲထွက်လာတယ်။
ကျွန်မ နောက်ဖေးခန်းဆီ
လှစ်ခနဲ ပြေးဝင်သွားတယ်။ မီးဖိုစင်ပေါ်က
ဓားကို ပြေးယူပြီး အိမ်ရှေ့မှာ တိုအောင့်တို
ဟိုတိုသည်သည် လိုက်ရှာနေသည့်
အေးမာဆီကို ပြေးဝင်သွားပြီး
ဓားဖြင့် နှစ်ချက်ဆင့်ထိုးပစ်လိုက်တယ်

"မ - မလုပ်ပါနဲ့ - ဆရာမရယ်၊ ကျွန်မရဲ့ကလေးကို ကျွန်မကိုယ်တိုင်ပဲ ရဲရဲဝံ့ဝံ့နဲ့ လူတစ်လုံး သူတစ်လုံးဖြစ်အောင် မွေးပါရစေ၊ စုထောင်ကျနေတုန်း ထောင်ထဲမှာ ဒုက္ခတွေမှန်သမျှ ခါးစည်းခံပြီး မွေးပါ့မယ်ရှင်၊ အဲ - ထောင်က လွတ်မြောက်သွားတဲ့ တစ်နေ့ကျရင်တော့ ကလေးလက်ကိုဆွဲပြီး အမေတို့ ရှိရာရွာကို ရဲရဲဝံ့ဝံ့ ပြန်ပါတော့မယ်ရှင်"

"အေး - အေး - အခုလို - သမီးဆုံးဖြတ်ချက်ချလိုက်တာ မှန်ကန်သောဆုံးဖြတ်ချက်ပဲ ဖြစ်ပါတယ်၊ သမီးအတွက် ဘဘတို့ ဂုဏ်ယူပါတယ်၊ ဇါ့သမီး ထောင်ကနေ မလွတ်မချင်း သမီးမီးဖွားရမယ့်အချိန်မှာ လိုအပ်မယ့်ကလေးဝေယျာဝစ္စကိစ္စတွေကို ဘဘတို့ထောင်ကနေ တာဝန်ယူထောက်ပံ့ပေးကမ်းပါ့မယ်၊ ဝန်ထမ်းတွေကိုလည်း အစစအရာရာ လိုလေသေးမရှိအောင် ကူညီစောင့်ရှောက်ပေးခိုင်းပါ့မယ်ကွယ်"

ထောင်ပိုင်ကြီးထံမှ စေတနာ အပြည့်ပါသော မုဒိတာစကားများကို ကြားလိုက်ရတော့ အကျဉ်းသူလေးမှာ အားတက်သွားပြီး မျက်နှာမှာ ရယ်ရွှင်မြူးထူးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူမ၏ မျက်နှာလေးမှာ ထောင်ကျလာစဉ် သောကဝေဒနာများဖြင့် ရှုပ်ထွေးပွေလီနေခဲ့ရာမှ အိပ်မက်ဆိုးမှ နိုးထလာသူလို ဝင်းပကြည်လင်သွားခဲ့တော့တယ်။

"ကဲ - ဆရာမရေ - သူ့ကို ဆေးရုံက ထောင်ဆရာဝန်ကြီးထံ အကြောင်းကြားပြီး ဘကယ်ကိုယ်ဝန်ရှိ၊ မရှိဆိုတာကိုလည်း သေချာအောင် စစ်ဆေးစမ်းသပ်နိုင်းလိုက်ဦးနော်"

"ဟုတ်ကဲ့ - ထောင်ပိုင်ကြီး"

ဤကဲ့သို့ ထောင်ပိုင်ကြီးထံမှ လိုအပ်သည်များကို ကူညီစောင့်ရှောက်ပေးမည်ဆိုသောကြောင့် အကျဉ်းသူလေးမှာ ဝမ်းသာရွှင်လန်းသွားတော့တယ်။ ကျွန်မလည်း ထောင်ပိုင်ကြီး မှာကြားထားသည့်အတိုင်း စီစဉ်ဆောင်ရွက်ခဲ့တယ်။

⍟

ယခုလို အကျဉ်းသူမလေးရဲ့ ခက်ထန်မာကြောနေသော နှလုံးသားကို အောင်မြင်စွာ ပျော့ပျောင်းနူးညံ့စိတ်ဖြစ်အောင် ထောင်ပိုင်ကြီး၏ စည်းရုံးမှုက အောင်မြင်သွားခဲ့ခြင်း ဖြစ်ပါတယ်။

တကယ်တော့ အကျဉ်းသူမလေးရဲ့ နူးညံ့ပျော့ပျောင်းသည့် ပင်ကိုစိတ်ဓာတ်ကလည်း ဖြစ်စေလို့လား၊ ဒါမှမဟုတ် မိခင်တစ်ယောက်ရဲ့ ရင်ထဲနှလုံးသားမှ မေတ္တာစောင်ပြန်တပ်ပြီး မေတ္တာစမ်းရေ စီးသံတသွင်သွင် စီးဆင်းလာခြင်းကြောင့်လားဆိုတာကိုတော့ မသိနိုင်ပေ။

ခုလိုစိတ်ဓာတ်ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီး မိမိရင်သွေးလေး ရှင်သန်ပေါက်ဖွားချင်လာအောင် လှုံ့ဆော်လာခဲ့သည်မှာ မိခင်တိုင်း၏ ရင်ထဲဝယ် သန္ဓေတည်နေသော မေတ္တာစမ်းရေကြောင့်သာလျှင် ဖြစ်နိုင်မည်မှာ သေချာနေပါတော့တယ်။

ကျွန်မတို့လို ဝန်ထမ်းအမျိုးသမီးများရဲ့ ဘဝဆိုတာကလည်း ထောင်ထဲကို ရောက်လာကြသည့် အကျဉ်းသူများ၏ ဘဝများကို ထိန်းကျောင်းကူညီပေးနေကြခြင်း ဖြစ်ပါတယ်။

အပြင်လောကမှာ ဘယ်လိုပဲ အကျင့်စာရိတ္တတွေ ချို့ဖောက်လာခဲ့၍ ထောင်ထဲတို့ ရောက်လာကြသူတွေ၊ ဘဝပေးမကောင်းခဲ့ကြလို့ မထင်မှတ် မှည်ရွယ်ပါဘဲ

www.burmeseclassic.com

ရာဇဝတ်မှုကို ကျူးလွန်လာမိသူအားလုံးကို ထောင်ထဲကနေ လိုအပ်သည့်ကိစ္စအဝဝ ကို စောင့်ရှောက် ကူညီပေးရမည့်တာဝန်က ရှိနေပြီ မဟုတ်ပါလားရှင်။

⍟

အဲဒီလိုပါပဲ - ထောင်ထဲမှာ ပြဿနာပေါင်းစုံနဲ့ ရှပ်ထွေးပွေလီနေတတ်ပါတယ်။ ကျွန်မတို့လို ဝန်ထမ်းတွေက သူတို့ပြဿနာအမျိုးမျိုးကို ပြေလည်သွားအောင်ညှိနှိုင်း ဆောင်ရွက်ပေးနေရတာ များပါတယ်။

"အေးသီ - နင့်ကလေးကို အဆောင်မှာ ထားခွင့်မရှိတော့ဘူး"

"ရှင် - ဘာဖြစ်လို့လဲ ဆရာမရယ်"

"ဘာဖြစ်ရမလဲ - နင့်ကလေး အသက် ဘယ်လောက်ရှိပြီလဲ"

"လေးနှစ်ခွဲ - ငါးနှစ်ထဲမှာပါ"

"အေး - အဲဒါပြောတာပေါ့။ ထောင်ထဲမှာ ကလေးကို ငါးနှစ်ထိဘဲ လက်ခံထားခွင့်ရှိတယ်။ နင့်ကလေးက ယောကျ်ားလေးဖြစ်နေတော့ အသက် ငါးနှစ်ပြည့်ရင် ထောင်ပြင်ကို ပြန်ပို့ရတယ်"

"ဘာဖြစ်လို့လဲ - ဆရာမရယ်"

"ဒီလိုဟဲ့ - ထောင်ကျနေတဲ့ အကျဉ်းသူတစ်ယောက် ထောင်ကျလာ စဉ် ရင်ခွင် ပိုက်အရွယ် ကလေးငယ်လေးဟာ မိခင်နဲ့ ခွဲထားမရသောကြောင့် အတူတူပါလာ တယ်။ အဲဒီကလေးဟာ ယောကျ်ားလေးများဖြစ်နေလျှင် အသက် (၅) နှစ်ထိပဲ၊ အမျိုး သမီးဆောင်ထဲမှာ အတူတူထားခွင့်ရှိတယ်လို့ အကျဉ်းထောင်လက်စွဲဥပဒေ (၆၀၂) အရ ညွှန်ကြားထားတယ်။ ဒါကြောင့် ခုကတည်းက နင့်မိဘဆွေမျိုးတွေဆီ ဆက် သွယ်ထားပြီး ကလေးကိုခေါ်ထုတ်ဖို့ အကြောင်းကြားထား - ကြားလား"

"ခက်တာပဲ - ဆရာမရယ်။ အမေကလည်း အသက်ကြီးလှပြီ။ ဒီကလေးကို ကြည့်ရှုနိုင်မှာ မဟုတ်ဘူး။ သူ့အဖေကလည်း ကျွန်မ ထောင်ထဲရောက်ပြီး နှစ်နှစ် လောက်မှာ ဆုံးသွားခဲ့ပြီ"

"နင်လည်း - လွတ်ဖို့တစ်နှစ်လောက်ပဲ လိုတော့တာပဲ။ လောလောဆယ် အမေ့ ဆီမှာထားပြီး ဆွေအိမ်ကလူတွေကို ဝိုင်းကြည့်ခိုင်းပေါ့"

www.burmeseclassic.com

ယခုလို ကလေးကိစ္စနှင့်ပတ်သက်ပြီး အေးသီကို သဘောပေါက်လာအောင် ဖျောင်းဖျပြောဆိုနေရတယ်၊ အမျိုးသမီးဆောင်ထဲမှာက အမျိုးသမီးချည်းသာ သီးသန့်ထားတာဆိုတော့ ယောကျ်ားလေးဖြစ်နေလျှင် ငါးနှစ်အထိပဲ မိခင်နှင့်အတူ ရင်အုပ်မကွာ ထားရှိခွင့်ပေးထားတယ်၊

မြှင်းချက်အနေဖြင့် အမျိုးသမီးဖြစ်နေလျှင် (၆)နှစ်ထိ ထားလို့ရသေးတယ်၊ ဒီလို မိခင်နှင့်အတူပါလာသည့်ကလေးကို အကျဉ်းထောင်လူဦးရေစာရင်းမှာ ထည့်သွင်း ဖော်ပြခွင့်မရှိဘဲ မိခင်တစ်ဦးတည်းကိုသာ စာရင်းမှာအကျုံးဝင်နေပါတယ်၊ သို့သော် စာရင်းထဲမပါသော်လည်း ကလေးငယ်၏စားစရိတ်ကို ထောင်မှ ကူညီထောက်ပံ့ပေး ပါတယ်၊

ကလေးငယ်များ၏ပညာရေးကိုလည်းမလစ်ဟင်းရလေအောင်အကျဉ်းထောင် ရွှေ့ဝင်းထဲမှာ ဖွင့်လှစ်ထားသည့် မူလတန်းကျောင်းမှာ ပညာဆက်လက်သင်ကြား နိုင်အောင်လို့ အကျဉ်းထောင်ကပဲ စီစဉ်ပေးပါတယ်၊

ဒါကြောင့် ကလေးငယ်များအတွက် နေရေးစားရေး မပူမပင်ရတော့ မိခင်ဖြစ်သူ လည်း တာဝန်ကျရာလုပ်ငန်းခွင်မှာ အလုပ်ကို အေးအေးချမ်းချမ်း လုပ်ကိုင်နိုင် တယ်၊

ယခုလိုထောင်ထဲမှာရှိနေသည့်အကျဉ်းသူနှင့် သားသမီးကိစ္စတွေမှာ ဂျာအေး သူ့အမေရိုက်သလို လုံးလည်ချာလည် လိုက်နေတာလည်း လွန်ပါရောရှင်၊ တချို့ ကျတော့ အပြင်ဘက်မှာ ကလေးက ငယ်လွန်းနေပြန်တော့ နို့ထိန်းမေမေ မရှိဘဲ သောကဗျာပါရ ကြွယ်နေကြပြန်ရော၊ ကလေးမီးဖွားပြီး စအခါလယ်သားလောက် မှာမိခင်ဖြစ်သူက အမှုဖြစ်သွားပြီး ထောင်ကျသွားခဲ့တယ်၊

အဲဒီလို ထောင်ကျသွားသည့်အခါ အပြင်မှာ ကျန်ရစ်ခဲ့သောကလေးငယ်ကို ထိန်းကျောင်းမည့်မရှိဘဲ မိဘမဲ့ဘဝ ရောက်နေရတယ်၊ ဒီတော့ မိခင်ဖြစ်သူနှင့် ရင်အုပ်မကွာ အတူတူနေထိုင်နိုင်မှ အဆင်ပြေမှာကြောင့် ထောင်ထဲကို တရားဝင် သွင်းနိုင်ဖို့ လျှောက်လွှာတင်ရပြန်တယ်၊

ထိုအခါ ထောင်ပိုင်ကြီးမှာ မွေးဖွားလာသည့် ခရစ်သက္ကရာဇ်ကို ဆန်းစစ်ကြည့် ပြီး လူမှုရေးအရ လက်သင့်ခံပေးရတယ်၊ ကလေးငယ်လေးတွေကို အသက်အရွယ် ငယ်ရွယ်စဉ် အချိန်အခါမှာ အကြောင်းမဟုတ်ပေမယ့် အသက်(၅)နှစ်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာချိန်တွင် မိခင်နှင့်အတူတူ နေထိုင်ခွင့်မပြုဘဲ ထောင်အပြင်ကို ထုတ်ပေးရတယ်။

အထူးသဖြင့် အသက်(၅)နှစ်အရွယ်ယောက်ျားလေးတစ်ဦးကိုမိခင်နှင့်လည်း နို့ပြတ်ပြီးနေသည့်အရွယ်ဖြစ်သောကြောင့် အမျိုးသမီးဆောင်ထဲမှာ ထားရန်မသင့်တော်သောကြောင့် ထောင်အပြင်ကို ထုတ်စေခြင်းဖြစ်ပါတယ်။

မိန်းကလေးဖြစ်နေလျှင်လည်း အသက်(၆)နှစ်ထိဘဲ ထားနိုင်ခွင့်ရှိပါတယ်။ အမျိုးသမီးအချင်းချင်းမို့အတူတူနေထိုင်ကြလည်းအကြောင်းမဟုတ်ပေ။ယောက်ျားလေးဆိုလျှင်တော့ အသက် (၅)နှစ်အရွယ်ဆိုတာ အတောင်အလက် စုံနေကြပြီ။

တော်ကြာ ယောက်ျားနဲ့ပြတ်နေတဲ့ မိန်းမတွေကလည်း ခပ်ကဲကဲရယ်။ ကလေးကို မတော်တရော် ပိုင်းစနေလျှင် ကလေးမှာလည်း ဟိုလူဆွဲ ဒီလူဆွဲနှင့် ဒုက္ခများနေရှာမယ်။

☆

ယခုခေတ်ကာလလို အချိန်အခါမျိုးမှာ သက်ငယ်မုဒိမ်းမှု ဖြစ်နေကြတာ အများကြီး။ မိန်းကလေးကိုသာ ယောက်ျားတွေက အတတ်ကျူးပြီး ဘီလူးလုပ်နေကြတော့ ကလေးတွေခမျာ မရှိမဆုံ့ ဝေဒနာခံစားသွားရပြီး ကျော်မကောင်း ကြားမကောင်း အမှုအခင်းတွေ နေ့စဉ်ဂျာနယ်တွေမှာ ဖော်ပြပါရှိနေတာ ကြည့်ပါလား။

ကျွန်မတို့လို ဝန်ထမ်းတွေမှာ အငြိမ်ကို မနေရဘူး အိပ်ဆောင်ကြီး ပတ်ပတ်သည်နဲ့ ချောင်ကြိုချောင်ကြားပါ လိုက်စစ်ဆေးနေရတာ ဒီလိုငါးနှစ်သား ယောက်ျားလေးကို အိပ်ဆောင်နောက်ဘက် ပြန်ပေးဆွဲသွားပြီး မဟုတ်တာ လုပ်နေလျှင် မခက်ပါလား။

ထိုသို့အကျဉ်းသူနှင့်အတူတူ နေထိုင်လျက်ရှိနေသောကလေးများကိုတချို့မသိနားလည်သူများက မိခင်ထောင်ကျသွား၍ ကလေးပါ ရောထောင်ကျနေသည်ဟု မှတ်ထင်နေခဲ့ကြတယ်။

ကျွန်မအဖို့တော့အမျိုးသမီးဆောင်ထဲကပြဿနာပေါင်းသောင်းခြောက်ထောင် ထိုနေ့စဉ်ဖြေရှင်းပေးနေရတော့ ရိုးနေပြီ။ လူ့လောကဘုံဓမ္မတာမှာ လူအမျိုးမျိုး ရှိနေသမျှ ပြဿနာကလည်း အမျိုးမျိုး ရှိနေမှာဘဲ။ သူတို့လေး တွေရဲ့ဘဝဇာတ်ကြောင်း

www.burmeseclassic.com

တွေကိုများ တိုက်ဆိုင်လာလို့ မေးကြည့်လိုက်သောအခါ လူ့လောကကြီးရဲ့ဇာတ်ခုံပေါ်မှာ အတွေ့အကြုံမရှိပဲ နုံနုံအအ၊ အူတူတူ၊ ချာတာတာဖြင့် ဘဝနစ်မွန်းသွားခဲ့ရသူတွေ အများကြီးရယ်။

ဒီအထဲကမှ ယောကျ်ားတစ်ယောက်တည်းကို မယားနှစ်ယောက် အပြိုင်လုတဲ့ ဇာတ်လမ်းမျိုးကလည်း ရှိသေး၊ ယောကျ်ားပဲ ဒီလောက်ရှားသလားရှင်။ ကိုယ့်ရုပ်ကိုယ်ရည်နဲ့ ခေါင်းခေါက် ယူလို့ရတယ်။ ဒါမှမဟုတ်လည်း ကျွန်မလို အပျိုကြီးပဲ လုပ်နေပါတော့လား။

ခုတော့ ဘာတွေအထင်ကြီးပြီး ဘယ်လောက်များ ဆွဲဆောင်အားကောင်းနေလို့လည်း မသိပါဘူး။ ယောကျ်ားတစ်ယောက်တည်းကို မိန်းမနှစ်ယောက်က အပြိုင်လုနေကြရာက ဟိုက ဘယ်လိုစည်းရုံးသိမ်းသွင်းလိုက်သလဲ မသိပါဘူး။ တစ်အိမ်ထဲမှာတောင် နှစ်ယောက်အတူတူနေကြလို့တဲ့။ ကဲ - စဉ်းစားသာကြည့်၊ နာခေါင်းသာမပါရင် ချေးစားမယ့်ဟာတွေ။

ဒါကြောင့်လည်း မိန်းမတို့၏ အတွင်းသဘောက မဖြောင့်ဖြူးတတ်ဘူးဆိုသည့်စကားတ ရှိနေတာပေါ့။ ဆန်ကောလောက်မှ စောက်မနက်တဲ့ ယောကျ်ားတွေရဲ့ အချောင်းအကြံကိုလူသေမှုဖြင့်ထောင်အကျ်(၃)နှစ်ကျခံလာခဲ့ရသော မဌူဝေ ဆိုသည့် အချောင်းသမလေးရဲ့ဘဝဇာတ်လမ်းလေးကလည်း ဒီလို။

လောကမှာ အလိမ်အညာခံလိုက်ရသည့် ကျွန်မဘဝကို တွေးမိတိုင်း သိပ်တော့ ခံပြင်းတာပဲရှင်။ လင်စံရွေးမှားတော့ လင်ခွေးနဲ့ ညားခဲ့ရတယ်ဆိုတဲ့စကားပုံလိုပဲ၊ လင်ဆိုးမယား တဖားဖားဆိုသည့် ဥပမာပေးတွေကလည်း ကျွန်မတို့မိန်းမသဘာဝကို ဖော်ညွှန်နေသလိုပဲ။

ဒီလို - ဆရာမရေ - ကျွန်မနဲ့ သူ စတွေ့ခဲ့ကြတာလည်း ဘာရယ်မဟုတ်ဘဲနဲ့ သူပြောနေသည့် ပလီပလာစကားတွေကို ယုံစားမိမှားလို့ ခံလိုက်ရတာပဲ။ မိန်းမတစ်ယောက်ဆိုတာ ယောကျ်ားတစ်ယောက်နှင့် ပေါင်းသင်းလက်ထပ်တော့မယ်ဆိုအဘက်ဘက်ကနေ လေ့လာဆန်းစစ်ကြည့်ပြီးမှ လက်ခံနိုင်သည့် အဆင့်ရောက်မှ လက်ထပ်ဖို့အရေးကို စဉ်းစားရမယ်လေ။

ကျွန်မတို့မိန်းမသားတွေရဲ့ဘဝတွေဆိုတာ အပျိုစင်ဘဝမျိုးမှာပဲ ကံကြေးရှိတာမဟုတ်လား။ ယောကျ်ားတွေ သဘောကျနှစ်မြို့က်လာအောင် ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

တယုတယ၊ တသသလုပ်နေကြရတာ။ သူတို့မျက်စိထဲမှာ ထာဝစဉ် အလှပန်းလေးတစ်ပွင့်လို တန်ဖိုးထားလာအောင် ပြင်တတ် ဆင်တတ်ဖို့ လိုတယ်မဟုတ်လား။

သူတို့ယောကျ်ားဆိုတာမျိုးက မယားကြီးငုတ်တုတ်ရှိနေလည်း ကျွန်တော်လူမျိုးလှလှတွတ်ပါ ခင်ဗျလို့ လိမ်ညာကြွေးကြော်နေလည်း ဘယ်သူက အိမ်လိုက်ကြည့်နိုင်မှာလဲလို့၊ ချစ်ခြင်းအစ မျက်စိကလို့ ဆိုစကား ရှိတယ်မဟုတ်လား။ မိန်းမဆိုတာမျိုးတလည်း ကိုယ့်အိမ်ရှေ့လမ်းသလားပြုပြီဆို ဒီဘဲကြီး ငါ့ကို လာရှိုးနေပြီ၊ ကြာရင်ဆွဲစေ့ဖစ်လိုက်မိတော့မယ်လို့ပဲ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ဟိတ်ဟန်ထုတ်နေကြတာ များတယ်။

သူက ဘာလဲ၊ ဘယ်လိုလူစားလဲ၊ ဘောစိကြီးလား၊ ခရိုနီအသေးစားလေးလား ဘယ်လိုဝေခွဲဆုံးဖြတ်နိုင်မှာလဲ။ လောလောဆယ် အကြည့်ချင်းဆုံလို့ ရင်တွေတခုန်နေပြီ။ သူ ဘယ်တော့လေ့လာပြီး ချစ်ရေးဆိုမလဲ၊ ဒိတ်လုပ်မလဲကိုပဲ မျှော်လင့်တကြီးနဲ့ စောင့်စားနေတတ်ကြတယ်။

ကြက်မှာအရိုး၊ လူမှာအမျိုး ဆိုသည့် စကားပုံလိုပေါ့။ လူဆိုတာ အတန်းအစားရှိတယ်၊ အဆင့်အတန်းဆိုတာ ရှိတယ်။ ဒါကို လေ့လာဆန်းစစ်ကြည့်မယ်မရှိဘူး။ မှုံကလေးက ချောလိုက်တာ၊ ဝတ်ပုံစားပုံကလည်း ဖေရဲထက်လိုပဲ သန့်သန့်ပြန့်ပြန့်လေးလို့ဆိုပြီး ဖွတ်အထင် ကြီးနေတော့တာပဲ။

ဟိုကလည်း စားနေကျကြောင်ဖားဆိုတော့လည်း မိန်းကလေးတွေ အထင်ကြီးအောင် လေဘေးတိုက်ကျတွေကို မီးပူတိုက်ဝတ်ပြီး တစ်နေ့တစ်မျိုး မရိုးရအောင်ဝတ်စားပြနေတော့ ဒီဘဲကြီး တော်တော်ရေလျှံနေတာပဲလို့ အထင်ကြီးသွားမယ်။

ဟုတ်တယ်လေ၊ ကျွန်မအသိ စာရေးဆရာ ဦးပေတုံးကြီးဆို ဒီလိုပဲ လမ်းဘေးအခုပ်ပေါင်းပုံထဲခေါင်းတိုးရှာသလိုဈေးထဲက လေဘေးတန်းမှာခေါင်းမဖော်တမ်းရှာနေတာ။ စာပေပိုင်းထဲရောက်လာလျှင် တစ်နေ့တစ်မျိုး မရိုးအောင် ဝတ်ပြတော့စာရေးဆရာမချောချောတွေ ဝိုင်းနေတာပဲ။ အမှန်တော့ ငွေကြေးအဆင်မပြေလို့ ဈေးတောင်းကြမလို့ပါ။

✪



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကလည်း ကျွန်မပဲ။ ဘယ့်နှယ် လင်တစ်ယောက်လုံး အသုံးချနည်း ဇာတ်လမ်းပြောနေရင်းက ဒေါသချော်သွားနေပြီ။

ဒီလိုဆရာမရေ – ကျွန်မနဲ့ သူ တွေ့ပုံကလည်း ရိုးရိုးလေးပါပဲ။ ရုပ်ရှင်တွေထဲကလို ပခုံးတိုက်၊ ဖုန်းမှားဝင်သယောင် ချိတ်ဆက်ပြနေသည့်ဇာတ်လမ်းမျိုး မဟုတ်ပါဘူး။

သူက ကျွန်မတို့နေတဲ့ရွာမှာ ကုန်စိမ်းအဝယ်တော်၊ ကျွန်မတို့ တစ်ရွာလုံးက မိမိုးဇလာ တောင်ယာစိုက်ပျိုးပြီး စီးပွားရေးလုပ်ကိုင်နေကြတာ။ သူက မြို့ကလာသည့် ကုန်စိမ်းဒိုင်ရှင်ဆိုတော့ ရာသီ ကုန်သီးနှံတွေကို စာရင်းချုပ်ဝယ်မလို့ တောကို ဆင်းလာတာ။

အစတုန်းကတော့ ကျွန်မတို့ရွာကနေ ထော်လာဂျီတို့၊ ယာဉ်အိုယာဉ်စုတ်တွေကိုပဲ အားကိုးပြီး သီးနှံတွေ မြို့ကိုတင်ရောင်းနေကြရတာ။ ကျွန်မတို့ရွာကလည်း တောမရောက် မြို့မရောက်စကားလိုပေါ့။ မြို့နဲ့လည်း သိပ်အဝေးကြီးမဟုတ်ဘဲ ဆယ်မိုင်လောက်ပဲဝေးတာ။

တစ်နေ့မှာ သူကလည်း ကျွန်မတို့ ခရမ်းပြာရွာကို ကုန်စိမ်းလာဝယ်တယ်။ သူ့စတိုင်လ်ကတော့ အပျံစားပေါ့ရှင်။ စပို့ရှပ်နဲ့ ဂျင်းဘောင်းဘီဝတ်ပြီး ကင်တိုဆိုင်ကယ်လေးကိုစီးပြီး ရွာထဲဝင်လာတယ်။ ကျွန်မတို့ရွာက စိုက်ခင်းတွေထဲ တစ်ခြံဝင် တစ်ခြံထွက်နဲ့ လိုက်ချုပ်ဝယ်နေတာပေါ့။ စရန်ငွေတွေ ကြိုပေးပြီး သီးနှံပေါ်ချိန် ယူလို့ရအောင်ပေါ့။

အဲဒီလိုနဲ့ စတင်ရင်းနှီးကျွမ်းဝင်လာခဲ့ကြတယ်။ သူကလည်း စိုက်ခင်းတွေဆီ လုပ်ငန်းကိစ္စနဲ့ ရောက်လာသည့်အခါတိုင်း ဖော်ဖော်ရွေရွေနဲ့ စကားကို ချိုချိုသာသာပြောတတ်တယ်။ လူမှုရေးစိတ်ဓာတ်လည်း အပြည့်ရှိပုံရတယ်။

ကျွန်မလည်း သူနဲ့ မကြာခဏ ဆုံတွေ့ဖန်များလာတော့ သူ့အပေါ် အထင်ကြီးလေးစားလာမိတယ်။ သူက ကုန်စိမ်းဒိုင်ဖွင့်ပြီး ညောင်ပင်လေးဈေးထဲမှာ ဆိုင်ဖွင့်ထားတယ်လို့ ဆိုပါတယ်။ ကျွန်မတို့ တောင်သူတွေကတော့ ကိုယ့်ခြံက ဟင်းသီးဟင်းရွက် ဝယ်ချင်အောင် သူ့ကို မျက်နှာချိုသွေး အလေးထားနေရတာပေါ့ရှင်။

သူကတော့ ရွာကို မကြာခဏ အကြောင်းပြုပြီး ရောက်လာတတ်တယ်။ ရောက်လာသည့်အခါတိုင်း အိမ်ကို ဝင်လည်လေ့ရှိတယ်။ ဝင်လာတိုင်းလည်း သက်ဆောင်ပစ္စည်းတွေ ယူလာလာပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့နှစ်ယောက် ဒီလိုနဲ့ပဲ ရင်းနှီးခင်မင်သွားခဲ့ကြတာပေါ့။ အိမ်မှာ အမေ ကလည်း အသက်ကြီးပြီး ဘုရားတရားအလုပ်ကိုပဲ ဖောက်ချလုပ်နေတယ်။ သူတာ အမေ့အတွက် ဖယောင်းတိုင်၊ အမွှေးတိုင်ကအစ သစ်သီးတွေဝယ်လာပြီး လက် ဆောင်ပေးခဲ့တယ်။ အဲဒီလိုနဲ့ ကျွန်မတို့နှစ်ယောက် ချစ်သူရည်းစားဘဝ ရောက် သွားကြတယ်။

"အစ်ကိုအောင် ..."

"ဘာလဲ - ဝေ"

"ကျွန်မတို့ ဒီလိုချည်း နေသွားကြလို့ မသင့်တော်ဘူးကွယ်၊ အတူတူ တစ်အိုး တစ်အိမ် ထူထောင်နေကြရအောင်နော်"

"ဟုတ်တာပေါ့ - ဝေရယ်၊ ကိုအောင်လည်း ဝေနဲ့အတူတူ နေချင်လှပြီကွယ် - ဒါပေမဲ့ -"

"ဘာဒါပေမဲ့လဲဟင်"

"ကိုအောင့်မိဘနှစ်ပါးက အသက်အရွယ် အိုမင်းမစွမ်းတော့ ဒီမှာ မင်္ဂလာပွဲ ချင်းပရင် လာနိုင်ကြမှာမဟုတ်ကြဘူး"

"ဩော် - ဒါများ ကိုအောင်ရယ် - အဆန်းလုပ်လို့၊ ဒီမှာမင်္ဂလာဆောင်ပြီး လူသိ ရှင်ကြား ကြေညာပြီးတော့မှ ကိုအောင့်မိဘတွေဆီ သွားပြီးကန်တော့ကြတာပေါ့။ ဝေတာတော့ ပိုက်ဆံကုန်မှာစိုးလို့လေ၊ သိပ်ကြီးကြီးကျယ်ကျယ်မလုပ်ဘဲ မင်္ဂလာ ဆွမ်းကျွေးလောက်ပဲလုပ်ပြီး ရွာကလူတွေရှေ့မှာ အသိအမှတ် ပြုစေချင်တယ်"

"ကောင်းတာပေါ့ - ဝေရယ်၊ ကိုယ်တို့နှစ်ယောက် ရုံးတက်လက်မှတ်ထိုးပြီး အိမ်မှာ မင်္ဂလာဆွမ်းကျွေးလုပ်တာပေါ့။ ဒါမှလည်း ဝေတို့ရွာကို ချောင်းပေါက် အောင် လာနေရတဲ့ဝဋ်က ကျွတ်မယ်၊ လောလောဆယ်တော့ ရွာထဲမှာ သီးနှံတွေ ခြွင်းပေးထားရလို့ ကိုယ့်လက်ထဲမှာ ငွေတစ်ပြားမှ မရှိတော့ဘူး - ဝေရယ်"

"ဒီအတွက် မပူပါနဲ့၊ ဝေ့မှာ ရှိပါတယ်၊ ဒါမှ ကိုအောင်နဲ့ တူတူနေရမှာ"

အဲဒီလိုနဲ့ ကိုအောင်နှင့် ကျွန်မ လက်ထပ်ပေါင်းသင်းဖြစ်သွားခဲ့တယ်၊ ကျွန်မမှာ တော့ ဆိုင်းမဆင့် ဗုံမဆင့်ပါဘဲ ယောကျာ်းတစ်ယောက်ကို ကောက်ယူလိုက်ရတာပဲ ထင်သွားတယ်၊ နဂိုကတည်းကမှ ရုပ်ကလေးကို ဗန်းပြပြီးတော့ ဆိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com

လေး တဝီဝီနဲ့ လည်ပတ်နေသည့် လှူဒါန်းကြော့တစ်ယောက်မှန်း နောက်မှ သိလိုက်ရတယ်။

ကျွန်မကိုယ်တိုင်ပဲ စိုက်ခင်းတွေကို လှည့်လည်ဈေးကောက်ဝယ်ပြီး မြို့ထဲက ကုန်စိမ်းဒိုင်ကို သွားပို့ရောင်းနေရတယ်။ သူကတော့ မိန်းမရနေပြီဆိုတာ လူသိခံလို့ မဖြစ်သေးဘူး အကြောင်းပြပြီး ရွာမှာ ဘဲ နေနေတယ်။

"ညည်းကလဲအေ - သူ့မှာ မယားကြီးရှိနေတာ အစက မသိဘူးလား"

"ဘယ်သိပါ့မလဲ - ဆရာမရယ်။ ကျွန်မတို့ရွာကို ဆိုင်ကယ်တစ်စီးနဲ့ ရောက်ရောက်လာပြီး ဟင်းသီးဟင်းရွက် ကုန်စိမ်းသည်တစ်ယောက်လို့ပဲ ထင်ထားခဲ့တာ"

"သူက ဘယ်လိုပုံစံမျိုးထားလို့လဲ"

"သူက ဆိုင်ကယ်လေး စီးလာပြီး ဟင်းဘက်အိတ်ထဲမှာ ငွေအပြည့်ပါတယ်။ လူအထင်ကြီးအောင် ထုတ်သုံးပြနေတာနေမှာပေါ့။ လူပုံပန်းကလည်း စပို့ရှပ် ထည်လဲဝတ်ပြီး ဂျင်းဘောင်းဘီနဲ့ဆိုတော့ စတိုင်လ်ကျနေတာပေါ့"

"ညည်းတို့ကောင်မတွေက ယောကျ်ားဆိုပြီးရောဆိုတဲ့အစားတွေ ပဲ၊ သူ့နောက်ကြောင်းလည်း နည်းနည်းပါးပါး စုံစမ်းပါဦးတော့လား။ ခုတော့ - ဟင်းရွက်ကန်စွန်းထိုးလို လွယ်လွယ်တွေ့ လွယ်လွယ်ယူလိုက်ကြတာပဲ"

"တင်း - တင်း - ဆရာမကလည်း ရွာထဲက ကာလသားတွေနဲ့ယှဉ်လျှင် သူက မှုတ်ရှင်မင်းသား လူမင်းလိုပုံစံမျိုးဆိုတော့ ရွာထဲကကောင်မတွေ ထွန့်ထွန့်လူးနေတဲ့ကြားက ကျွန်မက အစွန်ထုတ်လိုက်တာပေါ့"

"အေး - အဲဒီလို အစွန်ထုတ်ကောင်းခဲ့လို့လဲ၊ ခုတော့ - ပိုက်ဘောကြီးကို ပိုက်မိနေပြီမဟုတ်လား။ ဒါနဲ့ - မယားကြီးက ညည်းတို့နှစ်ယောက် ညားနေကြတာကို ဘယ်လိုရိပ်မိသိရှိသွားခဲ့တာလဲ"

တစ်နေ့ ကျွန်မတို့အိမ်မှာ လင် မယားနှစ်ယောက် ထမင်းလက်စုံစားနေတုန်း မှာပဲ အိမ်ရှေ့ကနေ ခြံထဲကို မိန်းမတစ်ယောက်က စုံစမ်းပြီး ဝင်လာနေတယ်။

"ဝေ - ကိုအစ်မကအိမ်မပြန်လာတာကြာလို့လိုက်လာတာထင်တယ်၊ကိုအောင် မရှိဘူးလို့ ပြောလိုက်နော်"

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com

"ဒီအိမ်က ကိုအောင်တို့အိမ်လား၊ ကိုအောင် မရှိဘူးလား"

"ဟင့်အင်း - မဟုတ်ဘူး - သိလည်း မသိဘူး"

"ကျွန်မကို လမ်းထိပ်က သေချာညွှန်ပြလိုက်တာ - ဒီအိမ်ပဲ"

ထိုမိန်းမက အိမ်ထဲကိုဖွတ်အတင်းဝင်လာနေတယ်၊ ကျွန်မကလည်းအိမ်ထဲကို အဝင်မခံပဲ ဖွတ်တွန်းလှတ်နေတယ်၊

"ကျွန်မ ကိုအောင်နဲ့ ရှင်းချင်လို့ ခဏဝင်ပါရစေ"

"အို - အိမ်ထဲလည်း ဝင်စရာမလိုဘူး၊ ရှိလည်း မရှိဘူး"

"ညီမရယ် - ကျွန်မက သူ့မိန်းမ အေးမာပါ"

"ရှင် ..."

"ဟုတ်ပါတယ်၊ သူက ဆိုင်အတွက် ဟင်းသီးဟင်းရွက်တွေကို ရွာဆင်းဝယ်မယ် ဆိုပြီး ပြန်မလာလို့ တစ်ခုခုများ ဖြစ်နေလားဆိုပြီး လာစုံစမ်းတာပါရှင်"

"ကိုအောင်က ကျွန်မ ယောကျ်ားပါ၊ ရှင် လူမှားနေပြီထင်တယ်"

"မမှားပါဘူး - ညီမရယ်၊ သူနဲ့အတူ ပေါင်းသင်းလာခဲ့တာ ဆယ်နှစ်လောက် ရှိနေပါပြီ"

"အို - ဒါတွေ ကျွန်မ မသိဘူး၊ ခုလက်ရှိမှာ ကိုအောင်က ကျွန်မ ယောကျ်ားပဲ"

"သူက အိမ်ထောင်ရှိနေလျက် ညီမကို လိမ်ညာပေါင်းသင်းနေတာ ညီမ သူ့စကားတွေကို မယုံပါနဲ့နော်"

ကျွန်မ အိမ်ပေါက်ဝနေ တားဆီးပိတ်ဆို့ ရှင်းပြနေပေမဲ့လည်း အေးမာဆိုသူက ဧည့်ခန်းထဲကို ဖွတ်အတင်း တိုးဝင်လာနေတယ်၊ ကျွန်မကလည်း အိမ်ထဲကို အဝင် မခံပဲ ဖွတ်အတင်းတားဆီးနေတယ်၊

"ဟေ့ - မလိုချင်ဘူး - ငါ့လင်ငါလာခေါ်တာ မဖယ်ရင်တော့ - အိမ်ထဲဝင်ပြီး ဖွတ် ခေါ်ရမှာပဲ"

"ကဲဟယ် - ဖြန်း"

ဆိုပြီး ကျွန်မလည်း ကိုယ့်လင်အပါမခံနိုင်တော့ ဒေါသဖြစ်ဖြစ်နဲ့ အေးမာ့ပါးကို ဘွမ်းရိုက်ချပစ်လိုက်တယ်၊

"ဟင် - သူများလင်ကိုလည်း ခိုးထားသေးတယ်၊ ငါ့ကိုလဲ စော်ကားသေးတယ် - ဒဲတယ်"

www.burmeseclassic.com

www.burmeseclassic.com

အေးမာဆိုသူ အမျိုးသမီးကလည်း သူမပါးကို အရိုက်ခံရတော့ ကြက်ခေါင်းဆိတ်မခံ ဒေါသပေါက်ကွဲပြီး ကျွန်မဆံပင်တွေကို ဆောင့်ဆွဲပြီး ပါးကိုပြန်ရိုက်တယ်။ ကျွန်မလည်း အသားထိတော့ ဆတ်ဆတ်ခါပြီး ဒေါသပေါက်ကွဲထွက်လာတယ်။

ကျွန်မ နောက်ဖေးခန်းဆီ လှစ်ခနဲ ပြေးဝင်သွားတယ်။ မီးဖိုစင်ပေါ်က ဓားကိုပြေးယူပြီး အိမ်ရှေ့မှာ ကိုအောင့်ကိုပဲ ဟိုဟိုသည်သည် လိုက်ရှာနေသည့် အေးမာဆီကိုပြေးဝင်သွားပြီး ဓားဖြင့် နှစ်ချက်ဆင့်ထိုးပစ်လိုက်တယ်။

အေးမာလည်း ရင်ဝကို ဓားဝင်သွားပြီး ပုံခနဲကျသွားတော့တယ်။ ကျွန်မလည်း ဒေါသတွေ အထွတ်အထိပ် ရောက်နေပြီမို့ ရှက်လည်း ရှက်လွန်းတာကြောင့် ကိုအောင့်ကိုပါ အပြတ်ရှင်းပစ်ဖို့ လိုက်ရှာတော့ သင်းက ကျွန်မတို့နှစ်ယောက် အိမ်ရှေ့မှာ ရန်ဖြစ်နေကတည်းက အဖြစ်မှန်တွေ ပေါ်မှာစိုးပြီး နောက် ဖေးပေါက်ကနေ ခုန်ချထွက်ပြေးသွားတယ်။

⍟

ကျွန်မမှာတော့ ကိုအောင် လှည့်စားသွားခဲ့တာကို ခံလိုက်ရတဲ့အတွက် ကျွန်မ [illegible] လူတစ်ယောက်ကို နောက်ကြောင်းမစုံစမ်းဘဲ အယုံ[illegible] လက်ထပ်ခဲ့ပြီး ပေါင်းသင်းမိခဲ့တော့ ကိုယ်ကျိုးနည်းခဲ့ရပြီ။

ပိုဆိုးတာက ကျွန်မလက်ချက်နဲ့ ဆေးရုံပို့လိုက်တဲ့ အေးမာခမျာ ဆေးရုံရောက်ပြီး နှစ်ရက်အကြာမှာ ဆုံးပါးသွားခဲ့တော့တယ်။ အဲဒီအမှုနဲ့ပဲ ကျွန်မလည်း ထောင်ငါးနှစ် ကျခံလာခဲ့ရတယ်။

အကျဉ်းသူမလေး မချူဝေက သူမရဲ့အမှုဖြစ်စဉ်လေး ကျွန်မကို ပြောပြနေတယ်။ တောရွာသူ တောရွာသား ရိုးရိုးအအလေးတွေခမျာ လူလည်မြို့ကြီးသား၏ အလှည့်အပတ် အရှောင်အတိမ်းကြားမှာ ဓားစာခံဖြစ်သွားခဲ့ရတာပဲ။

ဒါကြောင့်လည်း ထောင်ထဲမှာဆိုတာက လူတိုင်းလူတိုင်း သောကကိုယ်စီနဲ့ ရောက်လာခဲ့ကြရတာပဲ ဖြစ်ပါတယ်။ အမှန်တော့ လူမိုက်ဥပဒေမသိ၊ လူမိုက် နောက်မှ နောင်တရကြတာ များပါတယ်။

အစကတည်းက လောဘ၊ ဒေါသ၊ မောဟတရားတွေကို သာ ချုပ်ထိန်းနိုင်ကြမည်ဆိုလျှင် ထောင်ထဲကိုလည်း ရောက်လာနိုင်စရာအကြောင်း မရှိဘူး။

www.burmeseclassic.com

ရတော့လောဘ၊ ဒေါသ၊ မောဟတွေအတောမသတ်သေးသရွေ့အမှားနဲ့အမှ
ဆိုတာ ရှိနေမှာပဲ။ ကိုယ့်စိတ်ကိုမချုပ်ထိန်းနိုင်လျှင်တော့ ဘဝဟာ ဒုက္ခတွေ
ပဲ။

ကျွန်မတို့လို ဝန်ထမ်းတွေရဲ့ဘဝကလည်း ယခုလို ဥပဒေစည်းကိုကျော်နင်းလ
သူတွေ ရှိနေသမျှ ထောင်တံခါးကြီးကို ဖွင့်လို့ ကြိုဆိုနေရမှာ မလွဲဧကန်ပါပဲရှင်။

သို့သော်လည်း သူတို့လေးတွေ ထောင်ထဲကို ဝင်ရောက်လာချိန်မှာ တတ်နို
သမျှ ကိုယ်ချင်းစာစိတ်ကိုမွေးပြီး နွေးထွေးစွာ ကြိုဆိုနေရမယ်မဟုတ်ပါလား။ သူတ
ဘဝလေး ယိမ်းယိုင်ပျက်စီးမသွားရအောင် ကူညီထိန်းကျောင်းပေးရမယ့်တာဝန်
ရှိနေပြီလေ။

ဒါကြောင့် အကျဉ်းထောင်တွေထဲမှာ မကောင်းမှုဒုစရိုက်ကို ကျူးလွန်လာ
သည့် အကျဉ်းသူလေးများကို စိတ်ခံဝါချနိုင်စေဖို့ ဓမ္မဟိတသုခဂေဟာ တရားစခန်
လေးကို ဖွင့်လှစ်ပေးပြီး တရားဘာဝနာပွားများ အားထုတ်ကြရင်း ဖြူစင်ရှင်းသ
သော စိတ်နေစိတ်ထားဖြစ်အောင် ပြောဆိုဆုံးမနေရပါတော့တယ်ရှင်။

⇒ ထောင်မှူးမ


## မြို့နှင့်ဈေးစပ်၍
## မစားကောင်းသောအစာများ

- မှိုနှင့် ကြက်ဟင်းခါးသီး
- မှိုနှင့် ကြက်ဥ
- မှိုနှင့် ခံသီး
- မှိုနှင့် နို့အမျိုးမျိုး
- မှိုနှင့် ဖောင်စီးကကာန်း
- မှိုနှင့် ယုန်သား
- မှိုနှင့် ဖားသား

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ကြပ်တည်းနေးကွေးလှသည့်
## လိုင်းကားပေါ်တွင် စီးနင်းလိုက်ပါရသည့်
## မိန်းမသားတစ်ယောက်ဘဝ

"မြတ်န" ဆလင်းဘတ်အိတ်ကို ပိုက်ထားမိလေသလား၊ လွယ်ထားမိသလား။ ထိုစဉ်က သတိမရနိုင်။ လိုင်းကားစီးသူတို့၏ သဘာဝအတိုင်းစီးရမည့်ကားရပ်သည်နှင့် ရှောင်လင်သိုင်းသမားလို လှစ်ခနဲ ပြေးတက်လာခဲ့လိုက်သည်။ စပယ်ယာကလည်း စိတ်ရှည်သည်းခံတတ်ပုံမရ။ မြတ်န ကားခြေတင်ခုံပေါ် ခြေချမိရုံရှိသေး -

"မောင်း - ဆရာရေ"

ဟူ၍ကြုံးအော်လိုက်လေ၏။ (၄၃) express ကားကြီးက ကားဂိတ်မှနေ တရွေ့ရွေ့ထွက်ခွာလာပြီ။ ကားအမိုးနားကပ်နေသည့် သတ်တန်းကို မမှီတမီ လှမ်းကိုင်ရင်း ရွေ့လျားစပြုနေပြီဖြစ်သော ကားပေါ်မှ မြတ်န အသားကျအောင် ကြိုးစားလိုက်ရသည်။

မြတ်နက မြောက်ဥက္ကလာသူပါ။ မြောက်ကွေ့ဆိုသည့် လူစည်ကားရာ ရပ်ဝန်းမှာ နေထိုင်နေရသူပီပီ ပတ်ဝန်းကျင်၏ သတင်းအစုံတို ကြားဖူးနားဝတော့ရှိသည်။ အထူးသဖြင့် လိုင်းကားစီးခြင်းနှင့် ပတ်သက်လာလျှင် မြတ်နက အတွေ့အကြုံစုံသည်ဟု ဆိုရမည်။ ဟုတ်သည်၊ မြတ်န၏ဘဝက ကုမ္ပဏီဝန်ထမ်း၊ လူလတ်တန်းစားဖြစ်၍ ကိုယ်ပိုင်ကား တစီစီ စီးနိုင်ရန်မှာ မလွယ်ကူ။ သည်တော့ အများပြည်သူနည်းတူ လိုင်းကားဆိုသည့်အရာကို တိုးဝေ့ကာ

www.burmeseclassic.com

စီးရပြီပေါ့။ အမြဲတမ်း စီးနေရ၍လည်း ယခင်က မတွေ့ဖူးသည်များ၊ ယခင်က မကြုံဖူးသည်များကို အံ့ဩဘနန်း တွေ့ကြုံခဲ့ဖူး ခဲ့သည်။

လိုင်းကားဆိုသည်က လူပေါင်းစုံ စီးနင်းလိုက်ပါသော အများပိုင်ကားတစ်မျိုး မဟုတ်ပါလား။ လိုင်းကားပေါ်မှာ ကျိုကျိုတက် ဘောစိကြီး ပါလာဖို့ရာ မသေချာပေမဲ့ တလေကာချေ ပေါက်လွှတ်ပဲစားတွေ ပါလာနိုင်သည်ကတော့ (၉၉)ရာခိုင်နှုန်းမက သေချာ၏။ သူတော်ကောင်းပုဂ္ဂိုလ်မြတ်များ ပါလာနိုင်သလို သူယုတ်မာအကြံသမားတွေ စီးနင်းလိုက်ပါနိုင်သည်။ ဒါကိုတော့ မြတ်နုအနေဖြင့် သေချာပေါက်သတိပြုမိရမည်။ သတိပြုမိဖို့လိုသည်။ သတိမထားမိလျှင် ပါသွားလိမ့်မည်။

⍟

မြတ်နုက လိုင်းကားအတွေ့အကြုံ နှံ့စပ်ပြည့်စုံသည်ဟု ဆိုခဲ့ခြင်းမှာလည်း အကြောင်းရှိပါ၏။ လူလည်အကြံသမားကို သတိမထားမိသဖြင့် မိအေးနှစ်ခါနာ ဖြစ်ခဲ့ဖူးသည်ပဲတဲ့။ မြတ်နုဘဝ ဆိုးလှပါသည်ဟု ငိုချင်းညည်းရမလို။ အများနည်းတူ သုံးချင်လှန်း၍ ရိုစခဲ့စုလာစာလေးဖြင့် စုဆောင်းဝယ်ယူထားသော ဟန်းဖုန်းကို ခါးပိုက်နှိုက်တာ နှိုက်သွားခဲ့သည်။ တစ်ကြိမ်တစ်ခါတည်းလည်း မဟုတ်၊ နှစ်ကြိမ်နှစ်ခါတိတိ။ သည်တော့ လိုင်းကား၏သဘာဝကို မြတ်နု အနည်းအပါးတော့ သဘောပေါက်လာခဲ့ပြီ။ သတိထားတတ်လာပါပြီ။

"ညီမရေ - ဒီမှာ လာထိုင်လေ"

မတ်တတ်ရပ်သူမရှိသလောက်ဖြစ်သည့်ချောင်ချိချိကားပေါ်မှာရပ်နေသူမြတ်နုကို အန်တီကြီးတစ်ယောက်က လှမ်းခေါ်သည်။ သူမနှင့် တစ်ယောက်ကျော်မှာ နေရာလပ်နေသဖြင့် လာထိုင်ရန် ဆိုလိုခြင်းဖြစ်၏။ အန်တီကြီးက လက်ယပ်လှမ်းခေါ်နေသောကြောင့်သာ အားနာပါးနာဖြင့် မြတ်နုဝင်ထိုင် လိုက်ရသည်။ ထိုင်တော့ မထိုင်ချင်။ ထိုင်ခုံက သက်သောင့်သက်သာ မရှိ။

မြန်မာနိုင်ငံရှိအထူးကားမဟုတ်သော ရိုးရိုးလိုင်းကားတို့၏ ထုံးစံအတိုင်း မူလ[illegible] ထိုင်ခုံများကို ဖြုတ်ကာ သစ်သားခုံတန်းများကို ကားနံရံတွင် တစ်ဖြောင့်တ[illegible]တပ်ဆင်ထားခြင်းဖြစ်သည်။ ထိုင်ရသူမှာ ကိုင်စရာမရှိ။ ခြေထောက် တင်စရာမရှိ။ အရပ်ပုသူတို့အဖို့ အလိုလိုနေရင်း အောက်ခြေလွတ်ရပြီ။ တခြား စရီးသည်များနှင့်ယှဉ်သော် မြတ်နု၏ နေရာက ကံကောင်းပါသေးသည်။ ဘယ်ဘက်ခြမ်း[illegible]ည်းဖြစ်၊ အစွန်ဆုံး

www.burmeseclassic.com

လည်း ဖြစ်၍ နံဘေးရှိ ဘုန်းကြီးများအတွက် ရည်စူးထားရှိသော လက်ကျန်ဆိုဗာ ထိုင်ခုံ၏ နောက်မှီကို အားပြုဆွဲကိုင်ထားနိုင်သဖြင့် တော်သေးသည်ဟု ဆိုရမည်။ ထိုကဲ့သို့ အော်ရဂျင်နယ်ဆိုဗာထိုင်ခုံက တစ်ကားလုံးမှာမှ (နှစ်ယောက်ထိုင်)နှစ်ခုံတည်း ရှိသည်ပဲလေ။

ကားက အစပိုင်းတွင်အလောသုံးဆယ်နိုင်သလောက်အပိုင်း(မှတ်တိုင်)နားသို့ ရောက်သည့်အခါ၌ တဖြည်းဖြည်းနှေးနှေးလာသည်။ ပြိုင်စရာလိုင်းကား ရှားသွားလို့ ဖြစ်မည်ဟု မြတ်နု တွေးမိသည်။ အပိုင်းမှတ်တိုင်တွင် အကြာကြီးရပ်ကာ လူစောင့်နေ၏။ မြတ်နုလည်း အရေးကြီးကိစ္စမရှိသဖြင့် ခပ်အေးအေးပင် နေမိသည်။ ဟိုဟိုသည်သည်ငေးကာ တွေးချင်ရာ တွေးနေမိသည်။ သတိလက်လွတ်ဖြင့် အပြင်သို့ ငေးကြည့်နေစဉ်မှာပဲ တစ်စုံတစ်ခုကို တွေးလိုက်မိ၍ လူက ပြာသွားသည်။

"ဟယ်တော် ..."

အာမေဋိတ်သံ ခပ်တိုးတိုးက မြတ်နု၏နှုတ်မှ ထွက်ကျသွားသည်။ ချက်ချင်းပဲ ရှော့ရဲရဲလွယ်ထားမိသော ဆလင်းဘတ်အိတ်ကို ပေါင်ပေါ်သို့ ဆွဲတင်လိုက်မိ၏။

"တော်ပါသေးရဲ့ ဘာမှပါမသွားသေးလို့"

အိတ်ကို မသိမသာဖွင့်၊ ဖုန်းဆက်မလိုလို ဘာလိုလိုလုပ်ရင်း ပစ္စည်းစုံ၊ မစုံ စစ်အပြီးကျမှပဲ လူမသိအောင် သက်ပြင်းရှည်ကြီးချရင်း စိတ်သက်သာသွားရသည်။ ခုနစ်ကတော့ မြတ်နု မေ့မေ့လျော့လျော့ နေလိုက်မိသည်မဟုတ်လား။

မနေ့ညက ကြားခဲ့ရသည့် ညီမလေး၏ စကားများကို သတိရမိလိုက်၍ ယခုလို မြန်ပြီးပျာပျာ ဖြစ်သွားရခြင်းဖြစ်သည်။ ယခုရက်ပိုင်း ခါးသမားတွေ သောင်းကျန်းနေသတဲ့။ စပယ်ယာအချင်းချင်းပြောနေသည့်သတင်း။ ထိုအကြောင်းကို သူက ကြားပြီး အစ်မဖြစ်သူ မြတ်နုကို စိတ်ပူကာ သတိပေးစကား ပြောခဲ့ခြင်းဖြစ်သည်။ သည်တစ်ခါတော့ အပါမခံနိုင်။ ဟန်းဖုန်းအသစ်လည်း ထပ်မဝယ်နိုင်တော့သဖြင့် ဆလင်းဘတ်အိတ်ကို ရင်ခွင်ထဲမှာ ကျစ်ကျစ်ပါအောင် ပိုက်ထားလိုက်သည်။ ဒါဆို - ဘယ်သူ နိုက်နိုင်ပါအံ့။

⍟

လိုင်းကားစီးနေသူ၏ ထုံးစံဟု ဆိုရမလား။ မြင်မြင်သမျှနောက် စိတ်တို့က မြန်လွင့်သွားနေသည်။ အပိုင်းမှနေ ကားအထွက် ကားပေါ်မှာ လူမတော်ပြည့်



www.burmeseclassic.com

www.burmeseclassic.com

ကျပ်နေပြီ၊ ထိုင်စရာထိုင်ခုံ မရှိတော့၊ လူတော်တော်များများ မတ်တတ်ရပ်နေကြ၏။ မြတ်နု၏ရှေ့မှာလည်း လူက သုံးယောက်လောက် ပူးပူးကပ်ကပ်၊ မြတ်နုလည်း လူတွေ၏ မျက်နှာများကို စိတ်ကူးပေါက်သလို လျှောက်ကြည့်နေမိပြီ။

ပထမတွေ့လိုက်ရသည့်လူက ခပ်ငယ်ငယ်အမျိုးသားတစ်ယောက်၊ သူက ဆိုဖာ ထိုင်ခုံ၏ ကျောမှီကို ဆွဲကိုင်ကာ ကားရားကြီး ရပ်နေသည်၊ လူပုံစံက ထောင့်မကျိုး မျက်နှာပိုးကလည်း မသေ၊ ဝက်ခြံအပြည့်နှင့် သူ့မျက်နှာက နာဘူးသမားမှန်း သိသာ သည်၊ မြင်မြင်သမျှ ဣတ္ထိယတို့ကို အငမ်းမရကြည့်လျက်ရှိသည်၊ သူက သံဃာတော် များ ဦးစားပေးပါဆိုသော ထိုင်ခုံနှင့် အနီးဆုံးမှာ ရပ်နေ၏။

ဒုတိယတစ်ယောက်မှာ သန့်သန့်ပြန့်ပြန့်ဟု ဆိုရမည်၊ လည်ခေါင်းတုံး အင်္ကျီ လက်ရှည်နှင့် ပုဆိုးနီညိုကို ဝတ်ဆင်ထားသည်၊ ဘုရားသွား၊ ကျောင်းတက်မည့်ပုံစံ၊ လူပုံက ထွားထွားကျိုင်းကျိုင်း တည်တည်ခန့်ခန့်၊ အသက် (၃၀) ဝန်းကျင်အရွယ်ခန့် ရှိလိမ့်မည်၊

တတိယတစ်ယောက်မှာ အမျိုးသမီးငယ်တစ်ဦး၊ သူမက ဈေးသည်ဟု ထင်ရ၏၊ ထုံချည်ခပ်တိုတိုကို တပိုတရို ဝတ်ထားပြီး ဆံပင်များမှာလည်း ဖြီးသင်ချိန်မရသဖြင့် ဖြစ်သလို ထုံးဖွဲ့ထားပုံရသည်၊ မျက်နှာမှာ မိတ်ကပ်၊ နှုတ်ခမ်းနီတို့ မဆိုထားနှင့် သနပ် ခါးသင် ခရို၊ အဝတ်အစားတို့မှာ နွမ်းလျှနေ၏၊ သူမကို ငေးမောကြည့်ရင်း မြတ်နု၏ ရင်ထဲ ဝမ်းနည်းသလိုလို စိတ်မကောင်းသလိုလို ခံစားလာရသဖြင့် မျက်နှာကို တစ် ဖက်သို့ လွှဲပစ်လိုက်သည်၊

ဘာပဲပြောပြော၊ မြတ်နု၏ဘဝက အဆင်ပြေသည်ဟု ဆိုရမည်၊ ငွေကို ရေလို မသုံးနိုင်ပေမင့် စားလိုရာစား၊ သင့်လျော်သလို ဝယ်ခြမ်းဝတ်ဆင်နိုင်သည်၊ မနက်ဖြန် အတွက် စိုးရိမ်ပူပန်စရာမလို၊ ကုမ္ပဏီက တာဝန်ပေးသမျှကို တတ်နိုင်သလောက် ကြိုးစားလုပ်ရင်း စိတ်ချမ်းချမ်းသာသာ နေထိုင်နိုင်သည့်ဘဝ၊ သို့ပေမဲ့ စောစောက အချိန်အထိ စိန်လက်စွပ် ဝယ်မဝတ်နိုင်သည့်အတွက် တနုံ့နုံ့ ကြေကွဲနေခဲ့မိသည်၊ သူများတကာလို စိန်နားကပ်မဝတ်နိုင်၍ မျက်နှာငယ်လိုက်တာဟု အထင်မှား ခဲ့ သည်၊ ယခုများကျ ထိုမိန်းမနှင့်ယှဉ်လျှင် မြတ်နု၏ဘဝက အပုံကြီး စိတ်ချမ်းသာ စရာပင်၊

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com

အတွေးထဲမှာ နစ်မြောနေတုန်း တစ်စုံတစ်ရာသော အထိတွေ့တစ်ခုကြောင့် ြတ်နု လန့်သွားခဲ့သည်။ ဖျတ်ခနဲ ငုံ့ကြည့်လိုက်တော့ ဘာမှမရှိ။ ဘာကိုမျှ မတွေ့ရ။ ဘယ်လိုပါလိမ့်။

ဖဝေဖဝါဖြင့်ပတ်ဝန်းကျင်မှလူများကိုမသက်သာသလိုဝေ့ဝဲအကဲခတ်လိုက်တော့ အလုံး၏ပုံစံတွေကလည်း တုံကျိုဘာဝေ။ မြတ်နု၏ သံသယမျက်လုံးများက သူတို့ ငလားလားမျှမဆိုင်သလို။ အင်းလေ – ဟုတ်တော့လည်း ဟုတ်တာပါပဲ။ ပစ္စည်းပင် ပျောက်သေးဘဲငရဲရောက်ရမည့်ကိန်း။ သို့ပေမဲ့ မြတ်နု သိသည်။ ထိုအထိအတွေ့ကို ြတ်နု ကောင်းကောင်းကြီးသိသည်။ မြတ်နုက အတွေ့အကြုံမရှိသူမှမဟုတ်ဘဲ။ ကြိမ်နစ်ခါတိတိ ထိဖူးသည့်သူလေ။

စောစောကအတွေးပေါင်းစုံနှင့်ဝေးငိုင်နေတုန်းမြတ်နု၏လက်ကိုတစ်စုံတစ်ရာ ဆတ်ခနဲ လာထိသည်။ ထိုတစ်စုံတစ်ရာက ဘာဆိုတာ မြတ်နု သိသည်။ သတ္တဝါ တစ်ကောင်၏အသား။ လူတစ်ယောက်၏ လက်ဖဝါး သို့မဟုတ် လက်ချောင်းများ။ သံသယစိတ်ကူးများဖြင့် အနီးဆုံးကလူကို မြတ်နု မော့ကြည့်လိုက်သည်။

ဘုရားသွားကျောင်းတက်ပုဂ္ဂိုလ် ဒါမှမဟုတ် ဒုတိယလူ။

သူက မြတ်နု၏ရှေ့မှ မားမားကြီးရပ်နေသည်။ သူ့ခန္ဓာကိုယ်က ထွားချ်မြတ်နု၏ တစ်ပြင်လုံး သူတစ်ယောက်တည်း ရပ်ရုံဖြင့်ပြည့်နေပြီ။ သူ့ပုံစံက စောစောက ဆိုခဲ့ ည့်အတိုင်း သန့်သန့်ပြန့်ပြန့်ရယ်။ နောက်ပြီး သူ့လက်သာဆိုလျှင်မြတ်နု မြင်ရမည် အနည်းဆုံး လှစ်ခနဲပဲဖြစ်ဖြစ်၊ ရိပ်ခနဲပဲဖြစ်ဖြစ် မြတ်နု မြင်လိုက်မည်မှာ အသေ ချာ။ ယခုများကျ သိသာသိ၏။ မမြင်မိ။

သူ ဟုတ်လိမ့်မည်မထင်ပါ။ သူ့လက်နစ်ဖက်လုံး တစ်ဖက်မှ မအားပေ။ လက် တစ်ဖက်က အပေါ်က တန်းကို ဆွဲကိုင်ထားပြီး ကျန်တစ်ဖက်ကလည်း ဆိုဖာထိုင်ခုံ၏ ချာမှီကို အားပြုထားသည်။ အကယ်၍ သူသာ ဆလင်းဘတ်အိတ် ပိုက်ထားသည့် မြတ်နု၏လက်ကို လာထိခတ်မည်ဆိုလျှင် သေချာပေါက် မြတ်နု မြင်ရမည်။ ရိပ်ခနဲပဲ ဖြစ်စေ၊ လှစ်ခနဲပဲဖြစ်စေ။ အင်း – သူ မဟုတ်နိုင်ပါဘူးဟု မြတ်နု တစ်ထစ်ချ ယုံလိုက် သည်။ ဒါဆို ဘယ်သူလဲ။

ကားပေါ်မှာလူများကပြည့်ကြပ်နေသည်။ သို့သော်ဝေးဝေးလံလံက ရောက်လာတော့ ြတ်နုထံသို့ ရောက်လာနိုင်လိမ့်မည်မဟုတ်။ မြတ်နုကို လာထိသူက အနီးဆုံးလူ ယောက်တည်းက တစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com

"အို - ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ၊ မတော်တဆလားမှ မသိတာ၊ ထဲ အကြီးခံပြီး လျှောက်တွေးမနေတော့ပါဘူး"

ပထမ၊ ဒုတိယ၊ တတိယတို့၏မျက်နှာများကိုအကဲခတ်ရင်း သံသယရှုဝေလျက် ရှိသော ကိုယ့်စိတ်ကိုယ်ပဲ နှစ်သိမ့်ဆုံးမလိုက်သည်။ ထင်းထင်းကြီးပေါ်လျက်ရှိသည့် နီတာရဲဆလင်းဘတ်အိတ်ကိုပဲ တိုးလို့ဖက်ထားလိုက်သည်။

ကားကြီး၏နေးကွေးလေးလံပုံက ကမ္ဘာလိပ်ကြီးအလားတင်စားရမတတ်၊ အင ပိုင်းက တက်သုတ်ရိုက်သလောက် တဖြည်းဖြည်းနေးနေးလာလိုက်ပုံမှာ ပြေးလိုက် ၍မှပင် ရတော့မည်။ မြတ်နုမှာလည်း တော်တော့်ကိုပျင်းရိလာပြီ။ ကားကချည်းနေးနေ သလားဆိုတော့ မဟုတ်။ လမ်းတွေက အတော်ပိတ်သည်၊ နီးနီးနားနား မီးပွိုင့်နှစ်ခ ကြားဆိုလျှင် လွတ်စရာ အကြောင်းမရှိ၊ ထိုနေရာများမှာပင် နာရီဝက်ခန့်ကြာသည်၊ ထိုသို့ ငေးငိုင်ပျင်းရိနေခိုက် မြတ်နုအဖို့ အံ့ဩဘနန်းသင့်စရာ၊ စိတ်နလုံး နှောက်တို့ ဖွယ်ရာအဖြစ်အပျက်တစ်ခုက လက်ငင်းဆိုသလို ဖြစ်ပွားခဲ့၏၊ မိနစ်ပိုင်းအတွင်း ဖြစ်ပျက်သွားခဲ့ခြင်းဖြစ်သည်၊

"အန်တီ - အန်တီ - ဘုန်းကြီးကြွလာတယ်၊ ကုသိုလ်ယူလိုက်ပါဦး"

မြတ်နုတစ်ယောက် ပျင်းပျင်းရိရိနှင့် တဝါးဝါး သမ်းနေမိတုန်း ထိုစကားသံကို ကြားလိုက်ရသည်၊ ဆိုလာသူက မြတ်နု၏ ရှေ့မှ ဘုရားဒကာ၊ သူက ဆိုဇာထိုင်ခုံ အရှေ့သမီးကြီးကို လှမ်းအော်လိုက်ခြင်းဖြစ်သည်၊

ထိုစကားကြောင့် မြတ်နုပင် သူ့ကို အားနာသွားမိပြီ၊ သူက မြတ်နု ထင်သလို ကြောင်သူတော်ကြွက်သူခိုးမဟုတ်ဘဲ သူ့ပုံစံအတိုင်း ဘုရားတရား သိတတ်သူ တစ် ယောက်ဖြစ်မည်၊ ထိုသို့တွေးရင်း ရှေ့ဘက်ခြမ်းသို့ ဆက်ကြွသွားသော သံဃာတော် ကိုငေးကြည့်နေစဉ်မထင်မှတ်စရာအဖြစ်အပျက်တစ်ခုကမြတ်နု၏ရှေ့မှာပဲဖြစ်ပျက် သွားခဲ့သည်၊

"ဟယ်တော် ..."

အံ့ဩလွန်းသဖြင့် မြတ်နု၏နှုတ်ကပင် ရေရွတ်လိုက်မိ၏၊ ဘယ်လိုလူပါလိမ့်၊ ဘုန်းဘုန်း ကြွလာခိုက်မှာပဲ အမျိုးသားကြီးတစ်ယောက်ကလည်း နေရာဖယ်ပေး သည်၊ အမျိုးသမီးကြီးကလည်း တစ်ပြိုင်နက်ဆိုသလိုနေရာထပေးသည်၊ ဘုန်းဘုန်း က အမျိုးသားကြီးဖယ်ပေးသည့်နေရာတွင် သီတင်းသုံး (ဝင်ထိုင်) လိုက်သည့်အခိုက်

www.burmeseclassic.com

ဆီမဆိုင် ဟိုလူကန့်လန့်က အမျိုးသမီး ဖယ်လိုက်သည့်နေရာ၌ ဝင်ထိုင်လေ၏။ အတယ့်ကို အံ့ဩစရာ၊ စက်ဆုပ်ရွံမုန်းစရာ။

နေရာဖယ်ပေးသည့်အမျိုးသမီးကြီးက ဝေးဝေးလံလံသို့ မသွားပါ။ ထိုထိုင်ခုံ ခုံအားတွင်သာ မတ်တတ်ရပ်နေခြင်းဖြစ်သည်။ သို့သော် ထိုအတ္တသမား သန်သန် မာမာယောကျ်ားသားက အမျိုးသမီးကြီး၏နေရာတွင် ဖွတ်အတင်းဝင်ထိုင်နေသည်။ အထုပ်အပိုးများနှင့် ထိုအမျိုးသမီးကြီးကို တစ်ချက်ပင် မငဲ့ညှာ၊ တစ်ချက်တောင် အားနာ၊ အထုပ်အပိုးများကို ကူဆွဲပေးခြင်းလည်း မရှိ၊ ထိုင်ခုံမှာ ဒူးတနန့်နန့်ဖြင့် ဝင်ထိုင် နေ၏။

"အံ့ပါရဲ့တော် – ဘုန်းကြီးအတွက် ဖယ်ပေးတာကို သူ့အတွက် ဖယ်တာ ကျနေ တာပဲ၊ မရှက်တတ်လိုက်တာ၊ ကိုယ့်အမေအရွယ်လောက်ကိုတောင် အားမနာ"

မြတ်နကို လာထိုင်ရန် ပြောခဲ့သော အန်တီကြီးထံမှ ထွက်ကျလာသည့် စကား။ မြတ်နလည်း ဘာကိုမှ ပြောမထုတ်ပေမဲ့ စိတ်ထဲမှာတော့ စကားလုံး အပြည့်၊ နောက် ပြီး ထိုသို့ နေရာအတင်းဝင်လုသည့်တစ်ယောက်ကလည်း တခြားမှမဟုတ်ဘဲ စော စောကတင် မြတ်နရှေ့မှာ မတ်တတ်ရပ်သွားခဲ့သော ဝက်ခြံထူထူနှင့် ပထမလူ၊ ညော် – သို့ကြောင့်လည်း လူ့စိတ်ရင်းကို အပေါ်ယံ ကြည့်ရုံဖြင့် မသိနိုင်ခြင်း မဟုတ် ပါလား။

ငါးမိနစ်၊ ဆယ်မိနစ် အချိန်ကြာမြင့်သွားပေမဲ့ စောစောကအဖြစ်အပျက်နှင့် ပတ်သက်၍ အတွေးက သံသရာမပြတ်၊ ဘယ်လိုယောကျ်ားပါလိမ့်၊ ကျမ်းဂန် စာပေ အရဆိုလျှင် ယောကျ်ားတို့ဟာ မြင့်မြတ်သည့်စိတ်ထားရှိသူများ မဟုတ်ဘူးလား၊ မိန်းမတို့ကို သိမ်နုတ်သည်၊ အတွေးညံ့သည်ဟု ဆိုခဲ့ကြပေမယ့် တကယ့်တကယ် ဘမ်း မျက်မှောက်မြင်ကွင်းမှာကျ ကျားသဘာဝက ကျမ်းဂန်ထဲကနှင့်မတူ၊ ယနေ့ ခေတ်မှာဆို ပိုဆိုးလာသည်၊ အမျိုးသမီးတို့နှင့် တန်းတူ ရန်ဖြစ်ကြသည်၊ နေရာ လုကြသည်၊ မိန်းမတွေက တန်းညှိလာကြလို့ဟုဆိုပေမယ့် သဘောထားကြီးမြတ်သူ တွေက သူတို့ပါဟုဆိုခဲ့ကြသော ယောကျ်ားမြတ်တို့ပီပီ မိန်းမများအပေါ် ငဲ့ညှာ ထောက်ထားသင့်သည်၊ နမချင်း ကိုယ်ချင်းစာ နာသင့်သည်၊ စသည် စသည်ဖြင့် ဟိုဟိုသည်သည်အတွေးနယ်လွန်နေမိ၏၊ ကိုယ့်ကိစ္စပဲမတွေး၊ သူတစ်ပါးအကြောင်း အထိ လျှောက်စဉ်းစားကာ ငိုင်တွေနေမိ၍လည်း ခ – ခါ – ခါးတို့၏ တာဂတ် (target) အားမှုကို မြတ်န စံခဲ့ ရခြင်းပင် ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ..."

မြတ်နု၏စိတ်ထဲမှ ထိုသို့ အာမေဋိတ်ပြုရင်း အောက်ဘက်သို့ ဖျတ်ခနဲ ငုံ့ကြည့်လိုက်မိသည်။ မြတ်နု၏လက် တစ်ဖက်ကို တစ်စုံတစ်ရာ လာရောက်ထိတွေ့မှု သိလိုက်၍ ချက်ချင်းဆိုသလို ငုံ့ကြည့်ပစ်လိုက်သည်။ မသေချာမရေရာဘဲ သို့ သို့လော မတွေးတော့၊ အတိအကျ အမှီအရဖြစ်အောင် လက်ငင်းဖမ်းပစ်မည် တေးထားလိုက်ပြီပဲ လေ။

"အယ်တော် ..."

မြင်တွေ့လိုက်ရသည့်အရာက မြတ်နုကို တော်တော်အံ့ဩသွားစေပါသည်။ မြင်မြင်ချင်း ဟုတ်မှဟုတ်ရဲ့လားဟု သံသယဝင်မိပေမယ့် နီးနီးကပ်ကပ် တွေ့မြင်လိုက်ရခြင်းဖြစ်၍ မယုံမရဲပင် လက်ခံလိုက်ရသည်။

မြတ်နု တွေ့မြင်လိုက်ရတာက လက်တစ်ဖက်ပါ။ သို့သော် သမရိုးကျ မြင်တွေ့နေရသည့်လက် မဟုတ်ပုံ။ ပုံမှန်မဟုတ်သော၊ နေရာမှန်မဟုတ်သော လက် တစ်ဖက်၊ အဲသည့်လက်က လူတစ်ယောက်၏ လွယ်အိတ်အောက်မှ လှစ်ခနဲ ထွက် ပေါ်လာခဲ့ခြင်းဖြစ်သည်။ မြတ်နု ငုံ့ကြည့်လိုက်သည့်အခိုက်မှာပဲ လွယ်အိတ်နောက် သို့ လှစ်ခနဲ ပြန်ပျောက်သွားခဲ့၏။ လွယ်အိတ်အောက်ကနေ တစ္ဆေတစ်ကောင်လို မှောင် ထဲက ထွက်လာတတ်သည့် လက်တစ်ဖက်၊ လက်မည်းမည်းတစ်ဖက်။

⍟

မြတ်နု သဘောပေါက်လိုက်ပြီ။ ခါးသမားများ ဘယ်လိုနှိုက်စားနေသလဲ ဆိုတာ ကို ရှိုးတိုးရိပ်တိတ် သိမြင်လိုက်ပြီမို့ နည်းနည်းလည်း အံ့ဩသွားမိသလို တော်တော် လည်း စိတ်ပူသွားမိသည်။ မြတ်စုက သမရိုးကျရောက်ရှိလာလိမ့်မည်ဟု ယုံကြည် ထားမိသော ခါးပိုက်နှိုက်၏ လက်တစ်ဖက်သည် ထင်မှတ်မထားသောနေရာက ပျောက် သွားခနဲ ထွက်ပေါ်လာခဲ့ခြင်းမဟုတ်ပါလား။ သူ့လက်ထဲမှာ ဘာမှပါမသွားမှန်း မျက်စိ မြင်လိုက်ရပေမဲ့ ကိုယ့်ဟာကိုယ် ဥစ္စာခြောက်သွားမိသည်။

ဆလင်းဘတ်အိတ်ကို မသိမသာ ငုံ့ငဲ့ကြည့်ကာ ဖုန်းမြည်သလိုလို ဘာလိုလို လုပ်ရင်း စစ်ဆေးရသည်။ တော်ပါသေး၏။ မြတ်နု၏ ဟန်းဖုန်းလေးက အိတ်ထဲ မှာ မှေးစက်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com

"အင်း – ပိုက်ဆံကလည်း သုံးထောင်လောက်ပဲပါတယ်။ လစာကလည်း မထုတ်ရသေးဘူး။ ဩော် – ငါ့ဘဝက "ဗာဝေး" လောက်ပဲ ကိုင်နိုင်ပါလား။ အေးပေါ့လေ။ ကုမ္ပဏီဝန်ထမ်းက လစာမှမများပဲကို။ ဒီပိုက်ဆံအိတ်မျိုးတောင် သူငယ်ချင်းတွေစုပြီး လက်ဆောင်ဝယ်ပေးလို့ ကိုင်နိုင်တာ"

ဟန်းဖုန်းကို ပိုနှိပ်သည် နှိပ်လုပ်ရင်း မြတ်နု၏ပါးစပ်က ထိုစကားများကို အရှုံးတစ်ယောက်လို တရစပ် ရေရွတ်ပြောဆိုနေသည်။ မြတ်နု၏အခြေအနေမှန်ကိုအိတ်နှိုက်ရန်၊ သို့မဟုတ် အိတ်ဖောက်ရန် ကြိုးစားနေသူတစ်စု သိရှိသွားစေဖို့အတွက် ထိုသို့ ရေရွတ်နေမိခြင်းဖြစ်၏။ မြတ်နု၏ အဖြစ်အပျက်ကို ဘေးဘီကလည်း ရိပ်မိကောင်း ရိပ်မိကြပါလိမ့်မည်။ သို့သော်လည်း ခါးသမားများက အုပ်စုလိုက် လူပ်ရှားကြမှန်းသိ၍ မည်သူမျှ ဝင်၍ Hero မလုပ်ဝံ့ကြ။

ကမ္ဘာအေးမှတ်တိုင်သို့ ရောက်မှပဲ မြတ်နုလည်း စိတ်ချမ်းသာသွားရသည်။ အဘယ့်ကြောင့်ဆိုသော် ထိုခါးသမားတစ်သိုက် ပြန်ဆင်းသွားကြ၍ဖြစ်၏။ လက်ရှည်အမည်းရောင်ကိုဝတ်လျက် အသားမည်းမည်း၊ ပိန်ချောင်ချောင်နှင့် ဂျလေပီလိုလက်တစ္ဆေက ထိပ်ဆုံးမှ ဆင်းသွားခဲ့ပြီး ဘုရားဒကာ၊ ကျောင်းဒကာကတော့ လူအုပ်၏နောက်ဆုံးမှ ဆင်းသွားခဲ့၏။ သူတို့နှစ်ယောက် တစ်နေရာတည်း ဆင်းသွား၍လည်း တစ်ဖွဲ့တည်းဆိုတာ သေချာသွားခဲ့သည်။ တော်ပါဘိ။ ဟန်ဆောင်ကျွမ်းကြပါဘိ။ ပထမတစ်ချီ လာနှိုက်စဉ်က မြတ်နု ရိပ်မိသွားမှန်းသိသဖြင့် ဘုရားဒကာလို ဝတ်ဆင်ထားသည့်တစ်ယောက်က ဘုန်းကြီးအတွက်ပင် နေရာဖယ်ခိုင်းလိုက်သေးသည်။ အမှန်မှာ သူဟာလည်း မြတ်နု ထင်လိုက်သည့်အတိုင်းပင် ခါးအဖွဲ့ဝင်၊

ယခုမှပဲ သူတို့၏ဗျူဟာကို မြတ်နု ရေးတေးတေး သဘောပေါက်သွားသည်။ သူတို့က ဘေးဘီကနေ လက်ကြီးဆင်းလာခြင်းမျိုး မဟုတ်။ ရှေ့မှာ မထင်ရသူတစ်ယောက်ကို "ကာဘာ" လုပ်ထားပြီး အောက်ကနေ ပုန်းလျှိုးကွယ်ဝှက် နှိုက်ကြခြင်းဖြစ်၏။ မြတ်နုကတော့ ထိုသို့ လုံးဝမတွေးမိသဖြင့် ဘေးဘီကိုသာ ဝေ့ဝဲကြည့်ခဲ့မိသည်မဟုတ်ပါလား။ ကံကောင်းသဖြင့်သာ မိမြတ် သုံးခါမနာခဲ့ရခြင်းပါပေ။ သူတို့တစ်တွေ ဆင်းသွားမှပဲ မြတ်နုလည်း ကံသီ၍ကျန်ရစ်ခဲ့သော မိမိ၏ဟန်းဖုန်းလေးကို တမြတ်တနိုး ကိုင်တွယ် ပွတ်သပ်နေမိပါတော့သည်။ ။

စေတနာရှေ့ထားလျက် ...

⟹ ဂါဦးနွန်းတို

www.burmeseclassic.com

www.burmeseclassic.com

# လက်အိတ်တစ်ဖက်အတွက် သင်္ချိုင်းစောင့် (မြင်း၆)



www.burmeseclassic.com

www.burmeseclassic.com

## အသက်ကြီးသည့်တိုင်အောင် မကောင်းမှုဒုစရိုက်အပေါ် စွန့်လွှတ်နောင်တရလိုစိတ်မရှိသေးသည့် လူမိုက်တစ်ယောက်အကြောင်း

သူ့ထံ ရောက်လာသော စာအိတ်ပေါ်မှ လက်ရေးကို ကြည့်လိုက်သည်နှင့် မည်သူ့ဆီက စာဆိုသည်ကို မိုးဟိန်းက သိလိုက်ပြီးဖြစ်သည်။ တစ်ဖန် အတွင်းစာရွက်ပေါ်မှ စာကြောင်းများကိုလည်း ဖွင့်မဖတ်ဘဲ သိထားပြီးလည်းဖြစ်နေပြန်သည်။ ဟုတ်ပါသည်။ သည်လိုစာတွေက သူ့ထံ ရောက်လာခဲ့သည်မှာ မနည်းမနောပင် ရှိခဲ့ချေပြီပေ။ ပြောရလျှင် လူတစ်ယောက်၏ အတိတ်ကာလဆီက ဆိုးမိုက်မှားမှုများအပေါ် အနိုင်ယူ ချိန်းခြောက်ခဲ့ခြင်းတားစင်စစ်သရဲဘောနည်းခြင်းမျှသာဖြစ်သည်ဟု မိုးဟိန်းက ယူဆထားသည်ပဲလေ။

မိုးဟိန်းငယ်စဉ်ဘဝ အရွယ်ရှိစဉ် အတိတ်ကာလကဟုပင် ဆိုရခြိမ့်မည်။ ထိုစဉ်က မိုးဟိန်းမှာ လုယက်တိုက်ခိုက်ဆိုးသွမ်းခဲ့သူတစ်ဦး ဖြစ်ခဲ့ဖူးပါသည်။ ဆိုရလျှင် ဒုစရိုက်မျိုးစုံအား ဝါသနာထုံခဲ့သည်လေ။ သို့သော်ငြားလည်း မကောင်းမှုဟူက ဆိတ်ကွယ်ရာမရှိရာဖဝတ်ဘေးပြေးလို့မလွတ်ဆိုသည့် ဥပဒေစည်းမျဉ်းများအရ မိုးဟိန်းမှာ အကျဉ်းထောင်အတွင်း သက်ဆင်းကျရောက်ခဲ့သည်မှာ (၇)နှစ်တာကာလ၏ ဟိုမှာဘက်တွင် သီသီပင်စွန်းခဲ့ချေပြီလေ။ လူမိုက်တို့၏ သွားရာလမ်းဖြစ်သည့် အကျဉ်းစခန်းဆိုသည်ကလည်း လူလိမ္မာ လူတော်လူကောင်းလူ့ပညာရှိတို့ဖြင့် သွေဖီရာ

www.burmeseclassic.com

www.burmeseclassic.com

လူတွေနှင့် ကွေကွင်းရာအဆောက်အအုံသာ ဖြစ်ပါချေ၏။ အကျဉ်းထောင်အတွင်း ရောက်လာတော့လည်း သူတော်အရှင်းရှင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်သရွေ့ ဆိုဘိသို့ မကောင်းမှု ကျူးလွန်သူတို့၏ဖြစ်ရပ်အနိဋ္ဌာရုံ ဒုက္ခဘုံကြီးအတွင်းဝယ် တွေ့ဆုံကြရာသည့် အဖြစ်မျိုးသာ ဖြစ်ပါသည်။

အကျဉ်းထောင်အတွင်း ရောက်ခဲ့ကြသည်ဆို လျှင်ပင် တစ်ယောက်အကြောင်း တစ်ယောက်အား မသိရှင်အဆုံး ကြားသိခဲ့ရသည်သာ။ ပြစ်မှုကြွေးအား ချွေးဖြင့် ဆပ်ခဲ့ရသော မိုးဟိန်းမှာ ထောင်မှလွတ်လာသည်နှင့် လူကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစားခဲ့သည်လေ။ ထို့ကြောင့် သူငယ်စဉ်က တတ်ကျွမ်းခဲ့သော ပန်းထိမ်ပညာဖြင့် ကောင်းရာကောင်းကြောင်း အသက်မွေးဝမ်းကျောင်းပြုလုပ်ရင်း စိန်ကျောက်အရောင်းအဝယ် ပြုလုပ်ခဲ့ရင်းဘဝသစ်အား ပြုပြင်လုပ်ဆောင်ခဲ့လေသည်။

သို့ပေမဲ့ သူ၏ အတိတ်အားတူးဖော် ကြောင်သူတော် ထောင်ကျအရှင်းရှင်း အကောင်းသတင်းအား အရောင်းအဝယ်လုပ်မည့် သကောင့်သားတစ်ယောက် ပေါ်ပေါက်လာတာ သူ့အား ခြိမ်းခြောက်အကျပ်ကိုင်၍ အနိုင်ယူခြင်းဖြင့် ငွေတောင်းဆိုနေခြင်းက မိုးဟိန်း၏ ရှေ့ဆက်နေသည့် ဘဝရှေ့ရေးအတွက် ဒုက္ခပေး အနှောင့်အယှက် ဖြစ်နေသည်မှာ ကြာခဲ့ချေပြီကော။ ထိုအနှောင့်အယှက်အတွက် မိုးဟိန်း ပေးဆပ်ခဲ့ရသည့် ငွေကြေးတွေမှာလည်း မနည်းမနော ရှိခဲ့ချေပြီ။ သူ၏ အတိတ်က ဖြစ်ရပ်အတွက် ပေးခဲ့ရသည့်ဒဏ်အား မိုးဟိန်း မခံမရပ်နိုင်အောင် ဖြစ်ခဲ့ရသည်မှာလည်း ကြာခဲ့ပေသည်။ ပြစ်မှုကြွေးဒဏ် ချွေးဖြင့်ဆပ်ခဲ့ရပြီးနောက် လူကောင်းတစ်ယောက်အဖြစ် ကြိုးစားလုပ်ကိုင်ခဲ့ပါမှ သူ၏ အတိတ်မှ သမိုင်းအကြွေးအား ဆင့်ကဲဆင့်ကဲ မပြတ်ငွေတောင်းခံနေသည်ကိုမူ မိုးဟိန်း ခံနိုင်စွမ်း မရှိပါလေတော့။

ထိုရောအခါ ဘဝကို ပြုပြင်ပြောင်းလဲ လူကောင်းဖြစ်အောင် ကြိုးစားနေဆဲ သူခိုးထက် သူဝှက်လှဆိုသလိုပုံစံမျိုးဖြင့် သူ့ဘဝအား နောက်ကြောင်းပြန် လမ်းပေါင်းဆီသို့ ပို့လိုက်ဘိသို့ ရောက်ခြင်းမလှ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ရှိနေပါပကော။ ထိုသို့ ဖြစ်နေချိန်ဝယ် မိုးဟိန်းမှာ အချိန်ကာလဖြတ်သန်းခဲ့ရခြင်းဖြင့် နပျိုသည့် အခြေအနေမှ သက်ကြီးရွယ်အိုဘဝသို့ ချဉ်းကပ်နေချေပြီကော။

⍟



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ပြန်လာလို့ အလေ့ကျင့်ခန်းမှာ အနဲ့
ဒီအခန်းထဲ ဝင်ကြည့်လိုက်တော့
အလေးသနေတာကို တွေ့မြင်လိုက်ရလို့
အံ့အားသင့်နေတုန်း တိုက်ပေါ်ကို
လူတစ်ယောက် တက်လာတာ မြင်တာနဲ့
မီးပိတ်ပြီး တုတ်ကိုင်စောင့်နေတာ။ ခင်ဗျာ
အခန်းထဲ ဝင်ရောက်လာခဲ့တာပဲလေ

အချိန်ကာလအားဖြင့် သန်းခေါင်ကျော် ဟိုဘက်တွင် သီသီလေးစွန်းလျက် လူခြေတိတ်သည့် ညဥ့်အလွှာသို့ ရောက်နေခဲ့ပေပြီ။ လမိုက်ရက်မို့ပဲထင့်၊ လူသွားလူလာများက ကင်းရှင်းနေသည်။ ထိုအခြေအနေအားလုံးက မိုးဟိန်းအားအထောက်အကူ ပြုနေဘိသကဲ့သို့ပင် ဖြစ်နေသည်။ ဆိုရလျှင် သည်လိုအချိန်မျိုးဝယ် သူ့အားတွေ့နိုင်မည့် သူတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ဟုလည်း တွေးလိုက်ပါလေ၏။ ထိုအတွေးကြောင့်သူ့ကိုသူ လုံခြုံမှုရှိသလို ခံစားလိုက်ရသဖြင့် အကြောက်တရားတို့မှာ ပျောက်လွင့်ပျယ်ပြက်သည်ဟု ဆိုရချိမ့်မည်။

သူ လုပ်ရမည့် အလုပ်အတွက်ကိုလည်း သူ လေ့လာစုံစမ်းထောက်လှမ်းထားပြီးလည်းဖြစ်သည်။ ပန်းထိမ်ဖိုပိုင်ရှင်ဦးကောင်းမြတ်၏ ဇနီးနှင့် သားသမီးများက နေပြည်တော်သို့ လုပ်ငန်းတစ်ခုဖြင့် ခရီးထွက်သွားကြသည်။ ဦးကောင်းမြတ်တိုက်အတွင်း၌ ကျန်ရစ်သူများက ဦးကောင်းမြတ်နှင့် သူ့သား ရဲမာန်သူက လူငယ်ပီပီ သည်အချိန်မျိုးဝယ် အိမ်ပြန်မရောက်ခဲ့နိုင်ကြောင်း မိုးဟိန်းက သိထားပြီးလည်းဖြစ်သည်။ သည်အချိန်ဆိုလျှင် ဦးကောင်းမြတ်တစ်ယောက်တည်း ရေချိန်ကိုက်နေပြီ။ အခြေအနေနှင့် အချိန်အခါက သူ့တွက် လွယ်မှလွယ်ရယ်လေ။ မိုးဟိန်းက သူ့ခန္ဓာကိုယ်ပေါ်ဝယ် လောင်းကွတ်အင်္ကျီတစ်ထည်ကိုဝတ်ဆင်လာခဲ့သည်။ ရာသီဥတုအခြေအနေက သူဝတ်လာခဲ့သည့် လောင်းကွတ်အင်္ကျီအား မည်သူကမျှ သံသယဖြစ်နေလိမ့်မည်မဟုတ်ဟု တွက်ဆထားပြီးသား ဖြစ်ပါလေ၏

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် လူသူကင်းသောလမ်းအား လျှောက်လာရင်း ဦးကောင်းမြတ်နေသည့်တိုက်အားကာရန်ထားသည့်တိုက်၏အုတ်ရိုးအနီးသို့ပင် ရောက်လာခဲ့တော့သည်။ အခြေအနေသုံးသပ်ပြီးသည်နှင့် အုတ်ရိုးထိပ်ကို အားထည့်ခုန်ကာ လက်များများဖြင့် လှမ်းဆွဲလိုက်ပါလေ၏။ သန်မာနေဆဲ သူ့လက်ချောင်းများက အုတ်ရိုးဆုပ်ကိုင်မိလိုက်သည့်အချိန်မှာပင် သူ၏ ညာခြေတစ်ဖက်အား အုတ်ရိုးပေါ်သို့ ဆွဲတင်လိုက်သည်။ လက်နှစ်ဖက်ခြေတစ်ဖက်က အုတ်ရိုးအားကုတ်အားဖြင့်အားထည့်ကာ သူ၏ခန္ဓာကိုယ်အားဆွဲတင်လိုက်သည်နှင့် သူ့ကိုယ်လုံးမှာ အုတ်ရိုးပေါ်သို့ရောက်သွားလေတော့သည်။ ထို့နောက် တစ်ဖက်အုတ်ရိုးအတွင်းသို့ အသာပင်ခုန်ချလိုက်တော့၏။ ထို့နောက် တိုက်ပေါ်သို့ ဆင်ထားသော ရေပိုက်လိုင်းမှ တစ်ဆင့် အပေါ်ထပ်သို့ လက်ဖြင့်ဆွဲ ခြေဖြင့်ကုတ်ရင်း အပေါ်ထပ်ဆီသို့ တွယ်တက်လာသည်။ ထိုအချိန်ထိ သူ့အတွက် ဘာအခက်မှမရှိ အောင်မြင်ခဲ့သည်ဟုပင်ဆိုရမြိမ့်မည်လေ။ တစ်နည်းပြောရလျှင် သူလုပ်သည့်အလုပ်မှာ အဆင်ပြေနေဆဲ။

ဦးကောင်းမြတ်၏ ရတနာပစ္စည်းများ ထားရာနေရာကိုလည်း မိုးဟိန်းက သိထားပြီး ဖြစ်သည်။ ထိုအခန်း၏ မှန်ပြတင်းတံခါး၏ မှန်ချပ်များပေါ်သို့ ပါလာသည့် ပလာစတာအားတစ်လျှတ် လက်ထဲမှ ဓာတ်မီးဖြင့် ခပ်ဖွဖွထုရိုက်လိုက်လေသည်။ မှန်ချပ်က ကွဲအက်သွားသော်ငြား အတွင်းကား ကွဲကျမသွားပဲ ပလာစတာနှင့် တွဲလျှက်သား ဖြစ်နေတော့သည်။ ပလာစတာအား အသာခွာလိုက်သည်နှင့် မှန်ကွဲများက ပလာစတာဝယ် ကပ်ပါလာပြီး သူ့လက်တစ်ဖက်ဝင်ရုံ အပေါက်တစ်ခု အသွင် ဖြစ်သွားသည်။ သည်တော့မှ မိုးဟိန်းကသူ့လက်တစ်ဖက်အား သွင်းကာ အတွင်းမှ ကလန့်အား ဆွဲဖွင့်လိုက်လေတော့၏။

⍟

စေတ္တမျှ အခန်းတွင်းမှ အခြေအနေအား လေ့လာစောင့်ကြည့်၍ ပြတင်းတံခါးမှ အတွင်းသို့ ခြေဖော့ကာ ခုန်ဝင်လိုက်လေတော့၏။ တိတ်ဆိတ်မှုက သူ့အား အထောက်အကူပြုနေချေသည်လေ။ ပါလာသော ဓာတ်မီးသေးလေးဖြင့် ရတနာပစ္စည်းများ ထားရှိရာအခန်းဆီသို့ ခြေဖော့လာခဲ့သည်။ ပစ္စည်းများ ထားရှိသည့် အခန်းအား ကြီးမားသော အာမစ်သော့က သူ့အား ပြောင်လှောင်နေဘိအလား။ မားမားကြီး တာဝန်ကို ထမ်းစောင်နေသည်ကို တွေ့လိုက်ရပါလေ၏။ သို့ပေမဲ့ မိုးဟိန်း

www.burmeseclassic.com

က ထိုသော့ခလောက်ကြီးကိုပင် ပြန်လှန်အပြုံးဖြင့် တုန့်ပြန်လိုက်ပုံရပါသည်။ အစိပ္ပာယ်က "မင်း – တောင့်တင်းခိုင်မာတယ်ဆိုတာတော့ ပျင်းတောင်ပျင်းသေးတယ်" ဆိုသည့်သဘော။

သူ့တွင် ပါလာသော တန်ဆာပလာများကိုထုတ်လျက် လှုပ်ရှားလိုက်သည်နှင့် နှစ်မိနစ်လောက်အချိန်လေးမှာပင် အာမခံသော့ခလောက်ကြီးက မိုးဟိန်းအား လက်မြှောက်အရှုံးပေး သွားရလေတော့သည်။ ပစ္စည်းများထားရှိရာ အခန်းတံခါး ပွင့်သွားသည်နှင့် အတွင်းသို့ ဝင်သွားလိုက်ပြန်သည်။ အတွင်းခန်းထဲဝယ် မှန်ကောင်တာဖြင့် တည်ခင်းထားသော ရတနာများက သူ၏ လက်နှိပ်ဓာတ်မီးအရောင်အောက်တွင် ပြိုးပြိုးပြက်ပြက်နှင့် သူ့အား မျက်စပစ်ပြနေဘိသို့ပင်။ မိုးဟိန်းက သူ့တွင် ပါလာသော ပစ္စည်းများဖြင့် ထပ်မံကုစားဖွင့်လိုက်ပြန်၏။ ထို့နောက်တွင် သူ့စိတ်ကြိုက် ရတနာပစ္စည်းများကိုသာ ရွေးချယ်ရန်အတွက် သူ၏လက်နှစ်ဖက်တွင် စွပ်ထားသော လက်အိတ်နှစ်ဖက်အားချွတ်လျက် လောင်းကုတ်အင်္ကျီကြီးအတွင်းသို့ထိုးထည့်ထားလိုက်လေသည်။ သူ့အတွက် ရတနာများကို လောဘတကြီး များများစားစား ရယူရန် မလို။ လောဘကြီးလျှင် အခက်တွေ့တတ်သည်မို့ တန်ကြေးကြီး ရတနာအချို့ကိုသာ ရွေးချယ်လျက် သူ့လောင်းကွတ်အင်္ကျီအိတ်ကြီးအတွင်းသို့ထိုးထည့်လိုက်လေတော့၏။

ထိုအခိုက်အတန့်လေးမှာပင် ဖြစ်ပါလေ၏။ တကယ့်ကို တိုတောင်းလှသော မိနစ်ပိုင်းအချိန်လေးအတွင်းမှာပင် ဖြစ်ပါသည်။ မမျှော်လင့်ဘဲ ထိုအခန်းအတွင်း တပ်ဆင်ထားသော လျှပ်စစ်မီး၏ အလင်းရောင်က တစ်ခန်းလုံးဝယ် ထိန်လင်းသွားလေတော့သည်။

⍟

" အော် – ခင်ဗျားက မိုက်မိုက်မဲမဲကို ကြံစီခဲ့ပေတာကိုး။ အမှန်တော့ ဒီလို အခြေအနေမျိုးနဲ့ တွေ့ရလိမ့်မယ်လို့ ကျုပ် မမျှော်လင့်မိဘူး။ ခင်ဗျား ဒီလိုလုပ်တာကို ကျုပ်က ခွင့်လွှတ်သည်းခံမယ်လို့ ခင်ဗျား ထင်နေသလား၊ ဟင် ..."

လျှပ်တစ်ပြက် ထိန်လင်းလာသော မီးရောင်ကြောင့် မျက်လုံးများ ပြာဝေသွားရုံသာမက ဦးကောင်းမြတ်အသံက သူ့နားထဲသို့ မိုးကြိုးပစ်ချလိုက်ဘိသို့ ရိုက်ခတ်စူးဝင်သွားတော့သည်။ မိုးဟိန်း အခြေအနေကို သိလိုက်ရပြီ။ တစ်တက်စား

www.burmeseclassic.com

လည်းကြွက်သွန်၊ နစ်တက်စားလည်းကြွက်သွန်၊ အခြေအနေက မထူးပါလေတော့၊ ထိုအတွေးကို ကြာကြာတွေးတောစဉ်းစားမနေဘဲ ရုတ်တရက်ဆိုသလို ဦးကောင်းမြတ်ဘက်သို့လှည့်ကာ ရင်ဆိုင်လိုက်ရတော့၏။ သူ့လက်ထဲ၌ သော့ဖျက်ဆီးစဉ်က ပါလာသော သံချွန်စူးတစ်ခုက ကိုင်ထားဆဲပင် ဖြစ်သည်။ ထိုသံချွန်ဖြင့် ဦးကောင်းမြတ်၏ရင်ဝသို့ တအားထိုးသွင်းချလိုက်လေတော့သည်။ ဦးကောင်းမြတ်၏ ခန္ဓာကိုယ်ကြီးမှာ "အီး" ခနဲ အသံထွက်ပေါ်လာရင်းယိုင်လဲကျသွားတော့သည်။ ဦးကောင်းမြတ်၏ ရင်ဝတွင် သွေးတွေစီးကျလာသည်မှာ မြင်၍ပင် မကောင်းပါလေတော့။

မိုးဟိန်းက လဲကျသေဆုံးသွားသော ဦးကောင်းမြတ်၏ မြင်မကောင်းသော အလောင်းကြီးအား ငုံ့ကြည့်လိုက်ကာ ...

"ခုလို ဖြစ်သွားတာတော့ မတတ်နိုင်ဘူးလေ၊ သန်းခေါင်ထက်တော့ ညဥ့်မနက်တော့ပါလား၊ သူက ငါ့ကို တွေ့သွားပြီပဲ၊ ဒီလိုမှ မလုပ်ရင် ငါ့မှာ အန္တရာယ်ပဲ၊ ဒီလိုပဲ လုပ်ရမယ်၊ ဟုတ်တယ် - ဒီလိုပဲလုပ်ရမယ်"

သူ့ကိုယ်သူလည်း အားပေးလိုက်သည်၊ ဒါဟာ ငါ့လုံခြုံရေးအတွက် လုပ်လိုက်ရတာပဲလေ၊ နောက်ပြီး ဒီလိုဖြစ်ခဲ့တာကို ဘယ်သူမှလည်း မြင်လိုက်ရတာ မတွေ့သူ၊ နောက်ပြီး ငါ့လို ဝန်းထိမ်လုပ်သား ကျောက်ရောင်းကျောက်ဝယ် လုပ်ကိုင်စားသောက်နေတဲ့ အဘိုးအိုတစ်ယောက်အပေါ် ဘယ်သူမှလည်း ထင်ကြမှာလည်း မဟုတ်ပါဘူး" ဟူသော တရားလက်မဲ့အတွေးများဖြင့် ကျေနပ်စွာပင် သူလာရာလမ်းကြောင်းအတိုင်း မီးခလုတ်ပိတ်ကာ ပြန်ထွက်လာခဲ့လေတော့သည်။

⍟

စင်စစ် မိုးဟိန်းမှာ တစ်ကိုယ်ရေ တစ်ကာယသမားတစ်ယောက်ပင် ဖြစ်သည်၊ သူ ထောင်ထဲရောက်စဉ် သူ့မိန်းမက နောက်အိမ်ထောင်ပြုသွားခဲ့ပြီး သားဖြစ်သူက စစ်ထဲလိုက်သွားသည်မှာ သေသည် ရှင်သည်ကိုပင် မသိရပါလေတော့၊ သို့အတွက် သူ့တွင် သံယောဇဉ်ဆိုသည်မရှိ၊ ပကတိနတ္ထိရယ်သာ၊ ခုတော့ ဥတစ်လုံးကြွက်ဘဝဖြစ်သည်၊ ထို့ကြောင့် သူအိမ်ထဲက ထွက်သွားသည်ကိုမည်သူမှ ဝရှစိုက်မည့်သူမရှိသလို သူအိမ်ပြန်လာလျှင်လည်း စောင့်ကြိုနေမည့်သူ မရှိပါချေ ဒါကလည်းကောင်းမှုကောင်းရယ်လေ၊ မိုးဟိန်း သူ့အိမ်အတွင်းသို့ဝင်ရောက်လာခဲ့ပြီး တံခါးပိတ်လိုက်သည်နှင့် သူလုပ်လိုသည်ကို လုပ်လို့ရပြီ၊ ထို့ကြောင့် အိမ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com

ရောက်သည်နှင့် ဖယောင်းတိုင် မီးငြိမ်းကာ လောင်းကွတ်အိတ်အတွင်းမှ ရတနာများအား ဆွဲထုတ်လိုက်တော့၏။ သူ ယူလာခဲ့သော ရတနာများနှင့်အတူ သူ၏ လက်အိတ်တစ်ဖက်ပါ ရောပါလာသည်။ သည့်အတွက် လက်အိတ်တစ်ဖက်ကို လောင်းကွတ်အိတ်အတွင်းသို့ နိုက်ရှာကြည့်လိုက်သည်။ ဗလာနတ္ထိ ဘာဆိုဘာမှမရှိ။

ထိုအခေါ်ကြာ သူ့တစ်ကိုယ်လုံး နတ်ပူးဘိသို့တုန်လှုပ်ချောက်ချားလိုက်သည့်အဖြစ်ခြင်းရယ်လေ။ အိမ်ပြန်ရောက်ပြီးမှ ဦးကောင်းမြတ် အိမ်သို့ ပြန်သွားဖို့ ဆိုသည်ကလည်း မလွယ်။ အသက်မဲ့နေသည့် ဦးကောင်းမြတ်၏ အလောင်းကောင်ကြီးနှင့် ပြန်၍တွေ့ဖို့ကလည်း အခက်။

“ ငါ ပြန်သွားလို့မဖြစ်ဘူး - ပြန်သွားလို့မဖြစ်ဘူး ”

ထိုစကားကို အသံထွက်အောင်ပင် ပြောလိုက်မိတော့သည်။ သူ ဘာဆက်လုပ်ရမည်ကိုပင် မသိပါလေတော့။ ထိုခဏမှာပင် နလုံးခုန်မှုတွေမြန်လာပြီး ရင်ဘတ်ထဲ အောင့်လာသည်။ မိုးဟိန်း ချက်ချင်းသတိရလာသည်နှင့် သူ မှီဝဲနေကျ နလုံးရောဂါပျောက်ဆေးအား ယူ၍သောက်လိုက်ရလေတော့သည်။

⍟

*ဦးမိုးဟိန်း၏နောက်ဆုံး ဆုံးဖြတ်ချက်က သူ့ခြေထောက်များကို လမ်းမပေါ်သို့* ဦးဆောင်လာခဲ့တော့သည်။ မဖြစ်မနေ သူလုပ်ရမည့်အလုပ်မှာ ဦးကောင်းမြတ် အိမ်တော်အတွင်းသို့ ပြန်ဝင်ရန်ပင် ဖြစ်ပါလေ၏။ သူ၏ လက်အိတ်တစ်ဖက်ကြောင့် ပြဿနာ ရှုပ်ထွေးလည်းပင်းကြိုးကွင်း စွပ်လာမည်ကို မိုးဟိန်းခေါ် ဦးမိုးဟိန်းက တိတိပပ သိထားလိုက်သောကြောင့်ပင် ဖြစ်ပါလေ၏။ အသတ်ခံခဲ့ရသော လူသေအလောင်းဘေးမှ တွေ့လိုက်ရသော လက်အိတ်တစ်ဖက်က လူသတ်တရားခံအား လက်ညှိုးထိုးပြနေသကဲ့သို့ပင် ဖြစ်နေပင်မဟုတ်ပါလား။ သည်တော့ ကျန်ရစ်ခဲ့သော လက်အိတ်တစ်ဖက်ကို သူ ပြန်ယူမှဖြစ်မည်ဆိုသည့်အသိက သူ့အား လမ်းမပေါ်သို့ နောက်တစ်ကြိမ် ပြန်လွှတ်လိုက်ခြင်းပင် ဖြစ်ပါလေ၏။ လမ်းမနှင့် ပတ်ဝန်းကျင်အခြေနေကမူ ယခုနစောစောက သွားခဲ့သည့်အတိုင်းပင်။ သို့ပေမဲ့ သူ လမ်းလျှောက်ရသည်ကား စောစောကလိုဖြင့် မတူ။ သည်တစ်ခေါက် လမ်းလျှောက်ခဲ့ရသည်မှာ တုံ့နှေးနှေးလိုပင်။ ဦးကောင်းမြတ်အိမ်ကိုပင် အဝေးကြီးလမ်းလျှောက်နေရဘိသို့ နှောင့်နှေးကြန့်ကြာ

www.burmeseclassic.com

နေသယောင်ယောင်၊ သူလျှောက်လာခဲ့သည့်လမ်းမှာမရဏာခရီးသို့သွားနေရခြင်းအ အတွေးဝင်နေပုံရပါလေ၏။

သူ့ မျက်စိထဲဝယ် လဲကျသေဆုံးသွားသော ဦးကောင်းမြတ်၏ အသက်မဲ့ တော့သည့် ခန္ဓာကိုယ်ကြီးအား ပြန်လည်၍ မြင်ယောင်လာမိရင်း ကြက်သီးများထ ထလာသည် ။ သို့တမင့်ခြား အသက်မရှိတော့သည့် အလောင်းကောင်ထက် သူ ပိုမိုကြောက်လန့်ရမည့်သူက ပတ်တရောင်လှည့်ရဲကင်းများနှင့် ဆုံတွေ့ရင်ဆိုင်ရမည့် အရေးမှ အန္တရာယ်အကြီးမားဆုံးဆိုသည်ကို သဘောပေါက်နားလည်လိုက်သဖြင့် နားနှင့် မျက်စိအား အထူးအာရုံပြုလျက် လျှောက်လာခဲ့သည်၊ မကြာလိုက်ပါချေ။ သူဦးကောင်းမြတ်တိုက်ရှေ့သို့ပင် ရောက်လာခဲ့တော့သည်၊ စောစောက တက်နည်း အတိုင်း လူသူကင်းမဲ့သော တိုက်ကြီးပေါ်သို့ ရောက်လာခဲ့ပြန်သည်၊ ရုတ်တရက် ပြန်ထွက်လာရသဖြင့် စောစောက ယူလာခဲ့သော ဓာတ်မီးသေးလေးပင် ပါမလာလေ တော့၊ မတတ်နိုင်ချေပြီ၊ သည်အတိုင်းပင် ဆက်လက်လှုပ်ရှားရပေတော့မည်၊ သူ ဝင်ရောက်လာခဲ့သောအခန်းမှာ ပကတိမှောင်မည်းနေချေသည်တကား၊ ခတ် အညိုတ အခန့်မီးခလုတ်က ဦးကောင်းမြတ် အလောင်းလဲကျရာ အနီးမှာပင် ရှိနေ ခြင်း ဖြစ် သည်၊

မိုးဟိန်းက စမ်းတဝါးဝါးဖြင့် မီးခလုတ်ရှိရာသို့ လှမ်းလာခဲ့သည်၊ မကြာခင် မှာပင် သူ့လက်ချောင်းများက မီးခလုတ်ပေါ်သို့ စမ်းမိသွားသည်၊ သူက ခလုတ်အား အားပါးတရ ဖွင့်လိုက်လေ၏။ သူ လက်အိတ်တစ်ဖက်အား မီးရောင် ရှိမှရှာဖွေနိုင် မည် မဟုတ်ပါလား၊ လျှပ်စစ်မီးရောင်က တစ်ခန်းလုံးအား လွှမ်းမိုးသွားတော့သည်၊ သူ့မျက်လုံးအား ဦးကောင်းမြတ် အလောင်းဆီသို့ ရောက်မသွားစေရန် သတိထား လျက် သူ့လက်အိတ်တစ်ဖက်ကို ရှာဖွေနေစဉ် အသံတစ်သံက မထင်မှတ်ဘဲ ထွက် ပေါ်လာတော့သည် ၊

" ဟေ့လူ - ခင်ဗျား ဒီအတိုင်းငြိမ်ငြိမ်နေနော်၊ မဟုတ်ရင်တော့ ခင်ဗျားကြီး စိတ်မဆိုးနဲ့ "

ထိုအသံကြောင့် ဦးမိုးဟိန်း မှင်ကြောင်တက်တက်သွားရင်း မလှုပ်မယှက် ဖြစ်သွားရတော့သည်၊ ရင်တွေ ခုန်လာကာ အသက်ရှူမှားသွားဘိသို့ပင် ခေတ္တမျှ ငြိမ်သွားသည်ကတော့ အမှန်၊ ခဏကြာမှ အသံကြားရာဆီသို့ ဦးတော့ကြည့်လိုက် ပါလေ၏၊ လက်ထဲတွင် တုတ်တစ်ချောင်းအားမြှောက်ရင်း ပြောလိုက်သူက

www.burmeseclassic.com

ဦးကောင်းမြတ်၏သားဖြစ်သူ နိုင်ဝင်း။ သူက သည်လိုအချိန်မျိုးမှ အိမ်ပြန်လာတတ်သော နိုင်ဝင်းအားကြည့်ရင်း မိုးဟိန်းမှာ မလှုပ်မယှက်ဖြင့် အသက်မဲ့နေသူ တစ်ဦးသာ။

" ကျုပ် ပြန်လာလို့ အဖေ့ကိုခေါ်မရတာနဲ့ ဒီအခန်းထဲ ဝင်ကြည့်လိုက်တော့ အဖေသေနေတာကို တွေ့မြင်လိုက်ရလို့ အံ့အားသင့်နေတုန်း တိုက်ပေါ်ကို လူတစ်ယောက် တက်လာတာမြင်တာနဲ့ မီးပိတ်ပြီး တုတ်ကိုင်စောင့်နေတာ။ ခင်ဗျားကြီး အခန်းထဲ ဝင်ရောက်လာခဲ့တာပဲလေ"

ဦးမိုးဟိန်း ဘာမှပြန်မပြောနိုင်ပါလေတော့။ သူ့အသက်ကိုသာ မနည်းမနော ရှူထုတ်နေရတော့သည်။ အရာအားလုံး နိဂုံးချုပ်သွားခဲ့ချေပြီကော။

⍟

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုသည့် စကားအတိုင်း ဦးမိုးဟိန်း တစ်ယောက် ဥပဒေအား ရင်ဆိုင်ခဲ့ရလေတော့သည်။ ထိုညက တာဝန်ခံ ရဲအုပ်မှ တရားလိုအဖြစ် ဦးမိုးဟိန်းအား တရားစွဲဆိုစံလိုက်ရတော့သည်။ မည်သို့ပင်ဆိုစေ သေဆုံးခဲ့သည့် အလောင်းနှင့်အတူ သူ့လောင်းကွတ်အကျီနှင့် သူခိုးယူခဲ့သော ရတနာများ၊ သူဖောက်ထွင်းခဲ့သည့် ခြေရာလက်ရာများ၏ သက်သေသာများ၊ သေဆုံးသူ၏ ဒဏ်ရာဒဏ်ချက်များကြောင့် သူ့အား ဦးကောင်းမြတ်အား သတ်သည့် လူသတ်တရားခံအဖြစ် ချမှတ်လိုက်ကြလေတော့၏။

" ခင်ဗျား ဘာဖြစ်လို့ ပြစ်မှုကျူးလွန်တဲ့တိုက်ပေါ်ကို နောက်တစ်ခေါက် ပြန်လာခဲ့ရတာလဲ။ ဒါဟာ ခင်ဗျားရဲ့ အမှားပဲလေ၊ ခင်ဗျား အသက်အရွယ်နဲ့ ဒီပြစ်မှု ကျူးလွန်မယ်လို့တောင် မထင်မိဘူး"

ညဥ့်ကင်းလှည့်သူ တပ်ကြပ်ကြီး၏ မေးခွန်းအား ဦးမိုးဟိန်းအနေဖြင့် ဖြေဆိုရန်အဖြေမရ၊ ဖြေဆိုရန်လည်းဝန်လေးနေမိသည်၊ သူ့အားနိုင်ဝင်းက တယ်လီဖုန်းဖြင့် ရဲစခန်းအား အကြောင်းကြားကာ လွှဲပြောင်းပေးလိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်များက သူ့အား ခေါ်ဆောင်လာစဉ် မေးလိုက်ခြင်းပင် ဖြစ်ပေလေ၏၊ သူ့အား ခေါ်ဆောင်လာစဉ် သူ့ရင်ဘတ်တွေ အောင့်လာသည်၊ အသက်ရှူကလည်း ကြပ်လာသည်။ ဒါဆို သူ့နှလုံး ရောဂါထလာပြီ။ သူ ဆေးသောက်မှဖြစ်တော့မည်၊ သူ့အိမ်နား အရောက်ဝယ် ရဲတပ်သားများအား မေတ္တာရပ်ခံလိုက်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပြုပြီး ရှေ့အိမ်က ကျွန်တော့်အိမ်ပါ။ ကျွန်တော့်မှာ နလုံးရောဂါဖောက်လာလို့ အိမ်မှာ သောက်ဆေးပုလင်းကို ယူခဲ့ပါရစေဗျာ"

"အင်းလေ – ခင်ဗျားမဖြစ်မနေသောက်ရမယ့်ဆေးဆိုရင်တော့ ခွင့်ပြုရမှာပေါ့လေ၊ ဒါပေမဲ့ – အိမ်ထဲကို ကျွန်တော်တို့ အတူလိုက်ခဲ့မှ ဖြစ်မှာနော်"

ဦးမိုးဟိန်းက စောဒကမတက်တော့ဘဲ ခေါင်းညိတ်သဘောတူကာ သူ့အိမ်သော့အား လှမ်းပေးလိုက်လေ၏။ ရဲတပ်သားတစ်ယောက်က သူ့ပေးလိုက်သော အိမ်သော့ဖြင့် အိမ်တံခါးကို ဖွင့်ပေးလိုက်သည်၊ နောက်ပြီး ရဲတပ်သားက အိမ်အတွင်းသို့ ဝင်လိုက်လေသည်။ အိမ်တံခါးအတွင်း ဝင်လိုက်သည်နှင့် ရဲတပ်သားက တစ်စုံတစ်ခုအား ကုန်း၍ကောက်ယူလိုက်ပါလေ၏။ နောက်ပြီးမှ ထိုပစ္စည်းအား ဓာတ်မီးဖြင့်ထိုးကာ ဦးမိုးဟိန်းအား ပြသလိုက်ရင်း မေးလိုက်သည်။

"ဒါ – ခင်ဗျား လက်အိတ်တစ်ဖက်လား။ တံခါးပေါက်နားမှာ ကျနေခဲ့တာ ထင်ပါရဲ့"

ဦးမိုးဟိန်းက ဓာတ်မီးဖြင့် ထိုးပြလိုက်သောအရာအား ငုံ့ကြည့်လိုက်သည်။ ဦးတောင်းမြတ် တိုက်ခန်းထဲတွင် ကျန်ရစ်ခဲ့သည်ဟု ထင်မိသော သူ၏ လက်အိတ်တစ်ဖက်ပါတကား။ ဦးမိုးဟိန်း မျက်လုံးများမှာ ပြူးကျယ်လာရာမှ သူ့ရင်ဘတ်ကိုလည်း မထိန်းသိမ်းနိုင်လောက်အောင် စူးခနဲ နာကျင်စွာ ရုတ်တရက် ထိုးအောင့်လာတော့သည်၊ ထိုခဏမှာပင် ဦးမိုးဟိန်းမှာ သူ့ရင်ဘတ်အား လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ရုတ်တရက် ခွေလဲကျသွားလေတော့သည်။

"ဟင် – ဘယ်လိုဖြစ်သွားတာလဲ၊ ဘာဖြစ်သွားရတာလဲ။ ဆရာ – ဒီမှာကြည့်ပါဦး" ဟုပြောရင်း ဦးမိုးဟိန်းအား ဆွဲပွေ့ထူလိုက်သည်၊ ရဲတပ်ကြပ်ကြီးက ဦးမိုးဟိန်းအခြေအနေအားကြည့်ပြီး သူ့ရင်ဘတ်အား စမ်းသပ်ကြည့်လိုက်၏။ ထို့နောက် ခေါင်းကို တစ်ချက်ခါယမ်းလိုက်သည်၊ နောက်ပြီးမှ သူ့ရဲတပ်သားအား ပြန်ပြောလိုက်လေသည်။

"သူ – ချက်ချင်း နှလုံးသွေးရပ်သွားတာထင်တယ်။ ခု သူ အသက်မရှိတော့ဘူးကွ"

မေတ္တာရည်လျှက် –

⇒ သိဏ်းသန်းအောင် (မြင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com



# ဟိမဝန္တာ
# နှင်းနံ့ပဒေ္ဘဂါး

www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေခြောက်သည်၊ အပမှီသည်ဟု အကြောင်းပြကာ ဆေးကုချင်ဟန်ဆောင်ပြီး ရာဇဝတ်မှုကျူးလွန်သည့် ဗိန္ဓောဆရာတစ်ယောက်အကြောင်း

ညနက်လာသည်နှင့်အမျှ ရပ်ကွက်လေးသည် ပို၍မည်းမှောင်လာလေ၏။ ကျွန်ုပ်တို့ရပ်ကွက်လေးသည် မိုးတွင်းကာလ ညဘက်တွင် အလွန်လူစည်ကား၏။ စည်ကားရသည်မှာ ကျွန်ုပ်တို့ရပ်ကွက်အလယ်တွင် ကြီးမားကျယ်ဝန်းသော ဘောလုံးကွင်းကြီး ရှိ၏။ မိုးကာလတွင် ကွင်းအတွင်း ချုံများပေါများသောကြောင့် ဖားရိုက်ထွက်သူတို့အတွက် စိတ်ကြိုက်ပင် ဖြစ်တော့၏။ ထိုကွင်းကြီးမှာ ရပ်ကွက်အတွင်း လူငယ်များသော လုံးဝါသနာရှင်များ ထူးချွန်စွာထွက်ပေါ်လာရေးအတွက် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်၏။ သို့ရာတွင် ကွင်းမှာ ကြီးမားကျယ်ဝန်းလွန်းသောကြောင့် ထိန်းသိမ်းဖို့ရန်ခက်ခဲသဖြင့် ကြာမြင့်လေလေ၊ ကွင်းဘေးပတ်လည်တို့မှာ ချုံနွယ်များမြင့်မားလေဖြစ်တော့၏။ အထက်ကပြောခဲ့သည့်အတိုင်း ဘောကွင်းသည် နေ့ခင်းဘက်ထက် ညပိုင်းတွင် ပို၍လူစည်ကားနေတတ်၏။

သို့ရာတွင်ကား ထိုကွင်းအတွင်းသို့ ဖားရိုက်ထွက်သူတို့သည် တစ်ဦးတစ်ယောက်တည်း သွားလေ့သွားထ မရှိကြပေ၊ မသွားကြသည်မှာ မသွားဝံ့၍ဖြစ်၏။ ကျွန်ုပ်မှတ်မိသလောက်ဆိုလျှင် အမေ၏မောင်ဖြစ်သူ ကျွန်ုပ်ဦးလေးသည် ဖွတ်တစ္ဆတ်နိုင်လှသူ တစ်ခါတွင်

www.burmeseclassic.com

www.burmeseclassic.com

ဦးလေးသည်တစ်ယောက်တည်းဘောကွင်းအတွင်းသို့ဖားရိုက်ထွက်သွား၏။ အချိန်မှာလည်း သန်းခေါင်တိုင်လုနီးပါးဖြစ်၏။ ပလိုင်းကိုလွယ်ပြီး လေးတောင့်ထိုးဓာတ်မီး အပြင် ခါးကြားတွင် ဓားမတစ်လက်ကို ထိုးထားသေး၏။ အများတကာအတွက် ဖား ရိုက်သည်ဟု ဆိုသော်လည်း ဦးလေးအတွက်မှာမူ ဖားရိုက်သည်ဆိုခြင်းထက် ဖား ကောက်သည်ဟု ပြောရမည်ဖြစ်၏။ မှန်ပေ၏။ ဦးလေးသည် ဖားကို မရိုက်၊ ဖားကို ကောက်ခြင်းသာ ဖြစ်၏။

ထိုနေ့တွင်ဦးလေးသည်ဘောကွင်းအတွင်းသို့တစ်ဦးတည်းဝင်ရောက်သွား၏။ မိုးမှာလည်း ဖျောက်တောက် ဖျောက်တောက်ရွာနေ၏။ ညနက်နေပြီဖြစ်သော ကြောင့်လားမသိ။ ထိုနေ့မှပင် ထူးဆန်းစွာဘောကွင်းအတွင်း၌ဖားရိုက်မည့်သူတစ်ဦး မှ မရှိချေ။ ဦးလေးတစ်ဦးတည်း ကွင်းအတွင်း ဝင်ရောက်သွားပြီး လေးတောင့်ထိုး ဓာတ်မီးကိုပခုံးနံဘေးနားရွက်နှင့်ကပ်လျက်ထားကာ မြေပြင်အားရှပ်ပြေးထိုးကြည့် လိုက်လေ၏။ ဖားကိုတွေ့လျှင် ၎င်းဖား၏မျက်လုံးမှ ရောင်ပြန်မှုကြောင့် အလင်းစက် လေးများ တွေ့ရသည်ဆို၏။ ဦးလေးပြောပြချက်အရ ဆိုလျှင် တစ်ခါတရံ ဖားမျက်လုံး မဟုတ်ဘဲ မြက်ဖျားတွင် တွဲလွဲခိုနေသောရေသီး များ၊ မြွေ၏မျက်လုံးများနှင့်လည်း မှားယွင်းမြင်တတ်သေးသည်ဆို၏။

ဦးလေးသည် ဓာတ်မီးကိုထွန်းရင်း ဖားမျက်လုံးကိုတွေ့လျှင် ထိုနေရာမှ ဓာတ်မီး အလင်းရောင်ကို မရွေ့စေဘဲ ဖားရှိရာသို့လျှောက်ကာသွား၏။ အနားသို့ရောက်လျှင် လက်ကိုအမှောင်ဘက်မှနေ၍ ဖားအားကောက်လိုက်လေ၏။ မိထားသော ဖားအရှင် တို့ပလိုင်းအတွင်း ထည့်လိုက်၏။ ဆက်ကာလျှောက်ရင်း ဖားလိုက်ရှာနေ၏။ ဤတွင် ပြောရန်ကျန်သည်မှာ ဘောကွင်း၏အဝင်တွင် မည်သူက မည်သို့သောအကြောင်း ဖြင့် လာတည်ထားသည်မသိသော နတ်ကွန်း တစ်ခုရှိ၏။ ထိုနတ်ကွန်းအနီးတွင် လည်း မိမိတို့အိမ်တွင် မကိုးကွယ်လိုသော၊ စွန့်ပစ်လိုသော နတ်ရုပ်များကို အများ အပြား တွေ့ရတတ်၏။

ဦးလေးသည် ဖားရှာရင်း လျှောက်ရင်းဖြင့် နတ်ကွန်းအနီး စိန်ပန်းပင်ကြီးနား တစ်ဝိုက်သို့ ရောက်သွားလေ၏။ ၎င်းနေရာတဝိုက်သည် ချုံပေါ်သလို စိန်ပန်းပင်၏ လောင်းရိပ်ကြောင့် အမှောင်မှာ ပိုကျနေ၏။ ဦးလေးသည်လည်း ဓားဖြင့် အပင် အောက် တိုးမိသည်မသိ တိုးမိသွား၏။ အပင်အောက် ရောက်လျှင်ပင် ဦးလေး၏

www.burmeseclassic.com

နာခေါင်းတွင် နံ့နှင်းနံ့ နံ့လာ၏။ ပထမတော့ဖြင့် မသိမသာနံ့၏၊ တဖြည်းဖြည်းဖြင့် သိသိသာသာ နံ့လာ၏။ ထိုအချိန်တွင်အပင်ပေါ်မှ "ကျွတ်" ခနဲမြည်သံကြောင့်ဦးလေး အထိတ်တလန့်ဖြစ်ကာ ခြေကုန်သုတ်ပြီး အိမ်ကို ပြန်ပြေးလာခဲ့တော့၏၊ ပလိုင်းမှာ လည်း ထိုအပင်အောက်တွင်ပင် ကျန်ရစ်ခဲ့၏။ နောက်တစ်နေ့မနက်တွင်မှ အပင် အောက်သွား၍ပလိုင်းကောက်ရာ ပလိုင်းအတွင်းမှ ဖားများမှာ မြင်မကောင်းအောင် ခြေပြတ်လက်ပြတ် အူထွက်ဗိုက်ပေါက်တို့ဖြင့် သေကြေစားသောက်ခံထားရလေ၏။ ၎င်းမြင်ကွင်းကြောင့်ပင် ဦးလေးမှာ ပလိုင်းပင် ပြန်မယူတော့ပဲ အိမ်ပြန်လာခဲ့သည် ဆို၏။

ဖားရှာထွက်သူတို့ပင် ထိုသို့ကြုံသည်မဟုတ်သေးဘဲ ဖြတ်သွားဖြတ်လာတို့ သည်လည်း ကြုံကြိုက်ဖူး၏။ နတ်ကွန်းအနီး စိန်ပန်းပင်အိုကြီးမှာ လမ်း နံဘေးတွင် ရှိ၏။ ညဘက်ဆိုလျှင် ထိုအပင်အိုကြီး၏ အမှောင်ရိပ်သည် လမ်းမပေါ်သို့တစ်ခြမ်းမျှ အရိပ်ထိုးကျနေ၏။ ကျွန်ုပ်တို့ ရပ်ကွက်လေးမှာ ညဘက် (၇)နာရီကျော်လျှင်ပင် လူသွားလူလာပြတ်နေတတ်၏။ ထိုခေတ်အခါကလည်း လမ်းမီးတိုင်ဟူ၍ ရပ်ကွက် အတွင်း၌ မရှိသေးသောကြောင့် ညဆိုလျှင် အတော်ပင် မှောင်နေတတ်၏။

ထိုညတ လကွယ်နေ့ဖြစ်သောကြောင့် ညသည်ပိုမို မှောင်မိုက်နေ၏။ ည၏ အမှောင်ကို အကာအကွယ်ယူလိုသော သူများအတွက် အခွင့်ကောင်း ဖြစ်နေ၏။ ထိုနေ့တွင် မျှော်ရုံအနီးတွင် နေထိုင်သော ကိုဖိုးညွန့်ဆိုသူမှာ ခါတိုင်းထက် အလုပ်မှ အိမ်ပြန်နောက်ကျခဲ့၏။ အချိန်မှာ ည (၁၀)နာရီဝန်းကျင်ခန့်သာ ရှိသေး၏။ ကိုဖိုးညွန့် လည်းမိမိရပ်ကွက်ပင်ဖြစ်သောကြောင့် ကြောက်စိတ်မရှိပေ။ လျှောက်လာရင်းမှ ၎င်း စိန်ပန်းပင်အိုကြီးနားသို့ရောက်လာလျှင် ကိုဖိုးညွန့်၏ တည်ကြည်နေသော စိတ်တို့ သည် ယိမ်းယိုင်လာ၏။ တောင်တောင်အီအီ စဉ်းစားလာမိ၏။ သူပြောငါပြော ပါးစပ် ပုံပြင်တို့ကို နားအတွင်း ပြန်ကြားလာမိ၏။ ကြောက်ရွံ့လာသောစိတ်တို့ကို ထိန်းကာ ဆတ်လျှောက်လာမိ၏။ အပင်အိုကြီး၏ အရိပ်ကို ခြေချလိုက်မိသည်နှင့် နံ့နှင်းနံ့တို့ မှာ စူးနစ်စွာ ဝင်ရောက်လာ၏။ ခြေလှမ်းတို့ကို ခပ်မြန်မြန်ရွေ့လိုက်၏။ ထိုအချိန်တွင် ဝင်ပရုံအား "ဖတ်ခနဲ" ပြင်းထန်စွာပုတ်ခြင်းခံလိုက်ရလျှင် ကိုဖိုးညွန့်မှာ "အမယ်လေး" တ၍ ပြေးလေတော့၏။ အိမ်သို့ရောက်လျှင် စကားမေးပင် မရတော့ပေ။ ကိုဖိုးညွန့် မှာ သတိလစ်မေ့မြောသွားတော့၏။

www.burmeseclassic.com

နောက်တစ်နေ့နံနက်တွင် ကိုဖိုးညွန့်၏အကြောင်းမှာ တစ်ရပ်ကွက်လုံး ပျံ့နှံ့နေ
တော့၏။ ဒေါ်ထွေးရီအသုပ်ဆိုင်တွင်လည်း လာရောက်စားသုံးသူများကို ဒေါ်ထွေးရီ၏
နှမဖြစ်သူ ဒေါ်ဘုမမှ အာပေါင်အာရင်းသန်သန်ဖြင့် ကိုဖိုးညွန့်အကြောင်းပြောပြတာ
အသုပ်ဆိုင်အတွက် ပရိုမိုးရှင်းလုပ်နေတော့၏။

"ဟဲ့ - မဘုရဲ့ နင်က ဒီအကြောင်း ဘယ်လိုသိတာလဲ"

ဟု တစ်ဦးမှမေးလိုက်လျှင်

"အို - သိတာပေါ့ဟဲ့၊ ဟိုဘက်ရပ်ကွက်မှာ ဗိန္ဓောဆရာတစ်ယောက် ရှိတယ်၊
ကိုဖိုးညွန့်မိန်းမ မိသောင်းက အဲဒီဆရာကိုပင့်ချင်ကြောင်း ငါ့လာပြောလို့ အကြောင်းစုံ
မေးထားလိုက်တာလေ"

ဟု ဒေါ်ဘုမမှ ရှင်းပြလိုက်ရာ

"နင် - အဲဒီဆရာကိုရော ပင့်ပြီးသွားပြီလား"

ဟု ထိုသူမှ ဆက်မေးလျှင် ...

"မပင့်ရသေးဘူး၊ ဆရာက နံနက် (၉) နာရီကျော်မှ အလုပ်ဖွင့်တာလေ၊ အဲဒီကျ
သွားပြောပြီး ပင့်ရမှာပေါ့" ဟု ဒေါ်ဘုမ မှပြောလိုက်လေ၏။

"ဟဲ့ - ဟိုမှာ ကလေးကို ဟင်းရည်ထည့်ပေးလိုက်လေ၊ တစ်မနက်လုံး ဒီ
အကြောင်းပဲပြောနေတယ်" ဟု ဒေါ်ထွေးရီမှ ဒေါ်ဘုမကို မာန်မဲလိုက်တော့မှပင် ဟင်း
ရည်စောင့်နေသော ကျွန်ုပ်သည် ဟင်းရည်ရလေတော့၏။ ကျွန်ုပ်သည်လည်း ၎င်း
အကြောင်းကို စိတ်ဝင်စား၏။ ဒေါ်ဘုမပြောသော ဗိန္ဓောဆရာဆိုသူ ရောက်လာလျှ
မည်သို့မည်ပုံဖြစ်မည်ကိုလည်း သိချင်လှ၏။ ထို့ကြောင့် အိမ်သို့ရောက်လျှင်ပင် အမေ
အား ၎င်းအကြောင်းတို့ကို ကြားရသမျှ ခရေစေ့တွင်းကျပြန်ပြောပြမိ၏။ တရုံ့နေရ
များ တွင် လက်မည်းကြီးမှုပြောသည်ကို ကျွန်ုပ်မှ လက်သည်းမှာအရှည်ကြီး အရေ
တွေမှာလည်း နေရာလပ်မကျန်အောင် ထူပိန်းနေကြောင်း စသဖြင့် ပိုပြောလိုက်၏
အမေမှာ ကျွန်ုပ်ပြောပြသည်ကို စိတ်ဝင်တစားနားထောင်ရင်း ...

"အဲဒီဗိန္ဓောဆရာလာရင် ငါတို့ သွားကြည့်မယ်" ဟု ပြောလိုက်လေတော့၏

⊛

တဖုန်းဖုန်းဖြင့်ရိုက်သံ၊ နာကျင်မှုကြောင့်အော်သံတို့မှာ ပတ်ဝန်းကျင်တွင် ဆူ
ညံလောရိုက်နေ၏။ ကျွန်ုပ်တို့ သားအမိရောက်ချိန်တွင် ကိုဖိုးညွန့်တို့ အိမ်တွင် ...

www.burmeseclassic.com

www.burmeseclassic.com

အဝတ်ပင်စည်ကားနေပြီဖြစ်၏။ လာရောက်ကြည့်ရှုသူတို့မှာ များပြားပါသော်လည်း အပ်ကျသံပင်ကြားရမတတ် တိတ်ဆိတ်ကာ ဗိန္ဓောဆရာ၏ လှုပ်ရှားပြောဆိုနေမှုများကို မျက်တောင်မခတ်တမ်း ကြည့်နေကြ၏။ ဗိန္ဓောဆရာမှ ...

"ပြော - ပြော - မြန်မြန်ပြော၊ ဒီထက် ပိုနာမယ်၊ ဘာလို့လုပ်တာလဲ - နင်က ဘယ်သူလဲ၊ မီးနေသည်သရဲမလား၊ ပြော - မပြောရင်ရေစက်၊ မီးစက်တွေနဲ့ပက်ဖြန်းရလိမ့်မယ်" ဟု ဆိုကာ ပြောရင်းမှ ဘုရားကျောင်းဆောင်ပေါ်တွင် တင်ထားသော ခွက်ကို လှမ်းယူကာ ကိုဖိုးညွန့်အား ချုပ်ကိုင်ထားသူတို့ကို မျက်လုံးဖြဲခိုင်းလေ၏။ ချုပ်ထားသူတို့မှာလည်း ဗိန္ဓောဆရာ ခိုင်းသည့်အတိုင်း ကိုဖိုးညွန့်၏ မျက်လုံးတို့ကို ဖြဲပေးလိုက်၏။

"ကဲ - နင်ဘယ်သူဆိုတာ ပြောမှာလား၊ ရေစက်နဲ့ ပက်ဖြန်းလိုက်ရမလား" ဟု ဗိန္ဓောဆရာမှ မေးလိုက်လျှင် ကိုဖိုးညွန့်မှာ ...

"ငါ့ကိုလွှတ် - ငါ့ကိုလွှတ်၊ အဲဒီကောင်ကို ငါသတ်မယ် - ငါသတ်မယ်" ဟု ရန်းတန်ရင်းအော်ဟစ်နေလေ၏။ ဗိန္ဓောဆရာသည် ကိုဖိုးညွန့်အား သေချာစွာစိုက်ကြည့်လိုက်ပြီး —

"နင်က ဆရာကိုအာခံချင်တယ်ပေါ့။ ကဲ - ငါ့ရဲ့ရေစက်ဒဏ် ခံလိုက်ပေဦး" ဟု ဆိုကာ ခွက်အတွင်းမှရေများကို မျက်လုံးအတွင်း ပက်ဖြန်းလိုက်လေ၏။ ကိုဖိုးညွန့်မှာ ထွန့်ထွန့်လူးအော်ဟစ်ရင်း သတိလစ်သွားလေတော့၏။ ထိုအချိန်တွင် ဘောကွင်းတစ်ဖက်ထောင့်တွင် ရုံးစိုက်သော နယ်ထိန်းရုံးမှ နယ်ထိန်းအောင်ဒင်ရောက်လာပြီး ကိုဖိုးညွန့်အား လုပ်ဆောင်နေမှုများကို ရပ်တန့်ခိုင်းလိုက်လေ၏။ သတိလစ်မေ့မြောနေသော ကိုဖိုးညွန့်ဘေးတွင် ထိုင်လိုက်ပြီး ကိုဖိုးညွန့်၏ နာခေါင်းဝနားလက်ကို ကပ်လိုက်၏။ ပြီးလျှင် ၎င်း၏အနောက်မှ ပါလာသော ရဲသားတစ်ဦးကို ဗိန္ဓောဆရာအား လက်ထိတ်ခတ်ခိုင်းလိုက်လေ၏။ ကြည့်နေသူများမှာ မှင်တက်ကုန်၏။ ဗိန္ဓောဆရာမှာလည်း ...

"ဘာလို့လဲဗျ - ဘာလို့လဲ၊ ကျုပ်ကို ဘာလို့ဖမ်းတာလဲ" ဟု မေးနေလေ၏။ နယ်ထိန်းအောင်ဒင်သည် ၎င်း၏ အိတ်ကပ်အတွင်းမှ လန်ဒန်စီးကရက်တစ်လိပ်ကိုထုတ်တာ ရှိုက်ဖွာရင်း ...

"လူသတ်မှု - ကိုဖိုးညွန့်ကိုသတ်မှုနဲ့ ခင်ဗျားကိုဖမ်းတာပါ" ဟု ဆိုလိုက်လျှင် ကိုဖိုးညွန့်၏ မိန်းမ မိသောင်းသည် "အမယ်လေး" ဟုဆိုကာ မေ့မြောကျသွားလေတော့

www.burmeseclassic.com

www.burmeseclassic.com

၏၊ နယ်ထိန်းအောင်ဒင်သည် ဗိန္ဓောဆရာအသုံးပြုသော ရေစက်ဆိုသည့်ခွက်ကို ယူလိုက်ပြီး ...

“ဒီလူ့ရဲ့ ကုလားအော်ငရုတ်သီး ဖျော်ရည်ခွက်ကိုတော့ သက်သေအဖြစ် သိမ်းထားလိုက်ပါ” ဟုဆိုကာ အနားရှိ ရဲသားကို ပေးလိုက်လေ၏။ ဗိန္ဓောဆရာကိုဖမ်းပြီး နယ်ထိန်းအောင်ဒင်တို့ ပြန်သွားကြပြီးနောက်တွင် တစ်ရပ်ကွက်လုံး ဟိုနားတစ်စု ဒီနားတစ်စုဖြင့် ကိုဖိုးညွန့်၏ “အပ” ထုတ်ပွဲ အကြောင်းကို ပြောဆိုနေကြတော့၏။

⍟

ညသည် တိတ်ဆိတ်မှုသာ ကြီးစိုးနေ၏။ မိုးမှာလည်း ဖြိုးတိုးဖျောက်တောက်လေး ရွာသွန်းနေ၏။ ထိုအချိန်တွင် ဘောလုံးကွင်းအတွင်းသို့ ဓာတ်မီးဖြင့် လူတစ်ယောက်ဝင်လာ၏။ အဘညို့မှာ အသင့်စီစဉ်ယူလာသည်များကို သေချာရန် ထပ်စစ်လိုက်၏။ ပြီးလျှင် စိန်ပန်းပင်အိုကြီးပေါ်သို့တက်ကာနေလိုက်၏။ ဓာတ်မီးဖြင့်သူသည် ဖားရိုက်ရင်းမှ စိန်ပန်းပင်အိုကြီးနားသို့ ကပ်လာနေ၏။ အပင်၏ အမှောင်ရိပ်နားရောက်လျှင် အဘညို့သည် အသင့်ပါလာသော ဆနွင်းထုပ်ကို အပင်ပေါ်မှ ဖြူးလိုက်လေ၏။ လေအဟုန့်တွင် နနွင်းနံ့တို့မှာ ဓာတ်မီးဖြင့်လူ၏ အာရုံတို့ကို ထိတ်လန့်သွားစေတော့၏။ ပြီးလျှင် ရွှေဝါကို အပင်ပေါ်မှ သစ်ကိုင်းခြောက်တစ်ခုအပေါ်ပစ်ချလိုက်လေ၏။ “ဖျောက်စနဲ” သစ်ကိုင်းခြောက်ကျိုးသံနှင့်အတူ ဓာတ်မီးဖြင့် လူမှာ ဒရောသောပါး အော်ကာထွက်ပြေးလေတော့၏။

ဓာတ်မီးဖြင့်လူ ထွက်ပြေးသွားမှ အဘညို့လည်း ပလိုင်းအတွင်းမှ ဖားများကို အစစီနတ်ထစ်ကာ ထိုအနားတွင်ပင် ပြန်ကျဲထားလိုက်လေ၏။ ဖားသေများကို လိုက်လံစားသောက်နေသော ရွှေဝါကို ချီလိုက်ပြီး ...

“မင်းဟာလေ – အတော့်ကို ဝတ်တယ်၊ အိမ်မှာဒီလောက်ကျွေးပါလျက်နဲ့ ဒီနံနံစော်စော်ဖားကိုများမက်နေသေးတယ်၊ ငါတောင်မတတ်သာလို့ကိုင်တွယ်နေရတာ” ဟုပြောဆိုရင်း ဘောကွင်းကိုဖြတ်ကာ အမှောင်ထုအတွင်း ပျောက်ကွယ်သွားလေတော့၏။

“အဘညို့ – အဘညို့ – မရှိဘူးလား ဗျ”

“အေး – အေး – လာပါပြီကွ”

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့ဘက်တွင် တစ်ရပ်ကွက်ကျော်မှ လူအများကို တွေ့လိုက်လေ၏။ ထင်မှတ်ထားသည့် အချိန်ထက် သူတို့ရောက်သည်မှာ နောက်ကျလှ၏။ ညက မိမိကိုယ်တိုင် ခြောက်လှန့်ထားလိုက်သူကို နံနက်တွင် အပထုတ်ရန်လာမည်ကို အဘညို ကြိုတွေးထား၏။

"ဟေ့-လူနာအခြေအနေကရော ဘယ်လိုရှိလဲကွ"

"သိပ်တော့ အားရစရာမရှိပါဘူးဗျာ၊ တစ်ချိန်လုံး မျက်လုံးကြီးပြူးပြူးလာပြီး သတိလစ်လစ်သွားတာပဲ၊ အမြန်သာလိုက်ကြည့်ပါတော့ဗျာ" ဟုပြောရင်းအဘညို၏ ဆေးအိတ်ကိုဆွဲလိုက်ကာ အပြင်သို့ထွက်လိုက်လေတော့၏။ အဘညို လမ်းတစ်လျှောက်တွေးလာမိသည်မှာ လူနာထံမှရရှိမည့် ငွေကြေးများပင်ဖြစ်၏။ လူနာကိုတစ်ရက်ထဲ မပျောက်ဟုဆိုကာ ရက်ရှည်ဆွဲကုမည်၊ ဒါမှသာ ငွေအမြဲရရှိနေပေတော့မည်၊ စိတ်ကူးဖြင့်ပင် အတော်ကျေနပ်စရာ ကောင်းလှ၏။ လူနာအိမ်ရှေ့ရောက်လျှင် လာရောက်ကြည့်ရှုနေသူများစွာကို တွေ့ရ၏။ အဘညိုလည်း အိမ်ပေါ်တက်သည်နှင့် အိမ်ဦးခန်းသွားကာ ဘုရားရှိခိုးလိုက်ပြီး လူနာနှင့်လူနာရှင်ဘက်သို့ ခပ်မိန့်မိန့်ကြီး တင်ပျဉ်ခွေထိုင်ရင်း ရှုတည်တည်ကြည့်လိုက်လေ၏။ ထိုအကြည့်ကို မျက်လုံးချင်း မဆိုင်နိုင်ဘဲ လူနာရှင်မှာ ခေါင်းငုံ့သွားလေ၏။

"အဟမ်း-အဟမ်း၊ အားလုံးကိုပြောချင်တာက လာကြည့်တဲ့လူတွေက လူနာနဲ့ ခပ်ဝေးဝေးနေကြ၊ စည်းချထားမယ်၊ စည်းမပေါက်စေနဲ့၊ စည်းပေါက်လို့ တစ်စုံတစ်ခု ဖြစ်ရင် တာဝန်မယူဘူးနော်"

ဟု အဘညိုမှ ခပ်တည်တည်ဖြင့် ပြောလိုက်လျှင် လာကြည့်သူများမှာ ကမန်းတတန်းဖြင့် နောက်သို့ဆုတ်ကြလေ၏။ တချို့ဆို ခပ်မြန်မြန်တိုးရင်း တစ်ဦးအပေါ် တစ်ဦးဝင်ပင်တိုက်ကြလေတော့၏။ ဆဲသံ၊ ဆိုသံ ဝရုန်းသုန်းကား အသံများဖြင့် မိနစ်အနည်းငယ် စည်ကားသွားတော့၏။ လူနာရှင် မိသောင်းမှာ အဖြစ်အပျက်တို့ကို မျက်နှာငယ်လေး ဖြင့် လိုက်ကြည့်နေမိတော့၏။ စိတ်မှာ စဉ်းစားမိသည်မှာတော့ဖြင့်-

"ဩော်-ယခင်များတော့ဖြင့် ကိုဖိုးညွန့်ရဲ့ တည်တည်တံ့တံ့ ပတ်ဝန်းကျင်နဲ့ ဆက်ဆံမှုတွေကြောင့် အိမ်ကိုဖြင့် လူမပြောနဲ့ ခွေးကြောင်တောင် ဖြတ်မလျှောက်တာ၊ ခုများတော့ဖြင့် ကိုဖိုးညွန့်ကို အကြောင်းပြုပြီးပဲ အတော်ကို စည်ကားနေပါရော



www.burmeseclassic.com

www.burmeseclassic.com

လား၊ စွမ်းပါပေ့ ကိုဖိုးညွှန့်ရယ်” ဟူသော စဉ်းစားမိနေလေ၏။ ထိုအချိန်တွင် အဘညို သည် ဆေးလွယ်အိတ်အတွင်းမှ ဘူးငယ်လေးများကို ထုတ်လိုက်၏။ ပုတီးကိုလည်း လည်ပင်းတွင် ဆွဲထားသေး၏။ လာခေါ်သူများထဲ မှတစ်ဦးကို ကိုင်ထားခိုင်းသော ဆေးကြိမ်လုံးကို အသာယူလိုက်၏။ ပြီးလျှင်ဖြင့် လူနာဖြစ်သူ ကိုဖိုးညွှန့်ကို မျက်ထောင့်နီကြီးဖြင့်ကြည့်ကာ ...

“ကဲ - မင်းရဲ့အသက်နဲ့စန္ဒာ ဆရာ့ ကိုအပ်ပေတော့၊ ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အစိန္တေယျစရဏတို့ဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်ကို ညွှန်မှန်းကန်တော့ပါ၏။ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ . . .”အဘညိုသည် ကျယ်လောင်စွာ အော်ဟစ်ဆိုနေလေ၏။ ပြီးမှ ...

“မင်းဘယ်ကလဲ”

“မသိဘူး - မသိဘူး” ဟုဆိုကာ ကိုဖိုးညွှန့်သည် မိသောင်းလက်မှ ရုန်းကန်ပြီး အဘညိုကို တိုက်ခိုက်ရန် ကုန်းထလိုက်လေ၏။ အဘညိုသည် ယခုကဲ့သို့ပွဲမျိုးကို အခုမှကြုံဖူးသည်မဟုတ်။ ထို့ကြောင့် လက်အတွင်းမှ ဆေးကြိမ် လုံးဆိုသော ဝါးဆစ်ပိုင်းရှည်ဖြင့် တအားလွှဲရိုက်လိုက်လေ၏။ အရိုက်ခံလိုက်ရသော ကိုဖိုးညွှန့်မှာ “ဗိုင်း” ခနဲ နေရာတွင် ပစ်လဲသွားလေ၏။ ခေါင်းမှလည်း သွေးများစီးကျလာတော့၏။ အဘညိုမှာ ဘေးမှစပ်သန်သန်လူများကို ကိုဖိုးညွှန့်ကို ချုပ်ထားရန်ခိုင်းစေလိုက်၏။ သွေးများကိုမြင်လျှင် ကိုဖိုးညွှန့်မှာ ပိုမိုဒေါသ ဖြစ်ကာ ...

“လွှတ် - လွှတ် - ငါ့ကို - လွှတ်၊ ဒီကောင့်ကို ငါသတ်မယ် - သတ်မယ်”

ဟူ၍ အော်ဟစ်နေလေတော့၏။ ဘေးမှကြည့်နေသူများမှာ အသံထွက်ဖို့ဝေးစွ၊ အတ်တုတ်မျှပင်မလှုပ်ဘဲအခြေအနေကိုသာကြည့်နေကြလေ၏။ အဘညိုမှာရင်း၏ ဆေးကြိမ်လုံးကို ပဝါငယ်လေးဖြင့် အသာအယာသုတ်နေရင်းမှ ...

“ကဲ - ကဲ၊ ဒီပယောဂက အတော်ကြီးသကိုး၊ ကြိုးရှာပြီး လက်နောက်ပြန်တုပ်ထားလိုက်ပော့”

ဟု အနီးရှိသူများကို ခိုင်းစေလိုက်လေ၏။ မိသောင်းမှာမူ လင်၏ ဖြစ်အင်ကိုလည်း မရှုဆိတ်နိုင်၊ ဆရာဖြစ်သူကိုလည်း မလွန်ဆန်ရဲဘဲ ကြိုးကြီးကြီးတစ်ချောင်းကိုသာ ရှာပေးလိုက်တော့၏။

www.burmeseclassic.com

"ပယောဂ ဆိုတာမျိုးကလည်း အများသားကွဲ့၊ စုန်းကဝေ(၉၉)မျိုး၊ အစိမ်းသရဲ အမျိုးမျိုး၊ မြေဘုတ်ဘီလူး (၄၄)မျိုး၊ နတ်မိစ္ဆာအမျိုးမျိုး၊ မာကြောအပြား (၁၈)ပါး၊ ဥစ္စာစောင့်စသဖြင့်အတော်ကိုများတယ်၊ အချို့များဖြင့် သူတစ်ပါးဆီကပညာမသင်ယူရဘဲ အမိ ဝမ်းမှကျွတ်လွတ်ခြင်း(သို့)ပဋိသန္ဓေ နေစဉ်ကတည်းက ကိုယ်ခန္ဓာအတွင်းမှာ ဗိမ္မာန်နဲ့ဂန္ဓဗ္ဗနတ်စံလျက်အဲဒီနတ်ရဲ့တန်ခိုးအာနုဘော်စက်ရိုးအဟုန်ကြောင့်ကြဲစည်တိုင်း ဖမ်းစားနိုင်ကြတယ်၊ အဲဒါကိုပဲ ဝမ်းတွင်းစုန်း၊ သန္ဓေစုန်း၊ အူလျှောက်စုန်းဆိုပြီး အမျိုးမျိုးခေါ်ကြတယ်ကွဲ့၊ တော်တန်ရုံနဲ့ အစီအရင်ကိုများ မကျွမ်းကျင်ရင် စုန်းကဝေကို ဆရာလုပ်သူဟာ မနိုင်နိုင်ဘူး။ ဒါကြောင့်လည်း ကဝေသာရကျမ်းပဲရှိတယ်၊ ဆရာသာရကျမ်းဆိုပြီး မရှိတာ" ဟု အဘညိုသည် မှင်မောင်းကောင်းကောင်းဖြင့် ပြောဆိုရင်း ဘေးရှိလူအများကို ကြည့်လိုက်လေလျှင် ကြည့်ရှုနေသူအပေါင်းတို့မှာ လက်အုပ်ကလေးများပင် ချီမိလိုက်ကြတော့၏။

"ကဲ - ကြိုးတုပ်ပြီးပြီဆိုတော့ ဆရာ့ ရှေ့ခေါ်လာခဲ့"

ဟု ဆိုလိုက်လျှင် ခပ်သန်သန်လူနှစ်ဦးမှာ ကိုဖိုးညွန့်ကို တရွတ်ဆွဲကာ အဘညို ရှေ့ခေါ်လာလေ၏။ အဘညို ရှေ့သို့ရောက်လျှင် ...

"စွဲရင်းရှိတိုင်းရောက်ပြီး ဆရာ့ကို နှုတ်ဆက်စမ်းဟေ့" ဟု အဘညိုမှ ဆိုလိုက်လေ၏။ ကိုဖိုးညွန့်မှာ အဘညိုကို အစိမ်းလိုက်ဝါးစားမတတ်ကြည့်နေလေတော့၏။ ထိုသို့ကြည့်နေရင်းမှ ပါးစပ်မှ အမြှုပ်များ တဖွားဖွားထွက်လာလေတော့၏။ အဘညိုသည် ကိုဖိုးညွန့်၏ ဖြစ်အင်ကိုမြင်လျှင် ပြုံးလိုက်ပြီး ...

"ကဲ - ကဲ - လူနာရှင်၊ မင်းယောကျ်ားဟာ မြေဘုတ်ဘီလူးအဖမ်း ခံထားရတာဲ မနေ့က ဖြစ်တာဆိုတော့ မနေ့က လကွယ်နေ့ပဲ၊ ကျိန်းသေပါတယ်၊ မင်းယောကျ်ား မြေဘုတ်ဘီလူး အဖမ်း ခံထားရတာ" ဟု ပြောရင်းမှ ဆေးလွယ်အိတ်အတွင်းမှ ဘူး တစ်ဘူးကို ထုတ်လိုက်ပြီး ဘုရားကျောင်းဆောင်ပေါ် သို့တင်ထားလိုက်လေ၏။ ရေ ဖလားဖြင့် ရေသန့်သန့်တစ်ခွက်ကိုလည်း တောင်းလိုက်၏။

"မြေဘုတ်ဘီလူးများဟာ လဆန်း(၁)ရက်နေ့ကနေ (၁၅)ရက်အတွင်းမှာ ထွက်ဖြစ်ပြီး လဆုတ်(၁)ရက်ကနေ လကွယ်နေ့အထိ တွင်းဝင်ရက်ဖြစ်တယ်၊ ... ဟာ ကလေးလူကြီးမရွေး လဆုတ်ရက်မှာ ဖမ်းစားတတ်ကြတယ်၊ ဆေးသုံးသ... ရင်တော့ဖြင့် အသက်ပါသွားတတ်ကြတယ်" ဟုပြောရင်း ရေဖလားထဲသို့ ဘူးအတွင်းမှ ဆေးများကို ထည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဆိုင်ရာကို ငါဆရာဓါ်ေနတယ်၊ အမြန်ဝင်လာခဲ့၊ အတွင်းအပြင်ချုပ်ထား ထွက်ခွင့်ပြုမှ ထွက်စေရမယ်၊ ငါမေးတဲ့အတိုင်းသာဖြေ၊ မေးတာကို သေချာဖြေ" ဟု အဘညီျသည် ကိုဖိုးညွန့်ကို အမိန့်ပေးရင်း ...

"ကဲ - ပြော၊ ဘာကြောင့်လုပ်တာလဲ" ဟုမေးလိုက်လျှင်ကိုဖိုးညွန့်မှာအတင်းရုန်းကန် ပါးစပ်မှလည်း ဒေါသတကြီး အော်ဟစ်နေလေ၏။ အဘညီျမှာ ခေါင်းကိုခါယမ်းလိုက်ပြီး ...

"ငါဆရာက ညှာတာကို နင်က အတွန့်တက်ချင်တယ်ပေါ့၊ ကဲ - နင့်ထိုက်နဲ့ နင်ခံပေတော့"

ဟုဆိုကာ ဘုရားကျောင်းဆောင်ပေါ်မှ ရေဖလားကိုယူပြီး ကိုဖိုးညွန့်မျက်လုံးတို့ကို ဖြန်းကာ မျက်စဉ်းခတ်လေတော့၏။ ပါးစပ်မှလည်း...

"အပိတ်အပင် အတားအဆီး မှန်သမျှ ပေါက်ထွက်ပြီး အတိုက်အခိုက်တို့ မျက်စိနစ်ကွင်း မီးလိုပူစေ၊ ငါ့စကား နားထောင်ရင် ဘာမှမဖြစ်စေနဲ့" ဟု အမိန့်ပေးရင် မျက်စဉ်းများကို ခတ်နေလေတော့၏။ ကိုဖိုးညွန့်မှာ ထွန့်ထွန့်လူးအော်ဟစ်ကာ ဝေဒနာပြင်းစွာ ခံစားနေရတော့၏။ ခဏမျှကြာလျှင် ကိုဖိုးညွန့်မှာ ငြိမ်သက်သွားတော့၏။ ထိုအချိန်တွင် ကြည့်ရှုနေသောလူများ ရှဲသွားကြပြီး နယ်ထိန်းအောင်ဒင်နှင့် ရဲသားတို့ ဝင်လာလေ၏။ နယ်ထိန်းအောင်ဒင်မှ ကိုဖိုးညွန့်ကိုစမ်းသပ်ကြည့်ရှုလိုက်ပြီး အဘညီျဘက်လှည့်ကာ ...

"ခင်ဗျားကို ကိုဖိုးညွန့်ကို သတ်မှုနဲ့ ဖမ်းလိုက်ပါပြီ" ဟု ပြောရင်းလက်ထိတ်ခတ်လိုက်လေ၏။ မိသောင်းမှာ ...

"အမလေး"

ဟုအော်ကာလဲကျသွားလေတော့၏။

တစ်ပတ်ခန့်ကြာလျှင် အဘညီျ အား လိမ်လည်မှု၊ ခိုးမှု၊ လူသတ်မှု၊ ကြိုတင်ကြံစည်မှုများဖြင့် တရားစွဲဆိုလိုက်ကြောင်း ကြားသိရလေ၏။

⇒ ဟိမဝန္တာ

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ဘာဝ ညဘက်ငှက်ပစ်ကြရာမှ
အဆိပ်ပြင်းသတ္တဝါများနှင့်တွေ့ပြီး
လေသေနတ်၊ လောက်လေးခွချင်း
အင်အားပြိုင်ကြပုံကို ဖတ်ရှုရပါမည်

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကား ၁၉၈၀ - ဝန်းကျင် ဆောင်းလယ်ကာလ၊ ဗြာသိုလ အတွင်း ဖြစ်သည်။ ဆောင်းလယ်ကာလဖြစ်သည်နှင့်အညီ တစ်နေ ကုန်လိုလိုအအေးဓာတ်က လွှမ်းမိုးထားပြီးညနေစောင်း၍နေဝင်သွား သည်နှင့်တစ်ပြိုင်နက်ပြင်ဦးလွင်ဘက်မှတိုက်ခတ်လာသောအေးစိမ့် နေသည့်လေများနှင့်အတူ မြူထုများက ရစ်ဆိုင်းလာသည်၊ အအေး ဓာတ်ကလည်း တဖြည်းဖြည်း တိုး၍တိုး၍လာနေသည်၊ ညနေပိုင်း သွေးပူလေ့ကျင့်ခန်းအနေဖြင့် ကရာတေးဒိုလေ့ကျင့်ခန်းများကို

www.burmeseclassic.com

www.burmeseclassic.com

လေ့ကျင့်ကစားလိုက်ပြီးနောက် ရေအဝသောက်ကာ ရေချိုးခေါင်းလျှော်လိုက်သည်။ ရေများခြောက်အောင် သုတ်သင်၍ ဆံပင်များကို ဒရိုင်ယာလေမှုတ်စက်ဖြင့် အပူပေး၍ခြောက်စေပြီး ဂျာစီလက်ရှည်ကို ကောက်စွပ်လိုက်သည်။ အပေါ်မှ ဇော့စကုပ်အထူ တစ်ထည် ဝတ်ဆင်လိုက်သည်။ ပြီးလျှင် မှန်ထဲကြည့်ကာ ဆံပင်ကို ဘီးဖြင့် (၄-၅) ချက် ဆွဲဖီးလိုက်ပြီး အလှဆောင်း သိုးမွေးခေါင်းစွပ်ကို ခေါင်းမှာ စွပ်လိုက်ပါသည်။

စိတ်တိုင်းကျ ဝတ်စားပြီးနောက် မှန်ထဲတွင် ခန္ဓာကိုယ်ကို ဟိုဘက်သည်ဘက် လှည့်ကြည့်လိုက်ပြီး ထမင်းစားခန်းထဲ ဝင်လိုက်သည်။ အမေက ထမင်းစားခန်းအတွင်း ပန်းကန်ခွက်ယောက်များ ဆေးရင်းမှ…

"လာ-လာ-မင်းတစ်ယောက်ပဲ ထမင်းစားဖို့ကျန်တော့တယ်။ တို့တစ်တွေကတော့ မင်း ကရာတေးကစားနေကတည်းက စားလိုက်ကြပြီးပြီ။ မင်းဖို့ အုပ်ဆောင်းအောက်မယ် သီးသန့်ချထားတယ်-စား-စား"

ဟုပြောလာသည်။ ကျွန်တော်က အမေ့ကို ဘာမှပြန်မပြောတော့ဘဲ ခေါင်းညိတ်ပြကာ လက်ဆေးပြီး ထမင်းအုပ်ဆောင်းကိုဖွင့်၍ ထမင်းကို အားပါးတရ စားလိုက်သည်။ ထမင်းစားပြီးနောက် အမေ့ထံ ပန်းကန်ခွက်ယောက်များ ချပေးခဲ့ပြီး ဆပ်ပြာဖြင့် လက်ဆေးသုတ်သင်ပြီးနောက် အိမ်ရှေ့ဘက်သို့ ထွက်ခဲ့သည်။ အိမ်ရှေ့ဖက်တွင် စာအုပ်ဖတ်သူက ဖတ်၊ ကက်ဆက်ဖွင့်သူက ဖွင့်နှင့် သူ့အရှိန်နှင့်သူ ပြိမ့်နေကြသည်။ ကျွန်တော်လည်း အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး အခန်းထဲဝင်ကာ လက်စွဲတော် ဟော်လိုဂစ်တာလေးကိုဆွဲကာ အိမ်ရှေ့ကွပ်ပျစ်ရှိရာသို့ ထွက်ခဲ့သည်။ အိမ်ရှေ့ဘက်တွင် စာအုပ်ဖတ်သူက ဖတ်၊ ကက်ဆက်ဖွင့်သူက ဖွင့်နှင့်၊ သူ့အရှိန်နှင့်သူ ငြိမ့်နေကြသည်။ ကျွန်တော်လည်း အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး အခန်းထဲဝင်ကာ လက်စွဲတော် ဟော်လိုဂစ်တာလေးကိုဆွဲကာ အိမ်ရှေ့ကွပ်ပျစ်ရှိရာသို့ ထွက်ခဲ့သည်။ ကွပ်ပျစ်ပေါ်တွင် အကျအနထိုင်ကာ ဂစ်တာလေးကို အသံစမ်းရင်း ကြိုးညှိလိုက်သည်။

စိတ်တိုင်းကျ ကြိုးညှိပြီးနောက် သီချင်းတစ်ပုဒ်ကို စတင်တီးခတ်သီဆိုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"× × ×ထိုက်တန်တဲ့ရင်းနှီးမှုတော့ ရှိရမယ် × × ×မယုတ်မလွန်တဲ့အားထုတ်မှုကို စိုက်ရမယ် × × ×နုတ်စီတဲ့ အိပ်မက်လှလှများ × × ×လွယ်လွယ်နဲ့ မရ"

ထိုအချိန်မှာပင် အိမ်ထဲသို့ စက်ဘီးတစ်စီး ဝင်ရောက်လာပြီး ကိုသက်ဦးက ဘရိတ်ဆွဲ၍ စက်ဘီးပေါ်မှဆင်းရင်း ကျွန်တော့်အနီးမှာ လာထိုင်သည်။ ကျွန်တော်က တီးလက်စကိုရပ်ကာ သူ့လက်ထဲသို့ ဂစ်တာကို ထိုးထည့်လိုက်ပြီး ပြုံးရယ်လျက်-

"လုပ်စမ်းပါဦးဗျာ - သီချင်းတစ်ပုဒ်လောက်။ ခင်ဗျားလက်သံ မကြားရတာ ကြာပြီ၊ နားထောင်ရတာပေါ့"

ကိုသက်ဦးက ဘာမှပြန်မပြောဘဲ ဂစ်တာလေးကို အနည်းငယ် အသံစမ်း ကြိုးညှိလိုက်ပြီး ထုံးစံအတိုင်း လက်ချောင်းများဖြင့် ပလက်ကင် (Plucking) တီးခတ်ကာ စိုင်းထီးဆိုင်၏ သီချင်းတစ်ပုဒ်ကို သီဆိုလိုက်ပါသည်။

"× × ×ဝါသနာထက် × × ×ဝမ်းရေးစက်တော့ × × ×ဒီသီချင်းဟာ × × ×ငါ့ရဲ့ နောက်ဆုံး × × ×သီချင်းဖြစ်ချင်ဖြစ်မယ် × × ×မပြောတတ်ဘူး × × ×ဟိုအရင်ကလို ဖက်ခွက်စားလို့ × × ×အခေါ်မခံရတာ × × ×တစ်ခုကလွဲရင်လေ × × ×ကိုယ့်ဘဝဟာ × × ×လုံးဝ × × ×မထူးသေးဘူး × × ×အို × × ×အနုပညာကို × × ×ငွေဆိုတဲ့ ဘုရားအတွက် × × ×ပျော်တော်ဆက်ဖို့ရာ × × ×မဖြစ်စေလိုပါ × × ×အို × × ×သူတောင်းစားသာသာ × × ×လူတွေစွန့်ကြဲသမျှ × × ×မျှော်နေရတဲ့ ဘဝ × × ×ရောက်နေသူအဖို့ × × ×ကိုယ်ချစ်တဲ့အနုပညာကို × × ×တကယ်စွန့်လွှတ်ရတော့မှာ × × ×"

ကျွန်တော်လည်း အကြိုက်ဆုံး သီချင်းများထဲမှ တစ်ပုဒ်ဖြစ်၍ ကိုသက်ဦးနှင့် အတူ စီးချောင်းလိုက်ပါသီဆိုနေမိသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း အသံဗလံများ တိတ်ဆိတ်သွားကြပြီး ကျွန်တော်နှင့် ကိုသက်ဦးတို့၏ ဂီတသံစဉ်တွင် ငြိမ်သက်စွာ စီးမျောလိုက်ပါနေကြသည်။ မြောက်ပြန်လေညင်းကလည်း တသုန်သုန်တိုက်လာသည်။ မြူခိုးများနှင့်အတူ ဆီးနှင်းစအချို့က ကျွန်တော်တို့၏ မျက်နှာနှင့် [illegible]ခမ်းများပေါ်သို့ တဖွဲဖွဲကျဆင်းလာသည်။ ကိုသက်ဦးက နောက်ဆုံးအတီးပိုဒ်ကို သေသပ်လှပစွာ လက်ချောင်းများဖြင့် Plucking ဆွဲ၍ အဆုံးသတ်လိုက်သည်။ ပြီးမှ "ဇာတ်ဆရာရေ - အေးလာပြီဗျာ - လက်ဖက်ရည်ဆိုင်သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ ဂစ်တာကို ကျွန်တော့် လက်ထဲ ပြန်ထည့်ပေးလာသည်။ ကျွန်တော်လည်း "အိုကေပေါ့ဗျာ" ဟုဆိုကာ ဂစ်တာကို လှမ်းယူလိုက်ကာ အခန်းထဲသို့ သွားပြန်ထားလိုက်ပါသည်။ အခန်းထဲမှ ပြန်အထွက်တွင် အမေကြီး (အဘွား) က -

"ဟိုကောင်လေး - ညနက်အောင် မနေနဲ့နော်။ အေးတယ် - စောစောပြန်ခဲ့" ဟု လှမ်းမှာသည်။ ကျွန်တော်က ...

"ဟုတ်ကဲ့ - မေကြီး"

ဟု ပြောပြီး အိမ်ထဲမှ ကပျာကယာထွက်ကာ ကိုသက်ဦးစက်ဘီးကို နှစ်ယောက်အတူစီးကာ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြလေသည်။

⍟

ကျွန်တော်တို့ထိုင်နေကျ "စနေ ကဖီး" သို့ ရောက်သောအခါ ဆိုင်ရှင် ကိုအောင်ဆော့ကြီးက ကျွန်တော်တို့အကြိုက် အဖန်ရည်ကျကျ နှစ်အိုးစပ် လက်ဖက်ရည်အစ်နှစ်စီကို အငွေ့တထောင်းထောင်းထလျက် လာချပေး သည်။ အချိန်ကလည်း ည(၈)နာရီသာ သာခန့်ရှိနေပြီး အေးစိမ့်နေသော ဆောင်းညချမ်းအခါသမယတွင် လက်ဖက်ရည်ပူပူလေးကို မှုတ်သောက်ရသည်မှာ အလွန်အရသာရှိလှပေသည်။ ကျွန်တော်တို့နှစ်ယောက်လည်း လက်ဖက်ရည်ပူပူကို မှုတ်သောက်လိုက်ကြပြီး နောက် ခံတွင်းချဉ် သက်သာစေရန် ဓာတ်ဘူးတွင်းမှ ရေနွေးကြမ်းပူပူများကို နှစ်ခွက်၊ သုံးခွက်စီငှဲ့ပြီး သောက်လိုက်ကြပြန်သည်။ ရေနွေးကြမ်း နှစ်ခွက်၊ သုံး ခွက်စီ သောက်အပြီးမှာ ကိုသက်ဦးက စကားစလာသည်။

"ဓာတ်ဆရာရေ - ကျွန်တော်တို့ ဒီည ညမီးထိုးပြီး ငှက်အိပ်တန်းပစ်ကြရအောင်ဗျာ။ ဆင်ဖြူကုန်းရွာမြောက်ဘက်က ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့လယ်တဲမှာ ဒီညကြက်သားကာလသားဟင်းချက်စိုင်းထားတယ်။ သူတို့က စပါးရိတ်ချိန်မို့ လယ်တောကို ပြောင်းပြီးနေတာ (၁) လလောက်ရှိပြီ။ စပါးတွေ ရိတ်သိမ်းပြီးလို့ ဒီပို့တွဲလကုန်လောက် ရောက်မှ ရွာထဲပြန်ရွှေ့ကြမှာ။ လူကြီးတွေနဲ့ အမျိုးသမီးတွေကတော့ အေးလို့ ရွာထဲမှာပဲ နေကြတယ်။ အခု လယ်တောထဲမှာ သူတို့ညီအစ်ကို (၃) ယောက်

www.burmeseclassic.com

ဘာလသားဟင်းချက်ထားမယ်၊ ရွှေမိ (တောအရက်)လည်း ဝယ်ထားမယ်၊ ညီ-
မီးထိုး ဇုက်ပစ်ရင်းနဲ့ လာခဲ့ကြပါလားလို့ ပြောသွားတယ်၊ ခင်ဗျား ဘယ်လိုသဘော
ရလဲ၊ လိုက်မယ်မဟုတ်လား"

ဟု မေးလာပါသည်၊

"အော် - ခင်ဗျားဘော်ဒါ - ကိုစိန် မောင်ကြီးတို့ ညီအစ်ကိုတွေလား၊ သူတို့က
ညီအစ်ကို(၃)ယောက်စလုံး ခင်တတ်မင်တတ်ရှိပြီး သဘောကောင်းတယ်ဗျ၊ (၃)
ယောက်စလုံးကလည်း လူပျိုလူလွတ်တွေဆိုတော့ အနေအောင်အဖွဲ့ကျင်းတာပေါ့ဗျာ"

"ဟုတ်တယ်ဗျ - ဘယ်လိုလဲ - ခင်ဗျား လိုက်မယ်မဟုတ်လား"

"သွားတော့ သွားတာပေါ့ဗျာ၊ ဒါပေမဲ့ - ကျွန်တော်ပြန်မလာမချင်း အိမ်မှာအမေ
ကြီးက ထိုင်စောင့်နေမှာဗျ၊ ဒီလိုလုပ်ဗျာ - အိမ်ကို ကျွန်တော် အဝင်ပြပြီး ပြန်ထွက်
လာခဲ့မယ်၊ ခင်ဗျား အပြင်ကနေ ခဏစောင့်နေလိုက်ပေါ့၊ ညမီးထိုးပစ်မှာဆိုတော့
ကျွန်တော်တို့ဓာတ်မီးတွေ ဘာတွေ ထပ်ဝယ်ရဦးမှာဗျ၊ အိမ်မှာက (၃)ခဲထိုး ဓာတ်မီး
ပဲရှိတာ"

"အင်း - ဟုတ်တယ်ဗျ၊ ကဲ - ပြောနေကြာတယ် - လာ - သွားကြစို့"

ဟုဆိုကာ လက်ဖက်ရည်ဖိုး ရှင်းပြီး အိမ်ကို စက်ဘီးဖြင့် ပြန်ခဲ့ကြသည်၊ ကိုသက်
ဦးက ဝင်းတံခါးအပြင်ဘက်မှ စက်ဘီးနှင့်အတူ စောင့်နေရစ်ပြီး ကျွန်တော်က စေ့ထား
သောတံခါးကို တွန်းဖွင့်ကာ ချောင်းဟန့်သံပေးလိုက်ပြီး တံခါးမကြီးကို အတွင်းမှ ချက်
ထိုးပြီး ပိတ်လိုက်သည်၊ အမေကြီးက အိမ်အပေါ်ထပ် ဘုရားကျောင်းဆောင်ရှေ့တွင်
ဘုရားဝတ်ပြုနေရာမှ -


"ကောင်လေး - တံခါးတွေ သေချာ ပိတ်နော်"

ဟု လှမ်းမှာရှာသည်၊ ကျွန်တော်လည်း "ဟုတ်ကဲ့ - မေကြီး" ဟုပြန်ဖြေရင်း
အခန်းထဲသို့ဝင်ကာ လက်စွဲတော် တရုတ်နီဘေးဆွဲ One special လေသေနတ်
ကြီးကိုဖြုတ်ကာ အံဆွဲထဲမှ သဘော်ဆေးအဖြူရောင် ဘူးသေးလေးကိုထုတ်ကာ
ချိန်သီး၏ထိပ်ဖျားကို သဘော်ဆေးအဖြူရောင်လေးတို့ပေးပြီး ပါးစပ်မှ လေမှုတ်ပေး
လိုက်သည်၊ ညမီးထိုးပြီးပစ်မှာဖြစ်၍ ချိန်သီးကို မီးရောင်ဖြင့် လွယ်ကူစွာ မြင်နိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်ကြီးကို မြေအိုးတစ်လုံးထဲမှာ ခွေထည့်ပြီး အပေါ်က
အဖုံးကို ရွှံ့နဲ့မံရတယ်။ ပြီးရင် ပြာကျတဲ့အထိ မီးဖုတ်ရတယ်။
အဲဒီမြွေပွေးပြာက တို့တောင်သူတွေအတွက်
ကျွဲနွားဆေးပဲကွ။ ကျွဲတွေ၊ နွားတွေ ခွာမှာ အနာဖြစ်ရင်
ပိုးလောက်တွေသေအောင် မြွေပွေးပြာနဲ့ သိပ်ပေးရတယ်။
ပိုးလောက်တွေ အကုန်ပူလို့ အတွင်းထဲ အောင်းမနေနိုင်ဘဲ
အကုန်အပြင်ထွက်ကျလာတယ်



ဆေးအမြှုပ်ရောင်ခြယ်ပေးခြင်းဖြစ်သည်။ ပြီးလျှင် ခေါင်းအုံးအောက်မှ (၃)ခဲ
ဓာတ်မီးကြီးကိုယူ၍ ခါးမှာ ထိုးလိုက်ပြီး အံဆွဲထဲမှ ကျည်ဆန်ဘူးကိုယူ၍ ဘောင်း
အိတ်ထဲ ထိုးထည့်လိုက်သည်။ လိုအပ်သည်များကို လျှပ်တစ်ပြက်အချိန်အတွင်း
ဆက်သလို ပြင်ဆင်လိုက်ပြီး အခန်းတံခါးကို စေ့ပိတ်ပြီး ခြင်ထောင်ချထားလို
သည်။ ပြီးလျှင်ပြတင်းပေါက်တံခါးကိုအသံမမြည်အောင်ကြိတ်ဖွင့်ပြီး သေနတ်လွ
လျက် အပြင်ကို ကျော်ထွက်လိုက်သည်။ ပြီးမှ တံခါး ကို အသာအယာ ပြန်စေ့ထား
လိုက်သည်။ ခြေသံမကြားအောင် ဝင်းတံခါး အပြင်ထွက်ခဲ့ပြီး ကိုသက်ဦးနှင့်
စတိုးဆိုင်သို့ စက်ဘီးစီးရင်း ထွက်ခဲ့သည်။

စတိုးဆိုင်မှ ဓာတ်ခဲနှစ်လုံးစီနှင့် ဓာတ်မီးအဖိုး နှစ်ခုစီ ဝယ်ခဲ့ကြသည်။ မီးသီး
မှာ အပိုဝယ်ထားပြီးဖြစ်၍ ထပ်မံမဝယ်ကြတော့ပါ။ လိုအပ်သော ပစ္စည်းများဝယ်ပြီး

www.burmeseclassic.com

နောက် ကိုသက်ဦး အိမ်သို့သွားသည်။ ကျွန်တော်က အပြင်ဘက်မှ စောင့်နေခဲ့ပြီး ကိုသက်ဦးက အိမ်ထဲဝင်သွား၏။ ခဏအကြာမှာ ဘောင်းဘီနှင့်အနွေးထည်များထပ်ဝတ်လာပြီး သူ့လက်စွဲတော် တရုတ်နီအောက်ဆွဲ လေသေနတ်ကြီးလိုလွယ်ကာ ဓာတ်မီး တစ်လက်ကို လက်မှာကိုင်ပြီး ပြန်ထွက်လာသည်။ သူ၏ဟမ်းဘားစက်ဘီးကြီးကို ကျွန်တော်ကနင်းပြီး ကိုသက်ဦးက ကယ်ရီယာခုံမှာထိုင်ရင်း မြောင်းပေါင်လမ်းအတိုင်း စက်ဘီးဖြင့် ထွက်ခဲ့ကြလေသည်။

⍟

လကွယ်ညမဟုတ်သော်လည်း လမိုက်ညဖြစ်၍ ကြယ်ရောင်လရောင်များသာရှိသည်။ မြောင်းပေါင်လမ်း တစ်လျှောက်မှာလည်း ညဥ့်အချိန် ကျက်စားသော ပိုးမွှားကောင်များ၊ ပုရစ်များ၏အော်သံများ၊ ကျိုင်းကောင်များ၏ အော်မြည်သံများဖြင့် အသက်ဝင်နေပေသည်။ ကုက္ကိုပင်ကြီးများပေါ်မှ ဖီးကွက် များကလည်း "ကျီကွက်-ကျီကွက် - ကွစ် - ကွစ်" ဟု အော်မြည်နေကြသည်။ ခပ်ဝေးဝေးရှိ လယ်တွင်းထဲရှိ ထန်းပင် ညီနောင်ပေါ်မှ ဒီးဒုတ်ငှက်ကြီးများကလည်း "ဒီး - ဒီး" ဟု အော်မြည်နေကြသည်။ မိန်ကောင်ခေါ် ဖလံဖြူငှက်ကြီးများကလည်း ကောင်းကင်ယံတွင် ဆူညံစွာ အော်ဟစ်ပျံသန်းနေကြသည်။ ထိုမိန်ကောင်ခေါ် ငှက်ကြီးများကို အချို့လူကြီးသူမများက "ငှက်သူတော်" ဟု ခေါ်ကြပြီး လူကြီးအချို့ကမူ "ငှက်ဆိုး" ဟု ခေါ်ကြသည်။ လူ့ရပ်လူ့ရွာအနီးငှက်ကြီးများ လာရောက်ကျက်စားစဉ် ထိုငှက်ကြီးများ၏အော်မြည်ထန်အသံကို လိုက်၍ အခေါ်အဝေါ် ကွဲပြားဟန်တူပါသည်။

မရှင်းလင်း၍ မေးမြန်းကြည့်သောအခါ ထိုငှက်ကြီးများသည် ညအချိန် ကောင်းကင်ယံတွင် ပျံဝဲကျက်စားနေစဉ် မြေပြင်တွင် သွားလာလှုပ်ရှားနေသော ယမမင်း၏ အမန်တော်ငရဲသားများကို တွေ့မြင်ရသောကြောင့်လည်းကောင်း၊ နာနာဘာဝ ဝိဉာဉ်သဘာဝများကို တွေ့မြင်ရသောကြောင့်လည်းကောင်း ထိုအရပ်ဒေသမှာ နေထိုင်သူသူသားများကို သတိပေးသည့်အနေဖြင့် အော်ဟစ်ကြခြင်းဖြစ်သည်ဟု ဆိုကြသည်။ အချို့အယူသည်းသူတို့ကလည်း ရပ်ရွာအတွင်း ငှက်ဆိုးလာရောက်နားခို အော်မြည်

www.burmeseclassic.com

သောနေအိမ်မှ ရက်များမကြာမီ လူသေတတ်သောကြောင့် ထိုငှက်ကြီးများကို "ငှက်ဆိုး" ဟု သတ်မှတ်ခေါ်ဝေါ်ကြသည်။ ထိုအစဉ်အလာ ယုံကြည်မှုများအတိုင်း မြို့စွန်တွင် ကျရောက်နေ သော ကျွန်တော်တို့ရပ်ကွက်လေးတွင် ထိုငှက်ကြီးများ ညအချိန် အော်မြည်သံ ကြားရသောအပိုင်းမှာ ရက်များမကြာမီ လူသေဆုံးမှုများ ပေါ်ပေါက်တတ်သည် ကို တိုက်ဆိုင်စွာ လေ့လာတွေ့ရှိရပါသည်။ ညအချိန် မြောက်ဘက်ပိုင်းတွင် ထိုငှက်ကြီးများ ဆူညံစွာ အော်မြည်နေကြပါက ထိုမြောက်ဘက်ပိုင်းတွင် ရက်များမကြာမီ နာရေးပေါ်တတ်ပါသည်။ အလားတူစွာ တောင်ဘက်ပိုင်း၊ အနောက်ဘက်ပိုင်း၊ အရှေ့ဘက်ပိုင်း၊ အလယ်ပိုင်း စသည်ဖြင့် အများသတ်မှတ် ခေါ်ဝေါ်သည့် အပိုင်းများတွင်လည်း တိုက်ဆိုင်စွာ ဖြစ်တတ်သည်ကို တွေ့ရ၏။

ကျွန်တော်တို့ ငှက်ပစ်မုဆိုးများအနေဖြင့် ညအချိန် ညမိုးထိုး၍ ငှက်ပစ်လေ့ရှိသော်လည်း အဆိုပါ ညငှက်ကြီးများကို ပစ်လည်း မပစ်၊ စားလည်း မစားကြပါ။ နေ့အခါ ကျက်စားပြီး ညအချိန် အိပ်တန်းတက်နေသော ငှက်များကိုသာ ရှာဖွေပစ်ခတ်ကြခြင်းဖြစ်ပါသည်။

ကျွန်တော်က စက်ဘီးနင်းရင်း စိတ်ကူးတည့်ရာ စဉ်းစားနေစဉ် ကယ်ရီယာခုံပေါ် ထိုင်လိုက်လာသော ကိုသက်ဦးက -

"ဆတ်ဆရာရေ - ရှေ့နားကျရင် မြောင်းဘောင်ပေါ်ကနေ သူတို့လယ် တောထဲ ဖြတ်ဆင်းတဲ့ တောသွားလှည်းလမ်းလေးတွေ့လိမ့်မယ်။ အဲဒီဘက် ချိုးဝင်လိုက်၊ သတိတော့ ထားဦးနော်။ လှည်းလမ်းက အနိမ့်ပိုင်းဆိုတော့ အရှိန်နဲ့ တအားထိုးမဆင်းလိုက်နဲ့ဦး။ လှည်းလမ်းရဲ့အလယ်မှာ လူသွားလမ်းဖုံဖုံလေးရှိတယ်။ အဲဒီအတိုင်းဖြည်းဖြည်းချင်း နင်းဗျာ"

"အိုကေပေါ့ဗျာ"

လှည်းလမ်းနားအရောက်မှာ ကိုသက်ဦးက နောက်မှ လက်နှိပ်ဓာတ်မီးဖြင့် ထိုးသည်။ ကျွန်တော်က လှည်းလမ်းဘက်သို့ လက်ကိုင်ကို ချိုးကွေ့လိုက်စဉ်မှာပင် ဓာတ်မီးရောင်အောက်တွင် လက်ဖျံခန့်တုတ်သော မြွေပွေးကြီးတစ်ကောင်က လှည်းလမ်းကို ကန့်လန့်ဖြတ်ပြီး ကူးနေသည်။ အချိန်မီ ဘရိတ်ဆွဲအုပ်ရန်လည်း မဖြစ်နိုင်တော့သဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com

"ကိုသက်ဦးရေ – မြွေပွေးကြီးဗျ – ခြေထောက်မြှောက်ထား"

ဟု အော်ဟစ်သတိပေးလိုက်ပြီး ကိုယ်တိုင်လည်း ခြေထောက်များကို အပေါ်သို့ အစွမ်းကုန် မြှောက်လိုက်ကာ ကန့်လန့်ကြီးခံနေသော မြွေပွေးကြီး အပေါ်မှ အလိုတ် သင့်ဖြတ်ကျော်လိုက်သည်။ ရှေ့ဘီးဖြင့် အနင်းခံလိုက်ရ၍ နာသွားဟန်တူသော မြွေပွေးကြီးက လျှပ်တစ်ပြက်ပင် နောက်လှည့်ပြီး "တွတ်" လိုက်သည်။ ကျွန်တော့် ဘောင်းဘီ အောက်နားမှ မြွေပွေးခေါင်းကြီးက "ဝီ" ခနဲ ဖြတ်သွားပြီး နောက်ဘီးဆီမှ "ဒေါင်" ခနဲ ကြားလိုက်ရသည်။ စက်ဘီးမှာ တစ်ချက်တုန်ခါသွားကာ နောက်ဘီးက မြွေကြီး၏လည်ပင်းကို ထပ်ကြိတ်မိသွားပြန်သည်။

ကျွန်တော်က ရှေ့ဝါးတစ်ပြန်သာသာရောက်မှ ဘရိတ်ဆွဲ၍ ရပ်လိုက်ပြီး စက်ဘီး ဒေါက်ထောက်ထားခဲ့ကာ နစ်ယောက်သား မြွေပွေးကြီးရှိရာသို့ ဓာတ်မီးဖြင့် ထိုးကြည့် လိုက်သည်။ မြွေကြီးမှာ လှည်းလမ်းပေါ်တွင် တွန့်လိမ်နေပြီး နာကျင်မှုကြောင့် "တဖြီးဖြီး" ဖြင့် ဒေါသထွက်နေသည်။ နစ်ယောက်သား မြွေပွေးကြီးအနားသို့ ချဉ်းကပ် သွားလိုက်ပြီး ကိုသက်ဦးက မြွေပွေးကြီးမှာ တဝုန်းဝုန်း ရုန်းကန်ပြီး လူးလှိမ့်လှုပ်ရှား နေသောကြောင့် နစ်ဦးသား နောက်သို့အနည်းငယ် ဆုတ်ကြည့်နေလိုက်ကြသည်။ ထို အချိန်မှာ လယ်တဲဆီမှ ဓာတ်မီးနှင့် "ဝင်း ခနဲ" လှမ်းထိုးလာပြီး ...

"ဝေး – သက်ဦးတို့ ရောက်လာကြပြီလားဟေ့ – ဘာဖြစ်နေကြတာလဲ"

ဟု အော်ဟစ်မေးမြန်းလာသည်။ ကိုသက်ဦးက –

"မြွေပွေးကြီးဗျို့ – အတော်ကြီး တယ်"

"ဟေ – ဟုတ်လား။ အနားမကပ်ကြနဲ့ – တို့လာပြီ" ဟု အော်ဟစ်ပြောဆိုကာ တုတ်၊ ဓားများဆွဲကာ ပြေးလွှားရောက်ရှိလာကြသည်။ အနားရောက်လာတော့ မြွေ ပွေးကြီးမှာ ငြိမ်သက်သေ ဆုံးနေပြီဖြစ်၏။ ကိုသက်ဦးက ဖြစ်စဉ်ကို အတိုချုပ် ပြောပြ လိုက်သည်။ ကိုစိန်မောင်က –

"မင်းတို့ ကံကောင်းတာကွ။ ဒီမြွေ ပွေးတွေက သူတို့ကို မထိသရွေ့ ဘာမှ ရန်မမူ တတ်ပေမယ့် သူတို့ကို ထိမိရင်တော့ ခန္ဓာကိုယ်ပေါ်လာနားတဲ့ ယင်ကောင်ကိုတောင် မလွတ်တမ်း တွတ်နိုင်တယ်ကွ။ ပြီးတော့ အဆိပ်လည်း သိပ်ပြင်းတာ။ ဒီအကောင်

www.burmeseclassic.com

www.burmeseclassic.com

မျိုးက ကိုက်မိရင်တော့ နာရီပိုင်းအတွင်း အသက်ပျောက်သွားမှာပဲ။ ငါလည်း မြွေပွေး တစ်ကောင်လောက် လိုချင်နေတာနဲ့ အတော်ပဲပေါ့"

"ခင်ဗျားက ဘာလုပ်ဖို့ မြွေပွေးလိုချင်နေရတာလဲဗျ"

ဟု ကိုသက်ဦးက ပြန်မေးသည်။ ကိုစိန်မောင်ကြီးက ...

"ဒီကောင်ကြီးကို မြေအိုးတစ်လုံးထဲမှာ ခွေထည့်ပြီး အပေါ်က အဖုံးကို ရွှံ့နဲ့ မံရတယ်။ ပြီးရင် ပြာကျတဲ့အထိ မီးဖုတ်ရတယ်။ အဲဒီမြွေပွေးပြာက တို့တောင်သူတွေအတွက် ကျွဲနွားဆေးပဲကွ။ ကျွဲတွေ၊ နွားတွေ ခွာမှာ အနာဖြစ်ရင် ပိုးလောက်တွေ သေအောင် မြွေပွေးပြာနဲ့ သိပ်ပေးရတယ်။ ပိုးလောက်တွေ အကုန်ပူလို့ အတွင်းထဲ အောင်းမနေနိုင်ဘဲ အကုန်အပြင်ထွက်ကျလာတယ်။ အပြင်ရောက်တော့လည်း သေကုန်တာပါပဲ။ အနာကျက်လည်း မြန်တယ်။ လက်ပရိုစီ ဖြစ်နေတဲ့လူတွေလည်း ရောဂါဆိုးပြီး အရည်တရွှဲရွှဲနဲ့ အနားမကပ်နိုင်အောင်ဖြစ်နေရင် မြွေပွေးပြာကို အုန်းဆီနဲ့ ခပ်ကျဲကျဲ ဖျော်ပြီး သုတ်လိမ်းပေးရင်ခြောက်ပြီး အလွှာလိုက် ကွာကျကုန်တယ်ကွ။ ရောဂါ တော့ လုံးဝမပျောက်ဘူးပေါ့ကွာ။ ရှေးတုန်းကတော့ ရောဂါဆိုးလာရင် အဲဒီ့နည်းနဲ့ ထိန်းရတာပဲ"

ဟုရှင်းလင်းပြောပြကာ အသင့်ပါလာသော တုတ်ချောင်းကြီးဖြင့် မြွေပွေးကြီးကို ခါးလယ်မှ ထိုးကော်၍ မ,လိုက်ပြီး တဲဆီသို့ သယ်ယူခဲ့ကြသည်။

တဲရှေ့တွင် မီးဖိုကြီးတစ်ခု ဖိုထားပြီး နွားချေးသရိုးကိုင်ထားသော တလင်းထဲတွင် တောက်လျှောင်းထုံးများကို စီရရီ စုပုံထားသည်။ တဲအနီး မီးဖိုအနီးရောက်မှ ကိုသက်ဦးက သူ့စက်ဘီးကြီးကို ဓာတ်မီးဖြင့် လှည့်ပတ်ထိုးကြည့်လိုက်ပြီး ...

"ဟာ - ဒီမှာ စောစောက မြွေပွေးကြီး နောက်ပြန်တွတ်လိုက်တာ စမုတ်တံ နှစ်ချောင်းတောင်ပြတ်ထွက်သွားတယ်ဗျ။ အဲဒါကြောင့် စက်ဘီးလှုပ်ပြီး ခါသွားတာ။ နည်းတဲ့ speed မဟုတ်ဘူးဗျို့"

ဟု ဆိုသဖြင့် သွားကြည့်လိုက်ကြရာ အမှန်ပင်ဖြစ်၏။ မြွေပွေးကြီး၏ ချွန်မြနေသောအစွယ်များဖြင့် တွတ်မိသောကြောင့် စမုတ်တံနှစ်ချောင်းမှာ တိတိရိရိ ပြတ်ထွက်နေသည်။ ကျွန်တော်လည်း တအံ့တသြဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါရဲ့ဗျာ - ဒါကြောင့်မို့ သူ ပြန်တွတ်လိုက်တုန်းက "ဒေါင်" ခနဲ အသံကြားလိုက်ရတာကိုး။ ထိမိရုံမိလိုက်ရင်မရောင်ဘူးဗျို့။ သူလည်းသူ့အားနဲ့သူခံသွားရတာပဲ။ ပါးလုတ်ကို ဖြတ်အရိုက် ခံလိုက်ရသလိုဖြစ်ပြီး လမ်းပေါ်တင် တွန့်လိမ်နေအောင် ခံသွားရတာပဲ။ ကျွန်တော်တို့မသတ်လည်းသူ့ဟာသူသေမှာပဲဗျ။ တော်တော်ကြောက်စရာ ကောင်းတဲ့ကောင်ကြီးဗျာ"

ဟု မှတ်ချက်ချမိသည်။ ကိုစိန်မောင် က တဲအတွင်းမှ မြေအိုးကြီးတစ်လုံး ထုတ်လာကာ မြွေမွေးကြီးကို ခွေထည့်ပြီး အဖုံးပိတ် ရွှံ့မံကာ မီးဖိုတွင် မီးဖုတ်လေတော့သည်။ ကျွန်တော်တို့ကို လှမ်းကြည့်ပြီး ...

"ကြက်သားအိုးကတော့ ရေမကျသေးဘူး - ငါ့လူတွေရေ။ ရွှေမိတွေကတော့ တဲနားက ကောက်ရိုးပုံထဲမှာ အခန်းလေးလုပ်ပြီး ဖွက်ထားတယ်။ မင်းတို့ စိတ်တိုင်းကျသာ မြည်းကြပေတော့"

ဟုဆိုလာရာ ကိုသက်ဦးက -

"ကျွန်တော်တို့ ညမီးနဲ့ ငှက်ပစ်လိုက်ဦးမယ်။ အပြန်ကျမှ အမောဖြေရင်း ချကြတာပေါ့။ ဒီအချိန်က ညမီးထိုးပစ်လို့ အကောင်းဆုံးအချိန်ပဲ။ ငှက်တွေ အိပ်မောကျတဲ့ အချိန် ရောက်နေပြီ"

ဟု ပြန်ပြောလိုက်ပါသည်။ ကိုစိန်မောင်ညီ အငယ်ဆုံး ကိုစိန်လုံးက -

"ငါလည်း လိုက်ခဲ့မယ်"

ဟုဆိုကာ တဲအတွင်းဝင်၍ တောစီးဖိနပ်ရှည်ကိုစီးကာ လွယ်အိတ်တစ်လုံးကို ဆွဲပြီး ထွက်လာသည်။ ကိုသက်ဦးက ...

"အဲဒါ - ဘာတွေလဲ"

"ဒါက ငါ့ရဲ့လက်စွဲတော်ဘတ်ခွ (သားရေခွ)နဲ့ စက်ဘီးကုန်းသီးပေါင်းတွေလေကွာ။ လိုရမယ်ရပေါ့"

ဟု ဆို၏။ ကိုစိန်မောင်က မြေအိုး ကို မီးဖုတ်နေရာမှ -

"အေး - ကောင်းတယ်။ မင်းတို့သုံးယောက်က မီးထိုးပြီးပစ်ရျကြပေါ့။ ငါက မြွေမွေး မီးဖုတ်လိုက်ဦးမယ်။ စိန်အောင်က ကြက်သားအိုးစောင့်ပြီး ချက်ကွာ"

www.burmeseclassic.com

ဟုဆိုပြီး အစီအစဉ်ဆွဲပေး၏၊ ကိုသက်ဦးက ...

"အဲဒီအစီအစဉ်ကောင်းတယ် - လာ - သွားကြစို့"

ဟုဆိုကာ (၃)ယောက်သား ရိုးပြတ် ငုတ်များပေါ်မှဖြတ်ကာ ခင်တန်းများရှိရာ ရေပစ်ရိုးချောင်းဆီသို့ ထွက်ခဲ့ကြသည်။

⍟

တဲနှင့် လယ်တစ်ကွက်ကျော် လောက်ရောက်မှ ခြတ်မီးများကို မဆက်ရသေးကြောင်း သတိရပြီး လွယ်အိတ်တွင်းမှ အပိုးများကိုထုတ်ကာ (၃)ခဲထိုးခြတ်မီးတွင် အရစ်ကျဆက်လိုက်ပြီး ခြတ်ခဲနှစ်လုံး ထပ်ဖြည့်လိုက်သည်။ ထိုအခါ ကျွန်တော်နှင့် ကိုသက်ဦးတို့၏ခြတ်မီးများမှ (၃)ခဲထိုးမှ (၅)ခဲထိုးခြတ်မီးများဖြစ်ကုန်ကြပြီး ကိုစိန်လုံး၏ခြတ်မီးမှာ (၃)ခဲထိုးခြတ်မီးသာဖြစ်သည်။ ကိုစိန်လုံး၏ခြတ်မီးကို တောနင်းရာတွင် မြွေပါးကင်းပါးအန္တရာယ် ရှောင်ရှားနိုင် ရန် လမ်းပြမီးအဖြစ် အသုံးပြုမည်ဖြစ်ပြီး ကျွန်တော်နှင့် ကိုသက်ဦးတို့၏ (၅)ခဲထိုး ခြတ်မီးကြီးများကို သစ်ပင်အကိုင်းအကြားတွင် အိပ်တန်းတက်နေသော ငှက်များကို ရှာဖွေရာတွင် အသုံးပြုကြမည်ဖြစ်သည်။

ထိုသို့ အစစ အရာရာ ပြင်ဆင်ပြီးနောက် ကိုစိန်လုံးက ရှေ့ဆုံးမှ ခြတ်မီးထိုး၍ ဦးဆောင်လမ်းပြပြီးသွားသည်။ တဲနှင့် လယ်နှစ်ကွက်ကျော်လောက် အရောက်တွင် လယ်ကန်သင်းရိုးကုန်း ကျယ်ပေါ်တွင် တမာပင်တစ်ပင်ပေါက်နေသည်ကို တွေ့ရသည်။ ကိုသက်ဦးက ...

"အဲဒီ တမာပင်က စပြီး မီးထိုးကြတာပေါ့"

ဟုဆိုကာ ခြေသံလုံလုံဖြင့်တမာပင်အနီးသို့ ချဉ်းကပ်ခဲ့ကြသည်။ စပါးရိတ်သိမ်းပြီးခါစ ရိုးပြတ်ငုတ်များမှာ နင်းရည်ဆွတ်ဖျန်းထားသဖြင့် အသံသိပ်မထွက်ပါ။ တမာပင်နှင့်ဝါးတစ်ပြန်ခန့်အရောက်တွင် ရှေ့လမ်းတစ်လျှောက် မြွေပါးကင်းပါး ရှိ၊ မရှိ ခြေထောက် မီးထိုးရှာဖွေလိုက်ပြီး စိတ်ချရမှ မီးပိတ်ကာ အမှောင်ထဲမှာပင် အပင်ခြေသို့ ဖြည်းဖြည်း ချဉ်းကပ်ခဲ့ကြသည်။ အပင်ခြေသို့ ရောက်သောအခါ ကိုသက်ဦးက တိုးတိုးလေသံဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ရှာမယ်၊ စင်ဖျားတို့မီး တွေ ပိတ်ထားပြီး အသံမထွက်စေနဲ့"

ဟု မှာကြားပြီး သစ်ပင်အဖျားမှစ၍ မီးထိုးပြီး ရှာဖွေလိုက်သည်၊ အဖျားပိုင်းတွင် ဘာကောင်မျှ မတွေ့သောအခါ တဖြည်းဖြည်းချင်း အောက်ဘက်သို့ မီးထိုးရှာဖွေ လိုက်၏၊ ကျွန်တော်တို့ အထက် (၁၂)ပေခန့်အမြင့်အရောက်မှာတော့ မြင်လိုက် ရသောမြင်ကွင်းကြောင့် ကိုစိန်လုံးထံမှ အလန့်တကြား အော်လိုက်သံကြောင့် သူ့ ပါးစပ်ကို ကျွန်တော်က လက်ဖြင့် လှမ်းပိတ်လိုက်ရသည်၊

"ဟာ - ငှက်ခေါင်းပြတ်ကြီးဟေ့ - အု - ဂု"

ကိုစိန်လုံး၏အသံမှာ ကျွန်တော်က ပါးစပ်ကို လက်ဖြင့် ပိတ်လိုက်သောကြောင့် ရပ်သွား၏၊ ကျွန်တော်က သူ့နားရွက်နားကပ်ကာ တီးတိုးလေသံဖြင့် ...

"အဲဒါ ငှက်ကြီးခေါင်းပြတ်နေတာ မဟုတ်ဘူးဗျ၊ တိုက်သိမ်းဖြူကြီး၊ ရာသီဥတု အေးလို့အတောင်ကြားထဲမှခေါင်းဝှက်ပြီးအိပ်နေတာ၊ ကျွန်တော်တို့ပစ်လိုက်ဦးမယ် စကားမပြောနဲ့တော့နော်"

ဟု ပြောလိုက်မှ သဘောပေါက် သွားဟန်ဖြင့် ခေါင်းညိတ်ပြသည်၊ ကျွန်တော် တို့နှစ်ယောက် စကားပြောနေစဉ် ကိုသက်ဦးက သူ့ဖသေနတ်ထဲသို့ ကျည်ဆန်ထည့် လိုက်ပြီး (၄ - ၅)ချက်ခန့် လေထိုးလိုက်ကာ ကျွန်တော့်ကို ခေါင်းညိတ်ပြ၏၊ ကျွန် တော်က သူ့နောက်တည့်တည့်မှရပ်ကာ သူ့ခေါင်းပေါ်မှ ကျော်ပြီး ငှက်ကြီးအိပ်နေရာ ဆီသို့ဓာတ်မီးဖြင့်ပင့်ထိုးပေးလိုက်သည်၊ ကိုသက်ဦးက မီးရောင်အတိုင်းသေနတ်ကို အလိုက်သင့်ပင့်၍ချိန်လိုက်ပြီး မောင်းကိုဖြည်းညင်းစွာ ဆွဲချလိုက်သည်၊ (၁၅)ပေခန့် အတွင်းမှာ အနီးကပ်အပိုင် ပစ်ခတ်ရခြင်းဖြစ်ရာ တိုက်သိမ်းဖြူကြီးမှာ ဘာသံမှ မထွက်နိုင်ဘဲအရုပ်ကြီးပြုတ်ပြုတ်ကျလာသည်၊ ကျွန်တော်က ငှက်ကြီးကျသွားရာသို့ ဓာတ်မီးဖြင့် ထိုးပြလိုက်ရာ ကိုစိန်လုံးက ကပျာကယာ သွားရောက်ကောက်ယူလိုက် သည်၊ အသက်ကင်းမဲ့နေပြီဖြစ်သော တိုက်သိမ်းဖြူကြီးကို လက်တင်းဓာတ်မီးဖြင့် ဆကြည့်ရင်း ...

"ဟာ - မဆိုးဘူးဟေ့၊ ကြက်မတမ်း နီးနီးရှိတယ် - ပွတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဝမ်းသာအားရဆိုလာသည်။ ကျွန်တော်တို့လည်း ပွဲဦးထွက် ငှက်ကြီး တစ်ကောင် ပစ်ခတ်ရရှိလိုက်သဖြင့် ကျေနပ်ပီတိဖြစ်နေကြသည်။ ဆက် လက်ပစ်ခတ်နိုင်ရန်အတွက် လယ်သုံးကွက်ကျော်တွင်ရှိသော ရိုးချောင်းရှိရာသို့ထွက်ခွာလာခဲ့ကြသည်။ လယ်ကွက်များ၏ကြားတွင် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုပြီး ပိုလျှံလာသောရေများကို စွန့်ပစ်နိုင်ရန်အတွက် (၁၀) ပေနီးပါးကျယ်ဝန်းသော ရေပစ်ရိုးချောင်း တစ်ခုရှိသည်။ ရိုးချောင်းမှာ အရှေ့မှ အနောက်သို့ သွယ်တန်းစီးဆင်းနေပြီး ကမ်းနှစ်ဖက်တွင် သဘာဝအတိုင်း ပေါက်နေသော သစ်ပင်များနှင့် လူတို့ စိုက်ပျိုးထားသော သစ်ပင်များ ရောနှောပေါက်ရောက်နေပြီး ခင်တန်းငယ်တစ်ခု ဖြစ်လို့နေသည်။ ထိုခင်တန်းတစ်လျှောက်ရှိ သစ်ပင်များပေါ်တွင် ကျေးငှက်သာရကာများ နေထိုင်ကျက်စားလေ့ရှိပြီး အိပ်တော့လည်း ထိုအပင်များပေါ်မှာပင် အိပ်စက်ကြသည်။

ကျွန်တော်တို့ ခင်တန်းအနီး ချဉ်းကပ်မိစဉ် ပထမဆုံး တွေ့ရသော သေနတ်ပင်ပေါ်သို့ မီးထိုးရှာဖွေလိုက်သောအခါ အထက်ပိုင်းလေကွယ်ရာ နေရာတွင် ချိုးနှစ်ကောင်တစ်ကောင်နှင့် တစ်ကောင်ထိကပ်ကာ ယှဉ်တွဲအိပ်စက်နေကြသည်ကို တွေ့ရသည်။ ကျွန်တော်က လက်ထဲမှ (၅) ခဲထိုး ဓာတ်မီးကို ကိုစိန်လုံးလက်ထဲ လှမ်းပေးလိုက်ပြီး ကျောတွင်လွယ်ထားသော လက်စွဲတော် သေနတ်ကြီးကိုဖြုတ်ကာ မောင်းတင်ကျည်ထည့်လိုက်သည်။ ပြီးမှ ကိုသက်ဦးနှင့် ကိုစိန်လုံးကို တစ်လှည့်စီ ကြည့်ရင်း ...

"ခင်ဗျားကဘယ်ဘက်ကအကောင်ကိုပစ်၊ ကျွန်တော်ကညာဘက်ကအကောင်ကိုပစ်မယ်။ ကိုစိန်လုံး - ခင်ဗျားက ကျွန်တော်တို့နှစ်ယောက် နောက်ကျောကနေ စောစောက ကျွန်တော်လုပ်သလို ကျွန်တော်တို့ခေါင်းပေါ်က ကျော်ပြီး မီးထိုးဗျာ"

ဟု တာဝန်ခွဲဝေလိုက်ပြီး ကိုသက်ဦးနှင့် ဘေးချင်းယှဉ်၍ နေရာယူလိုက်၏။ ကိုစိန်လုံးက ကျွန်တော်တို့နှစ်ယောက် နောက်မှ ငှက်နှစ်ကောင်ရှိရာသို့ ဓာတ်မီးကို မီးပင့်၍ထိုးပေးသည်။ ကျွန်တော်နှင့် ကိုသက်ဦးလည်း မီးရောင်ညွှန်ပြရာအတိုင်း အလိုက်သင့် သေနတ်ပင့်ချိန် ရွယ်လိုက်ကြပြီး (ချိန်သီးပေါ်ရှိ ဆေးဖြူလေးပေါ်တွင် ငှက်ခြေထောက်လေးကို တင်၍ချိန်ကာ) ပါးစပ်မှ တစ်၊ နှစ်၊ သုံး ဟု တိုင်ပင်ခေါ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်လုံးက လုမ်းယူပြီး
မွေးညှင်းနီးနီးရှိသော မြွေပွေးခေါင်းကြီးကို
တုတ်ဖြင့် ထိုးကော်၍ ထည့်လိုက်၏။
မြွေဦးခေါင်းပြတ်ကြီးမှာ
ပလတ်စတစ်အိတ်အတွင်းသို့
ကျပ်ကျပ်တည်းတည်းဖြင့် ရောက်ရှိသွားသည်။
ကျွန်တော်က ...

ပြိုင်တူ မောင်းဆွဲဖြုတ်ချလိုက်ကြသည်။ သေနတ်သံနှစ်ချက် ပြိုင်တူလိုလို ထွက်ပေါ်လာပြီး ခပ်အုပ်အုပ် ထိမှန်သံများနှင့်အတူ ချိုးနှစ်ကောင်မှာ ရေ့ဆင့်နောက်ဆင့် ဆိုသလို ပြုတ်ကျလာသည်။ ကိုစိန်လုံးက လျှင်မြန်စွာ ကောက်ယူလိုက်ပြီး ...

"ဟန်ကျသဟေ့ - လက်တည့်ချက် ကတော့ကွာ - တစ်ချက်တစ်ကောင်ပဲ"

"သိပ်မြှောက်မနေနဲ့ဦး - ရွှေမိနဲ့ မြည်းဖို့ အရိုန်မီ အမွေးနုတ်ပြီး ကြော်လှော်ဖေး ဖို့ကတော့ ခင်ဗျားတာဝန်ပဲနော်"

ဟု ကိုသက်ဦးက ပြောလိုက်ရာ ကိုစိန်လုံးက ...

"စိတ်ချစမ်းပါကွာ - ဒီမှာကြည့်"

ဟုဆိုပြီး လွယ်အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ပြသဖြင့် ကြည့်လိုက်ရာ စော စောက ရရှိခဲ့သော တိုက်သိမ်းကြီးမှာ အမွေးများ ပြောင်နေအောင် နုတ်ပြီး ဖြစ်နေ သည်ကို အံ့သြစွာ တွေ့ရှိရသည်။ ကျွန်တော်က ...

"ဟာ - ခင်ဗျားဟာက မြန်လှချည့်လားဗျာ။ ဘယ်အချိန်များ နုတ်လိုက်တာ လဲ"

www.burmeseclassic.com

www.burmeseclassic.com

"စောစောက မင်းတို့တွေ ငှက်ရှာနေတဲ့အချိန် အားတုန်းလေး ခဏနတ်လိုက်တာ"

"ဟာ - အံ့ရောဗျာ - မြန်လိုက်တာ၊ ခင်ဗျားကတော့ "စံ"ပဲ"

ဟု ကျွန်တော်တို့နှစ်ယောက်က တစ်လှည့်ပြန်ပြီး ချီးမွမ်းမိကြပါသည်။ ထိုအချိန်မှာပင် ရိုးချောင်း၏ တစ်ဖက်ထိပ် လယ်တစ်ကွက်ကျော်လောက်မှ တောကြောင်တစ်ကောင်၏ ဝမ်းခေါင်းသံကြီးဖြင့် မာန်ဖီနေသံကို ကြားလိုက်ရသည်။

"ဝရောင်း"

"ဝရောင်း"

"ခွီး"

"ဖြီး"

"ဖြီး"

"ခွီး"

"ဖြောင်း"

"ဟာ - ကြောင်အော်သံပါလား။ ကြည့်ရတာ တခြားသတ္တဝါတစ်ကောင်ကောင်နဲ့ ထိပ်တိုက်တွေ့နေတဲ့ပုံမျိုးပဲဗျ။ ဒီနားက တဲတွေမှာ ကြောင်တွေဘာတွေ မွေးတဲ့သူတွေ ရှိလားမသိဘူး"

ဟု ကိုသက်ဦးက စူးစမ်းသလို တွေးတွေးဆဆနှင့် ပြောလာသည်။ ကိုစိန်လုံးက ချိုးငှက်များကို အမွေးနုတ်နေရာမှ ထိတ်ထိတ်ပျာပျာဖြင့် ...

"ဟာ - ဒါ ကျူပ်ချောင်းနေတဲ့ ကြောင်ဝံပိုက်ကြီးတွေလားမသိဘူး။ ဒီနားတစ်ဝိုက်မှာ ကျက်စားနေတဲ့ ကြောင်ဝံပိုက်ကြီး(၂)ကောင်၊ (၃)ကောင်ရှိတယ်ဗျ။ ကျူပ်တို့ လယ်တဲတွေမှာက ခွေးတွေရှိတော့ အနားသိပ်မကပ်ကြဘူး။ နေ့ခင်းပိုင်းဆို လုံးဝ မထွက်ဘူး။ လသာတဲ့ညတွေမှသာ အဝေးကနေ "ရိပ်ခနဲ" "ရိပ်ခနဲ" တွေ့လိုက်ရတာ၊ တစ်ခါတစ်ရံတော့ အော်သံကြားရတယ်။ အခုအော်နေတဲ့အသံကို ကြားရတာ၊ စာလုရင်းတိုက်ခိုက်နေပုံပဲဗျ။ လာဗျာ - ဟိုရှေ့နားမှာ တစ်ဖက်နဲ့တစ်ဖက် ကူးလို့ရအောင် ထန်းသားတုံးနှစ်တုံး ယှဉ်ချပြီး တံတားလုပ်ထားတဲ့နေရာရှိတယ်။ ဟိုဘက်ကမ်းကို ကူးပြီး သွားကြည့်ရအောင်"

www.burmeseclassic.com

ဟုဆိုကာ ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားသဖြင့် ကျွန်တော်နှင့် ကိုသက်ဦးလည်း သူ့နောက်မှ အမီလိုက်ပြီး လျှောက်ကြရသည်။

သစ်ပင်များကြားမှ တစ်ဖက်ကမ်းသို့ လှမ်းမြင်ရသောနေရာသို့ ရောက်သောအခါ (၃)ယောက်သားအသံကြားရာဆီသို့လှမ်းမျှော်ကြည့်မိကြ၏။ ကြယ်ရောင်များနှင့် ထွက်ပြူစပြုလာသော လခြမ်းကွေးလေး၏ အားနည်းသော အလင်းရောင်အောက်တွင်တစ်ဖက်ကမ်းရှိလယ်တစ်ကွက်ကျော်မှလယ်ကွင်းထဲရှိရိုးပြတ်ငုတ်များပေါ်တွင် ဖွတ်လိုလို၊ သင်းခွေချပ်လိုလို သတ္တဝါတစ်ကောင်နှင့် ခွေးလောက်နီးနီးကြီးမားသော ကြောင်ကြီးတစ်ကောင်တို့ အပြင်းအထန် တိုက်ခိုက်နေကြသည်ကို မသဲမကွဲ လှမ်းမြင်ရသည်။ အလင်းရောင်က အားနည်းနေပြီး ဓာတ်မီးလည်း ထိုးမကြည့်ရသဖြင့် မည်းမည်း မည်းမည်းနှင့် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ကြရပါ။

"ညောင်"

"ဝေါင်း"

"ဖြီး"

"ခွီး"

"ဘုတ်"

"ဖြောင်း"

"ဝရော"

စသည်ဖြင့် မာန်ဖီသံ၊ တိုက်ပွဲခေါ် သံ၊ လျှပ်တစ်ပြက် တိုက်ခိုက်သည့်အသံလုံးထွေးသတ်ပုတ်နေသည့်အသံများကို ရောထွေးကြားသိနေရ၏။ ဖွတ်လိုလိုခံချောင်းလိုလို အကောင်ကြီးက ထိုးဟပ်လိုက်၊ ကြောင်ကြီးက ခုန်ရှောင်ပြီး လက်သည်းနှင့်ပုတ်လိုက်၊ လျှပ်တစ်ပြက် ဝင်ရောက်ကိုက်ခဲလိုက်၊ ဖွတ်လိုလို အကောင်ကြီးက အမြီးနှင့် ရိုက်ချလိုက်ဖြင့် ပူးတုံခွာတုံ အပြင်းအထန် တိုက်ခိုက်သတ်ပုတ်နေကြ၏။

ကျွန်တော်တို့ (၃)ဦးသားမှာ ဓာတ်မီးဖြင့် ထိုးကြည့်ပါကလည်း သတ်ပုတ်နေခြောက်လှန့်သလိုဖြစ်ပြီးထွက်ပြေးကုန်ကြမှာစိုးသည့်စိတ်၊ ရှိုးမျှောင်းအတွင်းရှေ့

www.burmeseclassic.com

www.burmeseclassic.com

ရှိနေသဖြင့် သည်အတိုင်း ဖြတ်ကူးရန် မဖြစ်နိုင်ဘဲ ထန်းသားတံတားသို့ သွားနေစဉ် တိုက်ပွဲမြင်ကွင်း အဆက်ပြတ်သွားမှာစိုးသည့်စိတ်များဖြင့် တစ်ဖက်ကမ်းသို့ မကူးနိုင်ကြသေးဘဲ သည်ဘက်ကမ်းသစ်ပင်များကြားမှသာ မသဲမကွဲ လှမ်းမျှော်ကြည့်ရှုနေကြရသည်။

သတ္တဝါနှစ်ကောင်စလုံးမှာ အတော်လေး မောပန်းနေကြပြန်ရှိပြီး ဒေါသများကလည်း အထွတ်အထိပ်သို့ ရောက်ရှိနေကြပြန်တူပါသည်။ မည်းမည်းရှည်ရှည်နှင့်ဖွတ်လိုလိုအကောင်ကြီးမှာ ကြောင်ဝံပိုက်ကြီး၏လက်သည်းနှင့်အပုတ်ခံရသည့်ဒဏ်နှင့်အလစ်အငိုက်ဖမ်းပြီးဝင်ရောက်ကိုက်ခဲသည့်ဒဏ်များကြောင့်တိုက်ပွဲစတင်စဉ်ကလိုမသွက်လက်တော့ဘဲ နှေးကွေးလေးလံလာသည်ကိုတွေ့ရသည်။ ကိုသက်ဦးက ...

"မကြာခင်တိုက်ပွဲပြီးတော့မယ်ဗျ။ ဟိုကောင်ကြီးအခြေအနေ သိပ်နေမကောင်းတော့ဘူး။ ကြောင်ဝံပိုက်ကြီးက နိုင်တော့မယ်"

ဟုမှတ်ချက်ချ၏။ သူ့စကားအဆုံးမှာပင် ကြောင်ကြီးက ခုန်အုပ်မည့်ဟန် ဆတ်ခနဲ ဝပ်ချလိုက်စဉ်မှာ ဖွတ်ကြီးက လက်ဦးအောင် ထိုးဟပ်လိုက်၏။ ကြောင်ကြီးက ဖွတ်ကြီး၏ခေါင်းပေါ်မှ ရိပ်ခနဲ ကျော်ထွက်ခဲ့ကာ ဦးခေါင်းကို လက်သည်းဖြင့် တစ်ချက်ပုတ်ခဲ့၏။ မြေပေါ်ပြန်အကျမှာပင် လျှပ်တစ်ပြက် ခုန်ထွက်လိုက်ပြီး လှုပ်ရှားမှုနှေးကွေးနေသော ဖွတ်ကြီး၏ဦးခေါင်းပိုင်း၊ ဇက်ပိုးနေရာကိုမလွှတ်တမ်းကိုက်ခဲကာ ဒေါသတကြီး ခါယမ်းပစ်လိုက်သည်။ ဖွတ်ကြီးမှာ ယခင်လို အမြီးနှင့် ရိုက်ထုတ်နိုင်သော ခွန်အားမရှိတော့ဘဲ ကြောင်ဝံပိုက်ကြီး၏ကိုက်ခဲမှုကြောင့် နာကျင်စွာ မြေကြီးကို အမြီးနှင့် တဖုန်းဖုန်းရိုက်ရင်း တဖြည်းဖြည်း ငြိမ်သက်သွားသည်။ ကိုစိန်လုံးက ဓာတ်မီးဖြင့် ကျွန်တော်တို့ ရှေ့ဆက်ရမည့်လမ်းကို ကြည့်ရှုစစ်ဆေးလိုက်ပြီး ...

"လာကြဗျို့- ဟိုဘက်ကမ်းကို မြန်မြန်ကူးရအောင်။ ကံကောင်းရင် ဖွတ်သားလေး၊ ကြောင်သားလေးနဲ့ မြည်းရအောင်။ အချိန်ကြာသွားရင် ကြောင်ကြီး ဆွဲပြေးသွားလို့ ဘာမှမရလိုက်ဘဲနေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ ကျွန်တော်တို့ရှေ့မှ အပြေးတစ်ပိုင်းသွားနေသဖြင့် ကျွန်တော်နှင့် ကိုသက်ဦးလည်း သူ့နောက်မှ ခပ်သွက်သွက် ပြေးလိုက်ခဲ့ကြသည်။ ခဏအကြာတွင် တစ်ဖက်ကမ်းသို့ကူးသော ထန်းလုံးတံတားလေးဆီသို့ ရောက်ရှိလာရာ တစ်ဖက်သို့ ခပ်သွက်သွက် ကူးလာခဲ့ကြသည်။ တစ်ဖက်သို့ ရောက်သောအခါ သတ္တဝါကြီးနှစ်ကောင် တိုက်ပွဲဖြစ်ပွားရာနေရာသို့ ရောက်အောင် နောက်ရင်းပြန်ပြေးရပြန်သည်။ ကျွန်တော်က –

"ကိုစိန်လုံး – အောက်ကိုလည်း ကြည့်ဦး။ တော်ကြာနေ မြွေပါးကင်းပါး တွေ့နေဦးမယ်၊ ဒီဘက်လယ်တောတွေက မြွေပွေး၊ မြွေဟောက်တွေ တအားပေါတယ်လို့ ပြောတယ်"

ဟု လှမ်းပြီးသတိပေးမှ ပြေးလွှားမှု ရပ်တန့်ပြီး ဓာတ်မီးဖြင့် ရှေ့သို့ ဝါးတစ်ပြန်ခန့် မီးထိုးစစ်ဆေးကာ ပုံမှန်အတိုင်း လှမ်းလျှောက်ခဲ့ကြ၏။ သတ္တဝါကြီးများ သတ်ပုတ်ရာနေရာနှင့် နီးလာသောအခါ ကိုသက်ဦးက ...

"ကျွန်တော်တို့တော့ ကံကောင်းတာပဲဗျို့။ ဟိုကောင်ကြီးတွေရှိတဲ့ လယ်ကွက်နဲ့ ဒီဘက်လယ်ကွက်ကြားမှာ လူတစ်ရပ်သာသာမြင့်ပြီး (၁၀) ပေလောက်ရှည်တဲ့ မြက်ရိုင်းတောတစ်ခု ကွယ်နေတယ်၊ အဲဒီမြက်ဖုတ်တွေကို အကာအကွယ်ယူပြီး ဒီဘက်ကနေ မီးထိုးပြီး ပစ်ကြရအောင်ဗျာ။ အောက်ကိုလည်း ဂရုစိုက်ကြဦး"

ဟု သတိပေးလာသည်။ ကျွန်တော်က ...

"ကိုသက်ဦး – ကျွန်တော်တို့ လေသေနတ်တွေနဲ့ ဒီကောင်ကြီး သေပါ့မလား။ ကျွန်တော် လှမ်းကြည့်ရတာတော့ ကြောင်ဝံပိုက်ကြီးက ခွေးအလတ်စားလောက်တော့ ရှိမယ်ထင်တယ်"

ဟု တွေးတွေးဆဆနှင့် ပြောလိုက်ပါသည်။ ကိုစိန်လုံးက ...

"အိုကွာ – အနည်းဆုံး သူ့ကိုမရတောင် သူထွက်ပြေးရင် သူ့သားကောင်တော့ တို့ရလိုက်မှာပဲ၊ သူ့ကိုလည်း "ချက်ကောင်း" ကို ထိအောင်ပစ်နိုင်ရင် ရပါတယ်။ ကြိုးစားကြည့်ကြတာပေါ့။ တို့ဘက်က အရှုံးမရှိပါဘူး"

www.burmeseclassic.com

ဟုဆိုလာရာ သူပြောသည်မှာ နည်းလမ်းကျသဖြင့် နှစ်ယောက်စလုံးခေါင်းညိတ်
သဘောတူလိုက်ကြကာ မြက်ရိုင်းပင်များဆီသို့ သတိဖြင့် ချဉ်းကပ်ခဲ့ကြသည်။ မြက်
ရိုင်းပင်များအနီးရောက်ချိန်မှာတော့ "တပဟင်းပဟင်း" မာန်ဖီရင်းစားမာန်ခုတ်နေသံနှင့်
"တပြွတ်ပြွတ်" ကိုက်ဆွဲစားသောက်နေသံတို့ကို ကြားလိုက်ရပါသည်။ ကိုသက်ဦး
နှင့်ကျွန်တော်တို့နှစ်ယောက်တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ နားလည်မှုရှိစွာ
ခေါင်းညိတ်လိုက်ကြသည်။ ကိုသက်ဦးက ကျည်ပေါက်ထဲသို့ ပိတုန်းတံဆိပ် ကျည်
တစ်တောင့်ထိုးထည့်လိုက်ပြီး လေ (၇-၈) ချက်ခန့် ဖိထိုးလိုက်၏။ ကျွန်တော်က
အားလုံးအသင့်ရှိနေကြရန် အချက်ပေးလိုက်ပြီး မြက်ရိုင်းပင်များကြားလတ်နေသော
နေရာမှ ကြောင်ကြီးရှိရာသို့ (၅) ခဲထိုးဓာတ်မီးဖြင့် ထိုးလိုက်ပါသည်။

ကြောင်ဝံပိုက်ကြီးမှာ အစာငမ်းနေသောကြောင့် ကျွန်တော်တို့ ရောက်ရှိနေ
သည်ကို သိဟန်မတူဘဲ ဓာတ်မီးရောင် ဖြာကျလာစဉ် ကိုက်ဆွဲစားသောက်နေရာမှ
ချက်လုံးဝင့်ကြည့်လိုက်ပြီး မာန်ဖီသံပြုလာပါသည်။ ကြောင်ကြီးနှင့် ကျွန်တော်တို့
အကြားအကွာအဝေးသော မြက်ရိုင်းပင်များမှာ ပေ (၁၀) သာသာခန့်သာ ကွာဝေး
သည့်အပြင်ရာအပိုင်ပစ်ခတ်ရန်အတွက်အကောင်းဆုံးပစ်ကွင်းတစ်ခုဖြစ်လို့နေသည်။
ကိုသက်ဦးက သေနတ်ပင့်၍ချိန်လိုက်စဉ်မှာပင် ကိုစိန်လုံးထံမှ "ဖြတ်ခနဲ" ဘတ်ခွက်
တအားဆွဲ၍ ပစ်ခတ်လိုက်သံကို ကြားလိုက်ရပြီး "ဂေါက်ခနဲ" နက်နက်နဲနဲ ထိမှန်သံ
ကြီးနှင့်အတူ ကြောင်ကြီးက ကျားတစ်ကောင်လို အပေါ်သို့ နောက်ကျွမ်းပစ်၍ ခုန်
ထွက်သွားသည်။ သို့သော်လည်း လေထဲမှာပင် အသက်ပျောက်သွားဟန်ရှိပြီး ကျား
ခုန်၊ ခုန်ထွက်နိုင်သော်လည်း ခွေးကျဝက်ကျ ပြုတ်ကျလာကာ မြေပြင်ပေါ်တွင် နှ
ချက် သုံးချက် အကြောဆွဲပြီး ငြိမ်သက်သွားသည်။ ကျွန်တော်နှင့် ကိုသက်ဦးလည်း
လုံးဝမျှော်လင့်မထားသော အနေအထားဖြင့် ကြောင်ဝံပိုက်ကြီးကို ရရှိလိုက်သဖြင့်
ကိုစိန်လုံးကို အားရဝမ်းသာ ချီးကျူးမိကြပေတော့သည်။

"ဟာ - ကိုစိန်လုံး - လက်တည့်လှ ချည်းလားဗျာ။ တစ်ချက်ဆို တစ်ချက်ပဲဗျို့"

"ဟုတ်ပါရဲ့ဗျာ - တော်လိုက်တာ။ ခင်ဗျားကတော့ "စံ" ပဲဗျို့။ စောစောက "စံ"
တစ်ခု၊ အခု "စံ" တစ်ခု၊ တစ်ညတည်းနဲ့ "စံ" နှစ်ခု သတ်မှတ်ခံရတဲ့လူပါပဲဗျာ" ဟု ကျွန်
တော်က ချီးမွမ်းလိုက်ရာ ကိုစိန်လုံးက ပြုံးဖြီးဖြီးလုပ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com

"လာဗျို့-သွားကြည့်ရအောင်"

ဟုဆိုကာ မြက်ရိုင်းပင်များသေးမှ ကွေ့ပတ်ဖြတ်ကျော်ကာ ကျောက်ကြီးရှိရာသို့ ရောက်ရှိပြီး ဓာတ်မီးဖြင့် အနီးကပ်ထိုးကြည့်လိုက်သောအခါ အံ့သြထိတ်လန့်မှုကြောင့် (၃)ယောက်သား "ဟာ ခနဲ" အာမေဋိတ်သံပြုရင်း နောက်သို့ခြေတစ်လှမ်းစီ ဆုတ်မိလိုက်ကြသည်။ ကိုစိန်လုံးက ...

"ဟာ - ဒါ - ဒါ - နစ်ရှို့မြွေပွေးကြီးဗျ။ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး" ဟု မှတ်ချက်ချသည်။ ကိုသက်ဦးက ...

"ဟုတ်ပါရဲ့ဗျာ - လုံးပတ်က တော်တော်ကြီးတယ်ဗျ။ တရုတ်ပြည်ကလာတဲ့ ရှစ်ပေါင်ဓာတ်ဘူးကြီးလောက်ရှိတယ်။ ကျွန်တော်တို့ပေါင်လုံးလောက်တောင်မကချင်ဘူး။ ဒါပေမဲ့ - မြွေပွေးဆိုတော့ အလျားက (၅)ပေလောက်ပဲ ရှိမယ်။ တကယ့်ကို တုတ်တုတ်တိုတိုကြီးဗျ"

"အော် - ဒါကြောင့်မို့ ကျွန်တော်တို့တွေ ရိုးချောင်းဟိုဘက်က လှမ်းကြည့်တော့ ဖွတ်ကြီးလိုလို သင်းခွေချပ်ကြီးလိုလို ထင်ရတာကိုး။ ကျောက်ကြီးက သူနိုင်တော့ ဖက်ပိုးကနေ ကိုက်ဖြတ်ပြီး အောင်သေအောင်သားအနေနဲ့ ဦးနှောက်တွေ ဖောက်စားနေတာဗျ။ ဒီမယ် - ဦးနှောက်တွေ ကုန်တောင် ကုန် တော့မယ်"

ဟုကျွန်တော်က မြွေပွေးခေါင်းပြတ်ကြီးကို အနီးကပ်ဓာတ်မီးဖြင့်ထိုးကြည့်ရင်း မှတ်ချက်ချမိသည်။ ကိုစိန်လုံးက -

"ဓာတ်ခဲတွေ ထည့်လာတဲ့ ပလတ်စတစ်အိတ် ရှိသေးလား"

"ရှိတယ် - ရော့ရော့"

ဟု ဆိုကာ ကျွန်တော်က အိတ်ထဲမှ ထုတ်ပေးလိုက်သည်။ ကိုစိန်လုံးက လှမ်းယူပြီး ခွေးခေါင်းနီးနီးရှိသော မြွေပွေးခေါင်းကြီးကိုတုတ်ဖြင့်ထိုးကော်၍ထည့်လိုက်၏။ မြွေဦးခေါင်းပြတ်ကြီးမှာ ပလတ်စတစ်အိတ်အတွင်းသို့ ကျပ်ကျပ်တည်းတည်း ရောက်ရှိသွားသည်။ ကျွန်တော်က ...

"ကိုစိန်လုံး သတိထားပြီးကိုင်နော်။ အစွယ်ကြီးတွေက "ဖြီ" နေတယ်"

"အေးပါကွာ - နေဦး - လူခေါ်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ လယ်တဲရှိရာဘက်သို့ မျက်နှာမူ၍ လက်ဝါးနှစ်ဖက်ကို ပါးစပ်နားတွင် အော်လံသဖွယ် ကပ်လိုက်ပြီး "ဝူး" ထိုးလိုက်ပါသည်။

"ဝူး-ဝူး"

တိတ်ဆိတ်သောညဦးယံတွင် "ဝူး" ထိုးသံက ရိုးပြတ်ငုတ်များပေါ်မှ ဖြတ်ကာ လယ်ကွင်းတစ်လျှောက် ပျံ့လွင့်သွား သည်။ တစ်ခဏအကြာတွင် တဲရှေ့မှ မီးဖိုကြီး ဗိုမိုအားကောင်းစွာ တောက်လောင်လာပြီး ကိုစိန်အောင်တို့ ညီအစ်ကိုနှစ်ယောက် "ဝူး" ထိုးသံကြားရာ ကျွန်တော်တို့ဘက်သို့ ရပ်ကြည့်နေသည်ကို အဝေးမှ လှမ်းမြင် လိုက်ရသည်။ ကိုစိန်လုံးက ကျွန်တော့်ဆီမှ (၅)ခဲထိုးဓာတ်မီးကြီးကိုယူ၍ သူတို့ဆီ လှမ်းထိုးလိုက်ပြီး "လိုက်ခဲ့ကြ" ဟူသည့်သဘောဖြင့် သူတို့ဆီထိုးလိုက်၊ ကျွန်တော်တို့ ရှိရာ ဆွဲပြလိုက်ဖြင့် (၃-၄)ကြိမ် အချက်ပြလိုက်သည်။ ကိုစိန်အောင်တို့ဆီမှ "ဝူး" ထိုးသံကြားလိုက်ရပြီး တုတ်၊ ဓားများဆွဲကာ ပြေးလာနေကြသည်ကို တွေ့လိုက် ရသည်။ ကိုစိန်လုံးက ကျွန်တော့်လက်ထဲ ဓာတ်မီးပြန်ပေးပြီး အနီးတွင် ထိုင်ချလိုက် တာ ပါးစပ်မှလည်း ...

"သူတို့ကိုစောင့်ရင်း ခဏအမောဖြေကြရအောင်။ ကိုကြီးတို့ရောက်လာမှ ကြည့် ပြီး သယ်ကြတာပေါ့"

ဟု ဆို၏။ ကိုသက်ဦးကလည်း လေသေနတ်ကို မောင်းပြန်လျှော့လိုက်ပြီး အိတ် အတွင်းမှ ကွမ်းထုပ်ကိုဖြေကာ ကိုစိန်လုံးကို တစ်ယာကျွေးပြီး သူ့ပါးစပ်ထဲသို့ ကွမ်း တစ်ယာထိုးထည့်ကာ ကိုစိန်လုံးအနီး ထိုင်ချလိုက်ပြီး နှစ်ယောက်သား ကွမ်းဝါးနေ ကြသည်။ ကျွန်တော်က ကိုစိန်လုံးတို့အနားမှခွာကာ ကားရေးကြီး အသက်ပျောက် နေသော ကြောင်ကြီးအနားသို့ တိုးကပ်သွားကာ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ကြောင်ကြီးမှာ ခွေးလောက်နီးနီးရှိပြီး နှာဖျားမှ အမြီးဖျားအထိ (၅')နီးပါးရှိ၏။ အတော် ပင် ဆူဖြိုးပြီး ကိုယ်လုံးထက် အလျားရှည်သည်ကို တွေ့ရသည်။ ဦးခေါင်းနေရာကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ချိန်တွင် ကျွန်တော့်မှာ အံ့ဩမှုကြောင့် ပါးစပ်မှ "ဟာ" ခနဲ အာမေဍိတ်သံ ထွက်သွားမိသည်။ တစ်ဆက်တည်း ...

"ဟာ-လာကြည့်လှည့်ကြဦးဗျို့ ကြောင်ကြီးနဖူးမှာ စက်ဘီးကုန်းခုံကြီး အဆုံး နီးနီး နှစ်ဝင်နေတယ်"

www.burmeseclassic.com

ဟုပြောလိုက်ရာ ကိုသက်ဦးက ချက်ချင်းထလာပြီးကြည့်သော်လည်း ကိုစိန်လုံးက ဒူးနှစ်ချောင်းထောင်၍ ထိုင်နေရာမှ ထမလာဘဲ ပြုံးဖြီးဖြီးကြီးလုပ်နေပါသည်။ ကိုသက်ဦးက ကြောင်ကြီး အနီးထိုင်၍ သေချာစွာကြည့်ပြီး–

"ဟုတ်ပါရဲ့–ကိုစိန်လုံးရာ၊ ခင်ဗျား လက်သံပြောင်လှချည့်လား၊ ကုန်းသီးက အစွန်ဘက်ကနေဝင်ပြီး တစ်ဆုံးနီးပါး နှစ်ဝင်တာဗျို့–အဆန်းပဲ"

ဟုမှတ်ချက်ပြုလိုက်၏။ ထိုအချိန် တွင်မြက်ရိုင်းတောတစ်ဖက်မှ ကိုစိန်အောင် တို့ညီအစ်ကိုနှစ်ယောက် ထွက်လာကြပြီး ကိုစိန်အောင်က ခရီးရောက်မဆိုက် လှမ်းပြောသည်။

"မဆန်းပါဘူးကွာ၊ ဒီကောင့်အကြောင်း မင်းတို့က မသိသေးလို့ပါ၊ ငါ့ညီက တို့တဲနားက ညောင်ပင်မှာ "ငှ"တွေ ကျလာရင် ကုန်းသီးတစ်လုံးထဲနဲ့ "ငှ" (၄–၅–၆) ကောင် ရအောင်ပစ်တာကွ"

ကျွန်တော့်မှာ ကြားရသည်ကို မယုံနိုင်အောင်ဖြစ်သွားမိ၏။ "ငှ" ငှက်များ အကြောင်းသိထားသဖြင့် ငှအုပ်ကျလာလျှင် ငှက်(၄–၅)ကောင်ရအောင်ပစ်ခတ်ရန် မခဲယဉ်းသော်လည်း ကုန်းသီးတစ်လုံးထဲနှင့် ငှက်(၅)ကောင် (၆)ကောင် ရအောင် ပစ်ခတ်ရန်မှာ မဖြစ်နိုင်ဟု ယူဆမိသည်၊ ထို့ကြောင့် မယုံမရဲဟန်ဖြင့် ...

"ဟုတ်လို့လားဗျာ–ကုန်းသီးတစ်လုံးထဲနဲ့ ငှ (၄–၅)ကောင်ရအောင် ဘယ်လို လုပ်ပြီးပစ်တာလဲ"ဟု စောဒကတက်မိ၏။ ကိုစိန်အောင်က ...

"မင်းအမြင်ပဲလေကွာ–သူပစ်လိုက်တဲ့ကုန်းသီးက ငှက်ရင်အုပ်ထဲတို့၊ ရင်ခေါင်း ထဲတို့၊ ဗိုက်ထဲတို့ကနေ ပြန်ရတယ်၊ တစ်ကောင်ကျလာလိုက် ကုန်းသီးကိုနှိုက်ယူပြီး နောက်တစ်ကောင် ပစ်ချလိုက်နဲ့ "ငှ"အုပ် ထမပျံမချင်း တစ်ကောင်ပြီးတစ်ကောင် ပစ်ချနေတာပဲ"

"ဘယ်လိုလုပ်ပြီးတော့များ ပစ်တာလဲဗျာ၊ ကျွန်တော်ဖြင့် အံ့သြလို့ကိုမဆုံး တွေး စဉ်းစားလို့လည်းမရဘူး"

"အချိန်ကုန်ခံပြီး စဉ်းစားမနေနဲ့၊ မင်း သူ့ဘတ်ခွ (သားရေခွ)ကို သွားပစ်ကြည့် လိုက်–အဖြေသိလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ကိုစိန်အောင်ကပြောရာ တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော ကိုသက်ဦးက ကိုစိန်လုံးရှေ့သို့ လက်ဖြန့်လိုက်ကာ ...

"ပြစမ်းပါဦးဗျာ - ခင်များဘတ်ခွကို"

ဟုဆိုရာကိုစိန်လုံးကပြုံးဖြီးဖြီးဖြင့်လွယ်အိတ်ထဲမှထုတ်ပေး၏။ ကျွန်တော်လည်း သူတို့အနားသို့တိုးကပ်ကြည့်ရှုလိုက်ရာ ကိုစိန်လုံး၏ ခွရိုးမှာ ကျွဲချိုဖြင့်ပြုလုပ်ထားပြီး သားရေပင်နှစ်ပင်ကိုပူး၍ လောက်စာအိမ် (၃)ခုထပ်ကာ တပ်ဆင်ထားသည်။ လောက်စာအဖြစ် စက်ဘီးဘောခွေများကိုကုန်းကြပ်ရာတွင် အသုံးပြုသော ကုန်းသီးများကို အသုံးပြုသည်။ ထိုအချိန်က တောရောမြို့ပါ စက်ဘီးများကိုသာ အသုံးပြုကြရပြီး စက်ဘီးပြင်ဆိုင်များကလည်း မှိုလိုပေါက်နေကာ မြို့တိုင်း ရွာတိုင်းလိုလိုမှာ ရှိသည်။ စက်ဘီးပြင် ဆိုင်တိုင်းလိုလိုမှာလည်း ကုန်းသီးဟောင်းများ ပေါများစွာ ရှိတတ်ကြသည်။ သူ့ရိုးစားပြုနှင့်အခြားအရေးပေါ်ကိစ္စများပေါ်ပေါက်လာပါက အသုံး ပြုနိုင်ရန်အတွက် ဘတ်ခွသမားတိုင်းလိုလိုက လောက်စာလုံးများအပြင် ကုန်းသီး အလုံး(၂၀ - ၂၅)လုံးခန့်ကို ဆောင်ထားတတ်ကြသည်။

ကိုသက်ဦးက ဘတ်ခွကို အားပါးတရဆွဲကြည့်ရာ (၃ - ၄)လက်မခန့်သာ ဆွဲနိုင် ပြီး ဆွဲမရချေ။ ကျွန်တော်ကလည်း အားကျမခံဖြင့် ...

"ကျွန်တော်က သေနတ်မဝယ်ခင်က ဘတ်ခွပစ်လာတာ။ ကျွန်တော် ပစ်ကြည့် ဦးမယ်။ ခဏလောက်ပေးဗျာ"

ဟုဆိုကာ ကိုသက်ဦးလက်ထဲမှ ခွကိုယူပြီး ဆွဲကြည့်ရာ (၆)လက်မခန့်ထက် ပိုမဆွဲနိုင်ဘဲ ဖြစ်နေသည်။ တအီးအီးနှင့် ဆွဲကြည့်နေသော ကျွန်တော့်ကို ကြည့်ပြီး ကိုစိန်အောင်က -

"တဲ - ကဲ - အလကားပင်ပန်းခံမနေနဲ့ - တဲကိုပြန်ကြစို့"

ဟု ဆော်ဩလာရာ ကျွန်တော်လည်း ရှက်ရှက်နှင့် လေးခွကိုပြန်ပေးလိုက်ပြီး...

"အေးဗျာ - ရာဇဝင်တွေ နိပါတ်တော်တွေထဲမှာ ဖတ်ရတဲ့ ဗိုလ်ခြေတစ်ထောင် တင်ရတဲ့လေးတို့ ဘာတို့ဆိုတာတွေကို အစက အတိသယောဂ္ဂတွေလို့ ထင်ထားခဲ့ တာ။ ခုမှပဲ ရေးရေးသဘောပေါက်ရတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု မှတ်ချက်ချလိုက်မိပါတော့သည်။

ထိုအချိန်မှာပင် ကိုစိန်မောင်မှာ ခေါင်းပြတ်နေသော မြွေသေကြီးကို သတိပြုမိသွားပြီး အလန့်တကြားအမူအရာဖြင့် ...

"ဟာ – ဒီ – ဒီအကောင်ကြီးက ဘယ်လိုကြီးလဲ၊ စပါးကြီးလည်းမဟုတ်၊ စပါးအုံးလည်းမဟုတ်နဲ့ – ဘာကြီးတုံး၊ ဟာ – ဒါ – ဒါ – နစ်ချိုမြွေပွေးကြီးကွ၊ ဒီညတော့ မြွေမွေးတွေချည့် ရနေပါလား၊ ရှားရှားပါးပါးကွာ၊ ငါတော့ ပွတာပဲ၊ ဒီကောင်ကြီးသာ မီးဖုတ်လိုက်ရရင် ငါတော့ ဆေးပြာတွေ အများကြီးရမှာပဲ ဟေ့၊ ကဲ – လုပ်လုပ် – ငါက ဒီမြွေသေကြီးကို ထမ်းခဲ့မယ်၊ စိန်အောင်နဲ့ စိန်လုံးက ကြောင်ကြီးကို သယ်ခဲ့ကြ၊ သက်ဦးတို့က ရှေ့ကနေ ဓာတ်မီးနဲ့ သွားကြ"

ဟု စီမံခန့်ခွဲလာသဖြင့် သူပြောသလိုပင် သယ်ယူခဲ့ကြပြီး လယ်တဲရှိရာသို့ပြန်ခဲ့ကြလေသည်။

⊛

မီးပုံကြီးအနီး မြန်မာဆီးချည်ပင်ကြီးအောက်တွင် မြက်ဖျာ(၃)ချပ်ကို ဆက်ခင်းပြီး ကျွန်တော်တို့၏အောင်ပွဲခံ ပျော်ရွှင်ပွဲလေးရွှေမိကိုအဖော်ပြု၍ စတင်ဖွင့်လှစ်လိုက်ကြသည်၊ အသက်အကြီးဆုံး ကိုစိန်မောင်မှ ပထမဆုံးအရက်ခွက်ကို စတင်လိုက်ပြီး အစဉ်အတိုင်း ခွက်လှည့်လိုက်ကြသည်။ ဗိုင်းအလယ်တွင် ချထားသော ကြွက်သားတာလသား ဟင်းကလည်း ကောင်းမှကောင်းပင်၊ ဟင်းရည်လေး သောက်လိုက်၊ ကြွက်သားဖတ်လေးဝါးလိုက်နှင့် စည်းစိမ်တွေ့နေကြ၏၊ ကြွက်သားဖတ်များမှာ နူးအိနေပြီး ပါးစပ်ထဲ ရောက်သည်နှင့် အရိုးတခြား၊ အသားတခြားဖြစ်သွားပြီး အရသာရှိလှပေသည်။

တစ်ယောက် နှစ်ခွက်စီလောက် သောက်အပြီးမှာ ကိုစိန်လုံးက ကျွန်တော်တို့ ရရှိလာသော ချိုးနှစ်ကောင်နှင့် တိုက်သိမ်းကြီးကို အရေဆုတ်ရင်ခွဲကာ ဆား၊ အချိုမှုန့် မဆလာများနှင့် ရောနယ်ပြီး တံစို့ထိုးကာ မီးပုံကြီးအနီးတွင် မီးကင်ထားလိုက်သည်၊ ပြီးလျှင် ဗိုင်းအတွင်း သို့ပြန်လာပြီး တစ်ခွက်၊ နှစ်ခွက်သောက် အပြောအစားကာ ကိုစိန်

www.burmeseclassic.com

အောင်ကိုလက်တို့၍ ခေါ်သွားပြီး ညီအစ်ကိုနှစ်ယောက် ကြောင်ဝံပိုက်ကြီးကို အရေဆုတ်ကာ ဖျက်နေကြလေသည်။ ပြီးလျှင် ပေါင်နှစ်ချောင်းကို ဖယ်ထုတ်လိုက်ပြီး ကောင်းနိုးရာရာများကို ရွေးချယ်ကာ ဟင်းချက်ကောင်းသော ကိုစိန်အောင်က တဲအတွင်းရှိ မီးဖိုပေါ်တွင် ရေကျိုချက် ချက်လေသည်။ ကိုစိန်မောင်ကြီးကမူ နှစ်ချို့မြွေပွေးကြီး ရရှိလိုက်သဖြင့် အလွန်ပျော်ရွှင်နေပြီး နှုတ်သွက်အာ သွက်ဖြစ်လို့နေသည်။

ရယ်ရွှင်စရာများ ပြောလိုက်၊ မြွေပွေးမီးဖုတ်ထားသောအိုးကို မီးထပ်ဖြည့်လိုက်၊ တောက်ရှီးပုံအောက်တွင် အစန်းငယ်လေးလုပ်၍ ဝှက်ထားသော "ရွှေမိ" များကိုတစ်လုံးပြီးတစ်လုံး ထုတ်လာလိုက်နှင့် ပျော်ရွှင်စွာ အချိန်များကို ကုန်လွန်စေခဲ့သည်။ ကျွန်တော်နှင့် ကိုသက်ဦးမှာ အရက်ကိုထိန်းသောက်ပြီး အမြည်းများကိုသာ များများစားသောက်ဖြစ်ကြသည်။ ထိုအချိန်တွင် တဲအတွင်းမီးဖိုဆီမှ မွှေးပျံ့သော တောကြောင်သားဟင်းနံ့က ပျံ့လွင့်လို့လာသည်။ ကိုစိန်မောင်ကြီးက ...

"မွှေးလိုက်တဲ့ဟင်းနံ့ပဲကွာ။ ငါ့ညီက ဟင်းချက် တကယ်တော်တဲ့ကောင်ပဲ။ တို့အားလုံးကို အဲဒီကောင် ချက်ကျွေးနေတာ"

ဟုအာလေးလျှာလေးသံကြီးနှင့် ဆို၏။ ကိုသက်ဦးက သူသိလိုသော အကြောင်းအရာများကို ရွေးချယ်မေးမြန်းလိုက်သည်။

"ကိုစိန်လုံးရဲ့ဘတ်စွကိုကိုစိန်မောင်တို့၊ ကိုစိန်အောင်တို့ရော ပစ်နိုင်ကြသလား။ ကျွန်တော်တို့နှစ်ယောက်တော့ မဆွဲနိုင်ကြဘူးဗျ"

"တို့လည်းမပစ်နိုင်ပါဘူးကွာ။ ဒီကောင်က ငယ်ငယ်လေးကတည်းက လေ့ကျင့်နေတာ။ အကျင့်ဖြစ်ပြီး ကျွမ်းကျင်နေပြီ။ လက်လည်း တည့်တယ်။ တစ်ချက် တစ်ကောင်ပဲ"

ဟုဆို၏။ ကျွန်တော်က ...

"ဟုတ်တယ်ဗျို့- ကျွန်တော်တို့လည်း ကိုစိန်လုံးနဲ့ တွေ့မှ အရင်တုန်းက ကြားခဲ့တဲ့ "မုဆိုးမာန ခဝါရေ" ရတော့မှာပဲ။ ကိုစိန်လုံးကတော့ တကယ့်ကို စံပြုတိုက်သူ တစ်ယောက်ပါပဲ၊ လုံးဝမထင်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင် ကိုစိန်အောင်နှင့် ကိုစိန်လုံးက အငွေ့တထောင်းထောင်းထနေ သောတောကြောင်သားဟင်းပန်းကန်ကြီးနှင့်အတူရောက်ရှိလာပြီးတုန်ခန်းစပြုနေပြီ ဖြစ်သော ကြက်သားဟင်းပန်းကန်ထဲသို့ ဖြည့်ထည့်လိုက်သည်။ ပြီးမှ နှစ်ယောက် သား ဝင်ထိုင်လိုက်ကြကာ တစ်ယောက်တစ်ခွက်စီ မော့သောက်လိုက်ကြပြီး ကိုစိန် လုံးက -

"သိပ်လည်း မြှောက်မနေကြပါနဲ့ဦးဗျာ။ ဒါက ကျွမ်းကျင်ရာလိမ္မာပါ။ ခင်ဗျားတို့ သေနတ်ကြီးတွေနဲ့ ကျွန်တော် ပစ်ရင်လည်း ကျည်တစ်ဘူးကုန်ရင်တောင် ငှက်တစ် ကောင် ရချင်မှရမှာပါ။ ခင်ဗျားတို့လည်း လူတော်တွေပါ။ စောစော ခင်ဗျားတို့လုပ်တာ ကိုင်တာကြည့်ပြီး ကျွန်တော် သိပ်သဘောကျတာပဲ။ ပိပိရိရိသေသေသပ်သပ်နဲ့ တစ် ချက် တစ်ကောင်ကျအောင် ပစ်နိုင်တယ်။ မာန်မာနလည်းမရှိဘဲ တစ်ယောက်နဲ့တစ် ယောက် နားလည်မှုရှိတယ်။ ဘက်ညီတဲ့ အတွဲတစ်တွဲပါပဲဗျာ"

ဟု သူ့ကိုယ်သူ နှိမ့်ချစွာဆိုရင်း ကျွန်တော်တို့ကို ပြန်မြှောက်နေ၏။

ကိုသက်ဦးက တည်ကြည်လေးနက်စွာဖြင့် -

"ခင်ဗျားက "ကျီးကို ဘုတ်မြှောက်၊ ဘုတ်ကို ကျီးမြှောက်" ဆိုတဲ့ကိန်း ရောက် အောင် ပြောပြန်ပြီ။ ကျွန်တော်တို့က ခင်ဗျားကို မြှောက်ပင့်ပြောနေတာ မဟုတ်ပါဘူ ဗျာ။ ကျွန်တော်တို့ "ခွ" ပစ် တာ လက်တည့်တဲ့သူတွေ အများကြီး တွေ့ဖူးပါတယ် ဒါပေမဲ့ - ခင်ဗျားနဲ့ ယှဉ်လိုက်ရင် အဲဒီလူတွေက "ဟာသ" ဖြစ်သွားပြီ။ ဥပမာပြောရရ ဗျာ - သတ်လုံး သတ်ပေါက်ကောင်းတဲ့ လက်ဝှေ့သမားကောင်းတွေ ပေါ်ပေမဲ့ သတ်ဖ ကောင်းပြီး လက်သီးပြင်းတဲ့ လက်ဝှေ့သမားရှားသလိုပေါ့။ ခင်ဗျားကတော့ သတ်လုံ သတ်ပေါက်ကောင်းပြီး သက်လုံကောင်းကောင်းနဲ့ လက်သီးပြင်းတဲ့ လက်ဝှေ့သမ တစ်ယောက်လို ဖြစ်မိ တယ်။ တကယ်တော်တဲ့လူပါပဲဗျာ"

"ဟုတ်တယ်ဗျ။ အပြင်လောကမှာ "ကျည်တစ်တောင့်တည်းနဲ့ ငှက်နှစ်ကော ပစ်တယ်" ဆိုတဲ့စကားလုံးကို အကြီးစား တင်စားမှုကြီးတစ်ခုအနေနဲ့ တင်စား ပြေ ဆိုရေးသားနေကြတယ်။ ခင်ဗျားက ကျည်တစ်တောင့်ထဲနဲ့ ငှက်တွေ အများကြ ရအောင်ပစ်ပြီး ပစ်လိုက်တဲ့ကျည်ကလည်း ကိုယ့်လက်ထဲ အကောင်းပကတိအတို

www.burmeseclassic.com

www.burmeseclassic.com

မြန်ရအောင် လုပ်နိုင်တယ်ဆိုတော့ တကယ့်ကို "စံပြ" ထိုက်တဲ့ပုဂ္ဂိုလ်တစ်ယောက် ပါပဲ"

ဟုကျွန်တော်ကကိုသက်ဦးစကားကိုထပ်ဆင့်ထောက်ခံလိုက်ရာကိုစိန်လုံးမှာ ရှက်ကိုးရှက်ကန်းအမူအရာဖြင့် ...

"ငါ့လူတွေကတော့ စွတ်မြှောက်နေတော့တာပဲဟေ့၊ သိပ်မြှောက်မနေကြပါနဲ့၊ ဟိုမှာ ခင်ဗျားတို့ပြန်ရင် ယူသွားဖို့ တောကြောင်ပေါင်တစ်ချောင်းစီ ထုပ်ပိုးပေးထား ပါတယ်ဗျ"

"ဟာ – ကျွန်တော်တို့ မယူပါဘူး၊ ခုလို တည်ခင်းဧည့်ခံချက်ပြုတ်ကျွေးတာ ကိုပဲ ကျေးဇူးတင်လှပါပြီ"

ဟု ကျွန်တော်က ကပျာကယာဖြင့် ငြင်းဆိုလိုက်ရာ ကိုစိန်လုံးက လက်ကာ ပြီး –

"ဘယ်ရလိမ့်မလဲဗျာ၊ ကျွန်တော့် အရည်အချင်းကို ခင်ဗျားတို့ တကယ် အသိ အမှတ်ပြုတယ်ဆိုရင် ကျွန်တော် ပစ်လို့ရတဲ့သားကောင်ကိုလည်း ခင်ဗျားတို့ လက်ခံ ရမှာပေါ့ – မဟုတ်ဘူးလား"

ဟု အကြပ်ကိုင်ပြောဆိုလာရာ ကိုသက်ဦးက ...

"လက်ခံလို့ပဲ အခု ခင်ဗျားပစ်တဲ့ တောကြောင်သားနဲ့ မြည်းနေတာပေါ့ဗျာ၊ ဟောဒီမှာကြည့်"

"ရှူး – ရှလူး – ပြတ် – ပြတ်"

ဟု ပြောပြောဆိုဆို တောကြောင် သားဟင်းရည်များကို မြိန်ရေရှက်ရေ စား သောက်ပြနေပါသည်၊ ကျန်လူများကလည်း တဟားဟားရယ်မောပြီး တစ်ယောက် တစ်ခွက် ထပ်မော့လိုက်ကြပြန်လေသည်၊

ထို့နောက်မှာတော့ ဝိုင်းက ပို၍စိုပြေသွားပြီး သောက်လိုက်ကြ၊ စားလိုက်ကြ၊ အမြည်းထပ်ဖြည့်လိုက်ကြ၊ ပုလင်းအသစ်တစ်လုံး ဖွင့်လိုက်ကြ၊ ရောက်တတ်ရာရာ ပြောဆိုရယ်မောလိုက်ကြဖြင့် သူတို့ညီအစ်ကိုတစ်တွေလည်း အတော်လေး ထူးကန် ကြ၏၊ ကျွန်တော်နှင့် ကိုသက်ဦးမှာလည်း ထိန်းသောက်၊ မျှင်းသောက်နေသည့် ကြားမှ အတော်လေး မူးယစ်နေကြပြီဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com

ညဉ့်(၂)နာရီကျော်လာသောအခါ အအေးဓာတ်က ပိုမိုသိပ်သည်းလာသည်။ မီးပုံကြီးကိုထင်းများ ထပ်ဖြည့်လိုက်ကြပြီးနောက် မီးဖိုမီးအနီးတွင် ခေတ္တမီးလှုံလိုက်ကြပြီး သူတို့ညီအစ်ကိုတွေကို ပြန်ရန်နှုတ်ဆက်လိုက်၏။ ကိုစိန်လုံးက သတင်းစာစက္ကူအဟောင်းကြီးများဖြင့် ထုပ်ပိုးထားသော ပေါင်နှစ်ချောင်းကို အတင်းထည့်ပေးနေသဖြင့် ယူခဲ့ရသည်။ ကျွန်တော်တို့နှစ်ယောက်ကို ဗီးတောမြောင်းပေါင်လမ်းပေါ်ရောက်သည်အထိ ညီအစ်ကို(၃)ယောက်စလုံး စက်ဘီးတွန်း၍လိုက်ပို့သည်။ မြောင်းပေါင်ပေါ် ရောက်သည့်အခါ သူတို့ကို နှုတ်ဆက်ပြီး မြောင်းပေါင်လမ်းပေါ်တွင် ဒယီးဒယိုင်စက်ဘီးစီး၍ပြန်ခဲ့ကြသည်။ သူတို့ညီအစ်ကိုတွေလည်း ဓာတ်မီးထိုး၍ တဲရှိရာသို့ ဒယီးဒယိုင်ဖြင့် ပြန်သွားကြသည်။ အိမ်ရှေ့သို့ ရောက်သောအခါ ကျွန်တော်တဆင်းနေရစ်ခဲ့ပြီး ကိုသက်ဦးက ဒယီးဒယိုင် စက်ဘီးစီး၍ပြန်သွားသည်။

ကျွန်တော်က အိပ်ခန်းထဲသို့ စေ့ထားသော ပြတင်းတံခါးမှ ကျော်ဝင်လိုက်ပြီး သေနတ်ချိတ်၊ ဖိနပ်ချွတ်ပြီး အိပ်ရာပေါ်လှဲချကာ အိပ်ပျော်သွားပါတော့သည်။

ထိုဆောင်းတစ်ညက ကျွန်တော်တို့တစ်တွေ လူငယ်ဘာသာဘာဝ လှုပ်ရှားသွားလာရင်း တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များသည် ယခုအချိန်တွင် ဖြစ်ရပ်မှန် ရင်သိမ့်ဖို ဝတ္ထုတစ်ပုဒ် ဖြစ်လာရလေပြီတကား။

ယောနိသော မနသိကာယတရားဖြင့် —

⇒ ပဟိုရ်ရှိစည် (စဉ့်ကိုင်)

**ပွေး၊ ဝဲ၊ ယားနာ**

- ဆယ့်နှစ်ရာသီမြစ်ကို ရေနှင့်သွေးလိမ်းပါ။
- ဖွန်ပန်းအဝါအမြစ်ကို ရေနှင့်သွေးလိမ်းပါ။
- ဆိတ်ဖလူးပန်းအရွက် သတ္တုရည်လိမ်းပေးပါ။
- ဆီးဖြူသီး သတ္တုရည်ကို သံပုရာသီးနှင့် ရော၍လိမ်းပါ။

www.burmeseclassic.com